အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဓနကာဘိဝံသ၏

အမှတ် (၄၀) ကျမ်းစာ

သုတ်မဟာဝါအဌကထာ ဘာသာဋီကာ

နှင့်

ပါဠိတော်နိဿယ

(ပထမအုပ်)

သုတ်မဟာဝါအဌကထာကို နိဿယ အဓိပ္ပါယ်
စုံလင်စွာ တန်ဆာဆင်ထားပါသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဇူလိုင်လ ၁၉၈၀

၁၅၁၄၂

အမရပူရ
မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ ၏
အမှတ် (၄၀) ကျမ်းစာ

သုတ်မဟာဝါအဌကထာ ဘာသာဋီကာ

နှင့်
ပါဠိတော်နိဿယ
(ပထမအုပ်)
သုတ်မဟာဝါအဌကထာကို နိဿယ အဓိပ္ပါယ်
စုံလင်စွာ တန်ဆာဆင်ထားပါသည်။



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ ဇူလိုင်လ ၁၉၈၀၊

ဃထရဝါဒ

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

အတွက်

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

ဘာသာဋီကာကျမ်းကြီးများ

ပြည့်စုံအောင် ကြိုးစားရိုက်နှိပ်နေပါဖြင့်

ပထမ အကြိမ်

အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန အတွက်
ဟံသာဝတီပီဋကတ်ပုံနှိပ်တိုက်(ဝ၁၄၈၅)တွင် ဦးဇော်ဝင်း က
ပုံနှိပ်၍ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(ဝ၂၅၂၇)က ထုတ်ဝေသည်။



အရှင်ဇနကာဘိဝံသ၏

တဘဝသံသရာဖြစ်စဉ်-အာကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်းသူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်း လှိုင်တို့မှ ၁၂၆၁-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၄-ရက်၊ (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပထမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ် သက်တော် ၁၈-နှစ်အရွယ်တွင် ပထမကြိုးတန်း စာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်း အဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူ တော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပထမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ "သက္ကသီဟစာမေးပွဲ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ထောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေထူသို့ ပြောင်းရွှေ့သီတင်းသုံးတော် မူသည်၊ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော်ငါးပါးမျှ သာရှိ၍ ပုံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံး လျက် ရှိသည်။

၁၀။ (လွတ်လပ်ရေးရပြီးနောက်) ၁၃၁၂-ခုနှစ် ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

(ဃ) အရှင်ဇနကာဘိဝံသ၏တဘဝသံသရာဖြစ်စဉ်အကျဉ်း

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန် ''မူလတန်း ဗုဒ္ဓဘာသာလက်စွဲ ခေါ် သင်ခန်းစာ'' များကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိသြဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဋ္ဌိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ သြသာနသောဓေယျ ပတ္တ ပါဌကအဖြစ် တင်မြှောက်တော် မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၇-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခု သက်တော် ၃၀-မှ စ၍ ကျမ်းစာများကို စတင်ပြုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပထမဦးဆုံးကျမ်းစာကို ရေးသားပြီးစီးတော်မူ၍၊ ၁၃၃၈-ခု တန်ဆောင်မုန်းလတွင် ''နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ''ကျမ်းစာကို ရေးသားပြီးလျှင် ''တဘဝသံသရာ''အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။ ပဉ္စပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဋ္ဌိတော်နိဿယများကို ၁၃၃၆-ခု တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၈-၁၁-၇၄) တနင်းလာနေ့ ၁-နာရီအချိန် စတင် ပို့ချရေးသား၍၊ ၁၃၃၉-ခု ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ **သုတ်မဟာဝါ**ဘာသာဋီကာကို ၁၃၃၇-ခု ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင် ပို့ချရေးသား၍၊ ၁၃၃၉-ခု နတ်တော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ ၅-ရက်အလိုတွင် ပြီးစီးတော်မူခဲ့ပါသည်။ သုတ်ပါထေယျ ဘာသာဋီကာကိုပင် တရက်မျှ ရေးသား ပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် ၇၈-နှစ်အရောက်၊ နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ-၂၇-ရက်)အင်္ဂါနေ့ညနေ ၄-နာရီ မိနစ် ၃၀-တွင် တဘဝအတွက် ငြိမ်းတော်မူပါသည်။ ။

သုတ်မဟာဝါ ဘာသာဋီကာ

ကျမ်းဦးပန်ကြားလွှာ

သုတ်မဟာဝါဘာသာဋီကာကို စတင် လေ့လာလျှင်-ဆရာတော်ဘုရား၏ သုတ်သီလက္ခန်ဘာသာဋီကာ ရေးစဉ်က ဆရာတော်၏သဘောထားကို ပြန်လည်သုံးသပ် သိရှိလျှင် ပို၍အကျိုးရှိမည် ထင်မိပါသည်။

သုတ်သီလက္ခန်နိဒါန်း စာမျက်နှာ (၁)တွင် ဆရာတော်ကိုယ်တော်တိုင် ရေးသားတော်မူခဲ့သည်မှာ-

စ၍လေ့လာချိန်။ ။မိမိသည် ဤသီလက္ခန်အဋ္ဌကထာကို အသက် (၁၅)နှစ် ပြည့်ကာစဖြစ်သော ကျောင်းသားအရွယ် ငယ်စဉ်ကပင် မြောင်းမြ ဆရာတော်လောင်း သကျသီဟမဟာစရိယ အထံ၌ ကိုယ်တိုင်ဆို၀ါဖြင့် သင်ယူခဲ့ရပါသည်။ ထို့နောက် ပခုက္ကူ မဟာဝိသုတာရာမ တိုက်သို့ ရောက်စဉ်အခါ၌လည်း ထပ်၍ လေ့လာရုံမက သကျသီဟပရိယတ္တိ စာမေးပွဲမ၀င်ခင်လည်းကောင်း၊ ၀င်ပြီးမှလည်းကောင်း ကိုယ်တိုင်ပင် ပို့ချခဲ့ပါသည်။

အခက်ဆုံး။ ။ထိုမျှလောက် အထပ်ထပ် လေ့လာပြီး ဖြစ်ပါသော်လည်း ဤ အဋ္ဌကထာ၏ ဘာသာဋီကာကို ပို့ချယင်းရေးသားပြန်သောအခါ လွယ်မည့်အယောင်ဖြင့် ခက်ခဲသောအချက်များစွာကို တွေ့ရပါသည်။ အဋ္ဌသာလိနီအဋ္ဌကထာသည် အာဘိဓမ္မာညဝါနှင့် သဘာ၀ဓမ္မ အခြေ ရပြီးသူတို့အတွက် ဤမျှလောက် မခက်လှပါ။ မူလဋီကာအတွက်သာ ခက်ခဲပါသည်။ ဤအဋ္ဌကထာကား သဗ္ဗညုတညာဏ်တော်၏ အာရုံ ဖြစ်နိုင်သော တိတ္ထိတို့ဆိုင်ရာ ဘာသာ၀ါဒကြောင့် ရှေပိုင်းသုတ်များ၌ တမျိုးပြီးတမျိုး ရှုပ်ထွေးလာသဖြင့် ခက်ပြီးယင်းခက်ယင်း ဖြစ်ရကား **အခက်ဆုံး** အဋ္ဌကထာဟု ဆိုထိုက်ပါသည်။

အထက်ဆုံးဉာဏ်၏ကျက်စားရာ

ခက်မှဉာဏ်ထက်။ ။အခက်ဆုံးအာရုံသည် အထက်ဆုံးဉာဏ်၏ ကျက်စားရာ ဖြစ်သောကြောင့် ဤအဋ္ဌကထာအဖွင့်ကို ရေးသားရာ၌ သတိ သမာဓိ စူးစိုက်စွာ အခြေအရံပါသော ထက်မြက်သောဉာဏ်ကို မဖြစ်ဖြစ်အောင် ထူထောင်ရပါသည်။ ထို့ကြောင့် ဤကျမ်းစာကို ပို့ချရေးသားခြင်း ဝယ် မိမိဉာဏ်လည်း တိုးတက်၍လာသကဲ့သို့ ထင်မှပါသည်။

တောင့်တခြင်း။ ။မိမိမှာ ဉာဏ်ထက်လာလေ ဘုရားအာရုံ ထုံမိလေဖြစ်သောကြောင့် ဤကျမ်းစာကို လေ့လာသော ပုဂ္ဂိုလ်မျှားလည်း အလားတူ သတိ သမာဓိ ပညာ သဒ္ဓါ ထက်စေလိုသောကြောင့် ဘုရားရှင်ကို နေ့စဉ်နေ့စဉ် တွေ့မြင်ဖို့ရာ ဘုရားဖြေနှုတ်တော်ထွက် ပါဠိတော်နိဿယကိုပါ နောက်ဆက်တွဲ စီစဉ်ထားပါသည်။ ဗုဒ္ဓါနုဿတိဘာဝနာ အရသာပေါ်သည့်တိုင်အောင် လေ့လာနိုင်ကြပါစေသတည်း၊—

စသည်ဖြင့် ကိုယ်တော်တိုင် မိန့်တော်မူခဲ့ပါသည်။ ထိုကဲ့သို့ ဆရာဟော်၏ ဒေသနာအမိန့်အမှာ စကားကို ဖတ်ရှု လေ့လာရခြင်းအားဖြင့် ရှေးဆရာ စဉ်ဆက် ပိဋကတ်တော်သင်ရိုး အုပ် ၂၀-တွင် ဝိနည်း ၅-ကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာ ၇-ကျမ်းဟု ရှိခဲ့ရာ ဒီဃနိကာယ် သုတ် ၃-ကျမ်းသည် ပိဋကတ်တော် သင်ရိုးတွင် အလွန်လိုအပ်သဖြင့်သာ ပါဝင်နေသည်ကို တွေ့ရပါသည်။

ပိဋကတ်တော်တွင် သုတ္တန်ကျမ်းပေါင်း များစွာရှိသည့်အနက် ဒီဃနိကာယ် ၃-ကျမ်းကိုမှ ပိဋကတ်တော်သင်ရိုး ကျမ်းပေါင်း ၂၀-တွင် ရွေးမထေရ်မြတ်ကြီးများ ရွေးချယ် ထည့်သွင်းခဲ့သည် မှာလည်း အလွန် စဉ်းစားဖွယ်ရှိပါသည်။

သီလက္ခန်ဘာသာဋီကာ စာမျက်နှာ ၁၉၃-တွင်—

သဒ္ဓါဝဟဂုဏဿ၊ ရတနာ ၃-ပါးဌ် ယုံကြည်ခြင်းသဒ္ဓါကို ဆောင်နိုင်သောဂုဏ်ရှိထသော။ အာဂမဝရဿ၊ မိမိသူတပါး အစီးအပွားတို့၏ လာရာလာကြောင်း ကောင်းမြတ်သောနိကာယ်၏....ဆိုသော အဋ္ဌကထာ၏အဖွင့်ကို ဆရာတော်မှတ်ချက်ရေးတော်မူရာတွင်၊—

သဒ္ဓါဝဟဂုဏဿ။ ။အခြားသော နိကာယ်တို့လည်း ရတနာ ၃-ပါးဌ် ကြည်ညိုခြင်းကိုဆောင်နိုင်သောဂုဏ်ရှိကြပါပေကုန်၏။ သို့သော် ဒီဃနိကာယ်ကား အထူးသဖြင့် ကြည်ညိုခြင်းကို ဆောင်နိုင်သောဂုဏ်ရှိသောကြောင့် အတိသယနည်းအားဖြင့် ဤနိကာယ်ကိုသာ "သဒ္ဓါဝဟဂုဏ" ဟု ခေါ်ကျူးရပေသည်။ ခဲ့ဦးအံ့—ဤနိကာယ်တွင်ပါဝင်သော ဗြဟ္မဇာလသုတ်၌ သီလ ၃-မျိုး၊ ၆၂-ပါးသော မိစ္ဆာအယူမျှားကို အကြွင်းမဲ့ညွှန်ပြထားခြင်းကြောင့်လည်းကောင်း၊ သုတ်မဟာစဂ္ဂဝယ် မဟာနိဒါနသုတ်၌ ရွှေဘုရားရှင်တို့၏ဂုဏ်တော်ကိုညွှန်ပြခြင်းကြောင့်လည်းကောင်း၊ သုတ်ပါထေယျဝယ် ပါထိကသုတ်၌ တိတ္ထိတို့ကိုနှိမ်နင်း၍ မည်သူမှဆန့်ကျင်ဘက် မတွန်းလှန်နိုင်သော သီဟနာဒ (ရဲရင့်သော

တရားတော်)ကို မိန့်မြွက်တော်မူခြင်းကြောင့်လည်းကောင်း၊ သမ္မာသဒ္ဓနိယ(အနုံတ္တရိယ)သုတ် စသည်တို့၌ အထူးအားဖြင့် ဘုရားဂုဏ်တော်များကို ထင်ရှားပြခြင်းကြောင့်လည်းကောင်း ဤ နိကာယ်သည် ရတနာ ၃-ပါး၌ အလွန်အကဲ ကြည်ညိုခြင်းကို ဆောင်နိုင်ပါသည်-ဟု မိန့်တော်မူခဲ့ပါသည်။

ထိုယုံကြည်ချက် သဒ္ဓါတရားကြောင့်ပင် ဆရာတော်သည် ဘုရားရှင်နှင့် ဘုရားရှင်၏သာသနာတော်၌ မတုန်မလှုပ် ယုံကြည်လျက် အပြောနှင့်အလုပ်-အလုပ်နှင့်အပြောကို တထပ်တည်း ဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော် မကြာခဏ မိန့်တော်မူလေ့ရှိသည်မှာ မိမိထက် စာတတ်သူများရှိကြောင်း၊ မိမိနှင့် ထပ်တူတတ်သူများလည်းရှိကြောင်း၊ မိမိသည် ဆရာကောင်းများ၏ စောင့်ရှောက်မှုကို ရခဲ့သဖြင့် အထူးသဖြင့် သာသနာပြုရာတွင် အထူးကံကောင်းခဲ့ကြောင်း မကြာခဏ မိန့်တော်မူလေ့ရှိပါသည်။

မြန်မာပြည်သာသနာတွင် အနီးဆုံးနှင့် အထင်ရှားဆုံး အထောက်အထားများကို လေ့လာရလျှင် ရှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာ၊ ရေစကြို ဆရာတော်ဘုရားကြီးကိုအမှီးထား၍ပခုက္ကူဆရာတော်ဘုရားကြီးများ၏ သာသနာ၊လယ်တီဆရာတော်ဘုရားကြီး၏ သာသနာ ဤ ၃-ရပ်သည် မြန်မာပြည်၏ သာသနာသမိုင်းတွင် ဇာတိုးခြားဆုံး သာသနာ ၃-ရပ် ဖြစ်ပါသည်။

ရှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာ

ရှေကျင်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိကိုအခြေတည်၍ ဝိနည်းပဋိပတ္တိကို အလေးထားပြီး သာသနာတော်တွင် ရဟန်းသံဃာတော်များကို လူအများအကြည်ညိုခံနိုင်အောင် အဆုံးအမ ပေး၍ သာသနာ့ကျက်သရေကို ဆောင်တော်မူခဲ့ပါသည်။

ရေစကြို ပခုက္ကူ သာသနာ

ရေစကြိုဆရာတော်ဘုရားကြီးနှင့် ပခုက္ကူဆရာတော်ဘုရားကြီးများမှာ ပရိယတ္တိသာသနာတွင် ပိဋကတ်တော်ရှိသမျှသင်ရိုးသာမက ကျမ်းအိုပ်များဟုအဆိုရှိသော နိကာယ်များကိုပင် ပေါက်မြောက်အောင် ချပေးတော်မူလျက် မြတ်စွာဘုရားရှင်၏ သာသနာကို ထိန်းသိမ်းတော်မူခဲ့ကြပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏သာသနာ

လယ်တီဆရာတော်ဘုရားကြီးနှင့် တပည့်ပရိသတ်တို့မှာကား-ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာကို လူအများ အလွယ်တကူသိအောင် ဝိပဿနာတရားတော်ဘက်

ကို အာရုံပြုလာအောင် လှုံ့ဆော်တိုက်တွန်းလာခဲ့သည်မှာ ယနေ့ မြန်မာပြည်သာသနာတွင် အဘိဓမ္မာနှင့် ဝိပဿနာ ထင်ရှားနေသည်မှာ ဆရာကောဘုရားကြီး၏ သာသနာဟုပင် ဆိုထိုက်လောက်ပါသည်။

ယနေ့ အမရပူရ မဟာဂန္ဓာရုံ ဆရာစတင်

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်မှာကား— ရွှေကျင်ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး နှင့် ထရံကာဆရာတော်ကြီးတို့၏ ဆွေမျိုးတော်စပ်ရုံသာမက ရွှေကျင်ဂုဏ်းကြီး၏ ဦးစီးနာယက ဖြစ်တော်မူကြသော စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်၊ ဒုတိယမဟာဂန္ဓာရုံ ချမ်းမော်းဆရာတော် ရွှေကျင်ဂုဏ်းတွင် ရတနာတဆူ ဖြစ်တော်မူသော အာဘယာရာမ ဆရာတော်ဘုရား၊ သာသနာပိုင် ဖြစ်တော်မူသွားသော(မြောင်းမြ ပဇ္ဇောတာရုံ)ဝိသုဒ္ဓါရုံ မြောင်းမြ ဆရာတော်ဘုရားကြီးများ၏ အနီးကပ်ဆုံး အပြုအပြင် အဆုံးအမကိုရရှိ၍ ဝိနည်းပဋိပတ္တိအကျင့်နှင့် ဦးစီးရွှေဆောင်ဝုဂ္ဂိုလ်တို့၏ တည့်မတ်ဖြောင့်စင်း၍ ပကာသနကို ဦးစားမပေးသော စိတ်နေသဘောထားမျှားကို ရင့်ကျက်စေခဲ့ပြီးလျှင်၊ ပခုက္ကူဆရာတော်ဘုရားကြီး၏ ပိဋကတ်တော်တို့ကို ပေါက်ပြောက်အောင် စာသင်သားတို့အား ကြီးစွာသောလုံ့လဖြင့် စာချပုဂ္ဂိုလ်များ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ပုံကို အသားကျအောင် နည်းနာရရှိခဲ့သဖြင့် ဆရာကောများ၏ ဝိနည်းပဋိပတ္တိကို လေးစား၍ သာသနာတွင် ပိဋကတ်ပါဠိတော်များ အဓိပ္ပါယ်နှင့်တကွ အခြေတကျ တတ်မြောက်မှု သာသနာတော် အရှည်သန့်ရှင်း တည်မြဲ ပြန့်ပွားနိုင်လိမ့်မည်ဟု စံမြဲယုံကြည်ဖော်မူခဲ့ယင်း ရှိသည့်အတိုင်း ရွှေကျင်ဆရာတော်ဘုရားကြီးများ၏ ပရိယတ္တိနှင့် ပခုက္ကူစာသင်စနစ်ကို စုပေါင်းဖြစ်မြောက်အောင် အမရပူရ မဟာဂန္ဓာရုံ တိုက်ကြီးကို ထူထောင်ခဲ့ခြင်း ဖြစ်သည်ဟုဆိုက မှားမည်မဟုတ်ပါ။

သံဃဂန္ဓင်ပြုပြင်မှု

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်သည် ငယ်စဉ်ကစ၍ မြောင်းမြဆရာတော်ထံတွင် နေစဉ်ကပင် မိမိဆရာသည် ရွေးခေတ်အလိုက် ထိပ်တန်းစာမေးပွဲများ အောင်မြင်၍ သာသနာတော်ကို လေးစားကြည်ညိုအားထုတ်သူဖြစ်ပါလျက် သာသနာပြုကြသော တကာ တကာမတို့၏ အသိအားနည်းမှုကြောင့် တရားဟောမှကထိက ဘုန်းကြီးများလောက် စာချဘုန်းကြီးများကို အလေးမပြုကြပုံ၊ ပခုက္ကူစာသင်တိုက်ကြီးတွင်နေစဉ်က ဆွမ်းဆင်းရဲသဖြင့် စာသင်စာချပြုရာ၌ သံဃာတော်များ ပင်ပန်းတော်မူကြပုံ၊ အချို့သံဃာတော်များ ခန္ဓာကိုယ်ကိုမပင်မပန်းအောင် စောင့်ရှောက်ပေးတော်မူကြရာ၌ ဝိနည်းတော်

နှင့် မအပ်မရုပ်ပြုကြပုံတို့ကို ကိုယ်တွေ့မျက်မြင် ကြုံတွေ့လာရသဖြင့် မိမိစုံမ်း ဆောင်နိုင်၍ စာသင်တိုက်သာ ထူထောင်ပါက "သံဃာတော်များ ဤကဲ့သို့ မဖြစ်စေရ" ဟု အဓိဋ္ဌာန်ရှိခဲ့သည့်အတိုင်း-အမရပူရ မဟာဂန္ဓာရုံ စာသင်တိုက်ကြီးကိုဝိနည်းတော်နှင့်အညီ ဆွမ်း ဘောဇဉ်နှင့်တကွ နေရေးထိုင်ရေး ပညာရေးမှ စ၍ ကိုယ်တော်တိုင် ကြပ်မပြီးလျှင် ကျန်းမာရေး ဝိနည်းနှင့်အညီ နေနိုင်ရေး၊ အထူးသဖြင့် ဝတ္ထု ငွေကြေးနှင့် ပတ်သက်၍ ကျောင်းတိုက်အတွင်း အသန့်ရှင်းဆုံးဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်တော်မူခဲ့ပါသည်။

အပြောနှင့် အလုပ်

အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစ ၁၉၄၅-ခု ဒီဇင်ဘာ ၂၇-ရက် နေ့တွင် မြောင်းမြဆရာတော်ဘုရားကြီးကို အကြောင်းပြု၍ မဟာဂန္ဓာရုံဆရာတော်နှင့် စာရေးသူ စတင်တွေ့ဆုံခွင့် လွတ်လပ်ရေးမရမီ အနာဂတ် သာသနာရေးကျမ်းကို ပြုစုရေးသားပြီးစီးခဲ့ပါသည်။

ထိုအခွင့်မှ စ၍ မြန်မာတပြည်လုံးကိုပင် စုံမ်းဆောင်နိုင်ခြင်း မရှိသော်လည်း အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းတွင်မူ အနာဂတ် သာသနာရေးကျမ်းတွင် ရေးသားတော်မူခဲ့သည့်အတိုင်း ဘုရားရှင်၏ သာသနာတော်ကို ဗုဒ္ဓဘာသာဝင်များသာမက ဘာသာခြား လူ ရှင် ရဟန်းများပါ ကြည်ညိုနိုင်ခွင့်ရအောင် ရွှေကျင်ဆရာတော် အစရှိသော ဝိနည်း သာသနာကို အလေးပြုသော ဆရာမြတ်တို့နှင့် ပခုက္ကူဆရာတော်ဘုရားကြီးများ၏ ပါဠိတော်များကို အခြေခံကောင်းအောင် သင်ယူပို့ချသော စာသင်နည်းကို မန္တလေး စာသင်စာချ ဆရာတော်များ၏ နည်းများပါပူးပေါင်း၍ နှောင်းခေတ် သာသနာအတွက်-သာသနာကို ကြည်ညိုသောပုဂ္ဂိုလ်များ လေးစားလောက်အောင် ကြိုးစားတော်မူခဲ့ပါသည်။

သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေး

အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ကြုံသမျှ ပြောသမျှ လုပ်သမျှတို့သည် ဘုရားရှင်သာသနာတော်၏ သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက်သာလျှင် ဖြစ်သည်ဟု စာရေးသူရဲရဲဝံ့ဝံ့ပြောရဲပါသည်။

ထို့ကြောင့်ပင် ဆရာတော်သည် မည်သူ၏ လျှောက်ထားချက် မည်သည့် အကြံဉာဏ်ကိုမျှ လက်ခံတော်မမူပဲ သာသနာတော်ကို ရဟန်းဟော်များသာ အစဉ်စောင့်ထိန်းတော်မူနိုင်လိမ့်မည်။ ထို့ကြောင့် ယင်းတို့လူတွေအတွက်က အရေးမကြီးဘူး၊ ရဟန်းတော်တွေအတွက်က အရေးကြီးသည်။ ရဟန်းတော်

မျှး ပိဋကတ်တော်ကို အလွယ်နှင့် အဓိပ္ပါယ်ပေါက်မြောက်အောင်သင်ကြား နိုင်ဖို့အတွက် ပိဋကတ်တော်ကျမ်းစာမျှး ပြည့်စုံအောင် ရေးသား၍ ဝိနည်း ပဋိပတ္တိအကျင့် ကိုယ်ကျင့်တရားကို အလေ့အကျင့် ပြည့်စုံအောင် ကြိုးစား ရမည်ဟု အမိန့်ရှိခဲ့သည့်အတိုင်း အသက်တမ်းနှင့် မမျှအောင် သံဃာတော် ပေါင်း ၅၀၀-ကျော်မျှသော ကျောင်းတိုက်ကြီးကို စနစ်တကျ စားရေး နေရေး ပညာရေး အလိမ္မာရရှိရေးကို နေ့ညဉ့်မအား ပြည့်စုံအောင် ကြိုး စားဆောင်ရွက်ယင်းပင် ပိဋကတ်တော် သင်ကြားရေးအတွက် သဒ္ဒါ ဝိနည်း အဘိဓမ္မာ သုတ္တန်-ဘာသာဋီကာကျမ်းမျှးကို ပြည့်စုံအောင် ရေးသားတော် မူခဲ့ပါသည်။

ထို ရေးသွးသမျှ ကျမ်းစာမျှး၊ နှုတ်ဖြင့် သြဝါဒပေးသွားသမျှတို့သည် လည်း ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်သာ အဓိက ဦးတည်ချက်ဖြစ်ပါသည်။ မိမိ၏ ဘုန်းကြီးမှု အထင်ကြီးခံရမှုဟူ၍ တစုံတရုမျှ မတွေ့ခဲ့ရပါ။

ရေးပြီးကျမ်းစာမျှး စာအုပ်ဖြစ်မြောက်ရေး

ထို့ကြောင့်ပင် ပိဋကတ်ပါဠိတော် စာပေမျှးကို အလွယ်တကူ လင်ယူ နိုင်၍ ကိုယ်ကျင့်တရား ကောင်းမွန်သော သံဃာတော်မျှး လူပုဂ္ဂိုလ်မျှး ထွန်းကားမှသာ ဗုဒ္ဓမြတ်စွာ၏ သာသနာ အဆုံးအမသူတော်ကောင်းတရား သန့်ရှင်း တည်တံ့ ပြန့်ပွားမည်။

သို့မှသာ မိမိတိုင်းပြည်နှင့် လူမျိုးရော ကမ္ဘာသူကမ္ဘာသားမျှးပါ ငြိမ်း ချမ်းသာယာသော ချမ်းသာမှုကို ရရှိမည်ဟု စဲ့မြဲစွာယုံကြည်၍ မိမိလည်း ဘုရားရှင်အဆုံးအမနှင့်အညီ ကျင့်သုံး၍ မိမိကို မှီခိုအားထားသော ရဟန်း သံဃာ ဒါယကာ-ဒါယိကာမတို့အားလည်း ကျင့်သုံးတတ်အောင် ပံ့လွှန်း တော်မူခါနီးအချိန်အထိ မနေမနားပြောဆိုဆုံးမ သြဝါဒပေးသွားတော် မူခဲ့သောစကား၊ရေးသားသွားသောစာမျှးကို ကျမ်းစာအုပ်မျှးဖြစ်လာစေလို ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အနေဖြင့် ဆရာတော်၏အလိုတော် အတိုင်း ဘုရားရှင်၏သာသနာတော်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် အစွမ်းရှိသမျှ ကျမ်းစာအုပ်မျှး ဖြစ်မြောက်ရေးအတွက် ကြိုးစားထုတ်ဝေရ ကြောင်း လေးမြတ်စွာ အစီရင်ခံပါသည်။

ထိန်ဝင်း
ကျမ်းစာဖြစ်မြောက်ရေးသို့
(၁၄-၇-၈၀)

အမရပူရ
မဟာဂန္ဓာရုံ ဆရာတော်
ဘုရင်ဇနကာဘိဝံသ၏
သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး
အဓိက ရည်မှန်းချက် ပန်းတိုင်

၁။ ဗုဒ္ဓမြတ်စွာ၏ သာသနာကို မြတ်နိုးသည် ဆိုသူမှန်သမျှသည် စိတ်ကောင်းရှိရန်၊

၂။ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကတော်ဟု ခံယူထားသူ ရဟန်းရှင်လူ မည်သူမဆို ဗုဒ္ဓမြတ်စွာအား ကြည်ညိုအားထားသူပီပီ ကိုယ်နှုတ် စိတ် ၃-ပါးလုံးဖြင့် မိမိအဆင့်အတန်းနှင့် သင့်လျော်ညီစွာ လူအများအကြည်ညိုခံနိုင်လောက်အောင် ကိုယ်ကျင့်တရား ပြည့်စုံရန်။

၃။ ဗုဒ္ဓ၏စာပေကိုသင်ယူရာတွင် ကိုယ်ကျင့်ကိုဦးထား၍ အခြေခံကိုပြည့်စုံစေပြီးမှ အောက်ခြေခိုင်သောအခါ တဆင့်ထက်တဆင့်တက်၍ ပါဠိဋီကာများကို အဓိပ္ပါယ် အဖွင့်နှင့်တကွ အခြေကျကျ နားလည်သဘောပေါက်ရန်။

၄။ ရဟန်းသံဃာတော်များသည် လူဒါယကာဒါယိကာမများအား ဗုဒ္ဓ၏ တရားနည်းလမ်းကျ လောကီ လောကုတ္တရာ ၂-ဘက် စုံအောင် ဦးဆောင်ညွှန်ပြနိုင်သော ဌာနဆောင်ပုဂ္ဂိုလ်များဖြစ်နိုင်ရန်၊

၅။ ဘာသာအယူဝါဒ အတူကျသူ ရဟန်း ရှင် လူ ပညာရှင်များနှင့်တွေ့ဆုံရာတွင် မိမိ၏ကိုယ်ကျင့်တရား (ဝိနည်းနှင့်)အညီ အကြည်ညိုခံနိုင်လောက်အောင် အနည်းဆုံးပြည့်စုံ၍၊ ပညာဆွေးနွေးရာတွင် မိမိ၏ ဗုဒ္ဓအယူဝါဒကို အဘိဓမ္မာနည်း သုတ္တန်နည်း ဝိနည်းတော်အရနည်းများဖြင့် အခြေကျကျ သဘာဝပိုင်ပိုင် ပြန်လည်ဆွေးနွေးနိုင်စွမ်းရှိခြင်းကို အဓိကပန်းတိုင်အဖြစ်ထား၍ သာသနာ လူမျိုးနှင့်တိုင်းပြည်ကို တပြေးညီ တိုးတက်ချမ်းသာပြီးလျှင် ကမ္ဘာတွင် စံပြဖြစ်စေတော်မူလိုခြင်း ဖြစ်ပါသည်။

နမူနာစံပြ

မြန်မာပြည် လွတ်လပ်ရေးမရမီ ကနဦးက သာသနာ့ရေးကျမ်းကို ရေးသား၍ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လက်တွေ့ကလုပ်ကို ဘုရားရှင်အလိုကျ တကယ်လုပ်က တကယ်ဖြစ်နိုင်ကြောင်းကို ၁၃၃၉-ခု

(၁၉၇၇)ခုနှစ် ပုံလွှန်တော်မူချိန်တိုင်အောင် အပြောနှင့်အလုပ် ညီအောင်လက်ဆင့်လုပ်ပြတော်မူခဲ့ပါသည်။ပုံလွှန်တော်မူပြီးချိန်မှစ၍ ယနေ့တိုင်အောင်လည်း ဆရာတော်ရှိစဉ်ကအတိုင်း အစဉ်အလာကို ထိန်းသိမ်းလျက် နာယကဆရာတော်များက ဆက်လက်စောင့်ရှောက်တော်မူလျက် ရှိကြပါသည်။

ထေရဝါဒဗုဒ္ဓသာသနာ ၁၈-ရာစုခေတ်

ဗုဒ္ဓ၏ သန့်ရှင်းသော ထေရဝါဒ ဗုဒ္ဓသာသနာ (အဆုံးအမ သာသနာ) တော်မြတ်ကြီးကို သာသနာဝင်များ အသိဉာဏ်ပွင့်လင်း၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားအောင် အဖွင့်အဆိုကထာများ ရေးသားဆောင်ရွက်တော်မူသွားသော သာသနာ့ဦးဆောင် ပုဂ္ဂိုလ်ထူးတပါး ပေါ်ပေါက်တော်မူခဲ့ဘူးပါသည်။

ထိုပုဂ္ဂိုလ်ထူးမှာ သာသနာတော်နှစ် ၉၆၅ (သာသနာ ၁၀-ရာစု)ခုနှစ်က သီဟိုဠ်သို့ရောက်ရှိ၍ ပါဠိတော် အဋ္ဌကထာအဖွင့်များကို တူတန်သူမရှိအောင် အားထုတ်တော်မူသွားသော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာ့သာမိုင်းဌ် ထိုအရှင်ကြောင့်ပင် ထေရဝါဒ ပိဋကတ်တော်များ ဤမြန်မာအခြေခိုင်မြဲ၍ တတ်မြောက်ရသည်ဟု သူတော်ကောင်းပညာရှိများ မှတ်တမ်းတင်တော်မူကြရပါသည်။

သာသနာ ၂၅-၂၆ ရာစုခေတ်

ယနေ့ သာသနာဖော် ၂၄၄၃-မှ၊ ၂၅၂၁-ခုနှစ် အတွင်းတွင်လည်း အောက်ပါ ပိဋကတ်တော်သင်ရိုး အဖွင့်ကျမ်းများကို ရေးသားတော်မူသော မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ သည်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အခြေအမြစ်ကို ဧနှောင်းခေတ် သာသနာတော် ဝန်ထမ်းများအတွက် အခက်အခဲမရှိ သာသနာတော်ကို သန့်ရှင်း စင်ကြယ် တည်တံ့ခိုင်မြဲ ပြန့်ပွားအောင် မဆုတ်မနစ်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်တော်မူသွားခြင်းကို အောက်ပါကျမ်းစာများကပင် ထင်ရှားသော သာသနာ့သမိုင်းမှတ်တိုင်တခု ဖြစ်စေပါတော့သည်။

ပိဋကတ်တော်ကို အခြေကစ၍ ပေါက်မြောက်အောင် သင်ကြားနိုင်ရန် အတွက် ရိုက်နှိပ်ပြီးနှင့် ရိုက်နှိပ်ဆဲ ကျမ်းစာများ—

(က) **သဒ္ဒါကျမ်းများ—**

၁။ အခြေပြုသဒ္ဒါ

၂။ အခြေပြုနာမ်ကိုဏ်း

၃။ မူလတန်း ပါဠိသိက္ခာနှင့်သဒ္ဒါအကျဉ်း
၄။ ကထာသလ္လာပ သိက္ခာ
၅။ ကစ္စည်း ဘာသာဋီကာ (ပ-ဒု)
၆။ ရူပသိဒ္ဓိ ဘာသာဋီကာ (ပ-ဒု)
၇။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၈။ ကစ္စာယနသာရ ဘာသာဋီကာ
၉။ အလင်္ကာ ဘာသာဋီကာ

(ခ) **ဝိနည်းဆိုင်ရာကျမ်းများ-**

၁။ ရွှေပုံ ရှင်ကျင့်ဝတ်
၂။ ဘုရားဥပဒေတော်ကြီး
၃။ ပါတိမောက် ဘာသာဋီကာ
၄။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၅။ ကင်္ခါ ဘာသာဋီကာ (ပ-ဒု)
၆။ ပါရာဇိကဏ် ဘာသာဋီကာ (ပ-ဒု-တ-စ)
၇။ ပါစိတ် ဘာသာဋီကာ
၈။ မဟာဝါ ဘာသာဋီကာ
၉။ စူဠဝါ ဘာသာဋီကာ
၁၀။ ပရိဝါ ဘာသာဋီကာ

(ဂ) **အဘိဓမ္မာဆိုင်ရာကျမ်းများ**

၁။ သင်္ဂြိဟ်ပါဠို(ဂန္ဓာရုံမူ)
၂။ အခြေပြုသင်္ဂြိဟ်
၃။ သင်္ဂြိဟ် ဘာသာဋီကာ
၄။ ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ
၅။ ဋီကာကျော်နိဿယ
၆။ အဋ္ဌသာလိနီ ဘာသာဋီကာ (ပ-ဒု-တ-စ)
၇။ သမ္မောဟဝိနောဒနီ ဘာသာဋီကာ (ပ-ဒု-တ)
၈။ ပဋ္ဌာနကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ- ပါဠိတော်နိဿယ မြန်မာပြန်အချို့။ (ရိုက်ဆဲ)
(က) ပုဂ္ဂလပညတ် ဘာသာဋီကာနှင့် မူလဋီကာနိဿယ-ပါဠိတော်နိဿယ
(ခ) ဓာတုကထာ ဘာသာဋီကာနှင့် မူလဋီကာနိဿယ - ပါဠိတော်နိဿယ

(ဂ) ကထာဝတ္ထု ဘာသာဋ္ဌကာနှင့် မူလဋ္ဌကာနိဿယ—ပါဠိတော်နိဿယ မြန်မာပြန်အချို့။ (ပ-ဒု)
(ဃ) ယမိုက်ဘာသာဋ္ဌကာနှင့် မူလဋ္ဌကာနိဿယ
(င) ပဋ္ဌာန ဘာသာဋ္ဌကာနှင့် မူလဋ္ဌကာနိဿယ

(ဃ) သုတ္တန်ဆိုင်ရာကျမ်းများ-

၁။ သီလက္ခန် ဘာသာဋ္ဌီကာ ပါဠိတော်နိဿယ (ပ-ဒု-တ-စ)
၂။ သုတ်မဟာဝဂါ ဘာသာဋ္ဌီကာ ပါဠိတော်နိဿယ (ပ—ဒု-တ)
၃။ အဋ္ဌကထာအခြေပြု
၄။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၅။ သာမညဖလသုတ် မြန်မာပြန်

(င) ပကိဏ္ဏကကျမ်းစာများ—

၁။ ရတနာဝဂုဏ်ရည် (အထူးထုတ်)
၂။ ကိုယ်ကျင့်အဘိဓမ္မာ
၃။ အနာဂတ်သာသနာရေး (အထူးထုတ်)
၄။ ဗုဒ္ဓဘာသာသင်ခန်းစာ (အနာဂတ်သာသနာအတွက်)
၅။ ဘာသာသွေး—ဘာသာရေးပြဿနာများနှင့် စစ်တပ်တိုးတော်
၆။ ဗုဒ္ဓါနုဿတိဘာဝနာ(အထူး)
၇။ အခြေပြုမဂ်လသုတ်
၈။ ဗုဒ္ဓဝင်အမေးအဖြေ
၉။ ရွပ်စုံဗုဒ္ဓသာသနာဝင်
၁၀။ ပဗ္ဗဇိတဒုလ္လဘ(ရိုက်ရန်စီစဉ်ဆဲ)
၁၁။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
၁၂။ တဘဝသံသရာ
၁၃။ အခြေပြုပဋ္ဌာန်း တရားတော်
၁၄။ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် တရားတော်
၁၅။ လူ့ချမ်းသာ(ရိုက်ရန်စီစဉ်ဆဲ)

လူနတ်များစွာ ချမ်းသာရေးမို့

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေးလို ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာ့အတွက်တော့၊ငါပါအသက် ဆုံးစေမည်။
စိတ်မပျက်ပေါင့် ခုလိုကွေးလို၊ ကုသိုလ်ရေးမို့ ကြိုးစားသည်။

သုတ်မဟာဝါဘာသာဒီကာ

ဘချိန်ဒါန်း

ဒီဃနိကာယ်တွင် ပါဝင်သော ဤ "သုတ်မဟာဝါ" ကျမ်းသည် သီလကွန်အုပ်စုဝင် ဖြစ်သည်အား‌လျော်စွာ သီလကိုအခြေခံ၍ ဟောတော်မူအပ်သော ကျမ်းဖြစ်ပါသည်။ ဤသို့ သီလကိုအခြေခံပြီး ဟောတော်မူရာ၌ ရှည်လျားသော သုတ္တန်တရား‌တော်များကို စုပေါင်းထား‌သဖြင့် "မဟာဝဂ်" ဟု ခေါ်တွင်ကြသည့် ယင်းမဟာဝါကျမ်း၌ သီလ၏အကျိုးသည် မည်မျှအထိ တန်ဖိုးရှိသည်ကို လေ့လာကြည့်ရှုပါက အတိုင်းမသိ အကျိုးရှိကြောင်း တွေ့ရ၍ ကိုယ်တိုင်ဝန်ခံမိကြပါလိမ့်မည်။

"သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ဩဃံ တရတိ ဒုတ္တရံ။

ဝိပဿနာပညာရှိသည့်ပြင် စိတ်ကို ကောင်းစွာတည်ငြိမ်အောင် ထား‌လျက် ဇွဲလုံ‌လ ပြင်းထန်းစွာဖြင့် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ နိဗ္ဗာန်ကို တကယ် တမ်းလိုလား‌သော စိတ်ရှိပြီး အမြဲမပြတ် သီလအကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကာမ ဘဝ ဒိဋ္ဌိ အဝိဇ္ဇာ-တည်း‌ဟူသော ဩဃလေး‌ပါး‌မှ ကောင်းကောင်းကြီး လွှန်မြောက်နိုင်‌ပေသည်" ဟူသော ဗုဒ္ဓ၏ ဝန်ခံချက်ကို လေးလေးနက်နက် ဝေဖန်သုံးသပ်နိုင်ပြီး‌လျှင် သီလ၏အကျိုးကို မျော်ကိုးနိုင်သည့်ပြင် သီလသည် စိတ်နှလုံးကို ရှင်ပြုံး‌ချမ်းမြေ့စေခြင်း‌စသော ဂုဏ်ကျေး‌ဇူး‌များကို ရစေနိုင်ကြောင်းကိုလည်း ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင်-

"အဝိပ္ပဋိသာရတ္ထာနိ ခေါ အာနန္ဒ....ကုသလာနိ သီလာနိ အဝိပ္ပဋိသာရာနိသံသာနိ=ဘို အာနန္ဒာ....အပြစ်ကင်းလတ် ကောင်းမြတ်သော ကိုယ်ကျင့်သီလတို့သည် နှလုံးစိတ်ဝမ်း အေး‌ချမ်း‌ခြင်း‌အကျိုး၊ နှလုံး‌သာ‌ရွှင် ကြည်လင်ခြင်း‌ဟူသော အာနိသင်ရှိကြပေသည်" ဟူ၍ လည်း ကောင်း-

အိုသူကြွယ်....လောကတွင် သီလရှိသူမှာ ရရှိနိုင်သည့် အကျိုး‌ကျေး‌ဇူး‌များ‌ကား-

၁။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူသည်-မမေ့မလျော့ မပေါ့မဆ‌ခြင်း‌ကြောင့် ကြီး‌စွာသော ဘဝစည်း‌စိမ် ဂုဏ်သိရ်ကို ရရှိခြင်း။

၂။ "ဆူတော်ကော‌င်း" ဟူသော ကျော်စောသတင်း ပျံ့နှံ့ခြင်း။

၃။ လူ ရှင် ရဟန်း-ပရိသတ်သို့ ချဉ်းကပ်ဝင်ရောက်သောအခါ ရဲရဲတင်းတင်း ကြောက်ရွံ့ခြင်း ကင်းလျက် ကျက်သရေ မင်္ဂလာအပေါင်းကို ဆောင်ကာ ရှင်လန်းသော မျက်နှာဖြင့် ချဉ်းကပ်နိုင်ခြင်း။

၄။ မတွေ့မဝေပဲ ကြည်လင်ရှင်ပျစွာ မိမိပြုအပ်ခဲ့သော ကောင်းမှုများကို စိတ်၌ထင်မြင်စေလျက် (အာရုံပြုလျက်) သေရခြင်း။

၅။ ဤခန္ဓာကိုယ်ပျက်ပြုန်း၍ သေဆုံးသောအခါ ကောင်းသောဂတိ (လူ နတ် ဗြဟ္မာဘဝ) သို့ ဧကန်မုချ ရောက်ရခြင်း။ ဤသို့ ကောင်းသောဂုဏ်များ ရရှိနိုင်သည် ဟူ၍လည်းကောင်း၊-
"အို ဘိက္ခုတို့.... သီတင်းသုံးဖော် စသူတို့၏ ချစ်ခင်မြတ်နိုးမှု၊ စိတ်နှလုံးကိုတိုးပွားစေမှု၊ ကျောက်ထီးတန္တု အလေးအမြတ်ပြုခံရမှု၊ ချီးကျူးခံရမှု စသော ကောင်းကျိုးများကို ရယူလိုလျှင် သီလနှင့်ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေထိုင်ရမည်" ဟူ၍လည်းကောင်း သီလ၏အကျိုးကို နည်းမျိုးစုံဖြင့် ဟောတော်မူထားပုံကို ဤကျမ်းကိုလေ့လာသူတိုင်း တွေ့ရှိခံစားကြရပါမည်။

ဤသို့အားဖြင့် ဗုဒ္ဓ၏မဟာကရုဏာတော်ကို ယုံကြည်ကိုးစားကြသည့် စာချ-စာသင် လူရှင်အားလုံးတို့အတွက် ဤ "သုတ်မဟာဝါ" ကျမ်းကိုလေ့လာရာ၌ မည်မျှပင်နက်နဲခက်ခဲသော်လည်း မိမိ၏ပင်ကိုဉာဏ်နှင့် ဆရာစဉ်ဆက်များထံမှ ရယူခဲ့သော နည်းစနစ်များကို ပေါင်းစပ်၍ နက်နဲသော်လည်း မခက်ခဲအောင် ခေတ်အလျောက် ပေါ်လွင်လွယ်ကူသော ဘာသာဋီကာ အဓိပ္ပါယ်ဖွင့်ကျမ်းကို ကိုယ်ရောစိတ်ပါ ပင်ပန်းမှုကို လျစ်လျူရှုကာ ဆရာတော်ကိုယ်တိုင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤသို့အားဖြင့် ဗုဒ္ဓ၏မဟာကရုဏာတော်၊ ဆရာတော်၏ ကြီးမားသောစေတနာများကို အရေးထား၍ လေးလေးစားစား ကြိုးစားအားထုတ်ပါက ခုရောနောင်ပါ ဘဝသံသရာအတွက် အတွေ့အခေါ်ရင့်ကျက်၍ ကုသိုလ်ပါရမီထူးကြီးကို ကောင်းစွာထူထောင်ပြီးဖြစ်ပါလိမ့်မည်။

ယဒိ ဥတ္တံ အယုတ္တေတ္ထ၊ ပမာဒေန ဘမေနဝါ။
ဝစော ကေရော ဒယာဝန္တော၊ သန္တော သံသောဓယန္တု တံ။

ဧတ္ထ၊ ဘာသာဋီကာ အမည်သာသည့် မှီရာတင့်ဆန်း ဤဋီကာကျမ်း၌။ ပမာဒေန၊ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့်လည်းကောင်း။ ဘမေန ဝါ၊

ခန္ဓာကိုယ်အား ဓာတ်ချောက်ချား၍ စိတ်ထားမငြှောင့် လွှင့်ပျောက်ခြင်းကြောင့်လည်းကောင်း။ အယုတ္တံ၊ ယုတ္တိမတန် မမှန်ကန်သော။ ယံ ဝစော၊ အကြင်စကားကို။ ထေရော၊ ကရဏာမျှော် မေတ္တာဖော်ငြားဆရာတော်ဘုရားသည်။ ယဒိ ဥတ္တံ၊ တကယ်လို့မျှား ရေးမှားအပ်မိအံ့၊ တံ ဝစော၊ အမှားကိုပင် အမှန်ထင်လတ် ရေးအပ်မိငြား ထိုစကားကို။ ဒယာ ဝန္တော၊ ကရဏာတရား မုဒိပွား၍ စိတ်ထားမှန်စေ မေတ္တာခွဲကြကုန်သော။ သန္တော၊ အဘိဇ္ဈာနှင့် ဣဿာသဘော စင်းလုံးချေသည့် မနောဖြူလွှင် သူတော်စင်တို့သည်။ သံသောဓယန္တု၊ ကိုယ်တို့ငါတို့ထင် ရေးစီရင်သည့် ကျမ်းသွင်အလား ပမာထားလျက် ရှုစားနိုင်ကြပါစေသတည်း။

ဂစ္ဆတံ ခလနံ ကွာပိ၊ ဘဝတ္ထေ ပမာဒတော။
ဟာသန္တိ ဒုဇ္ဇနာ တတ္ထ၊ သမာဒဟန္တိ သဇ္ဇနာ။

ကွာပိ၊ တစုံတရာ ကုန်းသာမြေပြင်၌သော်လည်း။ ဂစ္ဆတံ၊ အေားအေားသာသာ သွားလာရသူတို့၏။ ပမာဒတော၊ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့်။ (အမှတ်တမဲ့။) ခလနံ၊ ခွတ်ချော်တိမ်းပါး လဲကျသွားခြင်းသည်။ ဘဝတ္ထေ၊ တရုံတခါ ဖြစ်တတ်သေးသည်သာ။ တတ္ထ၊ မတော်တဆ ထိုသို့လဲကျသွားရာ၌။ ဒုဇ္ဇနာ၊ စိတ်ထားသေးနုပ် လူယုတ်လူညံ့တို့သည်။ ဟာသန္တိ၊ ပြောင်လှောင်အားရ ရယ်ပေါကြကုန်၏။ သဇ္ဇနာ၊ ကိုယ်ချင်းစာနာဉဏ်ညှာတာ၍ စိတ်မှာရင့်ပြီး လူကြီးလူမောင်းတို့သည်ကား။ သမာဒဟန္တိ၊ ကူညီဖေးမ တူပေးကြကုန်၏။ (နိဒါ၊)

၁၃၄၂-ခုနှစ်၊ ပ-ဝါဆိုလဆန်း ၇-ရက်
၁၉၈၀-ခုနှစ်၊ ဇူလိုင်လ ၄-ရက်။

အရှင်စန္ဒိဝဘာသ
(ဦးစိန်နာယက)
မဟာဂန္ဓာရုံကျောင်းတိုက်
အောင်ပုဏ္ဏား။

စဉ်ဆက်သာသနာ တည်စေသောဝ်

အကယ်၍သာ-

မြတ်ဗုဒ္ဓါသည်၊ လူ့ရွာထင်ရှား၊မပွင့်ငြားက၊ဤကားကုသိုလ်၊
အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှုမူပြစ်တွေ့။

ယခုသော်ကား-

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊မြတ်
တရားမကြောင့်၊ ဤကားကုသိုလ်၊အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊
သိကြရ၊ များလှကျေးဇူးပေ။

ဂန္ဓာရုံရှင် တို့သဒ်သည်-

ထုတ်တင်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မဒေသနာ၊ အဖြာဖြာကို၊
များစွာဗိုလ်လူ၊ သိစိမ့်ဟူ၍၊ ဆူဆူကျမ်းစာ၊ ကိုယ့်ဘာသာ
ဖြင့်၊ ဖွင့်ရာပြရာ၊ များဦကာဟု၊ စာဝါမျိုးမျိုး၊ ကမ္ဘည်း
ထိုးခဲ့၊ နောင်ကျိုးကိုမျော်၊ ဆရာတော်၏၊ ဉာဏ်တော်စေ
စား၊ နှလုံးသားမှ၊ ကိုးစားလောက်ဖွယ်၊ ကျမ်းသွယ်သွယ်
ကို၊ မကွယ်မပျောက်၊ စဉ်ထွန်းတောက်ဖို့၊ မြားမြောက်
ကျေးဇူး၊ အထူးထူးကို၊ ညွတ်နူးရည်ယှက်၊ တို့ဆောင်ရွက်
သည်-စဉ်ဆက်သာသနာတည်စေသောဝ်။

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။



သုတ်မဟာဝါဘဋ္ဌကထာ ဘာသာဋီကာနှင့်
ပါဠိတော်နိဿယ
(ပထမတွဲ)

မာတိကာ

စာမျက်နှာ

မဟာပဒါနသုတ် အဋ္ဌကထာ

ဘာသာဋီကာ၊ ပါ-နိဿယ

ပုဗ္ဗေနိဝါသ ပဋိသံယုတ္တကထာ ၃၊ ၃၀၃
အာယုပရိစ္ဆေဒအဖွင့် ၂၂၊
ဗောဓိပရိစ္ဆေဒ အဖွင့် ၃၀၊
သာဝကယုဂပရိစ္ဆေဒ အဖွင့် ၃၅၊
သာဝကသန္နိပါတပရိစ္ဆေဒ အဖွင့် ၃၇၊
ဥပဋ္ဌာကပရိစ္ဆေဒ အဖွင့် ၄၀၊
သမ္မဟုလဝါရ အဖွင့် ၄၀၊
သမ္မဟုလပရိစ္ဆေဒ အဖွင့် ၄၉၊
ဗောဓိသတ္တ ဓမ္မတာ ၆၀၊ ၃၉၃
ဒဋ္ဌိ သမဟာပုရိသလက္ခဏာ ၁၂၁၊ ၄၀၁
ဝိပဿီသမညာ ၁၅၇၊ ၄၀၆
ဇိဏ္ဏပုရိသ ၁၇၀၊ ၄၁၀
ဗျာဓိပုရိသ ၁၇၄၊ ၄၁၄
ကာလင်္ကတပုရိသ ၁၇၅၊ ၄၁၇
ပဗ္ဗဇိတ ၁၇၆၊ ၄၁၉
ဗောဓိသတ္တပဗ္ဗဇ္ဇာ ၁၇၇၊ ၄၂၁
မဟာဇနကာယ အနုပဗ္ဗဇ္ဇာ ၁၇၉၊ ၄၂၂
ဗောဓိသတ္တအဘိနိဝေသ ၁၈၅၊ ၄၂၄
ဗြဟ္မယာစနကထာ ၂၀၁၊ ၄၃၃
အဂ္ဂသာဝကယုဂ ၂၂၉၊ ၄၄၂
မဟာဇနကာယပဗ္ဗဇ္ဇာ ၂၃၉၊ ၄၄၉
စာရိကာအနုဇာနန ၂၃၉၊ ၄၅၁
ဒေဝတာရောစန ၂၅၄၊ ၄၅၈
ပုရိမပဗ္ဗဇိတာနံဓမ္မာဘိသမယ (ပါဠိတော်နိဿယ) ၄၅၀

မာတိကာ စာမျက်နှာ

မဟာနိဒါနသုတ် အဋ္ဌကထာ

ဘာသာဋီကာ၊ ပါ-နိဿယ

နိဒါနအဖွင့်	၂၅၀၊	
ဥဿာဒနအဖွင့်	၂၃၃၊	
ပုဗ္ဗုပနိဿယသမ္ပတ္တိကထာ	၂၀၂၊	
တိတ္ထဝါသာဒိ အဖွင့်	၂၉၅၊	
ပဋိစ္စသမုပ္ပါဒဂမ္ဘီရတာ	၂၉၆၊	
အပဿာဒနာ အဖွင့်	၃၀၄၊	
ပဋိစ္စသမုပ္ပါဒ	၃၁၄၊	၄၆၁
အတ္ထပညတ္တိ	၃၄၃၊	၄၃၅
နအတ္ထပညတ္တိ	၃၄၆၊	၄၃၃
အတ္ထသမနုပဿနာ	၃၄၃၊	၄၃၃
သတ္တဝိညာဏဋ္ဌိတိ	၃၅၃၊	၄၀၀
အဋ္ဌဝေမောက္ခ	၃၆၂၊	၄၁၃

မာတိကာ ပြီး၏။



မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ-၏

ဒီဃနိကာယ်အဋ္ဌကထာ

မဟာဝါဘာသာဋီကာ

အတွဲ (၁)

ဤ သုတ်မဟာဝါ အဋ္ဌကထာ ဘာသာဋီကာ ကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော် 'အရှင်ဇနကာဘိဝံသ'သည် ၁၃၃၇-ခု၊ဝါဆို လပြည့်ကျော် ၂-ရက်၊ကြာသပတေးနေ့(၂၄-၇-၇၅)တွင် စတင်ပို့ချ ရေးသား၍ ၁၃၃၉-ခု နတ်ဘော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇) သောကြာနေ့ပျံလွန်တော်မမူမီ ၄-ရက်အလိုတွင်ပြီးစီးတော်မူပါသည်။

(၁၂၆၁ ခု-မှ၊ ၁၃၃၉-ခု)





သဗ္ဗညုတညာဏ်တော်

အစွမ်းတော် ၃-ပါး

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြားဌ၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၃။ ကျတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေမရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

သဗ္ဗဉ်ညာဏ်အား၊ စွမ်း ၃-ပါးကြောင့်၊ အများဝေနေ၊ ကျုတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ရှိ၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ဘုရားတည်း။

သုတ်မဟာဝါအဋ္ဌကထာ

ဘာသာဋီကာ

မဟာပဒါနသုတ်အဋ္ဌကထာ

ပုဗ္ဗေနိဝါသပဋိသံယုတ္တကထာအဖွင့်

[သီလက္ခန္ဓဝဂ္ဂကို ဖွင့်ပြပြီး၍ သုဘ်မဟာဝဂ္ဂကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် ''ဧဝံပေကရေရိကဋ္ဌကာယံ'' အစရှိသော ပါဠ်ကို မိန့်။]

၁။ ဧဝံ မေ သုတံ၊ပေ၊ ကရေရိကဋ္ဌကာယန္တိ-ဧဝံ မေ သုတံ၊ပေ၊ ကရေရိကဋ္ဌကာယံ-ဟူသော ဤသုတ်သည်၊ မဟာပဒါနသုတ္တံ- မဟာပဒါနသုတ်တည်း၊(တနည်း) ဧဝံ မေ သုတံ၊ပေ၊ကရေရိကဋ္ဌကာယန္တိ- ဧဝံ မေ သုတံ၊ပေ၊ ကရေရိကဋ္ဌကာယံ-အစအပိုင်းအခြားရှိသော ဤသုတ်သည်၊ မဟာပဒါနသုတ္တံ၊ မဟာပဒါနသုတ်တည်း၊[ဤသို့ ၂-နည်းပေးရခြင်း၏ အဓိပ္ပါယ်ကို သီလက္ခန်ဘာသာဋီကာ သာမညဖလသုတ် အစဉ်ပြထားပြီ။] တတြ-ထိုမဟာပဒါနသုတ်၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ အပုဗ္ဗပဒဝဏ္ဏနာ-ရှေးမဟုတ်သော ပုဒ်တို့၏ အဖွင့်တည်း၊ ဝါ-အသစ်ဖြစ်သော ပုဒ်တို့၏အဖွင့်တည်း၊ [ဤပုဒ်၏ အဖွင့်ကိုလည်း သာမညဖလသုတ် ဘာသာဋီကာအစဉ် ပြခဲ့ပြီ။] ကရေရိကဋ္ဌကာယန္တိ (ဇတ္ထ)-ကရေရိကဋ္ဌကာယံဟူသော ဤပါဌ်၌၊ကရေရိတိ-ကရေရိဟူသောအမည်သည်၊ ဝရုဏရုက္ခဿ-ခံတက်ပင်၏၊ နာမံ-အမည်တည်း၊(တနည်း)ကရေရိကဋ္ဌကာယန္တိ(ဇတ္ထ)-၌၊ (သမဘိနိဝိဋ္ဌံ-ကောင်းစွာအကျုံးဝင်သော၊) ကရေရိတိ-သည်၊ ဝရုဏရုက္ခဿ-၏၊ နာမံ-တည်း၊ (ယသ္မာ-အကြောင်းကြောင့်၊ နောက်၌ တသ္မာရှိ၍ ထည့်သည်)၊ ကရေရိမဏ္ဍပေါ-မဏ္ဍပ်အသွင် စီကာစဉ်ကာပေါက်နေသော ခံတက်ပင်အပေါင်းသည်၊ တဿာကဋ္ဌိယာ-ထိုကျောင်းငယ်၏၊ ဒ္ဝါရေ-တံခါးပေါက်၏အနီး၌၊ ဋ္ဌိတော-တည်၏၊ တသ္မာ-ထို့ကြောင့်၊(ထိုသို့ ကရေရိ

မဏ္ဍပ၏ ထိုကျောင်းငယ်၏ တံခါးပေါက်အနီးဌ် တည်သည်၏အဖြစ်ကြောင့်၊) ကရေရိကုဋ္ဌိကာတိ-ကရေရိကုဋ္ဌိကာ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ကောသမ္ဗရုက္ခဿ-ကြို့ပင်၏၊ဒ္ဝါရေ-တံခါးပေါက်၏အနီးဌ်၊ဌိတတ္တာ-တည်သည်၏အဖြစ်ကြောင့်၊ ကောသမ္ဗကုဋ္ဌိကာတိ-ကောသမ္ဗကုဋ္ဌိကာ ဟူ၍၊ ဝုစ္စတိ ယထာ-ဆိုအပ်သကဲ့သို့တည်း၊ (တနည်း)ကောသမ္ဗရုက္ခဿ-ကြို့ပင်၏၊ ဒ္ဝါရေ-ဌ်၊ ဌိတတ္တာ-ကြောင့်၊ ကောသမ္ဗကုဋ္ဌိကာတိ-ဟူ၍၊ဝုစ္စတိယထာ-သို့၊(တထာ-ထိုပုဂ္ဂိုလ်၊)ကရေရိမဏ္ဍပေါ-သည်၊ တဿာကုဋ္ဌိကာယ-၏၊ ဒ္ဝါရေ-ဌ်၊ ဌိတော-၏၊ တသ္မာ-ကြောင့်၊ ကရေရိကုဋ္ဌိကာတိ-ဟူ၍၊ ဝုစ္စတိ-၏၊ကိရ-ခဲ့၊ အန္တေဝေတဝနေ-ဇေတဝန်ကျောင်းတိုက်၏ အတွင်းဌ်၊ ကရေရိကုဋ္ဌိ-ကရေရိကုဋ္ဌိလည်းကောင်း၊ဝါ-အနီးအပါးဌ်ခံတက်ပင်ရှိသောကျောင်းငယ်လည်းကောင်း၊ ကောသမ္ဗကုဋ္ဌိ-ကောသမ္ဗကုဋ္ဌိလည်းကောင်း၊ဝါ-အနီးအပါးဌ် ကြို့ပင်ရှိသော ကျောင်းငယ်လည်းကောင်း၊ဂန္ဓကုဋ္ဌိ-ဂန္ဓကုဋ္ဌိလည်းကောင်း၊ ဝါ-နံ့သာတို့ဖြင့် ထုံအပ်သော ကျောင်းငယ်လည်းကောင်း၊ သလဋ္ဌဝဂါရံ-သလဋ္ဌဝဂါရလည်းကောင်း၊ ဝါ-ထင်းရှူးသားတို့ဖြင့် ဆောက်လုပ်အပ်သောကျောင်းငယ်လည်းကောင်း၊ ဣတိ-ဤသို့၊ စတ္တာရိ- လေးကျောင်းကုန်သော၊ မဟာဝေဟာနိ-မြတ်သောကျောင်းတို့သည်၊ဝါ-ကြီးသောကျောင်းတို့သည်၊[အခြားကမ္မဋ္ဌာန်းကျောင်းငယ်တို့ကိုထောက်၍ကြီးသည်ဟုလည်းဆိုနိုင်သည်။](သန္တိ-ရှိကုန်၏၊) ဧကေကံ-တကျောင်းတကျောင်းသည်၊သတသဟဿပရိစ္စာဝေန-တသိန်းသော အသပြာကိုစွန့်လွှတ်ခြင်းဖြင့်၊ နိပ္ပန္နံ-ပြီးစီးပြီ၊ တေသု-ထိုလေးကျောင်းတို့တွင်၊ သလဋ္ဌဝဂါရံ-ထင်းရှူးသားတို့ဖြင့် ဆောက်လုပ်အပ်သော ကျောင်းငယ်ကို၊ ပဓေနဒိနာ-ပဓေနဒိမည်သော၊ ရညာ-မင်းသည်၊ကာရိတံ- ဆောက်လုပ်စေအပ်ပြီ၊သေသာနိ-သလဋ္ဌဝဂါရမှကြွင်းသော ကျောင်းငယ်တို့ကို၊ အနာထပိဏ္ဍိကေန-အနာထပိဏ်သည်သေး၏၊ကာရိတာနိ-ဆောက်လုပ်စေအပ်ကုန်ပြီ၊ ဣတိ-ဤသို့၊ဘဂဝါ-မြတ်စွာဘုရားသည်၊အနာထပိဏ္ဍိကေန-အနာထပိဏ်မည်သော၊ ဂဟပတိနာ-အိမ်ရှင်သူကြွယ်သည်၊ ထမ္ဘာနံ-တိုင်တို့၏၊ ဥပရိ-အထက်ဌ်၊ကာရိတာယ-ဆောက်လုပ်စေအပ်သော၊ဒေဝဝိမာနကပ္ပါယ-နတ်ဗိမာန်နှင့် တူသော၊ ကရေရိကုဋ္ဌိကာယံ-ကရေရိကျောင်းငယ်ဌ်၊ ဝိဟရတိ- သီတင်းသုံးတော်မူ၏။

ကရေရိမဏ္ဍပေါ။ ။ယထာဇာတာနံ ကရေရိရုက္ခာနံ- (အကြင်အကြင်ပေါက်ကုန်သော ခံဘက်ပင်တို့၏၊) ဃနပတ္တသာခါဝိဋပေဟိ မဏ္ဍပသဒိသေပေဟိ (မဏ္ဍပ်အသွင်ရှိကုန်သော ပိတ်ပိတ်သဲသဲ တခဲနက်ဖြစ်ကုန်သော အရွက်အခက်အခွတို့ဖြင့်၊) သဉ္ဆန္နော၊ (ဖုံးအုပ်အပ်သော၊) ပဒေသော ကရေရိမဏ္ဍပေါတိ အမိပ္ပေတော၊-ဋီကာ။

ပစ္ဆာဘတ္တန္တိ—ပစ္ဆာဘတ္တံဟူသည်ကား၊ကောသနိက ခလုပစ္ဆာဘတ္တိကာနံ—ကောသနိက်ဓုတင် ခလုပစ္ဆာဘတ္တိကဓုတင်ဆောင်ရဟန်းတို့၏၊ ဝါ-တို့သည်၊ ပါတောဝ-နံနက်စောစောဌ်ပင်၊ဘုတ္တာနံ-ဆွမ်းစားပြီးကုန်လတ်သော်၊အန္တောမဏ္ဍနိကေပိ-မွန်းတည့်ရာကာလ၏အတွင်းဌ်လည်း၊ ပစ္ဆာဘတ္တမေဝ-ပစ္ဆာဘတ္တမည်သည်သာ၊ ပန—ကား၊ဣဓ-ဤ ပစ္ဆာဘတ္တံပိဏ္ဍပါတပဋိက္ကန္တာနံ ဟူသောပါဌ်ဌ်၊ ပကတိဘတ္တဿ-ပကတိ ဆွမ်းစားရာကာလ၏၊ ပစ္ဆတော—နောက်ဌ်၊ ဝါ—နောက်ဖြစ်သော ကာလကို၊ ပစ္ဆာဘတ္တန္တိ—ဟူ၍၊ အဓိပ္ပေတံ—၏၊

ပိဏ္ဍပါတပဋိက္ကန္တာနန္တိ-ကား၊ ပိဏ္ဍပါတတော- ဆွမ်းစားရာအရပ်မှ၊ ပဋိက္ကန္တာနံ-ဖဲခဲ့ကုန်သည်ဖြစ်၍၊ ဘတ္တကိစ္စံ—ဆွမ်းစားခြင်းကိစ္စကို၊ နိဋ္ဌာပေတွာ-ပြီးဆုံးစေပြီး၍၊ ဥဋ္ဌိတာနံ-ထပြီးကုန်သော၊ ("သန္ဓိသိန္ဓာနံ, သန္ဓိပတိတာနံ" တို့ဌ်စပ်)၊ ဣတိအတ္ထော-ဤကားအနက်၊ [ဤအဖွင့်ဖြင့် ပိဏ္ဍပါတအရ ဆွမ်းခံရာအရပ်ကိုမယူပဲ ဆွမ်းစားရာအရပ်ကိုယူပါ။] ကရေရိမဏ္ဍလမာဋ္ဌေတိ-ကား၊ တဿေဝ ကရေရိမဏ္ဍပဿ-ထိုကရေရိမဏ္ဍပ်၏ပင်၊အဝိဒူရေ-အနီးဌ်၊ကတာယ-ဆောက်လုပ်အပ်သော၊ နိသီဒနသာလာယ-ထိုင်နေရာဇရပ်ဌ်၊ ("သန္ဓိသိန္ဓာနံ, သန္ဓိပတိတာနံ" တို့ဌ်စပ်)၊ ကိရ-ခဲ့၊ (တနည်း) ကိရ ယသ္မာ-ကြောင့်၊ သော ကရေရိမဏ္ဍပေါ-သည်၊ ဂန္ဓကုဋိကာယစ-ဂန္ဓကုဋိ ကျောင်းတော်၏ လည်းကောင်း၊သာလာယစ- ထိုင်နေရာဇရပ်၏လည်းကောင်း၊ အန္တရေ၊ အကြားဌ်၊ ဟောတိ-ရှိ၏၊တသ္မာ-ကြောင့်၊(ထိုသို့ ကရေရိ မဏ္ဍပ၏ ဂန္ဓကုဋိကျောင်းတော်နှင့် ထိုင်နေရာဇရပ်၏ အကြားဌ် ရှိသည်၏အဖြစ်ကြောင့်၊) ဂန္ဓကုဋိပိ-ကိုလည်းကောင်း၊ကရေရိကုဋိကာပိ-ကိုလည်းကောင်း၊ သာလာပိ - ထိုင်နေရာ ဇရပ်ကိုလည်းကောင်း၊ ကရေရိမဏ္ဍလမာဋ္ဌောတိ-ဟူ၍၊ ဝုစ္စတိ-၏။

ပုဗ္ဗေနိဝါသပဋိသံယုတ္တာတိ-ကား၊ ဧကမ္ပိ ဇာတိံ ဒ္ဒေပိဇာတိယောတိ-ဟူ၍၊ ဧဝံ-သို့၊ဝိဘတ္တေန-အကျယ်ဝေဖန်တော်မူအပ်သော၊ (ထိုထိုပါဋ္ဌိတော်ဌ် အကျယ်ဝေဖန်တော်မူအပ်သော၊) ပုဗ္ဗေနိဝုတ္ထက္ခန္ဓသန္တာန သင်္ခါတေန—ရှေးဌ် နေအပ်ဘူးသော ခန္ဓာအစဉ်ဟု ဆိုအပ်သော၊ ပုဗ္ဗေနိဝါသေန-ပုဗ္ဗေနိဝါသနှင့်၊ သဒ္ဓိံ-တကွ၊ယောဇေတွာ-ယှဉ်စေ၍၊ပဝတ္တိတာ-ဖြစ်စေအပ်သော၊(ဓမ္မိကထာ

ပကတိဘတ္တဿ ပစ္ဆတော။ ။ဘိက္ခူနံ ပါကတိကဘတ္တကာလတော (ပင်ကိုရိုးရာ ဆွမ်းစားရာအခါမှ၊) ပစ္ဆာ—(နောက်ဌ်၊) ဌိတမဏ္ဍနိကတော—(မွန်းမတ်မတ်တည့်ရာအခါမှ၊) ဥပရိ-(အထက်ဖြစ်သော အဖို့ကို၊ ဝါ-မွန်းမတည့်ခင်၊) (ပစ္ဆာဘတ္တံ အဓိပ္ပေတံဌ်စပ်)၊ ဣတိအတ္ထော။

ဋ္ဌစပ်)၊ ဓမ္မီတိ-ကား၊ ဓမ္မသံယုတ္တာ-တရားနှင့်ယှဉ်သော၊ (ကထာဋ္ဌစပ်)၊ ဥဒပါဒီတိ-ကား၊ ဒသဗလဿ-မြတ်စွာဘုရား၏၊ ပုဗ္ဗေနိဝါသဉာဏံ- ပုဗ္ဗေနိဝါသဉာဏ်တော်သည်၊ အဟော အစ္ဆရိယံ- ဩော်.... အံ့ဩဖွယ်ကောင်းပါပေစွ၊ [ဤပုဒ်၏အဖွင့်ကို သီလက္ခန်ဘာသာဋီကာ ဗြဟ္မဇာလသုတ် အဗ္ဘန္တရ နိဒါန်းဋ္ဌ ပြခဲ့ပြီ။]

ပုဗ္ဗေနိဝါသံနာမ-ပုဗ္ဗေနိဝါသ မည်သည်ကို၊ ဝါ-ရှေးဋ္ဌနေအပ်ဘူးသော ခန္ဓာအစဉ် မည်သည်ကို၊ကေ-အဘယ်ပုဂ္ဂိုလ်တို့သည်၊အနုဿရန္တိ-အောက်မေ့နိုင်ကုန်သနည်း၊ ကေ- အဘယ်ပုဂ္ဂိုလ်တို့သည်၊နာနုဿရန္တိ- မအောက်မေ့နိုင်ကုန်သနည်း၊ ဣတိ - ဤကား အမေးတည်း၊ တိတ္ထိယာ - တိတ္ထိတို့သည်၊ အနုဿရန္တိ - အောက်မေ့နိုင်ကုန်၏။ သာဝကာစ - သာဝကတို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ-ပစ္စေကဗုဒ္ဓတို့သည်လည်းကောင်း၊ ဗုဒ္ဓါစ-ဘုရားရှင်တို့သည်လည်းကောင်း၊ အနုဿရန္တိ-ကုန်၏၊ ကတရတိတ္ထိယာ-အဘယ်တိတ္ထိတို့သည်၊ အနုဿရန္တိ-ကုန်သနည်း၊ ယေ-အကြင် တိတ္ထိတို့သည်၊ အဂ္ဂပ္ပတ္တကမ္မဝါဒိနော-မြတ်သည်အဖြစ်သို့ရောက်သော ကမ္မဝါဒီပုဂ္ဂိုလ်တို့သည်၊(ဟောန္တိ-ရှိကုန်၏၊ တေ-ထိုအဂ္ဂပ္ပတ္တကမ္မဝါဒီ ပုဂ္ဂိုလ်တို့သည်၊ အနုဿရန္တိ-ကုန်၏၊) တေပိ-ထိုအဂ္ဂပ္ပတ္တကမ္မဝါဒီ တိတ္ထိတို့သည်လည်း၊ စတ္တာလီသံယေဝ-လေးဆယ်သာလျှင်ဖြစ်သော၊ ကပ္ပေ-ကမ္ဘာတို့ကို၊ အနုဿရန္တိ-ကုန်၏၊ တတော-ထိုကမ္ဘာလေးဆယ်မှ၊ ပရံ-နောက်ဋ္ဌ၊ နအနုဿရန္တိ-ကုန်။

ဥဒပါဒိ။ ။ဥဒပါဒိ ဟု သံဝဏ္ဏေတဗ္ဗသာရှိ၍ အနီးအပါးဋ္ဌ အနက်ကို ဖွင့်သော သံဝဏ္ဏနာမရှိ၊ နောက်ဋ္ဌ ''ဥပ္ပန္နာ ဇာတာ ပဝတ္တာ တိ အတ္ထော'' ဟု အတော်ဝေးမှ ရှိသည်၊ ထို့ကြောင့်ဋီကာဋ္ဌ ''ဥဒပါဒီတိ ပဒုဒ္ဓါရော၊တဿ ဥပ္ပန္နာ ဇာတာတိ ဣမိနာ သမ္ဗန္ဓော''၊ ဟု ဖွင့်သည်၊ ထို ပုဗ္ဗေနိဝါသ ပဋိသံယုတ္တကထာ ကို အကျယ်ပြလို၍ ''အဟောအစ္ဆရိယံ'' စသည်ကို မိန့်သည်။

အဂ္ဂပ္ပတ္တကမ္မဝါဒိနော။ ။ကမ္မံ-ကံကို၊ ဝါ-ကံ ကံ၏အကျိုးကို၊ ဝဒန္တိ-ရှိ၏ ဟုပြောဆိုကြကုန်၏၊ ဣတိ-ထို့ကြောင့်၊ ကမ္မဝါဒိနော၊ အဂ္ဂံ-ချာန်အဘိညာဉ်ကို ရသည့်အတွက် မြတ်သူတို့၏အဖြစ်သို့၊ ပတ္တာ-ရောက်သူတို့တည်း၊ အဂ္ဂပ္ပတ္တာ-တို့၊ အဂ္ဂပ္ပတ္တာစ+တေ+ကမ္မဝါဒိနောစာတိ အဂ္ဂပ္ပတ္တကမ္မဝါဒိနော၊ တိတ္ထိယ ဟုဆိုသော်လည်း မိစ္ဆာတိတ္ထိယမဟုတ် ကံ ကံ၏အကျိုးကိုယုံကြည်၍ ချာန်အဘိညာဉ်ရသဖြင့် အဂ္ဂပ္ပတ္တကမ္မဝါဒီတိတ္ထိတို့တည်း၊ ယေဟူသောအနိယမ၏ နိယမကို ''တေ အနုဿရန္တိ'' ဟုထည့်၍စပ်ပါ၊ နောက်ဝါကျရှိ ''တေပိ'' ကား ရှေဝါကျဋ္ဌရှိသော ယေ၏နိယမ မဟုတ် ရှေစကားကို ပြန်၍ညွှန်းသော နိယမတည်း။

သာဝကာ – ကမ္ဘာတသိန်း ပါရမီဖြည့်ရသော မဟာသာဝကတို့သည်၊ ကပ္ပသတသဟဿံ-ကမ္ဘာတသိန်းကို၊ အနုဿရန္တိ-ကုန်၏၊ [သူတို့ပါရမီဖြည့်ရာ ကာလရှိသလောက်သာ အောက်မေ့နိုင်ကြသည်။] ဒွေ-၂ ပါးကုန်သော၊ အဂ္ဂသာဝကာ-အဂ္ဂသာဝကတို့သည်၊ အသခ်ျေယျဥေ့ဝ-တသခ်ျေကိုလည်းကောင်း၊ •ကပ္ပသတသဟဿဥ – ကမ္ဘာတသိန်းကိုလည်းကောင်း၊ (အနုဿရန္တိ၊)[ဤ၌လည်း မိမိတို့၏ပါရမီဖြည့်ရာ ကာလရှိသလောက်ကိုသာ အောက်မေ့နိုင်ကြသည်ဟုမှတ်ပါ၊ နောက်၌လည်းနည်းတူ။] ပစ္စေကဗုဒ္ဓါ–ပစ္စေကဗုဒ္ဓတို့သည်၊ ဒွေအသခ်ျေယျာနိ-နှစ်သခ်ျေတို့ကိုလည်းကောင်း၊ ကပ္ပသတသဟဿံစ-ကမ္ဘာတသိန်းကိုလည်းကောင်း၊ (အနုဿရန္တိ)၊ ပန –အဖို့တပါးကား၊ (တနည်း)– ပန-အထူးကား၊ [ပါရမီဖြည့်ရာကာလလောက်မက အောက်မေ့တော်မူနိုင်ကြသည်ကို "အထူး" ဟုဆိုသည်။] ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ တ္တေကံ-ဤမျှအတိုင်းအရှည်ရှိသော ပုဗ္ဗေနိဝါသကို၊(အနုဿရန္တိ-ကုန်၏၊)ဣတိ-ဤသို့၊ပရိစ္ဆေဒေါ-အပိုင်းအခြားသည်၊ နတ္ထိ-မရှိ၊ ယာဝတကံ-အကြင်မျှအတိုင်းအရှည်ရှိသော ပုဗ္ဗေနိဝါသကို၊ (အနုဿရိတုံ-အောက်မေ့တော်မူခြင်းငှါ၊) အာကခ်နွိ-အလိုရှိတော်မူကုန်၏၊ တာဝတကံ-ထိုမျှ အတိုင်းအရှည်ရှိသော ပုဗ္ဗေနိဝါသကို၊ အနုဿရန္တိ-နိုင်ကုန်၏။

တိတ္ထိယာ-တို့သည်၊ ခန္ဓပဋိပါဋိယာ-ခန္ဓာအစဉ်အားဖြင့်၊ အနုဿရန္တိ-ကုန်၏၊[တဘဝခန္ဓာပြီးမှ နောက်တဘဝကို အောက်မေ့ခြင်းကို "ခန္ဓပဋိပါဋိယာ အနုဿရန္တိ" ဟု ဆိုသည်။]ပဋိပါဋိံ-ခန္ဓာအစဉ်ကို၊ မုဉ္ဇိတ္ဒာ-လွှတ်၍၊(အနုဿရိတုံ–ငှါ၊) နသက္ကောန္တိ၊ ပဋိပါဋိယာ–ခန္ဓာအစဉ်အားဖြင့်၊ အနုဿရန္တာပိ–အောက်မေ့နိုင်ပါကုန်သော်လည်း၊ အသညဘဝံ–အသညဘဝသို့၊ ပတ္ဒာ-ဉာဏ်အစဉ်အားဖြင့်ရောက်၍၊ ခန္ဓပ္ပဝတ္တိံ-နာမ်ခန္ဓာ၏ဖြစ်ခြင်းကို၊နပဿန္တိ-မမြင်ကြရကုန်။ ဇာလေ-ပိုက်၌၊ ပတိတာ-ကျရောက်ကုန်သော၊ ကုဏ္ဌာဝိယ-လူအ တို့ကဲ့သို့လည်းကောင်း၊ ကူပေ-ရေတွင်း၌၊ ပတိတာ-ကျရောက်ကုန်သော၊ပဂ်ုဋ္ဌာဝိယစ–ဆွံ့သူတို့ကဲ့သို့လည်းကောင်း၊ ဟောန္တိ၊တေ–ထိုကမ္မဝါဒီတိတ္ထိတို့သည်၊

ဇာလေ ပတိတာ ကုဏ္ဌာ။ ။ဇာလသဒ္ဒါသည် ရေထဲက ကွန်ဟူသော အနက်သာမက ကုန်းပေါ်က ပိုက်ဟူသော အနက်ကိုလည်း ဟော၏၊ ကုဋ္ဌိ ခာတ်ကား ဝေကလွ ချို့တဲ့ခြင်း အနက်ကိုလည်းဟော၏၊ ဉာဏ်ပညာမှ ချို့တဲ့သော လူအ လူန လူဖျင်းကို "ကုဏ္ဌ" ဟု ဆိုလိုသည်၊စကားမပြောတတ်သော လူအသည် မတော်တဆ ပိုက်ထည်း ရောက်နေလျှင် ဘာကိုမျှ မလုပ်တတ်တော့သကဲ့သို့, ထို့အတူ ပုဗ္ဗေနိဝါသဉာဏ်ကိုရသော ကမ္မဝါဒီတိတ္ထိတို့သည် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အသညသတ်ဘုံသို့ ဉာဏ်အမြင်ရောက်သောအခါ နာမ်ခန္ဓာ၏ဖြစ်ခြင်းကို မတွေ့ရသဖြင့် ရှေ့သို့တိုး၍ အာရုံမယူနိုင်တော့

တတ္ထ-ထိုအသညသတ်ဘဝ၌၊ ဌတ္ဂာ-ဉာဏ်အမြင်အားဖြင့်ရပ်၍၊ ဧတ္တကမေဝ-ဤမျှလောက်သာတည်း၊ ဣတော-ဤအသညသတ်ဘဝထက်၊ ပရံ-အလွန်၊ နတ္ထိ-သတ္တဝါမရှိတော့၊ဣတိ-ဤသို့၊ဒိဋ္ဌိ-မိစ္ဆာအယူကို၊ ဂဏ္ဍန္တိ-ယူကြကုန်၏၊ ဣတိ-ဤသို့လျှင်၊ တိတ္ထိယာနံ-တို့၏၊ ပုဗ္ဗေနိဝါသာနုဿရဏံ-ပုဗ္ဗေနိဝါသကို အမှတ်ရခြင်းသည်၊ အန္ဓာနံ-သူကန်းတို့၏၊ ယဋ္ဌိကောဋ္ဌိဂမနံဝိယ - တုတ်အစွန်းဟူသော အကြောင်းရှိသော သွားရခြင်းကဲ့သို့၊ ဝါ-တုတ်အစွန်းကိုဆွဲ၍ လိုက်သွားရခြင်းကဲ့သို့၊ ဟောတိ-ဖြစ်၏၊ ဟိ-ချဲ့ဦးအံ့၊ အန္ဓာ-သူကန်းတို့သည်၊ ယဋ္ဌိကောဋ္ဌိဂ္ဂါဟကေ-တုတ်အစွန်းကိုကိုင်မည့်သူသည်၊ (တုတ်၏ရှေ့အစွန်းကိုဆွဲ၍သွားမည့်သူသည်)၊သတိယေဝ-ရှိသော်သာ၊ ဝါ-ရှိမှသာ၊ ဂစ္ဆန္တိ-သွားနိုင်ကုန်၏၊ ယဋ္ဌိကောဋ္ဌိဂ္ဂါဟကေ-သည်၊ အသတိ-မရှိလတ်သော်၊ တတ္ထေဝ-ထိုမရှိရာအရပ်၌ပင်၊ နိသီဒန္တိယထာ-ထိုင်ရတော့ကုန်သကဲ့သို့၊ဧဝမေဝ-ဤအတူသာလျှင်၊ တိတ္ထိယာ-ခန္ဓပဋိပါဋိယာဝ အနုဿရိတုံ သက္ကောန္တိ၊ ပဋိပါဋိံ-ကို၊ဝိဿဇ္ဇေတ္ဂာ-စွန့်လွှတ်၍၊ (အနုဿရိတုံ) နသက္ကောန္တိ။

သာဝကာပိ-တို့သည်လည်း၊ (အပိဖြင့် တိတ္ထိယကိုပေါင်း)၊ ခန္ဓပဋိပါဋိယာဝ-အားဖြင့်ပင်၊ အနုဿရန္တိ၊ အသညဘဝံ ပတ္ဂာ ခန္ဓပ္ပဝတ္တိ နပဿန္တိ၊ ဧဝံသန္တေပိ-ဤသို့ဖြစ်ပါကုန်သော်လည်း၊ (ဤသို့ ခန္ဓပ္ပဝတ္တိကို မမြင်ရပါသော်လည်း)၊ ("ဌတ္ဂာ,အနုဿရန္တိ"၌စပ်)၊တေ-ထိုသာဝကတို့သည်၊ ဝဋ္ဌေ-ဝဋ်၌၊ သံသရဏကသတ္တာနံ-ကျင်လည်ရသော သတ္တဝါတို့၏၊ ခန္ဓာနံ-တို့၏၊ အဘာဝကာလောနာမ-မဖြစ်ရာကာလမည်သည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ မရှိပါသော်လည်း၊ အသညဘဝေ-အသညဘဝ၌၊ ပဋ္ဌကပ္ပသတာနိ-ကမ္ဘာ ငါးရာတို့

ရကား ထိုအသညသတ်ဘဝ၌ပင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အမြင် ရပ်တန့်နေတော့၏၊ ထို့ကြောင့် ပိုက်မိနေသောလူအ တို့နှင့် တူကြလေသည်၊ ရေတွင်းထဲ၌ကျသော ဆွံ့အ သူများနှင့် တူပုံကိုလည်း နည်းတူသိပါ။

ဋီကာ။ ။ဋီကာစာအုပ်တို့၌ကား "ဇာလေ ပတိတာဝိယ သကုဏာ,မစ္ဆာဝိယ စာတိ အဓိပ္ပါယော"ဟု လည်းကောင်း"ကုဏ္ဍာဝိယာတိ ဒန္ဓာဝိယ"ဟုလည်းကောင်း တွေ့ရ၏၊ ပိုက်ကွန်၌ကျနေသောငှက်, သို့မဟုတ် ငါးတို့၏ ဘာမျှမလုပ်တတ်ခြင်းမှာ အထူးအဆန်းမဟုတ်သောကြောင့် ထို"သကုဏာ မစ္ဆာ"တို့ကို ပါဌ်ပျက်ဟု ဆရာတို့ ဆိုလိုကြသည်။"ကုဏ္ဍ"သဒ္ဒါကား ထောမနိမိဋ္ဌ"မူခ" (စကားမပြောနိုင်သောလူအ) အနက်ကိုလည်းဟော၏၊ ထိုအနက်သည် ဤနေရာနှင့်လျော်၏၊ "ပဂုဏ္ဍ"ဟူသည်လည်း လှည်းဘီးကလေးတပ်ထားသော အင်းပျဉ်ပေါ်ဝယ် တုတ်ဖြင့် လှေထိုးသလို ထိုး၍သွားရသော လမ်းမသွားနိုင်သော လူဆွံ့တည်း၊ ထို့ကြောင့် "ပဂုဏ္ဍာဝိယာတိ ပိဌသပ္ပိနောဝိယ"ဟု ဋီကာဖွင့်သည်။

ပတ်လုံး၊ ပဝတ္တန္တိ-ဖြစ်ကြရကုန်၏၊ ဣတိ-ဤသို့၊တတ္ထက-ထို့မျှလောက်သော၊ ကာလံ-ကမ္ဘာငါးရာကာလကို၊ အတိက္ကမိတ္ဝာ-ကျော်လွန်၍၊ ဗုဒ္ဓေဟိ-ဘုရားရှင်တို့သည်၊ ဒိန္နနယေ-ပေးတော်မူအပ်သောနည်းဌာ၊ဌတ္ဝာ-တည်၍၊ပရတော-နောက်၌၊ အနုဿရန္တိ-ကုန်၏၊ (ကောဝိယ-အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း၊) အာယသ္မာ သောဘိတော သေယျထာပိ-အရှင်သောဘိတ ကဲ့သို့တည်း၊ [အရှင်သောဘိတ၏ဝတ္ထုကို ဋီကာဌ္ဌရှုပါ။] ပန-အဖို့တပါးကား၊ ဒဋ္ဌ-၂-ပါးကုန်သော၊ အဂ္ဂသာဝကာ-အဂ္ဂသာဝကတို့သည်လည်းကောင်း၊ ဝါ-အမြတ်ဆုံးသာဝကတို့သည်လည်းကောင်း၊ပစ္စေကဗုဒ္ဓါစ-တို့သည်လည်းကောင်း၊ စုတိပဋိသန္ဓိ-စုတိပဋိသန္ဓေကို၊ သြလောကေတ္ဝာ-ကြည့်၍၊ အနုဿရန္တိ၊ ဗုဒ္ဓါနံ-တို့၏၊ စုတိ ပဋိသန္ဓိကိစ္စံ-စုတိပဋိသန္ဓေကိုကြည့်ခြင်းကိစ္စသည်၊ နတ္ထိ-မရှိ၊ ယံယံဌာနံ-အကြင်အကြင်အရပ်ကို၊ (ထိုသူ၏ခန္ဓာဟူသောအရပ်ကို)၊ ပဿိတုကာမာ-ကြည့်ခြင်းငှါအလိုရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊တံတဒေဝ-ထိုထိုအရပ်ကိုပင်၊ ပဿန္တိ-မြင်တော်မူနိုင်ကြကုန်၏။

စ-ဆက်၊တိတ္ထိယာ-တို့သည်၊ပုဗ္ဗေနိဝါသံ-ရှေးဌေနေအပ်ဘူးသောခန္ဓာအစဉ်ကို၊ အနုဿရမာနာ-ကုန်လတ်သော်၊အတ္တာနာ-မိမိသည်၊ ဒိဋ္ဌကတာသုတမေဝ-မြင်အပ်ဘူးသောအာရုံ ပြုအပ်ဘူးသောအာရုံ ကြားအပ်ဘူးသောအာရုံကိုသာ၊ အနုဿရန္တိ၊ တထာ-ထို့အတူ၊ [တထာဖြင့် အတ္တာနာ ဒိဋ္ဌကတာသုတကို ညွှန်းသည်။] သာဝကာစ-တို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ-တို့သည်လည်းကောင်း၊ (ပုဗ္ဗေနိဝါသံ၊ အနုဿရမာနာ၊ အတ္တာနာ၊ ဒိဋ္ဌကတာသုတမေဝ၊ အနုဿရန္တိ၊) ပန-အဖို့ တပါးကား၊ (တနည်း) ပန-အထူးကား၊ ဗုဒ္ဓါ-တို့သည်၊ အတ္တာနာဝါ-ကိုယ်တော်တိုင်သည်သော်လည်းကောင်း၊ ပရေဟိဝါ-သူတပါးတို့သည်သော်လည်းကောင်း၊ဒိဋ္ဌကတသုတံ-ကို၊သဗ္ဗမေဝ-အလုံးစုံကိုသာလျှင်၊ အနုဿရန္တိ၊တိတ္ထိယာနံ-တို့၏၊ပုဗ္ဗေနိဝါသညာဏံ-သည်၊ ခဇ္ဇောပနကသြဘာသဒီသံ-ပိုးစုန်းကြူး၏ အရောင်နှင့်တူ၏၊ သာဝကာနံ-တို့၏၊ ပုဗ္ဗေနိဝါသ

ဒ္ဝေအဂ္ဂသာဝကာ။ ။မဟာသာဝကတို့ကဲ့သို့ တဘဝလုံးအတွက် ခန္ဓာအစဉ်ကို လိုက်ဖွယ်မလို၊ နောက်စုတိ ရှေပဋိသန္ဓေကိုကြည့်၍ အောက်မေ့နိုင်ကြကုန်၏၊နောက်တဘဝ အောက်မေ့သောအခါလည်း ထို့အတူ စုတိနှင့် ပဋိသန္ဓေကို ကြည့်ရုံမျှဖြင့် ထိုဘဝကိုကျော်လွန်နိုင်ကုန်၏။

သာဝကာနံ။ ။သာဝကာနန္တိ့ထွေ့ ပကတိသာဝကာနံ ပါကတိကပဒိပေါဘာသသဒိသံ (ရိုးရိုးဆိမီးရောင်နှင့်တူ၏)၊ မဟာသာဝကာနံ မဟာပဒိပေါဘာသ သဒိသံ (ကြီးစွာသော ဆိမီး၏အရောင်နှင့်တူ၏)၊ တေနာဟ ဝိသုဒ္ဓိမဂ္ဂေ ''ဥက္ကာပဘာသဒိသံ'' (မီးရှူးရောင်နှင့်တူ၏)၊ ဇာတိ၊-ဋီကာ။

ဉာဏ်၊ ပဒီပေါဘာသသဒိသံ-ဆီမီး၏အရောင်နှင့်တူ၏၊ အဂ္ဂသာဝကာနံ-တို့၏၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဩဒါတာရကောဘာသသဒိသံ - သောက်ရှူး ကြယ်၏ အရောင်နှင့်တူ၏၊ ဝါ-သောကြာကြယ်၏ အရောင်နှင့်တူ၏၊ ပစ္စေကဗုဒ္ဓါနံ-တို့၏၊ ပုဗ္ဗေနိဝါသဉာဏ်၊ စန္ဒောဘာသသဒိသံ-လ၏အရောင်နှင့်တူ၏၊ ဗုဒ္ဓါနံ-တို့၏၊ ပုဗ္ဗေနိဝါသဉာဏ်၊ သရဒသူရိယမဏ္ဍလောဘာသသဒိသံ — သရဒဥတု အခါဝယ် နေဝန်း၏အရောင်နှင့်တူ၏။

တဿ-ထိုဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသဉာဏ်၏၊ (ဣတိပရိစ္ဆေဒေါဠ္ဍစပ်)၊ ဇေတ္တကာနိ-ဤမျှအတိုင်းအရှည် ရှိကုန်သော၊ ဇာတိသတာနိ-ဘဝအရာတို့ကို၊ (အနုဿရတိ)၊ ဇေတ္တကာနိ၊ ဇာတိသဟဿာနိ-ဘဝ အထောင်တို့ကို၊ (အနုဿရတိ)၊ ဇေတ္တကာနိ၊ ဇာတိ သတသဟဿာနိ-ဘဝအသိန်းတို့ကို၊ (အနုဿရတိ)၊ ဣတိဝါ-ဤသို့သော်လည်းကောင်း၊ဇေတ္တကာနိ၊ကပ္ပသတာနိ-ကမ္ဘာအရာတို့ကို၊ (အနုဿရတိ)၊ဇေတ္တကာနိ၊ကပ္ပသဟဿာနိ(အနုဿရတိ)၊ ဇေတ္တကာနိ၊ ကပ္ပသတသဟဿာနိ(အနုဿရတိ)၊ဣတိဝါ-သော်လည်းကောင်း၊(ပရိစ္ဆေဒေါ-သည်၊) နတ္ထိ၊ ယံကိဉ္စိ-အမှတ်မရှိတစုံတခုသော ပုဗ္ဗေနိဝါသကို၊အနုဿရန္တဿ-အောက်မေ့သော ပုဗ္ဗေနိဝါသဉာဏ်၏၊ ခလိတံ-ချွတ်ချော်တိမ်းပါး လှုပ်ရှားခြင်းသည်၊ နေဝဟောတိ—မဖြစ်၊ ပဋိဃာတံ-အာရုံပျောက်ကွယ်အောင် ချုပ်ခြယ်ထိပါးခြင်းသည်၊ နဟောတိ၊ အာဝဇ္ဇန ပဋိဗဒ္ဓမေဝ—အာရုံကို ဆင်ခြင်ကြောင်းအာဝဇ္ဇန်းနှင့် စပ်သည်သာလျှင်၊ [လိုအပ်သောအာရုံကို ဆင်ခြင်လိုက်ရုံမျှဖြင့် ထိုအာရုံပေါ်လာသည်။] အာကင်္ခမနသိကာရစိတ္တုပ္ပါဒပဋိဗဒ္ဓမေဝ-အလို

ခလိတံ ပဋိဃာတံ။ ။အပဋ္ဌာဘာဝဟေတုကော (မထက်မြက်သည်၏ အဖြစ်ဟူသောအကြောင်းရှိသော)၊ဝိသယဂ္ဂါဟကော (အာရုံကိုယူခြင်းသည်)၊ စဉ္ဆလဘာဝေါ (လှုပ်ရှားသည်၏အဖြစ်သည်)၊ ခလိတံ-မည်၏။ကုဇ္ဈိဘာဝဟေတုကော (အစွမ်းမရှိသည်၏အဖြစ်ဟူသော အကြောင်းရှိသော)၊ဝိသယဿအနဘိသမယော (အာရုံကို ထိုးထွင်း၍ မသိနိုင်ခြင်းသည်)၊ ပဋိဃာတော-မည်၏၊-ဋီကာ။

အာဝဇ္ဇနပဋိဗဒ္ဓမေဝါတိ။ ။အာဝဇ္ဇနမတ္တာဓိနံ (အောက်မေ့လိုအပ်သော အာရုံကို ဆင်ခြင်ကြောင်း အာဝဇ္ဇန်းမျှနှင့်စပ်၏)၊ အာဝဇ္ဇိတမတ္တေဝ (ဆင်ခြင်အပ်ကာမျှသာပင်)၊ယထိစ္ဆိတဿ (အကြင်အကြင်အလိုရှိအပ်သော အာရုံကို)၊ပဋိဝိဇ္ဈနကံ (ထိုးထွင်း၍သိနိုင်၏)၊ ''သေသပဒဒွယေပိ သေဝနယော'' ဟု ဋီကာဆိုသောကြောင့် ''အာကင်္ခ စိတ္တုပ္ပါဒပဋိဗဒ္ဓမေဝ မနသိကာရစိတ္တုပ္ပါဒပဋိဗဒ္ဓမေဝ'' ဟု ၂ ပုဒ်ခွဲပါ။ အာကင်္ခ စိတ္တုပ္ပါဒ (အလိုရှိကြောင်း စိတ္တုပ္ပါဒ်)၊ မနသိကာရစိတ္တုပ္ပါဒ (နှလုံးသွင်းကြောင်းစိတ္တုပ္ပါဒ်)။

ရှိကြောင်းစိတ္တုပ္ပါဒ်, နှလုံးသွင်းကြောင်း စိတ္တုပ္ပါဒ်နှင့် စပ်သည်သာလျှင်၊ ဟောတိ-၏၊ ဒုဗ္ဗလပတ္တပုဋ္ဌေ-အားမရှိသော ဖက်ရွက်ထုပ်၌၊ (ဖက်ပါးပါးဖြင့် ထုပ်ထားအပ်သော ဖက်ရွက်ထုပ်၌၊) ဝေဂကို့တ္တနာရာစော — အဟုန်ဖြင့်ပစ်အပ်သောမြားသည်၊ (အသဇ္ဇမာနော ဇဝ-မငြိမကပ်သည်သာလျှင်၊ ဟုတ္ဝာ-၍၊ ဂစ္ဆတိ)ဝိယ-သွားသကဲ့သို့လည်းကောင်း၊ သိနေရုက္ခဋ္ဌေ-မြင်းမိုရ်တောင်ထွတ်၌၊ ဝိဿဋ္ဌကုန္နဝဇိရံ-ပစ်လွှတ်အပ်သော သိကြားမင်း၏ဝရဇိန်လက်နက်, မိုးကြိုးစက်သည်၊ (အသဇ္ဇမာနမေဝ- မငြိမကပ်သည်သာလျှင်၊)(ဟုတ္ဝာ)၊ (ဂစ္ဆတိ) ဝိယစ-သွားသကဲ့သို့လည်းကောင်း၊(တထာ-ထို့အတူ၊)အသဇ္ဇမာနမေဝ—ထိုထိုအာရုံ၌ မငြိမကပ်သည်သာလျှင်၊ (ဟုတ္ဝာ)ဂစ္ဆတိ၊ [ဂစ္ဆတိ၏ ကတ္တားသည် ရွေ့၌ပြအပ်ခဲ့သော ''ဗုဒ္ဓါနံ ပုဗ္ဗေနိဝါသဉာဏံ'' တည်း။]

ဘဂဝတော—မြတ်စွာဘုရား၏၊ ပုဗ္ဗေနိဝါသဉာဏံ-ပုဗ္ဗေနိဝါသ ဉာဏ်တော်သည်၊ အဟောမဟန္တံ-သြော်....ကြီးကျယ်ပါပေစွတကား၊ ဣတိဧဝံ—ဤသို့၊ ဘဂဝန္တံယေဝ-မြတ်စွာဘုရားကိုသာ၊ အာရဗ္ဘ-အာရုံပြု၍၊ ကထာ—ပုဗ္ဗေနိဝါသ ပဋိသံယုတ္တကထာသည်၊ ဥပ္ပန္နာ-ဖြစ်ပြီ၊ ဇာတာ၎ပဝတ္တာ-ဖြစ်ပြီ၊ ဣတိအတ္ထော- ဤကားအနက်။

ဥပမာ ၂ မျိုးပြရပုံ။ ။ပါးပါးလှပ်လှပ် ဖက်ရွက်ဖြင့် ခွဲထုပ်အပ်သောအထုပ်၌ မြားဖြင့် ပစ်သောအခါ ''မြားသည် မငြိမကပ် ဖြောင့်မတ်စွာ သွားသကဲ့သို့'' ဟု လည်းကောင်း, မြင်းမိုရ်တောင်ထွတ်၌ ဝရဇိန်လက်နက် မိုးကြိုးစက်ဖြင့် ပစ်သောအခါ ''ဝရဇိန်လက်နက်သည် မငြိမကပ် ဖြောင့်မတ်စွာသွားသကဲ့သို့'' ဟု လည်းကောင်း ဥပမာ ၂ ခုကိုပြရခြင်းမှာ ''မြတ်စွာဘုရား၏ဉာဏ်တော်သည် အလွန်ပေါသောအာရုံ၌ ဖြစ်စေ,အလွန်လေးသောအာရုံ၌ဖြစ်စေ ထပ်တူထပ်မျှအာရုံပြုနိုင်သည်''ဟု သိစေရခြင်း အကျိုးရှိ၏။

ဘဂဝန္တံယေဝအာရဗ္ဘ။ ။ရဟန်းတို့သည် ပုဗ္ဗေနိဝါသကိုအာရုံပြု၍စကားဖြစ်စေပါသော်လည်း မြတ်စွာဘုရား၏ တကိုယ်တော်လုံးက တရားအတိုးပြီးနေသောကြောင့် (တကိုယ်တော်လုံး တရားတုံးကြီးဖြစ်နေသောကြောင့်) ပုဗ္ဗေနိဝါသဉာဏ်ကို အာရုံပြု၍ဖြစ်သော စကားကိုလည်း''ဘုရားကိုပင် အာရုံပြု၍ဖြစ်သည်''ဟု ဆိုနိုင်သည်။

ဇာတာ ပဝတ္တာ။ ဥပပ္ပန္နာအရ ဥပါဒ်ခဏကိုယူမည်စိုး၍ ''ဇာတာ''ဟု ဖွင့်သည်၊ ဇာတာအရလည်း ဖြစ်ခြင်းဥပါဒ်ကို ယူမည်စိုး၍ ''ပဝတ္တာ''ဟု ထပ်ဖွင့်သည်၊ ''ဖြစ်ခြင်းဥပါဒ်လည်းမက, ဥပါဒ် ဌီ ဘင်လည်းမက,ပ-အဆက်ဆက်+ဝတ္တာ-ပုဗ္ဗေနိဝါသကထာဖြစ်သည်''ဟူလို။

တံသဗ္ဗမိ-ထိုအလုံးစုံသော ပုဗ္ဗေနိဝါသ ပဋိသံယုတ္တကထာကိုလည်း၊သခေ်ပတော-အကျဉ်းအားဖြင့်၊ ဒဿေတုံ-ပြတော်မူခြင်းငှါ၊ဣတိပိပုဗ္ဗေနိဝါသော ဣတိပိ ပုဗ္ဗေနိဝါသောတိ-ဟူ၍၊ ဧတ္တကမေဝ-ဤမျှသော စကားကိုသာ၊ ပါဋိယံ-ပါဋိတော်၌၊ (သင်္ဂီတိကာရေဟိ-တို့သည်၊) ဝုတ္တံ-ပြီ၊ တတ္ထ-ထို ဣတိပိ ပုဗ္ဗေနိဝါသော ဣတိပိ ပုဗ္ဗေနိဝါသော ဟူသောစကားရပ်၌၊ဣတိပိတိ-ကား၊ဧဝမိ-ဤ အခြင်းအရာအားဖြင့်လည်း၊("ပုဗ္ဗေနိဝါသော-သည်၊ ဟောတိ-၏"၌ စပ်)။

၂-၃။ အဿောသိ ခေါ၊ပ၊ အထ ဘဂဝါ အနုပ္ပတ္တောတိဧတ္ထ-ဟူသော ဤပါဌ်၌၊ယံ-အကြင်စကားကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်၏၊ တံ-ထိုဆိုထိုက်သော စကားကို၊ဗြဟ္မဇာလ သုတ္တဝဏ္ဏနာယံ-ဗြဟ္မဇာလသုတ်၏အဖွင့်၌၊ ဝုတ္တမေဝ-ဆိုအပ်ပြီးသည်သာ၊ဟိ-စိုးစဉ်းအနည်းငယ် ဆိုဖွယ်အထူးကား၊ အယမေဝ-ဤဆိုအပ်လတ္တံ့သောအနက်သည်သာ၊ဝိသေသော-ထူး၏၊ တတ္ထ-ထို ဗြဟ္မဇာလသုတ်၌၊ သဗ္ဗညုတဉာဏေန-သဗ္ဗညုတဉာဏ်တော်ဖြင့်၊ အဿောသိ-ကြားသိတော်မူရပြီ၊ ဣဓ-ဤ မဟာပဒါနသုတ်၌၊ ဒိဗ္ဗသောတေန-ဒိဗ္ဗသောတအဘိညာဉ်ဖြင့်၊ (အဿောသိ-ပြီ၊)စ-သည်သာမကသေး၊ တတ္ထ-ထို ဗြဟ္မဇာလသုတ်၌၊ ဝဏ္ဏာဝဏ္ဏကထာ-ဂုဏ်ကို ပြောဆိုကြောင်းစကား, အပြစ်ကို ပြောဆိုကြောင်း စကားကို၊ ဝါ-သည်၊ ဝိပ္ပကတာ-အပြားအားဖြင့်မပြုအပ်သေး၊ဝါ-မပြီးဆုံးသေး၊ ဣဓ-ဤ မဟာပဒါနသုတ်၌၊ ပုဗ္ဗေနိဝါသကထာ - ပုဗ္ဗေနိဝါသကထာကို၊ ဝါ-သည်၊ (ဝိပ္ပကတာ-သေး၊ ဝါ-သေး၊) တသ္မာ-ထို့ကြောင့်၊ (ထိုသို့ ပုဗ္ဗေနိဝါသကထာ၏ မပြီးဆုံးသေးသည်၏ အဖြစ်ကြောင့်၊)ဘဂဝါ-မြတ်စွာဘုရားသည်၊ ဣမေ ဘိက္ခူ-ဤရဟန်းတို့သည်၊ မမ-ငါ၏၊ ပုဗ္ဗေနိဝါသဉာဏံ-ပုဗ္ဗေနိဝါသ ဉာဏ်ကို၊ အာရဗ္ဘ-အာရုံပြု၍၊ ဂုဏံ-ဂုဏ်ကို၊ထောမေန္တိ-ချီးမွမ်းကြကုန်၏၊ ပန-ထိုသို့ ချီးမွမ်းကြကုန်သော်လည်း၊ မေ-ငါ၏၊ ပုဗ္ဗေနိဝါသဉာဏဿ-ပုဗ္ဗေနိဝါသဉာဏ်၏၊ နိပ္ပတ္တိ - ကိစ္စ၏ ပြီးစီးခြင်းကို၊ [နိပ္ပတ္တိန္တိ ကိစ္စနိပ္ပတ္တိံ၊ တေန ကာတဗ္ဗကိစ္စသိဒ္ဓိန္တိ အတ္ထော၊-ဋ္ဌကာ။] နဇာနန္တိ-မသိကြကုန်၊ ဟန္ဒ-ယခု၊ နေသံ-ထို ရဟန်းတို့အား၊ တဿ-ထို ပုဗ္ဗေနိဝါသဉာဏ်၏၊

ဣတိပိ။ ။ပုဗ္ဗေနိဝါသအများအပြား အောက်မေ့နိုင်ပုံကိုပြလို၍ "ဣတိပိ ပုဗ္ဗေနိဝါသော ဣတိပိ ပုဗ္ဗေနိဝါသော"ဟု ဝိစ္ဆာပုဒ်ကို မိန့်တော်မူသည်၊ ["တဿစ အနေကာကာရတာယ (ထို ပုဗ္ဗေနိဝါသ၏+များသောအခြင်းအရာရှိသည်၏ အဖြစ်ကြောင့်၊) အာမေဋိတဝစနံ၊ ပိသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော၊ပ၊အာကာရတ္ထော ဣတိသဒ္ဒေါ၊-ဋ္ဌကာ။] သဒ္ဒါကျမ်းတို့၌ ပြအပ်သော ဝိစ္ဆာဟိုပင် "အာမေဋိတ"ဟု ဆိုထားသည်။

နိပ္ပတ္တိ-ကိစ္စ၏ပြီးစီးခြင်းကို၊ ကထေတ္ဝာ-ဟောတော်မူ၍၊ ဒဿာမိ-ပေးအံ့၊ ဣတိ-ဤသို့ နှလုံးသွင်းတော်မူ၍၊ အာဂန္ဆာ-ကြွလာတော်မူပြီး၍။

ပကတိယာပိ-ပင်ကိုအားဖြင့်လည်း၊[ဘုရားကြွလာတော်မူလျှင်ထိုင်တော်မူဖို့ရာ နေရာထိုင်ကို ခင်းထားရိုး ထုံးစံရှိသည်ကို "ပကတိယာပိ" ဟု ဆိုသည်။] ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ နိသီဒိတ္ဝာ-ထိုင်တော်မူ၍၊ ဓမ္မဒေသနတ္ထမေဝ-တရားဟောတော်မူခြင်းအကျိုးငှါသာလျှင်၊ထပိတေ-ခင်းထားအပ်သော၊ တခ်ကော-ကြွတော်မူလာရာ ထိုခဏ၌၊ ဘိက္ခူဟိ-ရဟန်းတို့သည်၊ ပပ္ပေါဠေတ္ဝာ-ခါ၍၊ ဒိန္နေ-ပေးအပ်သော၊ ဝရပုဒ္ဓါသနေ-မြတ်သော ဘုရားရှင်၏ နေရာတော်၌၊ နိသီဒိတ္ဝာ-ထိုင်တော်မူ၍၊ ကာယ နုတ္ထ ဘိက္ခဝေတိ-ကာယ နုတ္ထ ဘိက္ခဝေ အစရှိသော၊ ပုစ္ဆာယစ-ပုစ္ဆာ၏လည်းကောင်း၊ ဣဓ ဘန္တေတိ အာဒိပဋိဝစနဿစ-ဣဓ ဘန္တေ အစရှိသော စကားတို့၏လည်းကောင်း၊ပရိယောသာနေ-အဆုံး၌၊ တေသံ-ထိုရဟန်းတို့အား၊ ပုဗ္ဗေနိဝါသပဋိသံယုတ္တံ--သော၊ ဓမ္မိ-သော၊ ကထံ-ကို၊ ကထေတုကာမော-ဟောခြင်းငှါ အလိုရှိတော်မူသည်၊ (ဟုတ္ဝာ-ဖြစ်၍၊) ဣစ္ဆေယျာထနောတိ အာဒိ-ဣစ္ဆေယျာထနော အစရှိသော စကားကို၊ အာဟ-မိန့်တော်မူပြီ၊ တတ္ထ-ထို ဣစ္ဆေယျာထနော အစရှိသော စကားရပ်၌၊ ဣစ္ဆေယျာထနောတိ-ကား၊ ဣစ္ဆေယျာထနု-အလိုရှိကြကုန်သလော၊ [နောတိ ပုစ္ဆာဝါစီ၊ နုဣတိ ဣမိနာ သမာနတ္ထော နိပါတောတိ ဝုတ္တံ "ဣစ္ဆေယျာထ နု" တိ၊-ဋီကာ။]

အထ-မေးတော်မူရာထိုအခါ၌၊ နံ-ထိုမြတ်စွာဘုရားကို၊ ပဟဋ္ဌမာနသာ-ရွှင်လန်းသောစိတ်ရှိကြကုန်သော၊ ဘိက္ခူ-တို့သည်၊ ယာစမာနာ-တောင်းပန်လိုကုန်သည်၊(ဟုတ္ဝာ-၍၊)တေသ ဘဂဝါတိအာဒိ-ကို၊ အာဟံသု-လျှောက်ကြကုန်ပြီ၊ တတ္ထ-ထို တေသ ဘဂဝါ အစရှိသော စကားရပ်၌၊တေသာတိ-

---

၎တေသ ဓမ္မိကထာကရဏာသ။ ။ပါဠိတော်၌ "တေသ ဘဂဝါ ကာလော"ဟုသာ ရှိ၏၊ သို့သော် နောက်ဝါကျ၌"ယံ ဘဂဝါ ပုဗ္ဗေနိဝါသပဋိသံယုတ္တံ ဓမ္မိံကထံ ကရေယျ"ဟု အနိယမဝါကျ ရှိ၏၊ ထိုအနိယမဝါကျ၌ "ယံ ဓမ္မိံ ကထံ ကရေယျ" ကိုယူ၍ "တေသ" ဟူသော နိယမအတွက် "မ္မိကထာကရဏာသ" ဟု စွဲနက်ထည့်၍ ဖွင့်နိုင်သည်။ [ယံ ဘဂဝါတိ ဇ္ဈေ ယံ သဒ္ဒေန ကိရိယာပရာမသနဘူတေန ဓမ္မိံကထံ ကရေယျာတိ ဧဝံ ဝုတ္တံ ဓမ္မိကထာကရဏံ ပရာမဋ္ဌံ (သုံးသပ်သော မ္မိ-ကထာကရဏာသည်) "တေသာ"တိပဒသ အတ္ထောတိ အာဟ "တေသ ဓမ္မိကထာ ကရဏာသာ"တိ၊ အာဒရဝသေန ပန တံ ဒ္ဝိက္ခတ္တုံ ဝုတ္တံ၊-ဋီကာ။] (လေးစားသောအားဖြင့်"တေသ ဘဂဝါ ကာလော တေသ သုဂတ ကာလော"ဟု ၂ ကြိမ်ဆိုထားသည်)။

ကား၊ ဧတဿ ဓမ္မိကထာကရဏဿ – ဤ တရားစကားကို ပြုတော်မူခြင်း၏၊ (“ကာလေ”-အာဓါရတည်း၊ ဒွိစပ်)။

၄။ အထ-လျှောက်ကြရာထိုအခါ၌၊ ဘဂဝါ-သည်၊ တေသံ-ထိုရဟန်းတို့၏၊ ယာစနံ-တောင်းပန်ခြင်းကို၊ ဂဟေတ္ဝာ-ယူတော်မူ၍၊ ကထေတုကာမော-မူသည်၊ (ဟုတ္ဝာ) တေန ဟိ ဘိက္ခဝေ သုဏာထာတိ–ထအစရှိသည်ဟူ၍၊ (“နိယောဇေတ္ဝာ”ဒွိစပ်)၊ တေ-ထိုရဟန်းတို့ကို၊ သောတာဝဓာနသာဓုကမနသိကာရေသု-နားကို နှိုးရွေးရှုထားခြင်း, ကောင်းစွာနှလုံးသွင်းခြင်းတို့၌၊နိယောဇေတ္ဝာ-တိုက်တွန်းတော်မူပြီး၍၊ အညေသံ-အခြားသောပစ္စေကဗုဒ္ဓ, သာဝကတို့နှင့်၊ အသာဓာရဏံ-တူသောဆောင်ခြင်းမရှိသော၊ ဝါ-မဆက်ဆံသော၊ ဆိန္နဝဋ္ဋုမကာနုဿရဏံ-ပြတ်ပြီးသော သံသရာလမ်းခရီးရှိသော ဘုရားရှင်တို့ကို အောက်မေ့တော်မူခြင်းကို၊ ဝါ-အောက်မေ့တော်မူကြောင်း ပုဗ္ဗနိဝါသကို၊ ပကာသေတုကာမော-ထင်ရှားပြခြင်းငှါအလိုရှိမတော်မူသည်၊ (ဟုတ္ဝာ)ဤတော သောဘိက္ခဝေတိအာဒိ-ကို၊ အာဟ-ပြီ။

တတ္ထ–ထို ဤတော သော ဘိက္ခဝေ အစရှိသော ပါဠိရပ်၌၊ ယံဝိပဿီတိ-ကား၊ ယာသို့ကပွေ-အကြင်ကမ္ဘာ၌၊ ဝိပဿီ-ဝိပဿီဘုရားရှင်သည်၊ (“ဥဒပါဒိ” ၌စပ်)၊ ဟိ–ခဲ့၊ ယန္တိ-ယံဟူသော၊ အယံသဒ္ဒေါ-ဤသဒ္ဒါသည်၊ ဝါ-ဤသဒ္ဒါကို၊ ယံ မေ ဘန္တေ၊ပါဘဂဝတောတိအာဒီသု–အစရှိသောပါဠိရပ်တို့၌၊ ပစ္ဆိတ္တဝစနေ-ပထမဝိဘတ်၌၊ ဝါ-ပထမဝိဘတ်၏ အနက်၌၊ ဒိဿတိ–ထင်ရှား၏၊ ဝါ-တွေ့မြင်အပ်၏၊ [ဘန္တေ-မြတ်စွာဘုရား၊ မေ–တပည့်တော်

သောတာဝဓာန ၊ပ၊ ကာရေသု။ ။ပါဠိတော်၌ ‘‘တံ သုဏာထ’’ ကိုရည်ရွယ်၍ ‘‘သောတာဝဓာန (သောတ+အဝဓာန) နှားကိုရွေးရှုထားခြင်း၊ဝါ-နှားထောင်ခြင်း’’ လည်းကောင်း, သာဓုကံ မနသိကရောထ ကို ကြည့်၍ ‘‘သာဓုကမနသိကာရေသု’’ဟု လည်းကောင်း ဆိုသည်၊ စာအုပ်တို့၌‘‘သောတာဝဓာရဏာ’’ဟု ရှိသည်မှာ ပါဠိမျက်ကည်း၊ [သောတာဝဓာနံ သောတဿ သြဒဟနံ၊ သုဿူသာတိ အတ္ထော၊–ဋီကာ။]

ဆိန္နဝဋ္ဋုမကာနုဿရဏံ။ ။ဝဋ္ဋုမ သဒ္ဒါသည် လမ်းခရီးဟူသောအနက်ကို ဟော၏၊ ဤနေရာ၌ကား သံသရာဝဋ် ဟူသော သံသရာလမ်းခရီး အနက်ကိုယူပါ၊ ဆိန်နံ+ဝဋ္ဋုမံ ယေသံတိ ဆိန္နဝဋ္ဋုမကာ၊ (သမာသန္တ ကပစ္စည်း)၊ ပြတ်ပြီးသော သံသရာဝဋ် ဟူသောလမ်းခရီးရှိတော်မူသော ဘုရား ရဟန္တာတို့၊ ဤနေရာ၌ကား ‘‘အညေသံ အသာဓာရဏံ’’ ဟု ဆိုသောကြောင့် ပစ္စေကဗုဒ္ဓ, ရဟန္တာတို့နှင့် မဆက်ဆံသော (ပစ္စေကဗုဒ္ဓ , ရဟန္တာတို့ မအောက်မေ့နိုင်သော) ဘုရားရှင်တို့သာ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသကို ယူစေလိုသောကြောင့် “အညေသံ အသာဓာရဏံ’’ ဟု ဆိုသည်၊ [ဆိန္နဝဋ္ဋုမကာနံ+အနုဿရဏံ ဆိန္နဝဋ္ဋုမကာနုဿရဏံ။]

သည်၊ ယံ-အကြင်စကားကို၊ တာဝတိံသာနံ-တာဝတိံသာဘုံဌဉ်ဖြစ်ကုန်သော၊ ဒေဝါနံ-နတ်တို့၏၊ သမ္မုခါ-မျက်မှောက်၌၊ သုတံ-ကြားအပ်ပါပြီ၊ သမ္မုခါ-၌၊ ပဋိဂ္ဂဟိတံ-ခံယူအပ်ပါပြီ၊ ဘဂဝတော-အား၊ တံ-ထိုစကားကို၊ အာရောစေမိ-လျှောက်ပါအံ့၊ မဟာဂေါဝိန္ဒသုတ်။] ယံ တံ ၊ပ၊ ဗြဟ္မဟိတိအာဒီသု-တို့၌၊ ဥပယောဂဝစနေ-ဒုတိယာဝိဘတ်၌၊ ဝါ-၏အနက်၌၊ (ဒိသတိ)၊ [ယံ-အကြင်အကြောင်းအရာကို၊ တံ-ထို အရှင်ဘုရားကို၊ အပုစ္ဆိမှ-မေးကုန်ပြီ၊ တံ-ထို အကြောင်းအရာကို၊ နော-ကျွန်ုပ်တို့အား၊ အက်ိတ္တယိ-ဖြေတော်မူပြီ၊ အည်ံ-အခြားသော၊ တံ-ထိုအကြောင်းအရာကို၊ ပုစ္ဆာမ-မေးပါကုန်အံ့၊ ဣဃ်-တိုက်တွန်းပါ၏၊ တံ-ထို အကြောင်းအရာကို၊ ဗြဟ္မဟိ-ဖြေတော်မူပါ၊ သုတ္တာနိပါတ် စူဠဗျူဟသုတ်။] အဋ္ဌာနမေတံ ၊ပ၊ လောကဓာတုယာတိအာဒီသု-တို့၌၊ ကရဏဝစနေ-ကရိဏ်းဝိဘတ်၌၊ ဝါ-၏အနက်၌၊ (ဒိသာတိ)၊ [ဘိက္ခဝေ-တို့၊ ယံ-အကြင်အကြောင်းကြောင့်၊ ကိဿ လောကဓာတုယာ-တခုသော လောကဓာတ်၌၊ (ဒွေ-၂ ဆူကုန်သော၊ အရဟန္တော-ဝါသနာနှင့် တကွ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူကုန်သော၊ သမ္မာသမ္မုဒ္ဓါ-ဘုရားရှင်တို့သည်၊ အပုဗ္ဗံ-ရှေးလည်းမက၊ အစရိမံ-နောက်လည်းမက၊ (တနည်း) အပုဗ္ဗံအစရိမံ-မရှေးမနှောင်း၊ ဥပ္ပဇ္ဇေယျုံ-ပွင့်တော်မူကုန်ရာ၏၊ တေံ(ဌာနံ)-ဤအကြောင်းသည်၊ အဋ္ဌာနံ-သင့်သောအကြောင်းမဟုတ်၊ (သော-ဤအခွင့်သည်)၊ အနဝကာသော-သင့်သောအခွင့်မဟုတ်၊ ကေဂုံတ္တရ အဋ္ဌာနပါဠိပထမဝဂ်။] ပန-အတ္ထုဒ္ဓါရသာမညမှတပါး အတ္ထုဒ္ဒေသ ဝိသေသကား၊ ဣဓ-ဤ ယံ ဝိပဿီ အစရှိသော ပါဠိရပ်၌၊ ဘုမ္မတ္ထေ-သတ္တမီဝိဘတ်၏ အနက်၌၊ (ယံ သဒ္ဒေါ ဒိဿတိ၊) ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗော-၏၊ တေန-ကြောင့်၊ ယသ္မိံ ကပ္ပေတိ-ဟူ၍၊ (မယာ၊ဝုတ္တံ-ဆိုအပ်ပြီ၊ ဝါ-ဆိုခဲ့ပြီ၊) ဥဒပါဒိတိ-ကား၊ ဒဿဿာသိ လောကဓာတုံ-တသောင်းအတိုင်းအရှည်ရှိသော လောကဓာတ်ကို၊ ဥန္နာဒေန္တော-အံ့သြဖွယ်တွေ့ကို အထက်သို့ မြည်စေလျက်၊ ဝါ-ပဲ့တင်ထပ်စေလျက်၊ ဥပ္ပဇ္ဇိ-ပွင့်တော်မူပြီ၊ [ဥန္နာဒဒ္ဒါ ဥ+နဒ+ကာရိတ်ကျေ၊ အန္တ ပစ္စည်း၊ နဒ-အဗျတ္တသဒ္ဒေ(စကားလုံးမထင်ရှားသောကြီးကျယ်သောအသံ)။

ဘဒ္ဒကပ္ပေတိ-ကား၊ ပဥ္စဗုဒ္ဓုပ္ပါဒပဋိမဏ္ဍိတတ္တာ-ငါးဆူသော ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းဖြင့် တန်ဆာဆင်အပ်သည်၏ အဖြစ်ကြောင့်၊သုန္ဒရကပ္ပေ-ကောင်းသောကမ္ဘာ၌၊ သာရကပ္ပေ-မြတ်သော ကမ္ဘာ၌၊ (ဥဒပါဒိ၌စပ်)၊ ဘဂဝါ-သည်၊ ဣမံကပ္ပံ-ဤကမ္ဘာကို၊ ထောမေန္တော-ချီးမွမ်းတော်မူလိုသည်၏ အဖြစ်ကြောင့်၊ ဧဝံ-ဤသို့ဘဒ္ဒကပ္ပေ ဟူ၍၊ အာဟ-မိန့်တော်မူပြီ၊ ဣဓ-

ဆက်ဦးအံ့။ ။ဤကဲ့သို့ အကုသလဝိတက်တို့ နှိပ်စက်အပ်ပုံမှာ မိမိကိုယ်တိုင်က ထိုနေရာဝယ်ဘဝငါးရာတိုင်အောင် ရှင်ဘုရင်ဖြစ်ခဲ့ဘူးသောကြောင့် "တရားအားထုတ်မည်"ဟု ထိုင်လိုက်သည်နှင့် တပြိုင်နက် တရားမထင်ပဲ့ ရှေးက မောင်းမမိဿံအချွေအရံတွေ ထင်လာသဖြင့် သာယာနေခြင်းတည်း၊ [ဝတ္ထုအကျယ်ကို နှဝကဂ်တွရ အဋ္ဌကထာ မေဃိယသုတ်အဖွင့်၌ရှုပါ။]

ဓမ္မသံဝေဂေါ။ ။ဓမ္မဂါရဝနိဿိတော (တရားကိုလေးစားခြင်း၌ မှီသော)၊ သံဝေဂေါ- (ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်တည်း)၊ ဓမ္မသံဝေဂေါ- (တရားကိုရိုသေခြင်း၌မှီသော ထိတ်လန့်ကြောင်း သြတ္တပ္ပနှင့်တကွ ဖြစ်သောဉာဏ်)၊ အမှေသုနာမ တိဋ္ဌန္တေသု ဘဂဝတောပိ ဤဒိသံဇာတံ-("ငါတို့ကဲ့သို့ သာဝကကြီးများ ရှိပါလျက်, မြတ်စွာဘုရားမှာ ဤကဲ့သို့ဖြစ်ရသေးပါတကား"ဟု ဤသို့ ဓမ္မသံဝေဂ ဖြစ်ပြီ)၊-ဋီကာ၊ [ဤအဖွင့်အတိုင်း ဤကဲ့သို့နေရာတိုင်း၌ "သံဝေဂ"အရ သြတ္တပ္ပစေတသိက်နှင့် တကွဖြစ်သောဉာဏ်ကို အရကောက်ရသည်။]

သည်၊ တုဓမ္မယေဝ-ရှင်တော်ဘုရားတို့ကိုပင်၊ ပတ္ထယမာနော-တောင့်တလျက်၊ သတသဟဿာဓိကံ-ကမ္ဘာတသိန်းအလွန်ရှိသော၊ အသင်္ခ်ေယျံ-တသင်္ခ်ေပတ်လုံး၊ ပါရမိယော-တို့ကို၊ ပူရယိ-ဖြည့်ခဲ့ပါပြီ၊မာဒီသော-တပည့်တော်ကဲ့သို့ ရှုအပ်သော၊ မဟာပညော- ကြီးသောပညာရှိသောပုဂ္ဂိုလ်သည်၊ ဥပဋ္ဌာကောနာမ-အလုပ်အကျွေးမည်သည်၊ ဝဋ္ဋတိနနု-သင့်သည်မဟုတ်ပါလော၊ အဟံ-သည်၊ဥပဋ္ဌဟိဿာမိ-လုပ်ကျွေးပါမည်၊ဣတိ-သို့၊ အာဟ-လျှောက်ပြီ၊တံ-ထို အရှင်သာရိပုတ္တြာကို၊ ဘဂဝါ-သည်၊ သာရိပုတ္တ-ရာ၊ အလံ-မသင့်၊ ယဿဒါနိ ဒါသာယံ-အကြင်အရပ်မျက်နှာ၌၊တုံ-သည်၊ ဝိဟာရသိ-၏၊ သာ ဒိသာ-သင်၏ နေရာ ထိုအရပ်မျက်နှာသည်၊မေ-ငါ၏၊ဝါ-ငါမှ၊အသုညာယေဝ-မကင်းဆိတ်သည်သာ၊ တဝ-၏၊ ဩဝါဒေါ-သည်၊ ဗုဒ္ဓါနံ-တို့၏၊ ဩဝါဒသဒိသော-အဆုံးအမနှင့်တူသည်၊(ဟောတိ)၊မေ-ငါ့အား၊တယာ-သင်သည်၊ဥပဋ္ဌာကကိစ္စံ-လုပ်ကျွေးခြင်းကိစ္စသည်၊(တနည်း)ဥပဋ္ဌာနကိစ္စံ-လုပ်ကျွေးခြင်း ကိစ္စသည်၊ဝါ-လုပ်ကျွေးဖွယ်ကိစ္စသည်၊ နအတ္ထိ-မရှိ၊ ["မေ"သည် ဥပ+ဌာဓာတ်၏ သမ္ပဒါန်တည်း၊ "တယာ"သည် "ဥပဋ္ဌာန"ဟူသော ဘောဟောကြိယာ၏ အဝုတ္တကတ္တားတည်း၊ ထို့ကြောင့် "ဥပဋ္ဌာနကိစ္စံ"ဟု ရှိလျှင်ကောင်း၏။] ဣတိ-သို့၊ ပဋိဉ္ဉံပိ- ပယ်တော်မူပြီ၊ တေနေဝဥပါယေန- ပုံစံကပ်၍ သိမှတ်ကြောင်းဖြစ်သော ဤနည်းဖြင့်သာလျှင်၊ မဟာမောဂ္ဂလ္လာနံ-ကို၊ အာဒိံကတ္ဝာ-၍၊ အသီတိမဟာသာဝကာ-ရှစ်ကျိပ်သော မဟာသာဝကတို့သည်၊ ဥဋ္ဌဟိံသု-ထကြကုန်ပြီ၊ [ထ၍လုပ်ကျွေးဖို့ရန် ခွင့်တောင်းကြကုန်ပြီ။] သဗ္ဗေပိ-ကုန်သော၊တေ-ထို မဟာသာဝကတို့ကို၊ ဘဂဝါ-သည်၊ ပဋိဂ္ဂဏှိပိ-ပယ်တော်မူပြီ။

ပန-အထူးကား၊ အာနန္ဒတ္ထေရော-သည်၊ တုဏှီဘာဝေ-ဆိတ်ဆိတ် သာလျှင်၊ နိသီဒိ-ထိုင်နေပြီ၊ အထ-ဆိတ်ဆိတ်နေရာ ထိုအခါ၌၊ နံ-ထိုအရှင်အာနန္ဒာကို၊ ဘိက္ခူ-တို့သည်၊ ဧဝံ-သို့၊ အာဟံသု-ကုန်ပြီ၊ (ကိံ)၊အာဝုသော အာနန္ဒ-ငါ့ရှင်အာနန္ဒာ၊ ဘိက္ခုသံဃော-ရဟန်းအပေါင်းသည်၊ဥပဋ္ဌာကဋ္ဌာနံ-အလုပ်အကျွေးအရာကို၊ ယာစတိ-တောင်း၏၊ တုမ္ဟေ-သည်လည်း၊ ယာစာဟိ-

---

အဟံဥပဋ္ဌဟိဿာမိ။ ။နေရာမှထပြီး "တပည့်တော် လုပ်ကျွေးပါမည်"ဟု လျှောက်သော အရှင်သာရိပုတ္တြာသည် "အဟံဘန္တေ" စသောစကားကို ထိုအချိန်တုန်းက မလျှောက်သော်လည်း ထလိုက်သည့် အဓိပ္ပါယ်က ထိုကဲ့သို့ လျှောက်သည်မည်သောကြောင့် "အဟံဘန္တေ ၊ပ၊ ဥပဋ္ဌဟိဿာမိ"ဟု အဋ္ဌကထာဆရာ ထည့်၍ ဖွင့်ရသည်။

လော့၊ ဣတိ-သို့၊ (အာဟံသု)၊ သော-ထို အရှင်အာနန္ဒာသည်၊ အာဟ-ပြီ၊ (ကိံ-နည်း၊) အာဝုံသော-အရှင်ဘုရား‌တို့၊ ယာစိတ္ထာ-တောင်း၍ လဒ္ဓါ ပဋ္ဌာနံ နာမ-ရအပ်သော အလုပ်အကျွေး အရာမည်သည်၊ ကီဒိသံ-အဘယ်ကဲ့သို့ ရှုအပ်သည်၊ ဟောတိ-ဖြစ်သနည်း၊ ["တောင်း၍ရအပ်သော အလုပ်အကျွေးအရာသည် ဘာလုပ်စရာလဲ" ဟူလို။] သတ္ထာ-သည်၊ မံ-တပည့်တော်ကို၊ နပဿတိ ကိံ-မြင်တော်မမူသလော၊ (သတ္ထာ-သည်၊) သစေ ရောစိဿတိ-အကယ်၍ နှစ်သက်တော်မူအံ့၊ (ဧဝံသတိ-သော်၊) အာနန္ဒော-သည်၊ မံ-ကို၊ ဥပဋ္ဌာတု-လုပ်ကျွေးလော့၊ ဣတိ-သို့၊ ဝက္ခတိ-မိန့်တော်မူလတ္တံ့၊ ဣတိ-သို့၊ (အာဟ)၊ အထ-ရှင်အာနန္ဒာက ပြောပြီးရာ ထိုအခါ၌၊ ဘဂဝါ-သည်၊ ဘိက္ခဝေ-တို့၊ အာနန္ဒော-ကို၊ အညေန-အခြားသောသူသည်၊ န ဥဿာဟေတဗ္ဗော-အား မတက်စေထိုက်၊ ဝါ-မတိုက်တွန်းထိုက် (တိုက်တွန်းဖွယ်မလို)၊ သယမေဝ-ကိုယ်တိုင်သာလျှင်၊ ဇာနိတ္ဝာ-၍၊ မံ-ကို၊ဥပဋ္ဌဟိဿတိ-လိမ့်မည်၊ ဣတိ-သို့။ အာဟ၊ တထော-ထိုသို့ မိန့်တော်မူခြင်းကြောင့်၊ ဘိက္ခူ-တို့သည်။ အာဝုသော အာနန္ဒ-ငါ့ရှင် အာနန္ဒာ၊ ဥဋ္ဌေဟိ-ထလော့၊ အာဝုသော အာနန္ဒ၊ ဥဋ္ဌေဟိ-လော့၊ ဒဿဖလံ-ကို၊ ဥပဋ္ဌာကဋ္ဌာနံ-ကို၊ ယာစာဟိ-လော့၊ ဣတိ၊ အာဟံသု-ကုန်ပြီ၊ ထေရော-ရှင်အာနန္ဒာထေရ်သည်၊ဥဋ္ဌဟိတ္ဝာ-၍၊ စတ္တာရော-ကုန်သော၊ ပဋိက္ခေပေ-ပယ်မြစ်ခြင်းတို့လည်းကောင်း၊ စတာသော-ကုန်သော၊ အာယာစနာစ-ရှေးရှုတောင်းခြင်းတို့လည်းကောင်း၊ဣတိ-သို့၊အင်္ဂ-ကုန်သော၊ ဝရေ-ဆုတို့ကို၊ ယာစိ-ပြီ။

စတ္တာရော-ကုန်သော၊ ပဋိက္ခေပါနာမ-တို့မည်သည်၊ဘန္တေ-ဆုံး၊ ဘဂဝါ-သည်၊ မေ-အား၊ အတ္တနာ-သည်၊ လဒ္ဓံ၊ရအပ်သော၊ပဏီတံ- သော၊ စီဝရံ-ကို၊ သစေ နဒဿတိ-အကယ်၍ပေးတော်မမူအံ့၊ (ဧဝံသတိ - ဤပေးတော်မမူသော်လည်းကောင်း၊) ပိဏ္ဍပါတံ-ကို၊ (သစေ) နဒဿတိ-အံ့၊ (ဧဝံသတိ—လည်းကောင်း၊) ကောဂန္ဓကုဋ္ဌိယံ-ဟာခုတည်းသော ဂန္ဓကုဋိ၌၊ ဝသိတုံ-နေခြင်း ငှါ၊ ဝါ-နေခွင့်ကို၊ (သစေ) နဒဿတိ-အံ့၊(ဧဝံသတိ-လည်းကောင်း၊)နိမန္တနံ-ပင့်ဖိတ်ရာအရပ်သို့၊ ဂဟေတုံ—ခေါ်၍၊ (သစေ) နဂမိဿတိ—မမူအံ့၊ (ဧဝံသတိ)၊ ဇဟာ-သည်၊ ဘဂဝန္တံ-ကို၊ ဥပဋ္ဌဟိဿာမိ-အံ့၊ ဣတိ-သို့၊ ဝတ္ဝာ-၍၊ အာနန္ဒ-အာနန္ဒာ၊ တ္ထေ-ဤပယ်မြစ်ခြင်းလေးပါး၌၊ ကံ အာဒီနဝံ-အဘယ်အပြစ်ကို၊ ပဿတိ-မြင်သနည်း၊ ဣတိ-သို့၊ ဝုတ္တေ-အပ်သော်၊ ဘန္တေ-ရား၊ အဟံ-သည်၊ ဣမာနိဝတ္ထူနိ-ဤဝတ္ထုတို့ကို၊ သစေ လဘိဿာမိ-အံ့၊(ဧဝံသတိ)၊ ဝတ္ထာဗရော-ကဲ့ရဲ့ပြောဆိုသူတို့သည်၊ ဘဝိဿန္တိ-ရှိပါကုန်လတ္တံ့၊ (ကိံ-နည်း၊)

အာနန္ဒော-သည်၊ဒသဗလေန-သည်၊ လဒ္ဓံ-သော၊ ပဏီတံ-သော၊ စီဝရံ-ကို၊ ပရိဘုဥ္ဇတိ-သုံးဆောင်ရ၏၊ ပိဏ္ဍပါတံ-ကို၊ ပရိဘုဥ္ဇတိ-စားရ၏၊ ကေဂန္ဓကုဋ္ဌိယံ-၌၊ ဝသတိ-နေရ၏၊ ကေတော-တပေါင်းတည်း၊ နိမန္တနံ-သို့၊ ဂစ္ဆတိ-သွားရ၏၊ တံလာဘံ-ဤလာဘ်ကို၊ လဘန္တော-ရသည်၊ (ဟုတ္ဘာ-၍၊ ဝါ-ကြောင့်၊) တထာဂတံ-ကို၊ ဥပဋ္ဌာတိ-၏၊ ဝေံ-ဤသို့ လာဘ်ကိုရ၍၊ ဥပဋ္ဌဟတော-လုပ်ကျွေးသောပုဂ္ဂိုလ်၏၊ ဘာရော-ဝန်လေးဖွယ်သည်၊ ကော-အဘယ်မှာရှိအံ့နည်း၊ ဣတိ-သို့၊ (ဝတ္တာရော၊ ဘဝိဿန္တိ)၊ ဣတိ-ဤသို့ကဲ့ရဲ့ဖွယ်ကိုမြင်သောကြောင့်၊(အာယသ္မာအာနန္ဒော)စတ္တာရော၊ဣမေပဋိကွေပေ-တို့ကို၊ ယာစိ-တောင်းပန်ပြီ။

စတဿော-ကုန်သော၊ အာယာစနာနာမ-တို့မည်သည်၊ ဘန္တေ,ဘဂဝါ၊ မယာ-သည်၊ ဂဟိတနိမန္တနံ-ယူအပ်သော ပင့်ဖိတ်ရာအရပ်သို့၊ ဝါ-လက်ခံအပ်သော ပင့်ဖိတ်ရာအရပ်သို့၊ သစေ ဂမိဿတိ-အကယ်၍ ကြွတော်မူအံ့၊ (ဝေံသတိ-သော်လည်းကောင်း၊) အဟံ-သည်၊ တိရောရဋ္ဌာ-တပါးသော တိုင်းမှလည်းကောင်း၊ တိရောဇနပဒါ-တပါးသော ဇနပုဒ်မှလည်းကောင်း၊ ဘဂဝန္တံ-ကို၊ ဒဋ္ဌုံ-ဖူးမြင်ခြင်းငှါ၊ အာဂတံ-သော၊ ပရိသံ-ကို၊အာဂတက္ခဏေဝေ-လာရာခဏ၌ပင်၊ ဘဂဝန္တံ-ကို၊ ဒဿေတုံ-မြင်စေခြင်းငှါ၊ ဝါ-ပြခြင်းငှါ၊သစေ လစ္ဆာမိ-အကယ်၍ရအံ့၊ (ဝေံသတိ-လည်းကောင်း၊)ယဒါ-အကြင်အခါ၌၊ မေ-အား၊ ဝါ-၏၊ ကခ်ါ-ယုံမှားခြင်းသည်၊ ဥပ္ပဇ္ဇတိ-၏၊ တသ္မိံယေဝ ခဏေ-ယုံမှားခြင်းဖြစ်ရာထိုခဏ၌ပင်၊ဘဂဝန္တံ-ကို၊ဥပသက်မိတုံ-ငှါ၊ (သစေ) လစ္ဆာမိ-အံ့၊(ဝေံသတိ-လည်းကောင်း၊) ဘဂဝါ-သည်၊မယှံ-အား၊ ဝါ-၏၊ ပရမှုခါ-မျက်ကွယ်၌၊ ယံဓမ္မံ-အကြင်တရားကို၊ ဒေသေတိ-ဟောတော်မူ၏၊ တံ-ထိုတရားကို၊ အာဂန္တွာ-ပြန်ကြွလာပြီး၍၊ မယှံ-အား၊ (သစေ)ကထေဿတိ-အံ့၊(ဝေံသတိ-လည်းကောင်း၊)အဟံ-သည်၊ ဘဂဝန္တံ-ကို၊ ဥပဋ္ဌဟိဿာမိ-အံ့၊ ဣတိ-သို့၊ ဝတ္ဘာ-၍၊ ဇတ္ထ- ဤလေးမျိုးသော တောင်းခြင်းတို့၌၊ ကံ အာနိသံသံ-အဘယ်အကျိုးဆက်ကို၊ ပဿသိ-မြင်ဘိသနည်း၊ ဣတိ-သို့၊ ဝုတ္တေ-သော်၊ ဘန္တေ၊ ဣဓ-ဤသာသနာတော်၌၊ သဒ္ဓါ-သဒ္ဓါရှိကုန်သော၊ ကုလပုတ္တာ-အမျိုးကောင်းသားတို့သည်၊ ဘဂဝတော-အား၊ဝါ-၏၊ဩကာသံ-အခွင့်ကို၊အလဘန္တာ-မရကုန်လတ်သော်၊မံ-ကို၊ဝေံ-သို့၊ ဝဒန္တိ- ပြောတတ်ကြပါကုန်၏၊(ကိံ-နည်း၊) ဘန္တေအာနန္ဒ, သွေ-နက်ဖြန်၌၊ ဘဂဝတာ-နှင့်၊ သဒ္ဓိံတကွ၊ အမှာကံ- တို့၏၊ ဃရေ-၌၊ ဘိက္ခံ-ကို၊ ဂဏ္ဍေယျာထ-မူပါကုန်၊ ဣတိ-သို့၊(ဝဒန္တိ-ကုန်၏၊) ဘန္တေ, ဘဂဝါ-သည်၊

တတ္ထ–ထိုပင့်ဖိတ်ရာအရပ်သို့၊ သစေနဂမိဿတိ–မမူလတ္တံ့၊ (ဧဝံသတိ–လည်းကောင်း၊) ဣစ္ဆိတက္ခဏေယေဝ–အလိုရှိအပ်ရာခဏ၌ပင်၊ ပရိသံ–ကို၊ဒဿေတုံ–ငှါ၊ (ဩကာသံ–ကို၊သစေနလစ္ဆာမိ–အံ့၊ ဧဝံသတိ–လည်းကောင်း၊) ကခ်ံ–ကို၊ ဝိနောဒေတုံ–ငှါ၊ ဩကာသံ–ကို၊ (သစေ) နလစ္ဆာမိ–အံ့၊ (ဧဝံသတိ) စ–လည်းကောင်း၊ ဝတ္တာရော–တို့သည်၊ ဘဝိဿန္တိ–ကုန်လတ္တံ့၊ (ကိံ–နည်း၊) ကိံ–အဘယ့်ကြောင့်၊ အာနန္ဒော–သည်၊ ဒသဗလံ–ကို၊ ဥပဋ္ဌာတိ–နည်း၊ တ္တေကမ္ပိ–ဤမျှလောက်ကိုလည်း၊ အဿ–ထို အရှင်အာနန္ဒာအား၊ အနုဂ္ဂဟံ–ချီးမြှောက်မှုကို၊ ဘဂဝါ–သည်၊ နကရောတိ–ပြုတော်မမူ၊ ဣတိ–(ဝတ္တာရော ဘဝိဿန္တိ)။

စ–သေး၊ ဘဂဝတော–၏၊ ပရမ္မုခါ–၌၊ မံ–ကို၊ ပုစ္ဆိဿန္တိ–မေးကြပါကုန်လိမ့်မည်၊ (ကိံ–နည်း၊) အာဝုသောအာနန္ဒ, အယံဂါထာ–ဤဂါထာကို၊ ကတ္ထ–အဘယ်အရပ်၌၊ (ဒေသိတာ–ဟောတော်မူအပ်သနည်း၊) ဣဒံသုတ္တံ–ကို၊ (ကတ္ထ,ဒေသိတံ–နည်း၊) ဣဒံဇာတကံ–ကို၊ ကတ္ထ, ဒေသိတံ–သနည်း၊ ဣတိ (ပုစ္ဆိဿန္တိ)၊အဟံ–သည်၊ တံ–ထိုမေးခြင်းကို၊သစေနသမ္ပါဒယိဿာမိ–အကယ်၍ မပြည့်စုံစေနိုင်အံ့၊ ဝါ–အကယ်၍ ပြည့်စုံစွာမဖြေဆိုနိုင်အံ့၊ (ဧဝံသတိ–သော်၊) ဝတ္တာရောဘဝိဿန္တိ၊ (ကိံ–နည်း၊) အာဝုသော–ရှင်၊ တ္တေကမ္ပိ–ကိုလည်း၊ နဇာနာသိ–မသိ၊ ကသ္မာ–ကြောင့်၊ တွံ–သည်၊ ဆာယာဝိယ–အရိပ်ကဲ့သို့၊ ဘဂဝန္တံ–ကို၊အဝိဇဟန္တော–မစွန့်ပဲ၊ ဒီဃရတ္တံ–လုံး၊ ဝိစရသိ–လှည့်လည်ဘိသနည်း၊ဣတိ,(ဝတ္တာရော ဘဝိဿန္တိ)၊ တေန–ကြောင့်၊ အဟံ–သည်၊ ပရမ္မုခါ၊ ၌၊ ဒေသိတဿပိ–ဟောတော်မူအပ်ပြီးလည်း ဖြစ်သော၊ ဓမ္မဿ–ကို၊ပုန–တဖန်၊ ကထနံ–ဟောတော်မူခြင်းကို၊ ဣစ္ဆာမိ–၏၊ ဣတိ–ဤသို့ မြော်မြင်ခြင်းကြောင့်၊(အာယသ္မာအာနန္ဒော)၊ စတဿော–ကုန်သော၊ ဣမာအာယာစနာ–ဤရှေးရှုတောင်းခြင်းတို့ကို၊ ယာစိ–ပြီ၊ ဘဂဝါပိ–သည်လည်း၊ အဿ–ထို အရှင်အာနန္ဒာအား၊ အဒါသိ–ပြီ၊ ဧဝံ–သို့၊ အဋ္ဌ–ကုန်သော၊ ဣမေဝရေ–ဤဆုတို့ကို၊ ဂဟေတွာ–၍၊ နိဗဒ္ဓုပဋ္ဌာကော–သည်၊အဟောသိ–ပြီ၊ တဿေဝဋ္ဌာနန္တရဿ–ထို နိဗဒ္ဓုပဋ္ဌာက ရာထူး၏ပင်၊ အတ္ထာယ–ငှါ၊ ကပ္ပသတသဟဿံ–

ဆာယာဝိယအဝိဇဟန္တော။ ။ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် မဋ္ဌကုဏ္ဍလီဝတ္ထုဉ္ဌ် "ဆာယာဝ အနုပါယိနီ"ကို ထောက်၍ "အရိပ်သည် လူ၏နောက်သို့ အစဉ်လိုက်၏"ဟု ယူကြ၏၊ အမှန်ကား....အရိပ်သည် လူ၏နောက်သို့ အစဉ်မလိုက်၊တရံတခါ အရိပ်ကပင် ရှေကသွားသေး၏၊ ထို့ကြောင့် "အနုပါယိနီ"–အစဉ်လိုက်၏" ဟူသော ပါဋ္ဌသည် မကောင်း၊ ဆာယာဝ အနပါယိနီ (နဲ+အပါယိနီ) ခွဲ၍မသွား"ဟူသော ပါဋ္ဌသည်သာ "ဆာယာဝိယ အဝိဇဟန္တော"ဟူသော ပါဋ္ဌနှင့် အဓိပ္ပါယ် ထပ်မိ၍ "ကောင်းသည်"ဟု မှတ်ပါ။

လုံး၊ ပူရိတာနံ–ဖြည့်အပ်ပြီးကုန်သော၊ ပါရမီနံ–တို့၏၊ ဖလံ–အကျိုးသို့၊ ပါပုဏိ–ပြီ၊ ဣတိ–သို့၊ ဣမသ–ဤအရှင်အာနန္ဒာ၏၊ နိဗဒ္ဓုပဋ္ဌာကဘာဝံ–မြဲသော အလုပ်အကျွေး၏အဖြစ်ကို၊ သန္ဓာယ–မူ၍၊ မယှံဘိက္ခဝေ ၊ပ၊ အဂ္ဂုပဋ္ဌာကောတိ–ဟူ၍၊ အာဟ–မိန့်တော်မူပြီ၊ အယံ–ဤဆိုအပ်ပြီးကား၊ ဥပဋ္ဌာကပရိစ္ဆေဒေါနာမ–အလုပ်အကျွေးတို့၏ အပိုင်းအခြားမည်၏။

ဥပဋ္ဌာကပရိစ္ဆေဒအဖွင့် ပြီး၏။

၁၂။ ပိတိပရိစ္ဆေဒေါ–ခမည်းတော်ကို ပိုင်းခြားကြောင်းစကားရပ်သည်၊ ဥတ္တာနတ္ထောယေဝ–ပေါ်လွင်ထင်ရှားသော အနက်ရှိသည်သာ၊ ဝိဟာရံ ပါဝိသီတိ–ကား၊ ကသ္မာ–ကြောင့်၊ ဝိဟာရံ–ဂန္ဓကုဋီကျောင်းတော်သို့၊ပါဝိသိ–ဝင်တော်မူသနည်း၊ ကိရ–ချဲ၊ ဘဂဝါ–သည်၊ ဧတ္တကံ–ဤမျှ အတိုင်းအရှည်ရှိသော ပုဗ္ဗေနိဝါသကို၊ ကထေတွာ–ဟောတော်မူပြီး၍၊ စိန္တေသိ–ကြံတော်မူပြီ၊ (ကိံ–နည်း)၊ မယာ–သည်၊ သတ္တန္နံ–ခုနစ်ဆူကုန်သော၊ ဗုဒ္ဓါနံ–တို့၏၊ ဝံသော–အနွယ်တော်ကို၊ နိရန္တရံ–အကြားမရှိအောင်၊ မတ္ထကံ–အပြီးအဆုံးသို့၊ ပါပေတွာ–ရောက်စေ၍၊ နတာဝ ကထိတော–ဟောတော်မမူအပ်သေး၊ ပန–ဆက်၊ အဇ္ဇ–ယနေ့၊ မယိ–သည်၊ ဝိဟာရံ–သို့၊ ပဝိဋ္ဌေ–ဝင်တော်မူပြီးသော်၊ ဣမေဘိက္ခူ–တို့သည်၊ ဘိယျောသော–လွန်သော၊ မတ္တာယ–အတိုင်းအရှည်ဖြင့်၊ (တနည်း) မတ္တာယ–အတိုင်းအရှည်ထက်၊ ဘိယျောသော–လွန်စွာ၊ ပုဗ္ဗေနိဝါသဉာဏံ–ကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ဝဏ္ဏံ–ကို၊ ကထယိဿန္တိ–ပြောကြကုန်လတ္တံ့၊ အထ–ပြောကြရာ ထိုအခါ၌၊ အဟံ–သည်၊ အာဂန္တွာ–၍၊ နိရန္တရံ–အောင်၊ ဗုဒ္ဓဝံသံ–ကို၊ ကထေတွာ–၍၊ မတ္ထကံ–သို့၊ ပါပေတွာ–၍၊ ဒဿာမိ–ပေးတော်မူအံ့၊ ဣတိ–သို့၊(စိန္တေသိ–ပြီ၊ ဣတိ–ဤသို့ ကြံတော်မူပြီး၍)၊ ဘိက္ခူနံ–တို့အား၊ ဝါ–တို့၏၊ ကထာဝါရဿ–စကားအလှည့်အကြိမ်၏၊ သြကာသံ–အခွင့်ကို၊ ဒတွာ–၍၊ အာသနာ–မှ၊ ဥဋ္ဌာယ–၍၊ဝိဟာရံ–သို့၊ ပါဝိသိ–ပြီ၊ စ–ဆက်၊ ဘဂဝါ–သည်၊ ယံ ဧတံ တန္တိံ–အကြင်ပရိယတ် တရားအစဉ်ကို၊ ကထေသိ–ပြီ၊ တတ္ထ–ထို ပရိယတ်တရားအစဉ်၌၊ ကပ္ပပရိစ္ဆေဒေါ–ကမ္ဘာကိုပိုင်းခြားကြောင်းဝါရလည်းကောင်း၊ ဇာတိပရိစ္ဆေဒေါ–အမျိုးဇာတ်ကို ပိုင်းခြားကြောင်း ဝါရလည်းကောင်း၊ ဂေါတ္တပရိစ္ဆေဒေါ၊ အာယုပရိစ္ဆေဒေါ၊ ဗောဓိပရိစ္ဆေဒေါ၊ သာဝကယုဂပရိစ္ဆေဒေါ၊ သာဝကသန္နိပါတပရိစ္ဆေဒေါ၊ ဥပဋ္ဌာကပရိစ္ဆေဒေါ၊ ပိတိပရိစ္ဆေဒေါ–ခမည်းတော်ကိုပိုင်းခြားကြောင်း ဝါရလည်းကောင်း၊ ဣတိ–သို့၊ နဝ–ကုန်သော၊ ဣမေဝါရာ–ဤဝါရတို့သည်၊ အာဂတာ–လာကုန်ပြီ။

သမ္မဟုလဝါရော–သည်၊ အနာဂဇတာ–မလာသေး၊ ဝါ–မပါသေး၊ပန–ထိုသို့ မလာပါသော်လည်း၊ အာနေတ္ဝာ–ဆောင်၍၊ဒီပေတဗ္ဗော–ပြထိုက်၏။ ပိတိပရိစ္ဆေဒအဖွင့်ပြီး၏။

သမ္မဟုလဝါရ

ဟိ– ခဲ့၊ သဗ္ဗဗောဓိသတ္တာနံ– အလုံးစုံသော ဘုရားအလောင်းတို့၏၊ ကေသို့– တယောက်သော၊ ကုလဝံသာနုရူပေ– အမျိုး, အနွယ်အားလျော်သော၊ ပုတ္တော– သည်၊ ဇာတေ– ဖွားမြင်လတ်သော်၊ နိက္ခမိတ္ဝာ– တောထွက်၍၊ ပဓာဇိတဗ္ဗံ– ရဟန်းပြုထိုက်၏၊ ဣတိ– သို့၊ အယမေဝ– ဤသားတော်တပါး ဖွားပြီးမှတောထွက်၍ ရဟန်ပြုခြင်းသည်သာ၊ ဝံသော– အနွယ်တော်တည်း၊ အယံ(ဧဝ)– သည်သာ၊ ပဝေဏီ– အစဉ်အဆက်တည်း၊ကသ္မာ–ကြောင့်၊ (အယမေဝ– သည်သာ၊ ဝံသော– သည်၊ ဟောတိ– သနည်း၊ အယမေဝ–သည်သာ၊ ပဝေဏီ–သည်၊ ဟောတိ–နည်း၊)ဟိ– အကြောင်းကြောင့်၊ သဗ္ဗညုဗောဓိသတ္တာနံ – သဗ္ဗညု ဘုရားအလောင်းတို့၏၊ မာတုကုစ္ဆိ– သို့၊ သြက္ကမနတော–သက်ရောက်ရာအခါမှ၊ ပဋ္ဌာယ–၍၊ ပုဗ္ဗေ–၌၊ ဝုတ္တပ္ပကာရာနိ–ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ [ရှေပုဗ္ဗေနိဝါသ ကို ဝုတ္တပ္ပကာရ ဟု ဆိုဟန်တူသည်။] အနေကာနိ–ကုန်သော၊ ပါဋိဟာရိယာနိ–တို့သည်၊ဟောန္တိ–ကုန်၏၊ တတြ– ထိုသို့ တန်ခိုးပြရာ၌၊ နေသံ– ထို တန်ခိုးပြသူတို့၏၊ ဇာတနဂရံ–ဖွားရာမြို့သည်၊ **ယဒိ** နေဝပညာယေယျ–အကယ်၍မထင်ရှားအံ့၊ပိတာ–သည်၊ယဒိနပညာယေယျ–အံ့၊ မာတာ–သည်၊ယဒိနပညာယေယျ–အံ့၊ဘရိယာ·ကြင်ယာတော်သည်၊ **ယဒိ** နပညာယေယျ–အံ့၊ ပုတ္တော–သည်၊ယဒိ နပညာယေယျ–အံ့၊ (ဧဝံသတိ–သော်၊) ဣမဿ–ဤ တန်ခိုးပြသူ၏၊ ဇာတနဂရံ–သည်၊ နေဝပညာယတိ– **မထင်ရှား**၊ ပိတာ နပညာယတိ၊ ဘရိယာ နပညာယတိ၊ ပုတ္တော နပညာယတိ၊ ဧသ–ဤ တန်ခိုးပြသောပုဂ္ဂိုလ်သည်၊ဒေဝေါဝါ-နတ်သည်သော်လည်း၊(ဟောတိ)မည–ဖြစ်လေယောင်တကား၊ သက္ကောဝါ–သော်လည်း၊ (ဟောတိ–မည်၊) မာရောဝါ၊ (ဟောတိ–မည်၊) ဗြဟ္မာဝါ (ဟောတိမည်၊) ဒေဝါနဉ္စ–နတ်တို့၏လည်း၊ ဤဒိသံ–ဤကဲ့သို့ ရှုအပ်သော၊

သမ္မဟုလဝါရော။ ။ပုဗ္ဗ ပုတ္တမာတု ယာန ဝိဟာရဒါယကာဒီနံ (သားတော်, သားတော်၏မယ်တော်,တောထွက်တော်မူသောအခါ ယာဉ်,ကျောင်းတော်,ကျောင်းတော်၏ တန်ဖိုးဥစ္စာ, ကျောင်းဒါယကာ အစရှိကုန်သော) သမ္မဟုလာနံ အတ္ထာနံ ဝိဘာဝနဝသေန (များစွာသောအနက်တို့ကို ထင်စွာပြခြင်း၏ အစွမ်းအားဖြင့်) ပဝတ္တဝါရော သမ္မဟုလဝါရော။

ပါဋိဟာရိယံ-သည်၊ အနစ္ဆရိယံ-မအံ့ဩအပ်၊ ဝါ-မအံ့ဩလောက်၊ ဣတိ-သို့၊ မညမာနော-မှတ်ထင်သော၊ ဇနော-လူအပေါင်းသည်၊ သောတဗ္ဗံ-နာယူထိုက်၏ ဟူ၍၊ နေဝ မညေယျ-မမှတ်ထင်ရာ၊ သဒ္ဓါတဗ္ဗံ-ယုံကြည်ထိုက်၏ ဟူ၍၊ နမညေယျ၊ တတော- ထိုသို့ မမှတ်ထင်ခြင်းကြောင့်၊ အဘိသမယော-သစ္စာ ၄-ပါးကို ထိုးထွင်း၍သိခြင်းသည်၊ နဘဝေယျ-မဖြစ်ရာ၊ အဘိသမယေ-ခြင်းသည်၊ အသတိ-မရှိလတ်သော်၊ ဗုဒ္ဓုပ္ပါဒေါ-ဘုရားဖြစ်ခြင်းသည်၊ နိရတ္ထကောဝ-အကျိုးမရှိသည်သာ၊ (ဟောတိ၊) သာသနံ- သာသနာတော်သည်၊ အနိယျာနိကံ-ဝဋ်မှ မထွက်မြောက်တတ်သည်၊ ဟောတိ၊ တသ္မာ-ကြောင့်၊ သဗ္ဗဗောဓိသတ္တာနံ-တို့၏၊ ဧကသ္မိံ-သော၊ ကုလဝံသာနုရူပေ-သော၊ ပုတ္တေ-သည်၊ ဇာတေ-ဖွားပြီးလတ်သော်၊ ဝါ- ဖွားပြီးမှ၊ နိက္ခမိတွာ-၍၊ ပဗ္ဗဇိတဗ္ဗံ-ရာ၏၊ ဣတိ-အယမေဝ-သည်သာ၊ ဝံသော-တည်း၊ အယံ(ဧဝ)-သည်သာ၊ ပဝေဏီ-ဘည်း၊ တသ္မာ-ကြောင့်၊ ပုတ္တာဒီနံ-သားအစရှိသည်တို့၏၊ ဝသေန-အစွမ်းဖြင့်၊ ဝါ-အပြားအားဖြင့်၊ သမ္မဟုလဝါရော၊ သမ္မဟုလဝါရကို။ ဝါ-များသောအကြောင်းအရာတို့ကို ဆိုရာဖြစ်သောဝါရကို၊ အာနေတွာ-၍၊ ဒီပေတဗ္ဗော-၏။

သမ္မဟုလပရိစ္ဆေဒအဖွင့်

တတ္ထ- ထို သမ္မဟုလဝါရ၌ (ဝေဒိတဗ္ဗာ-၌စပ်)၊ သမဝတ္တက္ခန္ဓော - သမဝတ္တက္ခန္ဓ မည်သော သားတော်လည်းကောင်း၊ အတုလော-လည်းကောင်း၊ သုပ္ပဗုဒ္ဓေါစ-လည်းကောင်း၊ ဥတ္တရော-လည်းကောင်း၊ သတ္ထဝါဟော-လည်းကောင်း၊ ဝိဇိတသေနော-ဝိဇိတသေနမည်သော သားတော်လည်းကောင်း၊ သတ္တမော-ခုနစ်ယောက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ (ယော) ရာဟုလော-အကြင်ရာဟုလာသည်၊ ဘဝတိ-ဖြစ်၏၊ (သော ရာဟုလော- ထိုရာဟုလ မည်သော သားတော်လည်းကောင်း၊) ဣတိ-သို့၊ တာဝ-ဘရိယ စသည်တို့မှ ရှေးဦးစွာ (နိဒ္ဒိဋ္ဌာ - ကုန်သော၊) ဧတေ (သတ္တ)- ဤခုနစ်ယောက်တို့ကို၊ သတ္တန္နမ္ပိ-ခုနစ်ပါးလည်းဖြစ်ကုန်သော၊ ဗောဓိသတ္တာနံ-တို့၏၊ အနုက္ကမေနေဝ-အစဉ်အားဖြင့်သာလျှင်၊ သတ္တ-ကုန်သော၊ ပုတ္တာ-သားတို့ဟူ၍၊ ဝေဒိတဗ္ဗာ-ကုန်၏။

တတ္ထ-ထို ခုနစ်ယောက်သောသားတို့တွင်၊ တာဝ-အခြားသားတို့မှရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ - ညွှန်ပြအပ်သော၊) ရာဟုလဘဒ္ဒေ - ရာဟုလာမင်းသားသည်၊ ဇာတေ-ဖွားမြင်လတ်သော်၊ ပဏ္ဍံ-စာရွက်ကို၊ အာဟရိတွာ-ဆောင်၍၊ မဟာ

ပုရိသဿ–မြတ်သောယောကျ်ားဖြစ်သောဘုရားအလောင်း၏၊ ဟတ္ထေ–လက်၌၊ ထပယိံသု–ထားကြကုန်ပြီ၊ အထ–ထားကြရာထိုအခါ၌၊ အဿ–ထိုယောကျ်ားမြတ်၏၊ တာဝဒေဝ – ထိုခဏ၌ပင်၊ သကလသရီရံ – အလုံးစုံသောကိုယ်ကို၊ ခေါဘေတွာ–ချောက်ချားစေ၍၊ ပုတ္တာသိနေဟော–သားဖြစ်သော ချစ်ခြင်းသည်၊ အဋ္ဌာသိ–တည်ပြီ၊ သော–ထို ယောကျ်ားမြတ်သည်၊ စိန္တေသိ–ကြံပြီ၊ (ကိံ–သနည်း၊) တာဝ–အခြားသားတို့မှ ရှေးဦးစွာ၊ ဇကသ္မိံ–တယောက်သောသားသည်၊ ဇာတေ–လတ်သော်၊ ဝဝန္မပေါ–သော၊ ပုတ္တာသိနေဟော–သည်၊ (ဟောတိ–၏၊) မေ–၏၊ ဝါ–မှာ၊ ပရောသဟဿံ–တထောင်ထက်လွန်သော၊ ဝါ–တထောင်ကျော်သော၊ ပုတ္တာ–တို့သည်၊ ဘဝိဿန္တိကိရ–ဖြစ်ကုန်လတ္တံ့တဲ့၊ [“စကြာမင်းဖြစ်နိုင်သောကြောင့်ထို့မျှလောက် သားတော်များရှိလိမ့်မည်” ဟု နိမိတ်ဖတ်ခဲ့ကြသည်။]

တေသု – တို့သားတော်တို့တွင်၊ ဇကေကသ္မိံ – တယောက်တယောက်သော သားတော်သည်၊ ဇာတေ–လတ်သော်၊ ဣဒံသိနေဟဗန္ဓုနံ–ဤ ချစ်ခြင်းဟူသော အနှောင်အဖွဲ့သည်၊ ဧဝံ–ဤသို့၊ ဝဗ္ဘန္ဓံ–တိုးပွားလတ်သော်၊ ဒုဗ္ဘေဒ္ဓံ–ခဲယဉ်းသဖြင့်ဖျက်အပ်သည်၊ ဝါ–ဖျက်နိုင်ခဲသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ (ဣတိ–သို့၊ စိန္တေသိ–ပြီ၊ ဣတိ–သို့၊ စိန္တေတွာ–၍၊)

ရာဟုဇာတော, ဗန္ဓနံ ဇာတန္တိ–ဟူ၍၊ အာဟ်ာ–မြွက်ဆိုပြီ၊ [ရာဟု–ရာဟုဂြိုဟ်နှင့်တူသောသားသည်၊ ဇာတော–ပြီ၊ ဗန္ဓနံ–အနှောင်အဖွဲ့သည်၊ ဇာတံ–ပြီ။] စ–ဆက်၊ တံဒိဝသမေဝ–သားတော်ဖွားမြင်ရာ ထိုနေ့ဘိုးပင်၊ ရဇ္ဇံ–မင်း

ဘဝိဿတိ၊ပ၊ အာဟ။ ။ဘဝိဿတိနောက်၌ ဣတိသဒ္ဒါမရှိသော်လည်း ဗာဒကရာနိဿယ၌ ဣတိသဒ္ဒါရှိ၏၊ ထို့ဣတိဖြင့် စိန္တေသိကို ပြန်၍လှည့်သည်၊ “ရာဟုဇာတော ဗန္ဓနံ ဇာတံ”တို့ကား စိတ်ထည်း၌ ကြံခြင်းမဟုတ်၊ နှုတ်မြွက်၍ ပြောဆိုခြင်းတည်း၊ ထိုသို့ နှုတ်မြွက်၍ ပြောဆိုခြင်းကြောင့်ပင် ထိုစကားကို ကြားရသူတို့က သုဒ္ဓါဓနမဟာရာဇာထံ့သံတော်ဦးတင်ကြသောကြောင့် “ရာဟုလော” ဟု မြေးတော်ကို နာမည်မှည့်သည်၊ ဤသို့ ကြံခြင်းသည် နောက်၌ပြမည့် ဋီကာစကားနှင့်လည်း လိုက်လျော၏၊ “တံဒိဝသမေဝ စ” ဟု ဝါကျာရမ္ဘဇောတက စသဒ္ဒါ ရှိပုံနှင့်လည်း လိုက်လျော၏၊ ကျေးဇူးရှင်ဆရာတော်၏ နိဿယ၌ကား “ဇာတန္တိ”၌ ဣတိကို “စိန္တေသိ”သို့ ပြန်လှည့်၍ စပ်ပြီးလျှင် “အာဟတံဒိဝသမေဝ”ဟု ကြံတော်မူလေ၏၊ စဉ်းစားပါ။

ရာဟု ဇာတော။ ။စန္ဒာဒိနံ-လ နေ အစရှိသည်တို့၏၊သောဘာဝိသေသံ-တင့်တယ်သော အရောင်အထူးကို၊ ရဟေတိ စဇာပေတိ–စွန့်စေတတ်၏၊ (အရောင်ပျောက်သွားအောင် ဖမ်းအုပ်၍ ထားတတ်၏)၊ ဣတိ–ကြောင့်၊ ရာဟု–မည်၏၊ ရာဟုဂ္ဂဟော–ရာဟုဂြိုဟ်တည်း၊ ဣဓပန–ဤနေရာ၌ကား၊ ရာဟုဝိယ-ရာဟုဂြိုဟ်နှင့် တူ၏၊ ဣတိ–

အဖြစ်ကို၊ ပဟာယ-ပယ်စွန့်၍၊ နိက္ခန္တော-တောထွက်တော်မူပြီ၊ သဗ္ဗေသံ-အလုံးစုံသော ဘုရားအလောင်းတို့၏၊ ပုတ္တုပ္ပတ္တိယံ-သားတို့၏ဖြစ်ရာအခါ၌၊ ဧသ(ဧသော)-ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊နယော-အနက်အဓိပ္ပါယ်ကို ဆောင်ကြောင်းအစီအရင်တည်း၊ ဣတိ-အပြီးတည်း။ အယံ-ကား၊ ပုတ္တပရိစ္ဆေဒေါ-သားတော်၏ အပိုင်းအခြားဘည်း။

သုတနာ-သုတနာမည်သော ကြင်ယာတော်လည်းကောင်း၊ သဗ္ဗကာမာစ-လည်းကောင်း၊ သုစိတ္တာ-လည်းကောင်း၊ (အထ အနက်မရှိ)၊ ရောစိနီ-လည်းကောင်း၊ ရုစဂ္ဂတီ-လည်းကောင်း၊ သုနန္ဒာစ-လည်းကောင်း၊သတ္တမာ-ခုနစ်ယောက်တို့၏ပြည့်ကြောင်းဖြစ်သော၊ (ယာ)ဗိမ္မာ-အကြင် ဗိမ္မာမည်သော ကြင်ယာတော်သည်၊ဘဝတိ-၏၊(သာဗိမ္မာ-ထို ဗိမ္မာမည်သော ကြင်ယာတော်လည်းကောင်း၊) ဣတိ-သို့၊ ဧတာ-ဤ ကြင်ယာတော်တို့သည်၊ သတ္တန္နမ္ပိ-ကုန်သော၊ တေသံ ပုတ္တာနံ-တို့၏၊ မာတရော-မယ်တော်တို့သည်၊အဟေသုံ-ကုန်ပြီ၊ ပန-ဆက်၊ ဗိမ္မာဒေဝီ-ဗိမ္မာဒေဝီသည်၊ ရာဟုလကုမာရေ-ရာဟုလာမင်းသားသည်၊ ဇာတေ-ဖွားပြီးလတ်သော်၊ ရာဟုလမာတာတိ-ရာဟုလာ၏ မယ်တော်ဟူ၍၊ ပညာယိတ္ထ-ထင်ရှားပြီ။ အယံ-ကား၊ ဘရိယပရိစ္ဆေဒေါ-ကြင်ယာတော်၏ အပိုင်းအခြားတည်း။

ပန-ကား၊ဝိပဿီ-ဝိပဿီဘုရားအလောင်းတော်လည်းကောင်း၊ကကုသန္ဓော-တော်လည်းကောင်း၊ ဣတိ-သို့၊ ဒွေ-၂ ပါးကုန်သော၊ ဣမေဗောဓိသတ္တာ-

---

ကြောင့်၊ (ပုတ္တော-သားသည်၊) ရာဟု-ရာဟု မည်၏၊ ဗန္ဓနန္တိစ အနတ္ထုပ္ပတ္တိဋ္ဌာနတံ (အကျိုးမဲ့ဖြစ်ခြင်း၏ တည်ရာ အကြောင်း၏ အဖြစ်ကို) သန္ဓာယဝုတ္တံ၊ တထာ မဟာ သတ္တေန ဝုတ္တဝစနမေဝ ဂဟေတွာ (ဘုရားအလောင်းသည် ထိုသို့ ပြောဆိုအပ်သော စကားကိုပင် ယူ၍) ကုမာရဿ ရာဟုလောတိ နာမမကံသု၊-ဋီကာ။ [ရာဟုဝိယ-ရာဟုကဲ့သို့၊လာတိ ဂဏ္ဍာတိ-ဖမ်းယူတတ်၏၊ ဣတိ ရာဟုလော။]

ရောစိနီ ရုစဂ္ဂတီ ဗိမ္မာ။ ။ရောစနသီလာ ဥဇ္ဇလရူပါ (တင့်တယ် တောက်ပခြင်း အလေ့ရှိသော ကြင်ယာတော်)၊ရုစံပဘာတံ အာဂတိဘူတာ (အရောင်သို့ ရောက်တတ်သည်ဖြစ်၍ ဖြစ်သော ကြင်ယာတော်)၊ ဂကာရာဂမံ ကတွာ ဝုတ္တံ၊ ဣတ္ထိရတနဘာဝတော မနုဿလောကေ သဗ္ဗာသံ ဣတ္ထီနံ ဗိမ္ဗပဋိစ္ဆန္နဘူတာ (အလုံးစုံသောမိန်းမတို့ထက် အရုပ်ကလေးသဖွယ် လှပတင့်တယ်သော ကြင်ယာတော်)၊-ဋီကာ။ ဤအလို "ဗိမ္ဗာဝိယာတိ ဗိမ္ဗာ"ဟု ပြုပါ၊ "ပဋိမာ ပဋိဗိမ္ဗဉ္စ ဗိမ္ဗော ပတိနိဓိရိတော" အဘိဓာန် ၅၂၉၊ (တနည်း) ဗိမ္ဗာသဒ္ဒါသည်"နှစ်သက်ဖွယ်ရွှေ"ဟူသော အနက်ကို ဟော၏၊ထို နှစ်သက်ဖွယ် ရွှေအဆင်းရှိသောကြောင့် ယသောဓရာကို"ဗိမ္ဗာ"ဟုလည်း ခေါ်ရသည်။ [သီလကွန်-သောဏဒန္တသုတ်, ဗိမ္ဗိသာရပုဒ်အဖွင့်၌ ကြည့်ပါ။]

ဤဘုရားအလောင်းတော်တို့သည်၊ ဆယ့်တစ်အာဇာညရထဲ–ခြောက်စီးသောအာဇာနည်မြင်းတို့ဖြင့် ကပ်ယှဉ်အပ်သောရထားကို၊ အာရုယှ–စီးတော်မူ၍၊ မဟာဘိနိက္ခမနံ–မြတ်သော တောထွက်တော်မူခြင်းကို၊ နိက္ခမိံသု–ထွက်တော်မူကုန်ပြီ၊ [“မဟာဘိနိက္ခမနံ နိက္ခမိံသု” ကို တောထွက်ခြင်းကြီယာအား‌ဖြင့် အရတူသောကြောင့် အဘေဒဘေဒူပစာကြံပါ။] (တနည်း) မဟာဘိနိက္ခမနံ–မြတ်သောရွေးရွှထွက်တော်မူရာတော်သို့၊ နိက္ခမိံသု–ကုန်ပြီ၊ [ဤအလို အဘေဒဘေဒူပစာ ကြံဖွယ်မလို။] ၊သိခီ–လည်းကောင်း၊ ကောဏာဂမနော – လည်းကောင်း၊ ဣတိ–သို့၊ ဒဋ္ဌကုန်သော၊ ဣမေ(ဗောဓိသတ္တာ)–တို့သည်၊ ဟတ္ထိက္ခန္ဓဝရဂတာ– မြတ်သော့ဆင်၏ ကျောက်ကုန်းသို့ရောက်ကုန်သည်၊ ဟုတ္ဝာ–၍၊ (မဟာဘိနိက္ခမနံ)၊နိက္ခမိံသု–ကုန်ပြီ၊ ဝေဿဘူ–သည်၊ သုဝဏ္ဏ သိဝိကာယ–ရွှေထမ်းစင်၌၊ နိသိဒိတ္ဝာ–၍၊ (မဟာဘိနိက္ခမနံ)၊နိက္ခမိ–ပြီ၊ ကဿပေါ–သည်၊ ဥပရိပါသာဒေ–ပြာသာဒ်ထက်၌၊ မဟာတလေ–မြတ်သောအပြင်၌၊ နိသိန္နော ဝ–ထိုင်လျက်သော၊ အာနာပါနစတုတ္ထဇ္ဈာနံ–အာနာပါန စတုတ္ထဈာန်ကို၊ နိဗ္ဗတ္တေတ္ဝာ–ဖြစ်စေ၍၊ ဈာနာ–မှ၊ဝုဋ္ဌာယ–ထ၍၊ တံဈာနံ–ထိုစတုတ္ထဈာန်ကို၊ ပါဒက်–အခြေခံကို၊ ကတ္ဝာ–၍၊ ပါသာဒေါ–သည်၊ ဥဂ္ဂန္ဆာ–အထက်သို့တက်၍၊ ဗောဓိမဏ္ဍေ–ဗောဓိမဏ္ဍိုင်၌၊ သြတရတု–သက်ဆင်းပါစေသတည်း၊ ဣတိ–သို့၊ အဓိဋ္ဌာသိ–အဓိဋ္ဌာန်တော်မူပြီ၊ ပါသာဒေါ–သည်၊ အာကာသေန–ဖြင့်၊ ဂန္ဆာ–၍၊ ဗောဓိမဏ္ဍေ–၌၊ သြတရိ–ပြီ၊ မဟာပုရိသောပိ – မြတ်သောယောကျ်ားဘုရားအလောင်းသည်လည်း၊ တတော–ထိုပြာသာဒ်မှ၊ သြတရိတ္ဝာ–သက်ဆင်း၍၊ ဘူမိယံ–၌၊ ဌတ္ဝာ–၍၊ ပါသာဒေါ–သည်၊ ယထာဌာနေယေဝ–တည်မြဲတိုင်းအရပ်၌သာ၊ ပတိဋ္ဌာတု–တည်ပါစေသတည်း၊ ဣတိ–သို့၊ စိန္တေသိ–ပြီ၊ သော–ထို ပြာသာဒ်သည်၊ ယထာဌာနေ–၌၊ ပတိဋ္ဌာသိ–ပြီ၊ မဟာပုရိသောပိ–သည်လည်း၊ သတ္တဒိဝသာနိ–ခုနစ်ရက်တို့ပတ်လုံး၊ ပဓာနံ–အားထုတ်ကြောင်း စီရိယကို၊ ဝါ–အားထုတ်ကြောင်း ကမ္မဋ္ဌာန်းကို၊ အနုယုဉ္ဇတ္ဝာ–၍၊ ဗောဓိပလ္လင်္ကေ–၌၊ နိသိဒိတ္ဝာ–၍၊ သဗ္ဗညုတံ–သဗ္ဗညူဇ္ဉာဏ်၏အဖြစ်ကို၊ ပဋိဝိဇ္ဈိ–ထိုးထွင်း၍သိတော်မူပြီ၊ ပန–ကား၊ အမှာကံ–တို့၏၊ ဗောဓိသတ္တော–သည်၊ ကဏ္ဌကံ–

ဆယ့်တစ်အာဇာညရထံ။ ။ရထနှင့်တွဲရာ၌ ပယုတ္တဟုသုံးစွဲရိုးမရှိ၊ “ယုတ္တ” ဟုသာသုံးစွဲရိုးရှိ၏၊ ထို့ကြောင့် “ဆယုတ္တ” ဟုရှိသောပါဠိက ကောင်းမည်ထင်သည်၊ “အာဇညေဟိ + ယုတ္တော + ရထော အာဇညရထော၊ ဆဟိ + ယုတ္တော ဆယုတ္တော၊ ဆယုတ္တော်+စ+သော+အာဇညရထောစာတိ ဆယုတ္တအာဇညရထော၊” (ခြောက်စီးသော အာဇာနည်မြင်းတို့ကပ်ယှဉ်အပ်သောရထား)။

ကဏ္ဌကမည်သော၊ အဿဝရံ – မြတ်သောမြင်းကို၊ အာရုယှ – စီးတော်မူ၍၊ (မဟာဘိနိက္ခမနံ)၊နိက္ခန္တော–မူပြီ၊ ဣတိ–အပြီးတည်း။အယံ–ဤ အပိုင်းအခြားသည်၊ ယာနပရိစ္ဆေဒေါ – ယာဉ်တော်၏အပိုင်းအခြားတည်း။

ပန–ကား၊ ဝိပဿိဿ–သော၊ ဘဂဝတော–၏၊ ယောဇနပ္ပမာဏေ–တယူဇနာအတိုင်းရှည်ရှိသော၊ ပဒေသေ–၌၊ ဝိဟာရော–သည်၊ ပတိဋ္ဌာသိ–ပြီ၊ သိခိဿ(ဘဂဝတော) တိဂါဝုတေ–သုံးဂါဝုတ်အတိုင်းအရှည်ရှိသော၊ (ပဒေသေ ဝိဟာရော ပတိဋ္ဌာသိ)၊ ဝေဿဘုဿ(ဘဂဝတော)၊ အဓုယောဇနေ–ယူဇနာဝက် အတိုင်းအရှည်ရှိသော၊ပ၊ကကုသန္ဓဿ(ဘဂဝတော)၊ ဂါဝုတေ–တစ်ဂါဝုတ် အတိုင်းအရှည်ရှိသော၊ပ၊ကောဏာဂမနဿ(ဘဂဝတော)၊ အဓု ဂါဝုတေ–ဂါဝုတ်ဝက် အတိုင်းအရှည်ရှိသော ၊ပ၊ ကဿပဿ(ဘဂဝတော)၊ ဝီသတိဉသဘေ–နှစ်ဆယ်ဉသဘအတိုင်းအရှည်ရှိသော၊ပ၊အမှာကံ–တို့၏၊ဘဂဝတော–၏၊ ပကတိမာနေန–ပကတိသောချင့်တောင်ဖြင့်၊ သောဋသကရိသေ–တဆယ့်ခြောက်ကရီသရှိသော၊ [ကရီသ၏အဓိပ္ပါယ်ကို စူဠဝါဘာသာဋီကာသေနာသနက္ခန္ဓကအဖွင့်၌ရှုပါ။] ရာဇမာနေန–မင်း၏ချင့်တောင်ဖြင့်၊ အဋ္ဌကရိသေ - ရှစ်ကရီသရှိသော၊ ပဒေသေ–၌၊ ဝိဟာရော–သည်၊ပတိဋ္ဌိတော၊ ဣတိ–အပြီးတည်း။အယံ–ဤ အပိုင်းအခြားသည်၊ဝိဟာရပရိစ္ဆေဒေါ–ကျောင်းတော်ရာ၏အပိုင်းအခြားတည်း။

ပန–ကား၊ ဝိပဿိဿ–သော၊ ဘဂဝတော–၏၊ ဧကရတနာယာမာ–တစ်တောင်အလျားရှိကုန်သော၊ ဝိဒတ္ထိဝိတ္ထာရာ–တထ္ဌာအနံရှိကုန်သော၊အဋ္ဌဂုံ လုဋ္ဌဓာ–လက်ရှစ်သစ်အထူရှိကုန်သော၊ သုဝဏ္ဏိဋ္ဌကာ–ရွှေအုတ်တို့ကို၊ ကာရေတွာ–၍၊ စူဠဉသန–သေးငယ်သောအဖို့အားဖြင့်၊ ဝါ–နှံထောင်အားဖြင့်၊ဆာဒေတွာ–မြေကိုဖုံးလွှမ်း၍၊ ဝိဟာရဋ္ဌာနံ–ကျောင်းရာမြေကို၊ ကိဏိ်သု–ဝယ်ကုန်ပြီ၊[“စူဠဉသ”ဟူသည် အုတ်ချပ်ကိုပြောလိုက်မချပဲ ငယ်သောအဖို့တည်းဟူသော ထောင်လိုက်အားဖြင့်ချခြင်းတည်း၊ ဤသို့ချသဖြင့် ရွှေအုတ်ချပ်အရေအတွက်မျှားစွာဝင်သည်ကိုပြသည်။]သိခိဿ–သော၊(ဘဂဝတော၊)သုဝဏ္ဏယဋ္ဌိဖာလေဟိ–ထွန်သွားပမာဏရှိသောရွှေချောင်းတို့ဖြင့်၊ [သုဝဏ္ဏယဋ္ဌိ ဖာလေဟိတိ ဖာလပွမာဏာဟိ သုဝဏ္ဏယဋ္ဌိဟိ၊–ဋီကာ။]ဆာဒေတွာ–၍၊(ဝိဟာရဋ္ဌာနံ၊) ကိဏိ်သု–ကုန်ပြီ၊ ဝေဿဘုဿ–သော၊(ဘဂဝတော၊) သုဝဏ္ဏဟတ္ထိပါဒါနိ–ဆင်၏ခြေ ပမာဏရှိသောရွှေတုံးတို့ကို၊ [သုဝဏ္ဏဟတ္ထိပါဒါနိတ် ပကတိဟတ္ထိ

ပါဒပရိမာဏာနိ သုဝဏ္ဏခဏ္ဍာနိ၊-ဋီ။] ကာရေတွာ-၍၊ တေသံ-ထိုရွှေတုံးတို့ကို၊ စူဋ္ဌံသေန-ဖြင့်၊ ဆာဒေတွာ-၍၊ (ဝိဟာရဋ္ဌာနံ)၊ ကိဏိံသု-ကုန်ပြီ၊ ကကုသန္ဓဿ-သော၊ (ဘဂဝတော)၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသော စူဋ္ဌံသ နည်းဖြင့်ပင်၊ [ဝုတ္တနယေနေဝါတိ စူဋ္ဌံသေနေဝ။] သုဝဏ္ဏိဋ္ဌကာဟိ-တို့ဖြင့်၊ ဆာဒေတွာ-၍၊ (ဝိဟာရဋ္ဌာနံ)၊ ကိဏိံသု၊ ကောဏာဂမနဿ-သော၊ (ဘဂဝတော)၊ ဝုတ္တနယေနေဝ-ပင်၊ သုဝဏ္ဏကစ္ဆပေဟိ-ရွှေလိပ်ရုပ်တို့ဖြင့်၊ ဆာဒေတွာ-၍၊ (ဝိဟာရဋ္ဌာနံ)၊ကိဏိံသု၊ ကဿပဿ-သော၊(ဘဂဝတော)၊ သုဝဏ္ဏကဋ္ဌိဟိယေဝ-ရွှေအပိုင်းတို့ဖြင့်သာလျှင် [သုဝဏ္ဏကဋ္ဌိဟိတိ သုဝဏ္ဏခဏ္ဍေဟိ။]ဆာဒေတွာ-၍၊ (ဝိဟာရဋ္ဌာနံ)၊ကိဏိံသု၊ အမှာကံ-တို့၏၊ဘဂဝတော-၏၊ သလက္ခဏာနံ-အမှတ်တံဆိပ်နှင့်တကွ ဖြစ်ကုန်သော၊ ကဟာပဏာနံ-အသပြာတို့၏၊ စူဋ္ဌံသေန-အားဖြင့်၊ ဆာဒေတွာ-၍၊ (ဝိဟာရဋ္ဌာနံ)၊ကိဏိံသု-ကုန်ပြီ။ အယံ-သည်၊ ဝိဟာရဘူမိဂ္ဂဟဏဓနပရိစ္ဆေဒေါ- ကျောင်းတော်ရာမြေကိုဝယ်ယူကြောင်းဖြစ်သော ဥစ္စာ၏အပိုင်းအခြားတည်း။

တတ္ထ-ထို ဘုရားရှင်တို့တွင်၊ ဝိပဿိဿ ဘဂဝတော-၏၊တထာ-ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊ ဘူမိံ-ကို၊ ကိဏိတွာ-ဝယ်၍၊ ဝိဟာရံ- ကို၊ ကတွာ-၍၊ဒိန္နုပဋ္ဌာကော-ပေးလှူသောအလုပ်အကျွေးဒါယကာသည်၊ ပုနဗ္ဗသုမိတ္တောနာမ-ပုနဗ္ဗသုမိတ္တမည်သည်၊ အဟောသိ-ပြီ၊ သိခိဿ-သော ၊ပ၊ သိရိဝစုနောနာမ-မည်သည်၊ (အဟောသိ)၊ဝေဿဘုဿ-သော ၊ပ၊ သောတ္ထိယောနာမ-သောတ္ထိယ မည်သည်၊ (အဟောသိ)၊ ကကုသန္ဓဿ-သော၊ပ၊အစ္စုသောနာမ-သည်၊ (အဟောသိ)၊ ကောဏာဂမနဿ-သော ၊ပ၊ ဥဂ္ဂေါနာမ-သည်၊ (အဟောသိ)၊ ကဿပဿ-သော ၊ပ၊ သုမနောနာမ-သည်၊ (အဟောသိ)၊ အမှာကံ-တို့၏၊ ဘဂဝတော-၏ ၊ပ၊ သုဒတ္တောနာမ-သည်၊ (အဟောသိ)၊ စ-ဆက်၊ သဗ္ဗေ-ကုန်သော၊ ဧတေ-ဤ ဒါယကာတို့သည်၊ ဂဟပတိမဟာသာလာ-များသောဥစ္စာနှစ်ရှိသော ဂဟပတိ ဖြစ်ကုန်သော၊ သေဋ္ဌိနော-တို့သည်၊ အဟေသုံ-ကုန်ပြီ၊[ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ သုံးမျိုးတို့တွင် "ဂဟပတိမဟာသာလ" သဋ္ဌေးများ ဖြစ်ကြသည် ဟူလို။]ဣတိ-အပြီးတည်း။ အယံ-သည်၊ ဥပဋ္ဌာကပရိစ္ဆေဒေါနာမ-အလုပ်အကျွေး ဒါယကာတို့၏ အပိုင်းအခြားမည်၏၊

အပရာနိ-ဆိုအပ်ပြီးသော ပရိစ္ဆေဒတို့မှ တပါးကုန်သော၊ စတ္တာရိ-လေးပါးကုန်သော၊ အဝိဇဟိတဋ္ဌာနာနိနာမ-မစွန့်အပ်သော အရပ်တို့မည်သည်၊

ဟောန္တိ-ကုန်၏၊ ဟိ-ခဲ့၊ သဗ္ဗဗုဒ္ဓါနံ-တို့၏၊ ဗောဓိပလ္လင်္ကော-ဗောဓိပလ္လင်တည်ရာအရပ်သည်၊ ဝါ-ကို၊ အဝိဇဟိတော-မစွန့်အပ်၊ ကေသို့ ယေဝ-ဖြစ်သော၊ ဌာနေ-၌၊ ဟောတိ-၏၊ ဣသိပတနေ-သော၊ မိဂဒါယေ-၌၊ ဓမ္မစက္ကပဝတ္တနံ-ဓမ္မစကြာကို လည်စေတော်မူရာအရပ်သည်၊ အဝိဇဟိတမေဝ-သည်သာ၊ ဟောတိ-၏၊ ဒေဝေါရောဟနကာလေ-တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူရာအခါ၌၊ သက်ဿနဂရဒ္ဒါရေ-သက်ဿမြို့တံခါး၏အနီး၌၊ ပဌမပဒဂဏ္ဍိကာ-အထုံးအဖွဲ့ပမာ လွန်စွာခိုင်မြဲသော ပထမခြေတော်ရာအရပ်သည်၊ အဝိဇဟိတာဝ-သည်သာ၊ ဟောတိ-၏၊ ဇေတဝနေ-၌၊ ဂန္ဓကုဋ္ဌိယာ-၌၊

ဗောဓိပလ္လင်္ကော။ ။ဗောဓိပလ္လင်္ကောတိ အဘိသမ္ဗုဇ္ဈနကာလေ (သစ္စာလေးပါးတရားကို သိတော်မူရာအခါ၌) နိသဇ္ဇဋ္ဌာနံ (ထိုင်တော်မူရာအရပ်သည်) ဗောဓိပလ္လင်္ကမည်၏။

အဝိဇဟိတော။ ။အဝိဇတိတောတိ ဗုဒ္ဓါနံ တဇာ နိသဇ္ဇာယ (ထိုသို့သောအခြင်းအရာအားဖြင့် ထိုင်တော်မူခြင်း၏) အနညတ္ထဘာဝိဘာဝတော (အညတ္ထဘာဝိ အဘာဝတော-အခြားအရပ်၌ဖြစ်လေ့ရှိသည်၏ အဖြစ်၏မရှိခြင်းကြောင့်) အပရိစ္စတ္တော၊ တေနာဟ ဧကသို့ ယေဝဌာနေ ဟောတီတိ၊-ဋီကာ။

ပဌမပါဒဂဏ္ဍိကာ။ ။"ပဌမပဒဂဏ္ဍိကာ"ဟူသောမူ၌ ပဒနှင့်ပါဒသည် အနက်တူသောကြောင့် မထူးသော်လည်း ဂဏ္ဍိကာနှင့် ဂဏ္ဍိကာပုဒ်တို့ကား အနက်မတူ၊ ထောမနိဓိအဘိဓာန်၌ ဂဏ္ဍဓာတ်+ဣန်ပစ္စည်းဖြင့် ဝုဒ္ဓိပြု၍ပြီးသော "ဂါဏ္ဍိ" သဒ္ဒါသည် "ဂါန္ဆိနှင့် အနက်တူ"ဟု ဆို၏၊ ဂဏ္ဍိပုဒ်ကား ထောမနိဓိ၌မရှိ၊ ထို့ကြောင့် ပဌမပါဒဂဏ္ဍိကာ ပါဌ်သည် သက္ကတအဘိဓာန်နှင့်လျော်၏၊ ဂ ၌ဝုဒ္ဓိရှိလျှင် သာ၍ကောင်း၏၊ ပထမခြေတော်ချရာအရပ်သည် ထုံးဖွဲ့၍ထားအပ်သည့်ပမာ သူတပါးတို့မဖျက်နိုင်အောင် ခိုင်မြဲသောကြောင့် "ပါဒဂဏ္ဍိကာ"အမည်ရသည်။

ဋီကာ။ ။ပဌမပါဒဂဏ္ဍိကာတိ ပစ္ဆိမေ သောပါနဖလကေ ဌတ္ဓာ ထပိယမာနဿ ဒက္ခိဏပါဒဿ ပတိဌဟနဋ္ဌာနံ=ပဌမပါဒဂဏ္ဍိကာ ဟူသည် နောက်ဆုံးလှေကားပျဉ်ချပ် (လှေကားထစ်)၌ ရပ်တော်မူ၍ ချထားအပ်သော လက်ယာခြေတော်၏တည်ရာအရပ်တည်း၊ တံ ပန ယသ္မာ ဒဋ္ဌံ ထိရံ ကေနစိ အဘေဇ္ဇံ ဟောတိ၊ တသ္မာ ပါဒဂဏ္ဍိတိ ဝုတ္တံ၊ ဤဋီကာ၌ "ဒဋ္ဌံ ထိရံ အဘေဇ္ဇံ"ပုဒ်တို့သည် ဂဏ္ဍိကာ၏ အနက်ဖွင့်တည်း။ [ရှေးတုန်းကလည်း "ပါရာဇိကဏ်ဂဏ္ဍိ" စသည်ဖြင့် ရေးခဲ့ကြ၏၊ နောက်မှ "ဂဏ္ဍိ"ဟု ပြင်ကြသည်။]

စတ္တာရိ-ကုန်သော၊ မဥ္ဇုပါဒဋ္ဌာနာနိ-ညောင်စောင်းခြေ၏ အည်ရာ အရပ်တို့ သည်၊ အဝိဇဟိတာနေဝ-ကုန်သည်သာ၊ ဟောန္တိ-ကုန်၏၊ ပန-ကား၊ဝိဟာရော-ကျောင်းတော်သည်၊ ခုဒ္ဒကောပိ-ငယ်သည်လည်းကောင်း၊ မဟန္တောပိ-ကြီးသည်လည်းကောင်း၊ ဟောတိ-၏၊ ဝိဟာရောပိ-ကျောင်းကိုကား၊ နဝိဇဟိတောယေဝ-သာ၊ နဂရံပန-ကား၊ ဝိဇဟတိ-၏၊ ယဒါ-၌၊ နဂရံ-မြို့ သည်၊ ပါစီနတော-ကျောင်းတော်၏ အရှေ့အရပ်၌- ဟောတိ-၏၊တဒါ-၌၊ ဝိဟာရော-သည်၊ ပစ္ဆိမတော-အနောက်အရပ်၌၊ (ဟောတိ) ၊ပ၊ ဣဒါနိ ပန-ကား၊ နဂရံ-သည်၊ ဥတ္တရတော- ကျောင်းတော်၏ မြောက်အရပ်၌၊ (ဟောတိ၊) ဝိဟာရော-သည်၊ ဒက္ခိဏတော-တောင်အရပ်၌၊ ဟောတိ။

စ-ဆက်၊ သဗ္ဗဗုဒ္ဓါနံ-တို့၏၊ အာယုဝေမတ္တံ-အသက်တမ်း၏ မတူထူးခြား ကဲ့ပြားသော အတိုင်းအရှည်လည်းကောင်း။ ပမာဏဝေမတ္တံ- အရပ်တော် ပမာဏ၏ မတူထူးခြား ကဲ့ပြားသောအတိုင်းအရှည်လည်းကောင်း။ ကုလဝေမတ္တံ-အမျိုး၏၊ ပ၊ လည်းကောင်း၊ ပဓာနဝေမတ္တံ-ကမ္မဋ္ဌာန်း အားထုတ်ရာကာလ၏၊ ပ၊ လည်းကောင်း။ ရဿိဝေမတ္တံ-ရောင်ခြည်တော်၏၊ ပ၊ လဲည်း

စတ္တာရိမဥ္ဇုပါဒဋ္ဌာနာနိ။ ။(ဘုရားရှင်တို့၏ ကိုယ်တော်ပမာဏချင်း မတူသော ကြောင့်)ညောင်စောင်းတော် ပမာဏလည်း အကြီးအငယ် ကဲ့ပြားဖွယ်ရှိ၏၊ သို့သော် ဘုရားရှင်တို့၏ တန်ခိုးတော်ကြောင့် ညောင်စောင်း၏ ခြေထားရာအရပ်မှာ အခါခပ် သိမ်း တူသောပမာဏရှိသည်သာဖြစ်၏၊ ဤသို့ ဋီကာဖွင့်သည်၊ ကျောင်းတော် အကြီး အငယ်ရှိသော်လည်း ကျောင်းတော်နေရာမှာ ထိုနေရာသာဖြစ်၏၊ ဟူရာ၌လည်း ဤ နည်းပင်ဟု ဋီကာဆိုသည်။

အဋ္ဌာသယပဋိဗဒ္ဓံ။ ။ရောင်ခြည်တော် မတူပုံကိုပြရာ၌ "အဋ္ဌာသယနှင့်စပ်၏" ဟူရာဝယ် ဗုဒ္ဓဖြစ်တော်မူမှ အဋ္ဌာသယ (ဆန္ဒတော်) ဖြစ်ခြင်းမဟုတ်၊ ပါရမီဖြည့် တော်မူစဉ်က ဖြစ်တော်မူခဲ့သော အဋ္ဌာသယတော်တည်း၊ မှန်၏။ — မင်္ဂလဘုရား အလောင်းတော်သည် ဝေဿန္တရာမင်းကဲ့သို့သောဘဝ၌ သားတော်သမီးတော်တို့ကို ပုဏ္ဏားယောင်ဆောင်လာသော ဘီလူးအား လှူလိုက်၏၊ ဘုရားအလောင်းရှေ့မှာပင် ဘီလူးသည် သားတော် သမီးတော်တို့ကို စားလေရာ ထွက်လာသောသွေးတို့ကိုမြင်၍ နောင်ဘုရားဖြစ်သောအခါ ငါ၏ရောင်ခြည်တော်များသည် ဤကဲ့သို့ထွက်ပါစေဟု ဆု တောင်းခဲ့၏၊ ထို အဋ္ဌာသယတော်အတိုင်း တလောကလုံး အမြဲလင်းစေနိုင်သော ရောင် ခြည်ဟော်များ ထွက်ပေါ်နေပေသည်၊ သို့သော် ဘုရားဖြစ်တော်မူရာ အခါ၌လည်း ရောင်ခြည်တော်သည် အဋ္ဌာသယတော်အတိုင်း ထွက်စေလိုမှ တွက်တော်မူ၏၊ ထို အခါ၌လည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်စေလိုသောအခါ ကျယ်ကျယ်ပြန့်ပြန့်ပင် ထွက် တော်မူသည်။

ကောင်း။ ဣတိ-သို့၊ ပဋ္ဌ–ကုန်သော၊ ဝေမတ္တာနိ–မတူထူးခြားကဲ့ပြားသော အတိုင်းအရှည်တို့သည်၊ ဟောန္တိ-ကုန်၏၊ အာယုဝေမတ္တံနာမ–အာယုဝေမတ္တမည်သည်ကို၊ (ဝေံ ဝေဒိတဗ္ဗံ၊) [စပ်ပုဒ်မရှိ၍ ထည့်သည်။] ကေစိ–အချို့သော ဘုရားရှင်တို့သည်၊ ဒီဃာယုကာ-ရှည်သော သက်တော်ရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊ ကေစိ-တို့သည်၊ အပ္ပါယုကာ- တိုသောသက်တော် ရှိကုန်သည်။ (ဟောန္တိ၊) တထာဟိ-ထိုစကားမှန်၏၊ ဒီပင်္ကရဿ-၏၊ ဝဿသတသဟဿံ–အနှစ်တသိန်းသည်၊ အာယုပ္ပမာဏံ–အသက်ဟမ်း အတိုင်းအရှည်သည်၊ အဟောသိ-ပြီ၊ အမှာကံ-တို့၏၊ ဘဂဝတော-၏၊ ဝဿသတံ-အနှစ်တရာသည်၊ အာယုပ္ပမာဏံ–သည်၊ (အဟောသိ၊) ပမာဏဝေမတ္တံ နာမ-ကို၊ (ဝေံ ဝေဒိတဗ္ဗံ၊) ကေစိ-တို့သည်၊ ဒီဃာ-မြင့်ကုန်သည်၊ ဟောန္တိ၊ ကေစိ-တို့သည်၊ ရဿာ-နိမ့်ကုန်သည်၊ (ဟောန္တိ၊)တထာ ဟိ–၏၊ ဒီပင်္ကရော-သည်၊ အသီတိဟတ္ထော– ရှစ်ဆယ် အတောင်ရှိသည်၊ အဟောသိ–ပြီ၊ သုမနော–သည်၊ နဝုတိဟတ္ထော-ကိုးဆယ်အတောင်ရှိသည်၊ (အဟောသိ၊) အမှာကံ ဘဂဝါ အဋ္ဌာရသဟတ္ထော-တဆယ့်ရှစ်တောင် ရှိသည်၊(အဟောသိ)။

အာယုဝေမတ္တံ။ ။ဝိသိဋ္ဌာ မတ္တာ ဝိမတ္တာ၊ ဝိမတ္တာယေဝ ဝေမတ္တာ၊ သွတ္ထ အနက်၌ ဏ ပစ္စည်းသက်၊ အာယုနော-ဝေမတ္တံ အာယုဝေမတ္တံ၊ (အသက်တမ်း၏ မတူထူးခြားကဲ့ပြားသော အတိုင်းအရှည်၊) ဝိသဒိသာ+မတ္တာ ယဿတိ ဝိမတ္တံ (အာယု၊) ဝိမတ္တာသ+ဘာဝေါ ဝေမတ္တံ၊ အာယုနော–ဝေမတ္တံ အာယုဝေမတ္တံ၊ (အသက်တမ်း၏၊ မတူထူးခြား ကဲ့ပြားသော အတိုင်းအရှည်ရှိသည်၏ အဖြစ်၊) ဤသို့လည်း ဆရာတို့ကြံကြသည်။

အဋ္ဌာရသဟတ္ထော၊ ။သတ္တာနံပါကတိကဟတ္ထေန (လူသတ္တဝါတို့၏ ရိုးရိုးအတောင်အားဖြင့်၊) ဆဟတ္ထော မဇ္ဈိမပုရိသော (အလယ်အလတ် ပမာဏရှိသော ယောကျ်ားသည် ခြောက်တောင်ရှိ၏၊) တတော တိဂုဏံ ဘဂဝတော သရီရပ္ပမာဏံ (မြတ်စွာဘုရား၏ အရပ်တော်ပမာဏသည် ထို့ထက် သုံးဆတက်၏၊) ဣတိ ဘဂဝါ အဋ္ဌာရသဟတ္ထောတိ ဝဒန္တိ၊ ဤနည်းအားဖြင့် မြတ်စွာဘုရားသည် "ဆယ့်ရှစ်တောင်ရှိ၏"ဟု ဆိုကြသည်၊ အပရေ ပန ဘဏန္တိ "မနုဿာနံ ပါကတိကဟတ္ထေန စတုဟတ္ထော မဇ္ဈိမပုရိသော၊ တတော တိဂုဏံ ဘဂဝတော သရီရပ္ပမာဏန္တိ ဘဂဝါ ဒ္ဝါဒသဟတ္ထော ဥပါဒိန္နကရူပမမ္မဝသေန၊ သမန္တာတော ပန ဗျာမမတ္တံ ဗျာမပ္ပဘာဖရတိ (ပတ်ဝန်းကျင်၌ တလံမျှလောက်သော ကိုယ်ရောင်ပြန့်၏၊) ဣတိ ဥပရိ ဆဟတ္ထံ အဇ္ဈာဟရတော၊ ဗဟလတရပ္ပဘာရူပေန (သာ၍အားရှိသော အရောင်၏ အဆင်းနှင့်၊) သဒ္ဓိံ အဋ္ဌာရသ ဟတ္ထောဟောတိ၊" ဣတိ (ဘဏန္တိ)၊ "တတော တိဂုဏံ" ကို ကြည့်၍ "ရှင်စောတထာ, မဇ္ဈိမသုံးထွာ" ဟု ပြောရိုးပြုကြသည်၊ စဉ်းစားကြပါလေ၊ မိမိ၏အယူကို ရတနာဂုဏ်ရည် ဘဂဝါဂုဏ်တော်ဖွင့်၌ ပြခဲ့ပြီ။

ကုလဝေမတ္တံနာမ-ကို၊ (ဧဝံ ဝေဒိတဗ္ဗံ၊) ကေစိ-တို့သည်၊ ခတ္တိယကုလေ-၌၊ နိဗ္ဗတ္တန္တိ-ကုန်၏၊ကေစိ-တို့သည်၊ ဗြာဟ္မဏကုလေ-၌၊ (နိဗ္ဗတ္တန္တိ၊) ပဓာန ဝေမတ္တံနာမ-ကို၊ (ဧဝံ ဝေဒိတဗ္ဗံ၊) ကေသဉ္စိ-အချို့သော ဘုရားရှင်တို့၏၊ ပဓာန်-ကမ္မဋ္ဌာန်းအားထုတ်ရာကာလသည်၊ (ဒုက္ကရစရိယ အကျင့်ကိုပြုကျင့်ရာ ကာလသည်၊)[ပဓာန် ဒုက္ကရကိရိယာ၊-ဌီကာ။] ဣတ္တရကာလမေဝ-တို့သော ကာလရှိသည်သာ၊ ဟောတိ-၏၊ (ကိမိဝ-အဘယ်ကဲ့သို့နည်း၊) ကဿပဿ-သော၊ ဘဂဝတော-၏၊ (ပဓာန်-သည်၊) ဣတ္တရကာလမေဝ-သာ၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့တည်း၊ ကေသဉ္စိ-တို့၏၊ (ပဓာန်-သည်၊) အဒ္ဓနိယ်-ရှည် သောကာလရှိသည်၊ (ဟောတိ-၏၊)(ကိမိဝ၊) အမှာကံ-တို့၏၊ ဘဂဝတော-၏၊ (ပဓာန်-သည်၊ အဒ္ဓနိယ်-သည်၊ ဟောတိယထာ-သို့တည်း။)

ရသ္မိ ဝေမတ္တံနာမ-ကို။ (ဧဝံဝေဒိတဗ္ဗံ၊) မင်္ဂလဿ-သော၊ ဘဂဝတော်-၏၊ သရီရ ရသ္မိ-ကိုယ်တော်အရောင်သည်၊ ဒသသဟဿိ လောကဓာတုပ္ပမာ ဏာ- တသောင်း အတိုင်းအရှည်ရှိသော လောကဓာတ် ပမာဏရှိသည်၊ အဟောသိ-ပြီ၊ အမှာကံ-တို့၏၊ ဘဂဝတော-၏၊ (သရီရ ရသ္မိ- သည်၊) သမန္တာ- ပတ်ဝန်းကျင်၌၊ ဗျာမမတ္တာ-တလံမျှ အတိုင်းအရှည် ရှိသည်၊ (အဟောသိ၊) တတြ-ထိုဝေမတ္တတို့တွင်၊ ရသ္မိဝေမတ္တံ-ကိုယ်ရောင်တော်၏ အတိုင်းအရှည်သည်၊ အဗ္ဘာသယပ္ပဋိဗဒ္ဓံ - အဗ္ဘာသယဘောဂ်နှင့်စပ်၏၊ ယော- အကြင်ဘုရားရှင်သည်၊ ယတ္ထကံ-အကြင်မျှ အတိုင်းအရှည်ရှိသော အရပ်ကို၊ (ဖရိတုံ- ဖြန့်တော်မူခြင်းငှါ၊) ဣစ္ဆတိ-မူ၏၊ တဿ-ထိုဘုရားရှင်၏၊ တတ္တကံ-ထိုမျှ အတိုင်းအရှည်ရှိသော အရပ်ကို၊ သရီရပ္ပဘာ-သည်၊ ဖရတိ-ဖြန့်နှံ့၏၊ ပန်-ကား၊ မင်္ဂလဿ-၏၊ နိစ္စမ်-အမြဲလည်း၊ ဒသသဟဿိလောကဓာတုံ-ကို၊ ဖရတု - ဖြန့်စေသတည်း၊ ဣတိ-သို့၊ အဗ္ဘာသယော-အဗ္ဘာသယတော်သည်၊ အဟောသိ-ပြီ၊ ပန-ကား၊ ပဋိဝိဒ္ဓဂုဏော သု-ထိုးထွင်း၍ သိတော်မူအပ်သော သဗ္ဗညုတာဇသော့ ဂုဏ်တော်တို့၌၊ ကဿစိ-မည်သည့် ဘုရားရှင်၏မျှ၊ ဝေမတ္တံ နာမ-မတူထူးခြား ကဲ့ပြားသော အတိုင်းအရှည်မည်သည်၊ နတ္ထိ-မရှိ။

အပရံ-ဆိုအပ်ပြီးသော ပရိစ္ဆေဒ ဝေမတ္တတို့မှ တပါးသော၊ အမှာကံ ယော၀-ငါတို့၏ပင်၊ ဘဂဝတော-၏၊ သဟဇာတ ပရိစ္ဆေဒဥ္စ-တကွ ဖြစ်ဖက် တို့၏ အပိုင်းအခြားကိုလည်းကောင်း၊ နက္ခတ္တပရိစ္ဆေဒဥ္စ-နက္ခတ်တို့၏ အပိုင်း အခြားကိုလည်းကောင်း၊ဒီပေသုံ-ပြကြကုန်ပြီ၊ ကိရ-ခဲ့၊ သဗ္ဗညုဗောဓိသတ္တော်-သဗ္ဗညုဘုရားအလောင်းတော်နှင့်၊ သဒ္ဓိံ-တကွ၊ ရာဟုလမာတာ-ရာဟုလမယ် တော်လည်းကောင်း၊အာနန္ဒတ္ထေရော-လည်းကောင်၊ဆန္နော-ဆန္နအမတ်လည်း

ကောင်း၊ ကဏ္ဍတော-ကဏ္ဍကမြင်းလည်းကောင်း၊ နိဓိကုမ္ဘော-ရွှေအိုးကြီးလေးလုံးလည်းကောင်း၊ မဟာဗောဓိ-မဟာဗောဓိပင်လည်းကောင်း၊ ကာဋ္ဌဒါယီ-ကာဋ္ဌဒါယီအမတ်လည်းကောင်း၊ ဣတိ-ဤသို့၊ ဣမာနိသတ္တာ-ဤ ခုနစ်ပါးတို့သည်၊သဟဇာတာနိ-တကွဖြစ်ဖက်တို့သည်၊ (ဟောန္တိ၊) [အာနန္ဒာထေရ်၏ နေရာ၌ ကေဂုံတ္တရအဋ္ဌကထာ ကဋ္ဌဒါယိတ္ထရဝတ္ထုဝယ် "စိးတော်ဆင်" ဟု ရှိ၏။]

စ-ဆက်၊ မဟာပုရိသော- ယောကျ်ားမြတ်ဖြစ်သော ဘုရားအလောင်းသည်၊ ဥတ္တရာသာဠှနက္ခတ္တေနေဝ-ဥတ္တရာသာဠှနက္ခတ်ဖြင့်သာ၊ မာတုကုစ္ဆိံ-မယ်တော်၏ဝမ်းသို့၊ သြက္ကမိ- သက်ရောက်တော်မူပြီ၊ မဟာဘိနိက္ခမနံ- မြတ်သောတော်ထွက်တော်မူခြင်းကို၊ (တနည်း) မဟာဘိနိက္ခမနံ- မြတ်သောရှေးရှုထွက်တော်မူရာတော်သို့၊ နိက္ခမိ-ပြီ၊ ဓမ္မစက္ကံ-ဓမ္မစကြာကို၊ ပဝတ္တေသိ-လည်စေတော်မူပြီ၊ ယမကပါဋိဟာရိယံ- ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို၊ အကာသိ-ပြီ၊ဝိသာခါနက္ခတ္တေန-ဝိသာခါနက္ခတ်ဖြင့်၊ ဇာတော စ-ဖွားမြင်တော်မူသည် လည်းကောင်း၊ အဘိသမ္ဗုဒ္ဓေါစ - သစ္စာ ၄ ပါးတရားကို ထိုးထွင်းသိတော်မူသည်လည်းကောင်း၊ ပရိနိဗ္ဗုတော စ- ပရိနိဗ္ဗာန်စံတော်မူသည် လည်းကောင်း၊(အဟောသိ-ပြီ၊)မာဃနက္ခတ္တေန-မာဃနက္ခတ်ဖြင့်၊အဏ္ဍ-ထိုမြတ်စွာဘုရား၏၊ သာဝကသန္နိပါတော စ-သာဝကတို့၏ အစည်းအဝေးသည် လည်းကောင်း၊အာယုံသင်္ခါရောဿဇ္ဇနဉ္စ-အာယုသင်္ခါရကိုလွှတ်တော်မူခြင်းသည်လည်းကောင်း၊ အဟောသိ - ပြီ၊ အာဿယုဇနက္ခတ္တေန - အာဿယုဇနက္ခတ်ဖြင့်၊ ဒေဝေါရောဟနံ-နတ်ပြည်မှသက်ဆင်းတော်မူခြင်းသည်၊ (အဟောသိ၊) ဣတိ-ဤသို့၊ တေတေကံ-ဤမျှအတိုင်းအရှည်ရှိသောစကားကို၊ အာဟရိတ္ဝာ- ဆောင်၍၊ ဒီပေတဗ္ဗံ-ပြထိုက်၏။ အယံ-ကား၊ သမ္မဟုလပရိစ္ဆေဒေါနာမ - မည်၏။ [ပါဠိတော်၌မပါသော်လည်း ဆောင်၍ပြထိုက်သည်ဟူလို။]

၁၃။ ဣဒါနိ - ကပ္ပပရိစ္ဆေဒစသော ကိုးပါးသောပရိစ္ဆေဒတို့ကိုပြပြီးရာယခုအခါ၌၊ အထခေါ တေသံဘိက္ခူနန္တိအာဒီသု-အစရှိသော ပါဠိရပ်တို့၌၊

ဇာတော စ။ ။ဇာတောစာတိ စသဒ္ဒေန ကတမဟာဘိနိဟာရောစာတိ အယမ္ပိ အတ္ထော သင်္ဂဟိတောတိ ဒဋ္ဌဗ္ဗော၊ ဝုတ္တဉ္ဧတံ ဗုဒ္ဓဝံသေ-

"တာရာဂဏာဝိရောစန္တိ-နက္ခတ္တာ ဂဂနမဏ္ဍလေ၊
ဝိသာခါ စန္ဒိမာယုတ္တာ-ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ" တိ။

တေနေဝစ သမ္မဗုဒ္ဓါနံ ဝိသာခါနက္ခတ္တေနေဝ မဟာဘိနိဟာရော ဟောတိ" တိစ ဝဒန္တိ၊-ဋီကာ။

(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊တေဘိက္ခူ-ထို့သည်(အာဟံသုဠ္ဒစပ်)၊အာဝုသော-တို့၊ စုတိတော-စုတိမှ၊ ပဋ္ဌာယ-စ၍၊ ယဒိဒံ(ယံဣဒံ)ပဋိသန္ဓိအာရောဟနံ-အကြောင်ဉာဏ်အားဖြင့် ပဋိသန္ဓေသို့တက်ခြင်းသည်၊ (အတ္ထိ၊) အယံ-ဤစုတိမှစ၍ ဉာဏ်အားဖြင့် ပဋိသန္ဓေသို့ တက်ခြင်းသည်၊ ပုဗ္ဗေနိဝါသဿနာမ-ပုဗ္ဗေနိဝါသဉာဏ်မည်သည်၏၊ ဂတိ-ဖြစ်ပုံတည်း၊ ဝါ-ဖြစ်ရိုး ထုံးစံတည်း၊ ပန-ကား၊ ပဋိသန္ဓိတော-မှ၊ ပဋ္ဌာယ-၍၊ ပစ္ဆာမုခံ-နောက်သို့ရှေးရှု၊ ဉာဏံ-ဉာဏ်တော်ကို၊ ပေသေတွာ-စေလွှတ်၍၊ ယံဣဒံစုတိဂန္ဓဗ္ဗံ-အကြောင်ဉာဏဂတိအားဖြင့်၊ စုတိသို့သွားခြင်းသည်၊ (အတ္ထိ၊) ဣဒံ-ဤ ပဋိသန္ဓေမှစ၍ ဉာဏဂတိအားဖြင့် နောက်သို့ ရှေးရှု စုတိသို့ သွားခြင်းသည်၊ အတိဂရုကံ-အလွန်ဝန်လေး၏၊ [ဝန်လေးပုံကို ပြလိုရှိ အာကာသေ စသည်ကိုမိန့်။] အာကာသေ-ခြေရာမထင် ကောင်းကင်ပြင်၌၊ ပဒံ-ခြေတော်ရာကို၊ ဒဿန္တော ဝိယ-ပြသကဲ့သို့၊ ဘဂဝါ-သည်၊ ကထေသိ-ပြီ၊ ဣတိ-သို့၊အတီဝိမှယဇာတာ-ဖြစ်သောလွန်စွာအံ့ဩခြင်း ရှိကုန်သည်၊ ဟုတ္ဝာ-၍၊ ဝါ-ကြောင့်၊ အစ္ဆရိယံ အာဝုသောတိ အာဒီနိ-အစရှိသော စကားတို့ကို၊ ဝတ္ဝာ-ပြောဆိုပြီး၍၊ ပုန-တဖန်၊ အပရမ်ပိ-နောက်ပြန် ဉာဏ်ကိုစေလွှတ်နိုင်ခြင်း တည်းဟူသော အကြောင်းမှတပါးလည်းဖြစ်သော၊ ကာရဏံ-အကြောင်းကို၊ ဒဿန္တော-

---

အယံဂတိ၊ပ၊အာရောဟနံ။ ။ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ''သော တတော စုတော အမုတြ ဥဒပါဒိ''စသည်နှင့်အညီ ရှောဘဝစုတိကို အောက်မေ့ပြီးမှ တဆက်တည်းလာသော နောက်ဘဝပဋိသန္ဓေသို့တက်၍ အောက်မေ့လေ့ရှိ၏၊ ထို့ကြောင့် ''စုတိတော ပဋ္ဌာယ ပဋိသန္ဓိအာရောဟနံ''ဟုဆို၏၊ ''ထိုသို့ အောက်မေ့နည်းသည် လွယ်ကူ၍ အများထုံးစံဖြစ်သောကြောင့် အံ့သြဖွယ်မရှိသေးပါ''ဟု ဆိုလိုသည်။

ယံပနဣဒံ၊ပ၊စုတိဂန္ဓဗ္ဗံ။ ။ဗုဒ္ဓမြတ်စွာ၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကား ''ဝိပဿီမြတ်စွာဘုရားသည် ကိုးဆယ့်တကမ္ဘာထက်၌ မည်သည့်အမျိုးဝယ် ဖြစ်တော်မူပြီ''ဟု ပဋိသန္ဓေကို စတည်ပြီးလျှင် ဉာဏ်တော်ကို တဘဝလုံးအတွက် နောက်ပြန်စေလွှတ်တော်မူ၍ စုတိ-ဘိုင်အောင် သိစေတော်မူ၏၊ ဤသို့ နောက်ပြန်သွား၍ အောက်မေ့တော်မူခြင်းသည် ရိုးရာမဟုတ်, လွယ်ကူသောအလုပ်လည်း မဟုတ်ရကား အံ့သြဖွယ် ကောင်းပါပေသည်၊ ခြေရာမထင်နိုင်သော ကောင်းကင်ပြင်၌ ခြေတော်ရာကို ပြသကဲ့သို့ ဖြစ်ပါပေသည်။

စုတိဂန္ဓဗ္ဗံ။ ။ဤပုဒ်သည် ဝါကျမဟုတ် သမာသ်ပုဒ်တည်း၊ ယံဇဒံကို ဤစုတိဂန္ဓဗ္ဗံ၌ စပ်ရသည်၊ ဂန္ဓဗ္ဗံအရ ဂမနကြိယာသည် ဤနေရာ၌ ဉာဏဂတိဖြင့် သွားခြင်းအနက်တည်း၊ ထိုသို့ ဉာဏဂတိဖြင့် သွားခြင်းအနက်ကို''သိခြင်း''ဟု အဓိပ္ပါယ်ယူရသည်၊ တဗ္ဗပစ္စည်းလည်း ဘောအနက်ဟောတည်း၊ [စုတိဂန္ဓဗ္ဗန္တိ – ယံ ဇဒံ စုတိယာ(သို့) ဉာဏဂတိယာ ဂန္ဓဗ္ဗံ၊ တံ ဂမနံ, ဇာနနန္တိအတ္ထော၊-ဋီကာ။]

ပြလိုကုန်သည်၊ (ဟုတ္ဟာ-၍၊ ဝါ-ကြောင့်၊) ယတြဟိနာမ တထာဂတောတိ အာဒိ-ကို၊ အာဟံသု-ပြောဆိုကြကုန်ပြီ၊ [ဒဿေန္တာရှိလျှင် သာ၍ ဗဟုဝုစ်ထင်ရှား၏။] တတ္ထ-ထို ယတြဟိနာမ တထာဂတော အစရှိသောပါဋိရပ်၌၊ ယတြဟိနာမာတိ-ယတြဟိနာမဟူသော ပုဒ်အပေါင်းသည်၊ အစ္ဆရိယတ္ထေ-အစ္ဆရိယအနက်၌၊ (ပဝတ္တော၊) နိပါတော-နိပါတ်တည်း၊ ယော တထာဂတော-သည်၊ (အနုဿရိဿတိ)နာမ-အောက်မေ့တော်မူနိုင်ပါပေ၏၊ ဣတိ အတ္ထော-နက်။

ဆိန္နပပဉ္ဇေတိတ္ထေ-၌၊ ပပဉ္ဇာနာမ-ပပဉ္ဇတို့ မည်သည်၊ တဏှာ-တဏှာ လည်းကောင်း၊ မာနော-လည်းကောင်း၊ ဒိဋ္ဌိ-လည်းကောင်း၊ ဣတိ-သို့၊ ဣမေ တယော-ဤ သုံးပါးကုန်သော၊ ကိလေသာ - ကိလေသာတို့တည်း၊ ဆိန္နဝဋ္ဌုမေတိတ္ထေ-၌၊ ကုသလာကုသလကမ္မဝဋ္ဌံ-ကုသိုလ်အကုသိုလ်ဟူသော

အပရမ္ပိကာရဏံ။ ။ပြအပ်ခဲ့သော အံ့သြဖွယ်ဖြစ်ခြင်း၏ အကြောင်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို နောက်ပြန်သွားစေနိုင်ခြင်းတည်း၊ ယခုအခါ ထိုဉာဏ်တော်ဖြင့် အောက်မေ့ရာဝယ် အခြားတမျိုးသော အံ့သြဖွယ်ဖြစ်ခြင်း၏ အကြောင်းကို လည်းပြလိုသောကြောင့်"ယတြဟိ နာမ တထာဂတော"စသည်ကို ပါဋိတော်၌ မိန့်တော်မူသည်၊ [အပရမ္ပိ ကာရဏန္တိ-ဆိန္နဝဋ္ဌုမာနုဿရဏံ ပစ္ဆာမုခံ (နောက်သို့ရှေးရှု၊ ဝါ-နောက်ပြန်၊) ဉာဏပေသနတော အပရံ အစ္ဆရိယဇ္ဘုတကာရဏံ၊ ယတြာတိ ပစ္စတ္တတ္ထေ၊ နာမာတိ အစ္ဆရိယတ္ထေ နိပါတော၊ဟိသဒ္ဒေါ အနတ္ထကော၊ တေနာဟ-ယောနာမ တထာဂတောတိ၊-ဋီကာ။]

နာမယှဉ်ရာ။ ။ဤသို့ နာမသဒ္ဒါရှိရာဝယ် ကြိယာကို အနာဂတ်ဝိဘတ်ဖြင့် သုံးစွဲလေ့ရှိ၏၊အနက်ကိုကား အတိတ်အနက်ကို သုံးစွဲရ၏၊ နာမကိုလည်း ကြိယာနှင့်တွဲ၍ အနက်ပေးရ၏၊ဤ အဓိပ္ပါယ်ကိုရည်ရွယ်၍"နာမေ ဂရဟာ ဝိမှယေသု"မောဂ္ဂလ္လာန် အာချာတ်၌ သုတ်တည်သည်၊ "နာမသဒ္ဒေ နိပါတေ သတိ ဂရဟာယံ ဝိမှယေစ ဂမျမာနေ ဿတျာဒယော ဟောန္တိ"ဟု ဝုတ္တိဖွင့်သည်၊ပုံစံကိုလည်း ထိုသုတ်၌ရှုပါ။

ဆိန္နပပဉ္ဇာ။ ။ပပဉ္ဇေန္တိ+သတ္တသန္တာနံ သံသာရေ ဝိတ္ထာရေန္တီတိ ပပဉ္ဇာ၊ပ+ပစိ=ဝိတ္ထာရေ၊ အပစ္စည်း (သံသရာ၌ သတ္တဝါအစဉ်ကို ချဲထွင်တတ်သောတရားတို့)၊ ဆိန္နာ+ပပဉ္ဇာ+ယေဟိတိ ဆိန္နပပဉ္ဇာ၊ (ဖြတ်အပ်ပြီးသော ပပဉ္ဇတရားရှိတော်မူသော ဘုရားရှင်တို့၊ ဝါ-သံသရာ၌ သတ္တဝါအစဉ်ကိုချဲထွင်တတ်သော တဏှာ,မာန,ဒိဋ္ဌိတို့ကို ဖြတ်တော်မူပြီးသော ဘုရားရှင်တို့)။

ချဲဦးအံ့- ရုပ်နာမ်ခန္ဓာကို ဒိဋ္ဌိသည် အတ္တဟု မှတ်ထင်နေ၏၊ မာနသည် အဟံ-အဟံ (ငါ-ငါ)ဟု မှတ်ထင်နေ၏၊ ထို အတ္တ ထို ငါဟုထင်မှတ်သည်အားလျော်စွာ

ကမ္မဝဋ္ဌကို၊ ဝဋ္ဌုမန္တိ-ဟူ၍၊ ဝုစ္စတိ-အပ်၏၊[ကမ္မဝဋ္ဌံဝုစ္စတီတိကိလေသဝဋ္ဌဿ ပပဉ္စဂ္ဂဟဏေန, ဝိပါကဝဋ္ဌဿဒုက္ခဂ္ဂဟဏေန ဂဟိတတ္တာ၊-ဋီကာ။] ပရိယာ ဒိန္နဝဋ္ဌေတိ-ဟူသောသဒ္ဒါသည်၊ တဿေဝ-ဆိန္နဝဋ္ဌုမေသဒ္ဒါ၏ပင်၊ ဝေဝစနံ-တခုတည်းသောအနက်၌ပင် အထူးထူးဖြစ်သောသဒ္ဒါတည်း၊ ဝါ-ဝေဝုစ်ပရိ ယာယ်စကားလှည်တည်း၊ ပရိယာဒိန္နသဗ္ဗကမ္မဝဋ္ဌေ-ထက်ဝန်းကျင် ယူအပ် ပြီးသော[၁] အလုံးစုံသောကမ္မဝဋ္ဌ ရှိတော်မူကြကုန်သော၊ ဣတိအတ္ထော-နက်၊ [ပရိယာဒိန္နဝဋ္ဌေတိ သဗ္ဗသော ခေပိတဝဋ္ဌေ၊-ဋီကာ။ ပရိယာဒိန္နကို ခေပိတဟု အဓိပ္ပါယတ္ထဖွင့်သည်၊ သဒ္ဒတ္ထမှာ-ပရိ-ထက်ဝန်းကျင်၊ ဝါ-အကုန်အစင်+ အာဒိန္န-ယူအပ်''တည်း။] သဗ္ဗဒုက္ခဝီတိဝတ္တေတိ-ကား၊ သဗ္ဗံ-သော၊ဝိပါက ဝဋ္ဌသခ်ါတံ-ဝိပါကဝဋ္ဌဟု ဆိုအပ်သော၊ ဒုက္ခံ-ကို၊ ဝီတိဝတ္တေ-လွန်တော်မူ ပြီးကုန်သော၊ အနုဿရိဿတီတိ ဣဒံ-ဟူသော ဤသဒ္ဒါသည်၊ ယတြာတိ နိပါတဝသေန-ယတြဟူသော နိပါတ်၏အစွမ်းဖြင့်၊ ဝါ-စပ်သဖြင့်၊ အနာ ဂဏဝစနံ-အနာဂတ်ဝိဘတ် ရှိသောသဒ္ဒါတည်း၊ ပန-ထိုသို့ပင် အနာဂတ် ဝိဘတ်ရှိပါသော်လည်း၊ ဧတ္ထ-ဤ အနုဿရိဿတိ ဟူသောပါဋ္ဌ၌၊ အတ္ထော-အနက်ကို၊ အတီတဝသေန-တတိတ်၏အစွမ်းဖြင့်၊ ဝါ-အတိတ်၏အဖြစ်ဖြင့်၊ ဝေဒိတဗ္ဗော-၏၊ ဟိ-မှန်၏၊ ဘဂဝါ-သည်၊ တေဗုဒ္ဓေ-တို့ကို၊ အနုဿရိ-အောက်မေ့တော်မူပြီ၊ ဣဒါနိ-ယခုအခါ၌၊ ဝါ-ယခုမှ၊ နု အနုဿရိဿတိ-အောက်မေ့တော်မူလတ္တံ့မဟုတ်။

ဧဝံသီလာတိ-ကား၊မဂ္ဂသီလေန-မဂ်သီလ အားဖြင့်လည်းကောင်း၊ ဖလသီ လေန-ဖိုလ်သီလ အားဖြင့်လည်းကောင်း၊ လောကိယလောကုတ္တရသီလေန-လောကီ လောကုတ္တရာ သီလအားဖြင့်လည်းကောင်း၊ ဧဝံသီလာ-ဤသို့ သီလ

တဏ္ဍာသည် ထိုအတ္တ ထိုငါနှင့် အတ္တ၏ဥစ္စာဟူသမျှကို မခွဲနိုင်အောင် အမြဲစွဲလမ်း နေ၏၊ ထို့ကြောင့် ဘုရားတရားတော်ကို မသိ-မရှုလျှင် သံသရာမှလွတ်ခွင့်မရှိတော့။

ဒိဋ္ဌိပ္ပပဋ္ဌိတာ သတ္တာ,အတ္တာ အတ္တာတိ ဂဏ္ဍရေ၊
မာနေနာဟ မဟံ မညာ, တံတံ တဏ္ဍာယ ဂါဟကာ။

ဧဝံသီလာတိ။ ။''မဂ္ဂသီလေန ဖလသီလေနာ''တိ ဝတ္ဌာ တယိဒံ မဂ္ဂဖလ သီလံ လောကိယသီလပုဗ္ဗကံ၊ (လောကီသီလလျှင် ရှေ့သွားရှိ၏၊) ဗုဒ္ဓါနဉ္စ လောကိယ သီလမ္ပိ လောကုတ္တရသီလံဝိယ အနညသာဓာရဏမေဝ၊ (အခြားသူတို့နှင့် မဆက် ဆံသည်သာလျှင်၊) ဟောတိ၊ဣတိ ဒဿေတုံ''လောကိယ လောကုတ္တရသီလေနာ''တိ ဝုတ္တံ၊-ဋီကာ။ ထို သီလေနပုဒ်တို့ကို ဧဝံသီလာ၏ သရုပ်ပြဖြစ်သောကြောင့် သရူပက္ခ္ပာ ဝိသေသန အဖြစ်ဖြင့် စပ်ပါ။

ရှိတော်မူကြကုန်သည်၊ (အဟေသုံ-ကုန်ပြီ၊) ဧဝံမမာတိတ္ထေ—၌၊ သမာဓိ ပက္ခာ-သမာဓိ, သမာဓိအဖို့၌ပါဝင်ကုန်သော၊ မမာ-တို့ကို၊ အဓိပ္ပေတာ-ကုန်၏၊ မဂ္ဂသမာဓိနာ-မဂ်သမာဓိ အားဖြင့်လည်းကောင်း၊ ဖလသမာဓိနာ-အားဖြင့်လည်းကောင်း၊ လောကိယလောကုတ္တရသမာဓိနာ- အားဖြင့်လည်း ကောင်း၊ ဧဝံသမာဓယော-ဤသို့ သမာဓိရှိတော်မူကြကုန်သည်၊(အဟေသုံ၊) ဣတိအတ္ထော-နက်၊ ဧဝံပညာတိ-ကား၊ မဂ္ဂပညာဒိဝသေနဝ-မဂ်ပညာအစ ရှိသည်တို့၏ အစွမ်းဖြင့်ပင်၊ ဧဝံပညာ-ဤသို့ ပညာရှိတော်မူကြကုန်သည်၊ (အဟေသုံ)။

ပန-ကား၊ ဧဝံဝိဟာရိတိတ္ထေ-ပါဠ်၌၊ ဟေဋ္ဌာ-အောက်ဖြစ်သော ဧဝံမမာ ဟူသောပါဠ်၌၊ သမာဓိပက္ခာနံ-သမာဓိ, သမာဓိအဖို့၌ ပါဝင်ကုန်သော၊ မမာနံ—တို့၏၊ ဝါ-တို့ကို၊ ဂဟိတတ္တာ—ယူအပ်ကုန်ပြီး၏ အဖြစ်ကြောင့်၊ ဝိဟာရော- နေကြောင်း သမာပတ်ကို၊ ဂဟိတောဝ-ယူအပ်ပြီးသည်သာ၊ (အထ—ထို့သို့ ယူအပ်ပြီး ဖြစ်ပါလျက်၊)ပုန-တဖန်၊ ကသ္မာ-ကြောင့်၊ ဂဟိတ မေဝ-ယူအပ်ပြီးသော ဝိဟာရကိုပင်၊ ဂဏှာတိ-ယူသနည်း၊ ဣတိစေ-ဤသို့ မေးအံ့၊ ဣဒံ-ဤဝိဟာရသည်၊ ဝါ-ကို၊ ဂဟိတမေဝ-ယူအပ်ပြီးသည်ပင်၊ န-မဟုတ်၊ ဟိ-မှန်၏၊ ဣဒံ-ဤ ဧဝံဝိဟာရီ ဟူသောပုဒ်ကို၊ နိရောဓသမာပတ္တိ ဒီပနတ္ထံ-နိရောဓသမာပတ်ကို ပြခြင်းအကျိုးငှါ၊ (ဘိက္ခူဟိ-တို့သည်၊) ဝုတ္တံ-ဆိုအပ်ပြီ၊ တသ္မာ-ကြောင့်၊ ဝါ-ထို့သို့ နိရောဓသမာပတ်ကို ပြခြင်းအကျိုးငှါ ဆိုအပ်သည်၏အဖြစ်ကြောင့်၊တေဘဂဝန္တော-ထိုဘုရားရှင်တို့သည်၊ဧဝံ နိရောဓ သမာပတ္တိ ဝိဟာရီ-ဤသို့ နိရောဓသမာပတ်ဟူသော နေကြောင်းရှိကုန်သည်၊ ဝါ-နိရောဓသမာပတ်ဖြင့် နေခြင်းရှိကုန်သည်၊ အဟေသုံ-ကုန်ပြီ၊ ဣတိပေ-

---

သမာဓိပက္ခာ။ ။သမာဓိစ (သမာဓိလည်း၊) သမာဓိပက္ခာစ-(သမာဓိ၏ အဖို့၌ ပါဝင်သော ဝိရိယ, သတိ အစရှိသောတရားတို့လည်း၊) သမာဓိပက္ခာ (သမာဓိ, သမာဓိ၏အဖို့၌ ပါဝင်သောတရားတို့၊) ကေဒေသ သရူပေကဒေသော ဒဋ္ဌမ္မော—သမာဓိပက္ခမှ သမာဓိတစိတ်၏ ရှေးသမာဓိနှင့် တူသောကြောင့် "ကေဒေသ သရူပေကဒေသ" (တစိတ်အားဖြင့် သုတိတူသောသဒ္ဒါ) ဟု မှတ်ပါ၊ [တေနာဟ မဂ္ဂသမာဓိ နာတိ အာဒိ၊—ဋီကာ။]

ဧတ္ထပန ၊ပ၊ ဂဏှာတိ။ ။ဝိဟာရဟူသည် နေကြောင်းဖြစ်သော ဈာန်သမာပတ် ရှစ်ပါးနှင့် နိရောဓ သမာပတ်တည်း၊ ထိုတွင် ဈာန်သမာပတ်ကို ဧဝံမမာအရ၌ ယူအပ်ပြီးဖြစ်၏၊ ထို့ကြောင့် "ဟေဋ္ဌာဂဟိတောဝ" ဟု ဆိုပြီးလျှင် ထို ဈာန် သမာပတ်ကို အဘယ့်ကြောင့်ထပ်၍ ယူအပ်သနည်းဟု မေးသည်။

ဤသို့၊ အတ္ထော-ကို၊ ဒဋ္ဌဗ္ဗော-၏၊ [ဧဝံဝိဟာရီတိ ဧတ္ထဋ္ဌ ဧတ္ထ ဣည် အတ္ထော ဒဋ္ဌဗ္ဗောဝယ် စပ်ရမည်ဖြစ်သောကြောင့် ဧဝမေတ္ထဋ္ဌ "တ္ထပိုသည်" ဟု ဆရာတို့ပြောရိုးရှိကြသည်။]

(တနည်း) ဣဒံ- ဤဝိဟာရသည်၊ ဝါ- ကို၊ ဂဟိတမေဝ- သည်ပင်၊ န-မဟုတ်၊ (ကသ္မာ-ကြောင့်၊) ဣဒံ-သည်၊ ဝါ-ကို၊ ဂဟိတမေဝ-သည်ပင်၊ န- သနည်း၊ ဟိ(ယသ္မာ) - အကြောင့်ကြောင့်။ ဣဒံ- ဤ ဧဝံဝိဟာရီဟူသောပုဒ်ကို၊ နိရောဓသမာပတ္တိဒီပနတ္ထံ-ငှါ၊(ဘိက္ခူဟိ)၊ဝုတ္တံ-ပြီ၊ (တသ္မာ-ကြောင့်၊ ဝါ-ထိုသို့ နိရောဓသမာပတ်ကို ပြခြင်းအကျိုးငှါ ဆိုအပ်ပြီး၏ အဖြစ်ကြောင့်၊) ဣဒံ-သည်၊ ဝါ-ကို၊ ဂဟိတမေဝ-သည်ပင်၊ န-မဟုတ်၊ တသ္မာ-ကြောင့်၊ ဝါ-ထိုသို့ ဝိဟာရကို ယူအပ်ပြီးမဟုတ်သည်၏ အဖြစ်ကြောင့်၊ တောဘဂဝန္တော-တို့သည်၊ ဧဝံနိရောဓသမာပတ္တိ ဝိဟာရီ-သည်၊ ဝါ-သည်၊ အဟေသုံ၊ ဣတိ ဧဝံ အတ္ထော ဒဋ္ဌဗ္ဗော။

ဧဝံဝိမုတ္တာတိတ္ထေ- ဋ္ဌ၊ (ဝိမုတ္တိ ပဉ္စဝိဓာဋ္ဌစပ်၊) ဝိက္ခမ္ဘနဝိမုတ္တိ-ဝိက္ခမ္ဘနဝိမုတ္တိလည်းကောင်း၊ တဒင်္ဂဝိမုတ္တိ-လည်းကောင်း၊ သမုစ္ဆေဒဝိမုတ္တိ-လည်းကောင်း၊ ပဋိပဿဒ္ဓိဝိမုတ္တိ-လည်းကောင်း၊ နိဿရဏဝိမုတ္တိ-လည်းကောင်း၊ ဣတိ-သို့၊ ဝိမုတ္တိ-ဝိမုတ္တိသည်၊ ပဉ္စဝိဓ-ငါးပါးအပြားရှိ၏၊ တတ္ထ-ထို ငါးပါးသော ဝိမုတ္တိတွင်၊ အဋ္ဌ-ကုန်သော၊ သမာပတ္တိယော- သမာပတ်တို့သည်၊ ("ဂစ္ဆန္တီ"ဋ္ဌစပ်၊)သယံ-မိမိဟူသော သမာပတ်သည်၊ ဝိက္ခမ္ဘိတေဟိ-ပယ်ခွါအပ်ပြီးကုန်သော၊ နိဝရဏာဒီဟိ-နိဝရဏ အစရှိသည်တို့မှ၊ ဝိမုတ္တတ္တာ-လွတ်

ဣဒဋ္ဌိ၊ ပ၊ ဝုတ္တံ။ ။နောက်ဋ္ဌတသ္မာရှိ၍ ရှေ့ဋ္ဌ ဤကဲ့သို့ ဟဲသဒ္ဒါတွေ့လျှင်၊ "တသ္မာရှေ့, ဟိတ်ဖိုလ်တွေ့, ပြားရှိရှိမှခံ"ဟု နိယာမ်ဆိုတော်မူကြ၏ သို့ဖြစ်၍ "နဣံ ဂဟိတမေဝ"ဟူသော ရှေ့ဝါကျကို ဖလဝါကျလုပ်ပြီးလျှင် ရှေ့ကိုလှည့်၍ စပ်ရ၏၊ တသ္မာဝါကျကိုကား "တသ္မာထို ဟိတ်၏ဖိုလ်, စွဲဆိုမြဲထုံးစံ" နှင့် အညီ "နဣံ ဂဟိတမေဝ" ဟူသောဖလဝါကျကိုစွဲရသည် သို့သော် လွယ်ကူအောင် ပထမနှုန်းကိုလည်း ပေးလိုက်ပါသည်။

နိဝရဏာဒီဟိ။ ။ပဌမစျာန်သည် နိဝရဏတို့မှလွတ်၏၊ နိဝရတို့နှင့်တကွ အတူပယ်ဖက်ဖြစ်သော ကိလေသာတို့မှလည်းလွတ်၏၊ ဒုတိယစျာန်သည် ဝိတက် ဝိစာရတို့မှလွတ်၏၊ တတိယစျာန်သည် ပီတိမှလွတ်၏၊ စတုတ္ထစျာန်သည် သုခမှ လွတ်၏၊ အရူပသမာပတ်တို့သည် ကသိဏ်းစသောရုပ်တို့မှလွတ်၏၊ ထို့ကြောင့် နိဝရဏာဒိဟိဋ္ဌ အာဒိဖြင့် ပယ်ဖက်ကိလေသာတို့နှင့်တကွ ဝိတက် ဝိစာရ စသည်တို့ကိုယူပါ၊ [နိဝရဏာဒိဟိတိ နိဝရဏေဟိစေဝ တဒေကဋ္ဌေဟိစ ပါပဓမ္မေဟိ, ဝိတက္ကဝိစာရာဒိဟိစ၊-ဋီကာ။]

သည်၏ အဖြစ်ကြောင့်။ ဝိကွမ္ဘန ဝိမုတ္တိတိ၊ ဟူ၍။ ဝါ၊ အတော်ကြာအောင် ခွါခြင်းအားဖြင့် လွတ်မြောက်သောတရားဟူ၍။ သင်္ချံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

အနိစ္စာနုပဿနာဒိကာ၊အနိစ္စအနုပဿနာအစရှိကုန်သော။ သတ္တ၊ ခုနစ်ပါး ကုန်သော။ အနုပဿနာ၊ အနုပဿနာတို့သည်။ [အနိစ္စာနုပဿနာ၊ ဒုက္ခ၊ အနတ္တ၊ နိဗ္ဗိဒ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂါနုပဿနာတို့တည်း၊ ပဋိသမ္ဘိဒါ မဂ္ဂပါဋိ မဟာဝဂ် ဉာဏကထာ သုတမယဉာဏနိဒ္ဒေသ။] သယံ၊ ကိုယ်တိုင်။ တဿ တဿ၊ထိုထို အနိစ္စအနုပဿနာ အစရှိသည်၏။ ပစ္စနီကင်္ဂဝသေန၊ ဆန့်ကျင်ဘက် အင်္ဂါတို့၏အစွမ်းဖြင့်။ ပရိစ္စတ္တာဟိ၊စွန့်အပ်ပြီးကုန်သော။ နိစ္စသညာဒီဟိ၊နိစ္စသညာ အစရှိသည်တို့သည်။ ဝါ၊တို့မှ။ ဝိမုတ္တတ္တာ၊ လွတ်အပ်ကုန်ပြီး၏ အဖြစ်ကြောင့်။ ဝါ၊လွတ်ကုန်ပြီး၏ အဖြစ်ကြောင့်။ တဒင်္ဂဝိမုတ္တိတိ၊ ဟူ၍။ သင်္ချံ၊ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ ကုန်၏။ စတ္တာရော၊ ၄ ပါးကုန်သော။ အရိယမဂ္ဂါ၊တို့သည်။ သယံ သမုစ္ဆိန္နေဟိ၊အကြွင်းမဲ့ ဖြတ်အပ်ပြီးကုန်သော။ ကိလေသေဟိ၊တို့သည်။ ဝါ၊ တို့မှ။ ဝိမုတ္တတ္တာ၊ကြောင့်။

ဝိမုတ္တတ္တာ။ ။နိဝရဏာဒီဟိကို "အပါဒါန်"ဟု ဆိုလျှင် ဝိမုတ္တဉ် တပစ္စည်းကို ကတ္တားအနက်ယူ၍ "ဝိမုစ္စိံသု၊ လွတ်ကုန်ပြီ။ဗုတိဝိမုတ္တာ"ဟုပြုပါ။ နိဝရဏာဒီဟိကို "လွှတ်တတ်သော ကတ္တား"ဟု ဆိုလျှင် ဝိမုတ္တဉ် တပစ္စည်းကို ကမ္မသာဓနကြီ၍"ဝိမုစ္စိံသု၊ လွှတ်အပ်ကုန်ပြီ။ ဗုတိ ဝိမုတ္တာ"ဟု ပြုပါ။ ဝိမုတ္တဿ ဘာဝေါ ဝိမုတ္တတ္တံ။

ဝိကွမ္ဘန ဝိမုတ္တိ။ ။ဝိကွမ္ဘနေန၊ အတော်ကြာကြာ ပယ်ခွါခြင်းအားဖြင့်။ဝိမုတ္တိ၊ နိဝရဏ စသည်တို့သည် လွှတ်အပ်သော သမာပတ်တည်း။ ဝါ၊နိဝရဏ စသည်တို့မှ လွတ်သော သမာပတ်တည်း။ ဝိကွမ္ဘနဝိမုတ္တိတည်း။ ["ဝိမုတ္တတ္တာ ဝိမုတ္တိတိ သင်္ချံ ဂစ္ဆန္တိ"တိ ဗုမိနာ ဝိမုတ္တိသဒ္ဒဿ ကမ္မသာဓနတံ အာဟ, အဋ္ဌသမာပတ္တိအာဒိဝိသယတ္တာ တဿ၊ (ထို ဝိမုတ္တိသဒ္ဒါ၏ရှစ်ပါးသောသမာပတ်ဟူသောဟောရာအနက်ရှိသည်၏အဖြစ်ကြောင့်တည်း။) ဝိမုတ္တတ္တာတိစ "ဝိကွမ္ဘနဝသေန ဝိမုတ္တတ္တာ"တိ အာဒိနာ ယောဇေတဗ္ဗံ။—ဋီကာ။] ဤ ဋီကာဉ် ဝိမုတ္တ-ဝိမုတ္တိတို့ဝယ် တ ပစ္စည်း တိ ပစ္စည်းကို ကံအနက်ဟုသာ ဖွင့်သော်လည်း ကတ္တားအနက်သာ ပေးလေ့ရှိကြသည်။ ထို့ကြောင့် ဝိမုတ္တာကို နှစ်နည်း ဝိဂ္ဂဟပြုလိုက်ပါသည်။ ဝိမုတ္တိဉ်လည်း ဤနည်းပင်။

တဒင်္ဂဝိမုတ္တိ။ ။တံတံ+အင်္ဂံ တဒင်္ဂံ (ထိုထို နိစ္စသညာ အစရှိသော အစိတ်အပိုင်း။) တဒင်္ဂေန+ဝိမုတ္တိ တဒင်္ဂဝိမုတ္တိ။ တဒင်္ဂေန၊ ထိုထို နိစ္စသညာ အစရှိသော အစိတ်အပိုင်းသည်။ဝိမုတ္တိ၊လွှတ်အပ်သော အနိစ္စသညာအစရှိသည်တည်း။တဒင်္ဂဝိမုတ္တိ၊ တည်း။ ဝိပဿနာဝိမုတ္တိဖြစ်သောကြောင့် ဝိကွမ္ဘနဝိမုတ္တိ၏ နောက်ဌထားသည်။ တဒင်္ဂ ပဟာန် အစရှိသော အစဉ်ဌကား ထိုထို သုသီလျအင်္ဂါကို ယူရသောကြောင့် ဝိကွမ္ဘန ဝိမုတ္တိပဟာန်၏ ရှေ့ဌထားသည်။

ဝါ၊ကြောင့်။ သမုစ္ဆေဒဝိမုတ္တိတိ၊ ဟူ၍။ သခ်ျံ၊ ဂစ္ဆန္တိ။ စတ္တာရိ၊ကုန်သော။ သာမညဖလာနိ၊သမဏ၏ ဖြစ်ကြောင်းဖိုလ်တို့သည်။ မဂ္ဂါနုဘာဝေန၊မဂ်၏ အာနုဘော်ကြောင့်။ကိလေသာနံ၊တို့၏။ပဋိပ္ပဿဒ္ဓန္တေ၊ ငြိမ်းအေးခြင်းဟူသော အဆုံး၌။ ဥပ္ပန္နတ္တာ၊ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။ ပဋိပ္ပဿဒ္ဓိဝိမုတ္တိတိ၊ဟူ၍။ သခ်ျံ၊ ဂစ္ဆန္တိ။ နိဗ္ဗာနံ၊သည်။ သဗ္ဗကိလေသေဟိ၊တို့မှ။ နိဿဋတ္တာ၊ လွတ်မြောက်ပြီး၏ အဖြစ်ကြောင့်။ အပဂတတ္တာ၊ ကင်းကွာပြီး၏ အဖြစ်ကြောင့်။ ဒူရေ၊ အဝေး၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ နိဿရဏဝိမုတ္တိတိ၊ ဟူ၍။ သခ်ျံ၊ဂစ္ဆတိ။[နိဿရဏေန၊ကိလေသာတို့မှထွက်မြောက်ခြင်းအားဖြင့်။ ဝိမုတ္တိ။ နိဿရဏဝိမုတ္တိ။]ဣတိ၊သို့။ပဥ္ဇန်း၊ကုန်သော။ ဣမာသံ ဝိမုတ္တိနံ၊ တို့၏။ ဝသေန၊အပြားအားဖြင့်။ ဧဝံ ဝိမုတ္တာတိဧတ္ထ၊ဟူသော ပါဋ်၌။ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော။

၁၄။ ပဋိသလ္လာနာဝုဋ္ဌိတောတိ၊ ကား။ ဧကီဘာဝါ၊ တပါးတည်းကဲ့သို့ သောပုဂ္ဂိုလ်၏အဖြစ်မှ။ ဝုဋ္ဌိတော၊ထတော်မူသည်။[ဟုတ္ဝာ ဥပသက်မိ၌ စပ်။]

၁၆။ ဣတော သော ဘိက္ခဝေတိ(ဧတ္ထ)၊ပါဋ်၌။ အနုသန္ဓိ၊ အနုသန္ဓေသည်။ ကော၊အဘယ်နည်း။ ဟိ၊ချဲ။ ဣဒံသုတ္တံ၊ ဤမဟာပဒါန သုတ်တော်သည်။တထာဂတသေဝေသာ ဘိက္ခဝေ ဓမ္မဓာတုသုပ္ပဋိဝိဒ္ဓါတိစ၊ ဟူသောပုဒ်

သမုစ္ဆေဒဝိမုတ္တိ။ ။သမုစ္ဆိန္ဒနံ၊ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း။ သမုစ္ဆေဒေါ၊ ခြင်း။ သမုစ္ဆေဒေန၊ကိလေသတို့ကို အကြွင်းမဲ့ ဖြတ်ခြင်းအားဖြင့်။ ဝိမုတ္တိ၊ ကိလေသာတို့သည် လွှတ်အပ်သော မဂ်တည်း။ဝါ၊ကိလေသာတို့မှ လွတ်သောမဂ်တည်း။ သမုစ္ဆေဒဝိမုတ္တိ၊ တည်း။

ပဋိပ္ပဿဒ္ဓန္တေ ဥပ္ပန္နတ္တာ။ ။ပဋိပ္ပဿဒ္ဓန္တေဥပ္ပန္နတ္တာတိ ကိလေသာနံ (ကိလေသာတို့၏။) ပဋိပ္ပဿမ္ဘန (ငြိမ်းအေးခြင်း။) ပဋိပ္ပဿဒ္ဓံ၊ ခြင်း။သောဧဝ (ထို ကိလေသာတို့၏ငြိမ်းအေးခြင်းသည်ပင်။) ပရိယောသာနဘာဝတော (မဂ်၏အဆုံး၏အဖြစ်ကြောင့်။) အန္တော၊အဆုံးတည်း။ (ပဋိပဿဒ္ဓန္တော၊ဆုံး။) [ဤ အဖွင့်နှင့်အညီ ငြိမ်းအေးခြင်းဟူသောအဆုံး၌ ဟုပေးပါ။] တသ္မိံသာဓေတဗ္ဗေ၊ မဂ်သည်ပြီးစေထိုက်သော ထို ငြိမ်းအေးခြင်းဟူသောအဆုံး၌။ နိဗ္ဗတ္တတ္တာ (ဥပ္ပန္နတ္တာ)၊ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။ တံတံမဂ္ဂဝဇ္ဈကိလေသာနံ၊ထိုထိုမဂ်သည်သတ်ထိုက်သောကိလေသာတို့၏။ ပဋိပ္ပဿမ္ဘနဝသေန၊တဖန်ငြိမ်းအေးခြင်း၏အစွမ်းဖြင့်။ ပဝတ္တတ္တာ။ ဣတိ အတ္ထော။— ဋီကာ။ မဂ်ကကိလေသာတို့ကို ပယ်အပ်ပြီးသော်လည်း ကိလေသာအပူရှိန် မငြိမ်းအေးတတ်သေး။ ဖိုလ်စိတ်ဖြစ်မှ ကိလေသာအပူအရှိန်ငြိမ်းအေးသည်။ ထို့ကြောင့် ဖိုလ်လေးပါးကို "ပဋိပဿဒ္ဓိဝိမုတ္တိ" ဟုခေါ်သည်။ ပဋိပ္ပဿမ္ဘနံ + ပဋိပ္ပဿဒ္ဓိ။ ပဋိပ္ပဿဒ္ဓိယာ+ဝိမုတ္တိ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ။

လည်းကောင်း။ဒေဝတာပိ တထာဂတဿတေမတ္ထံ အာရောစေသုန္တိစ၊ ဟူသော ပုဒ်လည်းကောင်း။(ဣတိ၊သို့။) ဒ္ဒိဟိ၊ကုန်သော။ ဣမေဟိပဒေဟိ၊ဤ ဝါကျ ဖြစ်သောပုဒ်တို့နှင့်။ အာဗဒ္ဓံ၊စပ်၏။ တတ္ထ၊ထို နှစ်ပါးသောပုဒ်တို့တွင်။ ဒေဝ တာရောစနပဒံ၊ဒေဝတာရောစနပုဒ်ကို။ သုတ္တန္တပရိယောသာနေ၊ သုတ်၏အဆုံး၌။ ဒေဝစာရိကကောလာဟလံ၊ဒေဝစာရိက ကောလာဟလကို။ ဒဿေန္တော၊ ပြတော်မူလျက်။ဝိစာရေဿန္တိ၊ စိစစ်တော်မူလတ္တံ့။ ပန၊ ကား။ ဓမ္မဓာတုပဒါ နုသန္ဓိဝသေန၊ဓမ္မဓာတုပုဒ်၏အနုသန္ဓေနှင့်စပ်သဖြင့်။အယံဒေသနာ၊ဤအကျယ် ဖြစ်သောဒေသနာတော်ကို။ [အယံဒေသနာတိ "ဣတော သော ဘိက္ခဝေ"တိ အာဒိနာဝိတ္ထာရတောပဝတ္တိတ ဒေသနမာဟ။] အာရဒ္ဓံ၊ ပြီ။ တတ္ထ၊ထို ဝိတ္ထာရ ဒေသနာတော်၌။ ခတ္တိယော ဇာတိယာတိအာဒီနိ၊ ကုန်သော။ ဧကာဒသ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ နိဒါနကဏ္ဍေ၊ နိဒါန်းအခန်း၌။ ဝုတ္တနယေနေဝ၊ သာ။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

ဒ္ဒိဟိပဒေဟိအာဗဒ္ဓံ။ ။ဒ္ဒီဟိပဒေဟိတိ ဒ္ဒီဟိဝါကျေဟိ။–ဋီကာ။ [ပုဒ်ဟုဆိုသော် လည်း ဝိဘတျန္တပုဒ်မဟုတ်။ "တထာဂတဿေဝေသာ ဘိက္ခဝေ ဓမ္မဓာတု သုပ္ပဋိ ဝိဒ္ဓါ" ဟူသော ဝါကျတည်း။ ထို ဝါကျကိုပင် "ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေ နာတိ ပဒံ"နှင့်အညီ အနက်ကို သိကြောင်းဖြစ်သောကြောင့် "ပုဒ်"ဟုခေါ်နိုင်သည်။] အာဗဒ္ဓန္တိ ပဋိဗဒ္ဓံ,တံမူလကတ္တာဥပရိဒေသနာယ။–ဋီကာ။ [အထက် ဒေသနာ အကျယ် ၏ ထိုနှစ်ပုဒ်လျှင် အရင်းခံရှိသောကြောင့် ထိုနှစ်ပုဒ်နှင့် စပ်သည်ဟုဆိုသည်။]

ဒေဝစာရိက ကောလာဟလံ။ ။ဒေဝစာရိက ကောလာဟလန္တိ အတ္တနော ဒေဝလောကေ စာရိကာယံ သုဒ္ဓါဝါသဒေဝါနံ ကုတူဟလဝဝတ္တိ ဒဿေန္တော သုတ္တန္တပရိယောသာနေ ဝိစာရေဿတိ အတ္ထတော ဝိဘာဝေဿတိတိယောဇနာ။ -ဋီကာ။ [ကိုယ်တော်မြတ်၏ ဗြဟ္မာ့ပြည်သို့ ကြွတော်မူခန်း၌ သုဒ္ဓါဝါသ ဗြဟ္မာ တို့၏ ကုတူဟလ ဖြစ်ပုံကို ပြတော်မူလျက် စိစစ်တော်မူလိမ့်မည်။ အနက်အဓိပ္ပါယ် ထင်ရှားအောင် ပြတော်မူလိမ့်မည်။]

နိဒါနကဏ္ဍေ။ ။နိဒါနကဏ္ဍေတိ အာဒိတော ဒေသိတံ ဥဒ္ဒေသဒေသန မာဟ၊ [နိဒါနကဏ္ဍ-ဟု အထူးမရှိ။ အစ၌ပြအပ်ခဲ့သော အကျဉ်းဥဒ္ဒေသ-ဒေသနာကိုပင် "နိဒါနကဏ္ဍ"ဟု ဆိုသည်။] သာ ဟိ ဣမိဿာ ဒေသနာယ နိဒါနဋ္ဌာနိယတ္တာ– ထထာဝုတ္တာ။–ဋီကာ။ [ထိုဥဒ္ဒေသဒေသနာသည် ဤဝိတ္ထာရဒေသနာ၏ နိဒါန်းအရာ၌ တည်သောကြောင့် ထို နိဒါနကဏ္ဍဟု ဆိုထားသည်။]

သမ္မဟုလပရိစ္ဆေဒအဖွင့် ပြီး၏။

ဗောဓိသတ္တဓမ္မတာအဖွင့်

၁၇။ ပန၊ ဆက်။ [ပြတ်ပြီးသားစကားကို ပြန်၍ဆက်သည်။ ''အဖို့တပါး''ဟု ဆရာတို့ပေးတော်မူကြသည်။] အထခေါ ဘိက္ခဝေ ဝိပဿီ ဗောဓိသတ္တောတိအာဒီသု၊ တို့၌။ ဝိပဿီတိ၊ ဝိပဿီဟူသော အမည်တော်သည်။ တဿ၊ ထို ဘုရားအလောင်းတော်၏။ နာမံ၊ အမည်တော်တည်း။ တဋ္ဌ၊ ထိုအမည်တော်ကိုလည်း။ ဝိဝိဓေ၊ အထူးထူးအပြားပြား များကုန်သော။ အတ္ထေ၊ အနက်တို့ကို။ ပဿနကုသလတာယ၊ မြင်ခြင်း၌ ကျွမ်းကျင်တော်မူသည်၏ အဖြစ်ကြောင့်။ လဒ္ဓံ၊ ရအပ်ပြီ။ ဗောဓိသတ္တောတိ၊ ကား။ ပဏ္ဍိတသတ္တော၊ ပညာရှိသော သတ္တဝါသည်။ ဗုဇ္ဈနကသတ္တော၊ သစ္စာ လေးပါးကို သိလတ္တံ့သော သတ္တဝါသည်။(''မာတုကုစ္ဆိ သြက္ကမိ''၌ စပ်။)ဝါ၊ တနည်း။ ဗောဓိသခ်ါတေသု၊ ဗောဓိဟုဆိုအပ်ကုန်သော။ စတူသု၊ ကုန်သော။ မဂ္ဂေသု၊ တို့၌။ သတ္တော,-အာသတ္တော၊ ငြိကပ်သော သတ္တဝါသည်။ လဂ္ဂမာနသော၊ ငြိကပ်သောစိတ်ရှိသော သတ္တဝါသည်။ (ဟောတိ)။ ဣတိ၊ ကြောင့်။ ဗောဓိသတ္တော၊ ဗောဓိသတ္တမည်၏။

သတော သမ္ပဇာနောတိတ္ထေ၊ ပါဋ္ဌ၌။ သတောတိ၊ သတောဟူသော ပါဋ္ဌဖြင့်။ သတိယေဝ၊ သတိကိုသာ။ (ဘဂဝတာ၊ ဝုတ္တာ။) သမ္ပဇာနောတိ၊

ဗောဓိသတ္တော။ ။ယာထာဝတော ဥေယျံ ဗုဇ္ဈတီတိ ဗောဓိ၊ သောဧဝ သတ္တယောဂတော ဗောဓိသတ္တောတိ အာဟ ''ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တောတိ''။ သုစိန္တိတ စိန္တိတာဒိနာ ပန ပဏ္ဍိတဘာဝေ ဝတ္တဗ္ဗမေဝ နတ္ထိ။—ဋီကာ။ [ဟုတ်တိုင်းမှန်စွာ သိတတ်သောကြောင့် ''ဗုဇ္ဈိဿတီတိ ဗောဓိ'' ဟု ဝစနတ္ထပြု၍ ပညာရှိသော ပုဂ္ဂိုလ်ကို ''ဗောဓိ''ဟု ခေါ်သည်။ ထို ပညာရှိပုဂ္ဂိုလ်သည်လည်း အာရုံငါးရပ်ဝယ် ငြိကပ်ခြင်း၌ ယှဉ်သောကြောင့် ''သဋ္ဌတီတိ သတ္တော''အရ ''သတ္တ''ဟုလည်း ခေါ်ရ၏။ ဗောဓိ စ+သော+သတ္တောစာတိ ဗောဓိသတ္တော။

ဗောဓိသခ်ါတေသုဝါ။ ။ယဒါစ ပနာနေန မဟာဘိနီဟာရော ကတော၊တတော ပဋ္ဌာယ မဟာဗောဓိယံ ဧကန္တနိန္နတ္တာ ဗောဓိမှိ သတ္တော ဗောဓိသတ္တောတိ အာဟ ''ဗောဓိသခ်ါတေသူ''တိ အာဒိ။—ဋီကာ၊ [ဤနည်း၌ဗောဓိအရလေးပါးသော မဂ်ဉာဏ်ကို ယူရသည်။သတ္တော၏ အနက်မှာလည်း''သဋ္ဌတီတိ သတ္တော''နှင့် အညီ ငြိကပ်တတ်ဟူသောအနက်ပင် ယူပါ။ ထို့ကြောင့် သတ္တောကို ''အာသတ္တော''ဟု ဖွင့်၍ ''လဂ္ဂမာနသော''ဟု အဓိပ္ပါယ်ဖွင့်သည်။ ဘုရားအလောင်းတို့မည်သည် ဘုရားဖြစ်ဖို့ရန် ဓိဋ္ဌာန်တော်မူသည်မှ စ၍ ''မဂ်ဉာဏ်'' ဟူသော ဗောဓိတို့၌ ငြိကပ်လျက်ရှိသည်။]

သတိယေဝဉာဏံ။ ။သတောအရ ''သရတီတိ သတော''ဟု ဝစနတ္ထပြု၍ ပုဂ္ဂိုလ်ကို ရသော်လည်း ''သတိ''ဟူသောတရားသာ ပဓာနဖြစ်သောကြောင့် သတောကို

ပါဠိဖြင့်။ ဉာဏံ (၉၀၊) ဉာဏ်ကိုသာ။ (ဘဂဝတာ၊ဝုတ္တံ။)သတိံ၊ သတိကို။ သူပဋိတံ (သုဥပဋိတံ၊) ကောင်းစွာ အာရုံ၌ကပ်၍ ဟည်သည်ကို။ ကတ္ဝာ၊ ၍။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြား၍။ မာတုကုစ္ဆိံ၊ မယ်တော်၏ ဝမ်းသို့။ သြက္ကမိ၊ သက်ရောက်တော်မူပြီ။ ဣတိ အတ္ထော၊ နက်။ စ၊ ဆက်။ သြက္ကမိတိဣမိနာ၊ သြက္ကမိ ဟူသော ဤအတိတ်ကြိယာ ပါဠိဖြင့်။ အာသ၊ ထို ဘုရားအလောင်းတော်၏။ သြက္ကန္တဘာဝေါ၊ သက်ရောက်ပြီး၏ အဖြစ်ကို။ ပါဋိယံ၊ပါဋိတော်၌။ ဒဿိတော၊ပြတော်မူအပ်ပြီ။သြက္ကမနက္ကမော၊ သက်ရောက်ခြင်း၏ အစဉ်ကို။ ဝါ၊ သက်ရောက်ပုံ အစဉ်ကို။ နဒဿိတော၊ ပြတော်မမူအပ်။

ပန၊ ထိုသို့ ပါဋိတော်၌ သက်ရောက်ပုံအစဉ်ကို ပြတော်မမူအပ်ပါ သော်လည်း။ သော၊ ထို သက်ရောက်ပုံ အစဉ်ကို။ ယသ္မာ၊ ကြောင့်။ အဋ္ဌကထံ၊ အဋ္ဌကထာသို့။ အာရုဋ္ဌော၊ တင်အပ်ပြီ။ တသ္မာ၊ ကြောင့်။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဧဝဒီတဗ္ဗော၊ ၏။ ဟိ၊ ချဲ့။ သဗ္ဗဗောဓိသတ္တော၊ အလုံးစုံသော ဘုရားအလောင်းတော် တို့သည်။ သမတ္တိံသ၊ အတိက္ကံ သုံးဆယ်သော။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရေတ္ဝာ၊ ပြည့်စေပြီး၍။ ဝါ၊ ဖြည့်ကျင့်တော်မူပြီး၍။ ပဥ္စ ကုန်သော။ မဟာပရိစ္စာဂေ၊ ကြီးကျယ်သော စွန့်ခြင်းတို့ကို။ ဝါ၊ ကြီးကျယ်သော စွန့်အပ်သော လက်ခြေစသော ဒါနဝတ္ထုတို့ကို။ ပရိစ္စဇိတ္ဝာ၊ စွန့်တော်မူပြီး၍လည်းကောင်း။

''သတိယေဝ''ဟု ဖွင့်၏။ ''သမ္မဇာနာတီတိ သမ္မဇာနော''ဟူသော ဝစနတ္ထနှင့် အညီ ကောင်းစွာ အပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်ကို ရသော်လည်း ဉာဏ်သာလျှင် ပဓာနဖြစ်သောကြောင့် ''သမ္မဇာနောတိ ဉာဏံ''ဟု ဖွင့်သည်။ ဤသို့ ဖွင့်သော်လည်း ပါဋိတော်၌ အနက်ပေးသောအခါ ပုဂ္ဂိုလ်ရအောင် ပေးရသည်။

ဉာဏေန ပရိစ္ဆိန္ဒိတ္ဝာ။ ။ဉာဏေန ပရိစ္ဆိန္ဒိတ္ဝာတိ ပုဗ္ဗဘာဂေ ပဉ္စမဟာဝိလောကနဉာဏေဟိ စေဝ (ရှေ့အဖို့ဝယ် ကာလ၊ ဒေသ၊ ဒီပ၊ ကုလ၊ မယ်တော်၏ အသက်အပိုင်းအခြား ဟူသော ငါးမျိုးတို့ကို အကြီးအကျယ် ကြည့်ကြောင်းဖြစ်သော ဉာဏ်တို့ဖြင့်လည်းကောင်း။) ''ဇာဒါနိ စဝါမိ''ဟ စုတိပရိစ္ဆိန္နနဉာဏေနစ၊ (စုတိကို ပိုင်းခြားကြောင်း ဉာဏ်အားဖြင့်လည်းကောင်း။) အပရဘာဂေ ''ဇာဓ မယာ ပဋိသန္ဓိ ဂဟိတာ''တိ ပဋိသန္ဓိ ပရိစ္ဆိန္နန ဉာဏေနစ (စုတိနောက်၌ ''မည်သည့်နေရာဝယ် ပဋိသန္ဓေ နေရမည်''ဟု ပဋိသန္ဓေကို ပိုင်းခြားကြောင်းဉာဏ်ဖြင့်လည်းကောင်း၊) ပရိစ္ဆိဇ္ဇ ဇာနိတ္ဝာ (ပိုင်းခြားကာသိ၍။)

ပဉ္စမဟာဝပရိစ္စာဂေ။ ။အင်္ဂပရိစ္စာဂေါ (လက်၊ ခြေ စသော အင်္ဂါကြီးငယ်ကို စွန့်ခြင်းဟူသော အင်္ဂပရိစ္စာဂ။) နယနပရိစ္စာဂေါ(မျက်လုံးကိုစွန့်ခြင်းဟူသော နယနပရိစ္စာဂ။) အတ္တပရိစ္စာဂေါ (ခန္ဓာကိုယ် အတ္တဟောကို စွန့်ခြင်းဟူသော အတ္တ

ဉာတတ္ထစရိယ လောကတ္ထစရိယ ဗုဒ္ဓိစရိယာနှံ၊ဆွေမျိုးတို့၏ အစီးအပွါး ကို ကျင့်တော်မူခြင်း၊ သတ္တလောက၏ အစီးအပွါးကို ကျင့်တော်မူခြင်း၊ ဉာဏ်ပညာဆိုင်ရာကို ကျင့်တော်မူခြင်းတို့၏။ ကောင်း၊ အထုတ်ထိပ်သို့။ပတ္တ၊ ရောက်၍။ ဝေဿန္တရသဒိသေ၊ဝေဿန္တရာ၏ အတ္တဘောနှင့်တူသော။ တတိယေ၊ သုံးကြိမ်မြောက်နှုတ်ဖြစ်သော။ အတ္တဘာဝေ၊အတ္တဘောဌဲ့။ ဌတ္ဝာ၊တည်တော်မူ၍။ [ဘုရားဖြစ်ရာ အတ္တဘော၊ တုသိတာနတ်ပြည်ဖြစ်ရာ အတ္တဘော၊ ဤ ၂ ပါးကိုထောက်၍ ဝေဿန္တရာဖြစ်ရာ အတ္တဘောကို တတိယဟု ဆို

ပရိစ္ဆာဂေ။) ရဇ္ဇပရိစ္ဆာဂေါ (တိုင်းပြည်ကို စွန့်ခြင်းဟူသော ရဇ္ဇပရိစ္ဆာဂ။) ပုတ္တဒါရပရိစ္ဆာဂေါ (သား မယားကို စွန့်ခြင်းဟူသော ပုတ္တဒါရပရိစ္ဆာဂ။) ဇုတိ ဇုမေ ပဒွေ မဟာပရိစ္ဆာဂါ (ဤသို့ ငါးမျိုးကို ''မဟာပရိစ္ဆာဂ'' ဟု ခေါ်သည်။ ''အကြီးအကဲဖြစ်သော စွန့်လွှတ်အပ်သော ဒါနဝတ္ထုများ'' ဟူလို။) တတ္ထာပိ ကာမံ အင်္ဂပရိစ္ဆာဂါ ဒယော်ပိ ဒါနပါရမီယေဝ (ထို ဟောပရိစ္ဆာဂတို့သည် ဒါနပါရမီ၌ အကျုံးဝင်ကုန်၏။) တထာပိ ပရိစ္ဆာဂဝိသေသဘာဝဒဿနတ္ထဉ္စေဝ သုဒုက္ကရဘာဝဒဿနတ္ထဉ္စ မဟာပရိစ္ဆာဂါနံ ဝိသုံ ဂဟဏံ (သို့သော် စွန့်ကြဲခြင်းဝိသေသ အဖြစ်ကို ပြခြင်းအကျိုးငှါလည်းကောင်း၊ အလွန်ခဲယဉ်းသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါလည်းကောင်း ဒါန ပါရမီမှ သီးခြားယူရသည်။) ထိုတွင် နယနပရိစ္ဆာဂ သည် အင်္ဂပရိစ္ဆာဂ၌ ပါဝင်သော်လည်း ခဲယဉ်းသောကြောင့်ပင် သီးခြားဆိုရသည်။ ရဇ္ဇပရိစ္ဆာဂ စသည်တို့လည်း ထို့အတူပင်တည်း။—ဋီကာ။

ဉာတတ္ထစရိယာနံ။ ။ဉာတီနံ အတ္ထံ စရိယာ ဉာတတ္ထစရိယာ (ဆွေမျိုးတို့၏ စီးပွါးကို ကျင့်တော်မူခြင်း။) သာ စ ခေါ ကရုဏာယနဝသေန (ထိုသို့ ဆွေမျိုးတို့၏ စီးပွါးကိုကျင့်ခြင်းဟူသည်လည်း သနားခြင်း၏အစွမ်းအားဖြင့် ကျင့်ခြင်းတည်း။) တထာ သတ္တလောကဿဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထာနံ ဝသေန ဟိတစရိယာ လောကတ္ထစရိယာ (မျက်မှောက်ဘဝ၌ဖြစ်သော အစီးအပွါး၊ တမလွန်ဘဝ၌ဖြစ်သော အစီးအပွါး၊ ပရမတ္ထဖြစ်သော နိဗ္ဗာန်စီးပွါးတို့၏ အစွမ်းအားဖြင့် စီးပွါးကိုကျင့်ခြင်းတည်း။) ''လောကဿ+အတ္ထစရိယာ လောကတ္ထစရိယာ'' ဟု ပြုပါ။ အတ္ထသဒ္ဒါ စီးပွါးအနက်ဟောတည်း။

ဗုဒ္ဓိစရိယာ။ ။ကမ္မဿကတညာဏဝသေန အနဝဇ္ဇကမ္မာယတနသိပ္ပါယတန ဝိဇ္ဇာဌာန ဝသေန (အပြစ်မရှိသော အကျိုးတရား၏ တည်ရာ အကြောင်းဖြစ်သောအလုပ်၊ အသက်မွေးခြင်း၏ တည်ရာ အကြောင်းဖြစ်သော လက်မှုအတတ်၊ နှုတ်မှုအတတ်တို့၏ အစွမ်းဖြင့်လည်းကောင်း။) ခန္ဓာယတနာ ဒိဝသေန လက္ခဏာဂ္ဂဟဏာဒိ တီရဏဝသေနစ (လက္ခဏာသုံးပါး စသည်ကို ဆုံးဖြတ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း။) အတ္တနော ပရဿ ဥ (မိမိအတွက်လည်းကောင်း၊ သူတပါးအတွက်လည်းကောင်း။) တတ္ထ သတိ ပဋ္ဌာနေန ဉာဏစာရော ဗုဒ္ဓိစရိယာ (ထို အနဝဇ္ဇ ကမ္မဿကတာ အစရှိသည်၌ သတိပြဓာန်းသောအားဖြင့် ဉာဏ်၏ဖြစ်ခြင်းသည် ''ဗုဒ္ဓိစရိယာ'' မည်၏။) [သီလက္ခန်ဓ

သည်။] သတ္တ၊ခုနစ်ပါးကုန်သော။ မဟာဒါနာနိ၊ ကြီးကျယ်သော အလှူတို့ကို။ ဒတ္ဒာ၊၍လည်းကောင်း။ သတ္တက္ခတ္တုံ၊ခုနစ်ကြိမ်။ ပထဝိံ၊မြေကို။ ကမ္ပေတ္ဒာ၊တုန်လှုပ်စေ၍။ ကာလံ၊ကွယ်လွန်ချိန်ကို။ ကတ္ဒာ၊၍။ ဒုတိယစိတ္တဝါရေ၊ ဒုတိယစိတ်အကြိမ်၌။ [ကွယ်လွန်သော စုတိစိတ်ကိုထောက်၍ တုသိတာနတ်၌ ဖြစ်သော ပဋိသန္ဓေစိတ်ကို ဒုတိယစိတ်ဟုဆိုသည်။] တုသိတဘဝနေ၊ တုသိတာနတ်ဘုံ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြရကုန်၏။ ဝိပဿီ၊သော။ ဗောဓိသတ္တောပိ၊

"ဗုဒ္ဓိ"ဟု ရှိသည်။ ဉာဏစာရောကို ထောက်လျှင် "ဗုဒ္ဓိ"ဟု ရှိသော ပါဌ်က ကောင်းသည်။] သာ ပနတ္ထတော ပညာပါရမီယေဝ၊ ဉာဏသမ္ဘာရဝိသေသတာ ဒဿနတ္ထံ ပန ဝိသုံ ဂဟဏံ။—ဋီကာ။

"**ဗုဒ္ဓိစရိယာနံ**"**ဟု ဗဟုဝုစ် ဆိုရခြင်း**။ ။ဉာဏစာရတချိုးသာ ဗုဒ္ဓိစရိယာဖြစ်လျှင် အဘယ့်ကြောင့် "ဗုဒ္ဓိစရိယာနံ"ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသနည်း။ ဤသို့ မေးဖွယ်ရှိ၏။ အဖြေကား—ရှေးရှေးဘဝ၌ အားထုတ်အပ်သော ပုဗ္ဗဘာဂပဋိပဒါ ဟူသော ကမ္မဋ္ဌာန်း အားထုတ်မှုနှင့်တကွ အဘိညာဉ် သမာပတ်တို့ကို ပြီးစေခြင်း ဟူသော ပုဗ္ဗယောဂကို လည်းကောင်း၊ ဒါန အစရှိသည်တို့၌ပင် အလွန်အကဲ ပြုကျင့်ခြင်းဟူသော ပုဗ္ဗစရိယကို လည်းကောင်း၊ (တနည်း) စရိယာပိဋက၌လာသော မိမိစိတ်ကို သဗ္ဗညုတဉာဏ်တော်သို့ ရှေးရှုဆောင်ခြင်းဟူသော ပုဗ္ဗယောဂ၊ ကာယဝိဝေက အစရှိသည်တို့၏ အစွမ်းဖြင့် တယောက်တည်း ကျင့်ခြင်း ဟူသော ပုဗ္ဗစရိယကိုလည်းကောင်း၊ ဒါန အစရှိသည်တို့၏ လည်းကောင်း၊ အပိစ္ဆတာ အစရှိသည်တို့၏လည်းကောင်း၊သံသရာဝယ်အပြစ်၊နိဗ္ဗာန်ဝယ် အကျိုးတို့၏လည်းကောင်း ထင်စွာ ပြသောအားဖြင့် တရားဟောခြင်း ဟူသော ဓမ္မက္ခာန၊သတ္တဝါတို့ကို သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ၌ ထိုက်သည် အားလျော်စွာ တည်စေခြင်း၊ ရင့်ကျက်စေခြင်း၏ အစွမ်းဖြင့် ဖြစ်သော "တရားဟောခြင်း"ဟူသော ဓမ္မက္ခာန၊ဤအကျင့်တို့ကို သိမ်းယူခြင်းအကျိုးငှါ "ဗုဒ္ဓိစရိယာနံ"ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသည်။—ဋီကာ။

သတ္တမဟာဒါနာနိ။ ။ဘုရားအလောင်းတော်သည် ဝေဿန္တရာမင်းဘဝ၌ ရှစ်နှစ်အရွယ်ကပင် ဟဒယနှလုံးသားကိုသော်မှ ပေးလိုသော ဆန္ဒဖြစ်လောက်အောင် အလိုဆန္ဒဖြင့် လက်ဝတ်တန်ဆာစသည့်လှူဖွယ်တို့ကို ပေးလှူခြင်း၊ မင်္ဂလာဆင်ဖြူတော်ကို ပေးလှူခြင်း၊တောသို့သွားရာအခါ၌ သတ္တသတ္တကအလှူကြီးကို ပေးလှူခြင်း၊တောသို့သွားစဉ် ရထား၌တပ်အပ်သော မြင်းတော်ကိုပေးလှူခြင်း၊ ရထားကိုပေးလှူခြင်း၊ တောသို့ရောက်သောအခါ သားတော်သမီးတော်တို့ကို ပေးလှူခြင်း၊ မိဖုရားကိုပေးလှူခြင်း၊ ဤကဲ့သို့အားဖြင့် ခုနစ်ပါးသော အလှူကြီးများသည် မြေကိုတုန်လှုပ်စေရသော အလှူကြီးများပေတည်း။ [သတ္တ မဟာဒါနာနီကိ အဋ္ဌဝဿိကကာလေ "ဟဒယမံသာဒီနိပိ ယာစကာနံ ဒဒေယျ"နှိ အဇ္ဈာသယံ ဥပ္ပါဒေတွာ ဒိန္နဒါနံ,မင်္ဂလဟတ္တိဒါနံ, ဂမနကာလေ ဒိန္နံ သတ္တသတ္တက မဟာဒါနံ,မဂ္ဂံ ဂစ္ဆန္တေန ဒိန္နံ အဿဒါနံ,ရထဒါနံ, ပုတ္တဒါနံ, ဘရိယာဒါနန္တိ ဧမာနိ သတ္တ မဟာဒါနာနိ ဒတ္ဒာ။—ဋီကာ။]

သည်လည်း။ တထေဝ၊ထို့အတူပင်။ ကတ္ဒာ၊၍။ တုသိတပုရေ၊ တုသိတာနတ်ပြည်၌။ နိဗ္ဗတ္တိတ္ဒာ၊ဖြစ်၍။ သဋ္ဌိသတသဟဿာဓိကာ၊ ခြောက်သန်း အလွန် ရှိကုန်သော။ သတ္တပညာသဝဿကောဋ္ဌိယော၊ ငါးဆဲ့ခုနစ်ကုဋ္ဌေသော နှစ်တို့ပတ်လုံး။ တတ္ထ၊ ထို တုသိတာနတ်ပြည်၌။ အဋ္ဌာသိ၊ တည်တော်မူပြီ။

ပန၊ ဆက်။ အညဒါ၊ နောက်ဆုံးသေချိန်မှ တပါးသောအခါ၌။ ဒီဃာယုကဒေဝလောကေ၊ရှည်သော အသက်ရှိသော နတ်ပြည် ဗြဟ္မာပြည်၌။ နိဗ္ဗတ္တာ၊ ဖြစ်ရကုန်သော။ ဗောဓိသတ္တာ၊တို့သည်။ ယာဝတာယုကံ၊ အသက်အပိုင်းအခြားအတိုင်း။ ဝါ၊အသက်ရှည်သမျှ။ နတိဋ္ဌန္တိ၊ တည်တော်မမူကြကုန်။ ကသ္မာ၊အဘယ်ကြောင့်နည်း။ တတ္ထ၊ ထို ရှည်သော အသက်ရှိသော နတ်ပြည် ဗြဟ္မာပြည်၌။ ပါရမီနံ၊တို့၏။ ဝါ၊ တို့ကို။ ဒုပ္ပူရဏီယတ္တာ၊ ခဲယဉ်းသဖြင့် ဖြည့်ကျင့်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ ဖြည့်ကျင့်နိုင်ခဲသည်၏ အဖြစ်ကြောင့်တည်း။ တေ၊ ထိုဘုရားအလောင်းတော်တို့သည်။ အဓိမုတ္တိကာလကိရိယံ၊ စိတ်ကို စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်း ဟူသော သေခြင်းကို။ ကတ္ဒာ၊ ၍။ မနုဿပထေယေဝ၊ လူ့ပြည်၌သာ။ နိဗ္ဗတ္တန္တိ၊ ဖြစ်တော်မူကုန်၏။

ပန၊ဆက်။ အဿ၊ ထိုဘုရားအလောင်းတော်၏။ ပါရမိယော၊ပါရမီတော်တို့သည်။(သက္ကောန္တိ–၌စပ်။)ယထာ၊အကြင်အခြင်းအပြားအားဖြင့် ဖြည့်ကျင့်အပ်သော်။ ဣဒါနိ၊ ၌။ ပါရမီနံ၊တို့၏။ (ပူရိတတ္တာ၌ တ္တသမ္မန် အဖြစ်ဖြင့်-

---

အဓိမုတ္တိကာလကိရိယံ။ ။"ယခုပင် ငါ၏သေခြင်းသည် ဖြစ်စေတော့"ဟုစိတ်ကိုစွဲစွဲမြဲမြဲ နှလုံးသွင်းလိုက်လျှင် စုတိစိတ်ဖြစ်တော့၏။ ထိုကဲ့သို့သေခြင်းကို"အဓိမုတ္တိကာလကိရိယ"ဟုဆိုသည်။ ထိုသေခြင်းမျိုးသည် ဘုရားအလောင်းတော်တို့အတွက်သာဖြစ်နိုင်၏။ အခြားပုဂ္ဂိုလ်တို့အတွက် မဖြစ်နိုင်ဟူလို။ ["ဣဒါနေဝ မေ မရဏံ ဟောတူ"တိ အဓိမုစ္စိတ္ဒာ ကာလကရဏံ အဓိမုတ္တိကာလကိရိယာ၊ တံ ဗောဓိသတ္တာနံယေဝ၊ နအညေသံ။–ဋီကာ။] ဤအဖွင့်များကို ထောက်၍"ဘုရားအလောင်းတော်၏ အဓိမုတ္တိကာလကိရိယာသည် ကိုယ့်ကိုယ်ကို ဒေါသဖြစ်၍ သတ်ခြင်းမဟုတ်။ မေတ္တာနှင့် ဉာဏ်ရှေသွားပြု၍ ပါရမီဖြည့်ဖို့ရန် ရုပ်ပြောင်း ရုပ်လွှဲ လုပ်ခြင်းသာ ဖြစ်သည်"ဟု မှတ်ပါ။

ပါရမိယော ပူရေန္တော။ ။စာအုပ်တို့၌ "ပါရမီနံ ပူရေန္တော"ဟု ရှိ၏။ ပါရမီနံသည် ပူရေန္တော၏ ကံမဖြစ်နိုင်။ ပူရိတတ္တာတိုင်အောင် စပ်ဖို့ရန်လည်း ပူရေန္တောကို ကျော်လွန်၍ မဖြစ်နိုင်။ ထို့ကြောင့် "ပါရမိယောပနဿ"ဟု ရှိသောမူသည် ကောင်း၏ဟု ထင်၏။ ဋီကာ၌ "ဧကေန အတ္တဘာဝေန အန္တရေန ပါရမီနံ သဗ္ဗသော ပူရိတတ္တာ"ဟု ပါဌ်ရှိ၏။ ထိုပါဌ်အလို ဤပါရမီနံပုဒ်ကို ပူရိတတ္တာ၏ တ္တသမ္မန်အဖြစ်ဖြင့် ပဓာနစပ်၍ ပူရေန္တော၌ အပဓာနအဖြစ်ဖြင့်စပ်ပါ။ ထို့ပြင်

စပ်။) ဝါ၊တို့ကို။ (ပူရိတဝယ် တပစ္စည်း–၌စပ်။) အန္တရေန၊အကြားဖြစ်သော။ဧကေနအတ္တဘာဝေန၊တပါးသောအတ္တဘောဖြင့်(တဘဝဖြင့်။)သဗ္ဗညူတံ၊ သဗ္ဗညူ၏ အဖြစ်သို့။ ဥပနေတုံ၊ကပ်ဆောင်ခြင်းငှါ။ သက္ကောန္တိ၊ စွမ်းနိုင်ကုန်၏။ ဧဝံ၊ဤတခုတည်းသော အကြားဘဝဖြင့် သဗ္ဗညူ၏အဖြစ်သို့ ကပ်ဆောင်ခြင်းငှါ စွမ်းနိုင်လောက်အောင်သော အခြင်းအပြားအားဖြင့်။ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသောအားဖြင့်။ ပူရိတတ္တာ၊ ဖြည့်အပ်ပြီးကုန်သည်၏အဖြစ်ကြောင့်။ တဒါ၊တုသိတာ နတ်ပြည်ဝယ်ဖြစ်ရာ ထိုအခါ၌။ ဝိပဿီ၊ သော။ ဗောဓိသတ္တော၊သည်။ တတ္ထ၊ထို တုသိတာနတ်ပြည်၌။ ယာဝတာယုကံ၊ အသက်အပိုင်းအခြားအတိုင်း။ အဌာသိ၊ပြီ။ ပန၊ဆက်။ ဒေဝတာနံ၊တို့၏။ (ပဥ္ဇပုဗ္ဗနိမိတ္တာနိ–၌စပ်။) မနုဿာနံ၊တို့၏။ (ဂဏနာ–၌စပ်။)ဂဏ

"ဧကေန အတ္တဘာဝေန အန္တရေန"ဟု တွေ့ရ၏။ ထို အန္တရေနပုဒ်သည် ယခုစာအုပ်တို့၌မပါ။ ပါမှကောင်း၏။ ဘာကြောင့်နည်း ဧကေန အတ္တဘာဝေန ဟူသည် တုသိတာ အတ္တဘောတည်း။ ထို တုသိတာ အတ္တဘောသည် ဝေဿန္တရာ မင်းဘဝ၊ သိဒ္ဓတ်မင်းသားဘဝတို့၏ အကြားဖြစ်သော အတ္တဘောတမျိုး ဖြစ်သောကြောင့်တည်း။ ထို အတ္တဘောကို ဆိုနေကြောင်းမှာလည်း "တတ္ထ ယာဝတာယုကံ"ကို ထောက်၍ သိနိုင်ပါသည်။

ဧကေန၊ ပ၊ သဗ္ဗသော ပူရိတတ္တာ။ ။တုသိတာနတ်ပြည်၌ အဘယ့်ကြောင့် "အဓိမုတ္တိကာလကိရိယာ မပြုပါသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "ဧကေန အတ္တဘာဝေန ။ပ။ ပူရိတတ္တာ"ဟု မိန့်သည်။ အဓိမုတ္တိကာလ ကိရိယာ ပြုသော်လည်း ပါရမီဖြည့်စရာ မလိုသောကြောင့် အကျိုးထူးမရှိ။ ထို့ကြောင့် ထို တုသိတာ နတ်ပြည်၌ အဓိမုတ္တိကာလ ကိရိယာ မပြုဟူသော အနက်အဓိပ္ပါယ်ကို "ဧကေန အတ္တဘာဝေန အန္တရေန ပါရမီနံ သဗ္ဗသော ပူရိတတ္တာ" ဟူသော ဤပါဌ်ဖြင့် ပြသည်။

ဋီကာ၌ အပိစ စသည်ဖြင့် တခြားတနည်းကိုလည်း ပြသေး၏။ ထိုနည်းကား–နောက်ဆုံး သိဒ္ဓတ်မင်းသား ဘဝ၌ ဒိဗ္ဗသမ္ပတ္တိနှင့် တူသော ကြီးစွာသောသမ္ပတ္တိ၏ ဖြစ်ခြင်းကဲ့သို့လည်းကောင်း၊ ဘုရားဖြစ်ပြီးသောအခါ အသဒိသဒါန စသောအားဖြင့် အများနှင့်မဆက်ဆံသော လာဘ်လာဘ၏ ဖြစ်ခြင်းကဲ့သို့လည်းကောင်း "ဤ တုသိတာ နတ်ပြည်မှ နောက်၌ ယောကျ်ားမြတ်အတွက် ဒိဗ္ဗသမ္ပတ္တိ ခံစားခွင့်မရှိတော့"ဟု မပြောသော်လည်း ပြောသကဲ့သို့ ပါရမီပုညသမ္ဘာရတို့က အားတက်သရော ရှိသည့် အတွက်ကြောင့် နတ်သက်ကုန်အောင် တည်နေရတော့၏ဟု ဆိုလိုသည်။

[အပိစ တတ္ထ ယာဝတာယုကဌာနံ စရိမဘဝေ အနေက မဟာနိမိသမုဌာနပုဗ္ဗိကာယ ဒိဗ္ဗသမ္ပတ္တိသဒိသာယ မဟာသမ္ပတ္တိယာ နိဗ္ဗတ္တိဝိယ, ဗုဒ္ဓဘူတဿ အသဒိသဒါနာဒိဝသေန အနညသာဓာရဏလာဘုပ္ပတ္တိ ဝိယ စ "ဣတော ပရံ [illegible]

နာဝသေန၊ အရေအတွက်၏ အစွမ်းဖြင့်။ ဣဒါနိ၊၌။ သတ္တဟိ ဒိဝသေဟိ၊ ခုနစ်ရက်တို့ဖြင့်။ စုတိ၊ စုတိသည်။ ဘဝိဿတိ၊ ဖြစ်တော့လတ္တံ့။ ဣတိ၊ ဤသို့ ဆိုထိုက်ရာအခါ၌။ ပဋ္ဌ၊ကုန်သော။ ပုဗ္ဗနိမိတ္တာနိ၊စုတိ၏ရှေးအဖို့၌ ဖြစ်နှင့် သောအမှတ်အသားတို့သည်။[ပုဗ္ဗနိမိတ္တာနီတိ စုတိယာ ပုဗ္ဗနိမိတ္တာနိ။—ဋီကာ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ (ကိ၊နည်း။) မာလာ၊ ပန်းတို့သည်။ မိလာယန္တိ၊ ညှိုးနွမ်းကုန်၏။ ဝတ္ထာနိ၊ အဝတ်တို့သည်။ ကိလိဿန္တိ၊ ညစ်နွမ်းကုန်၏။ ကစ္ဆေဟိ၊ လက်ကတီးကြားတို့မှ။ သေဒါ၊ ချေးတို့သည်။ မုစ္စန္တိ၊ ယိုထွက်ကုန်၏။ ကာယေ၊ ကိုယ်၌။ ဒုဗ္ဗဏ္ဏိယံ၊ မကောင်းသော အဆင်းရှိသူ၏ အဖြစ်သည်။ သြက္ကမတိ၊ သက်ရောက်၏။ ဒေဝေါ၊ နတ်သည်။ ဒေဝါ သနေ၊ နတ်တို့၏နေရာ၌။ နသဏ္ဌာတိ၊ မတည်နိုင်။ (ဣတိ၊ သို့။) ပဋ္ဌ၊ ကုန်သော။ ပုဗ္ဗနိမိတ္တာနိ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။

တတ္ထ၊ ထို ငါးပါးသော ပုဗ္ဗနိမိတ်တို့တွင်။ မာလာတိ၊ ကား။ပဋိသန္ဓိဂ္ဂဟဏဒိဝသေ၊ ပဋိသန္ဓေယူရာနေ့၌။ ပိဋ္ဌန္ဓနမာလာ၊ ပန်ဆင်အပ်သောပန်းတို့တည်း။ ကိရ၊ ခဲ့။ တာ၊ ထိုပန်းတို့သည်။ သဋ္ဌိသတသဟဿာဓိကာ၊ခြောက်

ဒိဗ္ဗသမ္ပတ္တိအနုဘဝနံ နာမ နတ္ထီ''တိ ဥဿာဟဇာတဿ ပုညသမ္ဘာရဿ ဝသေ နာတိ ဒဋ္ဌဗ္ဗံ။ အယဉ္ဌေတ္ထ ဓမ္မတာ။—ဋီကာ။]

ပဋ္ဌ ပုဗ္ဗနိမိတ္တာနီ။ ။ဤ ပဋ္ဌပုဗ္ဗနိမိတ္တာနိ ကို ရည်ရွယ်၍ ''ဆင်မြန်း—ပန်းညှိုး၊ ပုဆိုးနွမ်းပါး၊ချိုင်းကြားချေးယို၊ ကိုယ်ရောင်ဆင်းပျက်၊ နန်းထက်မမ္မေ့၊ နတ်ဘုံဟော့၊ စုတေ့နိမိတ်ငါး''ဟု ရှေးဆရာတော်တို့ မိန့်ဆိုတော်မူကြသည်။ ဤအတူ ရဟန်းများမှာလည်း ရဟန်းဘဝမှ စုတေခါနီး—တည်းဟူသော လူထွက်ခါနီး၏ ရှေအဖို့ဝယ် နိမိတ်ငါးပါးထင်လာကုန်၏။ [ဧဝမေဝ သာသနာ စဝနဓမ္မာနံ ဥက္ကဏ္ဌိတဘိက္ခူနံ ပဋ္ဌပုဗ္ဗနိမိတ္တာနိ ပညာယန္တိ။ သဒ္ဓါပုပ္ပါနိ မိလာယန္တိ၊ သီလဝတ္ထာနိ ကိလိဿန္တိ၊ သရီရေမကုံတာယ စေဝ အယသဝသေနစ ဒုဗ္ဗဏ္ဏိယံ သြက္ကမတိ၊ကိလေသသေဒါ မုစ္စန္တိ၊ အရညရုက္ခမူလသုညာဂါရေသု နာဘိရမန္တိ၊ တဿပိ တာနိ ပညာယိံသု။—သတ္တတိနိပါတ် ကုသဇာတ် အဋ္ဌကထာ။] ''သဒ္ဓါပန်းညှိုး၊ သီလ ပုဆိုးညစ်၊ ချေးလွှတ် ကိလေသာ၊ ကိုယ်မှာဆင်းပျက်၊ ရဟန်းဘက်မမ္မေ့၊လူ့ဘောင်ရွှေ့၊စုံတေ့နိမိတ်ငါး''။

သဒ္ဓါ ပုပ္ပံ မိလာတဿ၊ သီလဝတ္ထံ ကိလိဿတိ။
ကိလေသသေဒါ မုစ္စန္တိ၊ ကာယေ ဟောတိ ဝိဝဏ္ဏတာ။
ဘိက္ခု ဘိက္ခာသနေ နာဘိ—ရမတေ ဣတိ ပဋ္ဌမာ။
သက္ကတ္တဲသဒိသာ ဘိက္ခု-ဘာဝါ စုတိနိမိတ္တကာ။

သန်းအလွန်ရှိကုန်သော။ သတ္တပဏ္ဏာသဝဿကောဋိယော၊ဝါးဆယ့်ခုနစ်ကုဋေ သော နှစ်တို့ပတ်လုံး။ အမိလာယိတ္ဌာ၊ မညှိုးနွမ်းမူ၍။ တဒါ၊ စုတေခါနီးရာ ထိုအခါ၌။ မိလာယနွှိ၊ ကုန်၏။ ဝတ္ထေသုပိ၊ တို့၌လည်း။ ဧသေဝနယော။ ပန၊ ကား။(ဝတ္ထာနိ ကိလိဿနွှိ ဟူသောအကျဉ်း၏ အကျယ်မှတပါး ကစ္ဆေ ဟိ သေဒါ မုစ္စနွှိ ဟူသောအကျဉ်း၏ အကျယ်ကား။) ဧတ္တကံ၊သော။ကာလံ၊ ပတ်လုံး။ ဒေဝါနံ၊ ထို့၏။ ဝါ၊ တို့မှ။(သရီရေ၊ ၌။) သီတံ၊ သည်။နေဝ ဟောတိ၊ မဖြစ်။ ဥဏ္ဍံ၊ သည်။ နဟောတိ။ တသ္မိံကာလေ၊ စုတေခါနီး ရာ ထိုအခါ၌။ သရီရာ၊ မှ။ ဗိန္ဒုဗိန္ဒုဝသေန၊ အပြောက်အပြောက်၏ အစွမ်း ဖြင့်။ သေဒါ၊ တို့သည်။ မုစ္စနွှိ၊ ကုန်၏။ စ၊ဆက်။ ဧတ္တကံ၊ သော။ကာလံ၊ ပတ်လုံး။ တေသံ၊ ထိုနတ်တို့၏။ သရီရေ၊ ၌။ ခဏ္ဍိစ္စပါလိစ္စာဒိဝသေန၊ ကျိုးသောသွားတို့၏အဖြစ်၊ဖြူသောဆံတို့၏အဖြစ် အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝါ၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝိဝဏ္ဏတာ၊ ဖောက်ပြန်သောအဆင်းရှိသူ၏အဖြစ်သည်။နပညာယတိ၊ မထင်ရှား၊ [ဒန္တာနံ ခဏ္ဍိတဘာဝေါ ခဏ္ဍိစ္စံ၊ ကေသာနံ ပလိတဘာဝေါ ပါလိစ္စံ၊ အာဒိသဒ္ဒေန ဝလိတ္တစတံ သင်္ဂဏ္ဍာတိ။(အာဒိဖြင့် အရေတွန့်ခြင်းကိုယူပါ)။–ဋီကာ။] ဒေဝ

အမိလာယိတ္ဌာ။ ။ထိုမျှလောက်သော ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းသော နှစ် တို့ပတ်လုံး မညှိုးနွမ်းရုံသာမက အဆင်းလည်း မပျက်ကုန်၊ အနံ့လည်း မပြယ်ကုန်၊ တင့်တယ်ပုံလည်း မပြောင်းလွဲကုန်ဟု မှတ်ပါ။ [အမိလာယိတ္ဌာတိဧတ္ထ အမိလာတဂ္ဂဟ ဏေနေဝ တာသံ မာလာနံ ဝဏ္ဏသမ္ပဒါယပိ ဂန္ဓသမ္ပဒါယပိ သောဘာသမ္ပဒါယပိ အဝိနာသော ဒဿိတောတိ ဒဋ္ဌဗ္ဗံ။–ဋီကာ။]

ဝတ္ထေသုပိ။ ။ဗာဟိရဗ္ဘန္တရာနံ ရဇောဇလ္လာနံ လေပဿပိ (အပ အတွင်းဖြစ်ကုန် သော မြူ အညစ်အကြေးတို့ ငြိကပ်ခြင်း၏။) အဘာဝတော (မရှိခြင်းကြောင့်။) ဒေဝါနံ သရီရဂတာနိ ဝတ္ထာနိ (ကိုယ်၌ရောက်ကုန်သော အဝတ်တို့သည်။) သဗ္ဗကာလံ ပရိသုဒ္ဓပ္ပဘဿရာနေဝ (ထက်ဝန်းကျင် စင်ကြယ်ကုန်၊ ထွက်သွားသော အရောင်ရှိကုန် သည်သာလျှင်။) ဟုတ္ဌာ တိဋ္ဌန္တီတိ အာဟ ''ဝတ္ထေသုပိ ဧသေဝ နယော'' တိ။ -ဋီကာ။

နေဝ သီတံ နဥဏ္ဍံ။ ။နေဝ သီတံ နဥဏ္ဍန္တိ ယဿ သီတဿ၊ အကြင်အအေး ကို။ ပဋိကာရဝသေန၊ ကုစားခြင်း၏အစွမ်းဖြင့်။ အဓိကံ၊ လွန်လွန်ကဲကဲ။ သေဝိယမာနံ၊ မှီဝဲအပ်သော်။ ဥဏ္ဍံ၊သည်။ (ဟောတိ။) ဝါ၊ တနည်း။ သယမေဝ၊ အပူဟူသော မိမိ ကိုယ်တိုင်ပင်။ ခရတရံ၊ အလွန်ကြိမ်းသည်။ဟုတ္ဌာ။ အဘိဘဝန္တံ၊ လွှမ်းမိုးလတ်သော်။ သရီရေ၊ ၌။ သေဒံ ဥပ္ပါဒေယျ၊ တာဒိသံ နေဝ သီတံ၊ နဥဏ္ဍံ ဟောတိ။–ဋီကာ။ ထို့ပြင် အအေး အပူ ဟူသည် ညဉ့် နေ့ ဥတုနှင့်စပ်၍ ဖြစ်၏။ နေကြောင့် ပူရ၏။ နေဝင် သောအခါ၊ သို့မဟုတ် မိုးရွာသောအခါ အေးရ၏။ ထို မိုးဓာတ်အရှိန်ကြောင့် ဆောင်း

ဓိတာ၊ နတ်သမီးတို့သည်။ သောဋ္ဌသဝဿုဒ္ဒေသိကာဝိယ၊ တဆယ့်ခြောက်နှစ်ရှိ၏ဟု ညွှန်ပြထိုက်သူတို့ကဲ့သို့။ ခါယန္တိ၊ ထင်ကုန်၏။ ဒေဝပုတ္တာ၊တို့သည်။ ဝိသတိဝဿုဒ္ဒေသိကာဝိယ၊ အနှစ် နှစ်ဆယ်ရှိ၏ဟု ညွှန်ပြထိုက်သူတို့ကဲ့သို့။ ခါယန္တိ၊ ကုန်၏။ ပန၊ ဆက်။ မရဏကာလေ၊ ၌။ တေသံ၊ ထို နတ်တို့၏။ ကိလန္တိရူပေါ၊ ပင်ပန်းသည်၏အဖြစ်ဟူသော သဘောရှိသော။ အတ္တဘာဝေါ၊ သည်။ ဟောတိ၊ ၏။ စ၊ ကား။(ကာယေ ဒုဗ္ဗဏ္ဏိယံ သြက္ကမတိ ဟူသော အကျဉ်း၏အကျယ်မှတပါး ဒေဝေါ ဒေဝါသနေ နသဏ္ဌာတိ ဟူသောအကျဉ်း၏ အကျယ်ကား။) တေသံ၊ ထိုနတ်သား၊နတ်သမီးတို့၏။ တ္တေကံ၊ သော။ ကာလံ၊ လုံး။ ဒေဝလောလေ၊ ၌။ ဥက္ကဏ္ဌိတာနာမ၊ ပျင်းရိခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ရှိပုံကား။မရဏကာလေ၊၌။ နိဿသန္တိ၊ ပူသောထွက်သက်ကို ဖြစ်စေကုန်၏။ ["နိဿမန္တိ၊အပန်းဖြေကြကုန်၏"ဟု မူကဲ့ရှိ၏။ ဋ္ဌကာဖွင့်နှင့်မညီ။]ဝိဇမ္ဘန္တိ၊ကိုယ်လက်ဆန့်တန်း နေကြကုန်၏။သကေ၊ မိမိဥစ္စာဖြစ်သော။ အာသနေ၊ ၌။နာဘိရမန္တိ၊ မမွေ့လျော်ကြကုန်။

ဥတု ပေါ်လာရ၏။ ထိုကဲ့သို့ ဥတုအပြောင်းအလဲ ဖြစ်ဖို့ရာ နေမရှိသောကြောင့်လည်း နတ်ပြည်၌ အအေး အပူ မထင်ရှား။

သောဋ္ဌသဝဿုဒ္ဒေသိကာ။ ။ဥဒ္ဒိဿနံ၊ ညွှန်ပြရခြင်း။ ဥဒ္ဒေသော၊ ခြင်း။ ဥဒ္ဒေသံ၊ ညွှန်ပြခြင်းကို။ အရဟန္တိ၊ ထိုက်ကုန်၏။ ဇုတိ ဥဒ္ဒေသိကာ။ သောဋ္ဌသဝဿောတိ၊ တဆယ့်ခြောက်နှစ် ရှိ၏ ဟူ၏။ ဥဒ္ဒေသိကာ၊ ညွှန်ပြခြင်းကိုထိုက်သော နတ်သမီးတို့။ သောဋ္ဌသဝဿုဒ္ဒေသိကာ၊ တို့။

ကိလန္တိရူပေါ။ ။ကိလန္တိရူပေါ အတ္တဘာဝေါ ဟောတိ၊ န ပန ခတ္တိစ္စပါလိစ္စာဒိတိ အဓိပ္ပါယော။— ဋီကာ။ ညှိုးနွမ်းဟု ဆိုသော်လည်း သွားကျိုးခြင်း၊ ဆံဖြူခြင်းအားဖြင့် ညှိုးနွမ်းခြင်းမဟုတ်။ သဘာဝအားဖြင့် တကိုယ်လုံး ညှိုးနွမ်းနေခြင်းတည်း။ သွားကျိုးမှု၊ ဆံဖြူမှုကား မရှိပါ။ကိလမတိတိ ကိလန္တော (ညှိုးနွမ်းပင်ပန်းသော အတ္တဘော။) ကိလန္တော ရူပံ ယဿာတိ ကိလန္တရူပေါ။ [ရူပံနှင့် အရတူအောင် ဘာဝေါ ပဓာနကြံပါ။]

ဥက္ကဏ္ဌိတာ။ ။ဥက္ကဏ္ဌိတာတိ အနဘိရတိ (မမွေ့လျော်ခြင်း။) သာ နတ္ထိ၊ ထို မမွေ့လျော်ခြင်းသည် မရှိ။ (ဘာ့ကြောင့်နည်း။) ဥပရူပရိ ဥဇ္ဇာရုဇ္ဇာရာနမေဝ ဘောဂါနံ ဝိသေသတော ဒုဝိဇာနနာနံ ဥပတိဋ္ဌဟနတော (အထက်အထက်၌ မွန်မြတ်ကုန် မွန်မြတ်ကုန်သည်သာလျှင် ဖြစ်ကုန်သော အထူးအားဖြင့် အသိမ်းကုန်သော ရှေစည်းစိမ်နောက်စည်းစိမ်တို့၏ အနိုးဆွဲတည်ခြင်းကြောင့်တည်း။)

နိဿသန္တိ ဝိဇမ္ဘန္တိ။ ။နိဿသန္တိတိ ဥဏှံ နိဿသန္တိ (ပူသောထွက်သက်ကို ပြုကုန်၏။) ဝိဇမ္ဘန္တိတိ အနဘိရတိဝသေန ဝိဇမ္ဘနံ ကရောန္တိ (ပျင်းရိသည့်အတွက် ကိုယ်လက်တို့ကို ဆန့်ကြကုန်၏။)

ပန၊ ဆက်။ ဣမာနိ ပုဗ္ဗနိမိတ္တာနိ၊ တို့သည်။ လောကေ၊ ၌။ မဟာပုညာနံ၊ ကြီးသောဘုန်းရှိကုန်သော။ ရာဇ ရာဇမဟာမတ္တာနံ ယေဝ၊မင်း၊ မင်း၏ အမတ်ကြီး အစရှိသူတို့၏ အတွက်သာ။ ဥက္ကာပါတဘူမိစာလစန္ဒဂ္ဂါဟာဒီနိ၊ ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်း၊ လငပုတ်ဖမ်းခြင်း အစရှိကုန်သော။ နိမိတ္တာနိ၊ တို့သည်။ ပညာယန္တိယထာ၊ ထင်ရှားကုန်သကဲ့သို့။ သဗ္ဗေသံ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့၏အတွက်။ န (ပညာယန္တိယထာ၊) သို့။ ဧဝံ၊ တူ။ မဟေသက္ခ ဒေဝတာနံယေဝ၊ ကြီးသော တန်ခိုးရှိသော နတ်တို့၏အတွက်သာ။ ပညာယန္တိ။ သဗ္ဗေသံ၊ တွက်။ န (ပညာယန္တိ၊) ကုန်။ စ၊ သည်သာမကသေး။ မနုဿေသု၊ တို့တွင်။ ပုဗ္ဗနိမိတ္တာနိ၊ တို့ကို။ နက္ခတ္တပါဌကာဒယောဝ၊ နက္ခတ်ကျမ်းကို ရွတ်ဖတ်တတ်သော ဆရာအစရှိသည်တို့သည်သာ။ ဇာနန္တိယထာ၊ သိနိုင်ကုန်သကဲ့သို့။ [နက္ခတ္တံ၊ နက္ခတ်ကျမ်းကို။ ပဌန္တိ၊ ရွတ်ဖတ်တတ်ကုန်၏။ ဝါ၊ တတ်ကုန်၏။ ဣတိ နက္ခတ္တပါဌကာ။] သဗ္ဗေ၊ တို့သည်။ န (ဇာနန္တိယထာ၊) သို့။ ဧဝံ၊ တူ။ တာနိပိ၊ ထို ပုဗ္ဗနိမိတ်တို့ကိုလည်း။ သဗ္ဗဒေဝတာ၊ တို့သည်။ န ဇာနန္တိ၊ ကုန်။ ပန၊ အနွယကား။ ပဏ္ဍိတာဧဝ၊ ပညာရှိသော နတ်တို့သည်သာ။ ဇာနန္တိ၊ ကုန်၏။ တတ္ထ၊ ထို နတ်တို့တွင်။ မန္ဒေန၊ နုံ့သော။ ကုသလကမ္မေန၊ ကြောင့်။ နိဗ္ဗတ္တာ၊ ဖြစ်ရကုန်သော။ ယေ ဒေဝပုတ္တာ၊ တို့သည်။ (သန္တိ၊ ကုန်၏။)တေ၊ ထို နတ်သားတို့သည်။ တေသု၊ ထို ပုဗ္ဗနိမိတ်တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ ဣဒါနိ၊ ယခုအခါ၌။ ကုဟိံ၊ အဘယ်ဘဝ၌။ ဝါ၊ မည်သည့်ဘဝ၌။ နိဗ္ဗတ္တိဿာမ၊ ဖြစ်ရကုန်လိမ့်အံ့။ ဣတိ၊ သို့။ ကော၊ အဘယ်သူသည်။ ဇာနာတိ၊ သိနိုင်ပါအံ့နည်း။ ဣတိ၊ ဤသို့တွေး၍။ ဘာယန္တိ၊ ကြောက်ကြကုန်၏။ ယေ၊ အကြင်နတ်တို့သည်။ မဟာပုညာ၊ ကုန်သည်။ (ဟောန္တိ။) တေ၊ ထို မဟာပုညနတ်တို့

ယေ မဟာပုညာ။ ။ယထာ ဒေဝတာ သမ္ပတိဇာတာ"ကီဒိသေန ပုညကမ္မေန ဣဓ နိဗ္ဗတ္တာ"တိ စိန္တေတွာ "ဣမိနာ နာမ ပုညကမ္မေန ဣဓ နိဗ္ဗတ္တာ"တိ ဇာနန္တိ၊ (နတ်တို့သည်ဖြစ်ပြီး၍ မကြာခင်"မည်သည့်ကောင်းမှုကြောင့် ဤနတ်ပြည်၌ ဖြစ်ရပါကုန်လိမ့်မည်နည်း"ဟု စဉ်းစားသောအခါ"မည်သည့်ကောင်းမှုကြောင့်ဤနတ်ပြည်၌ ဖြစ်ရကုန်၏"ဟု သိကြသကဲ့သို့။) ဧဝံ အတိတဘဝေ အတ္တနာ ကတံ, အညဒါပိ ဝါ ဧကစ္စံ ပုညကမ္မံ ဇာနန္တိယေဝ မဟာပုညာတိ အာဟ"ယေ မဟာပုညာ"တိ အာဒိ။ (ဤ့အတူ အတိတ်လွန်ပြီးစ ဘဝတုန်းက မိမိပြုအပ်ခဲ့သောကောင်းမှုကိုလည်းကောင်း၊ အခြား ရှေးရှေးသော ဘဝတုန်းက ပြုအပ်ခဲ့သော အချို့သော ကောင်းမှုကိုလည်းကောင်း မဟာပုညနတ်တို့ သိနိုင်ကြကုန်သည်သာ။ ထို့ကြောင့် "ယေ မဟာပုညာတိ"စသည်ကို ဆိုသည်။)

သည်။ အမှေ့ဟိ၊ တို့သည်။ ဒိန္နံ၊ ပေးလှူအပ်သော။ ဒါနံ၊ ဒါနကိုလည်း ကောင်း။ ရက္ခိတံ၊ စောင့်ရှောက်အပ်သော။ သီလံ၊ ကိုလည်းကောင်း။ ဘာဝိတံ၊ တိုးပွားစေအပ်သော။ ဝါ၊ ပွါးများအပ်သော။ ဘာဝနံ၊ ကို လည်းကောင်း။ အာဂမ္မ၊ ရှေးရှုရောက်၍။ ဝါ၊ စွဲ၍။ ဥပရိ၊ အထက် ဖြစ်ကုန်သော။ ဒေဝလောကေသု၊ တို့၌။ သမ္ပတ္တိ၊ ကို။ အနုဘဝိဿာမ၊ ခံစားရကုန် လိမ့်အံ့။ ဣတိ၊ ဤသို့ ဆိုး၍။ နဘာယန္တိ၊ ကုန်။

ဝိပဿီ၊ သော။ ဗောဓိသတ္တောပိ၊ သည်လည်း။ တာနိပုဗ္ဗနိမိတ္တာနိ၊တို့ကို။ ဒိသွာ၊ ၍။ ဣဒါနိ၊ ၌။ အနန္တရေ၊ အခြားမဲ့ဖြစ်သော။ အတ္တဘာဝေ၊ ၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿာမိ၊ ဖြစ်ရလိမ့်အံ့။ ဣတိ၊ ဤသို့သိ၍။ နဘာယတိ၊ မကြောက်။အထ၊ပုဗ္ဗနိမိတ်ထင်ရာ ထိုအခါ၌။အဿ၊ထိုဝိပဿီဘုရားအလောင်း တော်၏။ တေသု နိမိတ္တေသု၊ ထိုနိမိတ်တို့သည်။ ပါတုဘူတေသု၊ ထင်ရှားဖြစ် ကုန်လတ်သော်။ဒဿသဟဿစက္ကဝါဠဒေဝတာ၊ တသောင်းသော စကြဝဠာ ၌ နေကုန်သော နတ်ဗြဟ္မာတို့သည်" သန္နိပတိတ္ဝာ၊ ၍။ မာရိသ၊ အရှင်နတ် သား။ တုမှေဟိ၊ အရှင်တို့သည်။ ဒဿပါရမိယော၊ တို့ကို။ ပူရေန္တေဟိ၊ ဖြည့် ကုန်လတ်သော်(ဖြည့်စဉ်တုန်းက။)သက္ကသမ္ပတ္တိ၊သကြား၏စည်းစိမ်ကို။(ပတ္ထေ နေ့ဟိ၊ တောင့်တကုန်လျက်။) န(ပူရိတာ၊)ဖြည့်ကျင့်အပ်ကုန်သည်မဟုတ်ပါ။ မာရသမ္ပတ္တိ၊ ကို။(ပတ္ထေနေ့ဟိ။) န(ပူရိတာ၊) ပါ။ ဗြဟ္မသမ္ပတ္တိ၊ ကို။ (ပတ္ထေနေ့ဟိ။) န(ပူရိတာ၊) ပါ။ စက္ကဝတ္တိသမ္ပတ္တိ၊ စကြာဝတေးမင်း၏ စည်းစိမ်ကို။ ပတ္ထေနေ့ဟိ၊ လျက်။ နပူရိတာ၊ဖြည့်ကျင့်အပ်ကုန်သည် မဟုတ် ပါ။ ပန၊ အဟုတ်ကား၊ လောကနိတ္ထရဏတ္ထာယ၊ သတ္တလောက်ကို ထုတ် ဆောင် ကယ်တင်ခြင်းအကျိုးငှါ။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ ပတ္ထယမာနေဟိ၊ တောင့်တကုန်သည်ဖြစ်၍။ ပူရိတာ၊ ဖြည့်ကျင့်အပ်ကုန်ပါပြီ။ မာရိသ၊ အရှင် နတ်သား။ ဣဒါနိ၊ ၌။ ဝေါ၊ အရှင်တို့၏။ သော၊ ထိုအခါသည်။ ဗုဒ္ဓတ္တာယ၊ ဘုရားအဖြစ်အကျိုးငှါ။ ဝါ၊ ဘုရားဖြစ်ဖို့ရာ။ ကာလော၊အခါပါတည်း။ မာရိသ။(သော၊ ထိုအခါနှင်သည်။) ဗုဒ္ဓတ္တာယ၊ ငှါ။ ဝါ၊ ရာ။(သမယော၊ အခါနှင်ပါတည်း။) ဣတိ၊ ဤသို့။ (ဝတ္ဝာ၊ ပြော၍။) ယာစန္တိ၊ လူ့ပြည်သို့ ဖြစ်ဖို့ရန် တောင်းပန်ကြကုန်၏။ ["အထဿ"၌ အဿ၏စပ်ပုဒ် မရှိသော ကြောင့် (ဝတ္ဝာ၊ ၍။)ဟု ထည့်၍စပ်ရသည်။ ယာစန္တိ အတ္ထက်ကား-(ဗောဓိ သတ္တံ၊ ကို။ ဗုဒ္ဓတ္တံ၊ ကို။) ယာစန္တိ၊ ကုန်၏။-ဟု ကံနှစ်ပါးထည့်ပါ။]

အထ၊ တောင်းပန်ကြရာ ထိုအခါ၌။ မဟာသတ္တော၊ မြတ်သောသတ္တဝါ ဖြစ်တော်မူသောဘုရားအလောင်းသည်။ တာသံဒေဝတာနံ၊ တို့အား။ ပဋိညံ၊

ပဋိညာဉ်ကို။ အဒတ္ဝာဝ၊ မပေးသေးမူ၍သာ။ ကာလ ဒီပ ဒေသ ကုလ ဇနေတို့ အာယုပရိစ္ဆေဒဝသေန၊ ဘုရားဖြစ်ရာ အခါ၊ ဘုရားဖြစ်ရာ ကျွန်း၊ ဘုရားဖြစ်ရာအရပ်၊ ဘုရားဖြစ်ရာအမျိုး၊ မယ်တော်၏အသက်အပိုင်းအခြား၏အစွမ်းအားဖြင့်။ ပဉ္စမဟာဝိလောကနံနာဝမ၊ ငါးပါးသောကြည့်ခြင်းကြီးမည်သည်ကို။ ဝါ၊ ငါးပါးသော မြတ်သော ကြည့်ရှုအပ်သောအကြောင်းအရာမည်သည်ကို။ ဝိလောကေသိ၊ ကြည့်သော်မူပြီ။ တတ္ထ၊ ထို ကြည့်အပ်သော အရာတို့တွင်။ ကာလောနုံခေါ၊ ဘုရားဖြစ်ဖို့ရန်အချိန်တန်ပြီလော။ နု ကာလော(နုခေါ)၊ ဘုရားဖြစ်ဖို့ရန် အချိန်မတန်သေးသလော။ ဣတိ၊ သို့။ ပဌမံ၊ ဒီပ စသည်တို့မှ ရှေးဦးစွဲ၁။ ကာလံ၊ အခါကို။ ဝိလောကေသိ၊ ပြီ။ တတ္ထ၊ထို ကာလကိုကြည့်ရှု၌။ ဝဿသတသဟဿတော၊ အနှစ်ဘသိန်းမှ။ ဥဒ္ဓံ၊ အထက်၌။ ဝဿုတအာယုကာလော၊ တိုးပွါးသော အသက်တမ်းရှိရာ အခါသည်။ ကာလောနာမ၊ ဘုရားပွင့်တော်မူရာ အခါမည်သည်။ နု ဟောတိ၊ မဟုတ်။ ကဿ၊ နည်း။ ဟိ (ယဿ)၊ အကြင့်ကြောင့်။ တဒါ၊ အနှစ်တသိန်းအထက် အသက်တမ်းရှိရာ ထိုအခါ၌။ သတ္တာနံ၊ တို့၏။ ဇာတိဇရာမရဏာနိ၊ တို့သည်။ နု ပညာယန္တိ၊ ကုန်။ စ၊ ဆက်။ ဗုဒ္ဓါနံ၊ တို့၏။ တိလက္ခဏမုတ္တာ၊ သုံးပါးသောလက္ခဏာမှ လွတ်သော။ ဓမ္မဒေသနာ နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တေ၊ ထို သတ္တဝါတို့သည်။ (“နမညန္တိ” ၌ စပ်။) တေသံ၊ ထို ဘုရားရှင်တို့သည်။ (“ကထေန္တာနံ”၌ စပ်။) အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ သို့။ ကထေန္တာနံ၊ ဟောတော်မူကုန်လတ်သော်။ ကိံ နာမ၊ အဘယ်မည်သော။ တေံ၊ ဤ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို။ ကထေန္တိ၊ ဟောတော်မူကုန်သနည်း။ ဣတိ၊ ဤသို့၌။ သေတုံ၊ နာယူခြင်းငှါ။ ဝါ၊ နာယူအပ်၏ ဟူ၍။ နေဝမညန္တိ၊ မမှတ်ထင်ကြကုန်။ သဒ္ဓါဟိတုံ၊ ယုံကြည်ခြင်းငှါ။ ဝါ၊ ဟူ၍။ နမညန္တိ၊ ကုန်။ တာတာ၊ ထိုသို့ နာယူအပ် ယုံကြည်အပ်ဟု မမှတ်ထင်ခြင်းကြောင့်။ အဘိသမယော၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည်။ နု ဟောတိ၊ မဖြစ်။ တသ္မိံ၊ ထို သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည်။ အသတိ၊ မရှိလတ်သော်။ အနိယျာနိကံ၊ ဝဋ်ဆင်းရဲမှ မထွက်မြောက်သော။ သာသနံ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထို တသိန်းတမ်း အထက်၌ အသက်ရှည်ရာကာလသည်။ အကာလော၊ ဘုရားပွင့်တော်မူရာ ကာလမဟုတ်။

ဝဿသဟဿတော၊ အနှစ်တရာမှ။ ဝါ၊ အနှစ်ဘရာအောက်။ ဥနအာယုကာလောပိ၊ ယုတ်လျော့သော အသက်ဘမ်းရှိရာ အခါသည်လည်း။ ကာလော၊ ဘုရားပွင့်တော်မူရာ အခါသည်။ ဝါ၊ ဘုရားပွင့်ချိန်သည်။ နု ဟော

တိ၊ မဟုတ်။ ကသ္မာ၊ နည်း။ ဟိ (ယသ္မာ)၊ ကြောင့်။ တဒါ၊ အနှစ်တရာ အောက် ယုတ်လျော့သော အသက်တမ်းရှိရာ ထိုအခါ၌။ သတ္တာ၊ တို့သည်။ ဥဿန္နကိလေသာ၊ များသောကိလေသာ ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ စ၊ ဆက်။ ဥဿန္နကိလေသာနံ၊ များသောကိလေသာရှိသော သတ္တဝါတို့အား။ ဒိန္နော၊ ပေးအပ်သော။ သြဝါဒေါ၊ သြဝါဒသည်။ သြဝါဒဋ္ဌာနေ၊ သြဝါဒ၏ အရာ၌။ နတိဋ္ဌတိ၊ မတည်။ ဥဒကေ၊ ရေ၌။ ဒဏ္ဍရာဇိဝိယ၊ တုတ်၏အရေးကဲ့သို့။ ခိပ္ပံ၊ လျင်စွာ။ ဝိဂစ္ဆတိ၊ ကင်း၏။ တသ္မာ၊ ကြောင့်။ သောပိ၊ ထို အနှစ်တရာအောက် ယုတ်လျော့သောအသက်တမ်းရှိရာ အခါသည်လည်း။ အကာလော၀၊ ဘုရားပွင့်တော်မူရာ အခါမဟုတ်သည်သာ။ ၀ဿသတာသဟာယံတေ၊ အနှစ်တသိန်းမှ။ ပဋ္ဌာယ၊ ၍။ ဟေဋ္ဌာ၊ အောက်၌လည်းကောင်း။ ၀ဿသတတော၊ အနှစ်တရာမှ။ ပဋ္ဌာယ၊ ၍။ ဥဒ္ဓံ၊ အထက်၌လည်းကောင်း။ အာယုကာလော၊ အသက်တမ်းရှိရာ အခါသည်။ ၀၊ အသက်တမ်းအခါသည်။ ကာလောနာမ၊ ဘုရားပွင့်တော်မူရာ အခါမည်၏။ စ၊ ဆက်။ တဒါ၊ ဝိပဿီဘုရားပွင့်တော်မူရာ ထိုအခါ၌။ မနုဿာ၊ တို့သည်။ အသီတိ၀ဿသဟဿာယုကာ၊ အနှစ်ရှစ်သောင်း အသက်တမ်းရှိကုန်သည်။ (ဟောန္တိ၊ ကုန်၏။) အထ၊ အနှစ်ရှစ်သောင်း အသက်တမ်းရှိရာ ထိုအခါ၌။ မဟာသတ္တော၊ မြတ်သောသတ္တဝါဖြစ်တော်မူသော ဘုရားအလောင်းသည်။ နိဗ္ဗတ္တိတဗ္ဗကာလော၊ ဘုရားဖြစ်ထိုက်ရာ အခါတည်း။ ဣတိ၊ သို့။ ကာလံ၊ ဘုရားဖြစ်ချိန်ကို၊ ပသိ၊ မြင်တော်မူပြီ။

တတော၊ ထိုမှနောက်၌။ ဒီပံ၊ ဘုရားဖြစ်ရာ ကျွန်းကို။ ဝိလောကေန္တော၊ ကြည့်တော်မူလတ်ဖေသာ်။ သပရိ၀ါရော၊ အခြံအရံနှင့်တကွ ဖြစ်ကုန်သော။ စတ္တာရော၊ လေးကျွန်းကုန်သော။ ဒီပေ၊ ကျွန်းတို့ကို။ သြလောကေတွာ၊ ကြည့်တော်မူ၍။ တီသု၊ သုံးကျွန်းကုန်သော။ ဒီပေသု၊ ကျွန်းတို့၌။ ဗုဒ္ဓါ၊ တို့သည်။ နနိဗ္ဗတ္တန္တိ၊ မဖြစ်ကုန်။ ဇမ္ဗုဒီပေယေ၀၊ ဇမ္ဗူဒီပ်၌သာ။ ၀၊ သပြေကျွန်း၌သာ။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ဒီပံ၊ ဘုရားဖြစ်ရာ ကျွန်းကို။ ပသိ၊ မူပြီ။ [ဇမ္ဗုဒီပေယေ၀နိဗ္ဗတ္တန္တိ-နှင့်စပ်၍ အကျယ်မှတ်ဖွယ်ကို ဋီကာ၌ ဆိုထား၏။ ထို ဋီကာမှယူ၍ဆရာတော်၏နိဿယ၌လည်း ပြတော်မူထား၏။]

တတော၊ ထိုမှနောက်၌။ ဇမ္ဗုဒီပေါနာမ၊ ဇမ္ဗုဒီပမည်သည်။ မဟာ၊ ကျယ်၀န်း၏။ ဒသယောဇနသဟဿပရိမာဏော၊ ယူဇနာတသောင်း အ၀န်းအ၀ိုင်းရှိ၏။ ကတရသ္မိံ ပဒေသေ၊ အဘယ်အရပ်၌။ ဗုဒ္ဓါ၊ တို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ပါကုန်လိမ့်မည်နည်း။ ဣတိ၊ သို့။ ဒေသံ၊ ဘုရားဖြစ်ရာ အရပ်ကို။

ဝိလောကေန္တော၊ လတ်သော်။ မဇ္ဈိမဒေသံ၊ မဇ္ဈိမအရပ်ကို။ ပဿိ၊ ပြီ။ မဇ္ဈိမဒေသောနာမ၊ မည်သည်။ ပုရတ္ထိမာယ ဒိသာယ ဇင်္ဂလံနာမ နိဂမောတိ အာဒိနာ၊ အစရှိသော။ နယေန၊ ဖြင့်။ ဝိနယေ၊ - မဟာဝဂ္ဂဝိနည်းပါဠိတော်၌။ ဝုတ္တော ဝ၊ ဟောတော်မူအပ်ပြီးသည်သာ။ သော၊ ထို မဇ္ဈိမဒေသသည်။ အာယာမတော၊ အလျားအားဖြင့်။ တီဏိ ယောဇန သတာနိ၊ ယူဇနာသုံးရာတို့သည်။ (ဟောန္တိ၊ ၏။) ဝိတ္ထာရတော၊ အနံအားဖြင့်။ အစုတေယျာနိ (ယောဇနသတာနိ၊) အခွဲအားဖြင့် ယူဇနာသုံးရာတို့သည်။ ဝါ၊ ယူဇနာ နှစ်ရာ့ငါးဆယ်တို့သည်။ (ဟောန္တိ၊) ပရိက္ခေပတော၊ အဝန်းအဝိုင်းအားဖြင့်။ နဝယောဇနသတာနိ၊ ယူဇနာကိုးရာတို့သည်။ (ဟောန္တိ) ဣတိ၊ ဤသို့ သိအပ်၏။ ဟိ၊ မှန်။ ဧတသ္မိံ ပဒေသေ၊ ဤ မဇ္ဈိမအရပ်၌။ (အလျားအားဖြင့် ယူဇနာသုံးရာ၊ အနံအားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်းအဝိုင်းအားဖြင့် ယူဇနာကိုးရာရှိသောအရပ်၌။) ဗုဒ္ဓါ၊ တို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါ၊ တို့သည်လည်းကောင်း။ အဂ္ဂသာဝကာ၊ တို့သည်လည်းကောင်း။ အသီတိမဟာသာဝကာ၊ တို့သည်လည်းကောင်း။ စက္ကဝတ္တိရာဇာနော၊ တို့သည်လည်းကောင်း။ အညေ၊ ဆိုအပ်ပြီး ပုဂ္ဂိုလ်တို့မှ အခြားကုန်သော။ မဟေသက္ခာ၊ ကြီးသောအစိုးရခြင်း ရှိသူဟု ဆိုအပ်ကုန်သော။ (ကြီးသောတန်ခိုးရှိကုန်သော။) ခတ္တိယဗြာဟ္မဏဂဟပတိ မဟာသာလာစ၊ များသောဥစ္စာနှစ်ရှိသောမင်း များသောဥစ္စာနှစ်ရှိသော ပုဏ္ဏား များသောဥစ္စာနှစ်ရှိသော သူကြွယ်တို့သည် လည်းကောင်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စ၊ ဆက်။ ဧတ္ထ၊ ဤ မဇ္ဈိမဒေသ၌။ ဗန္ဓုမတီနာမ၊ ဗန္ဓုမတီမည်သော။ ဣဒံ နဂရံ၊ ဤမြို့သည်။ (အတ္ထိ၊ ၏။) တတ္ထ၊ ထို ဗန္ဓုမတီမြို့၌။ မယာ၊ သည်။ နိဗ္ဗတ္တိဘဗ္ဗံ၊ ဖြစ်ထိုက်၏။ ဣတိ၊ သို့။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ အဂမာသိ၊ ရောက်ပြီ။ တတော၊ ထို ဒေသကို ကြည့်ပြီးရာ အခါမှနောက်၌။ ကုလံ၊ ကို။ ဝိလောကေန္တော၊ သော်။ ဗုဒ္ဓါနာမ၊ တို့မည်သည်။ လောကသမ္မတေ၊ လူတို့သည် အမျိုးကောင်းဟု အသိအမှတ်ပြုအပ်သော။ ကုလေ၊ ၌။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ စ၊ ဆက်။ ဣဒါနိ၊ ၌။ ခတ္တိယကုလံ၊ မင်းမျိုးကို။ လောကသမ္မတံ၊ လူတို့သည် အမျိုးကောင်းဟု အသိအမှတ်ပြုအပ်၏။ [ထိုအခါန်၌ ခတ္တိယအမျိုးကို ဗြာဟ္မဏတို့ကသော်မှ အလေးအမြတ်ပြုအပ်၏။ ထို့ကြောင့် "ခတ္တိယကုလံ လောကသမ္မတံ"ဟု ဆိုသည်။] တတ္ထ၊ ထို ခတ္တိယ အမျိုး၌။ နိဗ္ဗတ္တိဿာမိ၊ ဖြစ်ရလိမ့်အံ့။ ဗန္ဓုမာနာမ၊ ဗန္ဓုမာမည်သော။ ရာဇာ၊ သည်။ မေ၊ ၏။ ပိတာ၊ ခမည်းတော်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ကုလံ၊ ကို။ ပဿိ၊ မူပြီ။

တတော၊ ထို ကုလကို ကြည့်ပြီးရာကာလမှ နောက်၌။ မာတရံ၊ ကို။ ဝိလောကေန္တော၊ လတ်သော်။ ဗုဒ္ဓမာတာနာမ၊ သည်။ လောလာ၊ လျှပ်ပေါ်လော်လီ မတည်ကြည်သည်။ သုရာဓုတ္တာ၊ သေရည်အရက်၌ လွန်ကြူးသည်။ ဝါ၊ သေသောက်ကြူးသည်။ နဟောတိ၊ မဖြစ်ကောင်း။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်းပတ်လုံး။ ပူရိတပါရမီ၊ ဖြည့်ကျင့် အပ်ပြီးသော ပါရမီရှိသည်။ (ဟုတ္ဘာ၊ ၍။) ဇာတိတော၊ ဖွားမြင်ရာအခါမှ၊ ပဋ္ဌာယ၊ ၍။ အခဏ္ဍပဉ္ဇသီလာ၊ မကျိုးသော ငါးပါးသီလရှိသူသည်။ ဟောတိ၊ ဖြစ်ရ၏။ ဗန္ဓုမတီနာမ၊ ဗန္ဓုမတီ မည်သော။ အယုဉ္ဇ ဒေဝီ၊ ဤ မိဖုရားသည်လည်း။ ဤဒိသာ၊ ဤကဲ့သို့ ရှုအပ်သည်။ (ဟောတိ၊ ၏။) အယံ၊ ဤ ဗန္ဓုမတီ မိဖုရားသည်။ မေ၊ ၏။ မာတာ၊ မယ်တော်သည်။ ဘဝိဿတိ၊ လတ္တံ့။ ပန၊ ထိုသို့ပင် မယ်တော်ဖြစ်လတ္တံ့ ဖြစ်ပါသော်လည်း။ အဿာ၊ ထို မယ်တော် အလောင်း၏။ အာယု၊ အသက်သည်။ ကိတ္တကံ၊ အဘယ်မျှ အတိုင်းအရှည် ရှိသေးသနည်း။ဣတိ၊ သို့။ အာဝဇ္ဇန္တော၊ ဆင်ခြင်လတ်သော်။ ဒသန္နံ မာသာနံ၊ ဆယ်လတို့၏။ ဥပရိ၊ အထက်၌။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ၊ သို့။ ပဿိ၊ မူပြီ။ [ဆယ်လ ပြည့်၍ ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက်လောက်သာ အသက်ရှည်မည့် မယ်တော့် ဝမ်း၌ ပဋိသန္ဓေတည်ရရိုးတည်း။ ဘာ့ကြောင့်နည်း၊ ဘုရားအလောင်း ကိန်း ဝပ်အပ်ပြီးသော မယ်တော့် ဝမ်းတို့ကိုသည် စေတီထိုက်သည့်အတွက် နောက်ထပ်တယောက် ဖွားမြင်ဖို့ရန် အခွင့်မရှိတော့သောကြောင့်တည်း။ ထို့ကြောင့် မယ်တော်၏ အာယုပရိစ္ဆေဒကို ကြည့်ရရိုး ထုံးစံဖြစ်သည်။]

ဣတိ၊ သို့။ ဣမံ ပဉ္ဇမဟာဝိလောကနံ၊ ကို။ ဝါ၊ ကို။ ဝိလောကေတွာ၊ မူ၍။ မာရိသာ၊ အချင်းနတ်သားတို့။ မေ၊ အကျွန်ုပ်၏။ ဗုဒ္ဓဘာဝါယ၊ ဘုရားဖြစ်ခြင်းအကျိုးငှါ။ ဝါ၊ ဘုရားဖြစ်ဖို့ရာ။ ကာလော၊ အခါတန်ပြီ။ဣတိ၊ သို့။ ဒေဝတာနံ၊ တို့အား။ သင်္ဂဟံ၊ သိမ်းသွင်းခြင်းကို။ ဝါ၊ ချီးမြှောက်ထောက်ပင့်ခြင်းကို။ ကရောန္တော၊ ပြုလျက်။ ပဋိညံ့၊ ပဋိညာဉ်ကို။ ဒတွာ၊ ပေးပြီး၍။ တုမှေ၊ တို့သည်။ ဂစ္ဆထ၊ သွားကြကုန်တော့။ ဣတိ၊ သို့။ တာ ဒေဝတာ၊ တို့ကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ တုသိတဒေဝတာဟိ၊

တာဒေဝတာ။ ။တာဒေဝတာတိ ဒသသဟဿိစက္ကဝါဋ္ဌဒေဝတာ။ ကထံ ပန တာ ဒေဝတာ တဒါ ဗောဓိသတ္တဿ ပူရိတပါရမိဘာဝံ, ကထဉ္ဇဿ ဗုဒ္ဓဘာဝံ ဇာနန္တီတိ။ (အဘယ်နည်းဖြင့် ထိုနတ်တို့သည် ထိုအခါ၌ ဘုရားအလောင်းတော်၏ ပါရမီပြည့်နေသည်၏ အဖြစ်ကိုလည်းကောင်း၊ ဘုရားအလောင်းတော်၏ အဖြစ်ကိုလည်းကောင်း သိကြကုန်သနည်း။) မဟေသက္ခာနံ ဒေဝတာနံ ဝသေန။

တုသိတာနတ်တိုသည်။ ပရိဝုတော၊ ခြံရံအပ်သည်။ (ဟုတ္ဘာ၊ ၍။) တုသိတ ပုရေ၊ တုသိတာနတ်ပြည်၌။ နန္ဒနဝနံ၊ နန္ဒဝန်ဥယျာဉ်သို့။ ပါဝိသိ၊ ဝင်ပြီ။ ဟိ၊ မှန်။ သဗ္ဗဒေဝလောကေသု၊ အလုံးစုံသော နတ်ပြည်တို့၌။ နန္ဒနဝနံ၊ သည်။ အတ္ထိယေဝ၊ ရှိသည်သာ။ တတြ၊ ထို နန္ဒဝန်ဥယျာဉ်၌။ နံ၊ ထို ဘုရား အလောင်းတော် နတ်သားကို။ ဒေဝတာ၊ တို့သည်။ ဣတော၊ ဤ တုသိတာ နတ်ပြည်မှ။ စုတော၊ စုတေသည်။ (သမာနော၊ သော်။)သုဂတိံ၊ သို့။ ဂစ္ဆ၊ သွားပါလော့။ ဣတိ၊ သို့။ ပုဗ္ဗေကတကုသလကမ္မောကာသံ၊ ရှေး၌ ပြုအပ်သော ကုသိုလ်ကံ၏ အခွင့်ကို။ သာရယမာနာ၊ အောက်မေ့စေကုန် လျက်။ ဝိစရန္တိ၊ လှည့်လည်ကြကုန်၏။ သော၊ ထို ဘုရားအလောင်း တော် နတ်သားသည်။ ဧဝံ၊ သို့။ ကုသလံ၊ ကို။ သာရယမာနာဟိ၊ အောက် မေ့စေကြကုန်သော။ (သတိပေးကြ ကုန်သော။) ဒေဝတာဟိ၊ တို့သည်။ ပရိဝုတော၊ သည်။ (ဟုတ္ဘာ၊ ၍။) တတ္ထ၊ ထို နန္ဒဝန်ဥယျာဉ်၌။ ဝိစရန္တောဝ၊ လှည့်လည်စဉ်ပင်။ စဝိ၊ စုတေတော်မူပြီ။ စ၊ ဆက်။ ဧဝံ၊ သို့။ စုတော၊ စုတေခါနီး ဘုရားအလောင်းတော်သည်။ စဝါမိ၊ စုတေရတော့မည်။ ဣတိ၊ သို့။ ဇာနာတိ၊ သိ၏။ စုတိစိတ္တံ၊ စုတိစိတ်ကို၊ နဇာနာတိ၊ မသိ။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဟေတ္ဘာပိ၊ ယူပြီး၍လည်း။ ဝါ၊ ယူပြီးမှလည်း။ ဇာနာတိ၊ ၏။ ပဋိသန္ဓိစိတ္တမေဝ၊ ကိုသာ။ နဇာနာတိ၊ မသိ။ ပန၊ ဆက်။ မေ၊

(မဟေသက္ခနတ်တို့၏ အစွမ်းဖြင့်သိကြ၏။) ဃေဘုယ္ဌေန စ တာ ဒေဝတာ အဘိ သမယဘာဂိနော။ (များသောအားဖြင့် ထိုနတ်တို့သည် သစ္စာလေးပါးတရား သိခြင်း အဖို့ရှိကုန်၏။ သစ္စာ ၄-ပါးကို သိမည့်သူများ ဖြစ်ကုန်၏။) တထာ ဟိ ဘဂဝတော ဓမ္မဒါနသံဝိဘာဂေ အနေကဝါရံ ; ဒသသဟဿစက္ကဝါဋ္ဌဒေဝတာသန္ဓိပါတော အ ဟောသိ။ [ထိုစကားမှန်၏။ မြတ်စွာဘုရား၏ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မဒါနကို ဝေဖန်တော်မူရာ၌ (တရားဟောတော်မူရာ၌) အကြိမ်ပေါင်းများစွာ တသောင်းသော စကြဝဋ္ဌာမှ နတ်ပြဟ္မာတို့၏ အစည်းအဝေးဖြစ်ပြီ။] —ဋီကာ။

စဝါမိတိ ဇာနာတိ။ ။စုတိအာသန္ဓဇဝနေဟိ ဉာဏသဟိတေဟိ စုတိယာ ဥပဋ္ဌိ တဘာဝဿ ပဋိသံဝိဒိတတ္တာ။ (ဉာဏ်နှင့်တကွဖြစ်ကုန်သော စုတိအနီး ဇောစိတ်တို့ ဖြင့် စုတိ၏ ရှေးရှုတည်နေသည်၏ အဖြစ်ကို သိအပ်သည်၏အဖြစ်ကြောင့်။) စဝါမိတိ (စုတေတော့မည်ဟူ၍။) ဇာနာတိ၊ (သိ၏။)

စုတိစိတ္တံ နဇာနာတိ။ ။စုတိစိတ္တကွဏသ ဇုတ္တရဘာဝတော (စုတိစိတ္တကွဏ၏ ဥပါဒ်၊ ဌီ၊ ဘင်မျှဖြင့် တိုလျသည်၏အဖြစ်ကြောင့်။) စုတိစိတ္တံ နဇာနာတိ။ (စုတိစိတ် ကို မသိနိုင်။) တထာ ဟိ တံ စုတူပပါတဉာဏသပိ အဝိသယောဝ။ [ထိုစကား မှန်၏။ ထို စုတိစိတ်သည် စုတူပပါတဉာဏ်၏သော်မှလည်း အရာမဟုတ်သည်သာ (အာရုံမပြုနိုင်သည်သာ။) —ဋီကာ။]

သည်။ ဣမသ္မိံ ဌာနေ၊ ဤမည်သော အရပ်၌။ ပဋိသန္ဓိ၊ ကို။ ဂဟိတာ၊ ယူအပ်ပြီ။ ဣတိ ဧဝံ၊ သို့။ ဇာနာတိ၊ သိ၏။

ပန၊ ဝါဒန္တရကား။ ကေစိ၊ ကုန်သော။ ထေရာ၊ တို့သည်။ [ဝဒန္တိ၌ စပ်။] အာဝဇ္ဇနပရိယာယော နာမ၊ အာဝဇ္ဇန်း၏ အလှည့်အကြိမ်မည်သည်။ ဝါ၊ မည်သည်ကို။ လဒ္ဓံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဒုတိယတတိယ စိတ္တဝါရေ ဧဝ၊ ဒုတိယစိတ်အကြိမ်, တတိယစိတ်အကြိမ်၌သာ။ ဇာနိဿတိ၊ "ပဋိသန္ဓေနေရပြီ" ဟု သိလတ္တံ့။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ပန၊ကား။ တိပိဋကမဟာသိဝတ္ထေရော၊ သည်။ အာဟ၊ ပြီ။ (ကိံ၊နည်း။) မဟာသတ္တာနံ၊ တို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ အညေသံ၊ တို့၏။ ပဋိသန္ဓိသဒိသာ၊ ပဋိသန္ဓေနှင့်တူသည်။ န၊ မဟုတ်။ ပန၊ အဟုတ်ကား။ တေသံ၊ ထို ဘုရား အလောင်းတော်တို့၏။ သတိသမ္ပဇညံ၊ သတိသမ္ပဇညသည်။ ကောဋိပ္ပတ္တံ၊ အထုတ် အထိပ်သို့ရောက်၏။ ပန၊ ထိုသို့အထုတ်အထိပ်သို့ရောက်ပါသော်လည်း။ ယသ္မာ၊ ကြောင့်။ ကေဉ္စနဝစိတ္တေန၊ ဖြင့်ပင်။ တံစိတ္တံ၊ ကို။ ဉာတုံ၊ ငှါ။ နသက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ကြောင့်။ စုတိစိတ္တံ၊ ကို။ နဇာနာတိ၊ မသိ။ စုတိက္ခဏေပိ၊ စုတေခါနီး ခဏ၌လည်း။ စဝါမိ၊ စုတေရတော့မည်။ ဣတိ၊ သို့။ ဇာနာတိ၊ ၏။ ပဋိသန္ဓိစိတ္တံ၊ ကို။ နဇာနာတိ၊ မသိ။ မေ၊ သည်။

အာဝဇ္ဇနပရိယာယော နာမ။ ။အာဝဇ္ဇနပရိယာယောတိ အာဝဇ္ဇနက္ကမော၊ (အာဝဇ္ဇန်းအစဉ်။) ယသ္မာ ကေဝါရံ အာဝဇ္ဇိတမတ္တေန ဘာရမ္မဏံ နိစ္ဆိနိတုံ နသက္ကာ၊ (တကြိမ်ဆင်ခြင်ကာမျှဖြင့် "မည်သည့်နေရာ၌ ပဋိသန္ဓေနေပြီး၏" ဟု ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်။) တသ္မာ တမေဝါရမ္မဏံ ဒုတိယံ, တတိယဉ္စ အာဝဇ္ဇိတ္ဝာ နိစ္ဆယတိ။ (ထို့ကြောင့် ထိုအာရုံကိုပင် နှစ်ကြိမ် သုံးကြိမ် ဆင်ခြင်ပြီးမှ ဆုံးဖြတ်သောအားဖြင့် သိနိုင်သည်။) အာဝဇ္ဇနသီသေန စေတ္ထ ဇဝနဝါရော ဂဟိတော၊ တေနာဟ "ဒုတိယတတိယစိတ္တဝါရေဝ ဇာနိဿတိ" တိ။ (အာဝဇ္ဇန်း ဆိုသော်လည်း အာဝဇ္ဇန်းကို ခေါင်းတပ်၍ မနောဒ္ဒါရဇောဝီထိကို ဆိုလိုသည်။ ထို့ကြောင့် "ဒုတိယ ။ပ။ ဇာနိဿတိ" ဟု မိန့်သည်။)

စုတိက္ခဏေပိ စဝါမိ။ ။စုတိယာ ပုရေတရံ ကတိပယစိတ္တဝါရတော ပဋ္ဌာယ "မရဏံ မေ ဘာဝိဿ" န္တိ ဇာနန္တော "စုတိက္ခဏေပိ စဝါမိတိ ဇာနာတိ" တိ ဝုတ္တံ။ (စုတိစိတ်၏ ရှေ့၌ အနည်းငယ်သော စိတ်အကြိမ်မှစ၍ "ငါ၏ သေခြင်းသည် နီးကပ်နေသည်" ဟု သိခြင်းကြောင့် "စုတိက္ခဏေ စဝါမိတိ ဇာနာတိ" ဟု ဆိုအပ်ပြီ။) ဆိုလိုရင်းကား စုတိစိတ္တက္ခဏအရ စုတေခါနီး ဖြစ်သော ဇောစိတ် နှစ်ကြိမ် သုံးကြိမ်ကိုယူပါ။ စုတိစိတ်တစိတ်၏ ခဏကို မယူပါနှင့်ဟူလို။

အသုကသို့ ဌာနေ၊ ၌။ ပဋိသန္ဓိ၊ ကို။ ဂဟိတာ၊ ပြီ။ ဣတိ၊ သို့။ဇာနာတိ၊ ၏။ တသို့ကာလေ၊ ပဋိသန္ဓေယူရာထိုအခါ၌။[တသို့ကာလေတိ ပဋိသန္ဓိဂ္ဂဟဏကာလေ။-ဋီကာ။]ဒသသဟဿိလောကဓာတု၊ တသောင်းအတိုင်းအရှည်ရှိသော လောကဓာတ်သည်။ ကမ္ပတိ၊ တုန်လှုပ်၏။ ဣတိ၊ သို့။(အာဟ၊ပြီ။) [မြေလှုပ်ခြင်း၏အကြောင်းကို ဗြဟ္မဇာလသုတ်၌ ဖွင့်ခဲ့ပြီ။ မဟာပရိနိဗ္ဗာနသုတ်၌လည်း လာဦးလတ္တံ့။]ပန၊ဆက်။ ဝေံ၊ သို့။ တတော၊အမှတ်ရလျက်။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့်သိလျက်။ မာတုကုစ္ဆိ၊ သို့။ သြက္ကမန္တော၊ လတ်သော်။ ဧကူနဝီသတိယာ၊ သော။ ပဋိသန္ဓိစိတ္တေသု၊ တို့တွင်။ မေတ္တာပုဗ္ဗဘာဂဿ၊ ရွှေအဖို့၌မေတ္တာရှိသော။ သောမနဿသဟဂတဉာဏသမ္ပယုတ္တ အသင်္ခါရိကကုသလစိတ္တဿ၊ ၏။ ဝါ၊ နှင့်။ သဒိသမဟာဝိပါကစိတ္တေန၊ တူသောမဟာဝိပါက်စိတ်ဖြင့်။ ပဋိသန္ဓိ၊ ကို။ ဂဏှိ၊ယူပြီ၊

ပန၊ ဝါဒန္တရကား။ မဟာသိဝတ္ထေရော၊ သည်။ ဥပေက္ခာသဟဂတေန၊ ဖြင့်။ (ပဋိသန္ဓိ၊ ကို။ ဂဏှိ၊ ပြီ။)ဣတိ၊ သို့။ အာဟ၊ ဆိုပြီ။ စ၊ ဆက်။ အမှာကံ၊ တို့၏။ ဘဂဝါ၊ သည်။ အာသဋ္ဌိပုဏ္ဏမာယံ၊ ဝါဆိုလပြည့်နေ့၌။ ဥတ္တရာသာဋ္ဌနက္ခတ္တေန၊ ဖြင့်။ [ဤအခိုက်၌ ဝေသဒ္ဒါမပါရသေး။] ပဋိသန္ဓိ၊ ကို။ အဂ္ဂဟေသိ ယထာ၊ သို့။ ဝေံ၊ တူ။ သောပိ၊ ထို ဝိပဿီမြတ်စွာဘုရား သည်လည်း။ အာသဋ္ဌိပုဏ္ဏမာယံ၊ ဥတ္တရာသာဋ္ဌနက္ခတ္တေနေဝ၊ ဖြင့်သာ။ [နက္ခတ်ချင်းတူသောကြောင့် သန္ဓိဌာနာ ဝဓာရဏ ဝေသဒ္ဒါ ထည့်ရသည်။] ပဋိသန္ဓိ၊ ကို။ အဂ္ဂဟေသိ၊ ပြီ။ ကိရ၊ ခဲ့။ တဒါ၊ ပဋိသန္ဓေယူရာ ထိုအခါ၌။ ပုဏ္ဏမာယ၊ လပြည့်နေ့၏။ ပုရေ၊ ရှေ့၌။ သတ္တမဒိဝသတော၊ ခုနစ်ရက်မြောက်နေ့မှ။(လဆန်းကိုးရက်မှ။) ပဋ္ဌာယ၊ ၍။ [သုက္ကပက္ခေ နဝမိတော ပဋ္ဌာယာတိ အတ္ထော။-ဋီကာ။] ဝိဂတသုရာပါနံ၊ ကင်းသောသေရည်သောက်ခြင်းရှိသော။ မာလာဂန္ဓာဒိဝိဘူတိ သမ္ပန္နံ၊ ပန်းနံ့သာ အစရှိသည်တို့၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော။ နက္ခတ္တကီဋ္ဌံ၊ နက္ခတ်ကစားခြင်းကို။ အနုဘဝမာနာ၊ ခံစားသော။ ဗောဓိသတ္တမာတာ၊ သည်။ သတ္တမေ ဒိဝသေ၊ ခုနစ်

အသုကသို့ ။ပ။ ဇာနာတိ။ ။ပဋိသန္ဓိယာ ပန၊ အပုဗ္ဗဘာဝတော (ပဋိသန္ဓေ၏ ရှေ့အဖို့မရှိခြင်းကြောင့်။) ပဋိသန္ဓိစိတ္တံ နဇာနာတိ။နိကန္တိယာ ဥပ္ပတ္တိတော ပရတော "အသုကသို့ မေ ဌာနေ ပဋိသန္ဓိ ဂဟိတာ"ဟိ ဇာနာတိ။ (ပဋိသန္ဓေစိတ်ကို မသိနိုင်။ ပဋိသန္ဓေနောင် ဘဝင် ၁၅-ချက်၊ ၁၆-ချက် ခြားပြီး၍ ဘဝနိကန္တိက လောဘဇောဖြစ်၏။ ထိုဇော၏နောက်၌ "ငါသည် မည်သည့်အရပ်၌ ပဋိသန္ဓေ ယူအပ်ပြီ"ဟု သိသည်။)

ရက်မြောက်နေ့၌။ (ဝါဆိုလပြည့်နေ့၌။) [သတ္တမေ ဒိဝသေတိ နဝမိတော သတ္တမေ ဒိဝသေ အာသင္ဍပုဏ္ဏမာယံ။]

ပါတော၊ ၌။ ဝုဋ္ဌာယ၊ ၍။ ဂန္ဓောဒကေန၊ ဖြင့်။ နဟာယိတ္ဝာ၊ ၍။ သဗ္ဗာလင်္ကာရဝိဘူသိတာ၊ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်။ (ဟုတ္ဝာ၊ ၍။) ဝရဘောဇနံ၊ ကို။ ဘုဉ္ဇိတ္ဝာ၊ ၍။ ဥပေါသထင်္ဂါနိ၊ ဥပုသ် အင်္ဂါတို့ကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ သီရိဂဗ္ဘံ၊ အသရေရှိသော တိုက်ခန်းသို့။ ပဝိသိတ္ဝာ၊ ၍။ သီရိသယနေ၊ ၌။ နိပန္နာ၊ လျောင်းလျက်။ နိဒ္ဒံ၊ သို့။ ဩက္ကမမာနာ၊ လတ်သော်။ ဣဒံသုပိနံ၊ ကို။ အဒ္ဒသ၊ မြင်မက်ပြီ။(ကိံ၊ နည်း။)ကိရ၊ ခဲ့။ နံ၊ ထိုဘုရားအလောင်း၏ မယ်တော်ကို။ စတ္တာရော၊ ကုန်သော။ မဟာရာဇာနော၊ တို့သည်။ သယနေနေဝ၊ အိပ်ရာနှင့်သာလျှင်။ သဒ္ဒိ၊ တကွ။ ဥက္ခိပိတ္ဝာ၊ ကြွမြောက်၍။ အနောတတ္တာဒဟံ၊ အနဝတတ်အိုင်သို့။ နေတ္ဝာ၊ ၍။ နဟာပေတ္ဝာ၊ ရေချိုးစေ၍။ ဒိဗ္ဗဝတ္ထံ၊ နတ်၌ဖြစ်သောအဝတ်ကို။ နိဝါသေတ္ဝာ၊ ဝတ်စေ၍။ ဒိဗ္ဗဂန္ဓေဟိ၊ တို့ဖြင့်။ ဝိလိမ္ပေတ္ဝာ၊ လိမ်းကျံ၍။ ဒိဗ္ဗပုပ္ဖါနိ၊ တို့ကို။ ပိဋ္ဌိတ္ဝာ၊ ပန်ဆင်၍။ တတော၊ ထို အနဝတတ်အိုင်မှ။ အဝိဒူရေ၊ ၌။ ရဇတပဗ္ဗတော၊ ငွေတောင်သည်။ (အတ္ထိ။) တဿ၊ ထိုငွေတောင်၏။ အန္တော၊ အတွင်း၌။ ကနကဝိမာနံ၊ ရွှေဗိမာန်သည်။ အတ္ထိ။တသ္မိံ၊ ထိုဗိမာန်၌။ ပါစီနတော၊ အရှေဘက်၌။သီသံ၊ ကို။ ကတ္ဝာ၊ ၍။ (တနည်း) သီသံ ကတ္ဝာ၊ ဦးခေါင်းထား၍။ နိပဇ္ဇာပေသုံ၊ လျောင်းစေကြကုန်ပြီ။ အထ၊ လျောင်းစေကြရာ ထိုအခါ၌။ဗောဓိသတ္တော၊ သည်။ သေတဝရဝါရဏော၊ ဖြူသောမြတ်သောဆင်သည်။(မြတ်သော ဆင်ဖြူတော်သည်)။ ဟုတ္ဝာ၊ ၍။ တတော၊ ထို ငွေတောင်မှ။ အဝိဒူရေ၊ ၌။ ဧကော၊ တလုံးသော။ သုဝဏ္ဏပဗ္ဗတော၊ ရွှေတောင်သည်။ (အတ္ထိ၊ ၏။) တတ္ထ၊ ထို ရွှေတောင်၌။ စရိတ္ဝာ၊ ၍။ တတော၊ ထို ရွှေတောင်မှ။ သြရုယှ၊ ဆင်း၍။ ရဇတပဗ္ဗတံ၊ သို့။ အဘိရုဟိတ္ဝာ၊ တက်၍။ ကနကဝိမာနံ၊ သို့။ ပဝိသိတ္ဝာ၊ ၍။ မာတရံ၊ ကို။ ပဒက္ခိဏံ၊ ကို။ ကတ္ဝာ၊ ၍။ ဒက္ခိဏပဿံ၊ လက်ယာနံပါးကို။ ဖာလေတ္ဝာ၊ ခဲ့၍။ ကုစ္ဆိံ၊ သို့။ ပဝိဋ္ဌသဒိသော၊ ဝင်သည်နှင့်တူသည်။ အဟောသိ၊ ပြီ။

နဟာပေတ္ဝာ။ ။“အနောတတ္တာဒဟံ နေတ္ဝာ ကေမန်္တံ အဋ္ဌံသု။ အထ နေသံ (ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့သည်။) ဒေဝိယော အာဂန္ဒ္ဝာ မနုဿမလဟရဏတ္ထံ (လူ့အညစ်အကြေးကို ပယ်ရှားခြင်းအကျိုးငှါ။) နှာပေတ္ဝာ”ဟု မဇ္ဈိမနိကာယ ဥပရိပဏ္ဏာသ အဋ္ဌရိယသုတ် အဋ္ဌကထာ၏ အဆိုတမျိုးကို ဋီကာ၌ပြထားသည်။

အထ၊ အိပ်မက်မြင်မက်ပြီးရာ ထိုအခါ၌။ ပဗုဒ္ဓါ၊နိုးပြီးသော။ ဒေဝီ၊သည်။ တံသုပိနံ၊ ကို။ ရညော၊ အား။ အာရောစေသိ၊ သံတော်ဦးတင်ပြီ။ ရာဇာ၊ သည်။ ရတ္တိယာ၊ သည်။ ဝိဘာတာယ၊ လင်းလတ်သော်။ စတုသဋ္ဌိမတ္တေ၊ ခြောက်ကျိပ်လေးယောက် အတိုင်းအရှည်ရှိကုန်သော။ ဗြာဟ္မဏပါမောက္ခေ၊ ပါမောက္ခဖြစ်သော ပုဏ္ဏားတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ဟရိတူ ပလိတ္တာယ၊ စိုသောနွားချေးဖြင့် သုတ်လိမ်းအပ်သော။ [ဘူမိယာ၌ စပ်။] လာဇာဒီဟိ-ပေါက်ပေါက် အစရှိသည်တို့ဖြင့်။ ကတမင်္ဂလသက္ကာရာယ၊ ပြုအပ်ပြီးသော မင်္ဂလာအမှုကို ကောင်းစွာပြုခြင်းရှိသော။ ဘူမိယာ၊ ၌။မဟာ ရဟာနိ၊ မြတ်သူတို့အား ထိုက်ကုန်သော။ အာသနာနိ၊ တို့ကို။ပညပေတွာ၊ ခင်းစေပြီး၍။ တတ္ထ၊ ထိုနေရာ၌။ နိသိနွာနံ၊ ထိုင်ကုန်သော။ ဗြာဟ္မဏာနံ၊ တို့အား။ သပ္ပိမဓုသက္ကရာဘိသခ်တဿ၊ ထောပတ်၊ ပျားရည်၊ သကာတို့ဖြင့် ကောင်းစွာ စီရင်အပ်သော။ ဝရပါယသဿ၊ မြတ်သော နို့ထမင်းဖြင့်။ သုဝဏ္ဏရဇတပါတိယော၊ ရွှေခွက် ငွေခွက်တို့ကို။ ပူရေတွာ၊ ပြည့်စေ၍။ သုဝဏ္ဏရဇတပါတိဟေဝ၊ တို့ဖြင့်ပင်။ ပဋိကုဇ္ဇိတွာ၊ မှောက်၍။ ဝါ၊ ဖုံး၍။ အဒါသိ၊ ပြီ။ [ပယတော နိဗ္ဗတ္တံ ပါယသံ၊ (နို့ရည်မှဖြစ်သောထမင်း။ ဝါ၊ နို့ထမင်း။) ပယနောင် နိဗ္ဗတ္တအနက်၌ ဏပစ္စည်း။ "ပ" ၌ ဝုဒ္ဓိပြု။ မနောဂိုဏ်းဖြစ်၍ သ အာဂုံလာ။ "ယ" ၌ ဒီဃမရှိစေရ။ "ပါယသ" ဟု ပါဋ္ဌ မှန်ရှိပါစေ။] စ၊ သည်သာမကသေး။ အညေဟိ၊ ဝရပါယသမှ တပါးကုန်သော။ အဟတဝတ္ထကပိလဂါဝီဒါနာဒီဟိ၊ အစာမချေအပ်သေးသော အဝတ်သစ် ကြောင်သောနွားမကိုပေးခြင်း အစရှိသည်တို့ဖြင့်။ နေသံ၊ ထို ပုဏ္ဏားတို့၏စိတ်ကို။ သန္တပ္ပေသိ၊ တင်းတိမ်ရောင့်ရဲစေပြီ။ အထ၊ ၌။ သဗ္ဗကာမ သန္တပ္ပိတာနံ၊ အလုံးစုံအလိုရှိအပ်သော အစား၊ အဝတ်၊ နွားကြောင်မ အစရှိသော ပေးလှူဖွယ်တို့ဖြင့် တင်းတိမ်ရောင့်ရဲစေအပ်ပြီးကုန်သော။ နေသံ၊ ထို ပုဏ္ဏားတို့အား။ တံ သုပိနံ၊ ကို။ အာရောစေတွာ၊ ပြောပြ၍။ ကိံ၊ အဘယ် အကျိုးသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်နည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။ ဗြာဟ္မဏာ၊ တို့သည်။ အာဟံသု၊ သံတော်ဦးတင်ကြကုန်ပြီ။ (ကိံ၊ နည်း။) မဟာရာဇ၊ မဟာရာဇာ။ မာစိန္တယိ၊ ထိုထို ဤဤ ကြံစည်တော်မမူပါလင့်။ တေ၊ အရှင်မင်းမြတ်၏။ ဒေဝိယာ၊ ၏။ ကုစ္ဆိမှိ၊ ၌။ ဂဗ္ဘော၊ သည်။ ပတိဋ္ဌိတော၊ တည်ပါပြီ။ သော စ၊ ထို ကိုယ်ဝန်သည်လည်း။ ပုရိသဂဗ္ဘော၊ ယောကျ်ားကိုယ်ဝန်ပါတည်း။ နဣတ္ထိဂဗ္ဘော၊ မိန်းမကိုယ်ဝန် မဟုတ်ပါ။ တေ၊ ၏။ ပုတ္တော၊ သားတော်သည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ သော၊ ထို

သားတော်သည်။ အဂါရုံ၊နန်းတော်၌။ သစေ အဇ္ဈာဝသိဿတိ၊ အကယ်၍ နေလတ္တံ့ဖြစ်အံ့။ [အဓိနက်မရှိ။] (ဧဝံသတိ၊သော်။) စက္ကဝတ္တီ၊ စကြာရတနာ ကိုလည်စေနိုင်သော၊ ရာဇာ၊ သည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ အဂါရာ၊ မူ။ နိက္ခမ္မ၊ ၍။ သစေ ပဗ္ဗဇိဿတိ၊ အကယ်၍ ရဟန်းပြုလတ္တံ့ဖြစ်အံ့။ (ဧဝံ သတိ၊ သော်။) လောကေ၊ ၌။ ဝိဝဋ္ဌစ္ဆဒေါ၊ ဖွင့်လှစ်အပ်ပြီးသော ကိလေ သာအမိုးရှိသော။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လိမ့်မည်။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။ အယံ၊ ဤ ဆိုအပ်ပြီးသောအစဉ်သည်။ တာဝ၊ မာတုကုစ္ဆိ၌ နေရ ပုံမူရှေးဦးစွာ။ "မာတုကုစ္ဆိ သြက္ကမီ" တိ ဧတ္ထ၊ ဟူသောဤပါဌ်၌။ ဝဏ္ဏနာ ဣမော၊ ဖွင့်ပုံအစဉ်တည်း။

အယမေတ္ထ ဓမ္မတာတိ၊ ကား။ အယံ၊ ဤ သတိသမ္ပဇညရှိခြင်းသည်။ ဧတ္ထ မာတု ကုစ္ဆိသြက္ကမနေ၊ဤ မယ်တော်ဝမ်းသို့သက်ခြင်း၌။ဓမ္မတာ၊သဘောတံထွာ ဓမ္မတာတည်း။ အယံ၊ သည်။ သဘာဝေါ၊ သဘောတည်း။ အယံ၊ သည်။ နိယာမော၊ မြဲသောထုံးစံတည်း။ ဣတိ ဝုတ္တံ ဟောတိ၊ ၏။ စ၊ ဆက်။ ဧသ နိယာမောနာမ၊ ဤ နိယာမမည်သည်။ ကမ္မနိယာမော၊ ကမ္မနိယာမ လည်းကောင်း။ဥတုနိယာမော၊လည်းကောင်း။ဗီဇနိယာမော၊လည်းကောင်း။ စိတ္တနိယာမော၊ လည်းကောင်း။ ဓမ္မနိယာမော၊ လည်းကောင်း။ ဣတိ၊ သို့။ ပဋ္ဌဝိဓော၊ ရှိ၏။

သော သစေ အဂါရုံ။ ။"သော စ ခေါ ပုရိသဂဏ္ဌော၊ နှ ဣတ္ထိဂဏ္ဌော။ ပုတ္တော တေ ဘဝိဿတီ" တိ ဧတ္တကမေဝ တေ ဗြာဟ္မဏာ အတ္တနော သုပိနသတ္ထ နယေန ကထေသုံ။ (သောစ ခေါ ။ပ။ ဘဝိဿတိ တိုင်အောင် နိမိတ်ဖတ်ကြခြင်းသည် သူတို့၏ သုပိနကျမ်းအတိုင်း နိမိတ်ဖတ်ခြင်းတည်း။) "သစေ အဂါရုံ အဇ္ဈာဝသိဿ တီ" တိအာဒိ ပန ဒေဝတာဝိဂ္ဂဟေန တမတ္ထံ ယာထာဝတော ပဝေဒေသုံ။ (သော သစေ အဂါရုံ အဇ္ဈာဝသိဿတိ စသည်ဖြင့် နိမိတ်ဖတ်ခြင်းကား နတ်တို့၏ ပူးဝင်၍ ပြောဆိုခြင်းသာဖြစ်သည်။ သူတို့၏ သုပိနကျမ်း၌ မပါ။)

ဓမ္မတာ။ ။ဓမ္မတာတိ ဧတ္ထ ဓမ္မသဒ္ဒေါ "ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာန" န္တိ အာဒီသုဝိယ (အစရှိသောပါဠိရပ်တို့၌ ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟောသကဲ့ သို့ ဤဓမ္မသဒ္ဒါသည်လည်းသဘာဝအနက်ကို ဟော၏။) ပကတိပရိယာယော။ (ပင် ကိုသဘော၏ပရိယာယ်တည်း။) ထို့ကြောင့် "အယံ သဘာဝေါ" ဟု ဖွင့်သည်။သဘာ ဝဟူသည်လည်း ပရမတ္ထသဘောမဟုတ်"မြဲသော သဘော မြဲသောထုံးစံ" ဟု သိစေ လို၍ "အယံ နိယာမောတိ ဝုတ္တံ ဟောတိ" ဟုဆိုလိုရင်း အဓိပ္ပါယ်ကို ပြသည်။ ဓမ္မော ဧဝ ဓမ္မတာ၊ တာပစ္စည်း အနက်မရှိ။

နိယာမော စ နာမေသ။ ။နိယာမော ပန ဗဟုဝိဓော (များသောအပြားရှိ၏။) ဣတိ (ထို့ကြောင့်။) တေသဗ္ဗေ အတ္ထုဒ္ဓါရနယေန ဥဒ္ဓရိတ္ဓာ၊ (ရသင့်သောအနက်တို့ကို

တတ္ထ၊ ထိုဝါးပါးသောနိယာမတို့တွင်။ ကုသလဿ၊ ကုသိုလ်ကံ၏။ ဣဋ္ဌဝိပါကဒါနံ၊ အလိုရှိအပ်သော အကျိုးကိုပေးခြင်းလည်းကောင်း။ အကုသလဿ၊ ၏။ အနိဋ္ဌဝိပါကဒါနံ၊ အလိုမရှိအပ်သော အကျိုးကိုပေးခြင်းလည်းကောင်း။ ဣတိ အယံ၊ ဤနိယာမသာည်။ ကမ္မနိယာမော၊ ကမ္မနိယာမည်၏။ ဝါ၊ ကံတို့၏မြဲသောသဘောမည်၏။ တဿ၊ ထို ကမ္မနိယာမကို။ ဒီပနတ္ထံ၊ ပြခြင်းအကျိုးငှါ။ "န အန္တလိက္ခေ"တိ ဂါထာယ၊ နှ အန္တလိက္ခေ၊ အစရှိသောဂါထာ၌။ ဝတ္ထု။နိ၊ တို့ကို။ ဝတ္ထုဗ္ဗာနိ၊ ကုန်၏။ အပိစ၊ သည်သာမကသေး။ ကိရ၊ တဆင့်စကား ကြားရဘူးသည်ကား။ ကော၊ သော။ ဣတ္ထီ၊ သည်။ သာမိကေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဘဏ္ဍိတွာ၊ ငြင်းခုံ၍။ ဥဗ္ဗန္ဓိတွာ၊ အထက်၌ဖွဲ့ချု၍။ ဝါ၊ ကြိုးဆွဲချ၍။ မရိတုကာမာ၊ သေခြင်းငှါအလိုရှိသည်။(ဟုတ္ဝာ၍။) ရဇ္ဇုပါသေ၊ ကြိုးကွင်း၌။ ဂီဝံ၊လည်ပင်းကို။ ပဝေသေသိ၊ ဝင်စေပြီ။ ဝါ၊ သွင်းပြီ။ အညတရော၊ သော။ပုရိသော၊ သည်။ ဝါသီ၊ ပဲခွပ်ကို။ နိသေန္တော၊ သွေးစဉ်း။ နိသေန္တော တိဓိဏံ ကရောန္တော။—ဋီကာ။] တံဣတ္ထိကမ္မံ၊ ထိုမိန်းမ၏လုပ်ပုံကို။ ဒိသွာ၊ ၍။ ရဇ္ဇုံ၊ ကြိုးကို။ ဆိန္ဒိတုကာမော၊ ဖြတ်ခြင်းငှါအလိုရှိသည်။ (ဟုတ္ဝာ၊ ၍။) မာ ဘာယိ၊ မကြောက်လင့်။ မာဘာယိ၊ မကြောက်လင့်။ဣတိ၊ ဤသို့ပြော၍။ တံ၊ ထိုမိန်းမကို။ သမဿာသေန္တော၊ သက်သာစေလျက်၊ ဥပဓာဝိ၊ အနီးသို့ပြေးပြီ။ ရဇ္ဇုံ၊ သည်။အာသီဝိသော၊လျင်သောအဆိပ်ရှိသောမြွေသည်။ ဟုတ္ဝာ၍။ အဋ္ဌာသိ၊ ပြီ။သော်၊ ထိုယောကျ်ားသည်။ ဘီတော၊ကြောက်သည်။(ဟုတ္ဝာ။)ပလာယိ၊ ပြေးပြီ။ ဣဘာဏ္ဍာ၊ ယောကျ်ားမှအခြားသောမိန်းမသည်။ တတ္ထဝ၊ ၌ပင်။ မရိ၊ ပြီ။ တတ္ထ၊ ဤ ကမ္မနိယာမအရာ၌။ ဧဝမာဒိနိ၊ ကုန်သော။ဝတ္ထုံနိစ၊ တို့ကိုလည်း ဒဿေတုမာဒိနိ၊ ကုန်၏။

တေသု ဟေသု ဇနပဒေသု၊ တို့၌။ တသ္မိံ တသ္မိံ ကာလေ၊ထိုထိုမိုးဥတုအစရှိသောအခါ၌။ကေပ္ပဟာရေနေဝံ၊ တပြိုင်နက်တည်းဖြင့်သာလျှင်။ရုက္ခာနံ၊ တို့၏။ ပဗ္ဗဖလဂ္ဂဟဏာဒီနိ၊ အပွင့်ကိုယူခြင်း၊ အသီးကိုယူခြင်း အစရှိသည်တို့လည်းကောင်း။ ဓါတာ၊ လေ၏။ ဝါယနံ၊ တိုက်ခြင်းလည်းကောင်း။အဝါယနံ၊ မတိုက်ခြင်းလည်းကောင်း။ အာဝတပဿ၊ နေပူ၏။ တိက္ခတာ၊ ထက်

ထုတ်ဆောင်ကြောင်းနည်းအားဖြင့် ထုတ်ပြပြီး၍။) ဇုဓာမိပ္ပေတနိယာမမေဝ ဒဿေတုံ(ဤ၌ အလိုရှိအပ်သော ဓမ္မနိယာမကိုပြခြင်းငှါ။) "နိယာမော စ နာမ"တိ အာဒိ ဝုတ္တံ။—ဋီကာ။

သည်၏အဖြစ်လည်းကောင်း။ မန္ဒတာ၊ နုံ့သည်၏အဖြစ်လည်းကောင်း။ဒေဝ ဿ၊ မိုး၏။ ဝဿနံ၊ ရွာခြင်းလည်းကောင်း။ အဝဿနံ၊ မရွာခြင်းလည်း ကောင်း။ ပဒုမာနံ၊ ပဒုမ္မာကြာပန်းတို့၏။ ဒိဝါ၊ နေ့၌။ ဝိကသနံ၊ ပွင့် ခြင်းလည်းကောင်း။ ရတ္တိံ၊ ၌။ မိလာယနံ၊ ညှိုးနွမ်းခြင်းလည်းကောင်း။ ဣတိ ဧဝမာဒိ၊ ဤသို့ အစရှိသောသဘောသည်။ ဥတုနိယာမော၊ဥတုနိယာမတည်း။ ဝါ၊ ဥတု၏ မြဲသော သဘောတည်း။

ပန၊ ကား။ သာလိဗီဇတော၊ သလေးမျိုးစေ့မှ။ ယံ ဧတံ သာလိဖလ မေဝ၊ အကြင်သလေးသီးသည်သာ။ (ဟောတိ၊ ၏။) မဓုရတော၊ ချိမြိန် သော။ (ဗီဇတော၊ မျိုးစေ့မှ။) မဓုရသံယေဝ၊ ချိသော အရသာရှိသည် သာလျှင်ဖြစ်သော။ (ယံ ဧတံ ဖလံ၊ အကြင်အသီးသည်။ ဟောတိ၊ ၏။) တိတ္တတော၊ ခါးသော။ (ဗီဇတော၊ မှ။) တိတ္တရသံယေဝ၊ ခါးသော အရသာရှိသည်သာလျှင် ဖြစ်သော။ (ယံ ဧတံ)ဖလံ၊ သည်။ ဟောတိ၊ ၏။ အယံ၊ ဤ သလေးမျိုးစေ့မှ သလေးသီး၏သာ ဖြစ်ခြင်း၊ ချိသောမျိုးစေ့မှ ချိသော အသီး၏သာဖြစ်ခြင်း၊ ခါးသောမျိုးစေ့မှ ခါးသောအသီး၏သာ ဖြစ်ခြင်းသည်။ ဗီဇနိယာမော၊ တည်း။ ဝါ၊ မျိုးစေ့၏ မြဲသောသဘော တည်း။ ပုရိမာ ပုရိမာ၊ ရှေး၌ဖြစ်ကုန် ရှေး၌ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်၌ဖြစ်ကုန် နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့အား။ ဥပနိဿယပစ္စယေန၊ အနန္တရူပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ (ဟောတိ။) ဣတိ ဧဝံ၊ သို့။ စက္ခုဝိညာဏာဒီနံ၊ တို့၏၊ အနန္တရာ၊ အခြားမဲ့၌။ သမ္ပဋိစ္ဆနာဒီနံ၊ တို့၏။ ယံ ဧတံ နိဗ္ဗတ္တနံ၊ အကြင် ဖြစ်ရခြင်း သည်။ (အတ္ထိ။) အယံ၊ ဤဖြစ်ခြင်းသည်။ စိတ္တနိယာမော၊ တည်း။ ဝါ၊ စိတ်တို့၏ မြဲသောသဘောတည်း။

ပန၊ ကား။ ဗောဓိသတ္တာနံ၊ တို့၏။ မာတုကုစ္ဆိသြက္ကမနာဒီသု၊ တို့၌။ ဒသသဟဿိလောကဓာတုကမ္ပနာဒီနံ၊ တသောင်းအတိုင်းအရှည်ရှိသော လော က ဓာတ်၏ တုန်လှုပ်ခြင်း အစရှိသည်တို့၏။ ယာ သော ပဝတ္တိ၊ အကြင် ဖြစ်ခြင်းသည်။ (အတ္ထိ၊ ၏။) အယံ၊ ဤဖြစ်ခြင်းသည်။ ဓမ္မနိယာမောနာမ၊ မည်၏။ ဝါ၊ ဓမ္မ၏ မြဲသောသဘောမည်၏။ တေသု၊ ထိုငါးပါးသော နိယာမတို့တွင်။ ဣဓ၊ ဤ အယမေတ္ထဓမ္မတာ ဟူသောပါဌ်၌။ ဓမ္မနိယာမော၊ ဓမ္မနိယာမကို။ (မြဲသောထုံးစံသဘောကို။) အဓိပ္ပေတော၊ ၏။ ဟသ္မာ၊ ကြောင့်။ (ထိုသို့ "အယမေတ္ထဓမ္မတာ" ဟူသောပါဌ်၌ ဓမ္မနိယာမကို အလို

ရှိအပ်သည်၏ အဖြစ်ကြောင့်။) တမေဝတ္ထံ၊ ထိုအနက် အဓိပ္ပါယ်ကိုပင်။ ဒသေဒ္ဓော၊ ပြတော်မူလိုသည်၏ အဖြစ်ကြောင့်။ ဓမ္မတာ သော ဘိက္ခဝေတိ အာဒိံ၊ စကားရပ်ကို။ (အာယသ္မာ အာနန္ဒော၊ သည်။)အာဟ၊ ပြီ။

နိယာမ။ ။ဥတုဗီဇနိယာမောစ၊ ကမ္မ ဓမ္မ နိယာမ တာ။
စိတ္တသ နိယာမောစာတိ၊ ဥေယျာ ပဉ္စ နိယာမ တာ။
ပုပ္ပါဒိဓာရဏံတုလျ၊ ဖလုပ္ပါဒေါ ဝိပါကဒေါ။
မဟိကမ္ပေါ စိတ္တုပ္ပတ္တိ၊ နိဒဿန မိဒံ ကမာ။

[ပရမတ္ထသရှပ။]

၁၈။ တတ္ထ၊ ထိုဓမ္မတာ သော ဘိက္ခဝေ အစရှိသောပါဠိ၌။ ကုစ္ဆိံ ဩက္ကမတီတိတ္ထေ၊ ၌။ ကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သက်ရောက်ပြီးသည်။ ဟောတိ၊ ၏။ ဣတိ အယမေဝအတ္ထော၊ ဤအနက်ကိုသာ။ (ဒဋ္ဌဗ္ဗော၊ ၏။) ဟိ၊ မှန်။ တသ္မိံ၊ ထိုဘုရားအလောင်းတော်သည်။ ဩက္ကန္တေ၊ သက်ရောက်ပြီးလတ်သော်။ ဝါ၊ သက်ရောက်ပြီးခါမှ၊ ဧဝံ၊ ဤ ဆိုအပ်ပြီးသောနည်းဖြင့် သိခြင်းသည်။ ဟောတိ၊ ၏။ ဩက္ကမမာနေ၊ သက်ရောက်စဉ်။ (ဝါ၊ သက် ရောက် တုန်း ပဋိသန္ဓေစိတ္တက္ခဏ၌။ ဧဝံ၊ သည်။) နဲ (ဟောတိ)၊ မဖြစ်။အပ္ပမာဏောတိ၊ ကား။ ဝုစ္စိပ္ပမာဏော၊ တိုးပွားသော အတိုင်းအရှည်ရှိသော။ ["အပ္ပမာဏော" ၌ အ-သည်"ဝုစ္စိတဗ္ဘာဝသဒိသာ"စသောအနက်တို့တွင် ဝုစ္စိအနက် ဟောတည်း။] ဝိပုလော၊ ပြန့်ပြောသော။ [ဩဘာသော ပါတုဘဝတိ၌စပ်။]ဣတိ အတ္ထော၊ နက်။ ဥဋ္ဌာရောတိ၊—ဟူသောသဒ္ဒါသည်။ တသေဝ၊ ထိုအပ္ပမာဏောပုဒ်၏ပင်။ ဝေဝစနံ၊ တည်း။ ဟိ၊ချဲ့။ ဥဋ္ဌာရာနိ ဥဋ္ဌာရာနိ၊ ကုန်သော။ ခါဒနီယာနိ၊ တို့ကို။ ခါဒန္တိ၊ ကုန်၏။ ဣတိအာဒီသု၊ ဤသို့အစရှိသောပါဋိရပ်တို့၌။ မဓုရံ၊ ချိုသောအရသာရှိသော ခဲဖွယ်ဘောဇဉ်ကို။ ဥဋ္ဌာရန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဘဝံ ဝစ္ဆာယနော၊ အရှင်ဝစ္ဆာယနသည်။ ခလု၊ စင်စစ်။ သမဏံ ဂေါတမံ၊ ကို။ ဥဋ္ဌာရာယ၊ သော။ ပသံသာယ၊ ချီမွမ်းခြင်းဖြင့်။ ပသံသတိ၊ ၏။ ဣတိ အာဒီသု၊ တို့၌။ သေဋ္ဌံ၊ ချီးမွမ်းခြင်းဟူသော အနက်ကို။ ဥဋ္ဌာရန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ပန၊ အတ္ထုဒ္ဓါရသာမညမှတပါး အတ္ထုဒ္ဓေသ ဝိသေသကား။ ဣဓ၊ ဤ အပ္ပမာဏော ဥဋ္ဌာရော-အစရှိသော ပါဠိ၌။ ဝိပုလံ၊ ပြန့်ပြော ဟူသောအနက်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

ဒေဝါနံ ဒေဝါနုဘာဝန္တိ တ္ထေ၊ ၌။ ဒေဝါနံ၊ တို့၏။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ အာနုဘာဝေါ၊ အာနုဘော်တည်း။ နိဝတ္ထဝတ္ထဿ၊ အမြဲဝတ်အပ်သော အဝတ်၏။ ပဘာ၊ အရောင်သည်။ ဒွါဒသယောဇနာနိ၊ တဆယ့်

နှစ်ယူဇနာတို့ တိုင်တိုင်။ ဖရတိ၊ ဖြန့်နိုင်၏။ တထာ၊ တူ။ သရီရသ၊ ကိုယ်၏။ (ပဘာ ဒ္ဒါဒသယောဇနာနိ ဖရတိ။) တထာ၊ တူ။ အလင်္ကာရသ၊ တန်ဆာ၏။ (ပဘာ ဒ္ဒါဒသယောဇနာနိ ဖရတိ။) တထာ၊ တူ။ ဝိမာနသ၊ ဗိမာန်၏။ (ပဘာ ဒ္ဒါဒသယောဇနာနိ ဖရတိ။) အယံ၊ ဤသည်ကား။ ဒေဝါနံ၊ တို့၏။ အာနုဘာဝေါ၊ အာနုဘော်တည်း။၊ တံ၊ ထို နတ်တို့၏ အာနုဘော်ကို။ အတိက္ကမိတွာ၊ လွန်၍။ ("ဩဘာသော ပါတုဘဝတိ" ၌-စပ်။) ဣတိ အတ္ထော၊ နက်။

လောကန္တရိကာတိ၊ ကား။ အညမညံ၊ အချင်းချင်း။ အာဟစ္စ၊ ထိခိုက်၍။ ထပိတာနံ၊ ထားအပ်ကုန်သော။ တိဏ္ဍံ၊ သုံးဘီးကုန်သော။ သကဋ္ဌစက္ကာနံ ဝါ၊ လှည်းဘီးစက်တို့၏လည်းကောင်း။ မဇ္ဈေ၊ အလယ်၌။ ဩကာသော၊ ကြားအရပ်သည်။ (ဟောတိ) ဝိယ၊ သို့လည်းကောင်း။ (အညမညံ အာဟစ္စ ထပိတာနံ။) တိဏ္ဍံ၊ သုံးလုံးကုန်သော။ ပတ္တာနံ၊ သပိတ်တို့၏လည်းကောင်း။ ဩကာသော၊ သည်။ (ဟောတိ) ဝိယ၊ သို့လည်းကောင်း။ (ဧဝံ၊ တူ။) တိဏ္ဍံ တိဏ္ဍံ၊ ကုန်သော။ စက္ကဝါဋ္ဌာနံ၊ တို့၏။ အန္တရာ၊ အကြား၌။ ဧကေကော၊ တခုတခုသော။ လောကန္တရကော၊ လောကန္တရကငရသည်။ ဟောတိ၊ ရှိ၏။ ပန၊ ဆက်။ သော လောကန္တရိကနိရယော၊သည်။ ပရိမာဏတော၊ အားဖြင့်။ အဋ္ဌယောဇနသဟဿော၊ ယူဇနာရှစ်ထောင် အတိုင်းအရှည်ရှိသည်။ ဟောတိ။ အဃာတိ၊ ကား။ နိစ္စဝိဝဋ္ဌာ၊အမြဲဟင်းလင်းပွင့်ကုန်သော။ [အဓိပ္ပါယတ္ထ၊ သဒ္ဒတ္ထမှာ-"ရုက္ခဂစ္ဆာဒိနာ ကေနစိ၊ သစ်ပင်ချုံ အစရှိသော တစုံတခုသည်။ နဟညန္တိ၊ မထိခိုက်အပ်ကုန်။ဣတိ အဃာ" ဟု ဖြစ်၏။ အသမ္မာဓာ တေနာဟ နိစ္စဝိဝဋ္ဌာတိ။-ဋီကာ။] အသံဝုတာတိ၊ ကား။ ဟေဋ္ဌာပိ၊ ၌လည်း။ အပ္ပတိဋ္ဌာ၊ တည်ရာမရှိကုန်သော။ [အဓိပ္ပါယတ္ထ။ သဒ္ဒတ္ထမှာ"အသံဝုတာတိ ဟေဋ္ဌာ ဥပရိစ ကနစိ နပိဟိတာ၊ တစုံတခုသည် မပိတ်အပ်ကုန်" ဟု ဖြစ်၏။ ဟေဋ္ဌာပိ-၌ ပိဖြင့် ဥပရိ ကိုပေါင်း။]

လောကန္တရိကာ။ ။လောကာနံ၊ စကြဝဋ္ဌာ ကမ္ဘာလောက သုံးခုတို့၏။ အန္တရံ၊ အကြားတည်း။ လောကန္တရော၊ အကြား။ လောကန္တရေ၊ ၌။ ပဝတ္တော၊ ဖြစ်သောငရဲခန်းတည်း။ လောကန္တရိကာ၊ စကြဝဋ္ဌာ ကမ္ဘာလောကသုံးခုတို့၏ အကြား၌ဖြစ်သောငရဲ။ စာအုပ်တို့၌"လောကန္တရိကော"ဟု ပုလ္လိင်ရှိသော်လည်း လောကန္တရိကာ ပါဋ္ဌသည်သာ ပါဋ္ဌိတော်၌"ယာပိတာ"ဟူသောဝိသေသနနှင့်လည်းကောင်း၊ "လောကာနံ လောကဓာတူနံ အန္တရော ဝိဝရော လောကန္တရော၊ သော ဧဝ ဣတ္ထိလိင်ဝသေန'လောကန္တရိကာတိ ဝုတ္တော'ဟူသော ဋီကာနှင့်လည်းကောင်း ညီ၏။

အန္ဓကာရာတိ၊ ကား။ တမဘူတာ၊ အမိုက်မှောင်ဖြစ်၍ဖြစ်ကုန်သော်။ အန္ဓကာရတိမိသာတိ၊ ကား။ စက္ခုဝိညာဏုပ္ပတ္တိနိဝါရဏတော၊ စက္ခုဝိညာဉ်၏ ဖြစ်ခြင်းကို တားမြစ်ကတ်ကုန်သည်၏အဖြစ်ကြောင့်။အန္ဓဘာဝကရဏတိမိသေန၊ ကန်းသည်၏အဖြစ်ကိုပြုတတ်သော အမိုက်မှောင်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တတ္ထ၊ ထို လောကန္တရိက်ငရဲ၌။ စက္ခုဝိညာဏံ၊ သည်။ နဇာယတိ ကိရ၊ မဖြစ်သတတ်။ ဧဝံမဟိဒ္ဓိကာတိ၊ ကား။ စန္ဒိမသူရိယာ၊ တို့ သည်။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက်အားဖြင့်သာလျှင်။ တီသု၊ သုံးကျွန်းကုန်သော။ ဒီပေသု၊ကျွန်းတို့၌။ ပညာယန္တိ ကိရ၊ ထင်ရှားကုန်သတတ်။ ဧဝံမဟိဒ္ဓိကာ၊ ဤသို့ တန်ခိုးကြီးကုန်သော။ ဝါ၊ သို့ကလောက် တန်ခိုးကြီးကုန်သော။ ဧကေကာယ၊၊ တခုတခုသော။ ဒိသာယ၊ ၌။ နဝနာယောဇနသတသဟဿာနိ၊ ကိုးသိန်း ကိုးသိန်းသော ယူဇနာတို့တိုင်တိုင်။ အန္ဓကာရံ၊ ကို။ ဝိဓမိတ္ဝာ၊ ဖျက်ဆီး၍။ အာလောကံ၊ ကို။ ဒဿန္တိ၊ ပြနိုင်ကုန်၏။ ဧဝံ မဟာနုဘာဝါ၊ ဤသို့ ကြီးသော်အာနုဘော်ရှိကုန်သော။ (စန္ဒိမသူရိယာ ၌စပ်။)အာဘာယ နာနုဘောန္တိတိ၊ ကား။ အတ္တနော၊ မိမိ မိမိ၏။ပဘာယ၊ အရောင်ဖြင့်။ နပ္ပဟောန္တိ၊ မစုံမ်းနိုင်ကုန်။ ကိရ၊ ခဲ့။ (တနည်း။) ကိရ (ယသ္မာ)၊ ကြောင့်။ တေ၊ ထို လ နေတို့သည်။ စက္ကဝါဠပဗ္ဗတသ္သ၊ စကြဝဠာတောင်၏။ ဧဝမဇ္ဈေန၊ အလယ်လမ်းဖြင့်။ ဝိစရန္တိ၊ ကုန်၏။ စ၊ဆက်။ စက္ကဝါဠပဗ္ဗတံ၊ ကို။ အတိက္ကမ္မ၊ လွန်၍။ လောကန္တရိကနိရယာ၊ တို့သည်။ (ဟောန္တိ၊ ရှိကုန်၏။)တသ္မာ၊ ကြောင့်။ တေ၊ ထို လ နေတို့သည်။ တတ္ထ၊ ထို လောကန္တရိက်ငရဲ၌။ အာဘာယ၊ အရောင်ဖြင့်။ နပ္ပဟောန္တိ၊ မစုံမ်းနိုင်ကုန်။ ဝါ၊ မလောက်ကုန်။

အန္ဓကာရဏိမိသာ။ ။အန္ဓံ+ကရောန္တိတိ အန္ဓကာရံ(စက္ခုဝိညာဉ်၏ ကန်းသည်၏အဖြစ်ကို ပြုတတ်သောအမိုက်မှောင်။) အန္ဓကာရံ+တိမိသံ ယာသူ တိ အန္ဓကာရတိမိသာ။ ဤဝစနတ္ထကိုပြလိုလျှင် ''စက္ခုဝိညာဏုပ္ပတ္တိ။ပ။သမန္နာဂတာ''ဟု ဖွင့်သည်။

ဧဝံ မဟိဒ္ဓိကာ။ ။တောင်ကျွန်းဦး မွန်းတည့်အချိန်သည် အရှေ့ကျွန်းဦး နေဝင်ခါနီး အရောင်အလင်းရှိနေ၏။ အနောက်ကျွန်းဦး နေထွက်ပြီးစ အရောင်အလင်းရှိနေ၏။ဤသို့ တပြိုင်နက် သုံးကျွန်းတို့ဦး လင်းနိုင်သည်ကို''ဧဝံ မဟိဒ္ဓိကာ''ဟု ဆိုသည်။မဟတိ ဣဒ္ဓိ ယေသံ တိ မဟိဒ္ဓိကာ။ [ဇမ္ဗုဒီပေ ဌိတမဇ္ဈန္ဟိကဝေလာယံ ပုဗ္ဗဝိဒေဟဝါသိနံ အတ္ထာဂ် မနဝသေန ဥပစ္စံ သူရိယမဏ္ဍလံ ပညာယတိ၊ အပရဂေါယာနဝါသိနံ ဥဋ္ဌမနဝသေန၊ ဧဝံ သေသဒီပေသူ တိ အာဟ''ကေပ္ပဟာရေနေဝ တီသု ဒီပေသု ပညာယန္တိ တိ။ —ဋီကာ။]

ယေပိတတ္ထသတ္တာတိ၊ ကား။ တသ္မိံ လောကန္တရိကမဟာနိရယေ၊ ထို လောကန္တရိက် ငရဲကြီး၌။ ယေပိ သတ္တာ၊ အကြင် သတ္တဝါတို့သည်လည်း။ ဥပ္ပန္နာ၊ ဖြစ်ကြရကုန်၏။ ပန၊ ပရိဟာရပက္ခမ္ပတပါး စောဒကပက္ခ ကို ဆိုဦးအံ့။ ကိံ ကမ္မံ၊ အဘယ်အမှုကို။ ကတ္ဘာ၊ ပြု၍။ ဝါ၊ ပြုခဲ့ခြင်းကြောင့်။ တတ္ထ၊ ထို လောကန္တရိက်ငရဲ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြရကုန်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ ဘာရိယံ၊ ဝန်လေးသော။ ဒါရုဏံ၊ ကြမ်းတမ်းသော။ မာတာပိတူနံ၊ အမိအဖတို့၏လည်းကောင်း။ ဓမ္မိကသမဏဗြာဟ္မဏာနဉ္စ၊ တရားရှိသော သမဏဗြာဟ္မဏတို့၏လည်းကောင်း။ ဥပရိ၊ အထက်၌။ အပရာဓံ၊ အပြစ်ကိုလည်းကောင်း။ အည့်၊ အခြားသော။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း၌။ ပါဏဝဓဒိဿာဟသိကကမ္မံစ၊ သတ္တဝါကို သတ်ခြင်း အစရှိသော အဆောတလျင်ဖြစ်စေအပ်သော အမှုကိုလည်းကောင်း။ ကတ္ဘာ၊ ၍။ ဝါ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ (ကေဝိယ၊ အဘယ်သူတို့ကဲ့သို့နည်း။) ဂမ္ဘပဏ္ဍိဒပေါသိဟိုဋ္ဌကျန်း၌။ အဘယ စောရနာဂစောဇုဒယောဝိယ၊ အဘယသူပုန် နာဂသူပုန် အစရှိသူတို့ ကဲ့သို့တည်း။ တေသံ၊ ထို လောကန္တရိက်ငရဲသားတို့၏။ အတ္တဘာဝေ၊ သည်။ တိဂါဝုတိကော၊ သုံးဂါဝုတ်ရှိသည်။ ဟောတိ။ ဝဂ္ဂုလိနံ၊ လင်းနို့တို့၏။ ဒီဃနခါ၊ ရှည်သောလက်သည်း ခြေသည်းတို့သည်။ ဟောန္တိဝိယ၊ ရှိကုန်သကဲ့သို့။ (တထာ၊ တူ။ တေသံ၊ ထို ငရဲသားတို့၏။ ဒီဃနခါ၊ တို့သည်။ ဟောန္တိ။) ရုက္ခေ၊ သစ်ပင်၌။ ဝဂ္ဂုလိယော၊ လင်းနို့တို့သည်။ နခေဟိ၊ တို့ဖြင့်။ လဂ္ဂန္တိ ဝိယ၊ ငြိတွယ်ကြရကုန်သကဲ့သို့။ (တထာ၊ တူ။) တေ၊ ထို လောကန္တရိက် ငရဲသားတို့သည်။ စက္ကဝါဠပဗ္ဗတေ၊ ၌။ လဂ္ဂန္တိ၊ ကုန်၏။ ယဒါ၊ အကြင်အခါ၌။ သံသပ္ပန္တာ၊ ရွရွတွား၍ သွားကြကုန်သည်ရှိသော်။ အညမညဿ၊ ၏။ ဟတ္ထပါဒံ၊ သို့။ ဂတာ၊ ရောက်ကုန်သည်။ ဟောန္တိ။ အထ၊ ဟတ္ထပါဒ်သို့ ရောက်ရာ ထို အခါ၌။ နေ၊ ငါတို့သည်။ ဘက္ခေ၊ အစာကို။ လဒ္ဓေါ၊ ရအပ်ပြီ။ ဣတိ၊ သို့။ မညမာနာ၊ မှတ်ထင်ကုန်သည်။ (ဟုတ္တာ၊) တတ္ထ၊ ထို အစာဟု မှတ်ထင်အပ်သော သတ္တဝါ၌။ ဝါဝဋ္ဋာ၊ ကြောင့်ကြ စိုက်ကုန်သည်။ (စားဖို့ယူခြင်းငှါ ကြောင့်ကြစိုက်ကြကုန်သည်။) (သမာနာ၊ ကုန်လတ်သော်။) ဝိပရိဝတ္တိတ္တာ၊ ပြန့်လည်၍။ လောကသန္ဓာရကဉဒကေ၊ လောကကို ဆောင်ထားသော ရေ၌။ ပတန္တိ၊ ကျကုန်၏။ ဝါတေ၊ လေသည်။ ပဟရန္တေပိ၊ တိုက်ခတ်ပြန်သော်လည်း။ မဓုကဖလာနိဝိယ၊ သစ်မည်စည်သီးတို့ကဲ့သို့။ ဆိဇ္ဇိတ္ဝာ၊ ပြတ်၍။ ဥဒကေ၊ ၌။ ပတန္တိ၊ ကျကြကုန်၏။ ပတိတမတ္တာ၊ ကျပြီးကာမျှတို့သည်။ (သမာနာ) ဝ၊ ဖြစ်ကုန်သော်သာလျှင်။

အစ္စန္တံခါရေ၊ အလွန် အေးသော။ ဥဒကေ၊ ဌ်။ ပိဋ္ဌပိဏ္ဍိဝိယ၊ မုန့်ညက်စိုင်သည်
ကဲ့သို့။ ဝိလီယန္တိ၊ ကြေမွကုန်၏။

အညေပိ ကိရ ဘော သတ္တာတိ၊ ကား။ ဘော၊ အမောင်တို့။ မယံ၊
တို့သည်။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝါမ ယထာ၊ ခံစား
ရကုန်သကဲ့သို့။ ဝေံ၊ တူ။ အညေ၊ ငါတို့မှ အခြားကုန်သော။ သတ္တာပိ၊
တို့သည်လည်း။ ဣမံ ဒုက္ခံ၊ ကို။ အနုဘဝန္တထာယ၊ ငှါ။ ဣဓ၊ ဤအရပ်
သို့။ ဥပပန္နာကိရ၊ ဖြစ်ရကုန်သတတ်။ ဣတိ၊ သို့။ တံ ဒိဝသံ၊ ထို ဘုရား
အလောင်းတော်တို့ ပဋိသန္ဓေနေရာနေ့၌။ ပဿန္တိ။ မြင်ကြရကုန်၏။ ပန၊
ထို့သို့ပင် မြင်ကြရပါသော်လည်း။ အယံ ဩဘာသော၊ သည်။ ဧကယာဂု
ပါနမတ္တမ်ပိ၊ ယာဂုတဇွန်းသော အတိုင်းအရှည်ရှိသောက်ကာလမျှလည်း။ နု
တီဋ္ဌတိ၊ မတည်၊ အစ္ဆရာသဃ်ာဋ္ဌမတ္တမေဝ၊ လက်ဖျောက်တချက်တီးချိန်မျှ
သာလျှင်။ ဝိဇ္ဇောဘာသောဝိယ၊ လျှပ်စစ်ရောင်ကဲ့သို့။ နိစ္ဆရိတ္ဝာ၊အရောင်
ထွက်၍။ ဝါ၊ အရောင်ပြက်၍။ ဣဒံ၊ ဤအရောင်သည်။ ကိံ၊ အဘယ်
အရောင်ပါလိမ့်မည်နည်း။ ဣတိ၊ သို့။ ဘဏန္တာယေဝ၊ ပြောဆိုနေစဉ်ပင်။
အန္တရဓာယတိ၊ ကွယ်ပျောက်၏။ သက်မိတိ၊ ကား။ သမန္တတော၊ ထက်
ဝန်းကျင်၌။ ကမ္မတိ၊ ၏။ ဣတရဒ္ဒယံ၊ သက်မှတိ-မှတပါးသော သမ္ဘကမ္မ

အစ္စန္တံခါရေ။ ။အစ္စန္တခါရေတိ အာတပသန္တာပါဘာဝေန (နေအပူ၏ မရှိခြင်း
ကြောင့်။) အတိသီတဘာဝမေဝ သန္ဓာယ (အလွန်အေးသည်၏ အဖြစ်ကိုသာ
ရည်ရွယ်၍။) အစ္စန္တခါရတာ ဒုတ္တာ သိယာ။ သမ္ဘတ္တိကရှမဟာမေဃဝုဋ္ဌံ (သမ္ဘတ္တိကို
ပြုတတ်သော ကမ္ဘာပြုမိုးကြီးသည် ရွာဖြိုးအပ်သော။) ပထဝိသန္ဓာရကံ (မြေကို
ကောင်းစွာဆောင်ထားနိုင်သော။) တံ ကပ္ပသဏ္ဌာဟနဉဒကံ (ထို ကမ္ဘာတည်ကြောင်း
ဖြစ်သော ရေသည်။) ကပ္ပဝိနာသကဉဒကံဝိယ (ကမ္ဘာပျက်ရေသည် ကဲ့သို့။) ခါရံ
ဘဝိတုံ နအရဟတိ။ (ငန်ခါးသောရေမဖြစ်ထိုက်။) တထာ ဟိ သတိ ပထဝိပိ ဝိလီယေ
ယျ၊ (ထိုသို့ငန်ခါးသောရေဖြစ်လျှင်ထိုရေပေါ်၌ တည်ရသော မြေကြီးသည်သော်မှလည်း
ကြေမွသွားရာ၏။) [ဤအလို ''အစ္စန္တခါရ–အလွန်အေးသောရေ'' ဟု ပေးပါ။] ဝါ၊
(တနည်း။) တေသံ ပါပကမ္မပလေန (ထို သတ္တဝါတို့၏ မကောင်းမှုကံ၏ အစွမ်း
ကြောင့်။) ပေတာနံ ဥဒကဿ ပုဗ္ဗခေဋ္ဌဘာဝါပတ္တိဝိယ (ပြိတ္တာများအတွက် ပကတိ
ရေ၏ ပြည့်အဖြစ် တံထွေးအဖြစ်သို့ ရောက်ခြင်းကဲ့သို့။) တဿုဒကဿ တဒါ
ခါရဘာဝါပတ္တိ (ထို ကမ္ဘာမြေကို ခံသောရေ၏ လောကန္တရိက်ငရဲသားတို့ ကျရာ
ထိုအခါ၌ ခါးစပ်သည်၏ အဖြစ်သည်။) ဟောတိ။ ဣတိ ဝုတ္တံ ''အစ္စန္တခါရေ ဥဒကေ''
တိ။–ဋီကာ။ [ဤအလို ''အလွန်ငံခါးသောရေ၌'' ဟု ပေးပါ။]

သမန္တတော ကမ္မတိ။ ။သမန္တတော ကို ''သမ္ဘဘာဂတော'' ဟု ဋီကာဖွင့်၏။ ''အ
လုံးစုံသောအဖို့အားဖြင့်'' ဟူလို။ ''အလုံးစုံသောအဖို့'' ဟူသည်လည်း ခြောက်မျိုးသော

တိ သမ္ပဝေဓတိ-ပုဒ်နှစ်ပါးအပေါင်းသည်။ ပုရိမပဒဿေဝ၊ ရှေး-သက်မ္ပတိ ပုဒ်၏သာ။ ဝေဝစနံ၊ တည်း။ ပုန၊ တဖန်။ အပ္ပမာဏောစာတိအာဒိ၊ ကို။ နိဂမနတ္ထံ၊ နိဂုံးအကျိုးငှါ။(ဘဂဝတာ၊) ဝုတ္တံ၊ ပြီ။[ပါဋ္ဌိတော်၌"အပ္ပမာဏော စသောပုဒ်တို့က ရှေ၌လည်းပါခဲ့ပြီးဖြစ်၏။ ဤနောက်၌ နိဂုံးအကျိုးငှါ ထပ်၍ ဟောတော်မူသည်—ဟူလို။]

၁၉။ စတ္တာရော နံ။ပ။ဥပဂစ္ဆန္တီ တိ ဧတ္ထ၊ ပါဋ္ဌ၌။ စတ္တာရောတိ၊ စတ္တာရော—ဟူသော ပုဒ်ကို။ စတုန္နံ၊ ကုန်သော။ မဟာရာဇာနံ၊ နတ်မင်းကြီးတို့၏။ ဝသေန၊ အဖြစ်ဖြင့်။ ဝုတ္တံ၊ ပြီ။ ပန၊ ထိုသို့ ဆိုအပ်ပါသော်လည်း။ ဒသသဟဿ စက္ကဝါဋ္ဌေသု၊ တသောင်းသော စကြဝဋ္ဌာတို့၌။ စတ္တာရော စတ္တာရော၊ ၄ ယောက် ၄ ယောက်တို့ကို။ကတ္ဒာ၊၍။စတ္တာလီသသဟဿာနိ၊ ၄ သောင်းသော နတ်မင်းကြီးတို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထို ၄ သောင်းသောနတ်မင်းကြီးတို့တွင်။ ဣမသ္မိံ စက္ကဝါဋ္ဌေ၊ ၌။ မာဟာရာဇာနော၊ တို့သည်။ ခဂ္ဂဟတ္ထာ၊ လက်၌ သန်လျက် ရှိကုန်သည်။ (သန်လျက် လက်စွဲကုန်သည်။) (ဟုတ္ဒာ၊)ဗောဓိသတ္တဿ၊ ကို။ အာရက္ခတ္ထာယ၊ စောင့်ရှောက်ခြင်းအကျိုးငှါ။ ဥပဂန္ဆာ၊ အနီးသို့ကပ်၍။ သိရိဂဗ္ဘံ၊ အသရေရှိသော တိုက်ခန်းသို့။ ပဝိဋ္ဌာ၊ ဝင်ကုန်ပြီ။ ဣတရေ၊ ၄ ယောက်မှ အခြားသောနတ်မင်းတို့သည်။ ဂဗ္ဘဒ္ဒါရတော၊ တိုက်ခန်းတံခါးမှ။ ပဋ္ဌာယ၊ ၍။ အဝရုဒ္ဓကေ၊ ပိတ်ဆို့နှောင့်ယှက်တတ်ကုန်သော။ ပံသုပိသာစကာဒိယက္ခဂဏေ၊ မြေဘုတ်ဘီလူးအစရှိသော ဘီလူးအပေါင်းတို့ကို။ ပဋိက္ကမာပေတ္ဒာ၊ နောက်သို့ ဆုတ်စေ၍။ ယာဝ စက္ကဝါဋ္ဌာ၊ စကြဝဋ္ဌာတိုင်အောင်။ အာရက္ခံ၊ အစောင့်အရှောက်ကို။ ဂဏ္ဌိံသု၊ ယူကြကုန်ပြီ။

ပန၊ ပရိဟာရပက္ခ-မှတပါး စောဒကပက္ခ-ကို ဆိုဦးအံ့။ ကိမတ္တာယ၊ ငှါ။ အယံရက္ခာ၊ ကို။ (ဂဟိတာ၊ ယူအပ်သနည်း။) [နောက်၌ "ရက္ခံ အဂ္ဂဟေသုံ"ဟု ရှိသောကြောင့် "ဂဟိတာ"ဟု ဆရာတို့ ထည့်ကြသည်။] ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေတည်နေရာခဏ၌။ ကလလကာလတော၊ ကလလ-ရေကြည် တည်ရာအခါမှ။ ပဋ္ဌာယ၊ ၍။ ကောဋိသတသဟဿမာရာ၊ ကုဋေတသိန်းသော မာရ်နတ်တို့သည်။ ကောဋိသတသဟဿသိနေရုံ၊ ကုဋေတသိန်းသော မြင်းမိုရ်တောင်ကို။ ဥက္ခိပိတ္ဒာ၊ မြောက်၍။ဗောဓိသတ္တဿ ဂါ၊ ဘုရား

အဖို့အားဖြင့် လှုပ်ခြင်းကိုဆိုလိုသည်။ထို့ကြောင့်—ဋီကာ၌"ဆပ္ပကာရဖိ"ဟု ဖွင့်သည်။ [၆ မျိုးအပြားအားဖြင့် လှုပ်ပုံကို ပါရာဇိကဏ်ဘာသာဋီကာ ပထမသံဂါယနာအဖွင့်၌ ပြခဲ့ပြီ။]

အလောင်းတော်၏ သော်လည်းကောင်း။ ဗောဓိသတ္တမာတုယာဝါ၊ ဘုရား အလောင်းမယ်တော်၏သော်လည်းကောင်း။ အန္တရာယကရဏတ္ထံ၊ အန္တရာယ်ကို ပြုခြင်း အကျိုးငှါ။ သစေ ပိ အာဂစ္ဆေယျုံ၊ အကယ်၍မူလည်း လာစေ ကုန်ဦးတော့။ (ဧဝံ သန္တေသု ပိ၊ ကုန်သော်လည်း။)သဗ္ဗေ၊ အလုံးစုံသော မာရ်နတ်တို့သည်။ အန္တရာဝ၊ ဘုရားအလောင်း၏အနီးသို့ မရောက်မီအကြား၌သာလျှင်။ ဝါ၊ မယ်တော်၏အနီးသို့ မရောက်မီအကြား၌သာလျှင်။ အန္တရ ဓာယေယျုံ နနု၊ ကွယ်ပျောက်ကုန်ရာသည် မဟုတ်လော။

စ၊ သာဓက ကား။ ရုဟိရုပ္ပါဒဝတ္ထုသ္မိံ၊ ရုဟိရုပ္ပါဒဝတ္ထု၌။ အဌာနမေတံ ဘိက္ခဝေ။ပ။အရက္ခိယာ ဘိက္ခဝေ တထာဂတာတိ၊ ဟူသော။ ဧတံ (သုတ္တံ)ပိ၊ ဤ ပါဋိတော်ကိုလည်း။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။ [စူဋဝဂ္ဂ ပါဋိတော်, သံဃဘေဒကက္ခန္ဓက, လောဟိတုပ္ပါဒကကမ္မဝတ္ထု၌ ဟောတော်မူအပ်ပြီ။] ဘိက္ခဝေ၊ တို့။ ပရော၊ သူတပါးသည်။ ဥပက္ကမေန၊ လုံ့လပြုခြင်းဖြင့်။ တထာဂတံ၊ ကို။ ဇီဝိတာ၊ မှ။ ယံ ဝေါရောပေယျ၊ အကြင်ခွင်းရာ၏။ဧတံ၊ သူတပါးကလုံ့လဖြင့် ဇီဝိတိန္ဒြေမှခွင်းခြင်းဟူသော ဤအကြောင်းသည်။ အဌာနံ။ ဖြစ်နိုင်သော အကြောင်းမဟုတ်။ ဧသော၊ သည်။ အနဝကာသော၊ ဖြစ်နိုင်သောအခွင့်မဟုတ်။ ဘိက္ခဝေ၊ တို့။ အနုပက္ကမေန၊ သူတပါးတို့၏ လုံ့လမှ ကင်းသဖြင့်။ တထာဂတာ၊ တို့သည်။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။ ဘိက္ခဝေ၊ တို့။ တုမှေ၊ တို့သည်။ ယထာဝိဟာရံ၊ အကြင်အကြင်နေမြဲကျောင်းသို့။ ဂစ္ဆထ၊ ပြန်ကြကုန်။ ဘိက္ခဝေ၊တို့။ တထာဂတာ၊တို့ကို။ အရက္ခိယာ၊မစောင့်ရှောက်ထိုက်ကုန်။(စောင့်ရှောက်ဖွယ်မလိုကုန်။) ဧဝမေဝ၊ ဤ မိန့်တော်မူသည့်အတိုင်းပင်။ တေန ပရူပက္ကမေန၊ ထို သူတပါးတို့၏ လုံ့လကြောင့်။ တေသံ၊ ထို ဘုရားအလောင်း, ဘုရားအလောင်းမယ်တော်တို့၏။ ဇီဝိတန္တရာယော၊ အသက်၏အန္တရာယ်သည်။ နအတ္ထိ၊ မရှိနိုင်။ ပန၊ ထိုသို့ပင် သူတပါးတို့၏လုံ့လကြောင့် အသက်၏အန္တရာယ်

ယံ ပရူပက္ကမေန။ ။"ယံ" ကို ဝေါရောပေယျ-၌ "ကြိယာပရာမသန" အဖြစ်ဖြင့် တွဲစပ်ပါ။ပရူပက္ကမေန ကို "ပရော+ဥပက္ကမေန" ဟု ပုဒ်ဖြတ်၍, ပရောကို ဝေါရောပေယျ-၏ "ကတ္တား" ဟု ကြီလိုက်ပါသည်။ တပါးသောသူသည် လုံ့လပြုသဖြင့် မြတ်စွာဘုရားကို ဇီဝိတိန္ဒြေမှ အကြင်ခွင်းရာ၏။ ဤသို့ခွင်းခြင်းသည် ဖြစ်နိုင်သော အကြောင်းမဟုတ်။ ဖြစ်နိုင်သောအခွင့်မဟုတ်။ ဆရာတို့ကား "ပရူပက္ကမေန၊ တပါးသောပုဂ္ဂိုလ်တို့၏ လုံ့လဖြင့်။ (ပရော၊ တပါးသောသတ္တဝါသည်။)" ဟု ပရော–တပုဒ်ကို အပိုထည့်၍ ပေးတော်မူကြ၏။

မရှိနိုင်ပါသော်လည်း။ ဝိရူပါ၊ ဖောက်ပြန်သော အဆင်းရှိကုန်သော။ ဝါ၊ အရုပ်ဆိုးကုန်သော။ ဒုဒ္ဒသိကာ၊ မကောင်းသဖြင့်မြင်ရခြင်း ရှိကုန်သော။ ဝါ။ အမြင်မကောင်းကုန်သော။ အမနုဿာ၊ ဘီလူးတို့သည်လည်းကောင်း။ ဝါ။ နတ်တို့သည်လည်းကောင်း။ ဘေရဝရူပါ၊ ကြောက်မက်ဖွယ် သဘောရှိကုန်သော။ မိဂပက္ခိနော၊ သားကောင်, ငှက်တို့သည်လည်းကောင်း။ သန္တိ၊ ကုန်၏။ ယေသံ၊ အကြင်ဘီလူး, သားကောင်, ငှက်တို့၏။ ရူပံ၊ အဆင်းကို။ ဒိဿဝါ၊ မြင်ရ၍သော်လည်းကောင်း။ ဝါ၊မြင်ရခြင်းကြောင့်သော်လည်းကောင်း။ သဒ္ဒံ၊ ကို။ သုတ္ဝာဝါ၊ ကြားရ၍သော်လည်းကောင်း။ ဝါ၊ ကြားရခြင်းကြောင့်သော်လည်းကောင်း။ ဗောဓိသတ္တမာတု၊ ဘုရားအလောင်းမယ်တော်၏။ ဘယံ ဝါ၊ ကြောက်ခြင်းသည်သော်လည်းကောင်း။ သန္တာသောဝါ၊ ထိတ်လန့်ခြင်းသည်သော်လည်းကောင်း။ ဥပ္ပဇ္ဇေယျ၊ ၏။ တေသံ၊ ထိုဘီလူး, သားကောင်, ငှက်တို့ကို။ နိဝါရဏတ္ထာယ၊ တားမြစ်ခြင်းအကျိုးငှါ။ ရက္ခံ၊ ကို။ အာဂဟေသုံ၊ ကုန်ပြီ။ အပိ စ၊ သည်သာမက။ ဗောဓိသတ္တာဿ၊ ၏။ ပုညတေဇေန၊ ကောင်းမှု၏ တန်ခိုးကြောင့်။ သဒ္ဒေတဂါရဝါ၊ လွန်စွာဖြစ်သော ရှိသေလေးစားခြင်းရှိကုန်သည်။ (ဟုတ္ထ။) အတ္ထနော၊ ၏။ ဂါရဝစောဒိတာ၊ ရှိသေလေးစားခြင်းသည် တိုက်တွန်းအပ်ကုန်သည်။ (ဟုတ္ထ) ပီ၊ လည်း။ တေ၊ ထို နတ်မင်းကြီးတို့သည်။ ဇဝံ၊ ဤသို့ စောင့်ရှောက်မှုကို။ အကံသု၊ ကုန်ပြီ။

ပန၊ ပရိဟာရပက္ခ-မှတပါး စောဒကပက္ခ-ကို ဆိုဦးအံ့။ အန္တေဝဇ္ဈ၊ တိုက်ခန်းတွင်းသို့။ ပဝိသိတ္ထာ၊ ၍။ ဌိတာ၊ ကုန်သော။ စတ္တာရော၊ ကုန်သော။ ဧတ မဟာရာဇာနော။ ထို နတ်မင်းကြီးတို့သည်။ ဗောဓိသတ္တာဿ၊ ၏။ မာတုယာ၊ အား။ အတ္တာနံ၊ ကို။ ဒဿေန္တိ ကိ၊ ပြကြကုန်သလော။ နဒဿေန္တိ ကိ၊ မပြကြကုန် သလော။ ဣတိ၊ ဤကား အမေးတည်း။ နဟာနမဏ္ဍနဘောဇနာဒိသရီရကိစ္စကာလေ၊ ရေချိုးရာအခါ, တန်ဆာဆင်ရာအခါ, ပဲ့တင်တည်ရာအခါ အစရှိသော ကိုယ်နှင့်စပ်သောကိစ္စကို ပြုရာအခါ၌။ နဒဿေန္တိ၊ မပြကြကုန်။ ပန၊ အနုယကာ။ သိရိဂဇ္ဈံ၊ အသရေရှိသော တိုက်ခန်းသို့။ ပဝိသိတ္ထာ၊ ၍။ဝရသယနေ၊ မြင့်မြတ်သောအိပ်ရာ၌။ နိပန္နကာလေ၊ လျောင်းရာအခါ၌။ ဒဿေန္တိ၊ ကုန်၏။ တတ္ထ၊ ထိုသို့ ပြရာ၌။ အမနုဿဒဿနံနာမ၊ လူနှင့်တူသောနတ်တို့ကို မြင်ရခြင်းမည်သည်။ မနုဿာနံ၊ တို့၏။ သပ္ပဋိဘယာ-ဘေးဘျမ်းနှင့် တကွဖြစ်သည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်ပါပေ၏။ ပန၊ ထိုသို့ပင် ဖြစ်ပါသော်လည်း။ ဗောဓိသတ္တာဿ၊ ၏။ မာတာ၊ သည်။ အတ္တာနော စေဝ၊ ၏လည်းကောင်း။

ပုတ္တာဿစ၊ ၏လည်းကောင်း။ ပုညာနုဘာဝေန၊ ကောင်းမှု၏ အာနုဘော် ကြောင့်။ တေ၊ ထို နတ်မင်းကြီးတို့ကို။ ဒိသွာ၍။ ဝါ၊ ကြောင့်။ နဘာယတိ၊ မကြောက်။ အဿာ၊ ထို ဘုရားအလောင်း မယ်တော်၏။ တေသု၊ ဤ နတ်မင်းကြီးတို့၌။ စိတ္တံ၊ သည်။ ပကတိအန္တေပုရပါလကေသု ဝိယ၊ ပင်ကို အားဖြင့် နန်းတော်တွင်းကိုဖောင့်သူတို့၌ ကဲ့သို့။ဥပပဇ္ဇတိ၊ ၏။

၂၀။ ပကတိယာ သီလဝတီတိ၊ ကား။ သဘာဝေနေဝ၊ ပင်ကိုသဘော အားဖြင့်ပင်။ သီလသမ္ပန္နာ၊သီလနှင့်ပြည့်စုံသော။(ဗောဓိသတ္တမာတာ-၌စပ်။) ကိရ၊ ခဲ့၏။ ဗုဒ္ဓေ၊ သည်။ အနုပ္ပန္နေ၊ ပွင့်တော်မမူလတ်သော်။ မနုဿာ၊ တို့သည်။ တာပသပရိဗ္ဗာဇကာနံ၊ ရဿေ, ပရိဗိုဇ်တို့၏။ သန္တိကေ၊ ၌။ ဝန္ဒိတ္ဝာ၊ ၍။ ဥက္ကုဋ္ဌိကံ၊ ဆောင့်ကြောင့်။ နိသီဒိတ္ဝာ၊ ၍။ သီလံ၊ ကို။ ဂဏှန္တီ၊ ကုန်၏။ ဗောဓိသတ္တမာတာပိ၊ ငါတို့၏ ဘုရားအလောင်း မယ်ဒေဝီသည်လည်း။ ကာလဒေဝိလဿ၊ မည်သေး။ ဣသိနော၊ ရဒေ့၏။ သန္တိကေ၊ ၌။ သီလံ။ ဂဏှာတိ၊ ၏။ ပန၊ ထို့သို့ပင် သီလယူပါသော်လည်း။ ဗောဓိသတ္တော၊သည်။ ကုစ္ဆိဂတော၊ ဝမ်းသို့ သက်ရောက်ပြီးသည်ရှိသော်။ အညဿ၊ အခြားသော ပုဂ္ဂိုလ်၏။ ပါဒမူလေ၊ ခြေရင်း၌။ နိသီဒိတုံ နာမ၊ ထိုင်ခြင်းငှါမည်သည်။ နသက္ကာ၊ မတတ်ကောင်း။ သမာနာသနေ၊ တူသောနေရာ၌။ နိသီဒိတ္ဝာ၊ ၍။ ဂဟိတသီလမ်ပိ၊ ယူအပ်သော သီလသည်လည်း။ အဝညာကရဏာမတ္တံ၊ အထင်သေးမှုကို ပြုခြင်းဟူသောအတိုင်းအရှည်ရှိသည်။ ဝါ၊ သီလပေးသော ပုဂ္ဂိုလ်အပေါ်၌ မရိုမသေပြုခြင်းဟူသော အတိုင်းအရှည်ရှိသည်။ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ သီလံ၊ ကို။အဂ္ဂဟေသိ၊ ယူစေပြီ။ ဣတိ၊ ဝုတ္တံ၊ ဟောတိ။

၂၁။ ပုရိသေသူတိ၊ ကား။ ဗောဓိသတ္တဿ၊ ၏။ ပိတရံ၊ ကို။ အာဒိံ ကတ္ဝာ၊ ၍။ ကေသုစိ၊ တစုံတယောက်ကုန်သော။ မနုဿေသု၊ တို့၌။ ပုရိ

အာဝဇ္ဇနကရဏာမတ္တံ။ ။စာအုပ်တို့၌ ''အာဝဇ္ဇနကရဏာမတ္တံ၊ ဆင်ခြင်မှုကိုပြုရုံမျှ သည်''ဟု ရှိ၏။ အဓိပ္ပါယ် မထင်ရှားလှ။''အဝညာကရဏာမတ္တံ။ အဝမညာကရဏာ မတ္တံ''ဟု သိဟိုဠ်,ယိုးဒယားမူတို့၌ ရှိသတတ်။ မူနှစ်မျိုးဖြစ်သော်လည်း အဓိပ္ပါယ်အတူ ပင်တည်း။ သီလပေးသူနှင့် သီလယူသူသည် ခုံဘန်းလျားတခုတည်း၌ ကဲ့သို့ တူသော နေရာ၌ ထိုင်၍ ယူအပ်သောသီလသည်လည်း အဝမညာကရဏာမတ္တံ၊ မလေးမစား ပြုခြင်းဟူသော အတိုင်းအရှည်ရှိသည်။ ဟောတိ၊ ၏။ ဤသို့ရှိသောပါဠိသဒ္ဒ အဓိပ္ပါယ် ရ၏။ ဥပမာ=ဆရာတပည့် တနေရာတည်း၌ထိုင်၍ စာတက်စာချလျှင် အလေးပြုရာ မရောက်သကဲ့သို့တည်း။

သာဓိပ္ပါယ စိတ္တံ၊ယောက်ျား၌ဖြစ်သောအလိုရှိသောစိတ်သည်။နုပ္ပဇ္ဇတိ၊ မဖြစ်။ ပန၊ ဆက်။ ဗောဓိသတ္တမာတု၊ ၏။ ရူပံ၊ ရုပ်အဆင်းကို။ ကုသလာ၊ ကျွမ်းကျင်ကုန်သော။ သိပ္ပိကာ၊ အတတ်ရှင်တို့သည်။ ပေါတ္ထကမ္မာဒီသု ပိ၊ ပန်းချီဆေးရေးမှု အစရှိသည်တို့၌ သော်မှလည်း။ ကာတုံ၊ ၄ါ။ နသက္ကောန္တိ၊ ကုန်။ တံ၊ ထို မယ်တော်၏ ရုပ်အဆင်းကို။ ဒိသွာ၊ ၍။ ပုရိသဿ၊ ၏။ ဝါ၊ မှာ။ ရာဂေါ၊ တပ်မက်ခြင်းသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိ၊ သို့။ ဝတ္တုံ၊ ဆိုခြင်း၄ါ။ နသက္ကာ၊ မတတ်ကောင်း။ ပန၊ ထိုသို့ပင် ယောက်ျားမှာ ရာဂမဖြစ်ဟုဆိုခြင်း၄ါ မတတ်ကောင်းပါသော်လည်း။ တံ၊ ထို ဘုရားအလောင်း မယ်တော်ကို။ ရတ္တစိတ္တော၊ တပ်မက်သောစိတ်ရှိသည်။ (ဟုတ္ဝာ။) ဥပသက်မိတုကာမော၊အနီးသို့ကပ်လိုသည်။ သစေဟောတိ၊အံ့။(ဧဝံ သတိ၊သော်။)ပါဒါ၊ တို့သည်။ နဝဟန္တိ၊ ခန္ဓာကိုယ်ကို မဆောင်နိုင်တော့ကုန်။ ဒိဗ္ဗသခ်လိကာဝိယ၊ နတ်၌ဖြစ်သော သံခြေကျဉ်းကဲ့သို့။ ဗဇ္ဈန္တိ၊ ဖွဲ့ကုန်၏။ တသ္မာ၊ ကြောင့်။ အနတိက္ကမနီယာတိ အာဒိ၊ ကို။(ဘဂဝတာ၊) ဝုတ္တံ။

၂၂။ ပဥ္ဇန္ဓံကာမဂုဏာနန္တိ(ဧတ္ထ)၊ပါဌ်၌။ပုဗ္ဗေ၊၌။ကာမဂုဏူပသဉ္ဇိတန္တိ ဣမိနာ၊ ပါဌ်ဖြင့်။ပုရိသာဓိပ္ပါယဝသေန၊ယောက်ျား၌ဖြစ်သောအလိုဆန္ဒ၏အစွမ်းဖြင့်။ ဝတ္ထုပဋိကွေပေါ၊ အဗြဟ္မစရိယဝတ္ထုကို တားမြစ်ခြင်းကို။ ကတော၊ ပြီ။ဣဓ၊ ဤပဥ္ဇန္ဓံ ကာမဂုဏာနံ–ဟူသောပါဌ်၌။အာရမ္မဏပဋိလာဘော၊ ရူပသဒ္ဒ စသော ငါးပါးအာရုံကာမဂုဏ်တို့ကို ရခြင်းကို။ ဒဿိတော၊ ပြတော်မူအပ်ပြီ။ကိရ၊ ခဲ့၊။ တဒါ၊ ဘုရားအလောင်း၏ ပဋိသန္ဓေနေပြီးရာ ထိုအခါ၌။ ဒေဝိယာ၊ ၏။ ဧဝရူပေါ၊ သော။ ပုတ္တော၊ သည်။ ကုစ္ဆိံ၊ သို့။ ဥပပန္နော၊

ဗဇ္ဈန္တိ။ ။ဤပုဒ်၏ကတ္တားသည် ပါဒါပင်တည်း။ ခြေတို့သည် မဖွဲ့တတ်ကုန်သော်လည်း ဖွဲ့ထားအပ်သော ကံ အဖြစ်ကို မဆိုလို။ "ကုသူလော ဘိဇ္ဇတေ-ကျီသည်ဖြို၏" ကဲ့သို့ ကမ္မကတ္တား အဖြစ်ဖြင့် ဆိုထားသည် ဟု ကြံပါ။

ပဥ္ဇန္ဓံ ကာမဂုဏာနံ။ ။ပုဗ္ဗေ"ကာမဂုဏူပသဉ္ဇိတံ စိတ္တံ နုပ္ပဇ္ဇတိ"တိ ဝုတ္တံ (ရှေး၌ "ကာမဂုဏ်နှင့် စပ်ယှဉ်သောစိတ် မဖြစ်" ဟု ဆိုခဲ့ပြီ။) ပုန "ပဥ္ဇဟိ ကာမဂုဏေဟိ သမပ္ပိတာ သမင်္ဂီဘူတာ ပရိစာရေတိ"တိ စ ဝုတ္တံ (နောက်ထပ်"ပဥ္ဇဟိ ကာမဂုဏေဟိ။ပ။ပရိစာရေတိ"ဟုဆိုပြန်၏။) ကထမိဒံ အညမညံ နဝိရုဇ္ဈတီတိ အာဟ "ပုဗ္ဗေ"တိအာဒိ။ (ထို စကားနှစ်ရပ်သည် ရှေနောက် မဆန့်ကျင်ပါသလောဟုမေးဖွယ်ရှိသောကြောင့် ပုဗ္ဗေ အစရှိသည်ကို ဆိုသည်။) ရှေး၌ မေထုန်၏တည်ရာဝတ္ထုဖြစ်သော ကာမဂုဏ်၏ ပယ်ခြင်းကို ဆိုခဲ့၏။ဤနေရာ၌ကား–ရူပ သဒ္ဒ စသောခံစားဖွယ်အာရုံ ကာမဂုဏ်တို့၏ ပေါများသည်၏အဖြစ်ကို ပြလို၍"ပဥ္ဇဟိ ကာမဂုဏေဟိ သမပ္ပိတာ သမင်္ဂီဘူတာ"ဟု ဆိုသည်။ ထို့ကြောင့် ရှေနောက်မဆန့်ကျင်ပါ။

ကပ်ရောက်ပြီ။ ဤတိ၊ သို့။ သုတ္ဝာ၊ ၌။ သမန္တဇောဘာ၊ ပတ်ဝန်းကျင်မှ။ ရာဇာနော၊ တို့သည်။ မဟဋ္ဌအာဘာရဏတူရိယာဒိဝသေန၊ များသောအဖိုးရှိသောတန်ဆာ,တူရိယာအစရှိသည်တို့၏ အစွမ်းဖြင့်။ ပဉ္စဒ္ဒါရာရမ္မဏဝတ္ထုဘူတံ၊ ငါးဒွါရ၌ အာရုံဝတ္ထုဖြစ်၍ဖြစ်သော။ ပဏ္ဏာကာရံ၊လက်ဆောင်ကို။ ပေဓသန္တိ၊ ပေးပို့စေကြကုန်၏။ ဗောဓိသတ္တာဿစ၊၏လည်းကောင်း။ ဗောဓိသတ္တမာတုစ၊၏လည်းကောင်း။ကတကမ္မဿ၊ပြုအပ်ပြီးသောကောင်းမှု၏။ဥဿန္နတ္တာ၊များသည်၏ အဖြစ်ကြောင့်။ လဘာသက္ကာရဿ၊ ရအပ်သော သာမည်လာဘ်,ကောင်းစွာရအပ်သော ဝိသေသလာဘ်၏။ ပမာဏပရိစ္ဆေဒေါ၊အတိုင်းအရှည် အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။[ပဏ္ဏာကာရ-ပုဒ်၏အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ ပဌမသံဃာဒိသေသ်အဖွင့်၌ ပြခဲ့ပြီ။]

၂၃။ အကိလန္တကာယာတိ၊ ကား။ အညာ၊ ဘုရားအလောင်း၏ မယ်တော်မှ အခြားကုန်သော။ ဤတ္ထိယော၊ တို့သည်။ ဂဗ္ဘဘာရေန၊ ကိုယ်ဝန်တည်းဟူသောဝန်ကြောင့်။ ကိလမန္တိ၊ ပင်ပန်းကြရကုန်၏။ ဟတ္ထပါဒါ၊ လက်ခြေတို့သည်။ ဥဒ္ဓုမာတတာဒီနိ၊ ဖူးရောင်ကုန်သည်၏ အဖြစ် အစရှိသည်တို့သို့။ ပါပုဏန္တိ ယထာ၊ ရောက်ကုန်သကဲ့သို့။ ဧဝံ၊ တူ။ တဿာ၊ ထို ဘုရားအလောင်း မယ်တော်၏။ ကောစိ၊ သော။ ကိလမထေါ၊ ခြင်းသည်။ နာဟောသိ၊ မဖြစ်။ တိရောကုစ္ဆိဂတန္တိ၊ ကား။ အန္တောကုစ္ဆိဂတံ၊ ဝမ်း၏အတွင်း၌ရောက်သော။ (ဗောဓိသတ္တံ-၌စပ်။) ပဿတီတိ၊ ကား။ ကလလာဒိကာလံ၊ ကလလရေကြည် အစရှိသည်တို့၏အခါကို။ အတိက္ကမိတ္ဝာ၊ ၍။ သဉ္ဇာတအင်္ဂပစ္စင်္ဂအဟီနိန္ဒြိယဘာဝံ၊ ကောင်းစွာဖြစ်သော အင်္ဂါကြီးငယ်ရှိသည်၏အဖြစ်, မယုတ်လျော့သော ကွန်ဒြရှိသည်၏ အဖြစ်သို့။ ဥပဂတံယေဝ၊ ကပ်ရောက်ပြီးသော ဘုရားအလောင်းကိုသာ။ ပဿတိ၊ မြင်၏။ ကိမတ္ထံ၊ ဌာ။ ပဿတိ၊ နည်း။ သုခဝါသတ္ထံယေဝ၊ ချမ်းသာစွာနေရခြင်း အကျိုးဌာသာ။ ပဿတိ၊ ၏။

ဥဒ္ဓုမာတတာဒီနိ။ ။ရှေးစာအုပ်တို့၌ ''ဥဒ္ဓုမာတကာဒီနိ'' ဟု ရှိ၏။ မကောင်း။ ဘာကြောင့်နည်း။ ဥဒ္ဓုမာတကနှင့် ဟတ္ထပါဒါတို့ အရတူနေ၍ ကတ္တားနှင့်ကံ မကွဲသောကြောင့်တည်း။ ''ဥဒ္ဓုမာတတာ'' ဟု ရှိသောပါဋ္ဌကား ''ဖူးရောင်သော လက်ခြေတို့၏ ဖြစ်ကြောင်းဖြစ်ရာ ဖူးရောင်ခြင်းကြိယာ'' ဟု အနက်ရသောကြောင့် ကတ္တားနှင့် ကံ အရကွဲသည့်အတွက် ကောင်း၏။ [ဥဒ္ဓုမာတာနံ၊ ဖူးရောင်သော လက်ခြေတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာ ဖူးရောင်ခြင်းကြိယာတည်း။ ဥဒ္ဓုမာတတာ၊ ယာ။]

ဟိ၊ ခဲ့၏။ မာတာ၊ သည်။ ပုတ္တေန၊ ပက်လက် အိပ်တတ်ကာစ သား ငယ်နှင့်။[ပုတ္တေန ဒဟရေန မန္ဒေန ဥတ္တာနသေယျကေန။-ဋီကာ။]သဒ္ဒိ၊ ကွ။ နိပန္နာ၊ လျောင်းနေသည်။ (သမာနာ) ဝါ၊ ဖြစ်သော်လည်းကောင်း။ နိသိန္နာ၊ ထိုင်နေသည်။ (သမာနာ) ဝါ၊ သော်လည်းကောင်း။ အဃ၊ ထို သားငယ်၏။ ဟတ္ထံဝါ၊ လက်ကိုသော်လည်းကောင်း။ ပါဒံဝါ၊ ခြေကိုသော် လည်းကောင်း။ သြလမ္မန္တံ၊ အောက်သို့ တွဲလျားကျနေသည်ကို။ ဥက္ခိပိတ္ဝာ၊ မြှောက်၍။ သဏ္ဌပေဿာမိ၊ ကောင်းစွာ တည်စေအံ့။ ဣတိ၊ ဤသို့ ကြံ၍။ သုခဝါသတ္ထံ၊ ဌါ။ ပုတ္တံ၊ ကို။ သြလောကေတိ ယထေဝ၊ ကြည့်သကဲ့သို့။ ဧဝံ၊ တူ။ ဗောဓိသတ္တမာတာ ပိ၊ သည်လည်း။ မာတု၊ ၏။ ဥဋ္ဌာနဂမနပရိဝတ္တနနိသဇ္ဇာဒီသု၊ ထခြင်း, သွားခြင်း, လူးလှိမ့်ခြင်း, ထိုင်ခြင်း အစရှိသည် တို့၌လည်းကောင်း။ ဥဏှသီတလောဏိက တိတ္တကကဋုကာဟာရ အဇ္ဈောဟရဏကာလေသုစ–ပူသော အစာကို စားမျိုရာအခါ, အေးသော အစာကို စားမျိုရာအခါ, ငန်သောအစာကိုစားမျိုးရာအခါ, ခါးသောအစာကို စားမျိုရာအခါ, စပ်သောအစာကို စားမျိုရာ အခါတို့၌လည်းကောင်း။ ဂဗ္ဘဿ၊ ကိုယ်ဝန်သူငယ်၏။ ယံ တံ ဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ မေ၊ ၏။ ပုတ္တဿ၊၏။ ဝါ၊မှာ။ တံ၊ ထို ဆင်းရဲသည်။ အတ္ထိ နုခေါ၊ ရှိလေသလော့။ ဣတိ၊ သို့။သုခဝါသတ္ထံ၊ ချမ်းသာစွာ နေနိုင်ခြင်းအကျိုးငှါ။ သြလောကယမာနာ၊ ကြည့်လတ်သော်။ ပလ္လင်္ကံ၊ထက်ဝက်ပလ္လင်ကို။ အာဘုဇိတ္ဝာ၊ ဖွဲ့ခွေ၍။ နိသိန္နံ၊ သော။ ဗောဓိသတ္တံ၊ ကို။ ပဿတိ၊ ၏။

ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့။ အာညေ၊ ဘုရား အလောင်းမှ တပါးကုန်သော။ အန္ဓောကဝိန္ဓံဂတာ၊ ဝမ်း၏ အတွင်း၌ ရောက်သော သတ္တဝါတို့သည်။ ပက္ကာသယံ၊ အစာကျက် အိမ်ကို။ အဝတ္ထရိတ္ဝာ၊ လှမ်း ဖို၍။ အာမာသယံ၊ အစာသစ်အိမ်ကို။ ဥက္ခိပိတ္ဝာ၊ မြှောက်ချီ၍။ ဥဒရပဋလံ၊ ဝမ်းရေကို။ ပိဒ္ဓိတော၊ ကျောက်ကုန်း၌။ ကတ္ဝာ၊ ၍။ (တနည်း။) ပိဒ္ဓိတော ကရိတ္ဝာ၊ ကျော ခိုင်း ၍။ ပိဒ္ဓိကဝဝံ၊ ကျောက်ဆူးရိုးကို။ နိဿာယ၊ ၍။ ၊ ဥက္ကုဋ္ဌိကံ၊ ဆောင့်ကြောင့်။ ဒီသု၊ နှစ်ဘက် ကုန်သော။ မုဋ္ဌိသု၊ လက်ဆုပ်တို့၌။ ဟနုကံ၊ မေးကလေးကို။ထပေတ္ဝာ၊ ထား၍။ ဧဒေဝ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ ရုက္ခသုသိရေ၊ သစ်ခေါင်း၌။ မက္ကဋော ဝိယ၊ မျောက်ကလေးတို့ကဲ့သို့။ နိသီဒန္တိ ယထာ၊ နေကြရကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဗောဓိသတ္တော၊ သည်။ နနိသီဒတိ၊ နေရသည်မဟုတ်။ ပန၊ အဟုတ်ကား။ ဗောဓိသတ္တော၊သည်။ ပိဒ္ဓိကဝဝံ၊ ကို။ ပိဒ္ဓိတော၊ ၌။ ကတ္ဝာ၊ ၍။

(တနည်း။) ပိဋ္ဌိတော ကတ္ဒာ၊ ၍။ ဓမ္မာသနေ၊ တရားဟောပလ္လင်၌။ ဓမ္မ ကထိကောဝိယ၊ ဓမ္မကထိကသည်ကဲ့သို့။ ပလ္လင်္ကံ၊ ကို။ အာဘုဇိတ္ဒာ၊ ၍။ ပုရတ္ထာဘိမုခေါ၊ မယ်တော်၏ ရှေ့ဘက်အရပ်သို့ ရှေးရှုသည်။ (ဟုတ္ဒာ။) နိသီဒတိ၊ ၏။

ပန၊ ဆက်။ ပုဗ္ဗေ၊ ၌။ ကတကမ္မံ၊ ပြုအပ်ပြီးသော ကောင်းမှုသည်။ အဿာ၊ ထို မယ်တော်၏။ ဝတ္ထုံ၊ သားအိမ်ကို။ သောဓေတိ၊ စင်ကြယ်စေ၏။ ဝတ္ထုမှိ၊ သားအိမ်သည်။ သုဒ္ဓေ၊ စင်ကြယ်လတ်သော်။ သုခုမစ္ဆဝိလက္ခဏံ၊ သိမ်မွေ့နူးညံ့သော အရေ၏လက္ခဏာသည်။ နိဗ္ဗတ္တတိ၊ ၏။ အထ၊ ၌။ နံ၊ ထို ဘုရားအလောင်းတော်ကို။ ကုစ္ဆိတစော၊ မယ်တော်၏ ဝမ်းရေသည်။ ပဋိစ္ဆာဒေတုံ၊ ဖုံးခြင်းငှါ။ နဿ သက္ကောတိ၊ နိုင်။ ဩလောကေန္တိယာ၊ ကြည့်သော မယ်တော်၏။ ဗဟိ၊ ပြင်ဘက်၌။ ဋိတော ဝိယ၊ တည်သကဲ့သို့၊ ပညာယတိ၊ ထင်ရှား၏။ တမတ္ထံ၊ ထို အနက်အဓိပ္ပါယ်ကို။ ဥပမာယ၊ ဖြင့်။ ဝိဘာဝေန္တော၊ ထင်စွာပြတော်မူလိုသော။ ဘဂဝါ၊ သည်။ သေယျထာပီတိ အာဒိံ၊ ကို။ အာဟ၊ ပြီ။ ပန၊ ဆက်။ ဗောဓိသတ္တော၊ သည်။ အန္တောကုစ္ဆိဂတော၊ သည်။ (သမာနော၊ ဖြစ်စဉ်။)မာတရံ၊ ကို။ နဿ ပဿတိ၊မမြင်။ (ကသ္မာ၊ ကြောင့်။ မာတရံ၊ ကို။ နဿ ပဿတိ၊နည်း။) ဟိ(ယသ္မာ)၊ကြောင့်။ အန္တောကုစ္ဆိယံ၊ ၌။ စက္ခုဝိညာဏံ၊ သည်။ နဿ ဥပ္ပဇ္ဇတိ၊ မဖြစ်။(တသ္မာ မာတရံ။) နဿ ပဿတိ၊ မမြင်ရ။

၂၄။ ကာလံ ကရောတီတိ၊ ကား။ ဝိဇာတဘာဝပစ္စယာ၊ ဖွားမြင်ရသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်။ (ကာလံ၊ နတ်ရွာစံချိန်ကို။) နဿ (ကရောတိ)၊ ပြုရသည်မဟုတ်။ အာယုပရိက္ခယေနေဝ၊ အသက်၏ကုန်ခြင်းကြောင့်သာ။ (ကာလံ ကရောတိ။)ဟိ၊ ခဲ့။(တနည်း။)ဟိ (ယသ္မာ)၊ကြောင့်။ ဗောဓိသတ္တေန၊ သည်။ ဝသိတဋ္ဌာနံ၊ နေအပ်ရာဌာနဖြစ်သော ဝမ်းတိုက်သည်။ စေတိယကုဋ္ဌိသဒိသံ၊ စေတီကျောင်းဆောင်နှင့်တူသည်။ ဟောတိ၊ ၏။ အညေသံ၊ ဘုရားအလောင်းမှအခြားသူတို့သည်။ အပရိဘောဂါရဟံ၊ သုံးဆောင်ခြင်းကို မထိုက်သည်။ ဟောတိ၊ ၏။ စ၊ဆက်။ဗောဓိသတ္တမာတရံ၊

နဿ ဟိ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ။ ။ကသ္မာ ပန သတိ စက္ခုမှိ, အာလောကေ စ နဿ ပဿတီတိ အာဟ"နဿ ဟိ အန္တောကုစ္ဆိယံ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတီ"တိ။အဿာ သ ပဿာသာ ဝိယ ဟိ တတ္ထ စက္ခုဝိညာဏမ္ပိ နဿ ဥပ္ပဇ္ဇတိ တဇ္ဇဿ သမန္နာဟာရဿ အဘာဝတော။ (ထို စက္ခုဝိညာဉ်အား လျောက်ပတ်သော နှလုံးသွင်းခြင်း၏ မရှိခြင်းကြောင့်တည်း။)

ကို။ အပနေတွာ၊ ဖယ်ရှား၍။ အည့်၊ အခြားသောမိဖုရားကို။ အဂ္ဂမဟေသိဋ္ဌာနေ၊ မြတ်သောမိဖုရား၏အရာ၌။ ဝါ၊ မိဖုရားခေါင်၏အရာ၌။ ထပေတုံ၊ ၎ါ။ နသက္ကာ၊ ကောင်း။ ဗောဓိသတ္တမာတု၊ ၏။ တတ္တကံယေဝ၊ ထိုမျှလောက် ခုနစ်ရက်အတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်သော။ အာယုပ္ပမာဏံ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တဒါ၊ ဖွားမြင်ပြီး၍ ခုနစ်ရက်ပြည့်ရာ ထိုအခါ၌။ ကာလံ၊ ကို။ ကရောတိ၊ ၏။

ပန၊ ပရိဟာရ....အံ့။ ကတရသ္မိံဝယေ၊ အဘယ်အရွယ်၌။ ကာလံ၊ ကို။ ကရောတိ၊ နည်း။ ဣတိ၊ ဤကား အမေးတည်း။ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ (ကာလံ ကရောတိ။) ဟိ၊ ချဲ။ ပဌမဝယသ္မိံ၊ ပထမအရွယ်၌။ သတ္တာနံ၊ တို့၏။ အတ္တဘာဝေ၊ ၌။ ဆန္ဒရာဂေါ၊ ဆန္ဒရာဂသည်။ ဗလဝါ၊ အားရှိသည်။ ဟောတိ၊ တေန၊ ထို ဆန္ဒရာဂအားရှိသည်၏ အဖြစ်ကြောင့်။ တဒါ၊ ပထမအရွယ်၌။ သဉ္ဇာတဂဗ္ဘာ၊ ဖြစ်သောကိုယ်ဝန်ရှိသော။ ဣတ္ထီ၊ သည်။ ဂဗ္ဘံ၊ ကိုယ်ဝန်သူငယ်ကို။ အနုရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှါ။ နသက္ကောတိ၊ နိုင်။ ဂဗ္ဘော၊ ကိုယ်ဝန်သူငယ်သည်။ ဗဟွာဗာဓော၊ များသော အနာရှိသည်။ ဟောတိ။ ပန၊ ကား။ မဇ္ဈိမဝယဿ၊ မဇ္ဈိမအရွယ်၏။ ဒွေ၊ ၂ ပါးကုန်သော။ ကောဋ္ဌာသေ၊ အဖို့အစုတို့ကို။ အတိက္ကမ္မ၊ လွန်၍။ တတိယေ၊ တတိယဖြစ်သော။ ကောဋ္ဌာသေ၊ ၌။ ဝတ္ထု၊ တည်နေရာ သားအိမ်သည်။ ဝိသဒံ၊ သန့်ရှင်းစင်ကြယ်သည်။ ဟောတိ။ ဝိသဒေ၊ သော။ ဝတ္ထုမှိ၊ ၌။ နိဗ္ဗတ္တဒါရကာ၊ ဖြစ်သော ကလေးတို့သည်။ အရောဂါ၊ ရောဂါမရှိကုန်သည်။ ဟောန္တိ။ တသ္မာ၊ ကြောင့်။ ဗောဓိသတ္တမာတာပိ၊ သည်လည်း။ ပဌမဝယေ၊ ၌။

ဝတ္ထု ဝိသဒံ ဟောတိ။ ။ဝတ္ထု ဝိသဒံ ဟောတိတိ ဂဗ္ဘာသယော (ကိုယ်ဝန်၏ တည်ရာ သားအိမ်သည်။) ဝိသုဒ္ဓေါ ဟောတိ။ မာတု မဇ္ဈိမဝယဿ တတိယကောဋ္ဌာသေ ဗောဓိသတ္တဂဗ္ဘောက္ကမနမ္ပိ (ဘုရားအလောင်း၏ အမိဝမ်းတိုက်သို့ သက်ခြင်းကိုလည်း။) တဿာ (ထိုမယ်တော်၏။) အာယုပရိမာဏဝိလောကနေနေဝ (အသက်အတိုင်းအရှည်ကို ကြည့်ခြင်းဖြင့်ပင်။) သင်္ဂဟိတံ (ကသ္မာ) ဝယောဝသေန ဥပ္ပဇ္ဇနကဝိကာရဿ ပရိဝဇ္ဇနတော (အရွယ်နှင့်စပ်သဖြင့် ဖြစ်လတ္တံ့သော ဇောက်ပြန်မှုကို ရှောင်ကြဉ်လိုခြင်းကြောင့်တည်း။) [အရွယ်ငယ်သေးသည့်အခါ သန္ဓေရှိလျက်လည်း ကာမအလိုက်အစားများ၍ သားအိမ်မသန့်မရှင်းရှိတတ်သည်။] ဣတ္ထိသဘာဝေန ဥပ္ပဇ္ဇနကဝိကာရော ပန ဗောဓိသတ္တဿ အာနုဘာဝေနေဝဝူပသမတိ။ (ဘုရားအလောင်းတော်သန္ဓေတည်ပြီးသောအခါ၌ကား မိန်းမသဘောအားဖြင့် ဖြစ်တတ်သော တော်ရုံဘန်ရုံ ကာမဂုဏ်ဇောက်ပြန်မှုကား ဘုရားအလောင်းတော်ကလေး၏ အာနုဘော်ကြောင့်ပင် ငြိမ်းအေးနေတော့၏။—ဋီကာ။

သမ္ပတ္တိ၊ စည်းစိမ်ကို။ အနုဘဝိတွာ၊ ခံစားပြီး၍။ မဇ္ဈိမဝယဿ၊၏။ တတိယေ၊ သော။ ကောဋ္ဌာသေ၊ ၌။ ဝိဇာယိတွာ၊ ဖွားမြင်ပြီး၍။ ကာလံ၊ ကို။ ကရောတိ။ ဣတိအယံ၊ ဤသို့ နတ်ရွာစံချိန်ကို ပြုရခြင်းသည်။ ဧတ္ထ၊ ဤ ဘုရားအလောင်းဖွားမြင်ရာ၌။ ဓမ္မတာ၊ သဘောတံထွာ ဓမ္မတာတည်း။

၂၅။ နဝ ဝါ ဒသ ဝါတိ ဧတ္ထ၊ ၌။ ဝါသဒ္ဒဿ၊ ၏။ ဝိကပ္ပနဝသေန၊ တမျိုးတဖုံ ပြုစီရင်ခြင်း၏ အစွမ်းဖြင့်။ သတ္တ ဝါ၊ ခုနစ်လတို့ ပတ်လုံးသော်လည်းကောင်း။ အဋ္ဌ ဝါ၊ သော်လည်းကောင်း။ ဧကာဒသ ဝါ၊ သော်လည်းကောင်း။ ဒွါဒသ ဝါ၊ သော်လည်းကောင်း။ ဣတိ ဧဝမာဒီနံ၊ ဤသို့ အစရှိသော လတို့ကို။ သင်္ဂဟော၊ သိမ်းယူရေတွက်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ တတ္ထ၊ ထို လတို့တွင်။ သတ္တမာသဇာတော၊ သန္ဓေတည်ပြီးနောက်ခုနစ်လမြောက်၌ ဖွားမြင်ရသော သူငယ်သည်။ ဇီဝတိ၊ အသက်ရှင်တတ်၏။ [ဘာ့ကြောင့်နည်း-ထိုသူငယ်၌ ခန္ဓာကိုယ်ကလေးက သေးငယ်သည့်အတွက် အမိ၏ ယောနိမှထွက်သောအခါ ယောနိနှင့် ထိခိုက်မှုက နည်းသောကြောင့်တည်း။] ပန၊ ထိုသို့ပင် အသက်ရှင်တတ်ပါသော်လည်း။ သီတုဏှက္ခမော၊ အအေးအပူကို ခံနိုင်သည်။ န ဟောတိ၊ မဖြစ်။ (ထို့ကြောင့် ယုယုယယမွေးယူရသည်။) အဋ္ဌမာသဇာတော၊ သန္ဓေတည်ပြီးနောက် ရှစ်လမြောက်၌ ဖွားမြင်ရသော သူငယ်သည်။ န ဇီဝတိ၊ အသက်မရှင်တတ်။[ဘာ့ကြောင့်နည်း ခန္ဓာကိုယ်ကလေးက အနည်းငယ်ကြီးလာသည့်အတွက် အမိယောနိမှထွက်သောအခါ ယောနိနှင့် ထိခိုက်မှုက များသောကြောင့်တည်း။] အဝသေသာ၊ ဆိုအပ်ပြီးသော ခုနစ်လ ရှစ်လမှကြွင်းသော ကိုးလ ဆယ်လ ဆယ့်တစ်လ ဆယ့်နှစ်လမြောက်၌ ဖွားမြင်ရသော သူငယ်တို့သည်။ဇီဝန္တိ၊ ကုန်၏။ [ထို အချိန်တို့၌ကား ကိုယ်ဝန်သူငယ်က ကြီးထွားနေသော်လည်း အထိအခိုက်ခံနိုင်လောက်အောင် ရင့်နေပြီဖြစ်သောကြောင့်တည်း။]

မဇ္ဈိမဝယဿ တတိယေ ။ ။ငါတို့ဘုရားအလောင်း၌ အသက်တမ်းသည် အနှစ်တရာတမ်းဖြစ်၏။ ထို အနှစ်တရာကို သုံးပုံ ပုံလျှင် ပထမ ၃၃ နှစ်–၄ လသည် ပထမအရွယ်, ဒုတိယ ၃၃ နှစ်–၄ လသည် ဒုတိယ အရွယ်,တတိယ၃၃–နှစ်–၄ လသည် တတိယအရွယ်ဖြစ်၏။ ထိုတွင် မဇ္ဈိမ ၃၃ နှစ်–၄ လကို သုံးပုံပုံ တပုံလျှင် ၁၁ နှစ်–၁ လ-၁၀ ရက်စီ ဖြစ်ရကား"မဇ္ဈိမအရွယ်၏ နှစ်ဖို"ဟူသည် ၅၅ နှစ်–၆ လ–၂၀ ရက်တည်း။ ထို့ကြောင့် မယ်တော်၏အသက်သည် ၅၅ နှစ်–၆ လ–၂၀ ရက်ကို ကျော်၍ သုံးဖို့မြောက်ဖြစ်သော ၅၅ နှစ်–၆–လ–၂၁ ရက်လွန်မှ ဘုရားအလောင်း ပဋိသန္ဓေတည်တော်မူသည်။

၂၇။ ဒေဝါ ပဌမံ ပဋိဂ္ဂဏှန္တိတိ၊ ကား။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ သုဒ္ဓါဝါသဗြဟ္မာနော၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်။ ပဋိဂ္ဂဏှန္တိ၊ ခံယူကြကုန်၏။ ကထံ၊အဘယ်သို့။ ပဋိဂ္ဂဏှန္တိ၊ ခံယူကြကုန်သနည်း။ သူတိဝေသံ၊ ဖဒ်းမြင်ရာဝယ် အညစ်အကြေးကိုသုတ်သင်တတ်သော အထိန်းတော်အသင်္ဃာကို။ ဂဏှိတွာ၊ ယူ၍။ (ပဋိဂ္ဂဏှန္တိ။)ဣတိ၊ သို့။ ဧကော၊အခြို့သော အဘယဂိရိဝါသီဆရာတို့သည်။ (ဝဒန္တိ၊ ကုန်၏။) [သူတိဝေသန္တိ သူတိဇဂုန ဓာတိဝေသံ။(သားဖဒ်းခြင်းကို ပြုစုလုပ်ကျွေးတတ်သော အထိန်းတော်အသင်္ဃာကို။)—ဋီကာ။] ပန၊ ထိုသို့ပင် ဆိုကြပါသော်လည်း။ တံ၊ ထိုအယူကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ ဣဒံ၊ ဤစကားကို။ ဝုတ္တံ၊ အပ်ပြီ။ (ကိံ။)တဒါ၊ ဖဒ်းမြင်ပြီးရာ ထိုအခါ၌။ ဗောဓိသတ္တမာတာ၊ သည်။ သုဝဏ္ဏခစိတံ၊ ရွှေတိုဖြင့် စီခြယ်အပ်သော။ ဝတ္ထံ၊ အဝတ်ကို။ နိဝါသေတွာ၊ ဝတ်၍။ မစ္ဆကို့သဒိသံ၊ ငါး၏မျက်လုံးနှင့်တူသော အရေရှိသော။ ဒုကူလပဋ္ဋံ၊ ဘွဲ့ဖြူအဝတ်ကို။ယာဝ ပါဒန္တာ၊ခြေအဆုံးတိုင်အောင်။ ပါရုပိတွာ၊ ခြုံ၍။ အဋ္ဌာသိ၊ ရပ်ပြီ။ အထ၊ ထိုအခါ၌။ အဿာ၊ ထို ဘုရားအလောင်း မယ်တော်၏။ (ဝုဋ္ဌာနံ-ဋ္ဌစပ်။) သလ္လဟုကဂမ္ဘဝုဋ္ဌာနံ၊ ပေါ့ပေါ့ပါးပါးဖြစ်၍ ကိုယ်ဝန်မှ ထမြောက်ရခြင်းသည်။ ဓမကရဏတော၊ ဓမကရိဏ်ရေစစ်မှ။ ဥဒကနိက္ခမနသဒိသံ၊ ရေ၏ ထွက်ခြင်းနှင့်တူသည်။ အဟောသိ၊ ပြီ။ အထ၊ ဖဒ်းမြင်တော်မူရာ ထိုအခါ၌။ တေ၊ ထို သုဒ္ဓါဝါသဗြဟ္မာတို့သည်။ ပကတိဗြဟ္မဝေသေနဝ၊ ပြကတ္တိသော ဗြဟ္မာ၏ အသွင်ဖြင့်သာ။ ဥပသင်္ကမိတွာ၊ ၍။ ပဌမံ၊ စွာ။ သုဝဏ္ဏဇာလေန၊ ရွှေဇာအဝတ်ဖြင့်။ ပဋိဂ္ဂဟေသုံ၊ ကုန်ပြီ။ တေသံ၊ ထို သုဒ္ဓါဝါသရဟန္တာဗြဟ္မာတို့၏။ ဟတ္ထတော၊ လက်မှ။ စတ္တာရော၊ လေးယောက် ကုန်သော။ မဟာရာဇာနော၊ တို့သည်။ အဇိနပဝေဏိယာ၊ သစ်နက်ရေတို့ဖြင့် ချုပ်အပ်သော အထပ်ထပ်ဖြစ်သော အဝတ်ဖြင့်။ ပဋိဂ္ဂဟေသုံ၊ ကုန်ပြီ။ [အဇိနပဝေဏိယာတိ အဇိနစမ္မေဟိ သိဗ္ဗိတွာ ကတပဝေဏိယာ။—ဋီကာ။] တတော၊ ထို နတ်မင်းကြီး လေးယောက်တို့၏ လက်မှ။ မနုဿာ၊ တို့သည်။ ဒုကူလစုမ္မဋ္ဌကေန၊ ဘွဲ့ဖြူပုဆိုးဖြင့် ပြုအပ်သော အဝတ်ခွေဖြင့်။ ပဋိဂ္ဂဟေသုံ၊

၄၉ဝါ **ပဌမံ ပဋိဂ္ဂဏှန္တိ**။ ။ဒေဝါ ပဌမံ ပဋိဂ္ဂဏှန္တိတိ "လောကနာထံ မဟာပုရိသံ သယမေဝ (မိမိတို့ ကိုယ်တိုင်ပင်။) ပဌမံ ပဋိဂ္ဂဏှ**ာမ**" ဣတိသဒ္ဒါတဂါရဝေ ဗဟုမာနာ (ဤသို့လွန်စွာဖြစ်သော ရိသေမြတ်နိုးခြင်း ရှိကုန်သည်ဖြစ်၍။) အတ္တနော ဒိတိံ ပဝေဒေန္တာ (မိမိ၏ ပိတိကို သိစေကုန်လျက်။) ခီဏာသဝါ သုဒ္ဓါဝါသဗြဟ္မာနော အာဒိတော ပဋိဂ္ဂဏှန္တိ။—ဋီကာ။

ကုန်ပြီ။ [ဒုကူလ၊ ဘွဲ့ဖြူအဝတ်။ စုမ္မဋ္ဌကေန၊ ခေါင်းခုကဲ့သို့ ရစ်ခွေ၍ ထားအပ်သောအဝတ်ဖြင့်။] တေန၊ ကြောင့်။ ဒေဝါ ။ပ။ မနုဿာတိ၊ ဟူ၍။ (ဘဂဝတာ။) ဝုတ္တံ၊ ပြီ။

၂၈။ စတ္တာရောနံ ဒေဝပုတ္တာတိ၊ ကား။ စတ္တာရော၊ ကုန်သော။ မဟာရာဇာနော၊ တို့သည်။ ပဋိဂ္ဂဟေတွာတိ၊ ကား။ အဇိနပွဝေဏိယာ၊ ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ၍။ (ပုရတော ထပေန္တိ–၌ စပ်။) မဟေသက္ခောတိ၊ ကား။ မဟာတေဇော၊ ကြီးသောတန်ခိုးရှိသော။ မဟာယသော၊ များသော အခြံအရံရှိသော။ ဝါ၊ များသော အကျော်အစောရှိသော။ လက္ခဏသမ္ပန္နော၊ လက္ခဏာတော်ကြီးငယ်နှင့် ပြည့်စုံသော။ ("ပုတ္တော ဥပ္ပန္နော"၌စပ်။)

၂၉။ ဝိသဒေါဝ နိက္ခမတီတိ၊ ကား။ အညေ၊ ဘုရားအလောင်းမှ အခြားကုန်သော။ သတ္တာ၊ တို့သည်။ ယောနိမဂ္ဂေ၊ ယောနိ၏လမ်း၌။ လဂ္ဂန္တာ၊ ငြိကပ် ကုန်သည်။ (ဟုတွာ။) ဘဂ္ဂဝိဘဂ္ဂါ၊ ကျိုးပျက်ကုန် အထူးသဖြင့် ကျိုးပျက်ကုန်သကဲ့သို့။ နိက္ခမန္တိ ယထာ၊ ထွက်ရကုန်သကဲ့သို့။ ဧဝံ၊ တူ။ (ဗောဓိသတ္တော၊ သည်။) နနိက္ခမတိ၊ ထွက်ရသည်မဟုတ်။ အလဂ္ဂေါ၊ ကပ်ငြိခြင်းမရှိသည်။ ဟုတွာ၊ ၍။ နိက္ခမတိ၊ ၏။ ဣတိအတ္ထော။ဥဒေနာတိ၊

မဟာတေဇော မဟာယသော။ ။မဟာတေဇောတိ မဟာနုဘာဝေါ။ တေဇော "တန်ခိုး"ဟူသည် အာနုဘော်တည်း။ ထို့ကြောင့် "တန်ခိုးရှိန်စော် အာနုဘော်"ဟု သုံးစွဲကြသည်၊ "မဟန္တော+တေဇော ယဿာတိ မဟာတေဇော"ဟုပြု။ မဟာယသောတိ မဟာပရိဝါရော, ဝိပုလကိတ္တိဃောသောစ (များသောအခြံအရံလည်းရှိ, ကျယ်ပြန့်သော အကျော်အစောလည်းရှိသော။) [ယသသည် "ပရိဝါရ ယသ, ကိတ္တိ ယသ"ဟု နှစ်မျိုးရှိ၏။ အခြံအရံများခြင်းသည် ပရိဝါရ ယသ, နာမည်ကျော်ခြင်းသည် ကိတ္တိ ယသတည်း။] "မဟန္တော+ယသော ယဿာတိ မဟာယသော"ဟုပြု။ ဤအဖွင့်များသည် မဟေသက္ခော-၏ သဒ္ဒတ္ထမဟုတ် အဓိပ္ပါယတ္ထတည်း။ မဟေသက္ခော-၏ သဒ္ဒတ္ထကို [ပါစိတ် ဘာသာဋီကာ ဘူတဂါမသိက္ခာပုဒ်၌ ဝိဂြိဟ်နှင့်တကွ ပြခဲ့ပြီ။]

ဘဂ္ဂဝိဘဂ္ဂါ။ ။ဘဂ္ဂဝိဘဂ္ဂါတိ သမ္မာဓဋ္ဌာနတော နိက္ခမနေန (အမိ၏ ကျဉ်းမြောင်းသော ယောနိအရပ်မှ ထွက်ရခြင်းသည်။) ဝိဘာဝိတတ္တာ (အမျိုးမျိုး ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်။) ဘဂ္ဂဝိဘဂ္ဂါ ဝိယ စ (ကျိုးပျက်ကုန် အထူးသဖြင့် ကျိုးပျက်ကုန်သကဲ့သို့။) ဟုတွာ (နိက္ခမန္တိ–၌စပ်။) [ဝိယ ဟု ဆိုသောကြောင့် လက်ခြေအင်္ဂါတွေ တကယ်ကျိုးပျက်ကုန်သည်မဟုတ်ပါ။ ကျိုးပျက်ကုန်သကဲ့သို့ ဖြစ်ရသည် ဟု ဆိုလိုသည်။] တေန (ဘဂ္ဂဝိဘဂ္ဂ–ဟူသောပါဌ်ဖြင့်။) နေသံ၊ ထိုအခြားသတ္တဝါတို့၏။ အဝိသဒဘာဝမေဝ ဒဿေတိ။

အလဂ္ဂေါ ဟုတွာ။ ။အလဂ္ဂေါ ဟုတွာတိ ဂမ္ဘာသယေ (သားအိမ်၌လည်းကောင်း။) ယောနိပဒေသေစ (ယောနိအရပ်၌လည်းကောင်း။) ကတ္ထစိ အလဂ္ဂေါ

ကား။ ဥဒကေန၊ သားအိမ်၌ရှိသောရေသည်။ (အမက္ခီတော–၌စပ်။) [ဥဒကေနာတိ ဂဗ္ဘာသယဂတေန ဥဒကေန။–ဋီကာ။] ကေနစိ အသုစိနာတိ၊ ကား။ အညေ၊ ဘုရားအလောင်းမှ အခြားကုန်သော။ သတ္တာ၊ တို့သည်။ ကမ္မဇဝါတေဟိ၊ ကံကြောင့်ဖြစ်သော လေတို့သည်။ (ပက္ခိတ္တာ–၌စပ်။)ဥဒ္ဓံပါဒါ၊ အထက်၌ ခြေရှိကုန်သည်လည်းကောင်း။ (ခြေမိုးမျှော်။) အဓောသိရာ၊ အောက်၌ ဦးခေါင်းရှိကုန်သည်လည်းကောင်း။ (ဦးခေါင်းစောက်ထိုး။) ယောနိမဂ္ဂေ၊ ယောနိ၏လမ်း၌။ ပက္ခိတ္တာ၊ ပစ်ချအပ်ကုန်သည်။ (ဟုတ္ဝာ။) သတပေါရိသံ၊ ယောကျ်ားပေါင်းတရာ ပမာဏရှိသော။ ဝါ၊ အသူတရာနက်သော။ နရကပပါတံ၊ နရက်ချောက်သို့။ ပဘန္ဒုဝိယ၊ ကျကုန်သကဲ့သို့လည်းကောင်း။ တာဠုစ္ဆဒ္ဒေန၊ သံကောက်ပေါက်ဖြင့်။ နိကဆိုယမာနာ၊ ဆဲငင်အပ်ကုန်သော။ ဟတ္ထိဝိယ၊ ဆင်တို့ကဲ့သို့လည်းကောင်း။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘဝန္တာ၊ ခံစားကုန်လျက်။ နာနာ အသုစိ မက္ခီတာ၊ အမျိုးမျိုးသော မစင်မကြွယ်တို့သည် လိမ်းကျံအပ်ကုန်သည်သာ။(ဟုတ္ဝာ။) နိက္ခမန္တိယထာ၊ သို့။ ဧဝံ၊ တူ။ ဗောဓိသတ္တော၊ သည်။ နု(နိက္ခမတိ)၊ မထုက်ရ။ ဟိ၊ မှန်။ ဗောဓိသတ္တံ၊ ကို။ ကမ္မဇဝါတာ၊ တို့သည်။ ဥဒ္ဓံပါဒံ၊ အထက်၌ ခြေရှိသည်ကိုလည်းကောင်း။(ခြေမိုးမျှော်။)အဓောသိရံ၊ အောက်၌ ဦးခေါင်း ရှိသည်ကိုလည်းကောင်း။ (ဦးခေါင်း စောက်ထိုး။) ကာတုံ၊ ငှါ။ နသက္ကောန္တိ၊ ကုန်။ သော၊ ထို ဘုရားအလောင်းသည်။ဓမ္မာသနတော၊ တရား၏နေရာမှ။ ဝါ၊ တရားဟောရာပလ္လင်မှ။ သြတရန္တော၊ သက်ဆင်းသော။ ဓမ္မကထိကော၊ ဓမ္မကထိက ပုဂ္ဂိုလ်သည်ကဲ့သို့လည်းကောင်း။ နိဿေဏိတော၊ လှေခါးမှ။ သြတရန္တော၊ သော။ ပုရိသောဝိယ၊ ယောကျ်ားသည်ကဲ့သို့လည်းကောင်း။ ဒဋ္ဌု၊ နှစ်ဘက်ကုန်သော။ ဟတ္ထေ၊ တို့ကိုလည်းကောင်း။ ဒဋ္ဌု ပါဒေ စ၊ တို့ကိုလည်းကောင်း။ ပသာရေတွာ၊ ဆန့်တန်း၍။ ဌိတကောဝ၊ ရပ်လျက်သာ။ ပာတုကုစ္ဆိသမ္ဘဝေနံ၊ မယ်တော်ဝမ်း၌ဖြစ်သော။ ကေနစိ၊ သော။ အသုစိနာ၊ သည်။ အမက္ခီတော ဝ၊ မလိမ်းကျံအပ်သည်သာ။ (ဟုတ္ဝာ။) နိက္ခမတိ။

ဥဒကာသမောရာတိ၊ ကား။ ဥဒကဝဋ္ဋိယော၊ ရေလုံးတို့သည်။(ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။-၌စပ်။) [ဥဒကဝဋ္ဋိယောတိ ဥဒကကမ္မန္တာ (ရေအစုတို့။)–

အသတ္တော၊ (မငြိကပ်သည်။) ဟုတ္ဝာ (နိက္ခမတိ။) ယတော (ယင်းသို့ ထွက်ရခြင်းကြောင့်။) "ဓမကရဏတော ဥဒကနိက္ခမနသဒိသ" န္တိ ဝုတ္တံ။ ("ဓမကရိဏ်မှ ရေထွက်ရခြင်းနှင့်တူ၏"ဟု ဆိုအပ်ခဲ့ပြီ။)

ဋီကာ။] တာသု၊ ထို ရေလုံးတို့တွင်။ သီတာ၊အေးသောရေလုံးသည်။ သုဝဏ္ဏ
ကဋ္ဌာဟေ၊ ရွှေဖျဉ်းအိုး၌။ ပတတိ၊ ကျ၏။ ဥဏှာ၊ ပူသောရေလုံးသည်။
ရဇ်တကဋ္ဌာဟေ၊ ငွေဖျဉ်းအိုး၌။(ပကတိ၊ ၏။)စ၊ ဆက်။ ဣဒံ၊ ဤ "ဥဒကဿ
ဓာရာ အန္တလိက္ခာ ပါတုဘဝန္တိ" ယူသော စကားကို။ (ဝုတ္တံ-၌စပ်။) ပဏီ
တလေ၊ မြေအပြင်၌။ ကေနစိ၊ သော။ အသုစိနာ၊ မစင်မကြည်နှင့်။ အမိဿံ၊
မရောနှောသော။ တာသံ၊ ထို သားအိမ်တို့၏။ [အမိက ပဓာနဖြစ်သော
ကြောင့် "တာသံ"ဟု ရှိသောပါဠိက ကောင်းသည်။] ပါနီယပရိဘောဇနီယဥဒကဋ္ဌေဝ၊ သောက်ရေ သုံးရေကိုလည်းကောင်း။ အညေဟိ၊ အခြား
ကလေးတို့နှင့်။ အသာဓာရဏံ၊မဆက်ဆံသော။ကိဋ္ဌာဥဒကဋ္ဌ၊ပျော်မြူးကြောင်း
ရေကိုလည်းကောင်း။ ဒဿေတုံ၊ ငှါ။ ဝုတ္တံ၊ ပြီ။ ပန၊ ဆက်။ (ချီးမွမ်းဖွယ်
ရာ သမ္ဘာဝနာကား။) အညဿ၊ အခြားသော။သုဝဏ္ဏရဇတဿဋ္ဌေဟိ၊ ရွှေအိုး
ငွေအိုးတို့ဖြင့်။ အာဟရိယမာနဥဒကဿ စေဝ၊ ဆောင်ယူအပ်သော ရေ၏
လည်းကောင်း။ ဟံသဝတ္တကာဒိပေါက္ခရဏီဂတဿ၊ ဟံသဝတ္တက-အစရှိသော
ရေကန်တို့၌တည်သော။ ဥဒကဿ စ၊ ၏လည်းကောင်း။ ပရိစ္ဆေဒေါ၊ သည်။
နတ္ထိ၊ မရှိ။

၃၁။ သမ္ပတိဇာတောတိ၊ ကား။ မုဟုတ္တဇာတော၊ ဖွားမြင်ပြီး၍ တမုဟုတ်
သာရှိသေးသော။ (ဗောဓိသတ္တော-၌စပ်။) ပန၊ ဆက်။ ပါဋိယံ၊ ပါဋိတော်
၌။ မာတုကုစ္ဆိတော၊မှ။ နိက္ခန္တမတ္တော။ ထွက်ပြီးကာမျှသည်။(ဟုတ္ဝာဝိယ၊ဖြစ်
သကဲ့သို့။) (ထွက်ပြီးကာမျှဖြစ်၍ မြေ၌တည်သကဲ့သို့။) ဒဿိတော၊ ပြအပ်
ပြီ။ ဧဝံ၊ ဤသို့ ပါဋိတော်၌ပြအပ်သည့်အတိုင်း။ နဒဋ္ဌုံ၊ မမှတ်ထိုက်။ ဟိ၊
မှန်။(တနည်း။) (ကသ္မာ၊ ကြောင့်။ ဧဝံ နဒဋ္ဌုံ၊ နည်း။) ဟိ (ယသ္မာ၊)
ကြောင့်။ နိက္ခန္တမတ္တံ၊ မယ်တော်၏ဝမ်းမှ ထွက်ပြီးကာမျှဖြစ်သော။ နံ၊ ထို
ဘုရားအလောင်းကို။ ပဌမံ၊ စွာ။ ဗြဟ္မာနော၊ သုဒ္ဓါဝါသ ရဟန္တာဗြဟ္မာတို့
သည်။ သုဝဏ္ဏဇာလေန။ ပဋိဂ္ဂဏှိံသု၊ ကုန်ပြီ။ တေသံ၊ ထို သုဒ္ဓါဝါသ
ဗြဟ္မာတို့၏။ ဟတ္ထတော၊ မှ။ စတ္တာရော၊ ကုန်သော။ မဟာရာဇာနော၊ တို့
သည်။ အဇိနပဝေဏိယာ၊ ဖြင့်။(ပဋိဂ္ဂဏှိံသု၊ ကုန်ပြီ။) တေသံ၊ ထို နတ်မင်း
ကြီးလေးယောက်တို့၏။ ဟတ္ထတော၊ မှ။ မနုဿာ၊ တို့သည်။ ဒုကူလ
စုမ္ဗဋေန၊ ဖြင့်။ (ပဋိဂ္ဂဏှိံသု။) မနုဿာနံ ဟတ္ထတော မှစ၍တော့၊ ၍။ ပဌဝိ
ယံ၊ ၌။ ပတိဋ္ဌိတော၊ တည်ပြီ။ (တသ္မာ ဧဝံ နဒဋ္ဌုံ။) [ထို့ကြောင့် "မယ်
တော်၏ဝမ်းမှ ထွက်ပြီးလျှင်ပြီးချင်း မြေ၌တည်သည်"ဟု မမှတ်ရဟူလို့။]

သေတမိုဆတ္တော အနုဝါရိယမာနေတိ၊ ကား။ ဒိဗ္ဗသေတစ္ဆတ္တော၊ နတ်၌
ဖြစ်သောထီးဖြူကို။ အနုဝါရိယမာနမိ့၊ လျှော်စွာ ဆောင်းမိုးအပ်စဉ်။(ဂစ္ဆတိ-

၌ စပ်။) စ၊ ဆက်။ ဇတ္ထ၊ ဤ သေတမှိ ဆတ္တေ အနုဓာရိယမာနေ-ဟူသော ပါဋ်၌။ ဆတ္တဿ၊ ထီးဖြူ၏။ ပရိဝါရာနိ၊ အခြံအရံဖြစ်ကုန်သော။ ခဂ္ဂါဒီနိ၊ သန်လျက်အစရှိကုန်သော။ ပဥ္စ၊ ကုန်သော။ ရာဇကကုဓဘဏ္ဍာနိပိ၊ မင်းမြောက်တန်ဆာတို့သည်လည်း။ အာဂတာနေဝ၊ လာကုန်သည်သာ။ ဝါ၊ ပါကုန်သည်သာ။ ပန၊ ထိုသို့ပင် မင်းမြောက်တန်ဆာငါးပါးလုံး လာပါသော်လည်း။ပါဋ္ဌိယံ၊ ၌။ ရာဇဂမနေ၊ မင်း၏ထွက်တော်မူခြင်း၌။ရာဇာ၊ ကို။ (ဝုတ္တော) ဝိယ၊ ပဓာနအားဖြင့် ဆိုအပ်သကဲ့သို့။ (တထာ၊ တူ။) ဆတ္တမေဝ၊ ထီးဖြူကိုသာ။ ဝုတ္တံ၊ ပဓာနအားဖြင့် ဆိုအပ်ပြီ။ တေသု၊ ထိုဆတ္တ ဆတ္တဂ္ဂါဟက အစရှိသည်တို့တွင်။[ဆရာတော်၏နိဿယ၌"ထို မင်းမြောက်တန်ဆာတို့တွင်"ဟုစွဲတော်မူ၏။]ဆတ္တမေဝ၊ ထီးသည်သာ။ ပညာယတိ၊ ၏။ ဆတ္တဂ္ဂါဟကော၊ ထီးကိုကိုင်သော ပုဂ္ဂိုလ်သည်။ န(ပညာယတိ)၊ မထင်ရှား။ တထာ၊ တူ။ ခဂ္ဂတာလဝဏ္ဍမောရဟတ္ထကဝါဋ္ဌဗီဇနီဥဏ္ဍိသမတ္တာယေဝ၊သန်လျက်, ထန်းရွက်ယပ်ဝန်း, ဥဒေါင်းမြီးစည်း, စာမရီသားမြီးယပ်, သင်းကျစ်မျှတို့သည်သာ၊ ပညာယန္တိ၊ ကုန်၏။ တေသံ၊ ထို သန်လျက်အစရှိသည်တို့ကို၊ ဂါဟကာ၊ကိုင်သောပုဂ္ဂိုလ်တို့သည်။ န(ပညာယန္တိ၊)ကုန်။[ကိုင်သူတို့ကနတ်ဖြစ်သောကြောင့် မထင်ရှား။] ကိရ၊ ချဲ။ သဗ္ဗာနိ၊ ကုန်သော။ တာနိ၊ ထို ထီးဖြူအစရှိသော မင်းမြောက်တန်ဆာတို့ကို။ အဒိဿမာနရူပါ၊ မမြင်အပ်သောရုပ်သွင်သဏ္ဌာန်ရှိကုန်သော။ [ဆရာတော်၏နိဿယ၌"မထင်ရှားသော သဘောရှိကုန်သော"ဟုပေးတော်မူ၏။] ဒေဝတာ၊ တို့သည်။ ဂဏ္ဍိသု၊ ကုန်ပြီ။ စ၊ သာဓက ကား။ အနေကသာခဥ္ဇ။ပ။စာမရဆတ္တဂါဟကာတိ၊ ဟူသော၊ ဧတံ၊ ဤဂါထာစကားကို။(ဗုဒ္ဓဝံသေ၊ ၌။ ဘဂဝတာ၊ သည်။) ဝုတ္တံ၊ ပြီ။

အနေကသာခဥ္ဇ၊ ရတနာအတိပြီးသော အရာမကများသော ထီးရွက်၏တည်ရာ အခက်အလက်လည်း ရှိထသော။ သဟဿမဏ္ဍလံ၊ အထောင်မကများသော အဝန်းအဝိုင်းလည်းရှိထသော။ ဆတ္တံ၊ ထီးဖြူတော်ကို။ အန္တလိက္ခေ၊ ၌။ မရူ၊ နတ်တို့သည်။ ဓာရယုံ၊ ဆောင်းမိုးကြကုန်ပြီ။ သုဝဏ္ဏဒဏ္ဍာ၊ ရွှေရိုးရှိကုန်သော။ စာမရာ၊ စာမရီသားမြီးယပ်တို့သည်။ ဝိပတန္တိ၊ တလွဲလွဲယပ်ကုန်၏။ စာမရဆတ္တဂါဟကာ၊စာမရီသားမြီးယပ်ကိုကိုင်သူ, ထီးဖြူကိုကိုင်သူတို့ကို။ နဒိဿရေ၊ မမြင်အပ်ကုန်။

သဗ္ဗာစဒိသာတိဏ္ဍဒံ၊ ဟူသောဤစကားကို။(ဝုတ္တံ-၌စပ်။)သတ္တပဒဝီတိဟာရူပရိ၊ ရွှေခြေကို လွန်၍ဆောင်ကြောင်းဖြစ်သော ခုနစ်လှမ်းတို့၏အထက်၌။

ဋီတဿ၊တည်သောဘုရားအလောင်း၏။ သဗ္ဗဒိသာနုဝိလောကနံ ဝိယ၊ အလုံးစုံ သောအရပ်တို့ကိုကြည့်ခြင်းကိုကဲ့သို့၊ ဝုတ္တံ၊ ပါဋိတော်၌ ဆိုအပ်ပြီ။ ပန၊ ထိုသို့ပင် ဆိုအပ်ပါသော်လည်း။ ဧဝံ၊ ဤသို့ ပါဋိတော်၌ ဆိုအပ်သည့်အတိုင်း။ နဒဋ္ဌဗ္ဗံ၊ ထိုက်။ ဟိ၊ မှန်။(တနည်း)။(ကသ္မာ ဧဝံ နဒဋ္ဌဗ္ဗံ။) ဟိ-ယသ္မာ။မဟာသတ္တော၊ သည်။ မနုဿာနံ၊ တို့၏။ ဟတ္ထတော၊ မှ။ မုစ္စိတ္ဝာ ပထဝိယံ ပတိဋ္ဌိတော၊ တည်သည်။(ဟုတ္ဝာ။) ပုရတ္ထိမံ၊ အရှေ့၌ဖြစ်သော။ ဒိသံ၊ ကို။ ဩလောကေသိ၊ ပြီ။ အနေကာနိ၊ ကုန်သော။ စက္ကဝါဋသဟဿာနိ၊ တို့သည်။ ဧကင်္ဂဏာနိ၊ တခုသောဟင်းလင်းအပြင်ကဲ့သို့ ဖြစ်ကုန်သည်၊ အဟေသုံ၊ ကုန်ပြီ။ [ဧကင်္ဂဏာနိတိ ဝိဝဋ္ဌဘာဝေန(ဟင်းလင်းပွင့်သည်၏အဖြစ်ဖြင့်။)ဝိဟာရင်္ဂဏ ပရိဝေဏင်္ဂဏာနိ ဝိယ ဧကင်္ဂဏသဒိသာနိ (ကျောင်းတိုက်အပြင် ပရိဝုဏ်အပြင် တို့ကဲ့သို့ တခုတည်းသောအပြင်နှင့် တူကုန်သည်။)အဟေသုံ။—ဋီကာ။] တတ္ထ၊ ထို အထောင်သောစကြဝဋ္ဌာတို့၌။ဒေဝမနုဿာ၊တို့သည်။ ဂန္ဓမာလာဒီဟိ၊နံ့သာ ပန်းအစရှိသောပူဇော်ဖွယ်တို့ဖြင့်။ ပူဇယမာနာ၊ ပူဇော်ကုန်လျက်၊ မဟာပုရိသ၊ မြတ်။ ဣဓ၊ ဤအရှေအရပ်၌။ တုမှေဟိ၊ တို့နှင့်။ သဒိသောပိ၊တူသောပုဂ္ဂိုလ် သည်သော်မှလည်း။ နတ္ထိ၊ မရှိပါ။ (အပိ-သည် ဂရဟာဇောတက။)ဥတ္တရိ တရော၊ သာလွန်သောပုဂ္ဂိုလ်သည်။ ကုတော၊ အဘယ်မှာရှိပါတော့အံ့နည်း။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ဧဝံ၊ ဤအတူ။ စတဿော၊ ကုန်သော။ ဒိသာ၊ တူရူအရပ်မျက်နှာတို့ လည်းကောင်း။ စတဿော၊ ကုန်သော။ အနုဒိသာ၊အထောင့်အရပ်တို့လည်း ကောင်း။ ဟေဋ္ဌာ၊ အောက်အရပ်လည်းကောင်း။ ဥပရိ၊အထက်အရပ်လည်း ကောင်း။ ဣတိ၊ သို့။ ဒသ၊ ကုန်သော။ ဒိသာ၊ တို့ကို။ အနုဝိလောကေ တ္ဝာ၊ အစဉ်အတိုင်းကြည့်၍။ အတ္တနာ၊ နှင့်၊ သဒိသံ၊ တူသောပုဂ္ဂိုလ်ကို။ အဒိသ္ဝာ၊ မြင်တော်မမူခြင်းကြောင့်။ အယံ၊ ဤအရပ်သည်။ ဥတ္တရာ၊ မြတ် သော["မြောက်ဖြစ်သော"ဟုလည်း ပေးကြ၏။]ဒိသာ၊ အရပ်မျက်နှာတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဥတ္တရာဘိမုခေါ၊ မြောက်အရပ်သို့ ရှေးရှု မျက်နှာ မူသည်။ (ဟုတ္ဝာ။) သတ္တပဒဝီတိဟာရေန၊ ရှေခြေကို လွန်ကြောင်းဖြစ်သော ခုနစ်လှမ်းသော ခြေလှမ်းဖြင့်။ အဂမာသိ၊ ပြီ။ဣတိ-ဧဝံ၊ သို့။ ဧတ္ထ၊ဤ သဗ္ဗာ စ ဒိသာ အနုဝိလောကေတိ-ဟူသောပါဋ္ဌ၌။ အတ္ထော၊ ကို။ ဝေဒိ တဗ္ဗော၊ ၏။(တသ္မာ ဧဝံ နဒဋ္ဌဗ္ဗံ-ဟု ပြန်လှည့်ပါ။) [ပါဋိတော်၌ မြောက် အရပ်သို့ ကြွတော်မူခြင်းက အလျင်ကျ၍ အရပ်မျက်နှာတို့ကို ကြည့်ခြင်းက နောက်ကျ၏။ဖြစ်စဉ်အားဖြင့်ကား မြောက်အရပ်သို့ ကြွတော်မူခြင်းက နောက် ကျ၍ "အရပ်(၁၀)မျက်နှာကို ကြည့်ခြင်းက အလျင်ကျသည်"ဟု မှတ်ပါ။]

အာသဘိန္တိ၊ ကား။ ဥတ္တမံ၊ မြတ်သော။ (ဝါစံ–၌စပ်။) အဂ္ဂေါတိ၊ကား။ ဂုဏေဟိ၊ တို့ဖြင့်။ သဗ္ဗပဌမော၊ အလုံးစုံသော ပုဂ္ဂိုလ်တို့၏ ရှေးဦးစွာတည်း။ ဣတရာနိ၊ အဂ္ဂေါ–မှတပါးကုန်သော။ ဒွေ၊ ကုန်သော။ ပဒါနိ၊ ဇေဋ္ဌော, သေဋ္ဌော-ဟူသော ပုဒ်တို့သည်။ ဇေသေဝ၊ ဤ အဂ္ဂေါ–ဟူသော ပုဒ်၏သာ။ ဝေဝစနာနိ၊ တို့တည်း။ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ၊ ဟူသော။ ပဒဒွယေန၊ ပုဒ်နှစ်ပါးအပေါင်းဖြင့်။ ဝါ၊ ဝါကျ နှစ်ပါး အပေါင်းဖြင့်။ [ပုဒ် ဆိုသော်လည်း တပုဒ်တည်းမဟုတ် ဝါကျတည်း။] ဣမသ္မိံ အတ္တဘာဝေ၊ ၌။ ပတ္တဗ္ဗံ၊ ရောက်ထိုက်သော။ အရဟတ္တံ၊ ကို။ ဗျာကာသိ၊ ပြောပြီ။

စ၊ ဆက်။ ဇေ္ဆ၊ ဤ သမ္ပတိဇာတော–အစရှိသောပါဋ္ဌိရပ်၌။ သမေဟိ၊ ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတော်တို့ဖြင့်။ ပထဝိယာ၊ မြေ၌။ ပတိဋ္ဌာနံ၊ တည်ခြင်းသည်။ စတုရိဒ္ဓိပါဒပဋိလာဘဿ၊ လေးပါးသော ဣဒ္ဓိပါဒ်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။ (ဝါ၊အကျိုးတရားမဖြစ်မီရှေးအဖို့၌တင်ကြို၍ ဖြစ်နှင့်သောအမှတ်အသားတည်း။) ဥတ္တရာဘိမုခဘာဝေါ၊ မြောက်အရပ်သို့ ရှေးရှုမျက်နှာမူသည်၏အဖြစ်သည်။ မဟာဇနံ၊ များစွာသော လူအပေါင်းကို။

ပုဗ္ဗနိမိတ္တံ။ ။နိမိနာတိ သဥ္ဇာနာတိ ဇေတနာတိ နိမိတ္တံ။ လေးပါးသော ဣဒ္ဓိပါဒ်ကို ရခြင်းအစရှိသည်ကို မှတ်သားကြောင်းဖြစ်သောကြောင့် နိမိတ္တ ဟုခေါ်၏။ ပုဗ္ဗေ၊ လေးပါးသော ဣဒ္ဓိပါဒ်စသည်ကို မရမီရှေး၌။ ပဝတ္တံ၊ ဖြစ်နှင့်သော။ နိမိတ္တံ၊ အမှတ်အသားတည်း။ ပုဗ္ဗနိမိတ္တံ-ဆိုင်ရာအကျိုးတရားကို မရမီရှေးဦးစွာ တင်ကြို၍ ဖြစ်နှင့်သော အမှတ်အသား။ [သမေဟိ ပါဒေဟိ ပထဝိယာ ပတိဋ္ဌာနံ စသည်တည်း။]

ဋီကာ။ ။ဇာတမတ္တဿေဝ ဗောဓိသတ္တဿ ဌာနာဒီနိ ယေသံ ဝိသေသာဓိဂမာနံ ပုဗ္ဗနိမိတ္တဘူတာနီတိ တေ နိဒ္ဓါရေတွာ ဒဿေန္တော "ဇေ္ဆစာ"တိ အာဒိမာဟ။ တတ္ထပတိဋ္ဌာနံ (မြေ၌ရပ်တော်မူခြင်းသည်။) စတုရိဒ္ဓိပါဒ ပဋိလာဘဿ ပုဗ္ဗနိမိတ္တံ ဣဒ္ဓိပါဒဝသေန (ဣဒ္ဓိပါဒ် ၄-ပါး၏ အစွမ်းကြောင့်။) လောကုတ္တရဓမ္မေသု သုပ္ပတိဋ္ဌိတဘာဝ သမိဇ္ဈနတော။

ဥတ္တရာဘိမုခဘာဝေါ။ ။လောကဿ ဥတ္တရဏဝသေန (သတ္တဝါအပေါင်းကို သံသရာမှ ထုတ်ဆယ်ကယ်တင်ခြင်း၏ အစွမ်းဖြင့်။) ဂမနဿ ပုဗ္ဗနိမိတ္တံ။ တေန ဟိ ဘဂဝါ သဒေဝကဿ လောကဿ အဘိဘူတော၊ ကေနစိ အနဘိဘူတော အဟောသိ။ တေနာဟ "မဟာဇနံ အဇ္ဈောတ္ထရိတွာ အဘိဘဝိတွာ ဂမနဿ ပုဗ္ဗနိမိတ္တ"နွိ။ –ဋီကာ။

အဇ္ဈောတ္ထရိတ္ဝာ၊လှမ်းမိုး၍။အဘိဘဝိတ္ဝာ၊လှမ်းမိုး၍။ ဂမနဿ၊ကြွတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။ သတ္တာပဒဂမနံ၊ ခြေခုနစ်လှမ်းဖြင့်ကြွတော်မူခြင်းသည်။ သတ္တာဗောဇ္ဈင်္ဂရတနပဋိလာဘဿ၊ ခုနစ်ပါးသောဗောဇ္ဈင်ရတနာကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။ ဒိဗ္ဗဿတစ္ဆတ္တာဒရဏံ၊ နတ်၌ဖြစ်သော ထီးဖြူကိုဆောင်းခြင်းသည်။ ဝိမုတ္တိဝရဆတ္တာပဋိလာဘဿ၊ အရဟတ္တဖိုလ်ဟူသော မြတ်သောထီးတော်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ပဥ္စရာဇကကုဓာတ္ယာနံ၊ ငါးပါးသော မင်းမြောက်တန်ဆာတို့ကို။ ပဋိလာဘော၊ ရခြင်းသည်။ ပဥ္စဟိ၊ ကုန်သော။ ဝိမုတ္တိဟိ၊ တဒင်္ဂ စသော ဝိမုတ္တိတို့ဖြင့်။ ဝိမုစ္စနဿ၊ကိလေသာတို့မှ လွတ်ခြင်း၏။ ပုဗ္ဗနိမိတ္တံ။ သဗ္ဗဒိသာနုဝိလောကနံ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို အစဉ်အတိုင်းကြည့်ခြင်းသည်။ အနာဝရဏဉာဏပဋိလာဘဿ၊ အနာဝရဏဉာဏ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ အာသဘိဝါစာဘာသနံ၊ မြတ်သောစကားကို မိန့်မြွက်တော်မူခြင်းသည်။ အပ္ပဋိဝတ္တိယဓမ္မစက္ကပ္ပဝတ္တနဿ၊ သူတပါးတို့ဆန့်ကျင်ကွက်မလည်စေအပ် မလည်စေနိုင်သော ဓမ္မစကြာကို လည်စေတော်မူခြင်း၏။ ဝါ၊ သူတပါးတို့ မတွန်းလှန်အပ် မတွန်းလှန်နိုင်သော ဓမ္မစကြာကို လည်စေတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ။ အယ မန္တိမာ ဇာတိတိ၊ ဟူ၍။ သိဟနာဒေါ၊ မရဏ.မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မိန့်မြွက်တော်မူခြင်းသည်။ အနုပါဒိသေသာယ၊ ဥပါဒိမည်သော ဝိပါက်နာမကွန္ဓာကဋ္ဌတ္တာရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာနဿ၊ ပရိနိဗ္ဗာန် စံတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဣမေ ဝါရာ၊ ဤ ဝါရတို့သည်။ ပါဠိယံ၊ ၌။ အာဂတာ၊ တိုက်ရိုက်လာသော ဝါရတို့တည်း။ ပန၊ ကား။ သမ္မဟုလဝါရော။ သမ္မဟုလဝါရသည်။ နာဂတော၊ တိုက်ရိုက်မလာ။ အာဟရိတ္ဝာ၊ ဆောင်၍။ ဒီပေတဗ္ဗော၊ ၏။

ဟိ၊ ခဲ့။ မဟာပုရိသဿ၊ မြတ်သော ယောကျ်ားဖြစ်တော်မူသော ဘုရားအလောင်း၏၊ ဇာဝဒိဝသေ၊ ဖွားမြင်တော်မူရာနေ့၌။ ဒဿသဟဿိလောကဓာတု၊ တသောင်းအတိုင်းအရှည်ရှိသော လောကဓာတ်သည်။ ကမ္ပိ၊ တုန်လှုပ်ပြီ။ ဒဿသဟဿိလောက ဓာတုမ္ပိ၊ ၌၊ ဒေဝတာ၊ တို့သည်။ ကေစက္က ဝါဠေ၊ တခုတည်းသော စကြဝဠာ၌။ သန္နိပတိ.သု၊ စည်းဝေးကြကုန်ပြီ။ ပဌမံ၊ စွာ။ ဒေဝါ၊ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်။ ပဋိဂ္ဂဏှိ.သု၊ ခံယူကြ

သတ္တာပဒဂမနံ။ ။တထာ သတ္တာပဒဂမနံ သတ္တာပဒဗောဇ္ဈင်္ဂသမ္ပဒန္တ အရိယမဂ္ဂဂမနဿ။ ဤသို့စသည်ဖြင့် ဋီကာဖွင့်ကိုကြည့်ပါ။

ကုန်ပြီ။ ပစ္ဆာ၊ မှ။ မနုဿာ၊(ပဋိဂ္ဂဏှိ်သု။) တန္တိဗဒ္ဓါ၊ ညှိ့ဖြင့်ဖွဲ့အပ်ကုန်သော။ ဝီဏာ၊ စောင်းတို့သည်လည်းကောင်း။ စမ္မဗဒ္ဓါ၊ သားရေဖြင့်ဖွဲ့အပ်ကုန်သော၊ ဘေရိယောစ၊ စည်ကြီးတို့သည်လည်းကောင်း။ ကေနစိ၊ တစုံတယောက်သည်။ အဝါဒိတာ၊ မမြည်စေအပ်ကုန်ပဲ။ ဝါ၊ မတီးအပ်ကုန်ပဲ။သယမေဝ၊မိမိအလိုလို သံာလျင်။ ဝဇ္ဇိ်သု၊ မြည်ကြကုန်ပြီ။ မနုဿာနံ၊ တို့၏။ အန္ဒုဗန္ဓနာဒီနိ၊ နှောင်ဖွဲ့ကြောင်း အချုပ်ထောင် အစရှိသည်တို့သည်။ ခဏ္ဍခဏ္ဍံ၊ အပိုင်းငယ် အပိုင်းကြီး။ဆိဇ္ဇိ်သု၊ပြတ်ကုန်ပြီ။ [ဆိဇ္ဇိ်သူတိ စ ပါဌေသု ဗန္ဓဋ္ဌာနေသု ဆိဇ္ဇိ်သု။–ဋီကာ။]သဗ္ဗရောဂါ၊ တို့သည်။ စူပသမိ်သု၊ ငြိမ်းအေးကုန်ပြီ။အမ္မိလေန၊ အချဉ်ဖြင့်။ ဓောတတမ္မမလံဝိယ၊ ဆေးကြောအပ်ပြီးသော ကြေးနီညှိကဲ့သို့။ ဝိဂစ္ဆိ်သု၊ ကင်းကုန်ပြီ။ ဇစ္စန္ဓာ၊ ပဋိသန္ဓေအားဖြင့် ကန်းသူတို့သည်။ ရူပါနိ၊ တို့ကို။ ပဿိ်သု၊ ကုန်ပြီ။ ဇစ္စဗဓိရာ၊ ပဋိသန္ဓေအားဖြင့် နားထိုင်းသူတို့သည်။ သဒ္ဒံ၊ ကို။ သုဏိ်သု၊ ကုန်ပြီ။ ပီဌသပ္ပိ၊ ဘီးတပ်သော အင်းပျဉ်ငယ်ဖြင့် သွားရခြင်းရှိသူတို့သည်။ (ဆွံ့သူတို့သည်။) ဇဝသမ္ပန္နာ-လျင်သော အဟုန်နှင့် ပြည့်စုံကုန်သည်။ အဟေသုံ၊ ကုန်ပြီ။ ဇာတိဇဋ္ဌာနမ္ပိ၊ ပဋိသန္ဓေအားဖြင့် ဖျင်း အ သည်လည်း ဖြစ်ကုန်သော။ ဇဋ္ဌမူဂါနံ၊ အရိယိုသော ခံတွင်းရှိသူတို့၏။ သတိ၊ သတိသည်။ ပတိဋ္ဌာသိ၊ တည်ပြီ။ ဝိဒေသပက္ခန္ဒာ၊ အရပ်ဘပါး၌ လွင့်သွားကုန်သော။ နာဝါ၊ လှေ, သင်္ဘော တို့သည်။ သုပဋ္ဌနံ၊ ကောင်းသောဆိပ်ကမ်းသို့။ ပါပုဏိ်သု၊ ကုန်ပြီ။ အာကာသဋ္ဌက ဘူမဋ္ဌကရတနာနိ၊ ကောင်းကင်၌တည်ကုန်, မြေ၌တည်ကုန်သော ရတနာ တို့သည်။ သကတေဇောဘာသိတာနိ၊ မိမိအရောင်ဖြင့် လွန်စွာတောက်ပ ကုန်သည်။ အဟေသုံ၊ ကုန်ပြီ။ [သကတေဇောဘာသိတာနိတိ အတိဝိယ သမုဇ္ဇလာယ အတ္တနော ပဘာယ ဩဘာသိတာနိ အဟေသုံ။-ဋီကာ။]

ဝေရိနော၊ ရန်သူတို့သည်။ မေတ္တစိတ္တံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ပဋိလဘိ်သု၊ ရကြကုန်ပြီ။ အဝိစိမှိ၊ ၌။ အဂ္ဂိ၊ သည်။ နိဗ္ဗာယိ၊ ငြိမ်းအေးပြီ။ လောကန္တရေသု၊ လောကန္တရိက်ငရဲတို့၌။ အာလောကော၊ အရောင် အလင်းသည်။ ဥဒပါဒိ၊ ပြီ။ နဒီသု၊ တို့၌။ ဇလံ၊ ရေသည်။ နပ္ပဝတ္တတိ၊ မစီးသွား။ မဟာသမုဒ္ဒေ၊ ၌။ မဓုရသံ၊ ချိုသော အရသာရှိသော။ ဥဒကံ၊ သည်။ အဟောသိ၊ ပြီ။ ဝါတော၊ ကြမ်းသောလေသည်။ နဝါယိ၊ မတိုက်ခက်။ [လာရိုးလာစဉ်လေကား လာသည်။] အာကာသ ပဗ္ဗတရုက္ခဂတာ၊ ကောင်းကင်၌ရောက်ကုန်, တောင်၌ရောက်ကုန်, သစ်ပင်၌ရောက်ကုန်သော။ သကုဏာ၊ တို့သည်။ ဘဿိတွာ၊ လျောကျ၍။ ပထဝိဂတာ၊ မြေ၌ရောက်

ကုန်သည်။ အဟောသုံ၊ ကုန်ပြီ။ စန္ဒော၊ သည်။ အတိဝိရောစိ၊ အလွန်တင့်တယ်ပြီ။ သူရိယော၊ သည်။ နဉ္ဇော၊ မပူ။ နသီတမလော၊ မအေး။ နိမ္မလော၊ အညစ်အကြေးမရှိသည်။ ဥတုသမ္ပဒါနော၊ ကောင်းသောဥတုနှင့် ပြည့်စုံသည်။ အဟာသိ၊ ပြီ။ [“နေသည် မပူမအေးသော ဥတုနှင့် ပြည့်စုံသည်”ဟူလို။] ဒေဝတာ၊ တို့သည်။ အတ္တနော အတ္တနော၊ ၏။ ဝိမာနဒ္ဒါရေ၊ ဗိမာန်တံခါးဦ။ ဌတ္ဝာ၊ ရပ်၍။ အပ္ပေါဠနသေဋ္ဌန စေလုက္ခေပါဒီဟိ၊ လက်ပန်းပေါက်ခတ်ခြင်း, လေခွန်ခြင်း, ဦးရစ်ခေါင်းပေါင်းကို မြောက်ပင့်ခြင်း အစရှိသည်တို့ဖြင့်။ မဟာကီဠကံ၊ ကြီးစွာသော မြူးပျော်ခြင်းကို။ ကာဠိသု၊ မြူးပျော်ကြကုန်ပြီ။ စာတုဒ္ဒိပိက မဟာမေဃော၊ လေးကျွန်းလုံးဦ နှံသော ကြီးစွာသောမိုးသည်။ ဝဿိ၊ ရွာပြီ။ မဟာဇနံ၊ ကို။ ခုဒ၊ ထမင်းဆာခြင်းသည်။ နေဝပီဠေသေ၊ မနှိပ်စက်။ ပီပါသာ၊ ရေသောက်လိုခြင်းသည်။ ဝ၊ ရေငတ်ခြင်းသည်။ နပီဠေဿိ၊ စက်။ ဒုဒ္ဒိရကဝါဠာနိ၊ တံခါးအပေါက်ကြီး၏ တံခါးရွက်တို့သည်။ သယမေဝ၊ မိမိအလိုလိုသာလျှင်။ ဝိဝရိ သု၊ ပွင့်ကုန်ပြီ။ ပပ္ဖု။ပဂဖလူပဂ၊ ကုန်သော။ ဝ၊ ကုန်သော။ ရုက္ခာ၊ တို့သည်။ ပုပ္ဖဖလာနိ၊ တို့ကို။ ဂဏ္ဍိ သု၊ ကုန်ပြီ။ ဒသသဟဿီလောကဓာတု၊ သည်။ ကေဒဇမာလာ၊ အကြားမလပ် တစပ်တည်းသော တံခွန်အလံဟူသော ပန်းရှိသည်။ အဟောသိ၊ ပြီ။

တတြာပိ၊ ထို မြေလှုပ်ခြင်း အစရှိလည်တို့ဌိလည်း။ (ပုဗ္ဗနိမိတ္တာဘာဝေ၊ ကို။ ဝေံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ ၏။) ဒသသဟဿီလောကဓာတုကမ္ပော၊သည်။ သဗ္ဗညုတဉာဏပဋိလာဘာဿ၊သဗ္ဗညုတဉာဏ်တော်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။ ဝ၊ တည်း။ ဒေဝတာနံ၊ တို့၏။ ဧကစက္ကဝါဠေ၊ တခုတည်းသော စကြဝဠာ၌။ သန္နိပါတော၊ ဝေးပေါင်းတည်း

တတြာပိ။ ။ရှေ့၌ “ထွေ စ သမေဟိ ပါဒေဟိ ။ပ။ ပုဗ္ဗနိမိတ္တံ” ဟု ဆိုခဲ့ပြီ။ ထိုဆိုအပ်ပြီးသော သမေဟိ ပါဒေဟိ ပထဝိယာ ပတိဋ္ဌာန–စသည်ကို အပိ သဒ္ဒါဖြင့် ပေါင်းသည်။ ထို့ကြောင့် “တတြာပိတိ တေသုပိ ပထဝိကမ္မာဒိသု ဧဝံ ပုဗ္ဗနိမိတ္တာဘာဝေါ ဝေဒိတဗ္ဗော။ နကေဝလံ သမ္မတိဇာတသဒ္ဒာနာဒိသု ဧဝါတိ အဓိပ္ပါယော။” ဟု ဋီကာဌိမိန့်သည်။]

မှတ်ချက်။ ။ဤ ပိသဒ္ဒါမျိုးကို ရည်ရွယ်၍ စောဒနာဖွယ်ရှိပုံကို ရှေးဆရာတို့ပြုကြသည်။ ပြဟန်ကား....ဆရာ သမ္မတိဇာတ ဖြစ်သော ဘုရားအလောင်း၏ “သမေဟိ ပါဒေဟိ ပထဝိယာ ပတိဋ္ဌာန” စသည်သော ပုဗ္ဗနိမိတ်ဖြစ်ပါသလော” ဟု စောဒနာဖွယ်ရှိသောကြောင့် တတြာပိ စသည်ကို မိန့်သည်။ ဆိုလိုရင်းကား “သမ္မတိဇာတဖြစ်သောဘုရားအလောင်းတော်၏ သမေဟိ ပါဒေဟိ ပထဝိယာ ပတိဋ္ဌာန-စသည်

ကျရောက်ခြင်းသည်။ ဝါ၊ စည်းဝေးခြင်းသည်။ ဓမ္မစက္ကပ္ပဝတ္တနကာလေ၊ ဓမ္မစကြာကို လည်စေတော်မူရာ အခါ၌။ ဝါ၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောတော်မူရာအခါ၌။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက်အားဖြင့်သာ။ သန္နိပတိတ္ဝာ၊ ၍။ ဝါ၊ ၍။ ဓမ္မံ၊ ကို။ ပဋိဂ္ဂဏှနသ၊ ခံယူခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ပဌမံ၊ စွာ။ ဒေဝတာနံ၊ သုဒ္ဓါဝါသဗြဟ္မာတို့၏။ ပဋိဂ္ဂဟဏံ၊ ခံယူခြင်းသည်။ စတုန္နံ၊ ကုန်သော။ ရူပါဝစရဇ္ဈာနာနံ၊ ရူပါဝစရစျာန်တို့ကို။ ပဋိလာဘသ၊ ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ပစ္ဆာ၊ ၌။ မနုဿာနံ၊ တို့၏။ ပဋိဂ္ဂဟဏံ၊ သည်။ စတုန္နံ၊ ကုန်သော။ အရူပါဝစရဇ္ဈာနာနံ၊ တို့ကို။ ပဋိလာဘသ၊ ၏။ ပုဗ္ဗနိမိတ္တံ။ တန္တိဗဒ္ဓပီဏာနံ၊ ဖွဲ့အပ်သောစောင်းတို့၏။ သယံ၊ အလိုလို။ ဝဇ္ဇနံ၊ မြည်ခြင်းသည်။ အနုပုဗ္ဗဝိဟာရပဋိလာဘသ၊ အစဉ်အတိုင်းနေကြောင်းဖြစ်သော သမာပတ်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ စမ္မဗဒ္ဓဘေရီနံ၊ သားရေဖြင့်ဖွဲ့အပ်ကုန်သော စည်ကြီးတို့၏။ (သယံ၊ အလိုလို။) ဝဇ္ဇနံ၊ သည်။ မဟတိယာ၊ သော။ ဓမ္မဘေရိယာ၊ တရားတည်းဟူသော စည်တော်ကြီးကို။ အနုဿာဝနသ၊ အဖန်ဖန်ကြားသိစေခြင်း၏။ ပုဗ္ဗနိမိတ္တံ။ အန္ဒုဗန္ဓနာဒီနံ၊ နှောင်ဖွဲ့ကြောင်း အချုပ်ထောင် အစရှိသည်တို့၏။ ဆေဒေါ၊ ပြတ်ခြင်းသည်။ အသ္မိမာနသမုစ္ဆေဒသ၊ ငါဖြစ်၏ဟူသော မာန်မာနကို အကြွင်းမဲ့ဖြတ်ခြင်း၏။ ပုဗ္ဗနိမိတ္တံ။ မဟာဇနသ၊ များစွာသော လူအပေါင်း၏။ ရောဂဝိဂမော၊ ရောဂါ၏ ကင်းခြင်းသည်။ စတုသစ္စပဋိလာဘသ၊ လေးပါးသောသစ္စာကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ဇစ္စန္ဓာနံ၊ ပဋိသန္ဓေအားဖြင့် ကန်းသူတို့၏။ ရူပဒဿနံ၊ ရူပါရုံကို မြင်ရခြင်းသည်။ (မဟာဇနသ။) ဒိဗ္ဗစက္ခုပဋိလာဘသ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ဗဓိရာနံ၊ နားထိုင်းသူတို့၏။ သဒ္ဒဿဝနံ၊ အသံကိုကြားရခြင်းသည်၊ (မဟာဇနသ။) ဒိဗ္ဗသောတဓာတုပဋိလာဘသ၊ ဒိဗ္ဗသောတအဘိညာဉ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ပီဌသပ္ပီနံ၊ ဘီးတပ်သောအင်းပျဉ်ငယ်ဖြင့် သွားရခြင်းရှိသူတို့၏။ ဝါ၊ ဆွံ့သူတို့၏။ ဇဝသမ္ပဒါ၊ လျင်သောအဟုန်နှင့် ပြည့်စုံခြင်းသည်။ (မဟာဇနသ။) စတုရိဒ္ဓိပါဒပဋိလာဘသ၊ လေးပါးသော၊ ဣဒ္ဓိပါဒ်ကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ဇဋ္ဌာနံ၊ အ သူတို့၏။ သတိပတိဋ္ဌာနံ၊ သတိ၏တည်ခြင်းသည်။ (မဟာဇနသ။) စတုသတိပဋ္ဌာန ပဋိလာဘသ၊ လေးပါး

၌သာ ပုဗ္ဗနိမိတ်ဖြစ်သည် မဟုတ်သေး၊ မဟာပုရိသသ ဇာတဒိဝသေ ဒသသဟဿိ လောကဓာတုကမ္ပန—စသည်လည်း ပုဗ္ဗနိမိတ္တပင် ဖြစ်သည်''ဟူလို။

နိယာမ်။ ။သမ္ပိဏ္ဍနတ္ထ၊ နောက်၌ပြမူ၊ ဝေအနက်၊ တချက်လွှတ်ဟန်၊ ကြံခဲ့နိုးနိုး၊ ကြိုး၍ဖြေ၏၊ စုဒ်လေ ဝေတ္ထ။

သော သတိပဋ္ဌာန်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ဝိဒေသပက္ခန္ဒနာဝါနံ၊ အရပ်တပါး၌ လွင့်သွားကုန်သော လှေ, သဘော်တို့၏။ သုပဋ္ဌနသမ္ပာပုဏနံ၊ ကောင်းသောဆိပ်ကမ်းသို့ ကောင်းစွာရောက်ခြင်းသည်။ (မဟာဇနဿ၊ ၏။) စတုပဋ္ဌိသမ္ဘိဒါဓိဂမဿ၊ လေးပါးသောပဋ္ဌိသမ္ဘိဒါကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ["မဟာဇနဿ ကိုဆောင်ယူ၍ အနက်ပေးပါ" ဟု ဋ္ဌိကာဖွင့်သည်။]

ရတနာနံ၊ တို့၏။ သကတေဇောဘာသိတတ္တံ၊ မိမိအရောင်ဖြင့် လွန်စွာတောက်ပကုန်သည်၏ အဖြစ်သည်။လောကဿ၊ သတ္တလောက၏။(အတွက်။) ယံ ဓမ္မောဘာသံ၊ အကြင် တရားတည်းဟူသော အရောင်ကို။ ဒဿေဿတိ၊ ပြတော်မူလတ္တံ့။တဿ၊ ထိုသို့ တရားအရောင်ကိုပြတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ။

ဝေရီနံ၊ တို့၏။ မေတ္တစိတ္တပဋ္ဌိလာဘော၊ သည်။ စတုဗြဟ္မဝိဟာရပဋ္ဌိလာဘဿ၊ ၏။ ပုဗ္ဗနိမိတ္တံ။ အဝီစိမှိ၊ ၌။ အဂ္ဂိနိဗ္ဗာယနံ၊ မီး၏ငြိမ်းခြင်းသည်။ ဧကာဒသအဂ္ဂိနိဗ္ဗာယနဿ၊ ရာဂစသော တဆယ့်တပါးသောမီးငြိမ်းခြင်း၏။ ပုဗ္ဗနိမိတ္တံ။လောကန္တရိကာလောကော၊ လောကန္တရိက်ငရဲ၌ အရောင်အလင်းသည်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍။ ဉာဏာလောကဒဿနဿ၊ ဉာဏ်တည်းဟူသောအလင်းရောင်ကို ပြခြင်း၏။ ပုဗ္ဗနိမိတ္တံ။ မဟာသမုဒ္ဒဿ၊ ၏။ မဓုရတာ၊ ချိုသောအရသာရှိသည်၏အဖြစ်သည်။ နိဗ္ဗာနရသေန၊ နိဗ္ဗာန်ဟူသော အရသာဖြင့်။ ဧကရသဘာဝဿ၊ တခုသော ရသရှိသည်၏ အဖြစ်၏။ ပုဗ္ဗနိမိတ္တံ။ ဝါတဿ၊ ၏။ အဝါယနံ၊ သည်။ ဒွါသဋ္ဌိဒိဋ္ဌိဂတဘိန္ဒနဿ၊ ၆၂ ပါးသော မိစ္ဆာအယူကို ဖျက်ဆီးခြင်း၏။ ပုဗ္ဗနိမိတ္တံ။ သကုဏာနံ၊ တို့၏၊ ပထဝိဂမနံ၊မြေသို့ရောက်ခြင်းသည်။ မဟာဇနဿ၊ ၏။ ဩဝါဒံ၊ ကို။ သုတွာ၊ ၍။ ပါဏေဟိ၊ အသက်တို့ဖြင့်။ သရဏဂမနဿ၊ ကိုးကွယ်ရာဟု သိခြင်း၏။ ဝံါ၊ ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း၏။ ပုဗ္ဗနိမိတ္တံ။ စန္ဒဿ၊ ၏။ အတိဝိရောစနံ၊ သည်။ ဗဟုဇနကန္တတာယ၊ များစွာသော လူအပေါင်းသည် နှစ်သက်အပ်သည်၏ အဖြစ်၏။ ပုဗ္ဗနိမိတ္တံ။ သူရိယဿ၊ ၏။ ဥဏ္ဏသီတဝိဝဇ္ဇိတဥတုသုခတာ၊အအေးအပူကို ကြဉ်အပ်သည်ဖြစ်၍ ကောင်းသောဥတုရှိသည်၏ အဖြစ်သည်။ ကာယိကစေတသိကသုခပွတ္တိယာ၊ ကာယိကသုခ စေတသိကသုခသို့ ရောက်ခြင်း၏။ ပုဗ္ဗနိမိတ္တံ။[ကာယိကသုခ စေတသိကသုခသို့ရောက်လျှင် ကိလေသာအပူငြိမ်းအေးသောကြောင့် သူရိယဿ ဥဏ္ဏသီတဝိဝဇ္ဇိတ နှင့် တူ၏။ သူရိယဿ ဥဏ္ဏသီတဝိဝဇ္ဇိတဥတုသုခတာ ပရိဋ္ဌာဟဝိဝဇ္ဇိတကာယိကစေတသိကသုခပွတ္တိယာ ပုဗ္ဗနိမိတ္တံ။–ဋ္ဌိကာ။ ဤဋ္ဌိကာအတိုင်း"ဝိဝဇ္ဇိတ"ဟုရေးလိုက်သည်။]

ဒေဝတာနံ၊ တို့၏။ ဝိမာနဒွါရေသု၊ တို့၌။ ဌတွာ၊ ရပ်၍။အပ္ပေါဋ္ဌနာ ဒီဟိ၊လက်ပန်းပေါက်ခတ်ခြင်း အစရှိသည်တို့ဖြင့်။ ကီဋ္ဌနံ၊မြူးပျော်ခြင်းသည်။ ဗုဒ္ဓဘာဝံ၊သို့။ ပတွာ၊၍။ ဥဒါနံ၊ ကို။ ဥဒါနဿ၊ ကျူးရင့်ခြင်း၏။ပုဗ္ဗနိမိတ္တံ။ စာတုဒ္ဒီပိကမဟာမေဃဝဿနံ၊ လေးကျွန်းလုံး၌ ပျံ့နှံ့ခြင်းရှိသော မိုးကြီး၏ ရွာခြင်း၏။ မဟတော၊ သော။ ဓမ္မမေဃဝဿနဿ၊ တရား တည်းဟူသော မိုး၏ ရွာခြင်းသည်။ ပုဗ္ဗနိမိတ္တံ။ခုဒါပီဋ္ဌနဿ၊ ထမင်းဆာမှုနှိပ်စက်ခြင်း၏။ အဘာဝေါ၊ သည်။ ကာယဂတာသတိအမတပဋိလာဘဿ၊ ကာယဂတာ သတိအခြေခံရှိသော အမြှိုက်ကိုရခြင်း၏။ [ကာယဂတာသတိဝသေန လဒ္ဓံ စျာနံ ပါဒကံ ကတွာ ဥပ္ပါဒိတမဂ္ဂဖလသုခါနုဘဝေါ ကာယဂတာသတိ အမတပဋိလာဘော။–ဋီကာ။]ပုဗ္ဗနိမိတ္တံ။ ပိပါသာပီဋ္ဌနဿ၊ ရေသောက်လိုမှု နှိပ်စက်ခြင်း၏။ အဘာဝေါ၊ သည်။ ဝိမုတ္တိသုခေန၊ အရဟတ္တဖိုလ်ချမ်းသာ ဖြင့်။ သုခိတဘာဝဿ၊ ချမ်းသာခြင်းရှိသည်၏ အဖြစ်၏။ ပုဗ္ဗနိမိတ္တံ။ ဒွါရကဝါဋ္ဌာနံ၊ တံခါးပေါက်ကြီး၏ တံခါးရွက်တို့၏။ သယမေဝ၊ လျှင်။ ဝိဝရဏံ၊ ပွင့်ခြင်းသည်။ အဋ္ဌဂိကမဂ္ဂဒွါရဝိဝရဏဿ၊ ရှစ်ပါးသောအင်္ဂါရှိ သော အရိယမဂ်တည်းဟူသော တံခါးပွင့်ခြင်း၏။ ပုဗ္ဗနိမိတ္တံ။ ရုက္ခာနံ၊တို့၏။ ပုပ္ဖဖလဂ္ဂဟဏံ၊ အပွင့်အသီးကို ယူခြင်းသည်။ ဝိမုတ္တိပုပ္ဖေဟိ၊ အရဟတ္တဖိုလ် တည်းဟူသော အပွင့်တို့ဖြင့်။ ပုပ္ဖိတဿစ၊ ဖြစ်သောပွင့်ခြင်းရှိသည်၏ အဖြစ် ၏လည်းကောင်း။[ဘာဝေါ ပဓာန–ကြံပါ။] သာမညဖလဘာရဘရိတဘာ ဝဿစ၊ သမဏ၏ဖြစ်ကြောင်း မဂ်၏ဖိုလ်တည်းဟူသောဝန်၏ ပြည့်သည်၏ အဖြစ်၏လည်းကောင်း။ ပုဗ္ဗနိမိတ္တံ။ ဒသသဟဿိလောကဓာတုယာ၊ ၏။ ဧကဒ္ဓဇမာလိတာ၊ အကြားမလပ် တစပ်တည်းသော တံခွန်အလံဟူသော ပန်းရှိသည်၏အဖြစ်သည်။ အရိယဒ္ဓဇမာလမ လိတာယ၊ အရိယာ တံခွန်အလံ တည်းဟူသောပန်းဖြင့် ပန်းရှိသည်၏အဖြစ်၏။ ပုဗ္ဗနိမိတ္တံ။ ဣတိ ဝေဒိတဗ္ဗံ။ အယံ၊ ဤဆိုအပ်ပြီးကား။သမ္မဟုလဝါရောနာမ၊ မည်၏။ ဝါ၊များစွာသော အကြောင်းအရာတို့ကို ဆိုရာဝါရမည်၏။ ။သမ္မဟုလဝါရပြီး၏။

ဧတ္ထ၊ သမ္ပတိဇာတော–အစရှိသည်ဖြင့် လာသောဤဝါရ၌။ [ဧတ္ထာတိ သမ္ပတိဇာတော တိ အာဒိနာ အာဂတေ ဣမသ္မိံ ဝါရေ။–ဋီကာ] (ကေစိ၊ အချို့သော ရဟန်းတို့သည်။) ပဉ္ဍံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ (ကိံ။) ယဒါ၊ အကြင်အခါ၌။ မဟာပုရိသော၊ သည်။ ပထဝိယံ၊ ၌။ ပတိဋ္ဌဟိတွာ၊ တည် ၍။ ဥတ္တရာဘိမုခေါ၊ မြောက်အရပ်သို့ ရှေးရှုသော မျက်နှာရှိသည်။ ဝါ၊ မြောက်အရပ်သို့ ရှေးရှုမျက်နှာမူသည်။ (ဟုတွာ။) ပဒသာ၊ ဖြင့်။ ဂန္တွာ၊

၍။ **အာသဘီ**၊ မြတ်သူတို့၏ ဥစ္စာဖြစ်သော။ ဝါစံ၊ ကို။ အဘာသိ၊ ပြီ။ တဒါ၊ ၌။ ပထဝိယာ၊ မြေပြင်အရပ်ဖြင့်။ ဂတောကိံ၊ သွားသလော။ ဥဒါဟု၊ ဟုတ်။ အာကာသေန၊ ဖြင့်။ ဂတော(ကိံ)၊ လော။ဒိဿမာနော၊ အများမြင်အပ်သည်။ ဝါ၊ ထင်ရှားသည်။ (ဟုတ္ဆာ။) ဂတော(ကိံ။)- ဥဒါဟု၊ ဟုတ်။ အဒိဿမာနော၊ အများမမြင်အပ်သည်။ ဝါ၊ မထင်ရှားသည်။(ဟုတ္ဆာ။) ဂတော(ကိံ။)အစေလကော၊အဝတ်မရှိသည်။ (ဟုတ္ဆာ။) ဂတော(ကိံ။) ဥဒါဟု။ အလက်တပဋိယတ္တော၊ စီရင်အပ်သော တန်ဆာဆင်ခြင်းရှိသည်။ (ဟုတ္ဆာ။) (ဂတော ကိံ။) ဒဟရော၊ငယ်သည်။ ဟုတ္ဆာ၊ ဂတော (ကိံ။) ဥဒါဟု။ မဟလ္လကော၊ ကြီးသည်။ (ဟုတ္ဆာ ဂတောကိံ။) ပစ္ဆာပိ၊ နောက်၌လည်း။ တာဒိသောဝ၊ ထိုကဲ့သို့ ရှုအပ်သည်သာ။ (သွားတုန်းကကဲ့သို့ ရှုအပ်သည်သာ။)အဟောသိကိံ၊ ဖြစ်သလော။ ဥဒါဟု။ ပုန။ ဗာလဒါရကော၊ ငယ်သောကလေးသည်။ (အဟောသိ ကိံ။)ဣတိ၊ ဤသို့ မေးကြကုန်၏။

ပန၊ ဆက်။ အယံပဥ္ဇော၊ ကို။ ဝါ၊ သည်။ ဟေဋ္ဌာလောဟပါသာဒေ၊ ကြေးပြာသာဒ်၏ အောက်၌။ သမုဋ္ဌိတော၊ ကောင်းစွာ ဖြစ်သည်။ (ဟုတ္ဆာ။) တိပိဋကစူဋ္ဌဘယတ္တေရေန၊ သည်။ ဝိဿဇ္ဇိတောဝ၊ ဖြေဆိုအပ်သည်သာ။ [ဧဝဖြင့် "ငါတို့က အထူးဖြေနေဖွယ် မလိုပါ" ဟူလို။]ကိရ၊ ခဲ့။ ထေရော၊ တိပိဋကစူဋ္ဌဘယ မထေရ်သည်။ ဧတ္ထ၊ ဤ ပြဿနာ၌။ နိယတိ ပုဗ္ဗေကတကမ္မဣဿရနိမ္မာနဝါဒဝသေန၊ နိယတိဝါဒ, ပုဗ္ဗေကတကမ္မဝါဒ, ဣဿရနိမ္မာနဝါဒ တို့နှင့်စပ်သဖြင့်။ တံ တံ၊ ထို ထို စကားကို။ ဗဟုံ၊ များစွာ။ ဝတ္ဆာ၊ ပြောပြီး၍။ အဝသာနေ၊ အဆုံး၌။ ဧဝံ၊ ဤသို့။ ဗျာကရိ၊ ဖြေပြီ။ (ကိံ-နည်း။)—

မဟာပုရိသော၊ သည်။ ပထဝိယာ၊ ဖြင့်။ ဂတော၊ ပြီ။ ပန၊ ထိုသို့ မြေအပြင်ဖြင့် သွားပါသော်လည်း။ မဟာဇနဿ၊ များစွာသော လူအပေါင်း၏ စိတ်၌။ အာကာသေန၊ဖြင့်။ ဂစ္ဆန္တော ဝိယ၊ သွားသူကဲ့သို့။ အဟောသိ၊ ပြီ။ ဒိဿမာနော၊ အများမြင်အပ်သည်။ ဝါ၊ ထင်ရှား

နိယတိ။ ပ။ ဝါဒဝသေန။ ။နိယတိကို ဝါဒဝသေန-ပုဒ်နှင့်တွဲပါ။ နိယတိ ဟူသည် ဓမ္မနိယာမ (တရားတို့၏ မြဲသောသဘောတည်း။) ထိုအချိန်၌ ဘုရားအလောင်းသည် မြေ၌သွားပါသော်လည်း လူအများက ကောင်းကင်ဖြင့် သွားသကဲ့သို့ ထင်ရ၏။ ဤသို့ ထင်ရခြင်းသည် ဘုရားအလောင်းတို့၏ ဓမ္မနိယာမ ဖြစ်သော ထုံးစံဓမ္မတာတည်း။ ဤသို့ ပြောဆိုခြင်းသည် နိယတိဝါဒ-၏ အစွမ်းဖြင့် ပြောဆိုခြင်းတည်း။

သည်။ (ဟုတ္ဝာ၊) ဂတောဝ၊ ပြီ။ ပန၊ ထိုသို့ပင် အထင်အရှားသွားပါသော်
လည်း။မဟာဇနဿ၊ ၏စိတ်၌။ အဒိဿ မာနောဝိယ၊အမျှားမမြင်အပ်သူကဲ့သို့။
ဝါ၊ မထင်ရှားသူကဲ့သို့။ အဟောသိ၊ ပြီ။ အစေလကောဝ၊ သည်။ (ဟုတ္ဝာ။)
ဂတောဝ။ပန၊ထိုသို့ပင်အာဝတ်မရှိပဲသွားပါသော်လည်း။မဟာဇနဿ။အလက်ံတ
ပဋိယတ္တောဝိယ၊စီရင်အပ်သော တန်ဆာဆင်ခြင်း ရှိသူကဲ့သို့။ဥပဋ္ဌာသိ၊တည်ပြီ။
ဒဟရောဝ၊ ငယ်သည်သာ။ (ဟုတ္ဝာ။) ဂတောဝ။ ပန၊ ထိုသို့ပင် ငယ်သည်
ဖြစ်၍ သွားပါသော်လည်း။ မဟာဇနဿ၊ ၏စိတ်၌။ သောဋ္ဌသဝဿုဒ္ဒေ
သိကောဝိယ၊ တဆယ့်ခြောက်နှစ် အရွယ်ရှိပြီဟု ညွှန်ပြခြင်းကို ထိုက်သူသည်
ကဲ့သို့။ အဟောသိ၊ ပြီ။ ပန၊ ထိုသို့ပင်“တဆယ့်ခြောက်နှစ်ရှိပြီ”ဟု ညွှန်ပြ
ထိုက်ပါသော်လည်း။ ပစ္ဆာ၊ ၌။ ဗာလဒါရကောဝ၊ ငယ်သောကလေး
သည်သာ။ အဟောသိ၊ ပြီ။ တာဒိသော၊ ထိုကဲ့သို့ တဆယ့်ခြောက်နှစ်အရွယ်
ရှိပြီဟု ညွှန်ပြခြင်းကို ထိုက်သူသည်ကဲ့သို့ ရှုအပ်သည်။ နု (အဟောသိ။)
ဣတိ၊ သို့။ (ဗျာကရိ။) စ၊ ဆက်။ အဿ၊ ထို ထေရ်၏။ ပရိသာ၊ ပရိ
သတ်သည်။ ဘော၊ အချင်းတို့။ ဗုဒ္ဓန ဝိယ၊ ဘုရားသည်ကဲ့သို့။ ဟုတ္ဝာ။
ထေရေန၊ သည်။ ပဥ္ဉော၊ ကို။ ကထိတော၊ ဖြေဆိုအပ်ပါပေပြီ။ ဣတိ၊
သို့။ အတ္တာမနာ၊ မိမိစိတ်ရှိသည်။ ဝါ၊ ဝမ်းမြောက်သော စိတ်ရှိသည်။
အဟောသိ၊ ပြီ။ လောကန္တရိကဝါရော၊ သည်။ ဝုတ္တာနယောဧဝ၊ ဆိုအပ်
ပြီးသော နည်းရှိသည်သာ။ စ ပန၊ ထပ်၍ ဆက်ဦးအံ့။ အာဒိတော၊ အစမှ။
ပဋ္ဌာယ၊ စ၍။ ကထိတာ၊ ဟောတော်မူအပ်ကုန်သော။ ဣမာသဗ္ဗမမ္မတာ၊ ဤ
အလုံးစုံသော သဘောတံထွာ မမ္မတာတို့သည်။ သဗ္ဗဗောဓိသတ္တာနံ၊ တို့၏
အတွက်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ [ပါဠိတော်၌

ပုဗ္ဗေကတကမ္မ။ ။ရှေးဘဝ၌ပြုအပ်သော ကောင်းမှုကံကို “ပုဗ္ဗေကတကမ္မ”ဟုဆို၏။ ရှေးရှေးဘဝ၌ ထိုကဲ့သို့ အထင်ကြီးလောက်သော ပုညသမ္ဘာရတွေများသည့်အတွက် ကြောင့် များစွာသော လူအပေါင်းတို့က “ကောင်းကင်ဖြင့်သွားသည်”ဟု ထင်ကြရ၏။ ဤသို့ပြောဆိုခြင်းသည် ပုဗ္ဗေကတကမ္မဝါဒ၏ အစွမ်းဖြင့် ပြောဆိုခြင်းတည်း။

ဇုသရနိမ္မာန။ ။ဤသတ္တဝါတို့၏အပေါ်၌ မိမိပြုအပ်သောကံသည် အစိုးရလွှဲရှိသည်၏ အဖြစ်ကြောင့် ကံသည်ပင် ဇုသရမည်၏။ ထို ဇုသရ၏ နိမ္မာန (ဖန်ဆင်းခြင်း) ဟူသည် မိမိအကျိုးကို ဖြစ်စေခြင်းပင်တည်း။ ဘုရားအလောင်းကိုလည်း မိမိပြုအပ်ခဲ့သောကုသိုလ်ကောင်းမှုက တလောကလုံးကိုလွှမ်းမိုးနိုင်လောက်အောင် ဖန်ဆင်းအပ်ပြီးဖြစ်၏။ ထို့ကြောင့် များစွာသော လူအပေါင်းမှာ “ကောင်းကင်ဖြင့် သွားသည်”ဟု ထင်ရလေသည်။ ဤသို့ ပြောဆိုခြင်းသည် ဇုသရနိမ္မာန၏ အစွမ်းဖြင့် ပြောဆိုခြင်းတည်း။

ဝိပဿီမြတ်စွာဘုရားကို ပြနေသောကြောင့် အဋ္ဌကထာဌီလည်း ဝိပဿီဘုရားအတွက်သာ ဖွင့်သည်ဟု ထင်စရာရှိ၏။ အမှန်အားဖြင့် ပြအပ်ခဲ့သော ဓမ္မတာမျှားသည် အလုံးစုံသော ဘုရားအလောင်းတို့နှင့် ဆိုင်သည်ဟူလို။]

ဗောဓိသတ္တဓမ္မတာအဖွင့် ပြီး၏။

ဒုတ္တိ˚သမဟာပုရိသလက္ခဏအဖွင့်

၃၃။ အဒ္ဓသ ခေါ တံ၊ ကား။ ဒုက္ကူလစုမ္မဋ္ဌကော၊ ဘွဲ့ဖြူပုဆိုးဖြင့်ပြုအပ်သော အဝတ်ခွေဌ်။ နိပဇ္ဇာပေတ္ဝာ၊ အိပ်စေ၍။ အာနိတံ၊ ဆောင်ယူအပ်သော မင်းသားကို။ အဒ္ဓသ၊ မြင်ရပြီ။ မဟာပုရိသဿာတိ၊ ကား။ ဇာတိ ဂေါတ္တကုလာပဒေသာဒိဝသေန၊ညွှန်ပြအပ်သောဇာတ် ညွှန်ပြအပ်သောအနွယ် ညွှန်ပြအပ်သောအမျိုးအစရှိသည်တို့၏အစွမ်းဖြင့်။မဟန္တဿ၊ကြီးကျယ်မြင့်မြတ်သော။ ပုရိသဿ၊ ၏။ (ဒဋ္ဌဂဟိယော–၌စပ်။) ဒဋ္ဌဂတိယောတိ၊ ကား။ ဒဋ္ဌန္နစ်ပါးကုန်သော။ နိဋ္ဌာ၊ ပြီးစီးခြင်းတို့သည်။ ဒဋ္ဌ၊ ကုန်သော။နိပ္ပတ္တိယော၊ ပြီးစီးခြင်းတို့သည်။ (ဘဝန္တိ၊ ကုန်၏။) ဟိ၊ ခဲ့။ အယံ ဂတိသဒ္ဒေါ၊ သည်။ သာရိပုတ္တာ၊ သာရိပုတ္တရာ။ ဂတိယော၊ ရောက်ထိုက်သော ဂတိတို့သည်။

ဇာတိဂေါတ္တံ။ ပ။ ဝသေန။ ။အပဒိသတိတိ အပဒေသော။ ဇာတိစ၊ ခတ္တိယဗြာဟ္မဏစသောဇာတ်လည်း။ ဂေါတ္တံစ၊ ကောဏ္ဍည, ဂေါတမစသောအနွယ်လည်း။ ကုလံစ၊ သာကိယ, ကောလိယ စသော အမျိုးလည်း။ ဇာတိဂေါတ္တာကုလာနိ။ (ဇာတ်, အနွယ်, အမျိုးတို့။) ဇာတိဂေါတ္တာကုလာနိယေဝ အပဒေသော (ညွှန်ပြအပ်သည်တည်း။) ဇာတိဂေါတ္တာကုလာပဒေသော (ညွှန်ပြအပ်သော ဇာတ် အနွယ် အမျိုး။) ဇာတိဂေါတ္တာကုလာပဒေသော + အာဒိ+ယာသံ တိ ဇာတိဂေါတ္တာကုလာပဒေသာဒိ။ အာဒိဖြင့် အဆင်းကိုလည်းကောင်း၊ အစိုးရသူ၏ အဖြစ်ကိုလည်းကောင်း၊ အခြံအရံကိုလည်းကောင်း၊ ဤသို့ စသော သမ္ပတ္တိတို့ကို ယူပါ။ [အာဒိသဒ္ဒေန ရူပိဿရိယပရိဝါရာဒိသမ္ပတ္တိယော သင်္ဂဟိတာတိ။–ဋီကာ။]

၄၇။ အဒ္ဒသ ခေါ တိ၊ ကား။ ပုဗ္ဗေ၊ ရှေးဖြစ်သောဇာတိဝဏ္ဏနာ၌၊ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သုဒ္ဓါဝါသေဟိ၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်။ ဒဿိတံ၊ ပြအပ်သောသူနာကို၊ အဒ္ဒသ၊ ပြီ။ အာဗာဓိကန္တိ၊ ကား။ ဣရိယာပထဘဉ္ဇနကေန၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်သော။ ဝိသဘာဂါဗာဓေန၊ သဘောမတူသော အနာဖြင့်။(အာဗာဓိကံ–၌ဝိသေသနစပ်) အာဗာဓိကံ၊ လွန်စွာနှိပ်စက်တတ်သော အနာရှိသော၊ [အာဗာဓိကန္တိ အာဗာဓဝန္တံ။] ဒုက္ခိတန္တိ၊ကား။ရောဂဒုက္ခေန၊ ရောဂါဟူသော ဆင်းရဲဖြင့်။ ဒုက္ခိတံ၊ လွန်စွာဖြစ်သော ဆင်းရဲခြင်းရှိသော၊ [ဒုက္ခိတန္တိ သဉ္ဇာတဒုက္ခံ။–ဋီကာ။] ဗာဋ္ဌဂိလာနန္တိ၊ ကား။ အဓိမတ္တဂိလာနံ၊ လွန်ကဲသော အတိုင်းအရှည်ရှိအောင် မကျန်းမမာသော။ ပလိပန္နန္တိ၊ ကား။ နိမုဂ္ဂံ၊ နစ်မြုပ်လျက် (“သယမာနံ၊ အိပ်နေသော။ ပုရိသံ အဒ္ဒသာ”၌စပ်။) [“ပရိ၊ ထက်ဝန်းကျင်။ ပန္န၊ ဖြစ်နေသူ”ဟူသည် ကျင်ကြီးကျင်ငယ်၌ နစ်မြုပ်နေသူတည်း။] ဇရာပညာယိဿတိ ဗျာဓိပညာယိဿတီတိ ဣဓာပိ၊ ဤပါဋိရပ်၌လည်း။ယာယ ဇာတိယာ၊ အကြင်ဇာတိသည်။ သတိ၊ ရှိလတ်သော်။ ဣဒံ ဒွယံ၊ဤ ဇရာဗျာဓိ နှစ်ပါးအပေါင်းသည်။ ပညာယတိ၊ ထင်ရှား၏။ သာ ဇာတိ၊ ကို။

မြှုးပျော်ခြင်းအကျိုးကို အားထုတ်သူတို့ ကပ်ရောက်အပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုအရပ်သည်။ ဥယျာနံ၊ မည်၏။ [ဥပုဗ္ဗ+ယာဓာတ် ယုပစ္စည်း၊ “ဥ”ကို“ဥယျုဏ္ဏ”ဟု ဖွင့်သည်။ အဝုတ္တကမ္မသာဓန၊ ဥနောက် ဒွေဘော်ရောက်၍ “ဥယျာ”ဟု ဖြစ်သည်။

ဓိက္ကဲတာ၊ ဓိဓိဟု ပြုအပ်သည်။ ဝါထိုထိုဟု ပြုအပ်သည်။ (ဟောတိ။) အဇာတံ၊ ဖြစ်ခြင်းမရှိသည်၏အဖြစ်သည်၊ ခေမံ၊ ဘေးခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ ကုန်ငြိမ်းကြောင်းတည်း။ ဣတိ၊ သို့။ ဇာတိယာ၊ ၏။ မူလံ၊ ကို။ ခဏန္တော၊ တူးလျက်၊ ဒုတိယေန၊ နှစ်ခုမြောက်ဖြစ်သော၊ သလ္လေန၊ ဖြင့်။ ဝိဒ္ဓါဝိယ၊ ပစ်ခွင်းအပ်သကဲ့သို့။ နိသီဒိ၊ ထိုင်ပြီ။

ဗျာဓိပုရိသအဖွင့်ပြီး၏။

ကာလက်တပုရိသအဖွင့်

၅၀။ ဝိလာတန္တိ၊ ကား။ သိဝိဂ်၊ အလောင်းတင် ထမ်းစင်ကို။ ("ကယိရမာနံ၊ ပြုနေသည်ကို" ဥစ္စပ်။) ပေတန္တိ၊ ကား။ ဣတော၊ ဤဘဝမှ။ ပဋိဂတံ၊ ကင်းသော။ ကာလက်တန္တိ၊ ကား။ ကတကာလံ၊ ပြုအပ် ပြီးဆုံးစေအပ်ပြီးသော အသက်ရှင်ရာ ကာလရှိ၏သော။ ယတ္ထက်၊ အကြင်မျှ အတိုင်း

အဇာတံ။ ။အဇာတန္တိ အဇာတဘာဝေါ နိမ္မာနံ ဝါ၊ဤသို့ဋီကာဖွင့်၏။ ထိုတွင် "အဇာတဘာဝေါ" ဟူသော ပထမအဖွင့်၌ နဇာယတီတိ အဇာတံ (မဖြစ်သော အရာဝတ္ထု၊) "အဇာတဘာဝေါ"ဟု ဆိုလိုလျက် ဘာဝပုဒ်ကိုချေ။ (တနည်း) ဘာဝေါပမာနုကြံ၊ မဖြစ်သောအရာဝတ္ထု၏ ဖြစ်ကြောင်းဖြစ်ရာဟူသည် "မဖြစ်ခြင်းပင်တည်း။" ထိုမဖြစ်ခြင်းသဘောကိုပင် "နိမ္မာနံဝါ"ဟု ဋီကာ တနည်းဖွင့်သည်။ သို့သော် ထိုအချိန်က ဘုရားအလောင်းမင်းသားမှာ "နိမ္မာန်"ဟူ၍ သိနိုင်သေးမည် မဟုတ်ပါ။

ဝိလာတော။ ။ဘန္တန္တေတ္တ ကုပ္ပလာဒိ ဝိဝိဓံ ကတ္တာ လာတမ္ဘတော ဝိလာတော၊ "ဝိဝိဓံ ကတ္တာ"သည် ဝိ၏အဖွင့် "လာတမ္ဘတော"သည် လာတော၌ လာဓာတ်+တပစ္စည်း၏အဖွင့်။ "ဝိဝိဓံ ကတ္တာ လာတမ္ဘောတိ ဝိလာတော" ဟု ဝစနတ္ထပြုပါ။ ဘန္တ နေတ္တ ကုပ္ပလာဒိသည် ဝိဝိဓံ၏အဖွင့်၊ ပါဠိပျက်နေဟန်တူသည်။ ထို သူသေတင်ထမ်းစဉ်ကို ယူသူတို့သည်-ဘန္တနေတ္တ၊တုန်လှုပ်သော မျက်လုံးစသည်ကို ပြု၍ ယူထိုက်သောကြောင့်။ ဝယ္ဟ၊ လှည်းပေါင်းချုပ်ကိုလည်းကောင်း။ သိဝိက၊ အလောင်းတင်ရာ ထမ်းစင်ကိုလည်းကောင်း။ "ဝိလာတ"ဟု ခေါ်၏။ ဤနေရာ၌ ထမ်းစင်ကို ယူစေလိုသောကြောင့် "ဝိလာတန္တိ သိဝိကံ"ဟု ဖွင့်သည်။

ပေတံ။ ။"ပ+ဣတ"ဟုခွဲ။ ပ ကို "ပဋိအနက်ဟော"ဟု ယူစေလို၍ "ဣတော ပဋိဂတံ"ဟု အဋ္ဌကထာဖွင့်၏။ ပဋိဂတံ အရ တဖန် ပြန်၍ ရောက်ခြင်းအနက်ကိုယူမည် စိုးသောကြောင့် "ဣတော ဘဝတော အပဂတံ" ဟု ဋီကာဖွင့်သည်။ ဣတောကား အဝိဇ္ဇာအပိထည့်အပ်သော ပုဒ်တည်း။"ပေတံ၊ဤဘဝမှကင်းကွာပြီးသော။"ဟု အနက်ပေးပါ။

ကာလက်တံ။ ။"ကတကာလံ"ဟု အဓိုလိုလျက် ရှေ့နောက်ပြန်၍"ကာလက်တ" ဟု ဖြစ်နေကြောင်းကို ပြလိုသောကြောင့် "ကတကာလံ" ဟု အဋ္ဌကထာ ဖွင့်သည်။

အရှည်ရှိသော။ ကာလံ၊ ကာလပတ်လုံး။ တေန၊ ထို ယောကျ်ားသည်။ ဇီဝိတဗ္ဗံ၊ အသက်ရှင်ထိုက်၏။ တံ သဗ္ဗံ၊ ထို အလုံးစုံသောအသက်ရှင်ထိုက်ရာ ကာလကို။ ကတ္ဘာ၊ ပြုပြီး၍။ နိဋ္ဌာပေတ္ဘာ၊ ပြီးဆုံးစေပြီး၍။ မတံ၊ သေသော။ ("ပုရိသံ အဒ္ဒသ"ဥ်စပ်။) ဣတိ အတ္ထော။ ဣမမ္ပိ၊ ဤ သူသေကိုလည်း။ အဿ၊ ထို ဘုရားအလောင်အား။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ("သုဒ္ဓါဝါသာကိရ-မှစ၍ တံ ဒဿေတုံ" တိုင်အောင်သော နည်းဖြင့်သာလျှင်။) ဗြဟ္မာနော၊ တို့သည်။ ဒဿေသုံ၊ ကုန်ပြီ။ ယတြဟိ နာမာတိဣဓာပိ၊ ဤပါဌ်ဥ်လည်း။ ယာယ ဇာတိယာ၊ သည်။ သတိ၊ သော်။ ဣဒံ တယံ၊ ဤ အိုခြင်း နာခြင်း သေခြင်း သုံးပါးအပေါင်းသည်။ ပညာယတိ၊ ၏။ သာ ဇာတိ၊ ကို။ ဓိက္ကတာ၊ ၏။ ဝါ၊ ၏။ အ ဇာတံ၊ ဖြစ်ခြင်းမရှိသည်၏ အဖြစ်သည်။ ခေမံ၊ တည်း။ ဣတိ၊ သို့။ ဇာတိယာ၊ ၏။ မူလံ၊ ကို။ ဓဏန္တော၊ လျက်။ တတိယေန၊ သော။ သလ္လေန၊ ဖြင့်။ ဝိဇဒ္ဓါ ဝိယ၊ သို့။ နိသီဒိ၊ ပြီ။

ကာလက်တပုရိသအဖွင့် ပြီး၏။

ပဗ္ဗဇိတအဖွင့်

၅၂။ ဘဏ္ဍုန္တိ၊ ကား။ မုဏ္ဍံ၊ ဦးပြည်းဖြစ်သော။ ဝါ၊ ဓခါင်းတုံးဖြစ်သော ("ပဗ္ဗဇိတံ ပုရိသံ"ဥ် စပ်။) ဣမမ္ပိ၊ဤရဟန်းကိုလည်း။ ["ပိ"ဖြင့် သူအို သူနာ သူသေတို့ကို ပေါင်းသည်။] အဿ၊ ထို ဘုရားလောင်းအား။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။("သုဒ္ဓါဝါသာ ကိရ" မှ စ၍ "တံ ဒဿေတုံ"တိုင်အောင်သော နည်းဖြင့်သာလျှင်။)ဗြဟ္မာနော၊ တို့သည်။ဒဿေတုံ၊ကုန်ပြီ။သာဓု ဓမ္မစရိယာတိအာဒီသု၊ အစရှိသောပါဋ္ဌိရပ်တို့ဥ်။ ဒေဝ၊အရှင်မင်းသား။ အယံ ဓမ္မစရဏဘာဝေါ၊ဤတရားကို ကျင့်သူ၏အဖြစ်သည်။သာဓု၊ ကောင်း၏။ ဣတိ၊ သို့။ စိန္တေတ္ဘာ၊ ၍။ ပဗ္ဗဇိတော၊ ရသေ့ ရဟန်း အဖြစ်သို့ ကပ်ရောက်သူပါတည်း။ ဣတိ ဧဝံ၊ သို့။ ဧကမေကဿ၊ တပါးတပါး

ကတ အရ "ပြုအပ်ပြီး"ဟူသည် ပြီးဆုံးစေအပ်ပြီးတည်း။ ကာလ အရ အသက်ရှင်ထိုက်ရာ ကာလတည်း။ ဤအနက်ကို သိစေလို၍ "ပရိယောသာပိတဇီဝနကာလံ"ဟု ဋီကာဖွင့်သည်။ ကရီယိတ္ထာတိ ကတော၊ ကာလော+ကတော+ ယေနာတိ ကာလက်တော" ဟု ပြု။ ကာလက်တံ၊ပြုအပ်ပြီးသော အသက်ရှင်ထိုက်ရာကာလရှိသော-ဟု ပေးပါ။

ဧကမေကဿ ပဒဿ။ ။ဝံ ဧကေကဿ ပဒဿာတိ ယထာ "သာဓုဓမ္မစရိယာတိ ပဗ္ဗဇိတော"တိ ယောဇနာ။ ဧပံ "သာဓုသမစရိယာတိ ပဗ္ဗဇိတော" ဟိ အာဒိနာ ဧကေကဿ ပဒဿ ယောဇနာ ဝေဒိတဗ္ဗာ။–ဋီကာ။

သော။ ပဒဿ၊ ပုဒ်၏။ ယောဇနာ၊ အနက်ကို ယှဉ်စေခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။ စ၊ ဆက်။ သဗ္ဗာနိ၊ ကုန်သော။ ဘောနိ၊ ဤ ခံမူစရိယာ အစရှိသော ပုဒ်တို့သည်။ ဒသကုသလကမ္မပထဝေဝစနာနေဝ၊ ဆယ်ပါးသော ကုသလကမ္မပထ၏ ဝေဝုစ်ပရိယာယ် စကားလှယ်တို့သာတည်း။

ပန၊ ဆက်။ အဝသာနေ၊ အဆုံး၌။ အဝိဟိ သာတိ၊ ကား။ ကရုဏာယ၊ အပ္ပနာကရုဏာစျာန်၏။ ပုဗ္ဗဘာဂေ၊ ရှေးအဖို၌ဖြစ်သော ကာမာဝစရကရုဏာတည်း။ အနုကမ္ပာတိ၊ ကား၊ မေတ္တာယ၊ အပ္ပနာမေတ္တာစျာန်၏။ ပုဗ္ဗဘာဂေ၊ ရှေးအဖို၌ဖြစ်သော ကာမာဝစရမေတ္တာတည်း။ တေနဟိတိ၊ တေနဟိ ဟူသောသဒ္ဒါသည်။ ဥယျောဇနတ္ထေ၊ တိုက်တွန်းခြင်း အနက်၌။ (ပဝတ္တော၊ သော။) နိပါတော၊ တည်း။ ဟိ၊ မှန်။ အာဿ၊ ထို ဝိပဿီ ဘုရားအလောင်းသည်။ ပဗ္ဗဇိတံ၊ ရဟန်းကို။ ဒိသွာ၊ ၍။ ဝါ၊ ကြောင့်။ စိတ္တံ၊ သည်။ ပဗ္ဗဇ္ဇာယ၊ ရဟန်းအဖြစ်၌။ နိန္နံ၊ ညွတ်သည်။ ဇာတံ၊ ဖြစ်ပြီ။ အထ၊ စိတ်ညွတ်ရာ ထိုအခါ၌။ တေန၊ ထိုရဟန်းနှင့်။ သဒ္ဒိ၊ တကွ။ကထေတုကာမော၊ စကားပြောခြင်းငှာ အလိုရှိသည်။ ဟုတ္ဝာ၊ ၍။ သာရထိ၊ ကို။ ဥယျောဇေန္တော၊ တိုက်တွန်းလိုသည်၏ အဖြစ်ကြောင့်။ တေနဟိတိ အာဒိ၊ အစရှိသောစကားကို။ အာဟ၊ ပြောပြီ။

ပဗ္ဗဇိတအဖွင့်ပြီး၏။

ဗောဓိသတ္တပဗ္ဗဇ္ဇာအဖွင့်

၅၄။ အထခေါ ဘိက္ခဝေတိ၊ ကား။ ပဗ္ဗဇိတဿ၊ ရဟန်း၏။ (ဓမ္မိံ ကထံ၌စပ်။) သာဓုဓမ္မစရိယာတိအာဒီနိစ၊ အစရှိသည်တို့ကိုလည်းကောင်း။ အညံ၊ အခြားသော။ ဗဟုံ၊ များစွာသော။ (ဓမ္မိံ ကထံ) စ၊ တရားစကားကိုလည်းကောင်း။မဟာဇနကာယေန၊ များစွာသောလူအပေါင်းသည်။ရက္ခိယမာနဿ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ ပုတ္တဒါရသမ္မာဓေ၊ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော။ ဃဲရေ၊ အိမ်၌။ ဝသတော၊ နေရသူ၏။ အာဒီနဝပဋိသံယုတ္တဿ၊ အပြစ်နှင့်စပ်ယှဉ်သည်လည်းဖြစ်သော။ မိဂဘူတေန၊ သားသမင်သဖွယ်ဖြစ်၍ဖြစ်သော။ စေတသာ၊ ဖြင့်။ ယထာသုခံ၊ချမ်းသာသည်အားလျော်စွာ။ ဝိနေ၊ တောဝ်၌။ ဝသတော၊ နေရသော။ ပဗ္ဗဇိတဿ၊ ရဟန်း၏။ ဝိဝေကာနိသံသ ပဋိသံယုတ္တဿ၊ ဝိဝေက၏ အာနိသံသနှင့်စပ်ယှဉ်သည်လည်းဖြစ်သော။ ဓမ္မိံ၊ တရားရှိသော၊ ကထံ၊ ကို။ သုတ္ဝာ၊ ကြားရ၍။ ပဗ္ဗဇိတုကာမော၊ ရဟန်း

ပြုခြင်းငှာ အလိုရှိသည်။ ဟုတ္ဆာ၊ ၍။ အထ၊ ရဟန်းပြုလိုရာ ထိုအခါ၌။ ဘိက္ခဝေ၊ တို့။ ဝိပဿီ၊ သော။ ကုမာရော၊ သည်။ သာရထိံ၊ ကို။အာမန္တေသိ၊ ပြောပြီ။

စတ္တာရိ၊ သူအို သူနာ သူသေ ရဟန်းအားဖြင့် လေးပါးကုန်သော။ ဣမာနိ၊ ဤနိမိတ်တို့ကို။ (ရဟန်းပြုခြင်း၏ မှတ်သားကြောင်းဖြစ်သောနိမိတ်တို့ကို။) ဒိသ္ဒာ၊ ၍။ ပဗ္ဗဇိတံနာမ၊ ရဟန်းပြုခြင်းမည်သည်။ သဗ္ဗဗောဓိသတ္တာနံ၊ တို့၏။ ဝံသော ဝ၊ အနွယ်သည်သာ။ တန္တိယေဝ၊ အစဉ်သည်သာ။ ပဝေဏီယေဝ၊ အဆက်သည်သာ။ (ဟောတိ။) စ၊ ဆက်၊ အညေပိ၊ ဝိပဿီဘုရားအလောင်းမှအခြားလည်းဖြစ်ကုန်သော။ဗောဓိသတ္တာ၊ တို့သည်။ဝိပဿီ၊ သော။ အယံ ကုမာရော၊ သည်။ စိရဿံ စိရဿံ၊ ကြာမြင့်မှ ကြာမြင့်မှ။(ပဿတိ)ယထာ၊ မြင်သကဲ့သို့။ ဧဝံ၊ တူ။ စိရဿံ စိရဿံ၊ မှ။ ပဿန္တိ၊ ကုန်၏။ ပန၊ ကား။ အမှာကံ၊ တို့၏။ ဗောဓိသတ္တော၊ သည်။ စတ္တာရိ ပိ၊ကုန်သော။ (ဣမာနိ၊ ဤ နိမိတ်တို့ကို။) ဧကဒိဝသညေဝ၊ တနေ့တည်း၌သာ။ ဒိသ္ဒာ၊ ၍။မဟာဘိနိက္ခမနံ၊ မြတ်သော တောသို့ ရှေးရှုထွက်တော်မူခြင်းကို။ နိက္ခမိတ္ဒာ၊ ထွက်တော်မူ၍။ အနောမနဒီတီရေ၊ အနောမမြစ်ကမ်း၌။ပဗ္ဗဇိတော၊ ရဟန်းအဖြစ်သို့ ကပ်ရောက်တော်မူပြီ။

တေနေဝ၊ ထို့ကြောင့်ပင်။(ထိုသို့ နိမိတ်ကြီးလေးပါးကို ကြာမြင့်မှကြာမြင့်မှ မြင်ရသည်မဟုတ်ပဲ တရက်ထည်း၌သာ မြင်ရခြင်းကြောင့်ပင်။)ရာဇဂဟံ၊ သို့။ ပတ္ဒာ၊ ရောက်၍။ တတ္ထ၊ ထိုရာဇဂြိုဟ်မြို့၌၊ ဗိမ္ဗိသာရေန၊ မည်သော။ ရညာ၊ သည်။ ပဏ္ဍိတ၊ သုခမိန်။ ကိမတ္ထံ၊ အဘယ်အကြောင်းကြောင့်။ ပဗ္ဗဇိတော၊ ရဟန်းအဖြစ်သို့ကပ်ရောက်သည်။ အသိ၊ ဖြစ်ပါသနည်း။ ဣတိ၊ သို့။ ပုဋ္ဌော၊ သည်။(သမာနော၊ သော်။)ဇိဏ္ဏဥဒိသ္ဒာ။ပ။ရာဇာတိ၊ ဟူ၍။အာဟ၊ ဖြေဆိုပြီ။

ပုဋ္ဌောအာဟ။ ။ထိုဗိမ္ဗိသာရမင်းက မေးအပ်သည်ရှိသော် နိမိတ်ကြီးလေးပါးကို ဆက်ကာဆက်ကာ မြင်ရကြောင်းကိုပြလို၍''ဇိဏ္ဏဥဒိသ္ဒာ''စသည်ဖြင့် ဖြေဆိုပြီ။ဥပမာ-''ရေချိုးပြီး၍၊ အဝတ်ဝတ်ပြီး၍၊ နံ့သာလိမ်းပြီး၍၊ ပန်းပန်ပြီး၍၊ ထမင်းစားသည်''ဟူရာ၌ ထိုအလုပ်များကို ဆက်ကာဆက်ကာ လုပ်ပြီးမှ ထမင်းစားသကဲ့သို့တည်း။ဤသို့ဒီဃဘာဏက ဆရာတို့၏ အလိုအားဖြင့် နိမိတ်ကြီးလေးပါးလုံးကို တနေ့တည်းမြင်ရသည်ဟု ဆိုထားသော်လည်း ဗုဒ္ဓဝံသ အဋ္ဌကထာ၌ကား လေးလတကြိမ် လေးလတကြိမ် ဥယျာဉ်သို့ ထွက်သွားသောအခါ ဇိဏ္ဏစသူတို့ကို လေးကြိမ်မြင်ရသည်ဟု ဆိုသည်။

ရာဇ၊ မင်းမြတ်။ အဟံ၊ ကျွန်ုပ်သည်။ ဇိဏ္ဏံ၊ သူအိုကို။ဒိသွာ စ၊ မြင်ရ၍လည်းကောင်း။ ဒုက္ခိတံ၊ လွန်စွာဖြစ်သော ဆင်းရဲခြင်းရှိသော။ ဗျာဓိတံ၊ လွန်စွာဖြစ်သော အနာရှိသူကို။ ဒိသွာ စ၊ မြင်ရ၍လည်းကောင်း။ အာယုသခ်ယံ၊ အသက်၏ကုန်ခြင်းသို့။ ဂတံ၊ရောက်သော။ မတံ၊ သူသေကို။ ဒိသွာ စ၊ လည်းကောင်း။ ကာသာယဝတ္ထံ၊ ဖန်ရည်ဖြင့်ဆိုးအပ်သော အဝတ်ရှိသော။ ပဗ္ဗဇိတံ၊ ရဟန်းကို။ဒိသွာ စ၊ လည်းကောင်း။ တသ္မာ၊ ထို့ကြောင့်။ ပဗ္ဗဇိတော၊ သည်။ အမှိ၊ ဖြစ်ပါ၏။

ဗောဓိသတ္တပဗ္ဗဇ္ဇာအဖွင့်ပြီး၏။

မဟာဇနကာယအနုပဗ္ဗဇ္ဇာအဖွင့်

၅၅။ သုတ္ဒာန တေသန္တိ၊ကား။တေသံ စတုရာသီတိယာ ပါဏသဟဿာနံ၊ ထို ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏(စကားကို)။ သုတ္ဒာ၊ ကြားရ၍။ တေံ၊ ဤအကြံသည်။ အဟောသိ၊ပြီ။ သြရကောတိ၊ ကား။ ဦနကော၊ ယုတ်လျော့သည်။ လာမကော၊ညံ့သည်။(နဟိနုန၊ မဖြစ်တန်ရာ။)အနုပဗ္ဗဇိ သူတိ၊ ကား။ အနုပဗ္ဗဇိတာနိ၊ အတုလိုက်၍ ရဟန်းပြုကြကုန်ပြီ။ ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤရှစ်သောင်းလေးထောင်သော ယောကျ်ားတို့ရဟန်းပြုရာ၌။ ပရတော၊နောက်၌။ ခဏ္ဍတိဿာနံ၊ ခဏ္ဍတိဿတို့၏။ အနုပဗ္ဗဇ္ဇာယ၊ အတုလိုက်၍ရဟန်းပြုခန်း၌။ "ဗန္ဓုမတိယာ ရာဇဓာနိယာ နိက္ခမိတ္ဒာ"တိ၊ ဟူ၍။ ဝုတ္တံ ယထာ၊ ဟောတော်မူအပ်သကဲ့သို့။ ဧဝံ၊ တူ။"ဗန္ဓုမတိယာ ရာဇဓာနိယာ နိက္ခမိတ္ဒာ"တိ၊ ၍။ နဝုတ္တံ၊ ဟောတော်မမူအပ်သနည်း။ ဣတိ၊ ဤကား အမေးကည်း။ နိက္ခမိတ္ဒာ၊ မင်းနေပြည်မှ ထွက်ပြီး၍။ သုတတ္တာ၊ ကြားအပ်သည်၏အဖြစ်ကြောင့်။"ဗန္ဓုမတိယာ ရာဇဓာနိယာ နိက္ခမိတ္ဒာ"တိ၊ ဟူ၍။ နဝုတ္တံ၊ မမူအပ်။ ဣတိ၊ ဤကားအဖြေတည်း။

ကိရ၊ ခဲ့၊ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ဧတေ၊ ဤရှစ်သောင်းလေးထောင်သော ယောကျ်ားတို့သည်။ ဝိပဿိဿ၊ သော။ ကုမာရဿ၊၏။ ဥပဋ္ဌာကပုရိသာဝ၊ အလုပ်အကျွေး ယောကျ်ားတို့သာတည်း။ တေ၊ ထို ယောကျ်ားတို့သည်။ ပါတောဝ၊ နံနက်စောစော၌ပင်။ ဥပဋ္ဌာနံ၊ ဆည်းကပ်ရာအရပ်သို့။ အာဂန္တွာ၊ လာ၍။ ကုမာရံ၊ ကို။ အဒိသွာ၊ ၍။ပါတရာ

သတ္ထာဃ၊ နံနက်စာစား ခြင်းအကျိုးငှာ။ ဂန္ဓာ၊ ပြန်သွား၍။ ဘုတ္တပါတ ရာသာ၊ စားအပ်ပြီးသော နံနက်စာရှိကုန်သည်။ (ဟုတ္ဝာ။) အာဂမ္မ၊ ပြန် လာ၍။ ကုမာရော၊ သည်။ ကုဟိံ၊ အဘယ်အရပ်၌နည်း။ ဣတိ၊ သို့။ ပုစ္ဆိတ္ဝာ၊ ၍။ ဥယျာနဘူမိံ၊ သို့။ ဂတော၊ သွားပြီ။ ဣတိ၊ သို့။ သုတ္ဝာ၊ ကြား၍။ တတ္ထေဝ၊ ထို ဥယျာဉ်မြေအရပ်၌ပင်။ နံ၊ ထိုမင်းသားကို၊ ဒက္ခိဏာမ၊ တော့ကုန်အံ့။ ဣတိ၊ သို့ကြံ၍၊ နိက္ခမန္တာ၊ ထွက်ကုန်လတ်သော်။ နိဝတ္တာမာနံ၊ ပြန်နစ်လာသော။ သာရထိံ၊ ကို။ ဒိသ္ဝာ၊ မြင်ရ၍လည်း ကောင်း။ ကုမာရော၊ သည်။ ပဗ္ဗဇိတော၊ ရဟန်းပြုပြီ။ ဣတိ၊ သို့။ အာဃ၊ ထို ရထားထိန်း၏။ ဝစနံ၊ ကို။ သုတ္ဝာ စ၊ ကြား၍လည်းကောင်း။ သုတဥာနေယေဝ၊ ကြားအပ်ရာအရပ်၌ပင်။ သဗ္ဗာဘရဏာနိ၊ အလုံးစုံသော တန်ဆာတို့ကို။ သြမုဉ္စိတ္ဝာ၊ ချွတ်၍။ အန္တရာပဏတော၊ အိမ်တွင်းစျေးမှ။ ကာသာဝပီတာနိ၊ သောက်အပ်သော ဖန်ရည်ရှိကုန်သော။ ဝါ၊ ဖန်ရည် ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို၊ အာဟာရာပေတ္ဝာ၊ ဆောင်စေ၍။ ကေသမဿုံ၊ဆံ မုတ်ဆိတ် ကျင်စွယ်ကို၊ သြဟာရေတ္ဝာ၊ ပယ်ရှား၍၊ ပဗ္ဗဇိံသု၊ ရဟန်းပြုကြကုန်ပြီ။ ဣတိ၊ သို့။ နဂရတော၊ မှ။ နိက္ခမိတ္ဝာ၊ ၍။ ဗဟိ နဂရေ၊ မြို့ပြင်ဘက်၌။ သုတတ္တာ၊ ကြားအပ်သည်၏ အဖြစ်ကြောင့်။ ဧတ္ထ၊ ဤ ရှစ်သောင်းလေးထောင်သော ယောကျ်ားတို့ ရဟန်းပြုရာ၌။ "ဗန္ဓုမတိယာ ရာဇဓာနိယာ နိက္ခမိတ္ဝာ"တိ၊ ၍။ နဝုတ္တံ၊ မမူအပ်။

စာရိုက်စရတိတိ၊ **ကား**း။ ဂတဂတဋ္ဌာနေ၊ ရောက်အပ် ရောက်အပ်သော အရပ်၌၊ မဟာမဂ္ဂပံ၊ ကြီးစွာသော မဂ္ဂပ်ကို။ ကတ္ဝာ၊၍။ ဒါနံ၊ ကို။ သဇ္ဇေတ္ဝာ၊ စီရင်၍။ အာဂမ္မ၊ လာ၍။ သ္ဝာတနာယ၊ နက်ဖန်ဖြစ်လတ္တံ့

နိက္ခမိတ္ဝာ သုတတ္တာ။ ။မြို့မှထွက်ပြီး၍ ကြားရသောအခါ အိမ်သို့ပြန်ကာ ဆွေ မျိုးဉာတိတို့ကို အသိပေးသင့်သေးသည့် မဟုတ်ပါလော ဟု စောဒနာဖွယ်ရှိ၏။ ထို့ ကြောင့် ဋီကာ၌ "ကသ္မာ ပနေတ္ထာ"တိ အာဒိနာ တေသံ စတုရာသီတိယာ ပါဏ သဟဿာနံ မဟာသတ္တော သံဘတ္တတံ (ကောင်းစွာဆည်းကပ်ကုန်သည်၏ အဖြစ်ကို လည်းကောင်း။) သံဝေဂမဟုလတ္တာ (များသောသံဝေဂရှိကုန်သည်၏ အဖြစ်ကို လည်းကောင်း။) ဒသေတိ။ ယတော (ယင်းသို့ သံဘတ္တ, သံဝေဂမဟုလဖြစ်ခြင်း ကြောင့်။) သုတဥာနေယေဝ ဌတ္ဝာ ဉာတိမိတ္တာဒိသု ကိဉ္စိ အနာမန္တေတ္ဝာ မတ္တာဝရ ဝါရဏော ဝိယ အယောမယမန္ဒနံ ဃနဗန္ဓနံ ဆိန္ဒိတ္ဝာ (အမှန်ယစ်သော မြတ် သောဆင်သည် သံကြိုးအနှောင်အဖွဲကို ဖြတ်သကဲ့သို့ တခဲနက်သော ဉာတ်မိတ္တ အနှောင်အဖွဲကိုဖြတ်၍။) ပမ္မုဋ္ဌံ ဥပဂစ္ဆိ"သူ"ဟု ဖွင့်သည်။

သော ကုသိုလ်ကောင်းမှုအကျိုးငှာ၊ နိမန္တိတော၊ ပင့်လျှောက်အပ်သည်။ (ဟုတ္ဝာ။) ဇနဿ၊ လူအပေါင်းသည်။ အာယာစိတဘိက္ခမေဝ၊ ရှေးရှု တောင်းပန်အပ်သောဆွမ်းကိုသာ။ ပဋိဂ္ဂဏှန္တော၊ ခံယူကော်မှုလျက်၊ စတ္တာ ရောမာသေ၊ လေးလတို့ပတ်လုံး။ စာရိုက် ဒေသစာရီကို။ စရိ၊ လှည့်လည် တော်မူပြီ။

၅၆။ အာကိဏ္ဏောတိ၊ ကား။ ဣမိနာ ဂဏ်းနေ၊ ဤရဟန်း အပေါင်း သည်။ ပရိဝုဿတော၊ ထက်ဝန်းကျင် စောင့်ရှောက်အပ်သည်။ ဝါ၊ ခြုံရုံ အပ်သည်။(ဟုတ္ဝာ ဝိဟရာမိ–၌စပ်။) ပန၊ ပရိဟာရပက္ခမ္မတပါး စေဒက ပက္ခကို ဆိုဦးအံ့။ အယံဝိတက္ကော၊ ဤအကြံသည်။ ဗောဓိသတ္တဿ၊ ဘုရား အလောင်း၏စိတ်၌။ ကဒါ၊ အဘယ်အခါ၌။ ဥပပဇ္ဇေ၊ ဖြစ်သနည်း။ ဣတိ၊ ဤကားအမေးတည်း။ သေ့၊ နက်ဖန်၌။ ဝိသာခပုဏ္ဏမာ၊ ကဆုန်လပြည့်နေ့ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ ဤသို့ဆိုထိုက်ရာဖြစ်သော။ စာတုဒ္ဒသီ ဒိဝေသေ၊ တဆယ့်လေးရက်မြောက်နေ့၌။ (အယံ ဝိတက္ကော၊ သည်။ ဥပပဇ္ဇေ၊ ပြီ။ ဣတိ၊ ဤကားအဖြေတည်း။) ကိရ၊ ခဲ့။ တဒါ၊ အကြံဖြစ်ရာ ထို အခါ၌။ သော၊ ထိုဘုရား အလောင်းသည်။ ဣမေ၊ ဤရဟန်းတို့သည်။ ပုဗ္ဗေ၊ ရှေး၌။ ဂိဟိဘူတံ၊ လူဖြစ်၍ဖြစ်သော။ မံ၊ ငါ့ကို။ ပရိဝါရေတွာ၊ ဘေး ရန်ကို ထက်ဝန်းကျင် တားမြစ်၍။ ဝါ၊ ခြုံရုံ၍။ စရန္တိ ယထေဝ၊ လှည့်လည် ကုန်သကဲ့သို့။ တထေဝ၊ ထိုတူပင်။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ (မံ ပရိ ဝါရေတွာ။) စရန္တိ၊ ကုန်၏။ ဣမိနာဂဏေန၊ ဤရဟန်းအပေါင်းဖြင့်။ ကိံ၊ အာဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့။ ဂဏသင်္ကိကာယ၊ ရဟန်းအပေါင်း ဝယ် ပေါင်းဆုံခြင်း၌။ ဥက္ကဏ္ဌိတွာ၊ ငြိုးငွေ့၍။ [သင်္ကာနံ (သမောဓာနံ) သင်္ကိကာ။ ဂဏောသင်္ကိကာ ဂဏသင်္ကိကာ။] အင်္ဂေဝ၊ ယနေ့၌ပင်။ ဂစ္ဆာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ပုန၊ ဟဖန်။ အင်္ဂ၊ ယနေ့။ အဇ်ဇေလာ၊ အခါမဟုတ်တော့။ ဣဒါနိ၊ ၌။ သစေဂမိဿာမိ၊ အကယ်၍သွားအံ့။(ဧဝံ သတိ။) သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဣမေ၊ဤရဟန်းတို့သည်။ဇာနိဿန္တိ၊ သိကြကုန်လတ္တံ့။သေ့၊ နက်ဖန်၌သာ။ ဂမိဿာမိ၊ အံ့။ ဣတိ၊ သို့။ စိန္တေသိ၊ ပြီ။

စ၊ ဆက်။ တံဒိဝသံ၊ ထိုနေ့၌။ ဥဂ္ဂဝေလဂါမသဒိသေ၊ ဥဂ္ဂဝေလရွာနှင့် တူသော။ (ငါတို့ ဘုရားအလောင်းဆွမ်းခံရာ ဥဂ္ဂဝေလရွာနှင့် တူသော။) ဂါမေ၊ ရွာ၌။ ဂါမဝါသိနော၊ ရွာ၌နေသူတို့သည်။ သုဘဒ္ဒနာယ၊ နက် ဖန်၌ ဖြစ်လတ္တံ့သော ပိတိပါမောဇ္ဇ အကျိုးငှာ။ နိမန္တယိ သု၊ ပင့်ဖိတ်ကြ

ကုန်ပြီ။ တေ၊ ရွာ၌နေသူ ထိုလူတို့သည်။ စတုရာသီတိသဟဿာနမ္ပိ၊ ရှစ်သောင်းလေးထောင် အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော။ တေသံ ပဗ္ဗဇိတာနံ၊ ထိုရဟန်းတို့ ၏လည်းကောင်း။ မဟာပုရိသဿ စ၊ ၏လည်းကောင်း။ ပါယာသမေဝ၊ နို့ဖြင့်ဖြစ်စေအပ်သော ထမင်းကိုသာ။ ဝါ၊ နို့ထမင်းကိုသာ။ ပဋိယာဒယိံသု၊ စီရင်ကြကုန်ပြီ။ [ပါယာသပုဒ်၏ အဖွင့်ကို သီလက္ခန်ဘာသာဋီကာ ဗြဟ္မဇာလသုတ်အဖွင့်၌ ပြခဲ့ပြီ။] အထ၊ ထိုမှနောက်၌။ မဟာပုရိသော၊ သည်။ ပုနဒိဝသေ၊ နောက်တနေ့၌။ တသ္မိံယေဝ ဂါမေ၊ ထိုရွာ၌ပင်။ တေဟိ ပဗ္ဗဇိတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဘတ္တကိစ္စံ၊ ဆွမ်းကိစ္စကို။ ကတွာ၊ ၍။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့သာ။ အဂမာသိ၊ ကြွသွားပြီ။ တတ္ထ၊ ထိုနေရာအရပ်၌။ တေ ပဗ္ဗဇိတာ၊ တို့သည်။ မဟာပုရိသဿ၊ ၏။ ဝတ္တံ၊ ဝတ်ကို။ ဒဿေတွာ၊ ပြီး၍။ အတ္တနော အတ္တနော၊ ၏။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာနိ၊ ညဉ့်နေရာ နေ့နေရာအရပ်တို့သို့။ ပဝိဋ္ဌာ၊ ဝင်ကြကုန်ပြီ။ ဗောဓိသတ္တောပိ၊ သည်လည်း။ ပဏ္ဏသာလံ၊ သစ်ရွက်ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ နိသိန္နော၊ ထိုင်နေပြီ။

ဌိတေ၊ မွန်းမတ်မတ်တည့်သော။ မဇ္ဈန္ဒိကေ၊ နေ့၏ အလယ်အဖို့ ဖြစ်သော။ကာလေ၊ အခါ၌။ ပက္ခိသု၊ ငှက်တို့သည်။ သန္နိသိဝေသု၊ ငြိမ်သက်စွာ နေကုန်လတ်သော်။ ဗြဟာရညံ၊ ကြီးစွာသော တောသည်။ သဏတေဝ၊အသံပြုသကဲ့သို့ ဖြစ်၏။ ဝါ၊ တောသံ ပေးသကဲ့သို့ ဖြစ်၏။ တံ၊ ထိုသို့တောသံပေးသကဲ့သို့ ဖြစ်ခြင်းသည်။ မံ၊ ငါ၏ အတွက်။ ဘယံ၊ ကြောက်ဖွယ်သည်။ ပဋိဘာတိ၊ ထင်လာ၏။

ဣတိ၊ သို့။ ဝေရူပေ၊ သော။ အဝိဝေကာရာမာနံ၊ဝိဝေက၌ မွေ့လျော်ခြင်းမရှိသူတို့၏။ ဘယကာလေ၊ ကြောက်ရာအခါ၌။ သဗ္ဗသတ္တာနံ၊ တို့၏။ သဒ္ဒရထကာလေယေဝ၊ အပူနှင့်တကွ ဖြစ်ရာအခါ၌ပင်။ (ကဆုန်လပြည့်

ဌိတေ။ပ။ပဋိဘာတိ မံ။ ။မွန်းမတ်မတ်တည့်ချိန်ဝယ် ငှက်တို့လည်း ငြိမ်ငြိမ်သက်သက် နေကြစဉ် တတောလုံးတိတ်၍နေသောအခါ ဝိဝေကကို မလိုလားသော တောကျောင်းဘုန်းကြီးများအတွက် ထိုတောကြီးက တောသံပေးနေသကဲ့သို့ ထင်ရ၏။ထို့ကြောင့် ထိုတောကျောင်းဘုန်းကြီးမှာ ထိုအချိန်သည် ကြောက်ဖွယ်ကဲ့သို့ထင်နေသည်။ ဝိဝေကကို လိုလားသော တောကျောင်း ဘုန်းကြီးများအတွက်မှာမူ ထိုအချိန်သည် အလွန်မွေ့လျော်ဖွယ် ကောင်းသကဲ့သို့ ထင်နေ၏။ ထို့ကြောင့်"သာ ရတိ ပဋိဘာတိ မံ"ဟု စတုတ္ထပါဒရှိရသည်။ "သာ၊ ထိုသို့တောသံပေးသကဲ့သို့ ဖြစ်ခြင်းသည်၊ မံ၊ ငါ၏အတွက်။ ရတိ၊ မွေ့လျော်ဖွယ်သည်။ ပဋိဘာတိ၊ ထင်လာ၏" ဟု အနက်ပေး။

ခါနီး၍ ပူအိုက်ရာနေ့လည်အခါ၌ပင်။) အယံ၊ ဤအခါသည်။ ကာလေ၊ ထွက်သွားခြင်းအခါတည်း။ ဣတိ၊ ဤသို့ကြံ၍။ နိက္ခမိတွာ၊ ၍။ ပဏ္ဍာသာလာယ၊ သစ်ရွက်ကျောင်း၏။ ဒုါရံ၊ တံခါးကို။ ပိဒဟိတွာ၊ ပိတ်၍။ ဗောဓိမဏ္ဍာဘိမုခေါ၊ ဗောဓိမဏ္ဍိုင်သို့ ရှေးရှုသော မျက်နှာရှိသည်။ (ဟုတွာ။) ပါယာသိ၊ ကြွသွားပြီ။

စ၊ ဆက်၊ အညဒါပိ၊ အခြားအခါ၌လည်း။ တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ဝိစရန္တော၊ လှည့်လည်လတ်သော်။ ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်ကို။ ပဿတိ၊ မြင်ရ၏။ ပန၊ ထိုသို့ပင် ဗောဓိမဏ္ဍိုင်ကို မြင်ရပါသော်လည်း။ အဿ၊ ထို ဘုရားအလောင်း၏။ စိတ္တံ၊ သည်။ နိသီဒိတုံ၊ ထိုင်ခြင်းငှာ။ နနမိတပုဗ္ဗံ၊ ရှေး၌မည်တ်အပ်။ ဝါ၊ မည်တ်အပ်စဉ်း၊ ပန၊ အနွယကား။ တံ ဒိဝသံ၊ ထိုနေ့၌။ အဿ၊ ထို ဘုရားအလောင်း၏။ ဉာဏံ၊ ဉာဏ်သည်။ ပရိပါကဂတံ၊ ရင့်ကျက်ခြင်းသို့ရောက်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဝါ၊ ထိုသို့ ဉာဏ်၏ ရင့်ကျက်ခြင်းသို့ရောက်သည်၏ အဖြစ်ကြောင့်။ အလက်တံ၊ တန်ဆာဆင်အပ်သော။ ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်ကို။ ဒိသွာ၊ မြင်ရ၍။ အာရောဟနတ္ထာယ၊ တက်ရောက်ခြင်းအကျိုးငှာ။ [ကုန်းမြင့်ဖြစ်သောကြောင့် "အာရောဟနတ္ထာယ" ဟု ဆိုသည်။] စိတ္တံ၊ သည်။ ဥပ္ပန္နံ၊ ဖြစ်ပြီ။ သော၊ ထိုဘုရားအလောင်းသည်။ ဒက္ခိဏဒိသာဘာဂေန၊ တောင်အရပ် အဖို့ဖြင့်။ ဥပဂမ္မ၊ ကပ်ရောက်၍။ ပဒက္ခိဏံ၊ လက်ယာရစ်ကို။ ကတွာ၊ ၍။ ပုရတ္ထိမဒိသာဘာဂေ၊ အရှေ့အရပ်အဖို့၌။ စုဒ္ဒသဟတ္ထံ၊တဆယ့်လေးတောင် ရှိသော။ ပလ္လင်ကံ်၊ ပလ္လင်ကို။ ပညပေတွာ၊ ခင်း၍။ စတုရင်္ဂဝီရိယံ၊ လေးပါးသော အင်္ဂါ

ပလ္လင်ံ ပညပေတွာ။ ။ပညပေတွာ၏ ကတ္တားသည် သော (ဗောဓိသတ္တော) တည်း။ ထို့ကြောင့် ပလ္လင်ကို ဘုရားအလောင်းကိုယ်တိုင် ခင်းထားသကဲ့သို့ ဆိုထား၏။ အမှန်ကား—ပါရမီတော်၏ တန်ခိုးကြောင့်မြေမှအလိုလို ပေါ်ထွက်လာသောပလ္လင်တည်း၊ထိုပလ္လင်ပေါ်၌နတ်၌ဖြစ်သောအဝတ်တို့ကို ခင်းထားသည်။သို့သော် ပလ္လင်သည် ဘုရားအလောင်း၏ ကောင်းမှုတန်ခိုးကြောင့်ပြီးစီးရကား ဘုရားအလောင်း ခင်းထားအပ်သကဲ့သို့ ဆိုထားသည်။ [ပါရမိတာနုဘာဝေန ဥဋ္ဌိတံ (ပေါ်ထွက်လာသော။) ဥပရိဒေဝတာဟိ ဒိဗ္ဗပစ္စတ္ထရဏေဟိ သုပညတ္တာမို့ မဟာသတ္တဿ ပုညာနုဘာဝေန သိဒ္ဓတ္တာ တေနပညတ္တံဝိယ ဟောတိတိ ဝုတ္တံ "ပလ္လင်ံ ပညပေတွာ"။—ဋီကာ။]

စတုရင်္ဂဝီရိယ။ ။ကာမံ တစောစ နှာရုစ၊ အင်္ဂီစ အဝသိဿတု။
ဥပသုဿတု နိဿေသံ၊ သရီရေ **မံသလောဟိတံ**။
(မမ၊ ငါ၏။) တစောစ၊ **အ**ရေသည်လည်းကောင်း။ နှာရုစ၊ အကြောသည်လည်းကောင်း။ အင်္ဂီစ၊အရိုးသည်လည်းကောင်း။ ကာမံအဝသိဿတု၊အကယ်၍ကြွင်း

ရှိသော၀ိရိယကို။ အဓိဋ္ဌဟိတ္ထာ၊ ဆောက်တည်၍။ ယာ၀၊ အကြင်မျှလောက်။ ဗုဒ္ဓေါ၊ သည်။ နု ဟောမိ၊ မဖြစ်သေး။ တာ၀၊ ထို ဘုရားမဖြစ်သမျှကာလ ပတ်လုံး။ ဣတော၊ ဤပလ္လင်မှ။ နု ဝုဋ္ဌဟာမိ၊ မထတော့အံ့၊ ဣတိ၊ သို့။ ပဋိညံ၊ ပဋိညာဉ်ကို။ ကတ္ဝာ၊၍။ နိသီဒိ၊ ထိုင်တော်မူပြီ။ အာသ၊ ထို ဘုရားအလောင်း၏။ ဣဒံဝူပကာသံ၊ ဤအပေါင်းအဖော်မှခွဲခွါ၍နေခြင်းကို။ သန္ဓာယ၊၍။ ဧကော ၀။ပ။ ၀ိဟာသိတိ၊ ဟူ၍။ (ဘဂ၀တာ။) ဝုတ္တံ၊ ပြီ။

အညေနေ၀တာနီတိ(ဧတ္ထ)၊ဟူသော ဤပါဠိ၌။ (ဂူဇ္ဇတ္ထံ၊ လျှို့ဝှက်တိမ်မြုပ်ဥပ်နေသောအနက်ကို။) ကိရ(ဥဒ္ဒရိတ္ထာ ဒဿီမိ၊ ထုတ်၍ပြဦးအံ့။) တေ၊ ထို ရှစ်သောင်းလေးထောင်သော ရဟန်းတို့သည်။ သာယံ၊ညနေချမ်းအခါ၌။ ဗောဓိသတ္တာဿ၊ အား။ ဥပဋ္ဌာနံ၊ ဆည်းကပ်ရာအရပ်သို့။ အာဂန္ဆာ၊လာ၍။ ပဏ္ဏာသာလံ၊ ကို။ ပရိ၀ါရေတ္ဝာ၊ ခြံရုံ၍။ နိသိန္နာ၊ နေကြကုန်သည်။ (သမာနာ၊ ဖြစ်ကုန်လတ်သော်။) အတိကာလေ၊ အလွန်မိုးချုပ်သည်။ ဇာတေ၊ ဖြစ်ပြီ။ ဥပဓာရေထ၊ စူးစမ်းကြကုန်လော့။ ဣတိ၊ ဤသို့ ပြော၍။ ပဏ္ဏာသာလံ၊ ကို။ ဝိ၀ရိတ္ဝာ၊ ဖွင့်၍။ တံ၊ ထို ဘုရားအလောင်းကို။ အပဿန္တာပိ၊ မမြင်ကုန်သော်လည်း။ ဣဒိ၊ အဘယ်အရပ်သို့။ ဂတော၊ သွားလေသနည်း။ ဣတိ၊ ဤသို့ ကြံ၍။ နာနုဗန္ဓိံသု၊ အစဉ်မလိုက်ကြကုန်။ မဟာပုရိသော၊သည်။ ဂဏ၀ါသေ၊ ရဟန်းအပေါင်း၀ယ်နေခြင်း၌။ နိဗ္ဗိန္ဒော၊ငြီးငွေ့သည်။ (ဟုတ္ဝာ။) ဧကော၊တပါးတည်း။ ၀ိဟာရိတုကာမော၊နေလိုသည်။ (ဟောတိ) မည်၊ဖြစ်လေ ယျောင်တကား။ ဗုဒ္ဓဘူတံယေ၀၊ ဘုရားဖြစ်၍ ဖြစ်သည်သာလျှင် ဖြစ်သော။ [ဗုဒ္ဓေါ+ဟုတ္ဝာ+ဘူတော ဗုဒ္ဓဘူတော။] ၀ါ၊ဘုရားအဖြစ်သို့ရောက်သည်သာ လျှင်ဖြစ်သော။ ["ဘူ-ပတ်တိယံ" ဟူသော ဓာတ်နက်။] နံ၊ ထို ဘုရားအလောင်းကို။ ပဿိဿာမ၊ ဖူးမြင်ကြကုန်စို့။ ဣတိ၊ သို့။ ၀တ္ဝာ၊ ၍။ အန္တေ ဇမ္ဗုဒီပါဘိမုခေါ၊ ဇမ္ဗူဒိပ်အတွင်းသို့ ရှေးရှုသော မျက်နှာရှိကုန်သည်။ (ဟုတ္ဝာ။) စာရိကံ၊ ကို။ ပက္ကန္တာ၊ ဖဲကြကုန်ပြီ။ [အန္တေဇမ္ဗုဒီပါဘိမုခေါ၊ နု ဟိမ၀န္တာဒီပဗ္ဘတာဘိမုခေါတိ (ဇမ္ဗူဒိပ်၏ပြင်ဘက် ဟိမ၀န္တာသို့ ရှေ့ရှုမဟုတ်၍ပဲ။) အတ္ထော၊။—ဋီကာ။]

မဟာဇနကာယအနုပဗ္ဗဇ္ဇာအဖွင့်ပြီး၏။

ကျန်ပစေတော့။ သရီရေ၊ ကိုယ်၌။ မံသလောဟိတံ၊ အသားအသွေးသည်။ နိဿေသံ၊ အကြွင်းအကျန်မရှိအောင်။ ဥပသုသတု၊ ခြောက်ခန်းပစေတော့။ ဤသို့ အင်္ဂါလေးပါးရှိသော ဝီရိယကို မြဲမာန်ခြင်းကို"စတုရင်္ဂဝီရိယံ အဓိဋ္ဌဟိတ္ဝာ"ဟု ဆိုသည်။

ဗောဓိသတ္တ အဘိနိဝေသအဖွင့်

၅၇။ ဝါသူပဂတဿာတိ၊ ကား။ ဗောဓိမတ္တော၊ ၌။ ကေရတ္တိဝါသိ၊ တညဉ်မျှနေခြင်းသို့။ ဥပဂတဿ၊ ကပ်ရောက်သော။ ရဟောဂတဿာတိ၊ ကား။ ရဟာသိ၊ ဆိတ်ကွယ်ရာအရပ်၌။ ဂတဿ၊ ရောက်သော။ ပဋိသလ္လီနဿာတိ၊ ကား။ ဧကီဘာဝဝဎေန၊ တပါးတည်းအဖြစ်၏ အစွမ်းဖြင့်။ နိလီနဿ၊ ကိန်းအောင်းသော။ ("ဗောဓိသတ္တဿ ပရိဝိတက္ကော ဥဒပါဒိ" ၌စပ်။) ကိစ္ဆန္တိ၊ ကား။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ ("အာပန္နောဝတ၊ ရောက်ရလေစ့သြော်" ၌စပ်။) စဝတိ စ ဥပပဇ္ဇတိ စာတိ ဣဒံ ဒွယံ၊ ဟူသော ဤပုဒ်နှစ်ပါး အပေါင်းကို။ ပုန၊ တဖန်။ (သေပြီးနောက်။) အပရာပရံ၊ အဆက်ဆက်။ စုတိ ပဋိသန္ဓိံ၊ ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ [ရှေ့၌ "ဇာယတိ မိယတိ" ဟု ပါပြီးဖြစ်သောကြောင့် "ပုန" ဟု ဆိုသည်။]

ဇရာမရဏာဿာတိ ဇတ္ထ၊ ဤ ပါဌ်၌။ (အတ္ထော ဇေဝံ ဝေဒိတဗ္ဗော။) [စပ်ပုဒ်မရှိ၍ထည့်ရသည်။] ယသ္မာ၊ ကြောင့်။ ပဗ္ဗဇ္ဇန္တေ၊ ရဟန်းအဖြစ်သို့ ကပ်ရောက်လတ်သော်။ ဇိဏ္ဏေပျာဓိမဟေယေဝ၊ သူအို သူနာ သူသေတို့ကိုသာ။ ဒိသွာ၊ မြင်ရ၍။ ပဗ္ဗဇိတော၊ ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီ။ တသ္မာ၊ ကြောင့်။ (ထိုသို့ သူအို သူနာ သူသေတို့ကိုမြင်ရ၍ ရဟန်းပြုသည်၏ အဖြစ်ကြောင့်။) အာဿ၊ ထို ဘုရားအလောင်းအား။ ဇရာမရဏမေဝ၊ ဇရာမရဏသည်သာ။ ဥပဋ္ဌာတိ၊ ထင်နေ၏။ တေနေဝ၊ ထို့ကြောင့်ပင်။ (ထိုသို့ ဘုရားအလောင်းအား ဇရာမရဏသည်သာ ထင်နေသည်၏အဖြစ်ကြောင့်ပင်။) ဇရာမရဏာဿာတိ၊ ဟူ၍။ (ဗောဓိသတ္တော၊ သည်။) အာဟာ၊ ပြီ။ ဣတိ၊ သို့။ ဇရာမရဏံ၊ ကို။ မူလံ၊ အမြစ်အရင်းကို။ ကတ္ဝာ၊ ၍။ အဘိနိဝိဋ္ဌဿ၊ စွဲမြဲစွာ နှလုံးသွင်းသော။ ဘဝဂ္ဂတော၊ ဘဝတို့၏ အဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံမှ။ သြတရန္တဿ ဝိယ၊ သက်ဆင်းသကဲ့သို့။ ဘိက္ခဝေ၊ တို့။ အထဓေါ၊ ထင်နေရာထိုအခါ၌။ ဝိပဿိဿ၊ သော။ ဗောဓိသတ္တဿ၊ ၏။ ဇေတံ၊ ဤ အကြံသည်။ ("ကိစ္ဆံ ဝတာယံ လောကော" အစရှိသော ဤ အကြံသည်။) အဟောသိ၊ ပြီ။

ယောနိသော မနသိကာရာတိ၊ ကား။ ဥပါယမနသိကာရာ၊ မှန်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကြောင့်။ ပထမနသိကာရာ၊ လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းကြောင့်။ ("ပညာယ အာဘိသမယော အဟု" ၌စပ်။) ဟိ၊ ချဲ့။ အနိစ္စာဒီနိ၊ အနိစ္စအစရှိသော တရားတို့ကို။ [အနိစ္စာဒီနီတိ အာဒိသဒ္ဒေန ဒုက္ခာ-နတ္တာအသုဘာဒီနံ ဂဟဏံ။—ဋီကာ။] အနိစ္စာဒိတော၀၊ အနိစ္စ

အစရှိသောအားဖြင့်သာ။ မနသိကရောတော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်၏။ (မနသိကာရော၊ နှလုံးသွင်းခြင်းသည်။) ယောနိသောမနသိကာရောနာမ၊ မည်သည်။ ဟောတိ၊ ၏။ စ၊ ဆက်။ အယံ၊ ဤ ဘုရားလောင်း၏ နှလုံးသွင်းခြင်းသည်။ (ကိမှိ နုခေါ သတိ အစရှိသောနည်းဖြင့် ဤ နှလုံးသွင်းခြင်းသည်။) ကိသ္မိံ၊ အဘယ်တရားသည်။ သတိ၊ ရှိလတ်သော်။ ဇာတိအာဒီနိ၊ ဇာတိ အစရှိသော တရားတို့သည်။ ဟောန္တိ နုခေါ၊ ဖြစ်ပါကုန်လိမ့်မည်နည်း။ ကိသ္မိံ၊ သည်။ အသတိ၊ မရှိလတ်သော်။ (ဇာတိအာဒီနိ၊ တို့သည်။) နဟောန္တိ နုခေါ၊ မဖြစ်ပါကုန်လိမ့်မည်နည်း။ ဣတိ၊ သို့။ ဥဒယဗ္ဗယာနုပဿနာဝသေန၊ ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန်ရှုခြင်း၏ အစွမ်းဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ တေသံ၊ ထို အနိစ္စ အစရှိသည်တို့ကို အနိစ္စအစရှိသည်တို့ဖြင့် နှလုံးသွင်းခြင်းတို့တွင်။ အညတရော၊ တပါးအပါအဝင်တည်း။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုဘုရားအလောင်း၏။ ဣတော ယောနိသောမနသိကာရာ၊ ဤသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းကြောင့်။ ဣမိနာ ဥပါယမနသိကာရေန၊ ဤမှန်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကြောင့်။ ပညာယ၊ ၏။ အဘိသမယော၊ ပေါင်းဆုံခြင်းသည်။(ပညာနှင့်တကွ ဘုရားအလောင်း၏ ပေါင်းဆုံခြင်းသည်။) အဟု၊ ဖြစ်ပြီ။ ဗောဓိသတ္တဿ၊ ၏။ပညာယ၊ ၏။ ("သမာဂမော"၌ စပ်။)ယသ္မိံ၊ အကြင်တရားသည်။ သတိ၊ သော်။ ဇရာမရဏံ၊ သည်။ ဟောတိ၊ ၏။ တေနဇရာမရဏကာရဏေန၊ ထိုဇရာမရဏ၏ အကြောင်းနှင့်။ သဒ္ဓိံ၊ တကွ၊ သမာဂမော၊ ပေါင်းဆုံခြင်းသည်။ အဟောသိ၊ ပြီ။ ["ပေါင်းဆုံ"ဟူသည် သိခြင်းပင်တည်း။ သမာဂမော အဟောသီတိ ယာထာဝတော ပဋိဝိဇ္ဈနဝသေန သင်္ဂမော အဟောသိ။–ဋီကာ။ အဘိသမယကို "သမာဂမ"ဟု ဖွင့်သည်။]

ပန၊ ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့။ တံ၊ ထိုဇရာမရဏ၏ အကြောင်းဟူသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤကား အမေးတည်း။ (တံ၊ ထို ဇရာမရဏ၏ အကြောင်းဟူသည်။) ဇာတိ၊ ဇာတိတည်း။(ဣတိ၊ ဤကား အဖြေတည်း)။ တေန၊ ထို့ကြောင့်။ (ဇရာမရဏ၏အကြောင်း၏ ဇာတိ၏ အဖြစ်ကြောင့်။) ဇာတိယာခေါ။ပ။ဟောတီတိ၊ ဟူ၍။ (ဗောဓိသတ္တော၊ သည်။) အာဟ၊ မိန့်တော်မူပြီ။ စ၊ သည်သာမကသေး။ ဝါ၊ တနည်းကား။ ဇရာမရဏဿ၊ ၏။ ကာရဏပရိဂ္ဂါဟိကာ၊ အကြောင်းကို ပိုင်းခြား၍ ယူတတ်သော။ ဝါ၊ အကြောင်းကို သိမ်းဆည်းတတ်သော။ ယာ အယံ ပညာ၊ အကြင်ပညာသည်။ (အတ္ထိ၊ ၏။)တာယ၊ ထိုပညာနှင့်။

သဒ္ဓိံ၊ ကွ။ ဗောဓိသတ္တဿ၊ ၏။ သမာဂမော၊ သည်။ အဟောသိ၊ ပြီ။ ဣတိ အယံ၊ ဤဆိုအပ်ပြီးကား။ ဧတ္ထ၊ ဤ"အဟု ပညာယ အဘိသမယော" ဟူသော ပါဠ်၌။ အတ္ထော၊ တည်း။ ဧတေနုပါယေန၊ ဤနည်းဖြင့်။သဗ္ဗပဒါနိ၊ တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

ပန၊ ကား။ နာမရူပေ ခေါ သတိ ဝိညာဏန္တိဧတ္ထ၊ ဤပါဠ်၌။ သခ်ါရေသု၊ သခ်ါရတို့သည်၊ သတိ၊ရှိကုန်လတ်သော်။ ဝိညာဏံ၊ ဝိညာဉ်သည်။ (ဟောတိ၊ ၏။) ဣတိ စ၊ ဤသို့လည်းကောင်း။ အဝိဇ္ဇာယ၊ သည်။ သတိ၊ သော်။ သခ်ါရာ၊ တို့သည်။ (ဟောန္တိ။) ဣတိ စ၊ လည်းကောင်း။ ဝတ္တဗ္ဗံ၊ ဟောတော်မူထိုက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တဒုဘယမ္ပိ၊ ထို အဝိဇ္ဇာ သခ်ါရ နှစ်ပါးစုံကိုလည်း။ (ဗောဓိသတ္တေန၊ သည်။) နဂဟိတံ၊ ယူတော်မမူအပ်။ ကသ္မာ၊ ကြောင့်။ (နဂဟိတံ၊ နည်း။) ဟိ(ယသ္မာ)၊ ကြောင့်။ အဝိဇ္ဇာသခ်ါရာ၊ တို့သည် ။တတိယော၊ သော။ (တနည်း) အတီတော၊ အတိတ်ဖြစ်သော။ ဘဝေါ၊ ဘဝတည်း။ တေဟိ၊ ထိုအဝိဇ္ဇာသခ်ါရတို့နှင့်။ သဒ္ဓိံ၊ ကွ။ အယံ ဝိပဿနာ၊ သည်။ နဃဋ္ဌယတိ၊ မဆက်စပ်။ (ကသ္မာ၊ ကြောင့်။ တေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ ။အယံ ဝိပဿနာ၊ သည်။နဃဋ္ဌယတိ၊ သနည်း။) ဟိ (ယသ္မာ)၊ ကြောင့်။မဟာပုရိသော၊ သည်။ ပစ္စုပ္ပန္နဝသေန၊ ပစ္စုပ္ပန်ဘဝ၏အစွမ်းဖြင့်။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်းတော်မူပြီ။ ဣတိ၊ ထို့ ကြောင့်။ (တေဟိ၊ တို့နှင့်။သဒ္ဓိံ၊ ကွ။ အယံ ဝိပဿနာ၊ သည်။ နဃဋ္ဌယတိ၊ စပ်။)ဣတိ၊ ကြောင့်။ (တဒုဘယမ္ပိ၊ကိုလည်း။ဗောဓိသတ္တေန၊သည်။နဂဟိတံ၊ အပ်။)

စ၊ စောဒနာပါဦးအံ့။ကိံ၊ နည်း။အဒိဋ္ဌေဟိ၊မမြင်အပ်ကုန်သော။ အဝိဇ္ဇာ သခ်ါရေဟိ၊ တို့ဖြင့်။ ဗုဒ္ဓေန၊ ဘုရားသည်။ ဘဝိတုံ၊ ငှာ။ နသက္ကာနနု၊ မတတ်ကောင်းသည် မဟုတ်ပါလော။ ဣတိ၊ ဤကားစောဒနာတည်း။ (အဒိဋ္ဌေဟိ၊ ကုန်သော။ အဝိဇ္ဇာသခ်ါရေဟိ၊ တို့ဖြင့်။ ဗုဒ္ဓေန၊ သည်။ ဘဝိတုံ၊ ငှာ၊ နသက္ကာ၊ မတတ်ကောင်းသည်ကား။ သစ္စံ၊ မှန်၏။ ပန၊ ထိုသို့မှန်ပါသော်

မှတ်ချက်။ ။အတီတော ဘဝေါ နေရာ၌ "တတိယော ဘဝေါ" ဟု မူကွဲရှိ၏။ ပစ္စက္ခဘူတံပစ္စုပ္ပန္နဘဝံ ပဋမံ ဂဟေတွာ တဒနန္တရံ အနာဂတံ"ဒုတိယ"န္တိ ဂဟဏေ အတီတော (အတိတ်ဘဝသည်။) တတိယောဟောတိ (တတိယဖြစ်နေ၏။) ဣတိ အာဟ "အဝိဇ္ဇာသခ်ါရာ ဟိ အတီတော (တတိယော) ဘဝေါ" တိ။—ဋီကာ။ "အတီတော တတိယော ဟောတိ" ဟူသော စကားကိုထောက်လျှင် အတီတော နေရာစယ် "တတိယော"ဟုရှိမှ ဋီကာအလိုကျသည်။

လည်း။ ဣမိနာ၊ ဤဘုရားအလောင်းသည်။ တေ၊ ထို အဝိဇ္ဇာ သင်္ခါရတို့ကို။ ဘဝ ဥပါဒါန တဏှာဝသေနဝ။ ဘဝ ဥပါဒါန် တဏှာတို့နှင့် စပ်သဖြင့် ဃာလျှင်။ ဒိဋ္ဌာ၊ မြင်အပ်ကုန်ပြီ။ ဣတိ၊ ဤကားအဖြေတည်း။ ဣမသ္မိံ ဗျာနေ၊ နာမရူပေ ဓေါ သတိ ဝိညာဏံ ဟောတိ- အစရှိသော ဤပါဠိ ရပ်၌။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ပဋိစ္စသမုပ္ပါဒကထာ၊ ပဋိစ္စသမုပ္ပါဒကထာကို။ (မယာ၊ သာည်။)ကထေတဗ္ဗာ၊ ဆိုထိုက်၏။ ပန၊ ထိုသို့ဆိုထိုက်ပါသော်လည်း။ သာ သေဝ၊ ထို ပဋိစ္စသမုပ္ပါဒကထာကို။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ ကထိတာဝ၀၊ ဆိုအပ်ပြီးသည်သာ။

၅၈။ ပစ္စုဒါဝတ္တတိတိ၊ ကား။ ပဋိနိဝတ္တတိ၊ ပြန်လည်၏။ ပန၊ ပရိဟာရမှတပါး ။ပ။ အံ့။ ဧတ္ထ၊ ဤ "ပစ္စုဒါဝတ္တတ် ဝိညာဏံ" အစရှိသော ပါဠိ၌ရပ်၌။ ကတမံဝိညာဏံ၊ အဘယ်ဝိညာဉ်သည်။ ပစ္စုဒါဝတ္တတိ၊ ပြန်လည်သနည်း။ ဣတိ၊ ဤကားအမေးတည်း။ ပဋိသန္ဓိဝိညာဏမျိ၊ ပဋိသန္ဓေဝိညာဉ်သည်လည်းကောင်း။ ဝိပဿနာဉာဏမျိ၊ ဝိပဿနာဉာဏ်ဟူသော ဝိညာဉ်သည်လည်းကောင်း။ (ပစ္စုဒါဝတ္တတိ၊ ၏။ ဣတိ၊ ဤကားအဖြေတည်း။) တတ္ထ၊ ထို ပဋိသန္ဓေဝိညာဉ် ဝိပဿနာဉာဏ်တို့တွင်။ ပဋိသန္ဓိဝိညာဏံ၊ သည်။ ပစ္စယတော၊ အကြောင်း၏အဖြစ်မှ။ ပဋိနိဝတ္တတိ၊ ၏။[ဤဝါကျ၌ အကြောင်းမဟုတ်တော့ပဲ အကျိုးဖြစ်နေသည်ကို"အကြောင်းမှပြန်နစ်သည်"ဟု ဆိုသည်။ ပစ္စယတောတိ ဟေတုတော၊ သင်္ခါရတောတိ အတ္ထော။-ဋီကာ။ ဝိပဿနာဉာဏံ၊ သည်။ အာရမ္မဏတော၊ "အဝိဇ္ဇာ သင်္ခါရ" ဟု ဆိုအပ်သော အာရုံ၏အဖြစ်မှ။ (ပဋိနိဝတ္တတိ၊ ၏။) [အာရမ္မဏတောတိ အဝိဇ္ဇာသင်္ခါရ သင်္ခါဟ အာရမ္မဏတော၊ အတီတဘဝသင်္ခါတ အာရမ္မဏတော ဝါ။-ဋီကာ။] ဥဘယမျိ၊ ပဋိသန္ဓေဝိညာဉ် ဝိပဿနာဉာဏ် နှစ်ပါးစုံသည်လည်း။ နာမရူပံ၊ နာမ်ရုပ်ကို။ နာတိက္ကမတိ၊ မလွန်နိုင်။ [နာမရူပံ နာတိက္ကမတိတိ ပစ္စယဘူတံ, အာရမ္မဏဘူတဉ္စ နာမရူပံ နာတိက္ကမတိ တေန ဝိနာ အဝတ္ထာနတော။ တေနာဟ "နာမရူပတော ပရံ နဂစ္ဆတိ"တိ။-ဋီကာ။] နာမရူပတော၊ နာမ်ရုပ်မှ။ ပရံ၊ အလွန်။ နဂစ္ဆတိ၊ မသွားတော့။ [နာမဟူသော ပါဠိရပ်၌ ပဋိသန္ဓေဝိညာဉ်ဟူသော နာမ်သည်လည်းကောင်း ဝိပဿနာဉာဏ်ဟူသော နာမ်သည်လည်းကောင်း ပါဝင်နေရကား နာမရူပံအရမှ မလွတ်ကြတော့--ဟူလို။]

တတ္ထာဝတာ ဇာယေကဝါတိအာဒီသု၊ အစရှိသောပါဠိရပ်တို့၌။(အတ္ထော ဧဝံ ဝေဒိတဗ္ဗော။) ဝိညာဏေ၊ ဝိညာဉ်သည်၊ နာမရူပဿ၊ ၏။ ပစ္စယော၊

အကြောင်းသည်။ ဟောန္တေ၊ ဖြစ်သော်လည်းကောင်း။ နာမရူပေ၊ သည်၊ ဝိညာဏသ၊ ၏။ ပစ္စယေ၊ သည်။ ဟောန္တေ စ၊ ဖြစ်သော်လည်း။ ဒ္ဒိသုပိ၊ နှစ်ပါးစုံသောဝိညာဉ် နာမ်ရုပ်တို့သည်လည်း။ အညမညပစ္စယေသု၊ အချင်းချင်းအကြောင်းတို့သည်။ ဟောန္တေသု၊ ဖြစ်ကုန်သော်လည်းကောင်း။ ဧတ္တကေန၊ ဤမျှအတိုင်းအရှည်ရှိသော ဝိညာဉ်နာမ်ရုပ်တို့၏ အချင်းချင်းထောက်ပံ့သောအားဖြင့် ဖြစ်ခြင်းဖြင့်။ ဇာယေထ ဝါ၊ ဖြစ်မူ၍လည်းဖြစ်ရာ၏။ဇိယျေထဝါ၊ အိုမူလည်းအိုရာ၏။ မိယျေထဝါ၊ သေမူလည်းသေရာ၏။ စဝေထဝါ၊ အဆက်ဆက်မူလည်း စုတေရာ၏။ ဥပပဇ္ဇေထဝါ၊ အဆက်ဆက်မူလည်းပဋိသန္ဓေနေရာ၏။ [ဧတ္တကေနာတိ ဧဝံ ဝိညာဏနာမရူပါနံ အညမညဥပတ္ထမ္ဘနဝသေန ပဝတ္တိယာ။-ဋ္ဌီကာ။]ဟိ၊ မှန်။ ဣတော၊ ဤဝိညာဉ်နာမ်ရုပ်မှ။ပရံ၊ တပါးသော။ အညံ၊ အခြားသော။ ကိံ၊ အဘယ်တရားသည်။ ဇာယေယျဝါ၊ ဖြစ်မူလည်းဖြစ်ရာအံ့နည်း။ပ။ဥပပဇ္ဇေယျဝါ၊ အဆက်ဆက်မူလည်းပဋိသန္ဓေနေရာအံ့နည်း။ ဧတဒေဝ၊ ဤဝိညာဉ်နာမ်ရုပ်သည်သာ။ ဇာယတိစ နနု၊ ဖြစ်မူလည်းဖြစ်သည် မဟုတ်လော့။ပ။ဥပပဇ္ဇတိစ (နနု)၊ အဆက်ဆက်ပဋိသန္ဓေနေမူလည်းနေသည်မဟုတ်လော။ ဣတိ(အတ္ထော ဝေဒိတဗ္ဗော)။

ဧဝံ၊ ဤသို့။ အပရာပရစုတိပဋိသန္ဓိဟိ၊ အဆက်ဆက်စုတိပဋိသန္ဓေတို့နှင့်။ သဒ္ဒိံ၊ ကွ၊ ပဥ္စ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ ပုန၊ တဖန်။ ဧတ္တာဝတာတိ၊ ဟူ၍။ စုတ္တံ၊ ဆိုအပ်ပြီးသော။ တံ အတ္ထံ၊ ထိုအနက်အဓိပ္ပါယ်ကို။ နိယျာတေန္တော၊ နိဂုံးအုပ်လိုသည်။(ဟုတ္ဝာ။) ယဒိဒံ။ပ။ နာမရူပန္တိ၊ ဟူ၍။ ဝတ္ဝာ၊ ဟောတော်မူပြီး၍။ တတော၊ ထို ယဒိဒံ နာမရူပပစ္စယာဝိညာဏံ ဝိညာဏပစ္စယာနာမရူပံ ဟူသောပုဒ်မှ။ ပရံ၊ နောက်၌၊ အနုလောမပစ္စယာကာရဝသေန၊ အနုလုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်၏အစွမ်းဖြင့်။ ဝိညာဏပစ္စယာ၊ ဝိညာဉ်ဟူသော အကြောင်းကြောင့်။ နာမရူပမူလံ၊ နာမ်ရုပ်ဟူသောအရင်းခံရှိသော။ အာယတိမ္ပိ၊ နောင်အခါ၌လည်း။ ဇာတိဇရာမရဏံ၊ ကု။ ဒဿေတု၊ ငှာ။ နာမရူပပစ္စယာ သဋ္ဌာယတနန္တအာဒ ၊ကု။အာဟ၊ ဟောတော်မူအပ်ပြီ။ တတ္ထ၊ ထိုနာမရူပပစ္စယာ သဋ္ဌာယတနံ အစရှိသောပါဌ်၌။ ကေဝလသ ဒုက္ခက္ခန္ဓသ သမုဒယော ဟောတီတိ၊ ကား။ သကလသ၊ အလုံးစုံသော။ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနသုပါယာသာဒိဘေဒသ၊ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနသ ဥပါယာသ အစရှိသော အပြားရှိသော။ ဒုက္ခရာသိသ၊ ဒုက္ခအစု၏။ နိဗ္ဗတ္တိ၊ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။ (ပါယာသာဒိ၌ "အာဒိ" ပိုဟန်တူသည်။) ဣတိ၊ သို့။

မဟာပုရိသော၊သည်။ သကလဿ၊ သော။ ဝဋ္ဌဒုက္ခဿ၊ ၏။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းကို၊ အဒ္ဒသ၊ မြင်တော်မူပြီ။

၅၉။ သမုဒယော သမုဒယောတိ ခေါ တိ၊ကား။ နိဗ္ဗတ္တိ နိဗ္ဗတ္တီတိ၊ ဟူ၍။ ဝါ၊ ဖြစ်ခြင်းဖြစ်ခြင်းဟူ၍။("ဥဒပါဒိ၊ ပြီ"၌စပ်။)ပုဗ္ဗေ အနနုဿုတေသူတိ၊ ကား။ န အနုဿုတေသု၊ မကြားအပ်ဘူးကုန်သော။ အဿုတပုဗ္ဗေသု၊ ရှေးဦ မကြားအပ်ကုန်သော။ ("ဓမ္မေသု"၌စပ်။) စက္ခုံ ဥဒပါဒီတိ အာဒီသု၊တို့၌။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော။) သောဥဒယဒဿနပညာဝ၊ ဤဖြစ်ခြင်းကိုမြင်တတ်သောပညာကိုပင်။("ဝုတ္တာ" ၌စပ်။) ဒဿနဋ္ဌေန၊မြင်တတ်သည်၏အဖြစ်ဟူသောအနက်ကြောင့်။ စက္ခူတိစ၊ စက္ခုဟူ၍လည်း။ ဝါ၊ မျက်လုံးကဲ့သို့ မြင်တတ်သောဉာဏ်ဟူ၍လည်း၊ (ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။) သမုဒယဿ ပစ္စက္ခတော ဒဿနဘာဝေန စက္ခုဝိယာတိ စက္ခု။–ဋီကာ။] ဉာတကရဏဋ္ဌေန၊ သိမှုကိုပြုတတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်။ ဉာဏံ (ဣတိ စ)၊ ဟူ၍လည်း။ ဝါ၊ သိတတ်သောတရားဟူ၍လည်း။ (ဝုတ္တာ၊ ပြီ။) ပဇာနနဋ္ဌေန၊ အပြားအားဖြင့်သိတတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်။ ပညာ (ဣတိ စ)၊ ဟူ၍လည်း။ ဝါ၊ အပြားအားဖြင့်သိတတ်သောတရားဟူ၍လည်း၊(ဝုတ္တာ၊ ပြီ။)နိဗ္ဗိဇ္ဈိတ္ဝာ၊ပဋိပက္ခတရားတို့ကိုဖောက်ထွင်း၍။ ပဋိဝိဇ္ဈိတ္ဝာ၊ သရုပ်အားဖြင့်ထိုးထွင်း၍။ ဥပ္ပန္နဋ္ဌေန၊ ဖြစ်တတ်သည်၏အဖြစ်ဟူသောအနက်ကြောင့်။ ဝိဇ္ဇာ(ဣတိ စ)၊ဟူ၍လည်း။ (ဝုတ္တာ။) သြဘာသဋ္ဌေန၊ အရောင်အလင်း၏ အဖြစ်ဟူသောအနက်ကြောင့်။ အာလောကော (ဣတိ စ)၊ ဟူ၍လည်း။ ဝါ၊ အရောင်အလင်းဟူ၍လည်း၊ ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။ ["ဝိဇ္ဈတိ ပဋိဝိဇ္ဈတီတိ ဝိဇ္ဇာ" ဟု ဆရာတော်၏နိဿယ၌ပြု၏။]

ယထာ(ယေနကာရဏေန)၊အကြင်အကြောင်းကြောင့်။(သောဥဒယဒဿနပညာဝ၊ကိုပင်။ဒဿနဋ္ဌေန၊ ကြောင့်။စက္ခူတိစ၊ဟူ၍လည်း။ဝုတ္တာ၊ ပြီ။ ဉာတကရဏဋ္ဌေန၊ ကြောင့်။ ဉာဏံ ဣတိစ၊ လည်း။ ဝုတ္တာ။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာဣတိစ၊ လည်း။ ဝုတ္တာ၊နိဗ္ဗိဇ္ဈိတ္ဝာ၊ ၍။ပဋိဝိဇ္ဈိတ္ဝာ၊၍။ဥပ္ပန္နဋ္ဌေန၊ကြောင့်။ ဝိဇ္ဇာ ဣတိစ၊ လည်း။ ဝုတ္တာ၊သြဘာသဋ္ဌေန၊ ကြောင့်။ အာလောကောဣတိစ၊ လည်း။ ဝုတ္တာ၊ ပြီ။တထာ တေနကာရဏေန၊ ကြောင့်။)စက္ခုံ ဥဒပါဒီတိ။ပ။

သမုဒယော သမုဒယောတိ။ ။ဒုက္ခက္ခန္ဓဿ အနေကဝါရံ သမုဒယဒဿနဝသေန ဝိညာဏဿ ပဝတ္တတ္တာ(ဒုက္ခအစုဏ် အကြိမ်များစွာ ဖြစ်ခြင်းကိုမြင်သည်၏အစွမ်းဖြင့် ဝိညာဉ်၏ဖြစ်သည်၏အဖြစ်ကြောင့်။ "သမုဒယော သမုဒယော" တိ အာမေဋိတဝစနံ (သမုဒယော သမုဒယော ဟူသောအာမေဋိတ်စကားကို။) အဝေါစ။–ဋီကာ။

ဩဘာသင္ဌောအတ္ထောတိ၊ ဟူ၍။ (ဓမ္မသေနာပတိ) အာဟ၊ ပြီ။ [စက္ခုံဥဒပါဒီတိ၊ ကား။ ဒဿနင္ဌေန၊ ကြောင့်။ (စက္ခု၊ ပကတိမျက်လုံးကဲ့သို့မြင်တတ်သောသဘောတရားသည်။ ဥဒပါဒိ၊ ပြီ။) ဉဏံ ဥဒပါဒီတိ၊ ကား။ ဉတင္ဌေန၊ ကြောင့်။ (ဉဏံ၊ သိတတ်သော သဘောတရားသည်။ ဥဒပါဒိ၊ ပြီ။) ပညာဥဒပါဒီတိ၊ ကား။ ပဇာနနင္ဌေန၊ ကြောင့်။ (ပညာ၊ အပြားအားဖြင့်သိတတ်သော သဘောတရားသည်။ ဥဒပါဒိ၊ ပြီ။) ဝိဇ္ဇာဥဒပါဒီတိ၊ ကား။ ပဋိဝေဓင္ဌေန၊ ထိုးထွင်း၍သိတတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်။ (ဝိဇ္ဇာ၊ ထိုးထွင်း၍သိတတ်သောသဘောတရားသည်။ ဥဒပါဒိ၊ ပြီ။) အာလောကောဥဒပါဒီတိ၊ ကား။ ဩဘာသင္ဌေန၊ ကြောင့်။ (အာလောကော၊ အရောင်အလင်းဖြစ်သော သဘောတရားသည်။ ဥဒပါဒိ၊ ပြီ။) စက္ခု၊ စက္ခုဟူသော သဒ္ဒါသည်။ ဓမ္မော၊ ပါဋိဓမ္မတည်း။ ဒဿနင္ဌော၊ မြင်ခြင်းဟူသော သဘောသည်။ (အတ္ထသဒ္ဒါ သဘောအနက်ဟော။) အတ္ထော၊ စက္ခုသဒ္ဒါဖြင့် ပြအပ်သော အနက်တည်း။ ဉဏံ၊ ဉဏဟူသောသဒ္ဒါသည်။ ဓမ္မော၊ ပါဋိဓမ္မတည်း။ ဉတင္ဌော၊ သိတတ်သောသဘောသည်။ အတ္ထော၊ ဉဏသဒ္ဒါဖြင့် ပြအပ်သော အနက်တည်း။ ပညာ၊ ပညာဟူသောသဒ္ဒါသည်။ ဓမ္မော၊ တည်း။ ပဇာနနင္ဌော၊ အပြားအားဖြင့် သိတတ်သော သဘောသည်။ အတ္ထော၊ ပညာသဒ္ဒါဖြင့် ပြအပ်သောအနက်တည်း။ ဝိဇ္ဇာ၊ ဝိဇ္ဇာဟူသော သဒ္ဒါသည်။ ဓမ္မော၊ တည်း။ ပဋိဝေဓင္ဌော၊ ထိုးထွင်း၍သိတတ်သော သဘောသည်။ အတ္ထော၊ ဝိဇ္ဇာသဒ္ဒါဖြင့် ပြအပ်သောအနက်တည်း။ အာလောကော၊ အာလောကော ဟူသောသဒ္ဒါသည်။ ဓမ္မော၊ တည်း။ ဩဘာသင္ဌော၊ အရောင်အလင်းဟူသော သဘောသည်။ အတ္ထော၊ အာလောကသဒ္ဒါဖြင့် ပြအပ်သောအနက်တည်း။]

တ္တေကေဟိ၊ ဤမျှအတိုင်းအရှည်ရှိကုန်သော။ ပဒေဟိ၊ စက္ခုံ ဥဒပါဒိ အစရှိသော ငါးပုဒ်တို့ဖြင့်။ ကိံ၊ အဘယ်ပိဏ္ဍတ္ထကို။ ကထိတံ၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤကားအမေးတည်း။ ဣမသို့ံ၊ ဤဝိညာဉ်ဟူသော အကြောင်းတရားသည်။ သတိ၊ ရှိလတ်သော်။ ဣဒံ၊ ဤနာမ်ရုပ်ဟူသော အကျိုးတရားသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပစ္စယသဉ္ဇာနနမတ္တံ၊ နာမ်ရုပ်စသည်တို့၏ အကြောင်းကို သိတတ်သောဉာဏ်မျှကို။ ကထိတံ၊ ဟောတော်မူအပ်ပြီ။ အထဝါ၊ ထို့ပြင်ဟနည်းကား။ စီထိပဋိပန္ဒာ၊ အကြောင်း

စက္ခု၊ ဓမ္မော။　။စက္ခု၊ ဓမ္မောတိ စက္ခုတိ ပါဋိဓမ္မော၊ ဒဿနင္ဌော အတ္ထောတိ ဒဿနသဘာဝေါ တေန ပကာသေတဗ္ဗော အတ္ထော။ သေသေသုပိ ဧသေဝနယော။-ဋီကာ။

အကျိုးတည်းဟူသောလမ်းကို သွားတတ်သော။ တရားဝိပဿနာ၊ နုသော ဝိပဿနာကို။ ကထိတာ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤကားအဖြေတည်း။

၆၁။ အဓိဂတော ခေါ မျာယန္တိ၊ ကား။ မေ၊ ငါသည်။ အယံ (မဂ္ဂေါ)၊ ဤဝိပဿနာမဂ်ကို။ အဓိဂတော၊ သိအပ် ရအပ်ပြီ။ မဂ္ဂေါတိ၊ ကား။ ဝိပဿနာမဂ္ဂေါ၊ အရိယာမဂ် အစရှိသည်ကို ရှာမှီးတတ်သော ဝိပဿနာတည်းဟူသောမဂ်၊ကို။ (“အဓိဂတော”၌ စပ်။) [အရိယမဂ္ဂါဒီနံ မဂ္ဂနဋ္ဌေန (ရှာမှီးတတ်သည်၏ အဖြစ်ကြောင့်။) မဂ္ဂေါတိ။–ဋီကာ။] ဗောဓာယာတိ၊ ကား။ စတုသစ္စဗုဇ္ဈနတ္ထာယ၊ လေးပါးသောသစ္စာကို သိခြင်းအကျိုးငှာ။ ဝါ၊ တနည်း။ နိဗ္ဗာနဗုဇ္ဈနတ္ထာယဧဝ၊ နိဗ္ဗာန်ကိုသိခြင်း အကျိုးငှာသာ။ (“အဓိဂတော”၌ စပ်။ ဧဝဖြင့် အခြားသစ္စာသုံးပါးကို ကန့်။)အပိစ၊တနည်း ကား။ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိ၊ ထိုသို့သိတတ်သည်၏ အဖြစ်ကြောင့်။ ဗောဓော၊ ဗောဓမည်၏။ ဧတံ၊ ဤ “ဗောဓ”ဟူသော အမည်သည်၊ အရိယမဂ္ဂဿ၊ ၏။ နာမံ၊ တည်း။ တဒတ္ထာယ၊ ထိုသိတတ်သော အရိယာမဂ် အကျိုးငှာ။ (အဓိဂတော၊ ပြီ။) ဣတိပိ၊ ဤအနက်သည်လည်း။ ဝါ၊ ကိုလည်း။ ဝုတ္တံ၊ သည်။ ဝါ၊ သည်။ (ဟောတိ၊ ၏။)

ဟိ၊ မှန်။ (တနည်း) ကသ္မာ၊ ကြောင့်။ တဒတ္ထာယ၊ ထိုသိတတ်သော အရိယာမဂ်အကျိုးငှာ။ (အဓိဂတော၊ ပြီ။) ဣတိပိ၊ သည်လည်း။ ဝါ၊ ကိုလည်း။ ဝုတ္တံ ဟောတိ။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်သနည်း။ ဟိ (ယသ္မာ)၊ကြောင့်။ အရိယမဂ္ဂေါ၊အရိယာမဂ်သည်။ ဝိပဿနာမဂ္ဂမူလကော၊ ဝိပဿနာမဂ်ဟူသော အရင်းခံရှိ၏။ ဣတိ၊ ကြောင့်။ (ထိုသို့ အရိယာမဂ်၏ ဝိပဿနာမဂ်ဟူသော အရင်းခံရှိသည်၏ အဖြစ်ကြောင့်။) တဒတ္ထာယ၊ ငှာ။ (အဓိဂတော၊ ပြီ။) ဣတိပိ၊ ဤအနက်သည်လည်း။ ဝါ၊ကိုလည်း။ ဝုတ္တံ ဟောတိ။ (ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။) ဣဒါနိ၊ ၌။ တံ မဂ္ဂံ၊ ထို ဝိပဿနာမဂ်ကို။ နိယျာတေန္တော၊ အပ်နှင်းလိုသည်၏ အဖြစ်ကြောင့်။(နိဂုံး အုပ်လိုသည်၏ အဖြစ်ကြောင့်။) ယဒိဒံ နာမရူပနိဇ္ဈာတိအာဒိ၊ အစရှိ

အပိစ ဗောဓော။ ။အဋ္ဌကထာ စာအုပ်တို့၌ “ဗောဓိ” ဟု ရှိ၏။ ပါဠိတော်၌ကား ဗောဓေယ ဝယ်“ဗောဓ”ဟုသာရှိ၏။ဗုဇ္ဈတိတိ စတ္တာရိ အရိယသစ္စာနိ ကေပဋိဝေဓေန (တပြိုင်နက် ထိုးထွင်း၍သိခြင်းအားဖြင့်။) ပဋိဝိဇ္ဈတိ၊ တေန ဗောဓသဒ္ဒဿ ကတ္တု၊ သာဓနတ္တာမာဟ (ထို့ကြောင့် ဗောဓသဒ္ဒါ၏ ကတ္တုသာဓနာ၏အဖြစ်ကိုဆိုပြီ။) ဣဒ္ဓိကာ ဖွင့်၌လည်း “ဗောဓ”ဟုပင် ရှိသည်။ ထို့ကြောင့် “ဗုဇ္ဈတိတိ ဗောဓော”ဟု ရှိမှ ပါဠိတော်ဋီကာတို့နှင့်လျော်သည်။

သောပါဠိရပ်ကို။ အာဟာ၊ ဟောတော်မူပြီ။ စ၊ဆက်။ တွေ့၊ ဤ ယဒိဒံ နာမရူပနိဏ္ဍောခ အစရှိသောပါဠိ၌။ ဝိညာဏနိဏ္ဍောခေတိအာဒီဟိ၊ အစရှိကုန်သော။ ပစ္စတ္တပဒေဟိ၊ ပထမာဝိဘတ်၏အနက်ကို ပြသော ပုဒ်တို့ဖြင့်၊ နိဗ္ဗာန မေဝ၊ ကိုသာ။ ကထိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ သို့။ မဟာပုရိသော၊ သည်။ သကလဿ၊ အလုံးစုံသော။ ဝဋ္ဋဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အနိဗ္ဗတ္တိ နိဏ္ဍောခံ၊ မဖြစ်ခြင်းဟူသော ချုပ်ရာကို။ ဝါ၊မဖြစ်ခြင်းဟူသောချုပ်ကြောင်းကို။ အဒ္ဓသ၊ မြင်တော်မူပြီ။

၆၂။ နိဏ္ဍောခေါ နိဏ္ဍောခေတိ ခေါတိ၊ကား။အနိဗ္ဗတ္တိ အနိဗ္ဗတ္တိတိ၊ဟူ၍။ ဝါ၊မဖြစ်ခြင်း မဖြစ်ခြင်းဟူ၍။ (စက္ခု၊ သည်။ ဉဒပါဒိ၊ ပြီ။ စသည်၌စပ်။) စက္ခုန္တိအာဒီနိ၊ စက္ခုံအစရှိသော ပုဒ်တို့သည်။ ဝုတ္တတ္ထာနေဝ၊ ဖွင့်ဆိုအပ်ပြီးသော အနက်ရှိကုန်သည်သာ။ ပန၊ဆက်။ ဣမ၊ ဤ နိဏ္ဍောခဝါရ၌၊ သဗ္ဗေဟေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဧတေဟိ ပဒေဟိ၊ ဤစက္ခုံအစရှိသော ငါးပုဒ်တို့ဖြင့်။ ဣမသ္မိံ၊ဤ စိညာဉ်ဟူသော အကြောင်းတရားသည်၊ အသတိ၊ မရှိလတ်သော်၊ ဣဒံ၊ ဤ နာမ်ရုပ်ဟူသော အကျိုးတရားသည်။ နဟောတိ၊ မဖြစ်တော့။ ဣတိ၊ သို့။ နိဏ္ဍောခသဒ္ဒေနနမတ္တမေဝ၊ နာမ်ရုပ်စသည်တို့၏ချုပ်ခြင်းကို သိတတ်သောဉာဏ်မျှကိုသာ။ ကထိတံ၊ ပြီ။ အထ ဝါ၊ ကား။ ဝုဋ္ဌာနဂါမိနိ၊ သင်္ခါရနိမိတ္တဝဋ္ဋုပဝတ္တမှ ထမြောက်သောမဂ်သို့ ဆောက်ကြောင်းဖြစ်သော၊ ဗလဝဝိပဿနာ၊ အားရှိသောဝိပဿနာကို။ ကထိတာ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။ [ဝုဋ္ဌာနဂါမိနိ၏ အဓိပ္ပါယ်ကို သင်္ဂြိဟ်ဘာသာဋ္ဌီကာ "ဝုဋ္ဌာနဂါမိနိဝိပဿနာအခန်း၌ ဂါထာနှင့်တကွ ပြထားပြီ။]

၆၃။ အပရေန သမယေနာတိ၊ ကား။ ဧဝံ၊ ဤသို့။ ပစ္စယဥ္စ၊ အကြောင်းကိုလည်းကောင်း။ ပစ္စယနိဏ္ဍောခဥ္စ၊ အကြောင်း၏ ချုပ်ခြင်းကိုလည်းကောင်း။ ဝိဒိတ္ဝာ၊ သိပြီး၍။ တတော၊ ထို သိရာအခါမှ၊ အပရဘာဂေ၊ နောက်အဖို၌။ ဥပါဒါနက္ခဏေသူတိ၊ ကား။ ဥပါဒါနဿ၊ ဥပါဒါန်၏။ ပစ္စယဘူတေသု၊

ပစ္စတ္တပဒေဟိ။ပ။ကထိတံ။ ။ပစ္စတ္တပဒေဟိ-ဘိ ပဌမာဝိဘတ္တိဒိပကေတိ ပဒေဟိ နိဗ္ဗာနမေဝ ကထိတံ, ဝိညာဏာဒိ နိရုဇ္ဈတိ ဣတ္ထောတိ ကတ္ဝာ။ ဣတ္ထံကိုကြည့်၍ "ချုပ်ရာ"ဟု အဓိကရဏ အနက်ပေးကြ၏။သို့သော် သီလက္ခန်ကေဝဋ္ဋသုတ် အဆုံး၌ "ဣတ္ထ"ကို "နိမိတ္တေ ဘုမ္မံ ဒဿေတိ"ဟု ဋီကာသစ်ဖွင့်သည်။ အနိဗ္ဗတ္တိနိရောဓန္တိ သဗ္ဗသော ပစ္စယနိရောဓေန (အကြောင်းတို့၏ ချုပ်ခြင်းကြောင့်။) အနုပ္ပါဒနိရောဓံ (တဖန်ဖြစ်ခြင်းမရှိသော ချုပ်ခြင်းကို။) အစ္ဆန္နနိရောဓံ။—ဋီကာ။

အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဥဒယဗ္ဗယာနုပဿီတိ၊ ကား။ ပဌမံ၊ စွာ။ ဒိဋ္ဌံ၊ မြင်အပ်ပြီးသော။ တမေဝ ဥဒယဉ္ဇ၊ ထိုဖြစ်ခြင်းကို လည်းကောင်း။ တမေဝ ဝယဉ္ဇ၊ ထိုပျက်ခြင်းကိုလည်းကောင်း။ အနုပဿ မာနော၊ အဖန်ဖန်ရှုသည်။ (ဟုတွာ၊ ၍။) ဝိဟာသီတိ၊ ကား။ သိခါပတ္တံ၊ အထွတ်အထိပ်သို့ရောက်သော။ ဝုဋ္ဌာနဂါမိနိဝိပဿနံ၊ ကို။ ဝဟန္တော၊ ဆောင် လျက်။ (ဖြစ်စေလျက်။) ပိဟရိ၊ နေတော်မူပြီ။ ဣဒံ၊ ဤ အပရေန သမယေန အစရှိသောစကားကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ မိန့်တော်မူအပ်သနည်း။ ဟိ(ယသ္မာ)၊ ကြောင့်။ သဗ္ဗေယေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ပူရိတ ပါရမိနော၊ ဖြည့်အပ်ပြီးသော ပါရမီရှိတော်မူကြကုန်သော။ ဗောဓိသတ္တာ၊ တို့သည်။ ပစ္ဆိမဘဝေ၊ နောက်ဆုံးဘဝ၌။ ပုတ္တဿ၊ သားတော်၏။ ဇာတဒိဝသေ၊ ဖွားမြင်ရာနေ့၌။ မဟာဘိနိက္ခမနံ၊ မြတ်သော တောသို့ ရှေးရှုထွက်တော်မူခြင်း ကို။ နိက္ခမိတွာ၊ ၍။ ပဗ္ဗဇိတွာ၊ ၍။ ပဓာနံ၊ အားထုတ်ကြောင်း လုံ့လဝီရိယ ကို။ ဝါ၊ ကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇိတွာ၊ အားထုတ်၍။ ဗောဓိပလ္လင်၊ ဗောဓိ ပလ္လင်သို့။ အာရုယှ၊ တက်တော်မူ၍။ မာရဗလံ၊ မာရ်မင်း၏စစ်တပ်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်တော်မူ၍။ ပဌမယာမေ၊ ပထမယံ၌။ ပုဗ္ဗေနိဝါသံ၊ ရှေး၌ နေအပ် ဘူးသော ခန္ဓာအစဉ်ကို။ အနုဿရန္တိ၊ အောက်မေ့တော်မူနိုင်ကုန်၏။

ဒုတိယယာမေ၊ ၌။ ဝါ၊ သန်းခေါင်ယံ၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ် ကို။ ဝိသောဓေန္တိ၊ သုတ်သင်တော်မူကြကုန်၏။ တတိယယာမေ၊ ၌။ ဝါ၊ မိုးသောက်ယံ၌။ ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ သမ္မသိတွာ၊ သုံးသပ်တော် မူ၍။ အာနာပါနစတုတ္ထဇ္ဈာနတော၊ အာနာပါနစတုတ္ထစျာန်မှ။ ဝုဋ္ဌာယ၊ ၍။ ပဉ္ဇသု၊ ကုန်သော။ ခန္ဓေသု၊ လောကီခန္ဓာတို့၌။ အဘိနိဝိသိတွာ၊ နှလုံးသွင်း ၍။ ဥဒယဗ္ဗယဝသေန၊ ဖြစ်ခြင်းပျက်ခြင်း အစွမ်းဖြင့်။ သမပညာသလက္ခဏာနိ၊ အတိအကျ ငါးဆယ်သော လက္ခဏာတို့ကို။ ဒိသွာ၊ ၍။ ယာဝဂေါတြဘုဉ္ဇဏာ၊ ဂေါတြဘုဉ္ဇဏ်တိုင်အောင်။ ဝိပဿနံ၊ ကို။ ဝဓေတွာ၊ တိုးပွားစေ၍။ အရိယ မဂ္ဂေန၊ အရိယမဂ်ဖြင့်။ သကလေ၊ အလုံးစုံကုန်သော။ ဗုဒ္ဓဂုဏေ၊ ဘုရား ဂုဏ်တော်တို့ကို။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကော်မူကြကုန်၏။ အယမ္ပိ မဟာ ပုရိသော၊ ယောကျ်ားမြတ်ဖြစ်သော ဤ ဝိပဿီဘုရားအလောင်းသည်လည်း။ ပူရိတပါရမီ၊ ဖြည့်ကျင့်အပ်ပြီးသော ပါရမီရှိသူဘည်း။ သော၊ ထို ဝိပဿီ ဘုရားအလောင်းသည်။ ယထာဝုတ္တံ၊ အကြင်အကြင် ဆိုအပ်ပြီးသော။ သဗ္ဗံ၊ သော။ အနုက္ကမံ၊ အစဉ်ကို။ ကတွာ၊ ၍။ ပစ္ဆိမယာမေ၊ ၌။ အာနာပါန စတုတ္ထဇ္ဈာနတော၊ မှ။ ဝုဋ္ဌာယ၊ ၍၊ ပဉ္ဇသု၊ ကုန်သော။ ခန္ဓေသု၊ တို့၌။ အဘိ နိဝိသိတွာ၊ ၍။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဥဒယဗ္ဗယ

ဝိပဿနံ၊ဖြစ်ခြင်း ပျက်ခြင်းကို အထူးအားဖြင့် ရှုဘတ်သော ဝိပဿနာဉာဏ်ကို။ အာရဘိ၊ အားထုတ်တော်မူပြီ။ တံ၊ ထို ဝိပဿနာဉာဏ်ကို။ ဒဿေတုံ၊ ငှာ။ ဣဒံ၊ ဤ အပရေန သမယေန အစရှိသောစကားကို၊ ဝုတ္တံ၊ ပြီ။

တတ္ထ၊ ထို အပရေန သမယေန အစရှိသောပါဠိ၌။ ဣတိ ရူပန္တိ၊ ကား။ ဣဒံ၊ ဤ ရူပနလက္ခဏာရှိသော သဘောတရားသည်။ ရူပံ၊ ရုပ်တည်း။ ရူပံ၊ ရုပ်သည်။ ဧတ္တကံ၊ ဤဘူတရုပ် ဥပါဒါရုပ်အတိုင်းအရှည်ရှိ၏။ ဣဓတော၊ ဤဘူတရုပ်ဥပါဒါရုပ်ထက်။ ဥဒ္ဓံ၊ အလွန်။ ရူပံ၊ရုပ်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ရူပနသဘာဝဥ္စဝ၊ ဖောက်ပြန်ခြင်း သဘောကိုလည်းကောင်း။ ဘူတုပါဒါယဘေဒဥ္စ၊ ဘူတရုပ် ဥပါဒါရုပ်အပြားကိုလည်းကောင်း။ အာဒိ ကတ္တာ၊ အစပြု၍။ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန၊ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အပြားအားဖြင့်။ အနဝသေသရူပပရိဂ္ဂဟော၊ အကြွင်းမရှိသော ရုပ်ကို သိမ်းဆည်းကြောင်းဉာဏ်ကို။ စုတ္တော၊ ပြီ။ ဣတိ ရူပဿ သမုဒယော တိ ဣမိနာ၊ ဤပါဋ္ဌဖြင့်။ ဧဝံ၊ ဤသို့။ ပရိဂ္ဂဟိတဿ၊ သိမ်းဆည်းအပ်ပြီးသော။ ရူပဿ၊ ရုပ်၏။ သမုဒယဒဿနံ၊ ဖြစ်ခြင်းကို ရှုမြင်ပုံကို။ ဝါ၊ဖြစ်ခြင်းကိုရှုဘတ်သော ဉာဏ်ကို။ ဝုတ္တံ၊ ပြီ။ တတ္ထ၊ ထို ဣတိ ရူပဿ သမုဒယော ဟူသောပါဋ္ဌ၌။ ဧဝံ၊ ဤသို့။ သမုဒယော၊သည်။ ဝါ၊ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ်သော် ဖြစ်ကြောင်းသည်။ ဟောတိ၊ ၏။ ဣတိအတ္ထော၊ နာက်။

တဿ၊ ထိုသမုဒယ၏။ ဝိတ္ထာရော၊ အကျယ်ကို။ (ဓဝဒိတဗ္ဗော-၌စပ်။) အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်၏ ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) တဏှာသမုဒယာ၊ ကြောင့်။ ရူပသမုဒယော၊ သည်။ (ဟောတိ။) ကမ္မသမုဒယာ၊ ကြောင့်။ ရူပသမုဒယော၊သည်။(ဟောတိ။) အာဟာရသမုဒယာ၊ ကြောင့်။ ရူပသမုဒယော၊ သည်။ (ဟောတိ။) ဣတိ၊ ဤသို့။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာကို။ ပဿန္တော၊ မြင်သော်လည်း။ ရူပက္ခန္ဓဿ၊ ရုပ်အစု၏။ ဥဒယံ ဖြစ်ခြင်းကို။ ပဿတိ၊ မြင်၏။ ဣတိ၊ ဤသို့။ ဧဝံ၊ ဤသို့။ ဓဝဒိတဗ္ဗော၊ သိသင့်သော်

လည်း။ ရူပကွန္ဓသ၊ ၏။ နိရောဓံ၊ ချုပ်ခြင်းကို။ ပဿတိ၊ မြင်၏။ ဣတိ အယံ၊ ဤသည်ကား။ အသ၊ ထိုချုပ်ခြင်း၏။ ဝိတ္ထာရော၊ အကျယ်တည်း။

ဣတိ ဝေဒနာတိ အာဒီသု ပိ၊ အစရှိသော ပါဠိတို့၌လည်း။ (အတ္ထော ဝေံ ဝေဒိတဗ္ဗော။) အယံ၊ ဤ ဝေဒယိတလက္ခဏာရှိသော သဘောတရားသည်။ ဝေဒနာ၊ တည်း။ ဝေဒနာ၊ သည်။ ဧတ္တကာ၊ ဤ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာအတိုင်းအရှည်ရှိ၏။ ဣတော၊ ဤ သုခ ဒုက္ခ ဥပေက္ခာဝေဒနာထက်။ ဥဒ္ဓံ၊ အလွန်။ ဝေဒနာ၊ သည်။ နတ္ထိ။ အယံ၊ ဤ သဥ္ဇာနနလက္ခဏာရှိသော သဘောတရားသည်။သညာ၊တည်း။သညာ၊သည်။ဧတ္တကာ၊ ဤ ရူပသညာအစရှိသောအားဖြင့် ခြောက်ပါးအတိုင်းအရှည်ရှိ၏။ဣတော၊ ဤ ရူပသညာအစရှိသောခြောက်ပါးထက်။ ဥဒ္ဓံ၊ သညာ သည်။နတ္ထိ။ ဣမေ၊ ဤအဘိသင်္ခရဏလက္ခဏာရှိသောသဘောတရားတို့သည်။ သင်္ခါရာ၊ တို့တည်း။ သင်္ခါရာ၊ တို့သည်။ ဧတ္တကာ၊ ဤဖဿအစရှိသော ငါးဆယ်အတိုင်းအရှည်ရှိကုန်၏။ ဣတော၊ ဤ ဖဿအစရှိသောငါးဆယ်ထက်။ ဥဒ္ဓံ၊ သင်္ခါရာတို့သည်။နတ္ထိ၊ကုန်။ ဣဒံ၊ဤ ဝိဇာနနလက္ခဏာရှိသောသဘောတရားသည်။ ဝိညာဏံ၊တည်း။ ဝိညာဏံ၊သည်။ ဧတ္တကံ၊ ဤစက္ခုဝိညာဉ် အစရှိသော ၆-ပါးသော လောကီဝိညာဉ် အတိုင်းအရှည်ရှိ၏။ ဣတော၊ ဤစက္ခုဝိညာဉ် အစရှိသော ၆-ပါးသော လောကီဝိညာဉ်ထက်။ ဥဒ္ဓံ၊ ဝိညာဏံ၊ သည်။ နတ္ထိ။ ဣတိ၊ ဤသို့။ ဝေဒယိတ သဥ္ဇာနန အဘိသင်္ခရဏ ဝိဇာနနသဘာဝဥေ္ဇဝ၊ ဝေဒယိတ သဘော သဥ္ဇာနန သဘော အဘိသင်္ခရဏသဘော ဝိဇာနနသဘောကိုလည်းကောင်း။ သုခါဒိ ရူပသညာဒိဖဿာဒိစက္ခုဝိညာဏာဒိဘေဒဥ၊ သုခအစရှိသောအပြား ရူပ သညာ အစရှိသောအပြား ဖဿအစရှိသော အပြား စက္ခုဝိညာဉ် အစရှိသော အပြားကိုလည်းကောင်း။ အာဒိံ ကတွာ၊ အစပြု၍။လက္ခဏ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန၊ တို့၏ အပြားအားဖြင့်။ အနဝသေသဝေဒနာ သညာ သင်္ခါရ ဝိညာဏပရိဂ္ဂဟော၊ အကြွင်းမရှိသော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို သိမ်းဆည်းကြောင်းဉာဏ်ကို။ ဝုတ္တော၊ ပြီ။

ပန၊ ကား။ ဣတိ ဝေဒနာယ သမုဒယောတိ အာဒီဟိ၊ အစရှိသောပုဒ်တို့ဖြင့်။ ဧဝံ၊ ဤသို့။ ပရိဂ္ဂဟိတာနံ၊ သိမ်းဆည်းအပ်ပြီးကုန်သော။ ဝေဒနာ

စက္ခုဝိညာဏာဒိဘေဒံ။ ။အာဒိဖြင့် သောတဝိညာဉ်အစ မနောဝိညာဉ် တိုင်အောင် ငါးပါးကိုယူပါ။ ထိုဝိညာဉ်များလည်း ဝိပဿနာဉာဏ်၏ အာရုံဖြစ်သောကြောင့် လောကီဝိညာဉ်ကိုသာ ယူရသည်။ ဝေဒနာစသည်၌လည်း လောကိဝေဒနာစသည်ပင်တည်း။ [စက္ခုဝိညာဏာဒီနန္တိ အာဒိသဒ္ဒေန သဗ္ဗေသံ လောကိယဝိညာဏာနံ သင်္ဂဟော၊ ယထာစဝိညာဏေ၊ ဧသနယော ဝေဒနာဒီသုပိ။-ဋီကာ။]

သညာသခ်ါရဝိညာဏာနံ၊ တို့၏။ သမုဒယဒဿနံ၊ ဖြစ်ခြင်းကို ရှုမြင်ပုံကို။ ဝါ၊ ဖြစ်ခြင်းကို ရှုမြင်တတ်သောဉာဏ်ကို။ ဝုတ္တံ၊ ပြီ။ တတြာပိ၊ ထို ဣတိ ဝေဒနာယ သမုဒယော အစရှိသောပါဠ်၌လည်း။ ဣတိတိ၊ ဣတိဟူသော ပါဠ်၏။ဧဝံ၊ ဤသို့။ သမုဒယော၊ ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဖြစ်ကြောင်းသည်။ ဟောတိ၊ ၏။ဣတိအတ္ထော၊ ကို။ (ဒဋ္ဌဗ္ဗော၊ ၏။) တေသမိ၊ ထို ဣတိ ဝေဒနာယ သမုဒယော အစရှိသော ပါဠ်တို့၏လည်း။ ဝိတ္ထာရော၊ ကို။ အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယောတိ၊ ဟူ၍။ ရူပေ၊ ရုပ်၌။ ဝုတ္ထနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာ။ ဝေဒိတဗ္ဗော၊ ၏။

ပန၊ အထူးကား။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ ဝိသေသော၊ အထူးတည်း။ တီသု၊ ကုန်သော။ ခန္ဓေသု၊ စေတသိက်ခန္ဓာတို့၌။ အာဟာရ သမုဒယာတိ၊ ဟူ၍။ အဝတ္ဌာ၊ မဆိုမူ၍။ ဖဿ သမုဒယာတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုရာ၏။ ဝိညာဏက္ခန္ဓေ၊ ၌။ နာမရူပသမုဒယာတိ၊ ဟူ၍။ (ဝတ္တဗ္ဗံ၊ ၏။) အတ္ထဂ်မပဒမိ၊ အတ္ထဂ်မပုဒ်ကိုလည်း။ တေသံယေဝ၊ ထို ဖဿအစရှိသော ပုဒ်တို့၏သာလျှင်။ ဝသေန၊ စပ်သဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်စေရာ၏။ အယံ၊ ဤဆိုအပ်ပြီးကား။ ဧတ္ထ၊ ဤသုမဂ်လ ဝိလာသိနီမည်သော ဒီဃနိကာယ် အဋ္ဌကထာ၌။ သခေ်ပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရော ပန၊ အကျယ်ကိုကား။ သဗ္ဗာကာရပရိပူရော၊အလုံးစုံသော အခြင်းအရာတို့ဖြင့် ပြည့်သော။ ဥဒယဗ္ဗယ ဝိနိစ္ဆယော၊ ဥဒယဗ္ဗယ အဆုံးအဖြတ်ကို။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ (မယာ၊ သည်။) ဝုတ္တော၊ ပြီ။

တဿ ပဥ္ဇသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿိနော ဝိဟရတောတိ၊ ကား။ဝိပဿိဿ၊မည်သော။တဿဗောဓိသတ္တဿ၊၏။(စိတ္တံ-၌စပ်။)(တနည်း) တဿဗောဓိသတ္တဿ၊ သည်။ (ဝိဟရတော-၌စပ်။) ရူပါဒီသု၊ ရူပက္ခန္ဓာအစရှိကုန်သော။ ပဥ္ဇသု၊ ကုန်သော။ ဣမေသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။ သမ ပညာသလက္ခဏဝသေန၊ အတိကျငါးဆယ်သော လက္ခဏာတို့၏အပြားအား ဖြင့်။ ဥဒယဗ္ဗယာနုပဿိနော၊ ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတော၊ နေလတ်သော်။ ယထာနုက္ကမေန၊ အကြင်အကြင်အစဉ်အားဖြင့်။ ဝိပဿနာဉာဏေ၊ ဝိပဿနာဉာဏ်ကို၊ ဝစိုတေ၊ တိုးပွါးစေအပ်ပြီးသော်။ အနုပ္ပါဒနိရောဓေန၊ နောင်တဖန်ဖြစ်ခြင်းမရှိသော ချုပ်ခြင်းအားဖြင့်။ နိရုဇ္ဈမာနေဟိ၊ ချုပ်ကုန်သော၊ အာသဝသခ်ါတေဟိ၊ အာသဝေါဟု ဆိုအပ်ကုန်သော။ ကိလေသေဟိ၊ တို့မှ။ အနုပါဒါယ၊ မယူမူ၍။ အဂ္ဂဟေတွာဝ၊ ထို ကိလေသာတို့ကို အနည်းငယ်မျှမယူမူ၍။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်

၏။[အဂ္ဂဟေတ္ဝာတိ တေသံ ကိလေသာနံ လေသမတ္တမ္ပိ အဂ္ဂဟေတ္ဝာ။ စိတ်မယူမူ၍ ၊]တဒေတံ(တံ ဧတံ)၊ ထိုစိတ်သည်။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ဝိမုစ္စတိ နာမ၊ လွတ်ဆဲမည်၏။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ ဝိမုတ္တံ နာမ၊ လွတ်ပြီးမည်၏။ ဝါ၊ တနည်း။ မဂ္ဂက္ခဏေ၊ ၌။ ဝိမုတ္တဥေဝ၊ အောက်မဂ်တို့ဖြင့် ပယ်သောကိလေသာတို့မှ လွတ်ပြီးလည်းဟုတ်၏။ ဝိမုစ္စတိ စ၊ မိမိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့မှ လွတ်ဆဲလည်းဟုတ်၏။ ဖလက္ခဏေ၊ ၌၊ ဝိမုတ္တမေဝ၊ လွတ်ပြီးသာတည်း။

စ၊ ဆက်။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ မဟာပုရိသော၊ သည်။ သဗ္ဗဗန္ဓနာ၊ အလုံးစုံသောသြရမ္ဘာဂိယသံယောဇဉ်, ဥဒ္ဓံဘာဂိယသံယောဇဉ်ဟူသော အနှောင်အဖွဲ့မှ။ ဝိပ္ပမုတ္တော၊ အထူးအားဖြင့် လွတ်တော် မူပြီးသည်။ (ဟုတ္ဝာ။) သူရိယရသ္မိသမ္ဖုဋ္ဌံ၊ နေရောင်ခြည်ဖြင့် ကောင်းစွာ တွေ့ထိအပ်သော။ ပဒုမံ ဣဝ။ ပဒုမ္မာကြာပန်းသည် ကဲ့သို့။ သုဝိကသိတစိတ္တသန္တာနော၊ ကောင်းစွာ ပွင့်လင်းသော စိတ်အစဉ်ရှိတော်မူသည်။ (ဟုတ္ဝာ။) စတ္တာရိ၊ ကုန်သော။ မဂ္ဂဉာဏာနိ၊ မဂ်ဉာဏ်တို့ကိုလည်းကောင်း။ စတ္တာရိ၊ ကုန်သော၊ ဖလဉာဏာနိ၊ တို့ကိုလည်းကောင်း။ စတသော၊ ကုန်သော။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါဉာဏ်တို့ကိုလည်းကောင်း။ စတုယောနိပရိစ္ဆေဒကဉာဏံ၊ လေးပါးသော ယောနိတို့ကို ပိုင်းဖြတ်တတ်သော ဉာဏ်ကိုလည်းကောင်း။ ပဥ္ဇဂတိပရိစ္ဆေဒကဉာဏံ၊ ငါးပါးသော ဂတိတို့ကို ပိုင်းဖြတ်တတ်သော ဉာဏ်ကိုလည်းကောင်း။ ဆ၊ ကုန်သော၊ အသာဓာရဏဉာဏာနိ၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် ဆက်ဆံခြင်းမရှိသော ဉာဏ်တို့ကိုလည်းကောင်း။ သကလေ၊ အလုံးစုံကုန်သော။ ဗုဒ္ဓဂုဏေစ၊ဘုရားဂုဏ်တော်တို့ကိုလည်းကောင်း။ (အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ အစရှိသော တဆယ့်ရှစ်ပါးသော အာဝေဏိက ဂုဏ်တော်တို့ကိုလည်းကောင်း။) ဟတ္ထဂတေ၊ လက်၌ရောက်သည်တို့ကို။ ကတ္ဝာ၊ ၍။ ပရိပုဏ္ဏသက်ပွေါ၊ပြည့်သော အကြုံရှိတော်မူသည်။(ဟုတ္ဝာ။)ဗောဓိပလ္လင်္ကေ၊ ၌။ နိသိန္နောဝ၊ တိုင်တော်မူလျက်သာ။ (ဝိရောစိတ္ထ-၌စပ်။)

မဂ္ဂက္ခဏေ ဝါ။ ။သောတာပတ္တိမဂ်သည် ဝိမုစ္စတိတမျိုးသာရ၏။ သကဒါဂါမိမဂ်ခဏ၌ သောတာပတ္တိမဂ်ပယ်အပ်သော ကိလေသာတို့မှ လွတ်ပြီးဖြစ်၍ ဝိမုတ္တလည်းဟုတ်၏။ မိမိပယ်ထိုက်သော ကိလေသာတို့မှ ကာမရာဂ ဗျာပါဒတို့ကို နည်းပါးအောင်ပယ်သောအားဖြင့် လွတ်ဆဲဝိမုစ္စတိလည်း ဟုတ်၏။ အနာဂမိမဂ် အရဟတ္တမဂ်ကို၌လည်း ဝိမုတ္တ ဝိမုစ္စတိ နှစ်မျိုးလုံးရသည်။ [မဂ္ဂက္ခဏေဝါ ဥပရိမဂ္ဂက္ခဏေ ဟေဋ္ဌိမမဂ္ဂဝဇ္ဈေဟိ ဝိမုတ္တဥေဝ ယထာသကံ ပဟာတဗ္ဗေဟိ ဝိမုစ္စတိစ။—စ္ဌီကာ။]

[ဂါထာနက်။] (ယသွာ၊ အကြင့်ကြောင့်။) ဇာတိ၊ ပဋိသန္ဓေတည်နေရခြင်းသည်။ဇရာဗျာဓိမရဏမိဿတာယ၊ အို နာ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍နေသည်၏ အဖြစ်ကြောင့်။)ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ (ဥပဂန္တုံ၊ ကပ်ရောက်ရခြင်းငှာ။) ဒုက္ခာ၊ ဆင်းရဲလှချေ၏။ (တသွာ စ၊ ထို့ကြောင့်လည်းကောင်း။ တသွိံ၊ ထိုတဏှာယောကျိုး လက်သမားကို။ အဒိဋ္ဌေ၊ ဉာဏ်ဖြင့်ထင်ထင် မတွေ့မြင်အပ်သေးသည်ရှိသော်။သာဇာတိ၊ ထိုဇာတိသည်။ နနိဝတ္တတိ၊ ဆုတ်နစ်မည်မဟုတ်။ တသွာ စ၊ကြောင့်လည်းကောင်း။)ဂဟကာရံ၊ခန္ဓာအိမ်ကို အကြိမ်ကြိမ်အဖန်ဖန် စီမံတတ်သော တဏှာယောကျိုး လက်သမားကို။ ဂဝေသန္တော၊ မရမနေ ရှာဖွေသော။ (အဟံ၊ သည်။) အနိဗ္ဗိသံ၊တဏှာမြင်ရန် သဗ္ဗညာဏ်ကို ကေန်ပိုင်ပိုင် မရနိုင်သေးသည်။ (ဟုတ္ဒာ၊၍။ ဝါ၊ ကြောင့်။ တွေကံ ကာလံ၊ ဤမျှလောက်သော လေးအသခ်ျေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး။) အနေကဇာတိသံသာရံ၊အသိန်းမက ဘဝများစွာ သံသရာစက်ဝိုင်းကို။ သန္ဓာဝိဿံ၊ ဆုံဝယ်ကပ်နွားရဟတ်ချားသို့ ပြေးသွားကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ်အဖန်ဖန် စီမံတတ်သော တဏှာယောကျိုး ဟဲ့....လက်သမား။ (ဒါနိ၊ သဗ္ဗညုတဉာဏ်ကို ရပြီးရာ ယခုအခါ၌။ တွံ၊ သင်သည်။ ဝါ၊ ကို။) ဒိဋ္ဌော၊ ဉာဏ်ဖြင့်ထင်ထင် တွေ့မြင်အပ်ပြီးသည်။ အသိ၊ ဖြစ်၏။ ပုန၊ တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ နကာဟသိ၊ ပြုလုပ်ရတော့မည် မဟုတ်။ တေ၊၏။ သဗ္ဗာ၊ ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေသာအခြင်ရနယ်တို့ကို။ ဘဂ္ဂါ၊ မှုန့်မှုန့်ညက်ညက် ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋ္ဌံ၊ ခန္ဓာအိမ်၏ အဝိဇ္ဇာအထွတ်ကို။ ဝိသခ်တံ၊ ဖျက်ဆီးအပ်ပြီ။ စိတ္တံ၊ ငါ၏စိတ်သည်။ ဝိသခ်ါရဂတံ၊ သခ်ါရကင်းမြုံ နိဗ္ဗာန်ဘုံသို့အာရုံပြုသော အားဖြင့် ရောက်ပြီ။(အဟဉ္စ၊ ငါသည်လည်း။)တဏှာနံ၊ သင်တဏှာတို့၏။ ခယံ၊ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ရပြီ။(တနည်း)ဝိသခ်ါရဂတံ၊ သခ်ါရကင်းမြုံနိဗ္ဗာန်ဘုံသို့အာရုံပြုသောအားဖြင့်ရောက်သော။စိတ္တံ၊ သည်။ တဏှာနံ၊တို့၏။ ခယံ၊ ကို။ အဇ္ဈဂါ၊ ပြီ။ ဣတိ၊ သို့လည်းကောင်။ (မနသိကရောန္တော၌စပ်။)[ဤဂါထာ၏အဓိပ္ပါယ် ပါရာဇိကဏ် ဘာသာဋီကာ၌ပြခဲ့ပြီ။]

အယောဃဲနဟတဿ၊ ပန်းပဲသမား‌တို့၏ သံတူ သံတင်းပုတ်ဖြင့် ထုရိုက်အပ်သော မီးရဲရဲညိုနေသော သံကိုရိယာ၏။ [၉၀ သဒ္ဒါ စတ္ထ နိပါတမတ္တံ။] ဇလတော၊ တောက်ပသော။ ဇာတဝေဒသော၊ မီး၏။ ဝါ၊ သည်။ [သက္ကတ၌ ''ဇာတဝေဒသ်'' ဟု မနောဂိုဏ်း ဆန်ဆန် ရှိသောကြောင့် သဝ်ဘတ်ကို သြပြု သအက္ခရာလာ၍ ''ဇာတဝေဒသော'' ဟု ရှိသည်။] အနုပုဗ္ဗုပသန္တဿ၊ အစဉ်အတိုင်း ငြိမ်းလတ်သော်။ ဂတိ၊ သွားရာအရပ်ကို။ နဉာယတေ ယထာ၊ မသိအပ်သကဲ့သို့။ [သွားရာအရပ်ပင်မရှိ။]

၉၀၊ ဤအတူ။ သမ္မာ၊ သမထ ဝိပဿနာ ဘာဝနာကို ကောင်းစွာ ကြိုးစား သင့်သောအကြောင်းအား‌ဖြင့်။ ဝိမုတ္တာနံ၊ တဒင်္ဂဝိက္ခမ္ဘန ဿဿဝိမုတ္တိတို့ဖြင့် လေးပါးသော ဥပါဒါန်တို့မှ လွတ်ပြီးကုန်သော။ ဝ၊ လေးပါးသော အာသဝေါတို့မှ လွတ်ပြီးကုန်သော။ ကာမဗန္ဓဿ၊ ကာမအနှောင်အဖွဲ့ဟူသော ကာမောဃ ဘဝေါဃနှင့်တကွ ကြွင်းသောသြဃတို့မှ လွန်မြောက်တော်မူပြီးကုန်သော။ အစလံ၊ ကိလေသာဘိသင်္ခါရတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော။ သုခံ၊ နိဗ္ဗာန‌ဓာတ် ချမ်းသာမြတ်သို့။ ပတ္တာနံ၊ ရကုန်ရောက်ကုန်သော ရဟန္တာအရှင်မြတ်တို့၏။ ဂတိ၊ ရောက်အပ်သော ဘဝကို။ ပညာပေတုံ၊ မည်သည့်ဘဝဟု နာမည်တပ်၍ ပညတ်ခြင်းငှာ။ နတ္ထိ (န ဥပလဗ္ဘတိ၊) မရအပ်မရနိုင်တော့ချေ။ ဣတိ၊ သို့လည်းကောင်း။

အယောဃနဿ။ပ။ဂတိ။ ။ပန်းပဲသမား‌တို့သည် သံကိုရိယာတခုကို မီးထဲ၌ ထည့်ပြီးနောက် သံကိုရိယာတခုလုံး မီးရဲလာသောအခါ ထိုမီးမှ ဆယ်ယူ၍ သံဟူစသည်ဖြင့် ထုရိုက်သည်ရှိသော် ထို သံကိုရိယာမှ မီးတောက်သည် ထွက်သွား၏။ ထိုသို့ထွက်သွားပြီးနောက် ပျောက်ပြေးပြေး မီးငြိမ်းသည်ရှိသော် မီးသည် မည်သည့်အရပ်သို့ ရောက်သွားလေ‌ပြီ ရောက်ရာအရပ်ကို နာမည်တပ်၍မရ ထိုနေရာဒေသပင် ချုပ်ငြိမ်းသကဲ့သို့။

ဋီကာ။ ။ဇုဒံ ဝုတ္တံဟောတိ၊ အယမုဋ္ဌဂ္ဂဒါဒိနာ ဟတတ္တာ အယောဃနေန်ဟတဿ ပဟတဿ အယောဂတဿ၊ (ထို သံကိုရိယာ၌တည်သော။) ကံသဘာဇနာဒိဂတဿဝါ (တနည်း–မီးရဲနေသော သံခွက်အစရှိသည်၌တည်သော လွင့်ထွက်မသွားပဲ ထို သံကိုရိယာ၌တည်သော။) အဂ္ဂိဿ အနုက္ကမေန ဥပသန္တဿ (ချက်ချင်းမငြိမ်းသေးပဲ တဖြည်းဖြည်းငြိမ်းလတ်သော်။) ဒဿသု ဒိသာသု နကတ္ထစိ ဂတိ ပညာယတိ။]

ဧဝံ။ပ။သုခံ။ ။ဤအတူ သမထ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးစားခြင်းဟူသောသင့်သောအကြောင်းဖြင့် ကမ္မဋ္ဌာန်းစ၍ အားထုတ်လျှင်ပင် တဒင်္ဂဝိမုတ္တိဖြင့် ကိလေ

ဝေံ၊ ဤသို့။ မနသိ၊ စိတ်၌။ ကရောန္တော၊ ပြုတော်မူသော မြတ်စွာ ဘုရားသည်။ (တနည်း) မနသိ ကရောန္တော၊ နှလုံးသွင်းတော်မူသော မြတ်စွာ ဘုရားသည်။ သရဒေ၊ သရဒဥတုအခါ၌။ သူရိယောဝိယ၊ နေမင်းသည် ကဲ့သို့လည်းကောင်း။ ပုဏ္ဏစန္ဒော ဝိယ စ၊ လပြည့်ဝန်းသည် ကဲ့သို့လည်း ကောင်း။ ဝိရောစိတ္ထ၊ လွန်စွာသပွါယ် တင့်တယ်တော် မူပေသည်တကား။ ဣတိ၊ အပြီးတည်း။

ဒုတိယဘာဏဝါရကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

ဗြဟ္မယာစနကထာအဖွင့်

၆၄။ တတိဇဘာဏဝါရေ၊ ၌။ ယံနူနာဟံ ဓမ္မံ ဒေသေယျန္တိ၊ ကား။ အဟံ၊ သည်။ ဓမ္မံ၊ ဤကို။ ယဒိ ပန ဒေသေယျံ၊ အကယ်၍ဟောရမူကား ကောင်းလေစွ။[ယံနူနပုဒ်၏အဖွင့်ကို ပါရာဇိကဏ်ဘာသာဋ္ဌီကာ ဗာဟိရနိဒါန်း ၌ ပြခဲ့ပြီ။] ပန၊ ပရိဟာရပက္ခမှ တပါး စောဒကပက္ခကို ဆိုဦးအံ့။ အယံ ဝိတက္ကော၊ ဤအကြံတော်သည်။ ကဒါ၊ အဘယ်အခါ၌။ ဥပ္ပန္နော၊ ဖြစ် တော်မူသနည်း။ ဣတိ၊ ဤကား အမေးတည်း။ ဗုဒ္ဓဘူတဿ၊ ဘုရားအဖြစ် သို့ ရောက်ပြီးသည် ဖြစ်၍။ အဌမေ၊ ရှစ်ကြိမ်မြောက်ဖြစ်သော။ သတ္တာဟေ၊ သတ္တာဟ၌။ (ဥပ္ပန္နော၊ ပြီ။ ဣတိ၊ ဤကား အဖြေ။) ကိရ၊ ခဲ့။ သော၊ ထို ဝိပဿီဘုရားအလောင်းသည်။ ဗုဒ္ဓေါ၊ သည်။ ဟုတ္ဘာ၊ ဖြစ်ပြီး၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဗောဓိပလ္လင်္ကေ၊ ၌။ နိသီဒိ၊ ထိုင်တော်မူပြီ။ သတ္တာဟံ၊ လုံး။ ဗောဓိပလ္လင်္ကံ၊ ကို။ သြလောကေန္တော၊ ကြည့်တော်မူ

သာတို့မှ လွတ်၏။ ဈာန်ရသောအခါ ဝိက္ခမ္ဘနဝိမုတ္တိဖြင့် ကိလေသာတို့မှလွတ်၏။ ထို ဝိမုတ္တိနှစ်ပါး ရှေသွားရှိသော မဂ်ရသောအခါ သမုစ္ဆေဒ ဝိမုတ္တိဖြင့် ကိလေသာ ဥပါဒါန်တို့မှ လွတ်၏။ ထိုသို့လွတ်သည်ဖြစ်၍ ကာမအနှောင်အဖွဲ့ တည်းဟူသော ကာမောဃ ဘဝေါဃကိုလည်းကောင်း၊ ကြွင်းသော ဒိဋ္ဌောဃ အဝိဇ္ဇောဃကိုလည်း ကောင်း ဤသို့သြဃလေးဖြာ သံသရာရေအလျဉ်ကို ကူးမြောက်ပြီးဖြစ်၍ အစလဖြစ်သော နိဗ္ဗာနသုခသို့ ရောက်ကြကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်စံသောအခါ"မည် သည့်ဂတိသို့ ရောက်ကြလေ၏"ဟု နာမည်တပ်၍ပညတ်ဖို့ရန် မရနိုင်တော့။ဆိုလိုရင်း ကား"ဘဝအသစ်ဖြစ်ဖို့ရန် ဂတိမရှိတော့ပြီ"ဟူလို။ ဤသို့ ငြိမ်းသွားသော်လည်း အရိ ယာဖြစ်စဉ်က သိအပ် ရအပ်ခဲ့သော နိရောဓသစ္စာ အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ် ကား ထိုရဟန္တာပုဂ္ဂိုလ်၏ အဆက်အသွယ် အဖြစ်ဖြင့် မပြတ်မစဲ အမြဲတည်ရစ်ပါ သတည်း။

လျက်။ အဋ္ဌာသိ၊ ရပ်တော်မူပြီ။ သတ္တာဟံ၊ လုံး။ ရတနစက်မေ၊ ရတနာ စက်ြံ၌။ စက်မိ၊ စက်ြံကြွတော်မူပြီ။ သတ္တာဟံ၊ လုံး။ ရတနဂဗ္ဘေ၊ ရတနာ တိုက်ခန်း၌။ ဓမ္မံ၊ အဘိဓမ္မာတရားတော်ကို။ ဝိစိနန္တော၊ စဉ်းစားဆင်ခြင် တော်မူလျက်။ နိသီဒိ၊ ပြီ။ သတ္တာဟံ၊ လုံး။ အဇပါလနိဂြောဓေ၊အဇပါလ ပညောင်ပင်၏ အနီးအောက်၌။နိသီဒိ၊ ပြီ။ [ယခုဘုရားလက်ထက်တော်၌"အဇ ပါလနိဂြောဓ"ဟု ခေါ်၏။ ဝိပဿီဘုရားလက်ထက်တော်၌ကား ထိုအတိုင်း ဟုတ်မဟုတ် မသေချာ။ ထိုကြောင့်"အဇပါလပညောင်ပင်နှင့် တူသောသစ်ပင် ၌"ဟု ဆရာတို့ပေးတော်မူကြသည်။နောက်၌လည်း နည်းတူ။]

ဝေံ သေသဗုဒ္ဓါနမ္ပိ။ ။ဤသို့ ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့၏ ဖြစ်ပုံအစဉ်ကို အပိုင်း အပြတ်မရှိပဲ အပြည့်အစုံ ဟောရာဖြစ်သောကြောင့် ဤသုတ်ကို "မဟာပဒါနသုတ်" ဟု ခေါ်ရသည်။ ဝိပဿီဘုရား၏ သာဝကတို့သည် ဤဘုရား လက်ထက်တော်တိုင်အောင် သုဒ္ဓါဝါသ ဗြဟ္မာပြည်၌ ရှိကြသောကြောင့် အာဋာနာဋိယသုတ်ကို ဟောတော်မူသောအခါ ထို သာဝကများလည်း နှစ်သက်အောင် "ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော" စသည်ဖြင့် ဘုရားခုနစ်ဆူ တို့အား ရှိခိုးပုံကို စတုမဟာရာဇ်နတ်မင်းများ ပြကြသည်။

အစရှိသော ဘုရားရှင်တို့၏လည်း။ သာသနေ၊ ၌။ ဝုတ္ထဗြဟ္မစရိယာ၊ ရှိကုန်သော။ ဒေဝတာ၊ တို့သည်။ အာရောစယိ်သု၊ လျှောက်ကြကုန်ပြီ။ ပန၊ ထိုသို့ အခြားသော မြတ်စွာဘုရားတို့၏ သာဝက သုဒ္ဓါဝါသ ဗြဟ္မာတို့ လျှောက်ကြပါကုန်သော်လည်း။ပါဠို၊ ပါဠိတော်သည်။ ဝိပဿိသ္သ၊ သော။ (ဘဂဝတော)စေဝ၊ ၏လည်းကောင်း။ အမှာကံ၊ တို့၏။ ဘဂဝတောစ၊ ၏လည်းကောင်း။ ဝသေန၊ စပ်သဖြင့်။ အာဂတာ၊ လာပြီ။

တတ္ထ၊ ထို ပါဠိုရပ်၌။ (ဟနည်း) ထို အဝိဟာအစရှိသော ပုဒ်တို့၌။ (အတ္ထော ဇေံ ဝေဒိတဗ္ဗော။) (ယေ၊ အကြင် ဗြဟ္မာတို့သည်။)အတ္တာနော၊ မိမိ၏။ သမ္ပတ္တိယာ၊ စည်းစိမ်မှ။ နာ ဟာယန္တိ-နာ ဝိဟာယန္တိ၊ မယုတ်လျော့ကုန်။ ဣတိ၊ ထို့ကြောင့်။ (တေ၊ ထို ဗြဟ္မာတို့သည်။) အဝိဟာ၊ အဝိဟာတို့မည်၏။ (ယေ၊ တို့သည်။) ကဉ္စိ၊ တစုံတယောက်သော။ သတ္တံ၊ သတ္တဝါကို။ နာ တပန္တိ၊ မလောင်မြိုက်တတ်ကုန်။ ဣတိ၊ ကြောင့်။ (တေ၊ တို့သည်။) အတပ္ပါ၊ တို့မည်၏။ [တပ ဓာတ်+ ကျ ပစ္စည်းကြံ။] (ယေ၊ တို့သည်။) သုန္ဒရဒဿနာ၊ ကောင်းသော မြင်ရခြင်းရှိကုန်၏။ အဘိရူပါ၊ လှန်ကဲသော အဆင်းရှိကုန်၏။ ပါသာဒိကာ၊ စိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ကြောင့်။ (တေ၊ တို့သည်။) သုဒဿာ၊ တို့မည်၏။ (ယေ၊ တို့သည်။) သုဒ္ဒသာ၊ ကောင်းစွာ။ ပဿန္တိ၊ ကြည့်ရှုတတ်ကုန်၏။ ဝါ၊ တနည်း။ ဇေတသံ၊ ဤ ဗြဟ္မာတို့၏။ သုန္ဒရံ၊ ကောင်းသော။ဒုဿနံ၊ မြင်ရခြင်းသည်။ (အတ္ထိ။) ဣတိ၊ ထို့ကြောင့်။ (တေ၊ တို့သည်။) သုဒဿီ၊ တို့မည်၏။ (ယေ၊ တို့သည်။) သဇ္ဇဟေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ သဂ္ဂဏေဟိ စ၊ မိမိဂုဏ်တို့ဖြင့်လည်းကောင်း။ ဘဝသမ္ပတ္တိယာ စ၊ ဘဝ၏ ပြည့်စုံခြင်းဖြင့်လည်းကောင်း။ ဇေဋ္ဌာ၊ ကြီးကုန်၏။ တတ္ထ၊ ဤ ဗြဟ္မာတို့၌။ကနိဋ္ဌာ၊ အသေး အငယ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ထို့ကြောင့်။ (တေ၊ တို့သည်။)အကနိဋ္ဌာ၊ တို့မည်၏။

ဣဓ၊ ဤနေရာ၌။ ဌတ္ဝာ၊ တန့်ရပ်၍။ ဘာဏဝါရာ၊ တကြိမ် ရပ်နား၍ ရွတ်ဆိုအပ်သော ပါဠိတော် အကြိမ်တို့ကို။ သမောဓာနေတဗ္ဗာ၊ ပေါင်းထုံကုန်၏။ ဟိ၊ ချဲ့။ ဣမသ္မိံ သုတ္တေ၊ ၌။ ဝိပဿိသ္သ၊ သော။ ဘဂဝတော၊ ၏။ အပဒါနဝသေန၊ အပဒါန်နှင့် စပ်သဖြင့်။ ဝါ၊ ပိုင်းဖြတ်ခြင်းမှ ကင်းသော ဖြစ်တော်စဉ်နှင့် စပ်သဖြင့်။ တယော၊ ကုန်သော။ ဘာဏဝါရာ၊ တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ စ၊ဆက်။ ဝိပဿိသ္သ၊ ၏။ အပဒါနဝသေန၊ ဖြင့်။ (တယော ဘာဏဝါရာ။)ဝုတ္တာ ယထာ၊ ကဲ့သို့။ဇေဋ္ဌ၊တူ။ သိခီအာဒီနမ်ပိ၊ သိခီ-အစရှိသော ခြောက်ဆူသော ဘုရားရှင်တို့၏လည်း။ အပဒါနဝသေန၊

ဖြင့်။ (တယော ဘာဏဝါရာ။) ဝုတ္တာ ဝ၊ ကုန်သည်သာ။ ပန၊ ထိုသို့ သိခိ-အစရှိသော ဘုရားခြောက်ဆူတို့၏လည်း အပဒါန်နှင့်စပ်သဖြင့် သုံးပါးကုန်သော ဘာဏဝါရတို့ကို ဟောတော်မူအပ်ပါကုန်သော်လည်း။ပါဠိ၊ ပါဠိတော်ကို။ သဒ္ဒါတို့ကာ၊ ချုံးအပ်ပြီ။ ဣတိ၊ ဤသို့။ သတ္တန္နံ၊ ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ ဝသေန၊ စပ်သဖြင့်။ အမှာကံ၊ တို့၏။ ဘဂဝတာ၊ သည်။ ဧကဝီသတိ၊ နှစ်ဆယ့်တပါးသော။ ဘာဏဝါရာ၊ တို့ကို။ ကထိတာ၊ ကုန်ပြီ။ တထာ၊ တူ။ အဝိဟေဟိ၊ အဝိဟာ ဗြဟ္မာတို့သည်။ (ဧကဝီသတိ ဘာဏဝါရာ ကထိတာ၊ လျှောက်အပ်ကုန်ပြီ။) တထာ၊ တူ။ အတပ္ပေဟိ၊ တို့သည်။ (ဧကဝီသတိ ဘာဏဝါရာ ကထိတာ။) တထာ၊ တူ။ သုဒဿေဟိ၊ တို့သည်။ (ဧကဝီသတိ ဘာဏဝါရာ ကထိတာ။) တထာ၊ တူ။ သုဒဿီဟိ၊တို့သည်။ (ဧကဝီသတိ ဘာဏဝါရာ၊ကထိတာ။) တထာ၊ တူ။ အကနိဋ္ဌေဟိ၊ တို့သည်။ (ဧကဝီသတိ ဘာဏဝါရာ ကထိတာ။) ဣတိ၊ သို့။ သဗ္ဗမ်ိဳ၊ အလုံးစုံလည်းဖြစ်သော ပါဠိရပ်သည်။ ဆဗ္ဗီသတိ ဘာဏဝါရသတံ၊ တရာ့နှစ်ဆယ့်ခြောက် ဘာဏဝါရရှိသည်။ ဟောတိ၊ ၏။ တေပိဋ္ဌကေ၊ ပိဋကတ်သုံးပုံ ဟူသော။ ဗုဒ္ဓဝစနေ၊ ဘုရာ့စကားတော်၌။ အည်၊ ဤသုတ်မှ အခြားသော။ ဆဗ္ဗီသတိ ဘာဏဝါရပရိမာဏံ နာမ၊ တရာ့နှစ်ဆယ့်ခြောက် ဘာဏဝါရ ဟူအတိုင်းအရှည် ရှိသည်မည်သော။ သုတ္တံ၊ သုတ်သည်။ နတ္ထိ၊ မရှိ။ အယံ သုတ္တန္တော၊ ဤ သုတ်သည်။ သုတ္တန္တရာဇာ နာမ၊ သုတ်တို့၏ မင်းမည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

ဣတော၊ ဤပါဠိရပ်မှ။ ပရံ၊နောက်၌။ အနုသန္ဓိ ဒ္ဒယမ်ပိ၊ အနုသန္ဓေနှစ်ပါး အပေါင်းကိုလည်း။နိယျာတေန္တော၊နိဂုံးအုပ်လိုသည်။(ဟုတ္ထာ။)[နိယျာတေန္တောတိ နိဂမေန္တော။–ဋီကာ။]ဣတိ ဧဝါ ဘိက္ခဝေတိ အာဒိ၊ကို။ အာဟ၊ပြီ။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောစကားရပ်သည်။ဥတ္တာနမေဝ၊ပေါ်လွင်ထင်ရှားသည်သာ။ ဣတိ၊ အပြီးတည်း။ ဣတိ၊ဤဆိုအပ်ပြီးသောစကားအစဉ်ဖြင့်။သုမင်္ဂလဝိလာသိနိယာ၊ သုမင်္ဂလဝိလာသိနီ မည်သော။ ဒီဃနိကာယဋ္ဌကထာယံ၊ ဒီဃနိကာယ် အဋ္ဌကထာ၌။မဟာပဒါနသုတ္တဝဏ္ဏနာ၊မဟာပဒါနသုတ်၏အဖွင့်သည်။နိဋ္ဌိတာ၊ပြီး၏။

မဟာပဒါနသုတ် အဋ္ဌကထာအဖွင့်ပြီး၏။

အနုသန္ဓိဒ္ဒယံ။ ။စကားအဆက်တရပ်ကို၊"အနုသန္ဓိ"ဟု ခေါ်၏။ ထို အနုသန္ဓေသည် ဤသုတ္တန်၌"ဓမ္မဓာတုပဒါနုသန္ဓေ ဒေဝတာရောစနုပဒါနုသန္ဓေ"ဟု နှစ်မျိုး ရှိ၏။ ထိုတွင်"ဣတော သော ဘိက္ခဝေ ကေနဝုတိကပ္ပေ"မှစ၍၊"အမိစ္စတော စ အာယောဂေါ။ တေ ဗုဒ္ဓါန သာသနန္တိ"တိုင်အောင်သော စကားရပ်သည် ဓမ္မဓာတုပုဒ် အနုသန္ဓေရှိသော စကားရပ်တည်း။ "ကေမိဒါဟံ ဘိက္ခဝေ" အစရှိသော စကားရပ်သည် ဒေဝတာရောစနုပုဒ် အနုသန္ဓေရှိသော စကားရပ်တည်း။ [အနုသန္ဓိဒ္ဒယမ်ပိတိ ဓမ္မဓာတုပဒါနုသန္ဓိ ဒေဝတာရောစနုပဒါနုသန္ဓိတိ ဒုဝိဓံ အနုသန္ဓိ"။–ဋီကာ။]

မဟာနိဒါနသုတ် အဋ္ဌကထာ

နိဒါန အဖွင့်

ဧဝံ မေ သုတံ။ပ။ ကုရူသူတိ၊ ဟူသော ဤသုတ်သည်။ ဝါ၊ သည်။ မဟာနိဒါနသုတ္တံ၊ မဟာနိဒါနသုတ်တည်း။ [အမျိုးမျိုးအနက်ပေးပုံကို မဟာပဒါနဋ္ဌကထာ၌ပြခဲ့ပြီ။] တတြ၊ ထို မဟာနိဒါနသုတ်၌။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ အနုတ္တာနပဒဝဏ္ဏနာ၊ မပေါ်လွင်သော ပုဒ်တို့၏ အဖွင့်တည်း။ ဝါ၊ မပေါ်လွင်သောပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာတည်း။ ကုရူသု ဝိဟရတိ တိ(ဇတ္ထ)၊ ဟူသော ဤပါဌ်၌။ (ကုရူတိ ဝုစ္စတိ–၌ စပ်။) ဇနပဒိနော၊ ဇနပုဒ်ရှိကုန်သော။ ဝါ၊ ဇနပုဒ်ပိုင်ရှင် ဖြစ်ကုန်သော။ [ဇနပဒိနောတိ ဇနပဒဝန္တော၊ ဇနပဒဿ ဝါ ဣဿရသာမိနော။–ဋီကာ။] ရာဇကုမာရာ၊ မင်းသားတို့သည်။ ကုရူနာမ၊ ကုရူတို့မည်၏။ ["ဇနပဒိနော"၏ အဓိပ္ပါယ်ကို သီလက္ခန်ဘာသာဋီကာ အမ္ဗဋ္ဌသုတ် အဒ္ဓါနဂမန–အဖွင့်၌ ပြခဲ့ပြီ။] တေသံ၊ ထို ကုရူမင်းသားတို့၏။ နိဝါသော၊ နေရာဖြစ်သော။ ဇကော ပိ ဇနပဒေါ၊ ဇနပုဒ် တခုတည်းကိုလည်း။ [(တနည်း) ဇကော၊ တခုတည်းသည်။ (သမာနော)ပိ၊ ဖြစ်ပါသော်လည်း။ ဝါ၊ ဖြစ်သည်လည်းဖြစ်သော။ ဇနပဒေါ၊ ဇနပုဒ်ကို။] ရုဋ္ဌိသဒ္ဒေန၊ ရုဋ္ဌိသဒ္ဒါအားဖြင့်။ ဝါ၊ ရုဋ္ဌိသဒ္ဒါ၏ အဖြစ်ကြောင့်။ ကုရူတိ၊ ကုရူတို့ဟူ၍။ ဝုစ္စတိ၊ ၏။ [ဤ ဝါကျ၏ အဓိပ္ပါယ်ကိုလည်း သီလက္ခန်ဘာသာဋီကာ အဖွင့်၌ပင် ပြခဲ့ပြီ။ ကောသလာနှင့်။ ကုရူ-သာ ကဲ့သည်။] ကုရူသု၊ ကုရူဟု ဗဟုဝုစ် အမည်ရသော။ တသ္မိံ ဇနပဒေ၊ ထို ဇနပုဒ်၌။ (ဝိဟရတိ–၌ စပ်။)

ပန၊ ဝါဒန္တရ ဝိသေသ ကား။ အဋ္ဌကထာစရိယာ၊ ရှေး အဋ္ဌကထာဆရာတို့သည်။ အာဟု၊ မိန့်တော်မူကြကုန်ပြီ။ [အဋ္ဌကထာစရိယာ ပနာတိ ပနသဒ္ဒေါ ဝိသေသတ္ထဇောတနော။–ဋီကာ။] (ကိံ၊ နည်း။)မန္ဓာတုကာလေ၊ မန္ဓာတ် စကြာမင်းဖြစ်ရာအခါ၌။ တီသု၊ သုံးကျွန်းကုန်သော။ ဒီပေသု၊

အနုတ္တာနပဒဝဏ္ဏနာ။ ။ဥတ္တာန ပုဒ်၏ အနက်ကို သီလက္ခန်ဘာသာဋီကာ သာမညဖလသုတ် ဥပါသကတ္တပဋိဝေဒနာကထာ အဖွင့်၌ပြခဲ့ပြီ။ နဉ+ဥတ္တာနာနိ အနုတ္တာနာနိ၊ အနုတ္တာနာနီ စ+တာနိ+ပဒါနိစာတိ အနုတ္တာနပဒါနိ၊ (မပေါ် လွင်သောပုဒ်တို့။) အနုတ္တာနပဒါနံ+ဝဏ္ဏနာ အနုတ္တာနပဒဝဏ္ဏနာ၊ (မပေါ်လွင်သောပုဒ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာ။)

ကျန်းတို့၌။ မနုဿာ၊ တို့သည်။ ဇမ္ဗုဒီပေါ နာမ၊ ဇမ္ဗူဒီပ်မည်သည်။ ဗုဒ္ဓပစ္စေကဗုဒ္ဓမဟာသာဝကစက္ကဝတ္တိပဘုတိနံ၊ ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝက စကြာမင်းအစရှိကုန်သော။ ဥတ္တမမနုဿာနံ၊ မြတ်သောလူတို့၏။ ဥပပတ္တိဘူမိ၊ ဖြစ်ရာ မြေအရပ်တည်း။ ဥတ္တမဒီပေါ၊ မြတ်သောကျန်းတည်း။ အတိရမဏီယော၊ အလွန်မွေလျော်ထိုက်သော ကျန်းတည်း။ ဥ၊ အလွန်မွေ့လျော်ဖွယ်ကောင်းသော ကျန်းတည်း။ ဣတိ၊ သို့။ သုတ္တာ၊ ကြား ရ၍။ မန္ဒာတုစက္ကဝတ္တိနာ၊ မန္ဒတ် စကြာမင်းမည်သော။ စက္ကရတနံ၊ စကြာရတနာကို။ ပုရက္ခတ္တာ၊ ရှေ့သွား၍။ စတ္တာရော၊ လေးကျန်းကုန်သော။ ဒီပေ၊ ကျန်းတို့ကို။ အနု သံယာယန္တေန၊ အစဉ်လှည့်လည်သော။ ရညာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ အာဂမံသု၊ လိုက်လာကြကုန်ပြီ။ တတော၊ ထိုမှနောက်၌။ ဆဇ္ဇာ၊ သည်။ ပရိဏာယကရတနံ၊ သားတော်ကြီးရတနာကို။ ပုစ္ဆိ၊ မေးပြီ။ (ကိံ။) မနုဿလောကတော၊ လူ့ပြည်လောကထက်။ ရမဏီယတရံ၊ သာ၍မွေလျော်ဖွယ်ကောင်းသော။ ဌာနံ၊ အရပ်သည်။ အတ္ထိ နုခေါ၊ ရှိသေးသလော။ ဣတိ၊ သို့။ (ပုစ္ဆိ၊ ပြီ။) ဒေဝ၊ မင်းမြတ်။ ကသ္မာ၊ ကြောင့်။ ဧဝံ၊ သို့။ ဘာသတိ၊ ပြောပါသနည်း။ ဝါ၊ မေးပါသနည်း။ စန္ဒိမသူရိယာနံ၊ လနေတို့၏။ အာနုဘာဝံ၊ အာနုဘော်ကို။ န ပဿသိ ကိံ၊ မြင်တော်မမူပါသလော။ ဧတေသံ၊ ဤ လ နေတို့၏။ ဌာနံ၊ တည်ရာအရပ်သည်။ (စတုမဟာရာဇ်နတ်ပြည်ကို ဆိုလိုသည်။) ဣတော၊ ဤလူ့ပြည်လောကထက်။ ရမဏီယတရံ၊ သာ၍ မွေလျော်ဖွယ်ကောင်းသည်။ (ဟောတိ)နှုန့်၊ ဖြစ်သည်မဟုတ်ပါလော။

ရာဇာ၊ သည်။ စက္ကရတနံ၊ ကို။ ပုရက္ခတ္တာ၊ ၍။ တတ္ထ၊ ထို လ နေတို့၏ တည်ရာအရပ်သို့။ (စတုမဟာရာဇ် နတ်ပြည်သို့။)အဂမာသိ၊ သွားပြီ။ စတ္တာရော၊ ကုန်သော။ မဟာရာဇာနော၊ နတ်မင်းကြီးတို့သည်။ မန္ဒာတုမဟာရာဇာ၊ မန္ဒာတု မင်းတရားကြီးသည်။ အာဂတော၊ လာပြီတဲ့။ ဣတိ၊ သို့။ သုတ္တာဝ၊ ကြား၍သာလျင်။ ဝါ၊ ကြားလျင်ကြားချင်းပင်။ ရာဇာ၊ သည်။ မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးရှိ၏။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိ၏။ ယုဒ္ဓေန၊ စစ်တိုက်ခြင်းဖြင့်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့ကြံ၍။ သက်၊ မိမိဥစ္စာဖြစ်သော။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဝါ၊ စတုမဟာရာဇ် နတ်ပြည်ကို။ နိယျာတေသုံ၊ အပ်နှင်းကြကုန်ပြီ။ သော၊ ထိုမန္ဒာတု မင်းတရားကြီးသည်။ တံ၊ ထို မင်းအဖြစ်ကို(စတုမဟာရာဇ်နတ်ပြည်ကို)။ဂဟေတ္ဝာ၊ယူ၍။ဝါ၊လက်ခံ၍။[ဂဟေတ္ဝာတိ

သမ္ပဋိစ္ဆိတ္ဌာ။-ဋီကာ။] ပုန၊ တဖန်။ ပုစ္ဆိ၊မေးပြန်ပြီ။ (ကိံ။) ဣတော၊ ဤစတုမဟာရာဇ် နတ်ပြည်ထက်။ ရမဏီယတရံ၊ သော။ ဌာနံ၊ သည်။ အတ္ထိ နုခေါ၊ သလော။ ဣတိ၊ သို့။ (ပုစ္ဆိ၊ ပြီ။)

အထ၊ မေးရာ ထိုအခါ၌။ အဿ၊ ထို မန္ဓာတု မင်းတရားကြီးအား။ တာဝတိံသဘဝနံ ၊တာဝတိံသာနတ်ပြည်ကို။ ကထယိံသု၊ သံတော်ဦးတင်ကြကုန်ပြီ။ ဒေဝ၊ မြတ်။ ဣတော၊ ဤစတုမဟာရာဇ်နတ်ပြည်ထက်။ တာဝတိံသဘဝနံ၊ သည်။ ရမဏီယတရံ၊ ၏။ တတ္ထ၊ ထို တာဝတိံသာ နတ်ပြည်၌။ ဒေဝရညော၊ နတ်တို့၏မင်းဖြစ်သော။ သက္ကဿ၊ သိကြား၏။ စတ္တာရော၊ ကုန်သော။ ဣမေ မဟာရာဇာနော၊ တို့သည်။ ပရိစာရကာ၊ အလုပ်အကျွေးတို့သည်။ (ဟုတ္ဌာ။) ဒေါဝါရိကဘူမိယံ၊ တံခါးစောင့်၏ ဖြစ်ရာ အခိုက်အတန့်၌။ ဝါ၊ တံခါးစောင့် အရာ၌။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဒေဝရာဇာ၊ သော။ သက္ကော၊ သည်။ မဟိဒ္ဓိကော၊ ၏။ မဟာနုဘာဝေါ၊ ၏။ တဿ၊ ထို သကြား၏။ ဣမာနိ၊ ဤ အရာတို့သည်။ ဥပဘောဂဌာနာနိ၊ အသုံးအဆောင်ဖြစ်သော အရာတို့ပါတည်း။ ယောဇနသဟဿုဗ္ဗေဓော၊ ယူဇနာတထောင် အမြင့်အစောက်ရှိသော။ ဝေဇယန္တော၊ ဝေဇယန္တမည်သော။ ပါသာဒေါ၊ ပြာသာဒ်လည်းကောင်း။ ပဉ္စ ယောဇနသတုဗ္ဗေဓာ၊ ယူဇနာငါးရာ အမြင့်အစောက်ရှိသော။ သုဓမ္မာ၊ သုဓမ္မာမည်သော။ ဒေဝသဘာ၊ နတ်တို့၏ စည်းဝေးရာသဘင်လည်းကောင်း။ ဒိယစုယောဇနသတိကော၊ အခွဲအားဖြင့် ယူဇနာနှစ်ရာရှိသော။ ဝါ၊ ယူဇနာတရာ့ငါးဆယ်ရှိသော။ ဝေဇယန္တရထော၊ ဝေဇယန္တာ ရထားလည်းကောင်း။ တထာ၊ ထို့အတူ ယူဇနာတရာ့ငါးဆယ်ရှိသော။ ဧရာဝဏော၊ ဧရာဝဏ်မည်သော။ ဟတ္ထီ၊ ဆင်လည်းကောင်း။ ဒိဗ္ဗရုက္ခသဟဿပဋိမဏ္ဍိတံ၊ နတ်၌ဖြစ်သော တထောင်သောသစ်ပင်တို့ဖြင့် တန်ဆာဆင်အပ်သော။ နန္ဒနဝနံ၊ နန္ဒန ဥယျာဉ်လည်းကောင်း။ စိတ္တလတာဝနံ၊ စိတ္တလတာ ဥယျာဉ်လည်းကောင်း။ ဖာရုသကဝနံ၊ ဖာရုသက ဥယျာဉ်လည်းကောင်း။ မိဿကဝနံ၊ မိဿကဥယျာဉ်လည်းကောင်း။ ယောဇနသတုဗ္ဗေဓော၊ ယူဇနာတရာ အမြင့်အစောက်ရှိသော။ ပါရိစ္ဆတ္တကော၊ တက်ဝန်းကျင် ထီးနှင့်တူသော။ကောဝိဋ္ဌာရော၊ပင်လယ်ကသစ်ပင်လည်းကောင်း။တဿ၊ ထို ပင်လယ်ကသစ်ပင်၏။ ဟေဌာ၊ အောက်၌။ သဋ္ဌိ ယောဇနာယာမာ၊ ယူဇနာခြောက်ဆယ် အလျားရှိသော။ ပညာသ ယောဇနဝိတ္ထတာ၊ ယူဇနာငါးဆယ် အပြန့်အကျယ်ရှိသော။ ပဉ္စဒသယောဇနုဗ္ဗေဓာ၊ တဆယ့်ငါးယူဇနာအမြင့်အစောက်ရှိသော။ဇယကုသုမပုပ္ဖဝဏ္ဏာ၊လယ်ခေါင်ရမ်းပန်းပုင့်၏ အဆင်း

နှင့်တူသော အဆင်းရှိသော။ ပဏ္ဍုကမ္မလသိလာ၊ ပဏ္ဍုကမ္မလာ ကျောက်နေရာလည်းကောင်း။ ယဿာ၊ ယင်း ပဏ္ဍုကမ္မလာ ကျောက်နေရာ၏။ မုဒုတာယ၊ နူးညံ့သည်၏ အဖြစ်ကြောင့်။ သက္ကဿ၊ ၏။ (ဥပစုကာယော-၌ စပ်။) ဝါ၊ သည်။ (နိသီဒတော-၌ စပ်။) နိသီဒတော၊ ထိုင်လတ်သော်။ ဥပစုကာယော၊ ထက်ဝက်ကိုယ်သည်။ အနုပဝိသတိ၊ အစဉ်အတိုင်းသက်ဝင်၏။ (မြုပ်၏။) ဣတိ၊ သို့။ (ဣမာနိ၊ တို့သည်။ ဥပဘောဂဋ္ဌာနာနိ၊ တို့ပါတည်း။

တံ၊ ထိုစကားကို။ သုတ္ဒာ၊ ၍။ ရာဇာ၊ မန္ဓာတ်စကြာမင်းသည်။ တတ္ထ၊ ထို တာဝတိံသာ နတ်ပြည်သို့။ ဂန္တုကာမော၊ သွားခြင်းငှာ အလိုရှိသည်။ (ဟုတ္ဒာ။) စက္ကရတနံ၊ ကို။ အဗ္ဘုက္ကိရိ၊ အထက်သို့မြှောက်ပြီ။ တံ၊ ထိုစကြာရတနာသည်။ အာကာသေ၊ ကောင်းကင်၌။ စတုရင်္ဂိနိယာ၊ လေးပါးသော အင်္ဂါရှိသော။ သေနာယ၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဥဋ္ဌာသိ၊ တက်ပြီ။ အထ၊ ကောင်းကင်သို့တက်ရာ ထိုအခါ၌။ ဒ္ဒိနှံ၊ နှစ်ထပ်ကုန်သော။ ဒေဝလောကာနံ၊ နတ်ပြည်တို့၏။ ဝေမဇ္ဈတော၊ အလယ်၌။ စက္ကရတနံ၊ ကို။ ဩတရိတ္ဒာ၊ သက်ဆင်း၍။ ပရိဏာယကရတနပမုခါယ၊ သားတော်ကြီးရတနာအမှူးရှိသော။ စတုရင်္ဂိနိယာ၊ သော။ သေနာယ၊ နှင့်။ သဒ္ဓိံ၊ ကွ။ ပထဝိယံ၊ မြေ၏အနီး၌။ ပတိဋ္ဌာသိ၊ တည်ပြီ။ ရာဇာ၊ သည်။ ဧကကောဝ၊ တယောက်တည်းသာလျှင်။ (ဟုတ္ဒာ။) တာဝတိံသဘဝနံ၊ သို့။ အဂမာသိ၊ သွားပြီ။ [ရာဇာ ဧကကောဝ အဂမာသိ အတ္တနော အာနုဘာဝေန၊ (စကြာရတနာ၏ အာနုဘော်မဟုတ် မိမိ၏အာနုဘော်ဖြင့် သွားပြီ။)-ဋီကာ။] သက္ကော၊ သည်။ မန္ဓာတာ၊ မန္ဓာတ်မင်းသည်။ အာဂတော၊ လာပြီတဲ့။ ဣတိ၊ သို့။ သုတ္ဒာဝ၊ သာလျှင်။ ဝါ၊ ချင်းပင်။ တဿ၊ ထို မန္ဓာတ်မင်း၏။ ဝါ၊ ကို။ ပစ္စုဂ္ဂမနံ၊ ရှေးရှုတက်သွားခြင်းကို။ ဝါ၊ ခရီးဦး ကြိုဆိုခြင်းကို။ ကတ္ဒာ၊ ၍။ မဟာရာဇ၊ မြတ်။ တေ၊ အရှင်မင်းမြတ်အား။ သွာဂတံ၊ ကောင်းသော လာခြင်းပါတည်း။ (တနည်း။) မဟာရာဇ၊ မြတ်။ တေ၊ ၏။ (အာဂတံ၊

ပထဝိယံပတိဋ္ဌာသိ။ ။စကြာရတနာသည် ကောင်းကင်မှ လျှောကျသောအခါ မြေကြီး၏အထက် အနီး၌သာတည်၏၊ မြေပေါ်ရောက်အောင်မကျ။ ထိုကဲ့သို့ တည်ပြီးသော စကြာရတနာသည်၊ မကြာမီ ကွယ်ပျောက်လေ၏။ ဘာကြောင့်နည်း၊ သားကြီးရတနာမှာ ထို အတ္တဘောဖြင့် စကြာရတနာကို အစိုးရမှု မရှိခြင်းကြောင့်တည်း။ [ပထဝိယံ ပတိဋ္ဌာသိတိ ဘဿိတ္ဒာ ပထဝိယာ အာသန္နဋ္ဌာနေ အဋ္ဌာသိ၊ နဟိ စက္ကရတနံ ဘူမိယံ ပတတိ၊ တထာ ဋ္ဌိဘဉ္ဇ နစိရဿေဝ အန္တရှဓာယိ တေနတ္တဘာဝေန စက္ကဝတ္တိဣဿရိယဿ အဘာဝတော။-ဋီကာ။]

လာခြင်းသည်။) သွာဂတံ၊ ပါတည်း။ မဟာရာဇ၊ မြတ်။ တေ၊ ၏။သကံ၊ မိမိဥစ္စာဖြစ်သော တိုင်းပြည်ပါတည်း။ မဟာရာဇ၊ မြတ်။ အနုသာသ၊ သွန်သင် ဆုံးမပါလော့။ ဣတိ၊ သို့။ ဝတွာ၊ ၍။ နာဋ္ဌကေဟိ၊ မောင်းမတို့နှင့်။ သဒ္ဓိံ၊ ကွ။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဒေ့ ဘာဂေ၊ နှစ်ဖို့ နှစ်စုတို့ကို။ ကတွာ၊ ၍။ ဧကံ ဘာဂံ၊ တခုသော အဖို့ကို။ အဒါသိ၊ ပေးပြီ။ ရညော၊ ၏။ (မနုဿဘာဝေါ-၌စပ်။) ဝါ၊ သည်။ (ပတိဋ္ဌိတမတ္တဿေဝ –၌ စပ်။) တာဝတိံသဘဝနေ၊ ၌။ ပတိဋ္ဌိတမတ္တဿေဝ၊ တည်ပြီးကာမျှသော်သာလျှင်။ မနုဿဘာဝေါ၊ လူ့အဖြစ်သည်။ ဝိဂစ္ဆိ၊ ကင်းပြီ။ [မနုဿဘာဝေါတိ မနုဿဂန္ဓသရီရနိဿန္ဒာဒိမနုဿဘာဝေါ၊ (လူတို့၏အနံ့ ကိုယ်၏ အကျိုးဆက်ဖြစ်သော ကျင်ကြီးကျင်ငယ် ချေး တံတွေး နှပ် အစရှိသော အညစ်အကြေးသည်။)-ဋီကာ။] ဒေဝဘာဝေါ၊ နတ်၏ အဖြစ်သည်။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။

ကိရ၊ ခဲ့။ တဿ၊ ထို မန္ဓာတ်မင်း၏။ (နာနတ္တံ-၌စပ်။) ဝါ၊ သည်။ (နိသိန္နဿ-၌စပ်။) သက္ကေန၊ နှင့်။ သဒ္ဓိံ၊ အတူ။ ပဏ္ဍုကမ္ပလသိလာယံ၊ ၌။ နိသိန္နဿ၊ လတ်သော်။ အက္ခိနိမိသမတ္တေန၊ မျက်စိမှိတ်ခြင်းမျှဖြင့်။ နာနတ္တံ၊ ထူးသည်၏အဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ တံ၊ ထို ထူးသည်၏အဖြစ်ကို။ အသလ္လက္ခေန္တာ၊ မမှတ်သားနိုင်ကုန်သော။ ဒေဝါ၊ တို့သည်။သက္ကဿ စ၊ ၏လည်းကောင်း။ တဿ စ၊ ထို မန္ဓတ်မင်း၏လည်းကောင်း။ နာနတ္တေ၊ ထူးသည်၏ အဖြစ်၌။ မုယှန္တိ၊တွေဝေကုန်၏။ သော၊ ထို မန္ဓာတ်မင်းသည်။တတ္ထ၊ ထို တာဝတိံသာနတ်ပြည်၌။ ဒိဗ္ဗသမ္ပတ္တိံ၊ နတ်၌ဖြစ်သော စည်းစိမ်ကို။ [ဒိဝိဘဝါ ဒိဗ္ဗာ။]အနုဘဝမာနော၊ခံစားစဉ်။ ယာဝ၊အကြင်မျှလောက်။ဆတ္တိံသ၊ သုံးကျိပ်ခြောက်ယောက်သော။ သက္ကာ၊တို့သည်။ဥပ္ပဇ္ဇိတွာ၊ ၍။ စုတာ၊ စုတေကုန်ပြီ။[မန္ဓာတ်စကြာမင်းတို့၏လက်ထက်၌ အသက်အသချေ်ရှည်သောကြောင့် သိကြားသုံးဆယ့်ခြောက်ယောက် ပြောင်းလဲသည့်တိုင်အောင် တည်နေနိုင်

ပါတုရဟောသိ။ ။ပါတုရဟောသိ တိ ဒေဝလောကေ ပဝတ္တိဝိပါကဒါယိနော အရာပရိယာယဝေဒနီယဿ ကမ္မဿ ကတောကာသတ္တာ (နတ်ပြည်၌ ပဝတ္တိအကျိုးကို ပေးနိုင်သော အပရာပရိယကံက ပြုအပ်သော အခွင့်ရှိသောကြောင့်။) သမ္မဒါ သောဋ္ဌသဝ သုဒ္ဒေသိကတာ မာလာမိလယနာဒိဒိဗ္ဗဘာဝေါ ပါတုရဟောသိ။ (အခါခပ်သိမ်း တဆယ့်ခြောက်နှစ်အရွယ် ရှိသည်၏အဖြစ် ပန်း၏ မညှိုးခြင်းအစရှိသော နတ်၏အဖြစ်သည် ထင်ရှားဖြစ်ပြီ။) –ဋီကာ။ [တချို့နေရာ၌ နတ်သားများသည် "အသက် (၂၀) အရွယ်ရှိ၏"ဟု ဆိုသေး၏။]

သည်။]တာဝ၊ထို သုံးကျိပ်ခြောက်ယောက်သော သိကြားတို့ဖြစ်ပြီး၍ စုတေကြ သည့်တိုင်အောင်။ရဇ္ဇံ၊ ကို။ကာရေတွာ၊၍။ ကာမေဟိ၊ တို့ဖြင့်။ အတိတ္တောဝ၊ မတင်းတိမ်သေးသည်သာလျှင်။ (ဟုတ္ဝာ။) တဘောဝ၊ ထို တာဝတိံသာနတ် ပြည်မှ။ စဝိတ္ဝာ၊ ၍။ အတ္တနော၊ ၏။ ဥယျာနေ၊ ၌။ ပတိဋ္ဌိတော၊ တည် ပြီ။ ဝါတာတပေန၊ လေပူ နေပူသည်။ ဖုဋ္ဌဂတ္တော၊ တွေထိအပ်သောကိုယ် ရှိသည်။ (ဟုတ္ဝာ။) ကာလံ၊ သေချိန်ကို။ အကာသိ၊ ပြီ။

ပန၊ ဆက်။ စက္ကရတနေ၊ သည်။ ပုန၊ ဖန်။ ပထဝိယံ၊ ၌။ ပတိဋ္ဌိတေ၊ လတ်သော်။ ပရိဏာယကရတနံ၊ သည်။ သုဝဏ္ဏပဋ္ဌေ၊ ရွှေပြား၌။ မန္ဓာတု၊ မန္ဓာတ်မင်း၏။ ဥပါဟနံ၊ ဖိနပ်ပုံကို။ လိခါပေတွာ၊ ရေးစေပြီး၍။ ဣဒံ၊ ဤ တိုင်းပြည်သည်။ မန္ဓာတု၊ ၏။ ရဇ္ဇံ၊ တည်း။ ဣတိ၊ ဤသို့ ပြော၍။ ရဇ္ဇံ၊ ကို။ အနုသာသိ၊ သွန်သင်ဆုံးမပြီ၊ တီဟိ၊ ဣုန်သော။ ဒီပေဟိ၊ တို့မှ။ တေ ပိ အာဂတမနုဿာ၊ ထို လိုက်လာသောလူတို့သည်လည်း။ ပုန၊ ဖန်။ ဂန္တုံ၊ ပြန်ခြင်းငှာ။ အ သက္ကောန္တာ၊ မစွမ်းနိုင်ကုန်သည်။ (ဟုတ္ဝာ။) ပရိ ဏာယကရတနံ၊ ကို။ (ယာစိံသု–၌ စပ်။) ဝါ၊ သို့။ ဥပသက်မိတ္ဝာ၊ ၍။ ဒေဝ၊ မြတ်။ မယံ၊ အကျွန်ုပ်တို့သည်။ ရညော၊ ၏။ အာနုဘာဝေန၊ ဖြင့်။ အာဂတာ၊ လာခဲ့ကြပါကုန်ပြီ။ ဣဒါနိ၊ ၌။ ဂန္တုံ၊ ပြန်ခြင်းငှာ။ နသက္ကောမ၊ ပါကုန်။ နော၊အကျွန်ုပ်တို့အား။ ဝါ၊၏။ ဝသနဋ္ဌာနံ၊ နေရာအရပ် ကို။ ဒေဟိ၊ ပေးတော်မူပါ။ ဣတိ၊ သို့။ ယာစိံသု၊ ကုန်ပြီ။["နော"သဒ္ဒါ သည် ရှေနောက်ငဲ့သော ကာကောလောကန နည်းတည်း။]သော၊ ထို သား တော်ကြီးရတနာသည်။ တေသံ၊ ထို သုံးကျွန်းသားတို့အား။ ဧကမေကံ၊တခု တခုသော။ ဇနပဒံ၊ ကို။ အဒါသိ၊ ပြီ။

တတ္ထ၊ ထို ဇနပုဒ်တို့တွင်။ ပုဗ္ဗဝိဒေဟတော၊ပုဗ္ဗဝိဒေဟကျွန်းမှ။ ဝါ၊ အရှေ ကျွန်းမှ။အာဂတမနုဿေဟိ၊ လိုက်လာသောလူတို့သည်။အာဝသိတပဒေသော၊ နေအပ်သောအရပ်သည်။တာယေဝ ပုရိမသညာယ၊ ထို ရှေး၌ဖြစ်သော အမည် သညာဖြင့်ပင်။ ဝိဒေဟရဋ္ဌန္တိ နာမံ၊ ဝိဒေဟတိုင်း ဟူသောအမည်ကို။ လဘိ

အတိတ္တောဝ ။ပ။ အကာသိ။ ။"ကိံ မေ ဣမိနာ ဥပဒ္ဓရဇ္ဇေနာ"တိ အတြိစ္ဆ တာယ အတိတ္တောဝ ("ငါ့မှာ ဤတဝက်မျှမင်းပြုရခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း"ဟု ကြံ၍ ဟိုတဝက်ကို အလိုရှိသည်၏ အဖြစ်ကြောင့် မရောင့်ရဲနိုင်သည်သာဖြစ်၍။)... မနုဿလောကေ ဥတုနော ကက္ခဋ္ဌတာယ (လူ့ပြည်၌ ဥတု၏ ကြမ်းတမ်းသည်၏အဖြစ် ကြောင့်။) ဝါတာတပေန ဖုဋ္ဌဂတ္တော ကာလမကာသိ။–ဋီကာ။ [တိကနိပါတ် မန္ဓာတု ဇာတ်၌ကား "နောက်ရောက်လာသော သိကြားကို သတ်လိုသောစိတ်ဖြစ်သေး၏"ဟု ဆိုသည်။]

ရပြီ။ [အရှေ့ကျွန်းကို "ပုဗ္ဗဝိဒေဟကျွန်း" ဟု ခေါ်သောကြောင့် ဤ၌လည်း 'ဝိဒေဟရဋ္ဌ" ဟု အမည်ရသည်။] အပရဂေါယာနတော၊ အပရဂေါယာန ကျွန်းမှ။ ဝါ၊ အနောက်ကျွန်းမှ။ အာဂတမနုဿေဟိ၊ တို့သည်။ အာဝသိတ ပဒေသော၊ သည်။ အပရန္တဇနပဒေါတိ နာမံ၊ အပရန္တဇနပုဒ် ဟူသောအမည် ကို။ လဘိ၊ပြီ။ဥတ္တရကုရုတော၊ မြောက်ကျွန်းမှ။ အာဂတမနုဿေဟိ၊တို့သည်။ အာဝသိတပဒေသော၊ သည်။ ကုရုရဋ္ဌန္တိနာမံ၊ ကုရုတိုင်း ဟူသောအမည်ကို။ လဘိ၊ ပြီ။ ပန၊ ဆက်။ ဗဟုကေ၊ များစွာကုန်သော။ ဂါမနိဂမာဒယော၊ ရွာ နိဂုံး အစရှိသည်တို့ကို။ ဥပါဒါယ၊ စွဲ၍။ ဗဟုဝစနေန၊ "ကုရု" ဟူသော ဗဟုဝုစ် ဝိဘတ်ဖြင့်။ ဝေါဟရိယတိ၊ ခေါ်ဝေါ်အပ်၏။ တေန၊ ထို့ကြောင့်။ ကုရုသု ဝိဟရတီတိ၊ တိ-ဟူ၍။ (အာယသွတာ အာနန္ဒတ္ထေရေန၊ သည်။) ဝုတ္တံ၊ ဈောက်အပ်ပြီ။ (ဣတိ၊ သို့။ အဋ္ဌကထာစရိယာ။ တို့သည်။ အာဟု၊ ကုန်ပြီ။)

ကမ္မာသဓမ္မံ နာမ ကုရုနံ နိဂမောတိ (တ္ထေ)၊ ဟူသောဤပါဋ္ဌ်။ ကမ္မာ သဓမ္မန္တိ တ္ထေ၊ ဟူသော ဤပုဒ်၌။ ကေစိ၊ အချို့ ဆရာတို့သည်။ ဓ ကာ ရဿ၊ ဓ အောက်ချိုက် အက္ခရာ၏။ ဒ ကာရေန၊ ဒ ဒွေးအက္ခရာဖြင့်။အတ္ထံ၊ အနက်ကို။ ဝဏ္ဏယန္တိ၊ ဖွင့်ကြကုန်၏။ တ္ထေ၊ ဤ ကမ္မာသ နိဂုံး၌။ ကမ္မာ သော၊ ပြောက်ကျားသောခြေရှိသော ပေါရိသာဒ ကို။ ဒမိတော၊ ဆုံးမ အပ်ပြီ။ ဣတိ၊ ကြောင့်။ (ပြောက်ကျားသော ခြေရှိသော ပေါရိသာဒကို ဆုံးမအပ်ရာ၏ အဖြစ်ကြောင့်။)ကမ္မာသဒမ္မော၊ ကမ္မာသဒမ္မ မည်၏။ ကမ္မာသ ပါဒေါ၊ ပြောက်ကျားသော ခြေရှိသော။ ပေါရိသာဒေါ၊ ပေါရိသာဒ ကို။ ကမ္မာသောတိ၊ သ-ဟူ၍။ ဝုစ္စတိ၊ ၏။ ["ကမ္မာသပါဒေါ" ဟု ဆို လျက် "ပါဒ"ဟူသော နောက်ပုဒ်ချေထားသော ဥတ္တရပဒလောပ ဗဟုဗ္ဗီ ဟိသမာသ်ဟူလို။ ကမ္မာသောတိ ကမ္မာသပါဒေါ ဝုစ္စတိ ဥတ္တရပဒလောပေန ယထာ"ရူပဘဝေါ ရူပ"နွဲ။-ဋီကာ။ ပုရိသဿ ဣဒံ ပေါရိသံ (ယောကျ်ား၏ ဥစ္စာဖြစ်သော အသား။) ပေါရိသံ အဒတိ ဘက္ခတီတိ ပေါရိသာဒေါ၊ လူသားစားသူ။] ကိရ၊ ခဲ့။ တဿ၊ ထို ပေါရိသာဒ၏။ ပါဒေ၊ ခြေ၌။ ခါဏုကေန၊ သစ်ငုတ်သည်။ ဝိဒ္ဓဋ္ဌာနေ၊ ဖောက်အပ်ရာအရပ်၌။ (စူးအပ်ရာ အရပ်၌။) ဝဏော၊ အနာသည်။ ရုဟန္တော၊ အသားနုတက်လတ်သော်။ စိတ္တဒါရုသဒိသော။ ဆန်းကြယ်သော သစ်သားနှင့်တူသည်။ ဟုတ္ဒာ၊ ၍။ ရုဟိ၊ အသားနုတက်ပြီ။ တသ္မာ၊ ကြောင့်။ ကမ္မာသပါဒေါတိ၊ ဟူ၍။ ဝါ၊ ပြောက်ကျားသော ခြေရှိသူ ဟူ၍။ ပညာယိတ္တ၊ ထင်ရှားပြီ။ [အသားနု တက်သောနေရာက အပြောက်ထင်နေ၏။]

စ၊ ဆက်။ သော၊ ထို ပေါရိသာဒကို။ တသို့ ဩကာသေ၊ ထို ကမ္မာသဒမ္မ နိဂုံးအရပ်၌။ ဒမိဠတော၊ ဆုံးမအပ်ပြီ။ ပေါရိသာဒဘာဝတော၊ လူသားစားသူ၏ အဖြစ်မှ။ ပဋိသေဓိတော၊ တားမြစ်အပ်ပြီ။ ကေန၊အဘယ်သူသည်။ (ပဋိသေဓိတော၊ နည်း။) မဟာသတ္တေန၊ ဘုရားအလောင်းဖြစ်သော မင်းသည်။ (ပဋိသေဓိတော၊ ပြီ။) ကတရသ္မိံ ဇာတကေ၊ အဘယ်ဇာတ်၌။ (ပဋိသေဓိတော၊ နည်း။) ဣတိ၊ ဤကား အမေးတည်း။ မဟာသုတသောမဇာတကေ၊ မဟာသုတသောမ် ဇာတ်၌။ (ပဋိသေဓိတော၊ ပြီ။) ဣတိ၊ သို့။ ကေ၊ အချို့ဆရာတို့သည်။ (ဝဒန္တိ၊ကုန်၏။) ပန၊ ဝါဒန္တရကား။ ဣမေ ထေရာ၊ ဤ အဋ္ဌကထာဆရာတို့သည်။ ဝါ၊ ဒီဃဘာဏကထေရ်တို့သည်။ (တနည်း) ဣမေ ထေရာ၊ ဤ မဇ္ဈိမဘာဏကထေရ်တို့သည်။ [ဣမေ ပန ထေရာတိ မဇ္ဈိမဘာဏကာတိ ကေစိ၊ အပရေ ပန "အဋ္ဌကထာစရိယာ"တိ "ဒီဃဘာဏကာ"တိ ဝဒန္တိ။-ဋီကာ။] ဇယဒ္ဒိသဇာတကေ၊ တိ သနိပါတ် ဇယဒိသဇာတ်၌။ (ပဋိသေဓိတော၊ ပြီ။) ဣတိ ဝဒန္တိ။ဟိ၊ မှန်။ တဒါ၊ ဇယဒိသဖြစ်ရာ ထိုအခါ၌။ မဟာသတ္တေန၊ ဘုရားအလောင်းဖြစ်သော မင်းသားသည်။ ကမ္မာသပါဒေါ၊ ပြောက်ကျားသော ခြေရှိသော ပေါရိသာဒကို။ ဒမိတော၊ ပြီ။ ယထာဟ၊အဘယ်ကဲ့သို့ဟောတော်မူသနည်း။ ပုတ္တော ယဒါ ဟောမိ။ပ။ ပသာဒယိန္တိ၊ ပသာဒယိ-ဟူ၍။အာဟ၊ပြီ။

[သာရိပုတ္တ၊ ရာ။ (အရှင်သာရိပုတ္တရာအား ပြန်၍ ဟောတော်မူအပ်သော ဇာတ်ဖြစ်၍ "သာရိပုတ္တ"ဟု ဆရာတို့ ထည့်ကြသည်။)ယဒါ၊အကြင် အခါ၌။ (အဟံ၊ သည်။) ပဥ္စာလရဋ္ဌာဓိပတီသ၊ ပဥ္စာလတိုင်း၏အရှင်ဖြစ်သော။ ဇယဒ္ဒိသဿ၊ ဇယဒိသမင်း၏။ အတြဇော၊ မိမိကို မှီ၍ဖြစ်သော။ ဝါ၊ အရင်းဖြစ်သော။ ပုတ္တော၊ သည်။ ဟောမိ၊ ဖြစ်၏။ (တဒါ၊ထိုအခါ၌။) ပါဏံ၊ မိမိအသက်ကို။ စဇိတ္ဝာန၊ စွန့်၍။ ပိတရံ၊ ခမည်းတော်ကို။ ပမောစယိ၊ ဘိလူးဘေးမှ လွတ်စေတော်မူခဲ့ပြီ။ စ၊ လွတ်စေရုံသာ မကသေး။ အဟံ၊ သည်။ ကမ္မာသပါဒမ္ပိ၊ ပြောက်ကျားသော ခြေရှိသော စူဠပေါရိသာဒ ကိုလည်း။ ပသာဒယိ၊ ကြည်ညိုစေခဲ့ပြီ။ "ပသာဒယိ၊ လူသားဇီရှာင်ကြဉ် သီလယှဉ်အောင် ကြည်လင်စေတော်မူရပြီ"ဟု ဆရာတို့ ပေးတော်မူကြသည်။]

ပန၊ ဝါဒန္တရကား။ ကေစိ၊ အချို့ဆရာတို့သည်။ ဓ ကာရေနေဝ၊ ဓ အောက်ခြိုက် အက္ခရာဖြင့်ပင်။ အတ္ထံ၊ ကို။ ဝဏ္ဏယန္တိ၊ ကုန်၏။ ကိရ၊ ခဲ့။ (ကနည်း)ကိရ(ယသ္မာ)၊ ကြောင့်။ ကုရုရဋ္ဌဝါသိနံ၊ ကုရုတိုင်း၌ နေကုန်

သော လူတို့၏။ ကုရုဝတ္တမဟုမှာ၊ ကုရုတိုင်းသားတို့၏ ကျင့်ဝတ်ဖြစ်သော ငါးပါးသီလတရားသည်။ တသို့၊ ထိုဇနပုဒ်၌။ ကမ္မာသော၊ ပြောက်ကျားသည်။ ဇာတော၊ ဖြစ်ပြီ။ တသ္မာ၊ ကြောင့်။ (ထိုသို့ ကုရုဝတ္တမဟုမှ၏ ပြောက်ပြောက်ကျားကျား ဖြစ်ရာ၏ အဖြစ်ကြောင့်။) တံ ဌာနံ၊ ထိုအရပ်ကို။(ဝုစ္စတိ-၌စပ်။) ဇတ္ထ၊ ဤအရပ်၌။ ကမ္မာသော၊ ပြောက်ကျားသော။ ဟုမှာ၊ ငါးပါးသီလတရားသည်။ ဇာတော၊ ပြီ။ ဣတိ၊ ကြောင့်။(ပြောက်ကျားသော ငါးပါးသီလဖြစ်ရာ၏ အဖြစ်ကြောင့်။) ကမ္မာသဓမ္မန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တတ္ထ၊ ထို ကမ္မာသဓမ္မ အရပ်၌။ နိဝိဋ္ဌနိဂမဿာပိ၊ တည်စေအပ်သော နိဂုံး၏လည်း။ ဇေတဒေဝ နာမံ၊ ဤ"ကမ္မာသဓမ္မ" ဟူသော အမည်သည်ပင်။(ဟောတိ၊ ၏။)ကသ္မာ၊ ကြောင့်။ ဘူမ္မဝစနေန၊ သတ္တမီ ဝိဘတ်ဖြင့်။("ကမ္မာသဓမ္မေ"ဟု သတ္တမီ ဝိဘတ်ဖြင့်။)(အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။) နံ ဝုတ္တံ၊ မလျှောက်အပ်သနည်း။ ဣတိ၊ ဤကား အဓိပ္ပာယ်တည်း။ အဝသေနောကာသတော၊ နေတော်မူရာအရပ် မဟုတ်သည်၏ အဖြစ်ကြောင့်။(ဘူမ္မဝစနေန၊ ဖြင့်။ နံ ဝုတ္တံ၊ အပ်။)

ကိရ၊ ခဲ့၏။ (တနည်း)ကိရ(ယသ္မာ)၊ ကြောင့်။ ဘဂဝတော၊ ၏။တသို့ နိဂမေ၊ ထို ကမ္မာသဓမ္မ နိဂုံး၌။ ဝသနောကာသော၊ နေရာအရပ်ဟူသော။ ကောစိ၊ တစုံတရပ်သော။ ဝိဟာရောနာမ၊ ကျောင်းတော်မည်သည်။ နာဟောသိ၊ မရှိ။ ပန၊ စင်စစ်ကား။ နိဂမဟော၊ မှ။ အပက္ကမ္မ၊ ဖဲ၍။ အညတရသ္မိံ၊ အမှတ်မရှိတခုသော။ ဥဒကသမုန္နေ၊ ရေနှင့်ပြည့်စုံသော။ ရမဏီယေ၊ မွေ့လျော်ဖွယ်ကောင်းသော။ ဘူမိဘာဂေ၊ မြေအဖို၌။ မဟာဝနသဏ္ဍော၊ ကြီးစွာသော

ကုရုစတ္တဝေမှော။ ။မြောတ်ကျန်းကို "ဥတ္တရကုရု"ဟု ခေါ်၏။ ထို ဥတ္တရကုရုကျန်းသားတို့သည် အမြဲအားဖြင့် ငါးပါးသီလ စောင့်ကြကုန်၏။မြောက်ကျန်းမှ လာသော လူတို့အား သားကြီးရတနာ ပေးအပ်သော အရပ်သည် ကုရုတိုင်း မည်၏။ ထို့ကုရုတိုင်းဝယ် နေကြသောအခါ၌လည်း မိမိတို့ရိုးရာဖြစ်သော ငါးပါးသီလကို အတော်ကြာအောင် သားစဉ်မြေးဆက်အတုလိုက်၍ စောင့်ရှောက်ကြကုန်၏။သို့ရာဝယ်အဆက်အတော်ကြာသောအခါ အရပ်ထုံးစံဖြစ်သော ထိုငါးပါးသီလ"ကုရုဓမ္မ"သည်ပြောက်ပြောက် ကျားကျား ဖြစ်လေတော့၏။ ထို့ကြောင့်–"ကုရုဝတ္တမဟုမှော တသ္မိံ ကမ္မာသော ဇာတော"ဟု ဆိုသည်။

ဘူမ္မဝစနေန ကသ္မာ။ ။အခြား သုတ္တန်တို့၌ ဤကဲ့သို့"ကမ္မာသဓမ္မ"ပုဒ်မျိုးကို (တရားဟောရာ ဌာနမျိုးကို) သတ္တမီ ဝိဘတ်ဖြင့် အရှင်အာနန္ဒာသုံးစွဲရှိ၏။ သို့ဖြစ်လျက် ဤနေရာ၌ကား သတ္တမီ ဝိဘတ်ဖြင့် မသုံးစွဲပဲ"ကမ္မာသဓမ္မံ နာမ ကုရုနံ နိဂမော"ဟု ပထမာပိဘတ်ဖြင့် သုံးစွဲအပ်ပါသနည်းဟု မေးသည်။

တောအုပ်သည်းအဟောသိ၊ ရှိပြီး၊ တတ္ထ၊ ထို တောအုပ်၌။ ဘဂဝါ၊ သည်။ တံ နိဂမံ၊ ထို ကမ္မာသမမ္မ နိဂုံးကို၊ ဂေါစရဂါမံ၊ ဆွမ်းခံရာကို။ ကတ္ဝာ၊ ၍။ ဝိဟာသိ၊ သီတင်းသုံးတော်မူပြီ။ တသ္မာ၊ ကြောင့်(ထိုသို့ မြတ်စွာဘုရား၏ ကြီးစွာသောတောအုပ်ဝယ် ကမ္မာသမမ္မ နိုးဂုံကို ဆွမ်းခံရှာပြု၍ သီတင်းသုံးတော်မူရာ၏ အဖြစ်ကြောင့်။) ဧဝံ၊ ဤ ဆိုအပ်လတ္တံ့သော နည်းဖြင့်။ ဧတ္ထ၊ ဤ"ကမ္မာသမမ္မံ နာမ ကုရုနံ နိဂမော"ဟူသော ပါဠိ၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။(ကိံ၊ နည်း။) ကုရုသု၊ ကုရု ဟု ဗဟုဝုစ်အမည်ရ သော ဇနပုဒ်၌။ ကမ္မာသမမ္မံ နာမ၊ မည်သော။ ကုရုနံ၊ ကုရု ဟု ဗဟု ဝုစ်အမည်ရသော ဇနပုဒ်၏။ နိဂမော၊ သည်။ (အတ္ထိ။)တံ၊ ထို နိဂုံးကို။ ဂေါစရဂါမံ၊ ဆွမ်းခံရွာကို။ ကတ္ဝာ၊ ၍။ ဝိဟာရတိ၊ မူ၏။ ဣတိ၊ သို့။ (အတ္ထော၊ ဝေဒိတဗ္ဗော။)

အာယသ္မာတိ ဧတံ၊ ဟူသော ဤ သဒ္ဒါသည်။ ပိယဝစနံ၊ ချစ်အပ်သူကို ပြောဆိုကြောင်းသဒ္ဒါတည်း။ ဝါ၊ ချစ်ဖွယ်စကားတည်း။ ဧတံ၊ ဤ အာယသ္မာ ဟူသောသဒ္ဒါသည်။ ဂါရဝ ဝစနံ၊ ရိုသေခြင်းအားဖြင့် ပြောဆို ကြောင်း သဒ္ဒါတည်း။ ဝါ၊ အရိုအသေ စကားတည်း။ [ဤနှစ်ပုဒ်၏ အဓိပ္ပါယ်ကို ပါရာဇိကဏ် ဘာသာဋီကာ အဋ္ဌတ္တိကနိဒါန်း ဝေရဉ္ဇကဏ္ဍ အဖွင့်၌ ပြခဲ့ပြီ။] အာနန္ဒောတိ၊ အာနန္ဒ ဟူသောအမည်သည်။ တဿ ထေရဿ၊ ထို ထေရ်၏။ နာမံ၊ အမည်တည်း။ ဧကမန္တန္တိ၊ ဧကမန္တံ ဟူသော ဤသဒ္ဒါသည်။ ဘာဝနပုံသကနိဒ္ဒေသော၊ ဘာဝနပုံသက ကို ညွှန်ပြကြောင်းသဒ္ဒါတည်း။ ဝါ၊ ကြိယာ၌ စပ်ထိုက်သော နပုံလိင်ရှိသော ညွှန်ပြအပ်သော သဒ္ဒါတည်း။ (ကော ဝိယ၊ အဘယ်သဒ္ဒါ ကဲ့သို့နည်း။) "ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ"တိ အာဒိသု၊ အစရှိသော ပါဠိရပ်တို့၌။ (ဝိသမံ သဒ္ဒါ) ဝိယ၊ ဝိသမံ သဒ္ဒါကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ (ထိုသို့ ဧကမန္တံ သဒ္ဒါ၏ ဘာဝနပုံသက နိဒ္ဒေသ၏ အဖြစ်ကြောင့်။) ယဏာ၊ အကြင် အခြင်းအရာအားဖြင့်။ နိသိန္နော၊ ထိုင်နေသည်။ (သမာနော၊ သော်။) ["နိသိန္နော"မပါသော်လည်း "ယထာ၊ အကြင် အခြင်းအရာ အားဖြင့် ထိုင်နေလတ်သော်"ဟု လက္ခဏ အနက်ပေးရမည်သာ။] ဧကမန္တံ၊ သင့်တင့်လျောက်ပတ် တခုသောအရပ်အဖို့၌ ထိုင်နေသည်မည်လောက်အောင်။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ ၏။ တထာ၊ ထို အခြင်းအရာ အား ဖြင့်။ (ဧကမန္တံ နိသိန္နော ဖြစ်လောက်အောင်သော အခြင်းအရာအားဖြင့်။) နိသီဒိ၊ ထိုင်နေပြီ။ ဣတိ ဧဝံ၊ သို့။ ဧတ္ထ၊ ဤ"ဧကမန္တံ နိသီဒိ"ဟူသော

ပါဋ္ဌိ။ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဝါ၊ တနဲ့ည်း။ ငတံ၊ ဤ ကေမန္တံ သဒ္ဒါသည်။ ဘုမ္မတ္ထေ၊ သတ္တမီ ဝိဘတ်၏ အနက်၌။ ဥပယောဂဝစနံ၊ ဒုတိယာ ဝိဘတ်ရှိသော သဒ္ဒါတည်း။ [ဤအလို "ငကေမန္တံ၊ သင့်တင့် လျောက်ပတ် တခုသောအရပ်အဖို့၌"ဟု ပေးပါ။] နိသီဒီ တိ၊ ကား။ ဥပါဝိသိ၊ ကပ်ဝင်ပြီ။ ဟိ၊ ခဲ့။ ပဏ္ဍိတော၊ ကောင်းစွာဖြစ်သော ပညာဉာဏ် ရှိသူတို့သည်။ [သဥ္ဇာဂအာဿတ္ထိ အနက်၌ ဣတပစ္စည်း။] ဂရုဋ္ဌာနိယံ၊ အလေး ပြုအပ်သူ၏ တည်ရာအရပ်သို့။ ဥပသင်္ကမိတ္တာ၊ သွား၍။ (ဝါ၊ သွားလတ်သော်။) အာသနကုသလတာယ၊ ထိုင်နေခြင်း၌ ကျွမ်းကျင်သည်၏ အဖြစ်ကြောင့်။ ကေမန္တံ၊ သင့်တင့်လျောက်ပတ် တခုသောအရပ်အဖို့၌။ နိသီဒန္တိ၊ ကုန်၏။ အယဉ္စ၊ ဤ အရှင်အာနန္ဒာသည်လည်း။ တေသံ၊ ထို အာသန ကုသလ ပုဂ္ဂိုလ်တို့တွင်။ အညတရော၊ တပါး အပါအဝင်တည်း။ တသ္မာ၊ ကြောင့်။ (ထိုသို့ အရှင်အာနန္ဒာ၏ အာသနကုသလတို့တွင် တပါးအပါ အဝင်၏ အဖြစ်ကြောင့်။) ကေမန္တံ၊ ၌။ နိသီဒိ၊ ပြီ။ (ကေမန္တံ ၌ အနက် သဒ္ဒါ ကောင်းသော အနက်ဟော။ ဤပုဒ်တို့၏ အဓိပ္ပါယ်ကိုလည်း ပါရာဇိကဏ် ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍ ၌ပင် ပြခဲ့ပြီ။)

ပန၊ ပရိဟာရပက္ခ မှတပါး စောဒကပက္ခ ကို ဆိုဦးအံ့။ ကထံ၊ အဘယ်သို့။ ဝါ၊ အဘယ် အခြင်းအရာအားဖြင့်။ နိသိန္နော၊ ထိုင်သောပုဂ္ဂိုလ်သည်။ ကေမန္တံ၊ အောင်။ ဝါ၊ ၌။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ နည်း။ ဣတိ၊ ဤကား အမေးတည်း။ ဆ၊ဖ-ပါးကုန်သော။ နိသဇ္ဇဒေါသေ၊ ထိုင်ခြင်း၏ အပြစ်တို့ကို။ [နိသဇ္ဇနံ နိသဇ္ဇာ၊ (နိ+သဒ+ဏျု။) နိသဇ္ဇာယ+ဒေါသာ နိသဇ္ဇဒေါသာ။] ဝဇ္ဇေတ္ဝာ၊ ရှောင်ကြဉ်၍။ (နိသိန္နော၊ ထိုင်သော ပုဂ္ဂိုလ်သည်။ ကေမန္တံ၊ အောင်။ ဝါ၊ ၌။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤကား အဖြေတည်း။) သေယျထိဒံ၊ ထို ဖ-ပါးသော အပြစ်တို့ဟူသည် အဘယ်နည်း။ (တနည်း) ဣဒံ (ဣမေ)၊ ဤ ဖ-ပါးသော အပြစ်တို့သည်။ သေယျထာ၊ အဘယ်တို့နည်း။ အတိဒူရံ၊ အလွန်ဝေးသော အရပ်လည်းကောင်း။ ဝါ၊ အလွန်ဝေးသော အရပ်၌ ထိုင်နေခြင်းလည်းကောင်း။ (နောက်၌လည်းနည်းတူ။) အစ္ဆာသန္နံ၊ အလွန်နီးသော အရပ်လည်းကောင်း။ ဥပရိဝါတံ၊ လေညာ အရပ်လည်းကောင်း။ ဝါ၊ လေတင် အရပ်လည်းကောင်း။ ဥန္နတပပွဒေသံ၊ မြင့်သော အရပ်လည်း ကောင်း။ အတိသမ္မုခံ၊ အလွန်ရှေးရှု အရပ်လည်းကောင်း။ အတိပစ္ဆာ၊ အလွန်နောက်ကျသော အရပ်လည်းကောင်း။ ဣတိ၊ ဤသည် တို့တည်း။

["ကေမန္တံ၊ ဝေး နီး လေညာ၊ မြင့်မောက်ရာနှင့်၊ မျက်နှာချွေဘက်၊ နောက်ကြောဘက်ဟု၊ ၆-ချက်မလျော်၊ သင့်မတော်သဖြင့်၊ သင့်လျော်ကောင်းမြတ်၊ တခုသောအရပ်အဖို့၌" ဟု အကျယ်ပေး။]

ဟိ၊ ခဲ့၏။ အတိဒုရေ၊ အလွန်ဝေးသောအရပ်၌။ နိသိန္နော၊ ထိုင်သောပုဂ္ဂိုလ်သည်။ ကထေတုကာမော၊ ပြောဆိုခြင်းငှာ အလိုရှိသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (ဧဝံ သတိ၊ သော်။) ဥစ္စာသဒ္ဒေန၊ မြင့်သော အသံဖြင့်။ ဝါ၊ ကျယ်သော အသံဖြင့်။ ကထေတဗ္ဗံ၊ ပြောရာသည်။ ဝါ၊ ဓပြောရသည်။ ဟောတိ၊ ၏။ အစ္စာသန္နေ၊ ၌။ နိသိန္နော၊ သည်။ သဿ်ဒ္ဒနံ၊ ထိခိုက်ခြင်းကို။ ကရောတိ၊ ပြု၏။ ဥပရိဝါတော၊ ၌။ ဝါ၊ ၌။ နိသိန္နော၊ သည်။ (ဂရုံ၊အလေးပြုအပ်သော ပုဂ္ဂိုလ်ကို။) သရီရဂန္ဓေန၊ ကိုယ်အနံ့ဖြင့်။ ဗာဓတိ၊ နှိပ်စက်၏။ ဝါ၊ နှိပ်စက်ရာရောက်၏။ ဥန္နတပဝဒေသေ၊ ၌။ နိသိန္နော၊ သည်။ အဂါရဝံ၊ မရိုဇသခြင်းကို။ ပကာသေတိ၊ ထင်ရှားပြ၏။ အတိသမ္မုခါ၊ ၌။ နိသိန္နော၊ သည်။ (ဂရုံ၊ ကို။) ဒဋ္ဌကာမော၊ ကြည့်ခြင်းငှာ အလိုရှိသည်။ သစေ ဟောတိ၊ အံ့။ (ဧဝံ သတိ။) စက္ခုနာ၊ မိမိမျက်လုံးဖြင့်။ စက္ခုံ၊ လေးစားထိုက်သူ၏ မျက်လုံးကို။ (တနည်း) စက္ခုနာစက္ခုံ၊ မျက်လုံးချင်းချင်း။ ဗာဟာစ္ဆ၊ ထိခိုက်၍။ ဒဋ္ဌုံ၊ ကြည့်ရှုရာသည်။ ဝါ၊ ကြည့်ရှုရသည်။ ဟောတိ။ အတိပစ္ဆာ၊ ၌။ နိသိန္နော၊ သည်။ (ဂရုံ၊ ကို။) ဒဋ္ဌကာမော၊ သည်။ သစေ ဟောတိ၊ အံ့။ (ဧဝံသတိ။) ဂိဝံ၊ လည်ကို။ ပရိဝတ္တေတ္ဝာ၊ လည်စေ၍။ ဒဋ္ဌုံ၊ ရာသည်။ ဝါ၊ ရသည်၊ ဟောတိ။ တသ္မာ၊ ကြောင့်။ (ထိုသို့အပြစ် ၆-ပါး၌သောကြောင့်။) အယမ္ပိ၊ ဤ အရှင်အာနန္ဒာသည်လည်း။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဘဂဝန္တံ၊ ကို။ပဒက္ခိဏံ၊ အရိုအသေကို။ ကတ္ဝာ၊ ၍။ သက္ကစ္စံ၊ ကောင်းစွာပြု၍။ ဝါ၊ လေးလေးစားစား။ ဝန္ဒိတ္ဝာ၊ ရှိခိုးဝတ်ချ၍၊ ဆ၊ ကုန်သော။ ဧတေ နိသဇ္ဇ ဒေါသေ၊တို့ကို။ ဝဇ္ဇေတ္ဝာ၊ ရှောင်ကြဉ်၍။ ဒက္ခိဏဇာဏုမဏ္ဍလဿ၊ လက်ယာပုဆစ်ဒူးဝန်း၏။ အဘိမုခဋ္ဌာနေ၊ ရှေးရှုဖြစ်သော အရပ်၌။ ဆဗ္ဗဏ္ဏာနံ၊ ၆-ပါးသောအဆင်းရှိကုန်သော။ ဗုဒ္ဓရဿိနံ၊ ဘုရားရောင်ခြည်တော်တို့၏။[အမြဲထွက်နေ၌သောဗျာမပဘာရောင်ခြည်ဟော်တို့ကို ဆိုသည်။]အန္တော၊ အတွင်းသို့။ ပဝိသိတ္ဝာ၊ ဝင်၍။ ပဿန္တလ ခါရသံ၊ ကြည်လင်လော ချိပ်ရည်သို့။ ဝိဂါဟန္တော ဝိယ၊ သက်ဝင် နစ်မြုပ်သူးသည် ကဲ့သို့လည်းကောင်း။[ဂါဟူ၊ ဓာတ်။] သုဝဏ္ဏပဋ္ဋံ၊ ရွှေပုဆိုးကို။ ပါရုပန္တော ဝိယ၊ ခြုံရသူသည် ကဲ့သို့လည်းကောင်း။ ရတ္တာပ္ပလမာလာဝိတာနမဏ္ဍံ၊ ကြာနီပန်းတို့၏ ဗိတန်မျက်နှာကြက် အလယ်သို့။ ပဝိသန္တော ဝိယ စ၊ ဝင်သူသည် ကဲ့သို့လည်းကောင်း။

ဓမ္မဘဏ္ဍာဂါရိကော၊ တရားရတနာ ဘဏ္ဍာတိုက်စိုး ဖြစ်တော်မူသော။ အာယသ္မာ အာနန္ဒော၊ သည်။ နိသီဒိ၊ ပြီ။ တေန၊ ကြောင့်။ ကေမန္တံ နိသီဒိတိ၊ ဒိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန။) ဝုတ္တံ၊ လျှောက်အပ်ပြီ။

ပန၊ ပရိဟာရ။ပ။အံ့။ ကာယ ဝေလာယ၊ အဘယ်အချိန်၌။ ကေန ကာရဏေန၊ အဘယ် အကြောင်းကြောင့်။ အယံ အာယသ္မာ၊ ဤ အရှင် အာနန္ဒာသည်။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမန္တော၊ ချဉ်းကပ်သနည်း။ဣတိ၊ ဤကား အမေးတည်း။ သာယန္ဟဝေလာယံ၊ ညနေချမ်း အခါ၌။ ပစ္စယာ ကာရပဥ္ဥပုစ္ဆနကာရဏေန၊ ပဋိစ္စသမုပ္ပါဒ်ပြဿနာကို မေးလျှောက်လိုခြင်း ဟူသော အကြောင်းကြောင့်။(ဥပသင်္ကမန္တော၊ ချဉ်းကပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤကား အဖြေတည်း။)[ရှေး စာအုပ်တို့၌ "ပစ္စယာကာရပဥ်" ဟုရှိ၏၊ ပုစ္ဆနံ-၌ ယု ပစ္စည်း၏ ကံဖြစ်သောကြောင့် မကောင်းလှ။] ကိရ၊ ခဲ့။ တံ ဒိဝသံ၊ ထိုနေ့၌။ အယံ အာယသ္မာ၊ ဤအရှင်အာနန္ဒာ သည်။ ကုလသင်္ဂဟတ္ထာယ၊ အမျိုးတို့ကို ချီးမြှောက်ခြင်းအကျိုးငှာ။ဃရဒ္ဒါ ရေ ဃရဒ္ဒါရေ၊ အိမ်တံခါးပေါက် အိမ်တံခါးပေါက်တိုင်း၌။ သဟဿ ဘဏ္ဍိကံ၊ အသပြာတထောင်ရှိသော ဘဏ္ဍာထုပ်ကို။ နိက္ခိပန္တော ဝိယ၊ ချ ထားသကဲ့သို့။[ထိုအိမ်၌ ဆွမ်းခံခြင်းသည် အိမ်သူ အိမ်သားတို့အား ကုသိုလ် တရားတို့ကို တိုးပွားစေသောကြောင့် အသပြာထောင်ထုပ်ကို ချထားခြင်းနှင့် တူသည်။]ကမ္မာသဓမ္မဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှာ။ စရိတ္ဒာ၊လှည့်လည်ပြီး၍။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းဘုဉ်းပေးရာအရပ်မှ ဖဲခဲ့ပြီးသည်။(ဟုတ္ဒာ။)သတ္ထု၊ မြတ်စွာဘုရား၏ အပေါ်၌။ ဝတ္တံ၊ ကျင့်ဝတ်ကို။ ဒဿေတ္ဒာ၊ ပြပြီး၍။ သတ္ထရိ၊ သည်။ ဂန္ဓကုဋိ၊ သို့။ ပဝိဋ္ဌေ၊ ဝင်တော်မူပြီးလတ်သော်။ သတ္ထာရံ၊ ကို။ ဝန္ဒိတ္ဒာ၊ ၍။ အတ္တနော၊ မိမိ၏။ ဒိဝါဋ္ဌာနံ၊ နေ့ နေရာအရပ်သို့။ ဂန္တွာ၊ ၍။ အန္တေဝါသိကေသု၊ အနီးနေတပည့်တို့သည်။ ဝတ္တံ၊ ကို။ဒဿေ တ္ဒာ၊ ၍။ ပဋိက္ကန္တေသု၊ ဖဲသွားကုန်ပြီးလတ်သော်၊ ဒိဝါဋ္ဌာနံ၊ ကို။ ပဋိ သမ္မဇ္ဇိတ္ဒာ၊ တဖန်တံမြက်လှည်းပြီး၍။(အန္တေဝါသိက တို့ လှည်းအပ်ပြီးသော အရပ်ကို သေသေသပ်သပ်ဖြစ်အောင် တဖန်ထပ်ကာ တံမြက်လှည်းပြီး၍။) စမ္မက္ခဏ္ဍံ၊ သားရေပိုင်းကို။ ပညပေတ္ဒာ၊ ခင်းပြီး၍။ ဥဒကတုမ္ဗတော၊ ရေဗူးမှ။ ဥဒကံ၊ ကို။ ဂဟေတ္ဒာ။ ၍။ ဥဒကေန၊ဖြင့်။ ဟတ္ထပါဒေ၊လက်ခြေတို့ကို။ သီတ လေ၊ အေးသည်တို့ကို။ ကတ္ဒာ၊ ၍။ ပလ္လင်္ကံ၊ ထက်ဝယ်တင်ပျဉ်ကို။ အာ ဘုဇိတ္ဒာ၊ ဖွဲ့ခွေ၍။ နိသိန္နော၊ ထိုင်နေသည်။ (ဟုတ္ဒာ။) သောတာပတ္တိ ဖလသမာပတ္တိံ၊ သို့။ သမာပဇ္ဇိ၊ ကောင်းစွာရောက်ပြီ။ ဝါ၊ ဝင်စားပြီ။

[ကျွန်နော်၌ သောတာပန်ပုဂ္ဂိုလ်၏ ဖလသမာပတ် ဝင်စားပုံကို သတိပြုခဲ့ပါ။]

အထ၊ ဝင်စားပြီးရာ ထိုအခါ၌။ ပရိစ္ဆိန္နကာလဝသေန၊ပိုင်းခြားအပ်သောကာလ၏ အစွမ်းဖြင့်။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ ပစ္စယာကာရေ၊ ပစ္စည်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာ၌။ ဉာဏ်၊ ဉာဏ်ကို။ ဩတာရေသိ၊ သက်ဝင်စေပြီ။ သော၊ ထို အရှင်အာနန္ဒာသည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ တိ၊ ဟူ၍။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ အန္ဓံ၊ အဆုံးသို့လည်းကောင်း။ (ပါပေန္တော-၌ စပ်။) အန္ဓတော၊ အဆုံးမှ။ ပဋ္ဌာယ၊ ၍။ အာဒိ၊ အစသို့လည်းကောင်း။ ဥဘယန္တိတော၊ နှစ်ဘက်သော အစအဆုံးအစွန်းမှ။ ပဋ္ဌာယ၊ ၍။ မဇ္ဈံ၊ အလယ်သို့လည်းကောင်း။ မဇ္ဈတော၊ မှ။ ပဋ္ဌာယ၊ ၍။ ဥဘော၊ နှစ်ဘက်ကုန်သော။ အန္တေ၊ အဆုံးအစွန်တို့သို့လည်းကောင်း။ ပါပေန္တော၊ ရောက်စေလျက်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဒွါဒသ ပဒဲ၊ တစ်ဆယ့်နှစ်ပါးသော အဖို့အစုရှိသော။ ပစ္စယာကာရံ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ကို။ သမ္မသိ၊ သုံးသပ်ပြီ။ ဧဝံ၊ သို့။ တဿ၊ထို အရှင်အာနန္ဒာ၏ (ဉာဏ်၌)။ (ဥပဋ္ဌာသိ-၌စပ်။) (တနည်း) ဧဝံ၊ သို့။ တဿ၊ ထိုအရှင်အာနန္ဒာသည်။ သမ္မသန္တိဿ၊ သုံးသပ်လတ်သော်။ ပစ္စယာကာရော၊ ပဋ္ဌိစ္စသမုပ္ပါဒ်သည်း ဝိဘူတော၊ ထင်ရှားသည်။ ဟုတ္ဝာ။ ဥတ္တာနကုတ္တာနကော ဝိယ၊ ပေါလွင်ထင်ရှား ပေါလွင်ထင်ရှားသကဲ့သို့။ ဝါ၊ အလွန် ပေါလွင်ထင်ရှားသကဲ့သို့။ ဥပဋ္ဌာသိ၊ ထင်လာပြီ။

တတော၊ ထိုမှ နောက်၌။ စိန္တေသိ၊ ပြီ။ (ကိ။) အယံ ပစ္စယာကာရော၊ ကို။ သဗ္ဗဗုဒ္ဓဟိ၊ တို့သည်။ ဂမ္ဘီရော စေဝ ဂမ္ဘီရဝဘာဓသော စာတိ၊ ဟူ၍။ ကထိတော၊ ဟောတော်မူအပ်ပြီ။[ဂမ္ဘီရော စေဝ၊ နက်လည်းနက်၏။ ဂမ္ဘီရဝဘာသော စ၊ နက်သည်ဖြစ်၍လည်း ထင်ရှား၏။] ပန၊ ထိုသို့ ''ဂမ္ဘီရော စေဝ ဂမ္ဘီရဝဘာသော စ'' ဟု ဟောတော်မူအပ်ပါသော်လည်း။ ပဒေသဉာဏော၊ အစိတ်အပိုင်းဖြစ်သော ဉာဏ်၌။ ဋ္ဌိတဿ၊ တည်သော။ သာဝကဿ၊

တိက္ခတ္တုံ။ ။''အာဒိတော ပဋ္ဌာယ အန္တံ'' စသည်ဖြင့် ပြအပ်သောနည်းကား ဧလေးနည်းတည်း၊ ထိုဧလေးနည်းလုံးကိုပင် သုံးကြိမ် သုံးဖန်ထပ်၍ သုံးသပ်သောကြောင့် ''တိက္ခတ္တုံ သမ္မသိ'' ဟု ဆိုသည်။ ဤသို့ သုံးကြိမ် လေးလိုဖြစ်သောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဆယ့်နှစ်မျိုး သုံးသပ်ကြောင်းကို ပြသည်။ [တိက္ခတ္တုန္တိ အာဒိတော ပဋ္ဌာယ အန္တန္တိ အာဒိနာ ဝုတ္တစတုရာကာရပသဒ္ဓိတော တယော ဝါရေ၊ တေနသဒ္ဒါဒသက္ခတ္တုံ သမ္မသိတဘာဝေ မာဟ။-ဋီကာ။]

သာဝကဖြစ်၍။ သတော၊ ဖြစ်သော။ မယှံ၊ ငါ၏ဉာဏ်၌။ ဥတ္တာနော၊ ထွက်သွားသော အကျယ်ချဲရခြင်းရှိသည်။ ဝါ၊ အကျယ်ချဲဖွယ် မလိုသည်။ ["ဥဂ္ဂတော+တာနော ယသ္မာတိ ဥတ္တာနော"။] ဝိဘူတော၊ ပေါ်လွင်သည်။ ပါကဋော၊ ထင်ရှားသည်။ ဟုတ္ဝာ။ ဥပဋ္ဌာတိ၊ ထင်၏။ [ဥတ္တာနော စသော သုံးပုဒ်သည် ပရိယာယ်ပုဒ်များတည်း။ သို့သော်-မြန်မာအနက်အားဖြင့် ကွဲအောင်ပေးလိုက်ပါသည်။] ဧသ (ဧသော)၊ ဤ ပဋိစ္စသမုပ္ပါဒ်သည်။ မယှံ ယေဝ၊ ငါ၏ ဉာဏ်၌သာ။ ဥတ္တာနကော၊ ပေါ်လွင်ထင်ရှားသည်။ ဟုတ္ဝာ။ ဥပဋ္ဌာတိ နုခေါ၊ ထင်လေသလော။ ဥဒါဟု၊ သို့မဟုတ်။ အညေသမ္ပိ၊ ငါမှတပါး အခြားသောပုဂ္ဂိုလ်တို့၏ ဉာဏ်၌လည်း။ (ဥတ္တနကော ဟုတ္ဝာ ဥပဋ္ဌာတိ နုခေါ။) ဣတိ (စိန္တေသိ။) အထ၊ ကြံပြီးရာ ထိုအခါ၌။ အဿ၊ ထို အရှင်အာနန္ဒာ၏။ ဧတံ၊ ဤ အကြံသည်။ အဟောသိ၊ ဖြစ်ပြန်ပြီ။ (ကိံ။) ဟန္ဒ၊ ယခု။ အဟံ၊ သည်။ ဣမံ [ပဥ္ဥံ၊ ဤပြဿနာကို။ ဝါ၊ သိခြင်းငှာ အလိုရှိအပ်သော ဤ အကြောင်းအရာကို။ ပဥ္ဥဓာတ်၏ ဣစ္ဆာအနက်ကိုယူသည်။] ဂဟေတ္ဝာ၊ ၍။ ဘဂဝန္တံ၊ ကို။ ပုစ္ဆာမိ၊ အံ့။ အဒ္ဓါ၊မချတ်ကေန်။ မေ၊အား။ (ကထေတ္ဝာ ဒဿေဿတိ-၌ စပ်။) ဝါ၊ ၏။ (ဣမံ-၌ စပ်။) ဘဂဝါ၊ သည်။ ဣမံ၊ ဤ ပြဿနာကို။ အတ္ထုပ္ပတ္တိံ၊ ဖြစ်ပေါ်လာသော အကြောင်းဝတ္ထုကို။ ကတ္ဝာ၊ ၍။ သာလိန္ဒံ၊ အာလိန်ငါးဆင့်နှင့် တကွဖြစ်သော။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ဥက္ခိပန္တော ဝိယ၊ မြှောက်သကဲ့သို့။ ဧကံ၊ တမျိုးသော။ သုတ္တန္တကထံ၊ သုတ္တန်စကားတော်ကို။ ကထေတ္ဝာ၊ ဟောတော်မူ၍။ ဒဿေဿတိ၊ ပြတော်မူလတ္တံ့။ ဟိ၊ မှန်။ ဗုဒ္ဓါနံ၊ တို့၏။ ဝိနယပညတ္တိံ၊ ဝိနည်းပညတ်တော်လည်းကောင်း။ ဘုမ္မန္တရံ၊ ဘုံအပိုင်းအခြားလည်းကောင်း။ ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်လည်းကောင်း။ သမယန္တရံ၊ တပါးသော အယူလည်းကောင်း။ ဣတိ၊ သို့။ စတ္တာရိ၊ ကုန်သော။ ဣမာနိ ဌာနာနိ၊ ဤ အကြောင်းအရာတို့သို့။ ပတ္ဝာ၊ ရောက်၍။ ဝါ၊ လတ်သော်။ ဂဇ္ဇိတံ၊ ကြုံးဝါးတော်မူအပ်သော ဒေသနာတော်သည်။ မဟန္တံ၊ ကြီးကျယ်သည်။ ဟောတိ။ ဉာဏံ၊ ဒေသနာဉာဏ်သည်။ အနုပဝိသတိ၊ ဒေသေတဗ္ဗဓမ္မသို့ အစဉ်ဝင်သွား၏။ ဗုဒ္ဓဉာဏဿ၊ ၏။ မဟန္တဘာဝေါ၊ ကြီးကျယ်သည်၏ အဖြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဒေသနာ၊ တော်သည်။ တိလက္ခဏဗ္ဘာဟတာ၊ လက္ခဏာသုံးရပ်ဖြင့် အမှတ်တံဆိပ်ခတ်နှိပ်အပ်သည်။ သုညတပဋိသံယုတ္တာ၊ သုညတနှင့် စပ်ယှဉ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ (ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ပြီ။) [ဗုဒ္ဓါနံ ဟိ မှ

စ၍ သုညတပဋိသံယုတ္တာ တိုင်သောပုဒ်တို့၏ အဓိပ္ပါယ်ကို သီလက္ခန်ဘာသာဋီကာ ဗြဟ္မဇာလသုတ် ပုဗ္ဗန္တကပ္ပိကကထာ အဖွင့်၌ ပြခဲ့ပြီ။]

(ဣတိ၊ ဤသို့ ကြံပြီး၍။) သော၊ ထို အရှင်အာနန္ဒာသည်။ ပကတိယာဝ၊ ပင်ကိုအားဖြင့်ပင်။ ဝါ၊ ရိုးရိုးအားဖြင့်ပင်။ ကေဒိဝသေ၊ တနေ့၌။ ဝါ၊ တနေ့လျှင်။ သတဝါရမ္ပိ၊ အကြိမ်တရာ ပတ်လုံးသော်လည်းကောင်း။ သဟဿဝါရမ္ပိ၊ အကြိမ်တထောင် ပတ်လုံးသော်လည်းကောင်း။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမန္တော၊ ချဉ်းကပ်လတ်သော်။ အဟေတု၊ အကြောင်းမရှိပဲ။ အ ကာရဏေန၊ ကိစ္စမရှိပဲ။ ကိဉ္ဇာပိ နဥပသင်္ကမတိ၊ အကယ်၍ကား မချဉ်းကပ်ပါပေ။ ပန၊ ထိုသို့ အကြောင်းမရှိပဲ မချဉ်းကပ်ပါသော်လည်း။ တံ ဒိဝသံ၊ ထိုနေ့၌။ ဣမံ ပဉ်၊ ဤ ပဋိစ္စသမုပ္ပါဒ် ပြဿနာကို။ ဂဟေတွာ၊ ၍။ ဗုဒ္ဓဂန္ဓဟတ္ထိံ၊ ဘုရားတည်းဟူသော ဂန္ဓဟတ္ထိဆင်တော်သို့။ အာပဇ္ဇ၊ ရောက်၍။ ဣမံ ဉာဏကောဋ္ဌနာဒံ၊ ဤ ဉာဏ်တော်တည်းဟူသော ကြိုးကြာသံကို။ သောဿာမိ၊ နားထောင်ရတော့အံ့။ [ဆင်၏အသံကို 'ကောဋ္ဌနာဒံ'ဟု ခေါ်၏။] ဗုဒ္ဓသီဟံ၊ ဘုရားတည်းဟူသော ခြသေ့်မင်းသို့။ အာပဇ္ဇ၊ ၍။ (ဣမံ) ဉာဏသီဟနာဒံ၊ ဤ ဉာဏ်တော်တည်းဟူသော ခြသေ့်ဟောက်သံကို။ သောဿာမိ၊ အံ့။ ဗုဒ္ဓသိန္ဓဝံ၊ ဘုရားတည်းဟူသော သိန္ဓောမြင်းသို့။ အာပဇ္ဇ၊ ၍။ (ဣမံ) ဉာဏပဒဝိက္ကမံ၊ ဤ ဉာဏ်တော်တည်းဟူသော ခြေလှမ်းပုံကို။ ပဿိဿာမိ၊ ကြည့်ရတော့အံ့။ ဣတိ၊ သို့။ စိန္တေတွာ၊ ၍။ ဒိဝါဌာနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ စမ္မက္ခဏ္ဍံ ကို။ ပပ္ပေါဋေတွာ၊ ခါ၍။ အာဒါယ၊ ယူ၍။ သာယန္ဒသမယေ၊ ၌။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမိ၊ ပြီ။ တေန၊ ကြောင့်။ သာယန္ဒဝေလာယံ။ပ။ဥပသင်္ကမန္တောတိ၊ ဟူ၍။(မယာ၊ ဟေဌာ။) ဝုတ္တံ၊ ဆိုအပ်ပြီ။ (ဆိုခဲ့ပြီ။)

ယာဝ ဂမ္ဘီရောတိ ဇတ္ထ၊ ဟူသော ဤပါဌ်၌။ ယာဝ သဒ္ဒေါ၊ ယာဝ သဒ္ဒါသည်။ ပမာဏာတိက္ကမေ၊ အတိုင်းအရှည်ကို လွန်ခြင်း အနက်၌။ (ဟောတိ၊ ၏။) [ပမာဏာတိက္ကမေ၊ ၌။ ပဝတ္တော၊ သော။ နိပါတော၊ တည်း။–ဟု ဆရာတို့ အနက်ပေးကြ၏။]ပမာဏံ၊အတိုင်းအရှည်ကို။အတိက္ကမ္မ၊

ယာဝ ဂမ္ဘီရော။ ။ယာဝသဒ္ဒါ၏ ပမာဏာတိက္ကမ္မ အနက်ကို ယူ၍ စကားပြောရာ၌ "အလွန်"သုံးကြသည်။ ထို အလွန်ဟူသည် ရှိသင့်သော အတိုင်းအရှည်ထက် ပိုလွန်ခြင်းတည်း။ ထို့ကြောင့် အဋ္ဌကထာ၌ "အတိဂမ္ဘီရောတိ အတ္ထော"ဟု အဖြောင့်အနက်ကို ဖွင့်သည်။ [ပမာဏာတိက္ကမေတိ အပရိမာဏတ္ထေ၊ အတိုင်းအရှည်မရှိ ဟူသော အနက်၌ဖြစ်၏။ (အဘယ်ကဲ့သို့နည်း။) "ယာဝဋ္ဌိဒံ တေန ဘဂဝတာ"တိ အာဒီသု

လွန်၍။ ဂမ္ဘီရော၊ နက်နဲ၏။ အတိဂမ္ဘီရော၊ အလွန်နက်နဲ၏။ ဣတိ အတ္ထော။ ဂမ္ဘီရာ ဝဘာသေါတိ၊ ကား။ ဂမ္ဘီရော၀၊ နက်နဲသည်သာလျှင်။ ဟုတ္ဝာ၊ ၍။ အ၀ဘာသတိ၊ ထင်ရှား၏။ ဒိဿတိ၊ ထင်ရှား၏။ ဣတိ အတ္ထော။ဟိ၊ခဲ့။ ဧကံ၊ အချို့သောရေသည်။ ဥတ္တာနမေ၀၊ တိမ်သည်သာလျှင်။(သမာနံ၊ ပါလျက်။) ဂမ္ဘီရာ၀ဘာသံ၊ နက်သည်ဖြစ်၍ ထင်ရှားသည်။ ၀ါ၊ နက်သကဲ့သို့ ထင်ရသည်။ ဟောကိ၊ ၏။ (ကိမိ၀၊ အဘယ်ကဲ့သို့နည်း။) ပူတိပဏ္ဏာဒိ၀သေန၊ သစ်ရွက်ပုပ် အစရှိသည်တို့နှင့် စပ်သဖြင့်။ ကာဠ၀ဏ္ဏပုရာဏဥဒကံ၊ မည်းနက်သောအဆင်းရှိသော ရေဟောင်းသည်။ (ဥတ္တာနံ၊ သည်။ သမာနံ၊ လျက်။ ဂမ္ဘီရာ၀ဘာသံ၊ သည်။ ဟောတိ) ၀ိယ၊ ဖြစ်သကဲ့သို့တည်း။ ဟိ၊ မှန်။ တံ၊ ထို သစ်ရွက်ပုပ်တို့နှင့် စပ်သဖြင့် မည်းညစ်သောအဆင်းရှိသော ရေဟောင်းသည်။ ဇာဏုပ္ပမာဏံ၊ ပုဆစ်ဒူး၀န်း ပမာဏရှိသည်။ (ဒူးဆစ်လောက်သာနက်သည်။) (သမာနံ) ပိ၊ လျက်လည်း။ သတပေါရိသံ ၀ိယ၊ အသူတရာနက်သကဲ့သို့။ ဒိဿတိ၊ ထင်ရ၏။[လူဘရာ၊မာဏနက်သည်ကို“အသူဟရာနက်”ဟုရှေးကဲသုံးစွဲသည်။]

ကံ၊ အချို့သော ရေသည်။ ဂမ္ဘီရံ၊ နက်သည်။ (သမာနံ၊ လျက်။) ဥတ္တာနာ၀ဘာသံ၊ တိမ်သည်ဖြစ်၍ ထင်ရှားသည်။ ၀ါ၊ တိမ်သည်ဟု ထင်ရသည်။ ဟောတိ။ (ကိမိ၀၊ နည်း။) မဏိဂဂ်ါယ၊ ပတ္တမြားအဆင်းရှိသော

၀ိယ၊ တို့၌ကဲ့သို့တည်း။ အပရိမေယျာဘာ၀ဇောတနော ဟိ အယံ ယာ၀သဒ္ဒေါ (ဤယာ၀သဒ္ဒါသည် အတိုင်းအရှည်မရှိ ဟူသောအနက်ကို ထွန်းပြ၏။) တေနာဟ အတိ ဂမ္ဘီရော အတ္ထောတိ။—ဋီကာ။]

အ၀ဘာသတိ။ ။“ဉာယတိ ဥပဋ္ဌာတိ”ဟု ဖွင့်၏။ တို့ကြောင့်“ထင်ရှား၏”ဟုပေးသည်။ “ထင်ရှား”ဟူသည် ကြည့်ရှုသူတို့၏ စိတ်အား ထင်လာခြင်းတည်း။ [ဉာဏဿ တထာ ဥပဋ္ဌာနဋ္ဌေ သန္ဒာယ (ဉာဏ်အား ထိုကဲ့သို့ နက်သော အခြင်းအရာအားဖြင့် ထင်လာခြင်းကို ရည်ရွယ်၍။) ဒိဿတိ”တိ ဝုတ္တံ။]

ကံ ဟိ။ ။ဤ ပဋိစ္စသမုပ္ပါဒ်သည် ဧကန်နက်နဲသည်သာလျှင် မဟုတ်ပါလော။ထို နက်နဲသော ပဋိစ္စသမုပ္ပါဒ်၌ အာဘယ်ကြောင့် နက်နဲသည်ဖြစ်၍ ထင်လာသည်၏အဖြစ်ကို ထွန်းပြနေရပါသေးသနည်း။ (ဧကန် နက်နဲသော အရာ၀တ္ထုကို “နက်တယ်လို့ ထင်ရတယ်” ဟု ပြောဖွယ်မလိုပါ” ဟူလို။) သစ္စ မေတံ (ဒီအမေးဟာ မှန်တယ်။) သို့သော်-ဤ ပဋိစ္စသမုပ္ပါဒ်၏ ဧကန် နက်နဲသည်၏ အဖြစ်ကို ပြခြင်း အကျိုးငှာပင် “ဂမ္ဘီရာ၀ဘာသ” သဒ္ဒါကို ဆိုရပါသည်။ ထို့ကြောင့်-အခြားနေရာ၌ ရထိုက်သော အစွန်း ၄—မျိုးထွက်သောအနက်ကို ပြပြီး၍ ဤ ပဋိစ္စသမုပ္ပါဒ်၏ ကောန် နက်နဲသည်၏ အဖြစ်ကိုပင် ထင်ရှားစေခြင်းငှာ “ကံ ဟိ” အစရှိသော စကားကို မိန့်ရသည်။

ဂင်္ဂါမြစ်၌။ ဝိပ္ပသန္နဥဒကံ၊ အထူးသဖြင့် ကြည်လင်သောရေသည်။ (ဂင်္ဂါရုံ၊ သမာနံ၊ ဥတ္တာနာဝဘာသံ၊ သည်။ ဝါ၊ သည်။ ဟောတိ) ဝိယ၊ သို့တည်း။ ဟိ၊ မှန်။ တံ၊ ထို မဏိဂင်္ဂါ၌ ကြည်လင်သောရေသည်။ သတပေါ ရိသံ၊ အသူတရာနက်သည်။ (သမာနံ)ပိ၊ လျက်လည်း။ ဇာဏုပမာဏံ ဝိယ၊ ပုဆစ်ဒူးဝန်း ပမာဏ ရှိသကဲ့သို့။ (ဒူးဆစ်လောက်သာ ရှိသကဲ့သို့။) ခါယတိ၊ ထင်ရ၏။ ဧကံ၊ သည်။ ဥတ္တာနံ၊ တိမ်သည်။ (ဟုတ္ဝာ။)ဥတ္တာနာဝဘာသံ၊ တိမ်သည်ဖြစ်၍ ထင်ရှားသည်။ ဟောတိ။ (ကိမိဝ။) စာဋိအာဒီသု၊ အိုး စရည်း အစရှိသည်တို့၌။ ဥဒကံ၊ သည်။ (ဥတ္တာနံ ဟုတ္ဝာ ဥတ္တာနာဝဘာသံ ဟောတိ)ဝိယ၊ ကဲ့သို့တည်း။ ဧကံ၊ သည်။ ဂင်္ဂါရုံ၊ နက်သည်။ (ဟုတ္ဝာ။) ဂင်္ဂါရာဝဘာသံ၊ နက်သည်ဖြစ်၍ ထင်ရှားသည်။ဟောတိ။(ကိမိဝ။) သိနေရုပါဒကမဟာသမုဒ္ဒါ၊ မြင်းမိုရ်တောင်၏ အခြေဖြစ်သော မဟာသမုဒ္ဒရာ၌။ ဥဒကံ၊ သည်။ (ဂင်္ဂါရုံ ဟုတ္ဝာ ဂင်္ဂါရာဝဘာသံ ဟောတိ) ဝိယ၊ ကဲ့သို့တည်း။ ဧဝံ၊ သို့။ ဥဒကမေဝ၊ ရေသည်သာလျှင်။ စတ္တာရိ၊ ကုန်သော။ နာမာနိ၊ တို့ကို။ လဘတိ၊ ရ၏။

ပန၊ ကား။ ပဋိစ္စသမုပ္ပါဒေ၊ ၌။ ဧတံ၊ ဤ အဂင်္ဂါရ အဂင်္ဂါရာဝဘာသ နှစ်မျိုးသည်။ နတ္ထိ၊ မရှိ။ [ဧတံ နတ္ထိတိ အဂင်္ဂါရော အဂင်္ဂါရာဝဘာသော စာတိ ဧတံ ဒွယံ နတ္ထိ။–ဋီကာ။] ဟိ၊ မှန်။ အယံ၊ဤ ပဋိစ္စသမုပ္ပါဒ်သည်။ ဂင်္ဂါရော စေဝ၊ နက်လည်းနက်၏။ ဂင်္ဂါရာဝဘာသော စ၊ နက်သည်ဖြစ်၍ လည်း ထင်ရှား၏။ ဣတိ၊ သို့။ ဧကမေဝ၊ တမျိုးတည်းသာလျှင်ဖြစ်သော။ နာမံ၊ ကို။ လဘတိ၊ ၏။ ဧဝရူပေါ၊ ဤသို့ နက်သည်ဖြစ်၍ နက်ရောင်ထင်သည်၏ အဖြစ်ဟူသော သဘောရှိသည်။ သမာနော ပိ၊ဖြစ်ပါလျက်လည်း။ အထ စ ပန၊ ထိုသို့ ဖြစ်ပါလျက်။မေ၊ ငါ၏ဤကို၌။ ဥတ္တာနကုတ္တာနကော ဝိယ၊ အလွန်ပေါ်လွင်ထင်ရှားသကဲ့သို့။ ခါယတိ၊ ထင်ရှား၏။ ဘန္တေ၊ ရား။ တဒိဒံ (တံ+ဣဒံ)၊ ထိုကဲ့သို့ အလွန်ပေါ်လွင်သည်ဖြစ်၍ ထင်လာခြင်းကို။ အစ္ဆရိယံ၊ လက်ဖျောက်ခတ်တီး အံ့ချီးအပ်ပါပေစ့။ ဘန္တေ၊ ရား။ အဗ္ဘုတံ၊ မဖြစ်စဘူး ထူးဆန်းပါပေစ့။ ဣတိ ဧဝံ၊ သို့။ အတ္တနော၊ ၏။ ဝိမှယံ၊ အံ့သြဖွယ်ကို။ ပကာသေန္တော၊ ထင်ရှားပြလျက်။ ပဥ္ဉံ၊ ကို။ ပုစ္ဆိတ္ဝာ၊ ၍။ တုဏ္ဍီဘူတော၊ ဆိတ်ဆိတ် ဖြစ်၍ဖြစ်သည်။ (ဟုဘ္ဝာ။) နိသိဒိ၊ ပြီ။ [စာအုပ်တို့၌ “ယဒိဒံ”ဟု အနိယမ ရှိသော်လည်း “တဒိဒံ”ဟု ရှိမှ စာသွားကောင်း၏။ နိဒါနသံယုတ် ဒုက္ခဝဂ္ဂ၊ နိဒါနသုတ္တ အဋ္ဌကထာ၌လည်း “တဒိဒံ”ဟုပင် ရှိသည်။ ထို တသဒ္ဒါဖြင့် “ဥတ္တာနကုတ္တာနကော ဝိယ ခါယတိ”

ကို ပြန်၍ညွှန်းသည်။ သို့မဟုတ် "ယဒိဒံ၊ ယင်းကဲ့သို့ ပေါ်လွင်ထင်ရှားသည်၏ အဖြစ်ဖြင့် ထင်လာခြင်းသည်"ဟု အနက်ပေးပါ။]

ဘဂဝါ၊ သည်။ တဿ၊ ထို အရှင်အာနန္ဒာ၏။ ဝစနံ၊ ကို။ သုတ္ဝာ၊ ကြားတော်မူ၍။ (စိန္တေတ္ဝာ အာဟ–၌စပ်။) အာနန္ဒော၊ သည်။ ဘဝဂ္ဂဂ္ဂဟဏာယ၊ ဘဝဂ်ကို ကိုင်ယူခြင်းငှာ။ ဟတ္ထံ၊ လက်ကို။ ပသာရေန္တော ဝိယ၊ ဆန့်တန်းသူ ကဲ့သို့လည်းကောင်း။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ဆန္ဒိတ္ဝာ၊ ဖြတ်၍။ မိဠုံ၊ အဆီကို။ နိဟရိတုံ၊ ထုတ်ဆောင်ခြင်းငှာ။ ဝါယမမာနော ဝိယ၊ အားထုတ်သူကဲ့သို့လည်းကောင်း။ နာဝဝါယ၊ လှေသဘော်ဝန့်။ ဝိနာ၊ ကင်း၍။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ တရိတုကာမော ဝိယ၊ ကူးခြင်းငှာ အလိုရှိသူကဲ့သို့လည်းကောင်း။ ပထဝိံ၊ မြေကို။ ပရိဝတ္တေတ္ဝာ၊ လည်စေ၍။ ဝါ၊ လှန်၍။ ပထဝေါဇံ၊ မြေဩဇာကို။ ဂဟေတုံ၊ ယူခြင်းငှာ။ ဝါယမမာနော ဝိယ၊ သို့လည်းကောင်း။ ဗုဒ္ဓဝိသယပဋိ၊ ဘုရားရှင်တို့၏ အရာဖြစ်သော ပြဿနာကို။ အတ္တနော၊ မိမိ၏ ဉာဏ်၌။ ဥတ္တာနံ၊ ပေါ်လွင်၏ဟူ၍။ ဝဒတိ၊ လျှောက်၏။ [ပြဿနာဟု ဆိုသော်လည်း အမေးမဟုတ် သိခြင်းငှာ အလိုရှိထိုက်သော အနက်အဓိပ္ပါယ်တည်း။ ဆရာတော်၏ နိဿယ၌ "ဗုဒ္ဓဝိသယံ ပဋိ"ဟု ဝါကျရှိ၏။] ဟန္ဒ၊ ယခု။ အဿ၊ ဆို ပဋိစ္စသမုပ္ပါဒ်၏။ ဂမ္ဘီရဘာဝံ၊ နက်နဲသည်၏အဖြစ်ကို။ အာစိက္ခိဿာမိ၊ ပြောပြရတော့အံ့။ ဣတိ၊ သို့။ စိန္တေတ္ဝာ၊ ၍။ မာဟေဝန္တိ အာဒိ၊ ကို။ အာဟ၊ မိန့်ဟော်မူပြီ။ တတ္ထ၊ ထို မာဟေဝံ အစရှိသော၊ ပါဋ်၌။ မာဟေဝန္တိ(ဇတ္ထ)၊ ဟူသော ဤပါဋ်၌။ ဟ ကာရော၊ ဟ အက္ခရာသည်။ နိပါတမတ္တံ၊ အနက်မရှိ နိပါတ်မျှသာတည်း။ ဧဝံ၊ ဤသို့။ မာဘဏိ၊ မပြောဆိုလင့်။ ဣတိ အတ္ထော၊ စ၊ ဆက်။ မာဟေဝန္တိ၊ ဟူသော။ ဣဒံဝစနံ၊ ဤ စကားတော်ကို။ ဘဂဝါ၊ သည်။ အာယသ္မန္တံ၊ အာနန္ဒံ၊ ကို။ ဥဿာဒေန္တော ပိ၊ သူ၏ဉာဏ်ပညာကို ချီးမြှောက်တော် မူလိုသည်၏အဖြစ်ကြောင့်လည်း။ ဘဏတိ၊ မိန့်တော်မူ၏။ အပသာဒေန္တော ပိ၊ နှိပ်တော် မူလိုသည်၏ အဖြစ်ကြောင့်လည်း။ ဘဏတိ၊ ၏။ [ဥဿာဒေန္တောတိ ပညာယ ဥက္ကံသေန္တော၊ ဥဂ္ဂဏှန္တော တိ အတ္ထော၊ အပသာဒေန္တောတိ နိဗ္ဘစ္ဆေန္တော၊ နိဂ္ဂဏှန္တော တိ အတ္ထော။–ဋီကာ။]

ဥဿာဒနအဖွင့်

တတ္ထ၊ ယို ဥဿာဒေန္တ အပသာဒေန္တ နှစ်မျိုးတို့တွင်။ ဥဿာဒေန္တော၊ မြောက်ပင့်ဟော်မူလိုပုံကို။ (ဧဝံ ဝေဒိတဗ္ဗော။ ကိုး၊ နည်း။) အာနန္ဒ၊ အာနန္ဒာ။ တွံ၊ သည်။ မဟာ ပညော၊ ကြီးသောပညာရှိ၏။ ပိသဒဉာဏော၊ သန့်ရှင်းသော ဉာဏ်ရှိ၏။ တေန၊ ထိုသို့ မဟာပညပိသဒဉာဏ၏ အဖြစ်ကြောင့်။ (ခါယတိ-၌စပ်။) တေ၊ သင်၏ ဉာဏ်၌။ ဂမ္ဘီရော ပိ၊ နက်နဲသည်လည်းဖြစ်သော။ ပဋိစ္စသမုပ္ပါဒေါ၊ သည်။ ဥတ္တာနကော ဝိယ၊ သို့။ ခါယတိ၊ ၏။ ပန၊ ထိုသို့ သင်၏ဉာဏ်၌ ထင်ရှားပါသော်လည်း။ အညေသံ၊ အခြားသူတို့၏ ဉာဏ်၌။ ဧသ (ဧသော)၊ ဤ ပဋိစ္စသမုပ္ပါဒ်ကို။ ဥတ္တာနကော တိ၊ ပေါ်လွင်ထင်ရှား၏ ဟူ၍။ နသလ္လကွေတဗ္ဗော၊ မမှတ်သားထိုက်။ ဂမ္ဘီရော ယေဝ စ၊ နက်နဲလည်း နက်နဲသည်သာ။ ဂမ္ဘီရာဝဘာသော (ဧဝ)စ၊ နက်နဲသည်ဖြစ်၍လည်း ထင်ရှားသည်သာ။ တတ္ထ၊ အရှင်အာနန္ဒာ၏ ဉာဏ်ဝယ်ထင်ရှား၍ အခြားသူတို့၏ ဉာဏ်ဝယ် နက်နဲခက်ခဲသည်၏ အဖြစ်၌။ စတဿော၊ ကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ ဂဒန္တိ၊ ရှေးအဋ္ဌကထာဆရာတို့ ဆိုကြကုန်၏။

ကိရ၊ ချဲ။ ဆ မာသေ၊ ခြောက်လတို့ပတ်လုံး။ သုဘောဇနရသပုဋ္ဌဿ၊ ကောင်းသော ဘောဇဉ်အရသာဖြင့် မွေးမြူအပ်ပြီးသည်ဖြစ်၍။ [သုန္ဒရေန ဘောဇနရသေန ပေါသိတဿ။—ဋီကာ။] ကတယောဂဿ၊ အမြဲမပြတ်ပြုအပ်ပြီးသော အားထုတ်မှု အလေ့အကျင့်ရှိသော။ [နိဗဒ္ဓပယောဂေန ကတပရိစယဿ။—ဋီကာ။] မဟာမလ္လဿ၊ လက်ဝှေ့သမားကျော်ကြီးအား။(ဒဿသုံ—၌စပ်။) ဝါ၊ သည်။ (ဂစ္ဆန္ထဿ-၌စပ်။) သမဇ္ဇသမယေ၊ လက်ဝှေ့သဘင် ဆင်ယင်ကျင်းပနီးရာ အခါ၌။ကတမလ္လပါသာဏပရိစယဿ၊လက်ဝှေ့သမားတို့သာ ကြွမြောက်နိုင်သော ကျောက်ခဲဖြင့် ပြုအပ်ပြီးသော အလေ့

တတ္ထ ဥဿာဒေန္တော။ ။ဆရာတော်၏ နိဿယ၌ "မာ ဟေဝ န္တိ စ ဇုဒံ ဝစနံ။ပ။အပသာဒေန္တော ဝိ တိ၊ ဟူ၍။ ဝါ၊ ဟူသော။ ယံ သခေ်ပဝစနံ၊ အကြင်အကျဉ်းဖြစ်သောစကားကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တတ္ထ တသ္မိံ သခေ်ပဝစနေ၊ ၌။ ဝိတ္ထာရော၊ ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဥဿာဒေန္တော၊ သော။ ဘဂဝါ၊ သည်။"ဟု ပေးတော်မူ၏။ မိမိကား ကျဉ်းကျဉ်းနှင့်ပြီးသောနည်းကို ကြံ၍ ပေးလိုက်ပါသည်။ [နိဒါနဝဂ္ဂ ဒုက္ခဝဂ္ဂနိဒါနသုတ်အဋ္ဌကထာ ၌ကား "တတ္ထ ဥဿာဒေန္တော ဝိ တိ" ဟု ရှိ၏။ တတ္ထ၊ တို့တွင်။ ဥဿာဒေန္တော ဝိတိ၊ဟူသောပါဋ္ဌ၌။ အမိမ္မါယော ဧဂံ ဝေဒိတဗ္ဗော" ဟု ထည့်၍စပ်ပါ။]

အကျင့်ရှိသည်ဖြစ်၍။ ယုတ္တဘူမိံ၊ လက်ဝှေ့ထိုးရာ မြေအရပ်သို့။ ဂစ္ဆန္တသ၊ သွားစဉ်။ အန္တရာ၊ အကြား၌။ မလ္လပါသာဏံ၊ လက်ဝှေ့သမားတို့သာ ကြွမြှောက်နိုင်သော ကျောက်တုံးကို။ [မလ္လေဟိ မဟဗ္ဗလေဟေဝ ဥက္ခိပိတဗ္ဗ ပါသာဏံ။—ဋီကာ။] ဒဿေသုံ၊ ပြကြကုန်ပြီ။ သော၊ ထို လက်ဝှေ့ကျော်ကြီး သည်။ ဧတံ၊ ဤ ကျောက်ခဲသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ သို့။ အာဟ၊ မေးပြီ။ မလ္လပါသာဏော၊ လက်ဝှေ့သမားတို့သာ ကြွမြှောက်နိုင်သော ကျောက်ခဲပါတည်း။ ဣတိ၊ ဤသို့ ပြောကြကုန်ပြီ။ နံ၊ ထို ကျောက်ခဲကို။ အာဟရထ၊ဆောင်ခဲ့ကြကုန်လော့။ ဣတိ၊ ဤသို့ ပြောပြီ။ ဥက္ခိပိတုံ၊ ကြွမြှောက်ခြင်းငှာ။ နသက္ကောမ၊ မစွမ်းနိုင်ပါကုန်။ ဣတိ၊ သို့။ ဝုတ္တေ၊ အပ်သော်။ သယံ၊ ကိုယ်တိုင်။ ဂန္တွာ၊ ၍။ ကုဟိံ၊ အဘယ် နံပါး၌။ ဣမသ၊ ဤ ကျောက်ခဲ၏။ ဘာရိယဋ္ဌာနံ၊ ဝန်လေးသော အရပ်သည်။ (အတ္ထိ၊ရှိသနည်း။) ဣတိ၊သို့။ ဝတ္ဝာ၊ ၍။ [ကသ္မိံ ပဿေ ဣမသ ပါသာဏသ ဂရုတရပ္ပဒေသော တိ တသ သလ္လဟုကဘာဝံ ဒီပေန္တော ဝဒတိ။—ဋီကာ။] ဒ္ဒိဟိ၊ ကုန်သော။ ဟတ္ထေဟိ၊တို့ဖြင့်။ ဒ္ဒေ၊ကုန်သော။ပါသာဏေ၊တို့ကို။ ဥက္ခိပိတ္ဝာ၊၍။ကိဋ္ဌာဂုဋ္ဌေ ဝိယ၊ ကစားဖွယ် ဂေါ်လီလုံးတို့ကဲ့သို့။ ခိပိတ္ဝာ၊ ပစ်ချ၍။ အဂမာသိ၊ ပြီ။

တတ္ထ၊ ထို ဥပမာစကားရပ်၌။မလ္လသ၊၏။ မလ္လပါသာဏော၊ သည်။ လဟုကော၊ ပေါ့သည်။ (သမာနော) ပိ၊ သော်လည်း။အညေသံ၊ အခြားသူတို့၏ အတွက်။လဟုကောတိ၊ အပေါ့ကလေးဟူ၍။န ဝတ္တဗ္ဗော၊ မပြောဆိုထိုက်။ဟိ၊ မှန်၏။ဆ မာသေ၊လုံး။သုဘောဇနရသပုဋ္ဌော၊ကောင်းသောဘောဇဉ်အရသာ ဖြင့် မွေးမြူအပ်ပြီးသော။မလ္လော၊ ကို။(ဒဋ္ဌဗ္ဗော)ဝိယ၊ သို့။ ကပ္ပသတသဟဿံ၊ ကမ္ဘာဟသိန်းပတ်လုံး။ အဘိနီဟာရသမ္ပန္နော၊ မိမိစိတ်ကို ရှေးရှုဆောင် ကြောင်းဆုတောင်းမှုနှင့်ပြည့်စုံသော။အာယသ္မာ အာနန္ဒော၊ ကို။(ဒဋ္ဌဗ္ဗော။) မလ္လသ၊ ၏။ မဟာဗလတာယ၊ ကြီးသောခွန်အားရှိသည်၏ အဖြစ်ကြောင့်။ မလ္လပါသာဏော၊ ကို။ လဟုကော၊ အပေါ့ ကလေး ဟူ၍။ (ဝတ္တဗ္ဗော) ယထာ၊ ပြောဆိုထိုက်သကဲ့သို့။ ဧဝံ၊ တူ။ ထေရသ၊ အရှင်အာနန္ဒာထေရ် ၏။ မဟာပညတာယ၊ ကြီးသောပညာ ရှိသည်၏အဖြစ်ကြောင့်၊ ပဋိစ္စသမုပ္ပါဒေါ၊ ကို။ ဥတ္တာနော၊ ပေါ်လွင်၏ဟူ၍။ (ဝတ္တဗ္ဗော၊ ၏။) သော၊ ထို ပဋိစ္စသမုပ္ပါဒ်ကို။ အညေသံ၊ အရှင်အာနန္ဒာမှတပါး အခြားသူတို့၏အတွက်။ ဥတ္တာနော တိ၊ ဟူ၍။ နဝတ္တဗ္ဗော၊ ထိုက်။ [ဤကား ဥပမာ တရပ်။]

စ၊ သည်သာ မကသေး။ မဟာသမုဒ္ဒေ၊ ၌။ တိမိ နာမ၊ မည်သော။ မစ္ဆော၊ ငါးသည်။ ဒ္ဒိယောဇနသတိကော၊ ယူဇနာ နှစ်ရာရှိ၏။ တိမိဂ်

လော၊ တိမိငါးကို မျိုနိုင်သည်၏အဖြစ်ကြောင့် တိမိဂ်လမည်သော။(မစ္ဆော၊ သည်။) တိယောဇနသတိကော၊ ယူဇနာ သုံးရာရှိ၏။ တိမိပိဂ်လော၊ မည်သော။(မစ္ဆော။) စတုယောဇနသတိကော၊ ယူဇနာ လေးရာရှိ၏။ တိမိရပိဂ်လော၊ သော၊(မစ္ဆော။) ပဉ္စယောဇနသတိကော၊ ယူဇနာ ငါးရာရှိ၏။ အာနန္ဒော၊ အာနန္ဒာငါးလည်းကောင်း။ တိမိနန္ဒော၊ လည်းကောင်း။အဇ္ဈာရောဟော၊ လည်းကောင်း။ မဟာတိမိ၊ လည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော၊ လေးမျိုးကုန်သော။ ဣမေ၊ ဤ ငါးတို့သည်။ ယောဇနသဟဿိကာ၊ ယူဇနာ တထောင်ရှိကုန်၏။ တတ္ထ၊ ထို ငါးတို့တွင်။ တိမိရပိဂ်လေနေဝ၊ တိမိရပိဂ်လ ငါးဖြင့်သာလျှင်။ ဒီပေန္တိ၊ ဥပမာကိုပြကြကုန်၏။ ကိရ၊ ခဲ့။ တဿ၊ ထို တိမိရပိဂ်လ ငါး၏။ ဝါ၊ သည်။ ဒကွိဏကဏ္ဍံ၊ လက်ယာနားရွက်ကို။ စာလေန္တဿ၊ လှုပ်စေလတ်သော်။ ပဉ္စယောဇနသတေ၊ ယူဇနာ ငါးရာရှိသော။ ပဒေသေ၊ အရပ်၌။ ဥဒကံ၊ ရေသည်။ စလတိ၊တုန်လှုပ်၏။တထာ၊ ထို့အတူ။ ဝါမကဏ္ဍံ၊ လက်ဝဲနားရွက်ကို။(စာလေန္တဿ၊ သော်။ ပဉ္စယောဇနသတေ၊ သော။ ပဒေသေ၊ ၌။ ဥဒကံ၊ သည်။ စလတိ၊ ၏။) [နောက်၌လည်း ဤသို့လိုက်၍ပေးပါ။] တထာ၊ တူ။ နဂ်ုဋ္ဌံ၊ အမြီးကို။ပ။ တထာ၊ တူ။သီသံ၊ ဦးခေါင်းကို။ (စာလေန္တဿ ပဉ္စယောဇနသတေ ပဒေသေ ဥဒကံ စလတိ။)

ပန၊ ကား။ ဒေ့၊ နှစ်ဘက်ကုန်သော၊ ကဏ္ဍေ၊ တို့ကို။ စာလေတွာ၊လှုပ်စေ၍။ နဂ်ုဋ္ဌေန၊ ဖြင့်။ ဥဒကံ၊ ကို။ ပဟရိတွာ၊ ပုတ်ခတ်၍။ သီသံ၊ ကို။ အပရာပရံ၊ ထိုမှ ဤမှ။ ကတွာ၊ ၍။ ကီဋ္ဌိတုံ၊ ကစားခြင်းငှာ။ အာရဒ္ဓဿ၊ အားထုတ်လတ်သော်။ သတ္တဋ္ဌယောဇနသတေ၊ယူဇနာခုနစ်ရာ ရှစ်ရာရှိသော။ ပဒေသေ၊ အရပ်၌။ ဘာဇနေ၊ ခွက်၌။ ပကွိပိတွာ၊ ထည့်၍။ ဥဒ္ဓနေ၊ ဖိုခုံလောက်၌။ အာရောပိတံ၊ တင်အပ်သော။ ဥဒကံ ဝိယ၊ ရေသည်ကဲ့သို့။ ပက္ကုထတိ၊ ပွက်ပွက်ဆူသကဲ့သို့ ထက်ဝန်းကျင်လည်နေ၏။[ပက္ကုထန္တံ ဝိယ ပရိဝတ္တတိ ပရိတော ဝိဝတ္တတိ။—ဋီကာ။] တိယောဇနသတမတ္တေ၊ ယူဇနာ သုံးရာအတိုင်းအရှည်ရှိသော။ ပဒေသေ၊ ၌။ ဥဒကံ၊ သည်။ ပိဋ္ဌိ၊ ကျောက်ကုန်းကို။ ဆာဒေတုံ၊ ဖုံးလွှမ်းခြင်းငှာ။ နသက္ကောတိ၊ နိုင်။ သော၊ ထို တိမိရပိဂ်လ ငါးကြီးသည်။ ဧဝံ၊ သို့။ ဝဒေယျ၊ ပြောဆိုရာ၏။(ကိံ၊နည်း။) အယံ မဟာသမုဒ္ဒေါ၊ သည်။ ဂမ္ဘီရော၊ နက်၏။ ဂမ္ဘီရော၊ ၏။ ဣတိ၊သို့။ ဝဒန္တိ၊ ကုန်၏။ အဿ၊ ထို မဟာသမုဒ္ဒရာ၏။ ဂမ္ဘီရတာ၊ နက်သည်၏အဖြစ်သည်။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။ မယံ၊ တို့သည်။ပိဋ္ဌိပဋ္ဌိစ္ဆာဒနမတ္တမို၊

ကျောက်ကုန်းကို ဖုံးလွှမ်းရုံ အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။ ဥဒကံ၊ကို။ နလဘာမ၊ မရကြပါကုန်တကား။ ဣတိ၊ သို့။(ဝဒေယျ၊ ရာ၏။)တတ္ထ၊ ထိုဥပမာစကားရပ်၌။ ကာယုပပန္နာ၊ ကြီးစွာသော ကိုယ်နှင့် ပြည့်စုံသော။ [ကာယုပပန္နာသာတိ မဟတာ ကာယေန ဥပေတာသာ၊ မဟတာ ကာယာသာတိ အတ္ထော။-ဋီကာ။] တိမိရပိင်္ဂလာ၊ ၏အတွက်။ မဟာသမုဒ္ဒေါ၊ သည်။ ဥတ္တာနော တိ၊ တိမ်၏ ဟူ၍။ (ဝတ္တပ္ပေါ၊ ၏။) အညော၊ တိမိရပိင်္ဂလ ငါးမှ အခြားကုန်သော။ ခုဒ္ဒကမစ္ဆာနံ၊ ငယ်သော ငါးတို့၏ အတွက်။ ဥတ္တာနော တိ၊ ဟူ၍။ နဝတ္တပ္ပေါ၊ ထိုက်။ ဧဝမေဝ၊ တူသာလျှင်။ ဉာဏုပပန္နာ၊ ဉာဏ်နှင့်ပြည့်စုံသော။ ထေရာ၊ အရှင်အာနန္ဒာထေရ်၏ အတွက်။ ပဋိစ္စသမုပ္ပါဒေါ၊ ကို။ ဥတ္တာနော တိ၊ ပေါလွှင်၏ ဟူ၍။ (ဝတ္တပ္ပေါ။) အညော၊ အတွက်လည်း။ ဥတ္တာနော တိ၊ ဟူ၍။ နဝတ္တပ္ပေါ၊ ထိုက်။ [ဤကား နှစ်ခုမြောက် ဥပမာတည်း။]

စ၊ သေး။ သုပဏ္ဏာ၊ ဂဠုန်မင်းသည်။ ဒိယဗုယောဇန၊ သတိဓကော၊ အခွံအား ဖြင့် ယူဇနာ နှစ်ရာရှိ၏။ ဝါ၊ ယူဇနာ တရာ့ငါးဆယ်ရှိ၏။ တာ၊ ထို ဂဠုန်မင်း၏။ ဒက္ခိဏပက္ခော၊ လက်ယာအတောင်သည်။ ပညာသယောဇနိကော၊ ယူဇနာ ငါးဆယ်ရှိသည်။ ဟောတိ၊ ၏။ တထာ၊ တူ။ ဝါမပက္ခော၊ လက်ဝဲ အတောင်သည်။ (ပညာသယောဇနိကော ဟောတိ။) ပိဉ္ဆဝဋ္ဋိ၊ အမြီးလုံးသည်။ ဝါ၊ အမြီးစည်းသည်။ သဋ္ဌိယောဇနိကာ ယူဇနာ ခြောက်ဆယ်ရှိ၏။ [ပိဉ္ဆဝဋ္ဋိ တိ ပိဉ္ဆကလာပေါ။-ဋီကာ။] ဂီဝါ၊ လည်သည်။ တိ သ ယောဇနိကာ၊ ယူဇနာ သုံးဆယ်ရှိ၏။ မုခံ၊ ခံတွင်းသည်။ နဝ ယောဇနံ၊ ကိုးယူဇနာရှိ၏။ ပါဒါ၊ ခြေတို့သည်။ ဒွါဒသယောဇနိကာ၊ တဆယ့်နှစ်ယူဇနာ ရှိကုန်၏။ တသ္မိံ၊ ထို ဂဠုန်မင်းသည်။သုပဏ္ဏဝါတံ၊ဂဠုန်တို့၏ လေကို။ [သုပဏ္ဏဝါတ န္တိ နံဝဂဂ္ဂဟဏာဒီသု (နဂါးကို ဖမ်းယူခါနီး၌။) ပက္ခပဓွဝါဠုနဝသေန ဥပပဇ္ဇနကဝါတံ။-ဋီကာ။] ဒဿေတုံ၊ ငှာ။ အာရဒ္ဓေ၊ အားထုတ်လတ်သော်။ သတ္တာဒ္ဓယောဇနသတံ၊ ယူဇနာခုနှစ်ရာ ရှစ်ဆယ်ရှိသော။ ဌာနံ၊ အရပ်သည်။ နပ္ပဟောတိ၊ မလောက်။ ဝါ၊ မဆန့်။

သော၊ ထို ဂဠုန်မင်းသည်။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ (ကိံ။) အယံ အာကာသော၊ သည်း အနန္တော၊ အဆုံး အပိုင်းအခြားမရှိ။ အနန္တော၊ မရှိ။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။အဿ၊ထို ကောင်းကင်၏။ အနန္တတာ၊အဆုံးအပိုင်း အခြား မရှိသည်၏အဖြစ်သည်။ ကုတော၊အဘယ်မှာရှိအံ့နည်း။ မယံ၊တို့သည်။

ပက္ခဝါတပွသာရဏောကာသမ်ိ၊ အတောင်လေကို ဆန့်လောက်ရာ အရပ်ကို သော် မှလည်း။ နှ လဘာမ၊ ကုန်တကား။ ဣတိ၊ သို့။ (ဝဒေယျ။) တတ္ထ၊ ထို့ဉပမာစကားရပ်၌။ ကာယုပပန္နဿ၊ ကြီးသောကိုယ်နှင့် ပြည့်စုံသော။ သုပဏ္ဏရဉော၊ ၏အတွက်။ အာကာသော၊ သည်။ ပရိတ္တော တိ၊ ကျဉ်းငယ်၏ ဟူ၍။ (ဝတ္တဗ္ဗော။) အညေသံ၊ ဂဠုန်မင်းမှတပါး အခြားကုန်သော။ ခုဒ္ဒကပက္ခီနံ၊ ငယ်သောဥက်တို့၏ အတွက်။(အာကာသော။) ပရိတ္တောတိ၊ ဟူ၍။ နှ ဝတ္တဗ္ဗော၊ ထို့က်။ ဧဝမေဝ၊ လျှင်။ ဉာဏုပပန္နဿ၊ သော။ ထေရဿ၊ အတွက်။ ပဋိစ္စသမုပ္ပါဒေါ၊ ကို။ ဥတ္တာနော တိ၊ ဟူ၍။ (ဝတ္တဗ္ဗော။) အညေသမ်ိ ဥတ္တာနော တိ နှ ဝတ္တဗ္ဗော။ [ဤကား သုံးခုမြောက် ဥပမာတည်း။]

ပန၊ ကား။ ရာဟု၊ ရာဟုမည်သော။ အသုရိန္ဒော၊ အသူရိန်သည်။ ပါဒန္တေဝ၊ ခြေအဆုံးမှ။ ယာဝ ကေသန္တာ၊ ဆံ အဆုံးတိုင်အောင်။ ယောဇနာနံ၊တို့၏။စတ္တာရိ သဟဿာနိ၊လေးထောင်တို့သည်လည်းကောင်း။ အဋ္ဌ သတာနိ၊ ရှစ်ရာတို့သည်လည်းကောင်း။ ဟောတိ၊ ၏။["အသုရိန္ဒော"ကို ငဲ့၍ "ဟောတိ"ဟု ထားသည်။] တဿ၊ ထို ရာဟုအသူရိန်၏။ ဒ္ဝိန္နံ၊ နှစ်ဘက်ကုန်သော။ မဟာနံ၊ လက်မောင်းတို့၏။ အန္တရံ၊ အကြားအရပ်သည်။ ဒ္ဝါဒသ ယောဇနသတိကံ၊ ယူဇနာတရာတဆယ့်နှစ်ယူဇနာရှိသည်။ (ဟောတိ။) ဗဟလတ္တေန၊ အထု၏အဖြစ်ဖြင့်။ [ကျောနှင့်ရင်ဘတ်အထုကိုဆိုသည်။] ဆယောဇနသတိကံ၊ ယူဇနာခြောက်ရာရှိသည်။ (ဟောတိ။) ဟတ္ထပါဒကလာနိ၊ လက်ဖဝါးအပြင် ခြေဖဝါးအပြင်တို့သည်။ တိယောဇနသတိကာနိ၊ ယူဇနာသုံးရာရှိကုန်သည်။ (ဟောန္တိ။) [သဂါထာဝဂ္ဂ ဒေဓပုတ္တသံယုတ် သူရိယသုတ် အဋ္ဌကထာ၌ကား-"ဟတ္ထတလပါဒတလာနံ ပုထုလတော ဒ္ဝိယောဇနသတာနိ" ဟု ဆို၏။] တထာ၊ တူ။ မုခံ၊ ခံတွင်းသည်။ (တိယောဇနသတိကံ၊ ရှိသည်။ ဟောတိ။) [ကျိဉ်လည်း "မုခံ ဒ္ဝိယောဇနသတံ" ဟု ဆိုသည်။] ဧကေကံ၊ တဆစ်ကဆစ်သော။ အင်္ဂုလိပဗ္ဗံ၊ လက်ဆစ်သည်။ ပညာသ ယောဇနံ၊ ယူဇနာငါးဆယ်ရှိသည်။ (ဟောတိ။) တထာ၊ တူ။ ဘမုကန္တရံ၊ မျက်ခုံး ၂-ဘက်တို့၏အကြားအရပ်သည်။ (ပညာသယောဇနံ ဟောတိ။) နလာဋံ၊ နဖူးပြင်သည်။ တိယောဇနသတိကံ၊ သည်။ (ဟောတိ။)သီသံ၊ ဦးခေါင်းသည်။ နဝယောဇနသတိကံ၊ ယူဇနာ ကိုးရာရှိသည်။ (ဟောတိ။) တဿ၊ ထို ရာဟုအသူရိန်သည်။ မဟာသမုဒ္ဒံ၊ သို့။ သြတိဏ္ဏဿ၊ ဿက်ဆင်းလတ်သော်။ ဂမ္ဘီရံ၊ နက်သော။ ဥဒကံ၊ သည်။ ဇာဏုပ္ပမာဏံ၊ပဆစ်ဒူးဝန်း အတိုင်းအရှည်ရှိသည်။ (ဟောတိ။)

ငသော၊ ထို ရာဟုအသူရိန်သည်။ ငဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ (ကိ ံ။) အယံ သမုဒ္ဒေါ၊ သည်။ ဂမ္ဘီရော၊ ၏။ ဂမ္ဘီရော၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အဿ၊ ဤ မဟာသမုဒ္ဒရာ၏။ ဂမ္ဘီရတာ၊သည်။ကုတော၊ အဘယ်မှာရှိအံ့နည်း။ မယံ၊ တို့သည်။ ဇာဏုပ္ပဒိဋ္ဌဘာဒနမတ္တမ်ပိ၊ ပုဆစ်ဒူးဝန်းကို ဖုံးလောက်ရုံ အတိုင်း အရှည် ရှိသည်လည်းဖြစ်သော။ ဥဒကံ၊ ကို။ နလဘာမ၊ ကုန်။ ဣတိ၊ သို့။ (ဝဒေယျ။)တတ္ထ၊ ထို ဥပမာစကားရပ်၌။ ကာယုပပန္နဿ၊ သော။ ရာဟုနော၊ ရာဟုအသူရိန်၏အတွက်။ မဟာသမုဒ္ဒေါ၊ ကို။ ဥတ္တာနောတိ၊ တိမ်၏ဟူ၍။ (ဝတ္တဗ္ဗော။) အညေသံ၊ ရာဟုအသူရိန်မှတပါး အခြားပုဂ္ဂိုလ်တို့၏အတွက်။ ဥတ္တာနောတိ နဝတ္တဗ္ဗော။ဧဝမေဝ၊ လျှင်။ ဉာဏုပပန္နဿ၊ သော။ထေရဿ၊ အတွက်။ ပဋိစ္စသမုပ္ပါဒေါ၊ကို။ဥတ္တာနောတိ။(ဝတ္တဗ္ဗော။)အညေသမ်ပိ။(ပဋိစ္စ သမုပ္ပါဒေါ ဥတ္တာနောတိ နဝတ္တဗ္ဗော။) ဧတမတ္ထံ၊ ဤ အနက်အဓိပ္ပါယ်ကို။ သန္ဓာယ၊ ရည်ရွယ်တော်မူ၍။ ဘဂဝါ၊ သည်။ မာ ဟေဝံ။ပ။အဝစာတိ၊ ဟူ၍။ အာဟ၊ မိန့်တော်မူပြီ။ [ဤကား ၄-ခုမြောက် ဥပမာတည်း။]

ဟိ၊ မှန်။ ထေရဿ၊ အရှင်အာနန္ဒာဇထရ်၏ဉာဏ်၌။ စတူဟိ၊ ကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဂမ္ဘီရော်ပိ၊ နက်သည်လည်းဖြစ်သော။ ပဋိစ္စသမုပ္ပါဒေါ၊ သည်။ ဥတ္တာနောတိ၊ ဟူ၍။ ဥပဋ္ဌာတိ၊ ထင်လာ၏။ စတူဟိ၊ ကုန်သော။ ကတမေဟိ (ကာရဏေဟိ၊ တို့ကြောင့်။ ဂမ္ဘီရော်ပိ၊ သော၊ ပဋိစ္စသမုပ္ပါဒေါ၊ သည်။ ဥတ္တာနောတိ၊ ဟူ၍။ ဥပဋ္ဌာတိ၊ နည်း။) ပုဗ္ဗဏ္ဏပနိဿယသမ္ပတ္တိယာ၊ ရှေးဦးဖြစ်သော အားကြီးသော မှီရာအကြောင်း၏ ပြည့်စုံခြင်းလည်းကောင်း။ (ဤတိ-၌ စပ်။) တိတ္ထဝါသေန၊ ဆိပ်ကမ်းနှင့် တူသော မြတ်စွာဘုရား၏ အထံဝယ် နေရခြင်းလည်းကောင်း။ သောတာပန္နတာယ၊ သောတာပန်၏အဖြစ်လည်းကောင်း။ ဗဟုဿုတဘာဝေန၊ များသော သုတရှိသူ၏အဖြစ်လည်းကောင်း။ဤတိ၊သို့။(စတူဟိ ကာရဏေဟိ၊ တို့ကြောင့်။ ဂမ္ဘီရော်ပိ ပဋိစ္စသမုပ္ပါဒေါ ဥတ္တာနောတိ ဥပဋ္ဌာတိ၊ ၏။)

ပုဗ္ဗဏ္ဏပနိဿယသမ္ပတ္တိကထာ

ကိရ၊ ခဲ့၏။ ဤတော၊ ဤကမ္ဘာမှ။ သတသဟဿိမေ၊ ကမ္ဘာဟသိန်းတို့၏ ပြည့်ကြောင်းဖြစ်ခဲ့သော။ ကပ္ပေ၊ ကမ္ဘာ၌။ ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရ မည်တော်မူသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောဒကာ၊ ၌။ ဥပ္ပဇ္ဇိ၊ ပြီ။ တဿ၊ ထို ပဒုမုတ္တရ မြတ်စွာဘုရား၏။ ဟံသဝတီနာမ၊ မည်သော။ နဂရံ၊ သည်။ အဟောသိ၊ ပြီ။ အာနန္ဒော နာမ၊ မည်သော။ ရာဇာ၊

၂၀။ ။ဘိက္ခဝေ။ပ။ဟောတိ၊ (တဒါ။)ပကတိယာ၊ ပင်ကိုသဘော အားဖြင့်။ သီလဝတီ၊ သီလရှိသော။ ဗောဓိသတ္တမာတာ၊ သည်။ ဟောတိ။ [သူတပါးအထံမှ သီလမယူတော့ပဲ ကိုယ်တိုင်သာ သီလဆောက်တည်သည်-ဟူလို။] ပါဏာတိပါတာ၊ သူ့အသက် သတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်၏။ အဒိန္နာဒါနာ၊ မပေးအပ်သော သူတပါး ဥစ္စာကို ယူခြင်းမှ။ပ။ ကာမေသု မိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ကျင့်ခြင်းမှ ။ပ။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောခြင်းမှ။ပ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ တည်ရာအကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်အရက်ကို သောက်ခြင်းမှ။ပ။အယံ၊ ဤ ဘုရားလောင်း မယ်တော်၏ ပင်ကိုအားဖြင့် ငါးပါးသီလရှိခြင်းသည်။ ဧတ္ထ ဓမ္မတာ။

၂၁။ ။ဘိက္ခဝေ။ပ။ဟောတိ၊ (တဒါ။) ဗောဓိသတ္တမာတု၏။(ဘုရားလောင်း မယ်တော်မှာ။) ပုရိသေသု၊ ယောကျ်းတို့၌။ ကာမဂုဏူပသံဟိတံ၊ ကာမဂုဏ်နှင့် စပ်ယှဉ်သော။ မာနသံ၊ စိတ်သည်။ နော ဥပ္ပဇ္ဇတိ၊ မဖြစ်တော့။ ဗောဓိသတ္တမာတာ၊ သည်။ ဝါ၊ ကို။ ကေနစိ၊ သော။ ပုရိသေန၊ သည်။ ရတ္တစိတ္တေန၊ တပ်မက်သောစိတ်ဖြင့်။ (ရာဂစိတ်ဖြင့်။) အနတိက္ကမနီယာ စ၊ မလွန်ကျူးအပ် မလွန်ကျူးနိုင်သည်လည်း။ ဟောတို့။ အယံ၊ ဤ ဗောဓိသတ္တမာတာ၏ အခြားယောကျ်းတို့၌ ကာမဂုဏ်စိတ် မဖြစ်ခြင်း အခြားယောကျ်းတို့က ရာဂစိတ်ဖြင့် မလွန်ကျူးနိုင်ခြင်းသည်။ပ။

၂၂။ ။ဓမ္မတာ။ပ။ဟောတိ၊(တဒါ။)ဗောဓိသတ္တမာတု၏(သန္တာန်၌။) ကောစိ ဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ အာဗာဓော၊ အနာရောဂါသည်။ နော ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဗောဓိသတ္တမာတာ၊ သည်။ သုခိနီ၊ ချမ်းသာခြင်းရှိသည်။ အကိလန္တကာယာ၊ မပင်ပန်းသော ကိုယ်ရှိသည်။ ဟောတို့။

ဗောဓိသတ္တမာတာ၊ သည်။ တိရောကုစ္ဆိဂတံ၊ ဝမ်း၏အတွင်း၌ ရောက်နေသော။ သဗ္ဗင်္ဂပစ္စင်္ဂိ၊ အလုံးစုံအင်္ဂါကြီးငယ်ရှိသော။ အဟီနိန္ဒြိယံ၊ မယုတ်လျော့သော ကုန်ခြွေရှိသော။ (မျက်စိနားစသောကုန်ခြွေ အပြည့်အစုံပါသော။) ဗောဓိသတ္တံ၌၊ ဘုရားအလောင်းကိုလည်း။ ပဿတိ၊ မြင်ရ၏။

ဘိက္ခဝေ။ သေယျထာ ပိ၊ ဥပမာမည်သည်ကား။သုဘော၊ အရောင်အဝါလွန်စွာတောက်ပသော။ ဝါ၊ တင့်တယ်ကောင်းမြတ်သော။ ဇာတိမာ၊ ထွက်ရာကျောက်တွင်း ကောင်းမြတ်ခြင်းကြောင့် သန့်ရှင်းကောင်းမြတ်သောအမျိုးဇာတ်ရှိသော။ ဝါ၊ အမျိုးကောင်းသော။ အင်္ဂသော၊ ရွှစ်ထောင့် ရှစ်မြောင့်ရှိသော။ သုပရိကမ္မကတော၊ ကပ်၍နေငြား ကျောက်ပြုတ်များကို ဖယ်ရှားဖို့ရန် ကောင်းစွာပြုအပ်ပြီးသော သွေးမှုတိုက်မှု ပရိကံရှိသော။ ဝါ၊ သွေးမှုပရိကံကို ကောင်းစွာပြုအပ်ပြီးသော။ အစ္ဆော၊ အမြဲမပြတ် ကြည့်ရှုအပ်ဖို့ပါးလှုပ်သော။ ဝါ၊ ကြည်လင်သော။ ဝိပ္ပသန္နော၊ အထူးသဖြင့် ကြည်လင်သော။ အနာဝိလော၊ မနောက်ကျုသော။ သဗ္ဗာကာရသမ္ပန္နော၊ ဆေးကြောဖောက်ထွင်းခြင်းစသော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံသော။ဝေဠုရိယော၊ ကြောင်မျက်ရွဲဖြစ်သော။ မဏိ၊ ပတ္တမြားသည်။(အဿ၊ ရှိရာ၏။)

တတြ၊ ထိုပတ္တမြားဌ်။ နီလံ၊ ညိုသော။ သုတ္တံ ဝါ၊ ချည်သည်သော်လည်းကောင်း။ ဝါ၊ ကိုသော်လည်းကောင်း။ ပီတံ၊ ရွှေသော။ (သုတ္တံ) ဝါ၊ လည်းကောင်း။ လောဟိတံ၊ နီသော။ (သုတ္တံ)ဝါ၊ လည်းကောင်း။ သြဒါတံ၊ ဖြူဖွေးသော။(သုတ္တံ) ဝါ၊ လည်းကောင်း။ ပဏ္ဏာသုတ္တံ ဝါ၊ အဖြူအဝါရောသဖြင့် ဖျော့တော့ဝင်းဝါသော ချည်သည်သော်လည်းကောင်း။ ဝါ၊ ကိုလည်းကောင်း။ အာဝုတံ၊ ထိုးသီအပ်သည်။(တပ်ထားအပ်သည်။) (အဿ၊ ဖြစ်ရာ၏။)

တမေနံ(တံ+နေနံ)၊ ထို ကြောင်မျက်ရွဲ ပတ္တမြားကို။ စက္ခုမာ၊ ကောင်းသောမျက်စိရှိသော။ ပုရိသော၊ သည်။ ဟတ္ထေ၊ လက်ဝါးပြင်၌။ ကရိတ္ဝာ၊ ၍(ထား၍။)(တနည်း)ဟတ္ထေကရိတ္ဝာ၊ လက်ဝါးအပြင် ကောင်းစွာတင်၍။ ပစ္စဝေက္ခေယျ၊ ကြည့်ရှုဆင်ခြင်ရာ၏။(ကိံ။) အယံ ဓေါ မဏိ၊ ဤပတ္တမြားသည်။ ဝေဠုရိယော၊ ကြောင်မျက်ရွဲတည်း။ သုဘော၊ အရောင်အဝါလွန်စွာတောက်ပ၏။ဝါ၊တင့်တယ်၏။ပ။ သဗ္ဗာကာရသမ္ပန္နော၊ ဆေးကြောဖောက်ထွင်းခြင်းစသော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံ၏။

အတြ၊ ဤပတ္တမြားဌ်။ ["တတြ၊ ထိုပတ္တမြားဌ်။"ဟု စာအုပ်တို့၌ ရှိ၏။ မိမိရှေ့မှောက် ရောက်နေသောကြောင့် "အတြ"ဟု ရှိမှုကောင်းမည်။]နီလံ၊

သော။ သုတ္တံ၊ ကို။ အာဝုတံ၊ ထိုးသိအပ်ပြီ။ ဣတိ ဝါ၊ဤသို့သော်လည်း ကောင်း။ ပီတံ၊ သော။ (သုတ္တံ အာဝုတံ။) ဣတိ ဝါ၊ လည်းကောင်း။ ။ပ။ ပဏ္ဍုသုတ္တံ၊ ကို။ အာဝုတံ၊ ပြီ။ ဣတိ ဝါ၊ လည်းကောင်း။ (ပစ္စဝေက္ခေယျ၊ ရာ၏။) [အတြ၊ ၌။ အာဝုတံ၊ သော။ ဣဒံ သုတ္တံ။ နီလံ၊ ညို၏။ ဣတိ ဝါ၊ လည်းကောင်း ။ပ။ ပစ္စဝေက္ခေယျ။ ဤသို့လည်း ပေးနိုင်သည်။] ဘိက္ခဝေ။ ဧဝမေဝ၊ သာလျှင်။ပ။ ပဿတိ။ အယံ၊ သည်။ (ဘုရားလောင်း မယ်တော်အား ရောဂါမဖြစ်ခြင်း ဝမ်း၏အတွင်း၌ရောက်နေသော ဘုရားအလောင်းကို မြင်နိုင်ခြင်းသည်။) ဧတ္ထ ဓမ္မတာ။

၂၄။ ။ဘိက္ခဝေ။ပ။ဗောဓိသတ္တော၊ သည်။ သတ္တာဟဇာတော၊ ဖွားမြင်ပြီးသော ဘုရားလောင်း၏ ခုနစ်ရက်ရှိလတ်သော်။ ဝါ၊ ဖွားမြင်ပြီး၍ ခုနစ်ရက်ရှိလတ်သော်။ ဗောဓိသတ္တမာတာ၊ သည်။ ကာလံ၊ သေခြင်းကို။ ဝါ၊ သေချိန်ကို။ ကရောတိ၊ ပြု၏။ တုသိတံ ကာယံ၊ တုသိတာနတ်အပေါင်းသို့။ (တုသိတာဘုံသို့။) ဥပပဇ္ဇတိ၊ ကပ်ရောက်ရ၏။ အယံ၊ဤဘုရားလောင်း ဖွားမြင်ပြီးနောက် မယ်တော်၏ နတ်ရွာစံခြင်း နတ်ရွာစံပြီးနောက် တုသိတာဘုံသို့ ကပ်ရောက်ရခြင်းသည်။ပ။

၂၅။ ။ဘိက္ခဝေ။ပ။ အညာ၊ အခြားကုန်သော။ ဣတ္ထိကာ၊ မိန်းမတို့သည်။ နဝမာသေ ဝါ၊ ကိုးလတို့ပတ်လုံးသော်လည်းကောင်း။ ဒသမာသေ ဝါ၊ သော်လည်းကောင်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ ဆောင်၍။ ဝိဇာယန္တိ ယထာ၊ ဖွားမြင်ရကုန်သကဲ့သို့။ ဧဝံ၊ ဤ့အတူ။ ဗောဓိသတ္တံ၊ ကို။ ဗောဓိသတ္တမာတာ၊ သည်။ နဝိဇာယတိ၊ မဖွားမြင်ရ။ဒသေဝ မာသာနိ၊ ဆယ်လတို့ပတ်လုံးသာလျှင်။ပ။ ဝိဇာယတိ။ အယံ၊ ဆယ်လလုံးလုံး ဝမ်းဖြင့်ဆောင်၍ ဖွားမြင်ရခြင်းသည်။ပ။

၂၆။ ။ဘိက္ခဝေ။ပ။ အညာ ဣတ္ထိကာ၊ တို့သည်။ နိသိန္နာ၊ ထိုင်ကုန်သည်။ (ဟုတွာ) ဝါ၊ ဖြစ်၍သော်လည်းကောင်း။ နိပန္နာ၊ လျောင်းကုန်သည်။ (ဟုတွာ) ဝါ၊ လည်းကောင်း။ [နိသိန္နာ ဝါ၊ ထိုင်ကုန်လျက်သော်လည်းကောင်း စသည်ဖြင့် အလွယ်လည်းပေးပါ။]ဝိဇာယန္တိ ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ပ။ နဝိဇာယတိ၊ မဖွားမြင်ရ။ ဌိတာ၊ ရပ်သည်။ (ဟုတွာ) ဧဝ၊ သာ။ပ။ ဝိဇာယတိ။ အယံ၊ ဤဘုရားအလောင်းကို ရပ်၍သာ ဖွားမြင်ရခြင်းသည်။ပ။

၂၇။ ။ဘိက္ခဝေ။ပ။ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ (တဒါ။) ဒေဝါ၊ သုဒ္ဓါဝါသ ရဟန္တာဗြဟ္မာတို့သည်။ ပဌမံ၊ ရှေးဦးစွာ။

ပဋိဂ္ဂဏ္ဌန္တိ၊ ခံယူကြကုန်၏။ (ရွှေဇာတဘက်ဖြင့် ခံယူကြသည်။) ပစ္ဆာ၊ ၌။ (နောက်မှ။) မနုဿာ ပဋိဂ္ဂဏ္ဌန္တိ။ (ဘွဲ့ဖြူအဝတ်ဖြင့် ခံယူကြသည်။)အယံ၊ ဤသို့ ရှေးဦးစွာ သုဒ္ဓါဝါသဗြဟ္မာတို့က ခံယူခြင်း နောက်မှလူတို့က ခံယူခြင်းသည်။ တ္ထေ၊ ဤဘုရားလောင်းတို့၏ဖွားမြင်ရာအခါ၌။ ဓမ္မတာ၊တည်း။ [အကျယ်ကို အဋ္ဌကထာ၌ ကြည့်ပါ။]

၂၈။ ။ဘိက္ခဝေ။ပ။ နိက္ခမတိ။ (တဒါ။) ဗောဓိသတ္တော၊ သည်။ ပထဝိံ၊ မြေသို့။ အပ္ပတ္တော ဝ၊ မရောက်သည်သာလျှင်။ ဟောတိ။ စတ္တာရော ဒေဝပုတ္တာ၊ (နတ်မင်းကြီးလေးယောက်တို့က။) နံ၊ ထိုဘုရားလောင်းကို။ ပဋိဂ္ဂဟေတွာ၊ ၍။ (သစ်နက်ရေဖြင့် ခံယူ၍။) မာတု၊ ၏။ ပုရတော၊ရွှေ၌။ ဌပေန္တိ၊ ထားကုန်၏။ (ကိံ၊ အဘယ်သို့ ပြော၍ ထားသနည်း။)ဒေဝိ၊ ဒေဝီ။ (အရှင်မိဖုရား။) အတ္တမနာ၊ မိမိစိတ်ရှိသည်။(နှစ်သက်ဝမ်းမြောက်သည်။) ဟောဟိ၊ ဖြစ်ပါလော့။ တေ၊ အသင်မိဖုရား၏။ (အသင်မိဖုရားမှာ။) မဟေသက္ခော၊ တန်ခိုးကြီးသော။ ပုတ္တော၊ သားတော်သည်။ ဥပ္ပန္နော၊ ဖြစ်ပါပြီ။ ဝါ၊ ရပါပြီ။ ဣတိ၊ ဤသို့ပြော၍ ထားကုန်၏။ အယံ၊ ဤသို့ ခံယူပြီးနောက် မယ်တော်၏ရှေ့မှောက်သို့ ထားခြင်းသည်။ပ။[မဟေသက္ခော ပုဒ်၏အဖွင့်ကို ပါစိတ်ဘာသာဋီကာ၌ ပြထားပြီ။]

၂၉။ ။ဘိက္ခဝေ။ပ။ နိက္ခမတိ။ (တဒါ။) ဝိသဒေါ၊ ဝ၊ စင်ကြယ်သည်သာ။ (ဟုတ္ဟာ။) နိက္ခမတိ၊ ထွက်လာရ၏။ ဥဒေန၊ သားအိမ်၌ဖြစ်သောအရေသည်။ [ဥဒေနာတိ ဥဒကေန။-ဋ္ဌ။ ဥဒကေနာတိ ဂဗ္ဘာသယဂတေန ဥဒကေန။-ဋီ။] အမက္ခိတော၊ မလိမ်းကျံအပ်သည်။ (မလူးအပ်သည်။) သေမှေန၊ သလိပ်သည်။ပ။ ရှဟိရေန၊ သွေးသည်။ပ။ ကေနစိ၊ တစုံတခုသော။ အသုစိနာ၊ မစင်မကြယ်သည်။ (မစင်မကြယ် ရှုံစဖွယ်အရာသည်။) အမက္ခိတော၊ သည်။ (ဟုတ္ဟာ။) သုဒ္ဓေါ၊ သန့်ရှင်းသည်။ ဝိသဒေါ၊ စင်ကြယ်သည်။ဟောတိ။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ မဏိရတနံ၊ ပတ္တမြားရတနာကို။ (နိက္ခိတ္တံ-၌ စပ်။) ကာသိကေ၊ ကာသိတိုင်း၌ဖြစ်သော။ ဝတ္ထေ၊ အဝတ်ပေါ်၌။ နိက္ခိတ္တံ၊ ချထားအပ်ပြီ။ မဏိရတနံ၊ သည်။ ကာသိကံ၊ သော။ ဝတ္ထံ၊ ကို။ နေဝ-မက္ခေတိ သေယျထာပိ၊ မလိမ်းကျံသကဲ့သို့လည်းကောင်း။ ကာသိကံ၊ သော။ ဝတ္ထမ္ပိ၊ သည်လည်း။ မဏိရတနံ၊ ကို။ နမက္ခေတိ သေယျထာပိ၊ လည်းကောင်း။ တံ၊ ထိုသို့ မလိမ်းကျံခြင်းသည်။ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဥဘိန္နံ၊

ပတ္တမြား အဝတ် ၂-ပါးစုံတို့၏။ သုဒ္ဓံတွာ၊ သန့်ရှင်းစင်ကြယ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။ ဘိက္ခဝေ။ ဧဝ မေဝ၊ ဤအတူသာလျှင်။ ယဒါ ။ပ။ အယံ၊ ဤမယ်တော်ဝမ်းမှ စင်စင်ကြယ်ကြယ် ထွက်လာခြင်းသည်။ ဧတ္ထ ဓမ္မတာ။

၃၀။ ။ဘိက္ခဝေ။ပ။နိက္ခမတိ။ (တဒါ။) သီတာဃ၊ အေးသောရေ၏။ ကော၊ တခုသောအယဉ်လည်းကောင်း။ ဥဏှာဃ၊ ပူသော ရေ၏။ ကော။ လည်းကောင်း။ ဒွေ၊ ၂-ဖြာကုန်သော။ ဥဒကာဃ၊ ရေ၏။ ဓာရာ၊ အယဉ် တို့သည်။ အန္တလိက္ခာ၊ ကောင်းကင်မှ။ ပါတု ဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။

ယေန၊ ယင်းရေအယဉ်ဖြင့်။ ဗောဓိသတ္တာဃ၊ ၏လည်းကောင်း။ မာတု စ၊ မယ်တော်၏လည်းကောင်း။ ဥဒကကိစ္စံ၊ ရေချိုးခြင်းကိစ္စကို။ ကရောန္တိ၊ ပြုကြကုန်၏။ အယံ၊ ဤ ၂-ဖြာသော ရေအယဉ်တို့၏ ကောင်းကင်းမှ ထင်ရှား ဖြစ်ပေါ်လာခြင်းသည်။ ဧတ္ထ ဓမ္မတာ။

၃၁။ ။ဘိက္ခဝေ။ပ။သမ္ပတိဇာတော၊ ဖွားမြင်ပြီးသော ဘုရားအလောင်း၏ ယခုတခဏသာရှိသေးသော။ ဝါ၊ ဖွားမြင်ပြီး၍ ယခု တခဏသာရှိသေးသော။ ဗောဓိသတ္တော၊ သည်။ [သမ္ပတိ+ဇာတဿ+ယဿာတိ သမ္ပတိဇာတော။] သမေဟိ၊ ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ပတိဋ္ဌဟိတ္ဝာ၊ မတ်မတ်ရပ်၍။ ဥတ္တရာဘိမုခေါ၊ မြောက်အရပ်သို့ ရှေးရှုမျက်နှာရှိသည်။ (မြောက်အရပ်သို့ ရှေးရှုမျက်နှာမူသည်။) (ဟုတ္ဝာ။) သေတမှိ၊ ဖြူသော။ ဆတ္တေ၊ နတ်ထီးကို။ (နတ်၌ဖြစ်သောထီးကို။) အနုဓာရိယမာနေ၊ အစဉ်လိုက်၍ ဆောင်းမိုးအပ်စဉ်။ ဝါ၊ လျှော်စွာ ဆောင်းမိုးအပ်စဉ်။ သတ္တ ပဒဝီတိဟာရေန၊ ရှေကိုလွှန်၍ ဆောင်ကြောင်း ခုနစ်လှမ်းသော ခြေဖြင့်။ ဂစ္ဆတိ၊ သွား၏။ သဗ္ဗာ၊ ကုန်သော။ ဒိသာ စ၊ တို့ကိုလည်း။ အနုဝိလောကေတိ၊ အစဉ်လှည့်၍ ကြည့်ရှု၏။ အာသဘိ၊ မြတ်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော။ ဝါစံ၊ စကားကို။ ဘာသတိ၊ မြွက်ဆို၏။ (ပြောဆို၏။) (ကိ၊ နည်း။) အဟံ၊ ငါသည်။ လောကဿ၊ သတ္တဝေလောက၏။ ဝါ၊ ထက်။ အဂ္ဂေါ၊ အဦးအစ ပဓာနသည်။ အသ္မိ၊ ဖြစ်၏။ အဟံ လောကဿ။ ဇေဋ္ဌော၊ အကြီးအကဲသည်။ အသ္မိ။ အဟံ။ လောကဿ၊ ၏။ ဝါ၊ ထက်။ သေဋ္ဌော၊ ချီးမွမ်းအပ် မြတ်သူသည်။အသ္မိ။ အယံ၊ ဤ ပဋိသန္ဓေ နေရခြင်းသည်။ အန္တိမာ၊ အဆုံး၌ဖြစ်သော။ ဇာတိ၊ ပဋိသန္ဓေ နေရခြင်းတည်း။ဒါနိ၊ယခုအခါ၌။ပုန ဘဝေါ၊ တဖန် ဘဝသည်။ (ဘဝအသစ်

သည်။) နတ္ထိ၊ မရှိတော့။ ဣတိ၊ သို့။ (ဘာသတိ။) အယံ၊ ဤ ညီညွတ်သော ခြေတို့ဖြင့် မတ်မတ်ရပ်တော်မူပြီး၍ မြောက်အရပ်သို့ ရှေ့ရှုမျက်နှာမူကာ ခုနစ်လှမ်းကြွသွားခြင်း အရပ်မျက်နှာတို့ကို အစဉ်လှည့်၍ကြည့်ရှုခြင်း အင္ဂါ ဟ မသို့ စသောစကားကို မြွက်ဆိုခြင်းသည်။ ဇေဋ္ဌ၊ ၌။ ဓမ္မတာ၊ တည်း။

၃၂။ ။ပုဒ်စဉ် နံပါတ် ၁၈- ၌ အနက်ရေးခဲ့ပြီ။

ဒဋ္ဌိသမဟာပုရိသလက္ခဏာ

၃၃။ ။ဘိက္ခဝေ။ ဝိပဿိမှိ၊ ဝိပဿီမည်သော။ ကုမာရေ၊ မင်းသား သည်။ ဇာတေ၊ ဖွားမြင်ပြီးလတ်သော်။ ဗန္ဓုမတော၊ ဗန္ဓုမာမည်သော။ ရဇညော၊ အား။ ပဋိဒဝဒေသုံ၊ သိစေကြကုန်ပြီ။ (အသိဒပးကြ သုံးတော်ဦး တင်ကြကုန်ပြီ။)(ကိ။) ဒေဝ၊ မင်းမြတ်။ တေ၊ အရှင်မင်းမြတ်၏။ (အရှင် မင်းမြတ်မှာ။) ပုတ္တော၊ သည်။ ဇာတော၊ ပါပြီ။ တံ၊ ထိုသားတော်ကို။ ဒေဝေါ၊ သည်။ ပဿတု၊ ကြည့်တော်မူပါ။ ဣတိ၊ ဤသို့ သိစေကြ ကုန်ပြီ။ ဘိက္ခဝေ ဗန္ဓုမာ။ ရာဇာ၊ သည်။ ဝိပဿိ။ ကုမာရံ၊ ကို။ အဒ္ဒသာ၊ မြင်တော်မူပြီ။

ဒိသ္ဝာ၊ ကြောင့်။ နေမိတ္တေ၊ နိမိတ်ကျမ်းကို တတ်သိနားလည်ကုန်သော။ ဗြာဟ္မဏေ၊ တို့ကို။ အာမန္တေသေတွာ၊ ခေါ်စေ၍။ တေံ၊ ဤ စကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ (ကိ။) ဘောန္တော၊ အရှင်ဖြစ်ကုန်သော။ နေမိတ္တာ။ ဗြာဟ္မဏာ၊ တို့သည်။ ကုမာရံ၊ ကို။ ပဿန္တု၊ ကြည့်ရှုကြပါ။ ဣတိ (အဝေါစ။)

ဘိက္ခဝေ။ပ။အဒ္ဒသံသု၊ မြင်ရကုန်ပြီ။ ဒိသ္ဝာ၊ ကြောင့်။ ဗန္ဓုမန္တံ၊ သော။ ရာဇာနံ၊ ကို။ ဇေတံ၊ကို။အဝေါစုံ၊ သံတော်ဦးတင်ကြကုန်ပြီ။ (ကိ။) ဒေဝ။ အတ္တာမနော၊ သည်။ ဟောဟိ၊ ဖြစ်တော်မူပါ။ တေ၊ ၏။ မဟေသက္ခော၊ ဖသော။ ပုတ္တော၊ သည်။ ဥပပဇ္ဇန္တေ၊ ပါပြီ။ ယဿ တေ၊ အကြင် အရှင် မင်းမြတ်၏။ ကုလေ၊ အမျိုး၌။ ဇဝရူပေါ၊ ဤသို့ သဘောရှိသော။ ပုတ္တော ဥပပဇ္ဇန္တေ။ မဟာရာဇ၊ မင်းမြတ်။ (တဿ) တေ၊ ထို အရှင်မင်းမြတ်၏။ (မှာ။) လာဘာ၊ လာဘ်တို့သည်။ (စီးပွားချမ်းသာကို ရခြင်းတို့သည်။) (ဟောန္တိ။) မဟာရာဇ၊ မြတ်။ တဿ တေ၊ သည်။ (မနုဿတို့၊ လူ့ အဖြစ်ကို။) သုလဒ္ဓံ၊ ကောင်းစွာ ရအပ်ပြီ။

ဟိ၊ မူန်ပါ၏။ ဒေဝ၊ မြတ်။ အယံ ကုမာရော၊ သည်။ ဒ္ဒတ္တိံသ မဟာပုရိသလက္ခဏေဟိ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံပါ၏။ ယေဟိ၊ ယင်း မဟာပုရိသ လက္ခဏာတို့နှင့်။ သမန္နာဂတဿ၊ သော။ မဟာပုရိသဿ၊ ၏။ ဒ္ဒ ဝ (ဒ္ဒ+ဝ)၊ နှစ်မျိုးသာလျှင် ဖြစ်ကုန်သော။ ဂတိယော၊ အထွတ်အထိပ်ရောက် ပြီးမြောက်ခြင်းတို့သည်။ ဘဝန္တိ၊ ဖြစ်ပါကုန်၏။ အညာ၊ ထို နှစ်မျိုးမှ အခြားသော ဂတိတို့သည်။ နု (ဘဝန္တိ၊) မဖြစ်ပါကုန်။ [အနညာ နု+အညာ။]

အဂါရံ၊ အိမ်၌။ သစေ အဇ္ဈာဝသတိ၊ အကယ်၍ လှုမ်းမိုးစိုးအုပ်၍ အပိုင်းအခြားအတိုင်းနေအံ့၊ (ဝေဝံ သတိ၊ သော်။) စက္ကဝတ္တိ၊ စကြာရာဇာနာကို လည်စေနိုင်သော။ ဓမ္မိကော၊ မင်းကျင့်တရား ဆယ်ပါး၌ ယှဉ်သော။ ဝါ၊ ကုသလကမ္မပထတရား ဆယ်ပါး၌ယှဉ်သော။ ဓမ္မရာဇာ၊ တရားနည်းလမ်းအားဖြင့် မင်းဖြစ်သော။ [ဤဋီကာအတိုင်း ပေးသည်။ သီလကွန် ဘာသာဋီကာ၌လည်း တနည်းဖွင့်ခဲ့ပြီ။] စာတုရန္တော၊ သမုဒ္ဒရာလေးစင်း အဆုံးအပိုင်းအခြားရှိသောမြေ၏ အရှင်ဖြစ်သော။ ဝါ၊ လေးကျွန်းလုံးကို အစိုးရသော။ ဝိဇိတာဝီ၊ အောင်အပ်ပြီးသော စစ်မြေပြင်ရှိသော။ [အဋ္ဌကထာနည်း။] ဝါ၊ ကိုလေသာရန်, အပြင်ရန်ဟု, နှစ်တန်တွင်းပ, ရန်ဟူသမျှကို အောင်ပြီးသော။ [ဋီကာနည်း။] ဇနပဒတ္ထာဝရိယပ္ပတ္တော၊ ခိုင်မြဲသည်၏ အဖြစ်သို့ ရောက်သော ဇနပုဒ်နယ်ပယ် အသွယ်သွယ်ရှိသော။ ဝါ၊ ဇနပုဒ်နယ်ပယ် အသွယ်သွယ်၌ ခိုင်မြဲသည်၏ အဖြစ်သို့ရောက်သော။ [ရှေ့နည်း၌၊ နောက်နည်း–ဋီ။] [သတ္တရတနသမန္နာဂတော၊ ခုနစ်ပါးသောရတနာနှင့် ပြည့်စုံသော။ ရာဇာ၊ သည်။ ဟောတိ၊ ဖြစ်နိုင်ပါ၏။

တဿ၊ ထိုစကြာမင်း၏။ သတ္တ၊ ကုန်သော။ ဣမာနိ ရတနာနိ၊ တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သေယျထိဒံ၊ ထို ရတနာတို့ဟူသည် အဘယ်နည်း။ စက္ကရတနံ၊ စကြာရတနာလည်းကောင်း။ ဟတ္ထိရတနံ၊ ဆင်ပုံရတနာလည်းကောင်း။ အဿရတနံ၊ မြင်းပုံရတနာလည်းကောင်း။ မဏိရတနံ၊ ပတ္တမြားရတနာလည်းကောင်း။ ဣတ္ထိရတနံ၊ မိဖုရားရတနာလည်းကောင်း။ ဂဟပတိရတနံ၊ သူကြွယ်ရတနာလည်းကောင်း။ သတ္တမံ၊ခုနစ်ခုမြောက်သော။ ပရိဏာယကရတနမေဝ၊ ရွှေဆောင်ဦးစီးသားတော်ကြီးရတနာသာလျှင်လည်းကောင်းတည်း။

အဿ၊ ထိုစကြာမင်း၏။ (မှာ။) သူရာ၊ ရဲရင့်ကုန်သော။ ဝီရင်္ဂရူပါ၊ ရဲရင့်သူ့ဘို၏အဒြကြောင်း ကောင်းသောဝီရိယဟူသော သဘောရှိကုန်သော။

[ဤ အဋ္ဌကထာနည်း။] ဝ၊ ရဲရင့်သူတို့၏အကြောင်း ကောင်းသောဝိရိယ ဟူသော အထည်ကိုယ် ရှိကုန်သော။ ဝ၊ ဝီရိယအတိုပြီးလျက် တက်ဟက် ကြွကြွရှိကုန်သော။ [သီလက္ခန် အမ္မဋ္ဌသုတ် အဋ္ဌကထာနည်း။] ပရသေန ပမဒ္ဒနာ၊ တဘက်စစ်တပ်ကို နှိမ်နင်းနိုင်ကုန်သော။ ပရောသဟာဿံ၊ တထောင် ထက် ကျော်လွန်ကုန်သော။ ပုတ္တာ၊ တို့သည်။ ဘဝန္တိ။

သော၊ ထို စကြာမင်းသည်။ သာဂရပရိယန္တံ၊ သမုဒ္ဒရာလေးစင်း အပိုင်း အခြားရှိသော။ ဣမံ ပထဝိံ၊ ဤ လေးကျန်းမြေကို။ (အဘိဝိဇိယ–၌ စပ်။) ဝ၊ ၌။ (အဇ္ဈာဝသတိ ဝယ် ဝသဓာတ်–၌ စပ်။) အဒဏ္ဍေန၊ ဥစ္စာဒဏ် လက်နက်ဒဏ်လည်းမပါပဲ။ အသတ္ထေန၊ ဓားစသော လက်နက်လည်းမပါပဲ။ ဓမ္မေန၊ ငါးပါးသီလတရားဖြင့်။ အဘိဝိဇိယ၊ အောင်နိုင်၍။ အဇ္ဈာဝသတိ၊ လွှမ်းမိုးအုပ်စိုး၍ အပိုင်းအခြားအတိုင်း နေနိုင်ပါ၏။

ပန၊ သို့မဟုတ်။ အဂါရသ္မာ၊ အိမ်မှ။ (အိမ်သာဘဉာဏ်ထောင် လူ့ဘောင်မှ။) (နိက္ခမိတ္ဝာ၊ ထုတ်၍။) အနဂါရိယံ၊ အိမ်၌နေခြင်း၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ပေး နွားမွေးမှုမရှိရာ ရဟန်းဘောင်သို့။ သစေ ပဗ္ဗဇတိ၊ အကယ်၍ ကပ်ရောက်အံ့။ (ဇဝံ သတိ။) လောကေ၊ ၌။ ဝိဝဋ္ဋစ္ဆဒေါ၊ ဖုံ့ ခွါအပ်ပြီးသော ရာဂ ဒေါသ စသော ကိလေသာ အမိုးအကာရှိသော။ ဝ၊ ရာဂ ဒေါသ စသော ကိလေသာ အမိုးအကာကို ဖုံ့ခွါပြီးဖြစ်သော။ အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် အမှန်ကိုယ်တိုင် အလုံးစုံ သောတရားတို့ကို သိနိုင်သော ဘုရားသည်။ ဟောတိ၊ ဖြစ်နိုင်ပါ၏။ [နိမိတ် ကြမ်းတတ်ပြာဟွဏများက ရှင်ဘုရင်အား သံတော်ဦးတင်အပ်သောစကား ဖြစ်၍ "ပါ"ဟု ထည့်သည်။]

၃၄။ ။ဒေဝ။ အယံကုမာရော၊ သည်။ ကတမေဟိ၊ အဘယ်မည် ကုန်သော။ ဒဋ္ဌဋ္ဌေ သမဟာပုရိသလက္ခဏေဟိ၊ တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ သနည်း။ [စ အနက်မရှိ။] ယေဟိ ။ပ။ ဝိဝဋ္ဋစ္ဆဒေါ။ [ရှေးအတိုင်းပေးပါ။]

၃၅။ ။ဒေဝ။ ဟိ၊ မှန်ပါ၏။ (ထင်ရှားအောင်ပြဦးအံ့ ဟုလည်းပေး ပါ။) အယံ ကုမာရော၊ သည်။ သုပ္ပတိဋ္ဌိတပါဒေါ၊ ခြေတော်ချရာ ရပ် တိုင်းမှာဝယ် ကောင်းစွာအညီ တည့်သောခြေရှိတော်မူ၏။ ဒေဝ။ ယံပိ၊ အကြင်အကြောင်းကြောင့်လည်း၊ အယံ ကုမာရော၊ သည်။ သုပ္ပတိဋ္ဌိတပါဒေါ၊ ၏။ ဣဒံ ပိ၊ ဤအကြောင်းသည်လည်း။ မဟာပုရိသဿ၊ ယောကျ်းမြတ်ဖြစ်သော။ ဣမဿ၊ ဤမင်းသား၏။ မဟာပုရိသလက္ခဏံ၊ မဟာပုရိသလက္ခဏာသည်။ ဝ၊ ယောကျ်းမြတ်၏ အမှတ်အသားသည်။ ဘဝတိ၊ ဖြစ်ပါ၏။ (၁)။

ဒေဝ။ ဣမဿ ကုမာရဿ၊ ၏။ ဟေဋ္ဌာ၊ အောက်ဖြစ်ကုန်သော။ ပါနတလေသု၊ ခြေဖဝါးအပြင်တို့၌။ သဟဿာရာနိ၊ တထောင်သောအကန့် ဒေါက်ဆံရှိကုန်သော။ သ နေမိကာနိ၊ အကွပ်တကူနှင့် တကွဖြစ်ကုန်သော။ သနာဘိကာနိ၊ ပုံတောင်းချက်မနှင့်တကွဖြစ်ကုန်သော။သဗ္ဗာကာရ ပရိပူရာနိ၊ အလုံးစုံသော အချင်းအရာတို့နှင့် ပြည့်စုံကုန်သော။ စက္ကာနိ၊ တရာ့ရှစ်ကွက် စက်လက္ခဏာတို့သည်။ ဇာတာနိ၊ ဖြစ်ပါကုန်ပြီ။ [ယံ ပိ စသောဝါကျတို့ ကိုရှေးအတိုင်းပေးပါ၊ နောက်၌လည်း ထူးရာကိုသာ ရေးပါမည်။] (၂) ။ပ။

ဒေဝ။ အယံ ကုမာရော၊ သည်။ အာယတပဏှီ၊ ရှည်သောဖနောင့်ရှိပါ၏။ (၃) ။ပ။ ဒီဃင်္ဂုလီ၊ ရှည်သွယ်သော လက်ချောင်း ခြေချောင်းရှိပါ၏။ (၄) ။ပ။ မုဒုတလုနဟတ္ထပါဒေါ၊ နုပျိုသောလက်ခြေရှိပါ၏။ (၅) ။ပ။ ဇာလဟတ္ထပါဒေါ၊ ဇာကွန်ရက်ပမာ ညီစွာသော လက်ချောင်း ခြေချောင်းရှိပါ၏။ (၆) ။ပ။ ဥဿခ်ပါဒေါ၊ အောက်သို့မသက် အထက်တက်သည့် ဖမျက်အနေ ခြေတော်ရှိပါ၏။ (၇) ။ပ။ ဧဏိဇဃော်၊ ဧဏီမည်သောသားကောင်၏ သလုံးအသွင် အစဉ်အထက် လုံး၍တက်သော ခြေသလုံးတော် ရှိပါ၏။ (၈)။

ဒေဝ၊ အယံ ကုမာရော၊ သည်။ ဌိတကော ဝ၊ မတ်မတ်ရပ်လျက်သာ။ အနောနမန္တော (နန+ဩနမန္တော်)။မကိုင်းမညွတ်ပဲ။ ဥဘောဟိ၊ နှစ်ဘက်ကုန်သော။ ပါဏိတလေဟိ၊ လက်ဝါးအပြင်တို့ဖြင့်။ ဇဏ္ဏုကာနိ၊ ပဆစ်ဒူးဝန်းတို့ကို။ ပရာမသတိ၊ သုံးသပ်နိုင်ပါ၏။ ပရိမဇ္ဇတိ၊ ဆုပ်နယ်နိုင်ပါ၏။ (၉) ။ပ။ကောသောဟိတဝတ္ထဂုယ္ဟော၊ ဥသဘနွားမြတ်, အင်္ဂါဇာတ်သို့,အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်ရှိပါ၏။(၁၀)။ပ။ သုဝဏ္ဏဝဏ္ဏော၊ ရွှေရုပ်နှင့်တူသော ကိုယ်ရှိပါ၏။ ကဉ္ဇနသန္နိဘတ္တစော၊ ရွှေအဆင်းနှင့်တူသော အရေရှိပါ၏။(တနည်း။) သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိပါ၏။ ကဉ္ဇနသန္နိဘတ္တစော၊ ၏။(၁၁)[အဌကထာအတိုင်း ၂–နည်း ပေးပါသည်။]

ဒေဝ။ အယံ ကုမာရော၊ သည်။ သုခုမစ္ဆဝီ၊ နူးညံ့သိမ်မွေ့သော အသားအရေရှိပါ၏။ ဆဝိယာ၊ အရေ၏။ သုခုမတ္တာ၊ နူးညံ့သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ ရဇောဇလ္လံ၊ မြူဖြူမြူညစ်သည်။ ဝါ၊ မြူနုမြူကြမ်းသည်။[ရဇောတိ သုခုမရဇော၊ ဇလ္လန္တိ မလီနဘာဝါဝဟော၊(ညစ်နွမ်းသည်၏အဖြစ်ကို ဆောင်နိုင်သော။)ရေဏုသဉ္ဇယော၊ မြူမှုန်အစု။–ဌီကာ။] ကာယေ၊ ကိုယ်၌။ နဥပလိမ္ပတိ မလိမ်းကျံ။(မငြိကပ်။)(၁၂) ။ပ။ ဧကေကလောမော၊ မွေးတွင်းတတွင်းလျှင် ထပင်စီ ဟပင်စီပေါက်သော အမွေးရှိပါ၏။ ဧကေကာနိ၊ တပင်

စီ တပင်စီကုန်သော။ လောမာနိ၊ မွေးညင်းတို့သည်။ လောမကူပေသု၊ အမွေးတွင်းတို့၌ ဇာတာနိ၊ ပေါက်ပါကုန်၏။(၁၃)။ပ။

ဥဒ္ဓဂ္ဂလောမော၊ ရွှေမျက်နှာတော် ဖူးမြောက်လိုဘိ မော်ရွှေကြည့်သို့ အဖျားလှည့်မော် မွေးညင်းတော်ရှိပါ၏။ ဥဒ္ဓဂ္ဂါနိ၊ အထက်၌တက်သော အဖျားရှိကုန်သော။(အထက်သို့လှည့်သော အဖျားရှိကုန်သော။) နီလာနိ၊ ညိုကုန်သော။(ညိုသော အဆင်းရှိကုန်သော။) အဉ္ဇနဝဏ္ဏာနိ၊ မျက်စဉ်းညိုရောင် အဆင်းရှိကုန်သော။ ကုက္ကုလာဝဋ္ဋာနိ (ကုက္ကုလ+အာဝဋ္ဋာနိ)၊ နားတောင်းကဲ့သို့ လည်ကုန်သော။ ဒက္ခိဏာဝဋ္ဋကဇာတာနိ၊ လက်ယာရစ် လည်သကဲ့သို့ ဖြစ်ကုန်သော။ လောမာနိ၊ တို့သည်။ ဇာတာနိ၊ ကုန်၏။(၁၄)။ပ။

ဇဝ။ အယံ ကုမာရော၊ သည်။ ပြဟ္မုဇုဂတ္တော၊ ဗြဟ္မာမင်းလို ဖြောင့်မတ်သောခန္ဓာကိုယ်ရှိပါ၏။(၁၅)။ပ။ သတ္တုဿဒေါ၊လက်ဖမိုးတော်နှစ်ဘက် ခြေမမိုးတော်နှစ်ဘက် ပခုံးတော်နှစ်ဘက် လည်ဂုတ်တော်အားဖြင့် ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသောအသားရှိပါ၏။(၁၆)။ပ။ သီဟပုဗ္ဗဒ္ဓကာယော၊ ခြင်္သေ့မင်း၏ ရှေထက်ဝက်ကိုယ်ကဲ့သို့အထက်အောက် နှစ်ဘာနှဉ်းပြည့်ဝသော ကိုယ်ကာယရှိတော်မူ၏။ (၁၇) ။ပ။ စိတန္တရံသော (စိတ+အန္တရ+အံသော)၊ လက်ပြင်ရိုးနှစ်ဘက်အကြားဌာနီ၌ထားသကဲ့သို့ ပြည့်သော အသားရှိပါ၏။ (၁၈) ။ပ။[သဒ္ဒတ္ထကို ဘာသာဋီကာ၌ ပြထားပြီ။]

ဇဝ။ အယံ ကုမာရော၊ နိဂြောဓပရိမဏ္ဍလော၊ ဝိုင်းဝန်းသော ပညောင်ပင်ကဲ့သို့ ကိုယ်တော်နှင့်အလံ လျော်ကန် ညီညီ ဝိုင်းဝန်းတော်မူပါ၏။ အဿ၊ ကျွ်မင်းသား၏။ ကာယော၊ သည်။ ယာဝတကော၊ အကြင်မျှအတိုင်း အရှည်ရှိ၏။ အဿ၊ ၏။ ဗျာမော၊ အလံသည်။ တာဝတ်ကော၊ ထိုမျှ အတိုင်း အရှည်ရှိ၏ ။ပ။ (၁၉) ။ပ။ သမဝဋ္ဋက္ခန္ဓော၊ ရွှေမိုးစည်ကဲ့သို့ အညီပတ်ဝန်း လုံးသောလည်ပင်းရှိပါ၏။(၂၀) ။ပ။ ရသဂ္ဂသဂ္ဂီ (ရသ+ဂသ+အဂ္ဂီ)၊ အရသာကို ဆောင်ယူနိုင်သော အကြောတို့တွင် အမြတ်ဆုံး ဖြစ်သော ခုနစ်ထောင်သော အကြောရှိပါ၏။ (၂၁) ။ပ။သီဟ ဟနု-ခြင်္သေ့မင်း၏ အောက်မေး အလား ထက်အောက်အားဖြင့် နှစ်ပါးထင်ပေါ် ပြည့်ဝသော မေးတော်ရှိပါ၏။ (၂၂) ။ပ။

ဇဝ။ အယံ ကုမာရာ၊ သည်။ စတ္တာလီသဒန္တော၊ အတိအကျ လေးဆယ်လုန်တင့်တယ်သော သွားတော်ရှိပါ၏။ (၂၃) ။ပ။ သမဒန္တော၊ ဝရဇိန်မျှားစီး၍ထားသို့ ထက်ဖျားစီရရီ ညီသော သွားတော်ရှိပါ၏။ (၂၄) ။ပ။အဝိရဠဒန္တော၊ ရွှေပြားအပြင် ဝရဇိန်တင်သို့ အစဉ်မကွဲ မကဲ့သော သွားတော်

ရှိပါ၏(၂၅) ။ပ။ သုသုက္ကဒါဌော၊ သောကြာကြယ်ဝန်း ထွန်းသည့်အသွင် အလွန်ဖြူစင်သော စွယ်တော်ရှိပါ၏။ (၂၆) ။ပ။ ပဟူတဇိဝှော၊ ရှည်လျား နုနယ် ပြန့်ကျယ်သော လျှာတော်ရှိပါ၏။ (၂၇) ။ပ။

ဒေဝ။ အယံ ကုမာရော၊ သည်။ ဗြဟ္မဿရော၊ ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာနာပျော် အသံတော်ရှိပါ၏။ ကရဝိကဘာဏီ၊ ကရဝိက်ငှက်ကဲ့သို့ သာယာစွာမြွက်ဆိုတတ်ပါ၏။ (၂၈) ။ပ။ အဘိနီလနေတ္တော၊ အောင်မဲညို ပွင့် နှမ်းကြပ်ပွင့်သို့ ညိုသင့်ထိုထို ရွှန်းရွှန်းစိုမျှ ညိုသောမျက်လုံးရှိပါ၏။(၂၉) ။ပ။ ဂေါပခုမော၊ မွေးစအရွယ် နွားနီငယ်၏ တင့်တယ် ကြည်အေး မျက်လုံး ကလေးသို့ မျက်မွေးစီရရီ အလွန်ကြည်သော မျက်လုံးရှိပါ၏။ (၃၀) ။ပ။

ဒေဝ။ ဣမဿ ကုမာရဿ၊ ၏။ ဘမုကန္တရေ၊ မျက်ခုံးတို့၏ကြား၌။ သြဒါတာ၊ ဖြူသော။ မုဒု၊ နူးညံ့သော။ တူလသန္နိဘာ၊ လဲဝါဂွမ်းနှင့်တူ သော။ ဥဏ္ဏာ၊ မွေးရှင်တော်သည်။ ဇာတာ၊ ပေါက်ပါပြီ။ (၃၁) [မုဒု နှင့် တူလသန္နိဘာ ကို အဋ္ဌကထာ၌ တပုဒ်စီဖွင့်သည်။] ။ပ။ ဒေဝ။ အယံ ကုမာရော၊ သည်။ ဥဏ္ဏိသသီသော၊ သင်းကျစ်အပြား ဖွဲ့ပတ်ထားသို့ သီးခြား ဆန်းထူး မဟာနဖူးကြောင့် ဖူးရရှင်ပျော် လုံးသောဦးခေါင်းတော်ရှိပါ၏။ (၃၂) ။ပ။

၃၆။ ။ဒေဝ။ အယံ ကုမာရော၊ သည်။ ဣမေဟိ ဒွတ္တိံသ မဟာ ပုရိသလက္ခဏေဟိ၊ တို့နှင့်။ သမန္နာဂတော၊ ပါ၏။ ယေဟိ ။ပ။ ဝိဝဋ္ဌစ္ဆဒေါ။ [ပုဒ်စဉ်နံပါတ် ၃၃-၌ အနက်ရေးခဲ့ပြီ။] ဣတိ၊ သို့။ (အဝေါစုံ။) [ပုဒ်စဉ် နံပါတ် ၃၃-၌ ပါခဲ့သော အဝေါစုံ သို့ ပြန်လှည့်ပါ။]

ဝိပဿီသမညာ

၃၇။ ။ဘိက္ခဝေ။ အထခေါ၊ ၌။ ဗန္ဓုမာ ရာဇာ၊ သည်။ နေမိတ္တေ။ ဗြာဟ္မဏေ၊ တို့ကို။ အဟတေဟိ၊ မထုရိုက်အပ် (မဖွပ်လျှော်အပ်) ကုန် သေးသော။ ဝါ၊ အသစ်စက်စက်ဖြစ်ကုန်သော။ ဝတ္ထေဟိ၊ အဝတ်တို့ဖြင့်။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်းစေ၍။ (ဝတ်ရုံစေ၍။) သဗ္ဗကာမေဟိ၊ အလုံးစုံ အလိုရှိထိုက်သောဝတ္ထုတို့ဖြင့်။ (အလုံးစုံလိုချင်စရာဝတ္ထုတို့ဖြင့်။) သန္တပ္ပေသိ၊ နှစ်သက်ရောင့်ရဲစေပြီ။ [ပါဋ္ဌိတော်၌မင်းသားလေး၏ မဟာပုရိသလက္ခဏာ တို့ကို ကြည့်ရှုပြီးမှ ဗြာဟ္မဏတို့အားပူဇော်သည်ဟု မိန့်တော်မူသော်လည်း၊

အဋ္ဌကထာ၌ ဗြာဟ္မဏ်တို့ကို ပူဇော်ပြီးမှ လက္ခဏာတို့ကို ကြည့်ရှုစေသည်ဟု ဖွင့်သည်။]

ဘိက္ခဝေ။ အထခေါ၊ ဥ်။ (နိမိတ်ဖတ်ပြီးရာ ထိုအခါ၌။) မန္ဒုမာ။ ရာဇာ၊ သည်။ ဝိပဿီဿ၊ သော။ ကုမာရဿ၊ မင်းသားအား။ ဓာတိယော၊ အထိန်းတော်တို့ကို။ ဥပဋ္ဌာပေသိ၊ ပြုစုလုပ်ကျွေးစေပြီ။ [မာတုပိတုဥပဋ္ဌာန်-ဥ်ကဲ့သို့ ပြုစုလုပ်ကျွေးခြင်းအနက်ဟော ဌာ ဓာတ်၏ယှဉ်ရာဝယ် "ကံ" ဟုလည်း မိန့်တော်မူကြ၏။] အညာ၊ အခြားသော အထိန်းတော်တို့သည်။ ခီရံ၊ နို့ရည်ကို။ ပါယေန္တိ၊ သောက်စေကြကုန်၏။ (တိုက်ကြကုန်၏၊)အညာ။ နှာပေန္တိ၊ ရေချိုးစေကြကုန်၏။ (ရေချိုးပေးကြကုန်၏။) အညာ။ ဓာရေန္တိ[1]၊ ဆောင်ယူကုန်၏။ (ဆောင်ရွက်ပွေ့ချီကုန်၏)။ အညာ။ အင်္ကန်၊ ရင်ခွင်ဖြင့်။ ပရိဟရန္တိ[1]၊ ရွက်ဆောင်ကုန်၏။ ဘိက္ခဝေ။ ဇာတာဿ၊ ဖွားမြင်ပြီးသော။ ဝိပဿိဿ။ ကုမာရဿ၊ အား။ သေတစ္ဆတ္တံ၊ ထီးဖြူကို။ (နှတ်ဥ်ဖြစ်သော ထီးဖြူကို။) ဒိဝါစေဝ၊ နေ့ဥ်လည်းကောင်း။ ရတ္တိံ၊ ဥ်လည်းကောင်း။ ဓာရယိတ္ထ၊ ဆောင်းမိုးပေးပြီ။ (ကိုံ၊ အဘယ်သို့ကြံ၍ ဆောင်းမိုးပေးသနည်း။)နံ၊ ထိုမင်းသားကို။ သီတံ ဝါ၊ အအေးသည်သော်လည်းကောင်း။ ဥဏှံ ဝါ၊ အပူသည်သော်လည်းကောင်း။ တိဏံ ဝါ၊ မြက်သည်သော်လည်းကောင်း။ ရဇော ဝါ၊ မြူမှုန်သည်သော်လည်းကောင်း။ ဥဿာဝေါ ဝါ၊ ဆီးနှင်းသည်သော်လည်းကောင်း။ မာဗာဓယိတ္ထ၊ မနှိပ်စက်ပါစေနှင့်။ ဣတိ၊ ဤသို့ကြံ၍ ဆောင်းမိုးပေးပြီ။

ဘိက္ခဝေ။ဇာတော ဖွားမြင်ပြီးသော။ ဝိပဿီ။ ကုမာရော၊ သည်။ ဗဟုနော၊ များစွာသော။ ဇနဿ၊ လူအပေါင်းသည်။ ပိယော၊ ချစ်ခင်ဖွယ်သည်။ မနာပေါ၊ မေတ္တာစိတ်ဖြင့် ရောက်အပ်သည်။ဝါ၊မြတ်နိုးအပ်သည်။ (တနည်း) မနာပေါ၊ စိတ်ကို တိုးပွားစေတတ်သည်။ အဟောသိ။ ဘိက္ခဝေ။ သေယျထာ ပိ၊ ဥပမာမည်သည်ကား။ ဥပ္ပလံ ဝါ၊ ကြာဖြူ ကြာနီ ကြာညိုသည်သော်လည်းကောင်း။ ပဒုမံ ဝါ၊ ပဒုမ္မာကြာသည်သော်လည်းကောင်း။ ပုဏ္ဍရီကံ ဝါ၊ ကြာပုဏ္ဍရိက်သည်သော်လည်းကောင်း။ ဗဟုနော၊ သော။ ဇနဿ၊ သည်။ ပိယံ၊ သည်။ မနာပံ၊ သည်။ (ဟာတိ) သေယျထာ ပိ၊ ကဲ့သို့။ ဘိက္ခဝေ။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ပ။အဟောသိ။[ဥပ္ပလစသည်တို့

၁။ ဓာရေန္တိ ပရိဟရန္တိ။ ။မင်းသားကလေးကို ရင်ခွင် ပေါင် လက်တို့ဖြင့် အချိန်ရှည်ကြာစွာပွေ့ချီ ချော့မြှူခြင်းကို "ဓာရေန္တိ"ဟု လည်းကောင်း၊ အခြားသူ၏ရင်ခွင်မှ မိမိရင်ခွင်သို့လည်းကောင်း၊အခြားသူ၏လက်မှ မိမိလက်သို့လည်းကောင်း၊ပြောင်းယူခြင်းကို"ပရိဟရန္တိ"ဟုလည်းကောင်း မှတ်ပါ။[ဋီကာ မှိအပ်သော အဓိပ္ပါယ်။]

၏ အနက်ကို အဂုံတွရ ပဥ္စကနိပါတဋ္ဌကထာ ပထမပဏ္ဏာသ၊ ၃-ဝဂ်၊ ၈-သုတ်ကို ကြည့်၍ ပေးပါသည်။]သော၊ ထို ဝိပဿီမင်းသားကို။[အဿုဒံ နိပါတ်။] အင်္ကေနေဝ၊ ဖြင့်ပင်။ အင်္ဂံ၊ သို့။ ပရိဟရိယတိ၊ ရွေးရွှေဆောင်အပ်၏။ [ရင်ခွင်တခုဖြင့် ရင်ခွင်တခုသို့ ပြောင်းရွှေ့.ပို့.ချီအပ်သည်–ဟူလို။ အကျယ်ကို အဋ္ဌကထာ၌ ပြထားပြီ။]

၃၈။ ။ဘိက္ခဝေ။ပ။ ကုမာရော၊ သည်။ မဇ္ဈိဿရော စ၊ သာယာသော အသံရှိသည်လည်းကောင်း။ ဝဂ္ဂုဿရော စ၊ ကောင်းသော အသံရှိသည် လည်ကောင်း။ မဓုရဿရော စ၊ ချိုသာသော အသံရှိသည်လည်းကောင်း။ ပေမနီယဿရော စ၊ ချစ်အပ် နှစ်သက်အပ်သော အသံရှိသည်လည်းကောင်း။ [ပေမနီယဿရောတိ ပိယာယိတဗ္ဗဿရော။–ဋီကာ။] ဝါ၊ ချစ်ချင်းကို ဖြစ်စေတတ်သော အသံရှိသည်လည်းကောင်း။ [ဤအလို"ပေမနီယဿရော"ဟု နိဒ္ဒ ရဿဖြင့် ရှိပါစေ၊ ပေမံ+ဇနေတိတိ ပေမနိယော။] အဟောသိ။ ဘိက္ခဝေ။ သေယျထာ ပိ၊ ကား။ ဟိမဝန္တေ၊ ဟိမဝန္တာမည် သော။ ပဗ္ဗတေ၊ တောင်၌။ ကရဝိကာ နာမ၊ ကရဝိက်မည်သော။ သကုဏဇာတိ၊ ငှက်မျိုးသည်။ မဇ္ဈိဿရော စ၊ သည်လည်းကောင်း။ပ။ ပေမနီယဿရော စ၊ လည်းကောင်း။ (ဟောတိ။) ဧဝမေဝ။ပ။အဟောသိ။

၃၉။ ။ဘိက္ခဝေ။ပ။ကုမာရဿ၊ ၏။ ကမ္မဝိပါကဇံ၁၊ ကံ၏ အာကျိုးနှင့်တကွဖြစ်သော။ဝါ၊ ကံ၏အကျိုး၏အဖြစ်ဖြင့်ဖြစ်သော။ဒိဗ္ဗစက္ခု၂၊နတ်၌ဖြစ်သော ပသာဒစက္ခုနှင့်တူသော ပသာဒစက္ခုသည်။ (နတ်၌ဖြစ်သောမျက်စိနှင့်တူသော မျက်စိသည်။) ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။ ယေန၊ယင်း ဒိဗ္ဗစက္ခုဖြင့်။ သမန္တာ၊ ပတ်ဝန်းကျင်၌။ ယောဇနံ၊ တယူဇနာ တိုင်တိုင်။

၁။ **ကမ္မဝိပါကဇံ**။ ။သာတိသယသုစရိတကမ္မနိဗ္ဗတ္တံ (အလွန်အကဲနှင့်တကွဖြစ်သော ကောင်းစွာကျင့်အပ်သော ကံကြောင့်ဖြစ်သော။) ပိတ္တာသေမ္ဘ ရုဟိရာဒီဟိ အပလိဗုဒ္ဓံ (သည်းခြေ သလိပ်နှံသွေးအစရှိသည်တို့သည် မနှောင့်ယှက်အပ်သော။) ဒုရေ ဝိ အာရမ္မဏသမ္ပဋိစ္ဆနံ သမတ္ထံ (အဝေးဌာသော်မှလည်း အာရုံကို ခံယူစွမ်းနိုင်သော။) ကမ္မဝိပါကေန သဟဇာတံ၊ [ကံ က ဝိပါက် နမက္ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်စေသောအခါ ကမ္မဇရုပ်ဖြစ်ခဲသာ ထို စက္ခုပသာဒလည်း ကြွင်းသော အကျိုးတရားများနှင့် အတူ ဖြစ်ပေါ်လာသည်–ဟူလို။] ကမ္မဿ ဝါ ဝိပါကဘာဝေန ဇာတံ [ထို စက္ခုပသာဒသည် ကံ၏အကျိုး အဖြစ်ဖြင့် ဖြစ်သည်၊ ဆိုလိုရင်းမှာ ကံ၏အကျိုးဖြစ်သည်–ဟူလို]။–ဋီကာ။

၂။ **ဒိဗ္ဗစက္ခု**။ ။ဒိဝိ+ဘဝံ ဒိဗ္ဗံ၊ [ဒိဝပုဒ်+ကာရပစ္စည်း။]ဒိဗ္ဗံ စ+တံ+စက္ခု စာတိ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခု ဝိယာတိ ဒိဗ္ဗစက္ခု။ [အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

(တယူဇနာ အတွင်း၌ ရှိသော ရူပါရုံကို။) ဒိဝါ စေဝ၊ နေ့အခါ၌လည်း ကောင်း။ ရတ္တိ စ၊ ည၌အခါ၌လည်းကောင်း။ ပဿတိ၊ မြင်နိုင်၏။

၄၀။ ။ဘိက္ခဝေ။ပ။ ကုမာရော၊ သည်။ တာဝတိံသာ၊ တာဝတိံသာ ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ (ပေက္ခန္တိ) သေယျထာပိ၊ ကြည့် ကုန်သကဲ့သို့။ (တထာ။) အနိမိသန္တော၊ မျက်စိမမှိတ်ပဲ။ ပေက္ခတိ၊ ကြည့်၏။ ဘိက္ခဝေ။ပ။ ပေက္ခတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ ဝိပဿီဿ၊ သော။ ကုမာရဿ၊ ၏။ (သမညာ—၌ စပ်။) ဝိပဿီ ဝိပဿီ တော့ဝ(ဣတိ+ဧဝ)၊ ဝိပဿီမင်းသား ဝိပဿီမင်းသားဟူ၍သာ။ သမညာ၊ အမည်သည်။ ဥဒပါဒိ။ [ဤနည်းအလို-ဝိသုဒ္ဓံ၊ အထူးသဖြင့် စင်ကြယ်စွာ။ ပဿတိတိ ဝိပဿီ။ ဝိဝဋ္ဋေဟိ၊ ဖွင့်အပ်သော မျက်လုံးတို့ဖြင့်။ ပဿတိတိ ဝိပဿီ။ ဤသို့ ဝစနတ္ထ ပြုပါ။]

၄၁။ ။ဘိက္ခဝေ။ အထခေါ၊ ၌။ ဗန္ဓုမာ။ ရာဇာ၊ သည်။ အတ္ထကရဏေ၊ အစီးအပွားကို ပြုရာရုံး၌။ ဝါ၊ တရားစီရင်ရာရုံး၌။ [“အန္ဓကရဏေ၊ တရားစွဲမှုကိုပြုရာရုံး၌။” ဟုလည်း မူကွဲရှိ၏။] နိသိန္နော၊ထိုင်နေလျက်။ ဝိပဿိံ ကုမာရံ၊ ကို။ အာမေ၊ ၌။ နိသီဒါပေတွာ၊ ထိုင်နေစေ၍။ အတ္ထေ၊ အစီးအပွားတို့ကို။ အနုသာသတိ၊ သွန်သင်ဆုံးမလမ်းပြ၏။ ဘိက္ခဝေ။ တတြ၊ ထို တရားစီရင်ရာရုံး၌။ ဝိပဿီ ကုမာရော။ ပိတု အာမေ၊ ခမည်း တော်၏ ရင်ခွင်၌။ နိသိန္နော၊ ထိုင်နေလျက်။ ဝိစေယျ ဝိစေယျ၊ ဉာဏ်ဖြင့် စိစစ်၍ ဉာဏ်ဖြင့်စိစစ်၍။ အတ္ထေ၊ တို့ကို။ ဉာယေန၊ အသင့်အား ဖြင့်။ ပနာယတိ၊ အပြားအားဖြင့်သိ၏။ [ပဟုဗ္ဗ+နီဓာတ်၊ သိခြင်းအနက်ဟော။] ဝါ၊ အပြားအားဖြင့် ဖြစ်စေ၏။ [ပဝတ္တိ အနက်ဟော၊ ကာရိတ်လည်းကျေ။] ဘိက္ခဝေ။ဝိစေယျ ဝိစေယျ၊ ၍။ ကုမာရော၊ သည်။ အတ္ထေ၊ တို့ကို။ ဉာယေန၊ ဖြင့်။ပနာယတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝိပဿိဿ ကုမာရဿ၊ ၏။ (သမညာ-၌ စပ်။) မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ (ရွှေးကထက်လွန်စွာ) ဝိပဿီ ဝိပဿီတော့ဝ၊ သာ။ သမညာ ဥဒပါဒိ။ [ဝိစေယျ ဝိစေယျ ပဿတိတိ ဝိပဿီ ဟု ပြုပါ။]

၄၂။ ။ဘိက္ခဝေ။ပ။ ကုမာရဿ၊ မင်းသား၏ အတွက်။ (မင်းသားဖို့။) [တဒတ္ထသမ္ပဒါန်။] တယော၊ သုံးဆောင်ကုန်သော။ ပါသာဒေ၊ ပြာသာဒ်တို့ကို။ [တယော၏ သရုပ်ကို ပြတော်မူလို၍ ကေ ဝဿိကံ စသည် မိန့်။] ကေ၊ တဆောင်သော။ ဝဿိကံ၊ မိုးအခါ၌ နေခြင်းကိုထိုက်သော ပြာသာဒ်ကိုလည်းကောင်း။ ကေ၊ သော။ ဟေမန္တိကံ၊ ဆောင်းအခါ၌ နေ

ခြင်းကိုထိုက်သော ပြာသာဒ်ကိုလည်းကောင်း။ ဧကံ၊ သော။ ဂိမှိကံ၊ နွေအခါ၌ နေခြင်းကိုထိုက်သော ပြာသာဒ်ကိုလည်းကောင်း။ ကာရာပေသိ၊ ပြုစေပြီ။ (ဆောက်လုပ်စေပြီ။)[ဝဿိကံ စသည်၏ဝစနတ္ထကို ဘာသာဋီကာ၌ ရှုပါ။]

ပဋ္ဌ ကာမဂုဏာနိ၊ တို့ကို။ ဥပဋ္ဌာပေသိ၊ အနီး၌တည်စေပြီ။ ဝါ၊ ပြုစုလုပ်ကျွေးစေပြီ။ ဘိက္ခဝေ။ တတြ၊ ထို သုံးဆောင်သော ပြာသာဒ်တို့တွင်။ ဝိပဿီ။ ကုမာရော၊ သည်။ ဝဿိကေ၊ သော။ ပါသာဒေ၊ ၌။ စတ္တာရော မာသေ၊ လေးလတို့ပတ်လုံး။ နိပ္ပုရိသေဟိ၊ ယောကျ်ားမရှိကုန်သော။ (အမျိုးသားမပါ အမျိုးသမီးများသာ တီးမှုတ်အပ်ကုန်သော။) တူရိယေဟိ၊ တူရိယာတို့ဖြင့်။ ပရိစာရယမာနော[၁]၊ ထိုထိုကာမဂုဏ်၌ ဣန္ဒြေတို့ကို လှည့်လည်စေလျက်။ ဝါ၊ ပျော်ပျော်ပါးပါး ခံစားလျက်။ ဟေဋ္ဌာပါသာဒံ[၂]၊ ပြာသာဒ်၏ အောက်ထပ်သို့။ နဩရောဟတိ၊ မဆင်း။ ဣတိ၊ ပထမ ဘာဏဝါရ အပြီးတည်း။ ။ပဋ္ဌမဘာဏဝါရော၊ ပထမ ဘာဏဝါရ တည်း။

ဇိဏ္ဏပုရိသ

၄၃။ ။ဘိက္ခဝေ၊ တို့။ အထခေါ၊ ၌။ပ။ ဗဟူနံ၊ များစွာကုန်သော။ ဝဿာနံ၊ နှစ်တို့၏။ ဗဟူနံ။ ဝဿသတာနံ၊ အနှစ်အရာတို့၏။ ဗဟူနံ။ ဝဿသဟဿာနံ၊ အနှစ်အထောင် တို့၏။ အစ္စယေန၊ လွန်ရာ အခါ၌။ သာရထိံ၊ ရထားထိန်းကို။ (ရထားကို ထိန်းသိမ်းစောင့်ရှောက် မောင်းသူကို။) အာမန္တေသိ၊ အမိန့်ရှိပြီ။ (ခေါ်၍ပြောပြီ။) (ကိံ။) သမ္မသာရထိ၊ အမောင်ရထားထိန်း။ ဘဒ္ဒါနိ ဘဒ္ဒါနိ၊ ကောင်းကုန် ကောင်းကုန်သော။ ယာနာနိ၊ ယာဉ်တို့ကို။ ယောဇေဟိ၊ ယှဉ်စေလော့။ (ယာဉ်တို့ကို မြင်းနှင့်

၁။ **ပရိစာရယမာန**။ ။ပရိစာရယမာနသာတိ ပရိတော စာရယမာနသ၊ တသ္မိံ တသ္မိံ ကာမဂုဏေ ဣန္ဒြိယာနိ စာရယမာနသာတိ အတ္ထော။—မဟာခန္ဓက ယသဝတ္ထုအဖွင့်။ သာရတ္ထ။

၂။ **ဟေဋ္ဌာပါသာဒံ**။ ။နဩ ဟေဋ္ဌာ ပါသာဒါ သြရောဟတိတိ ဥပရိပါသာဒတော ဟေဋ္ဌိမတလံနဩ သြရောဟတိ၊ ''ဟေဋ္ဌာပါသာဒ'' နှိ ပိ ပဋ္ဌနှိ။—သံဃဘေဒက္ခန္ဓကအဖွင့် သာရတ္ထ။ [ဟေဋ္ဌာ ပါသာဒါ ဟု ရှိလျှင် ''ပါသာဒါ၊ မှ။ ဟေဋ္ဌာ၊ အောက်အရပ်သို့'' ဟု ပေးပါ။]

ကပ်ယှဉ်လော့။) သုဘူမိဒဿနာယ၊ ကောင်းသောမြေအရပ်ကို ကြည့်ရှုခြင်းငှာ။ ဥယျာနဘူမိံ၊ ဥယျာဉ်မြေသို့။ ဂစ္ဆာမ၊ သွားကြစို့။(သွားကြရအောင်။) ဣတိ၊ သို့။ (အာမန္တေသိ။)

ဘိက္ခဝေ။ ဒေဝ၊ မင်းသား။ ဧဝံ၊ ကောင်းပါပြီ။ ဣတိ ခေါ၊ လျှင်။ သာရထိ၊ သည်။ ဝိပဿိဿ ကုမာရဿ၊ ၏။ (ဝစနံ၊ ကို။) ပဋိဿုတွာ၊ ရှေးရှုနားထောင်၍။ ပ။ ယောဇေတွာ၊ ယှဉ်စေ၍။ပ။ ကုမာရဿ၊ အား။ ပဋိဝေဒေသိ၊ တဖန်သိစေပြီ။ (ပြန်၍ သံတော်ဦးတင်ပြီ။) (ကိံ။)ဒေဝ။ တေ၊ အသင်မင်းသား၏ အတွက်၊ ဘဒ္ဒါနိ ဘဒ္ဒါနိ။ ယာနာနိ၊ တို့ကို။ ယုတ္တာနိ၊ ကပ်ယှဉ်အပ်ပါကုန်ပြီ။ (မြင်းနှင့် ကပ်ယှဉ်အပ်ပါကုန်ပြီ။) ဒါနိ၊ ယခုအခါ၌။ (တွံ၊ အသင်မင်းဘားသည်။) ယဿ၊ အကြင်တြွတော်မူခြင်း၏။ ကာလံ၊ အချိန်ကို။ မညသိ၊ သိ၏။ (တဒေဝ၊ ထိုကြွတော်မူရာအချိန်ကိုသာ။ အတ္တနော၊ ကိုယ်တော်၏။ ရှစိယာ၊ အလိုအားဖြင့်။ ကရောဟိ၊ ပြုတော်မူပါ။) ဣတိ။ (ပဋိဝေဒေသိ။) ဘိက္ခဝေ၊ အထခေါ၊ ၌။(သံတော်ဦးတင်ရာ ထိုအခါ၌။) ။ပ။ ယာနံ၊ သို့။ အဘိရှဟိတွာ၊ တက်စီး၍။ ဘဒ္ဒေဟိ ဘဒ္ဒေဟိ။ ယာနေဟိ၊ တို့ဖြင့်။ ဥယျာနဘူမိံ၊ သို့။ နိယျာသိ၊ ထွက်လာပြီ။

၄၄။ ။ဘိက္ခဝေ။ပ။ နိယျန္တော၊ ထွက်လာလတ်သော်။ ဇိဏ္ဏံ၊ အိုသော။ ဂေါပါနသိဝက်ံ၊ အခြင်ရနယ်ကဲ့သို့ ကောက်သော။ (အဋ္ဌကထာ။) ဝါ၊ ကောက်သော အခြင်ရနယ်နှင့် တူသော။ [ဂေါပါနသိဝက်နှိ ဝက်ဂေါပါနသီ ဝိယ။—ဋီကာ။] ဘောဂ္ဂံ[၁]၊ ခါးအရပ်၌ ပျက်စီးနေသော။ (ခါးကုန်းနေဇသော။) [(တနည်း) အာဘောဂ္ဂံ၊ အစမှ စ၍ အထက်သို့တက်လျက် ပဆစ်ဒူးဝန်း ခါး ပခုံးဟူသော သုံးဌာနတို့၌ ပျက်စီးနေသော။ ဝါ၊ ကောက်နေသော။] ဒဏ္ဍပရာယဏံ၊ တောင်ဝှေးဟူသော လည်းလျောင်းရာရှိသော။ (တောင်ဝှေးသာလျှင် အားကိုးရာရှိသော။) ပဝေဓမာနံ၊ တုန်လှုပ်လျက်။ ဂစ္ဆန္တံ၊ သွားနေသော။ အာတုရံ၊ ဇရာဖြင့် နာကျင်နေ

၁။ ဘောဂ္ဂံ။ ။ဘောဂ္ဂနှိ ဘဂ္ဂံ၊ ဇူမိနာ ပိဿ ဝက်ဘာဝမေဝ ဒီပေတိ။—တိကဂ်ုတ္တရဋ္ဌ—ဒေဝဒူတသုတ်။ ဘဂ္ဂနှိ ဘဂ္ဂသရီရံ၊ ကဋိယံ ဘဂ္ဂကာယတ္တာ တေနာဟ—ဇူမိနာ။ပ။ဒီပေတိတိ။ ၎င်း—ဋီကာ။ ဤ အဖွင့်အတိုင်း ပထမတနည်း အနက်ပေးပါသည်၊ ဤသုတ် မဟာဝဂ္ဂဋ္ဌ, ဋီ—တို့၌ကား တမျိုးဖွင့်၏၊ ထိုနည်း ကိုလည်း ပေးထားပါသည်။

သော။ ဝါ၊ ဇရာသည် နှိပ်စက်အပ်သော။ ဂတယောဗ္ဗနံ၊ နုပျိုသူ၏ အဖြစ်ကို လွန်ပြီးသော။ ဝါ၊ နုပျိုသောအရွယ်ကို လွန်ပြီးသော။ ပုရိသံ၊ ကို။ အဒ္ဒသာ၊ မြင်ပြီ။

ဒီသို့၊ ၍။ ဝါ၊ မြင်ခြင်းကြောင့်။ သာရထိ၊ ကို။ အာမန္တေသိ၊ အမိန့် ရှိပြီ။ (မေးပြီ။ ကိ။) သမ္မ သာရထိ၊ အယံ၊ ပုရိသော၊ ကို။ ကိံ ကတော၊ အဘယ်သည် ပြုအပ်သနည်း။ (ဘာဖြစ်နေတာတုံး။) အဿ၊ ဤယောကျ်း၏။ ကေသာပိ၊ ဆံပင်တို့သည်လည်း။ အညေသံ၊ အခြားသူတို့၏။ (ကေသာ) ယထာ၊ တို့ကဲ့သို့။ နု (ဟောန္တိ)၊မဟုတ်ပါကုန်တကား။ (မဟုတ်ပါပဲလား။) အဿ၊၏။ ကာယော ပိ၊ခန္ဓာကိုယ်သည်လည်း။ အညေသံ၊တို့၏။ (ကာယော) ယထာ၊ ကဲ့သို့။ နု (ဟောတိ)၊ မဟုတ်ပါတကား။(မဟုတ်ပါပဲလား။) ဣတိ။ (အာမန္တေသိ။)

ဧဝံ၊ မင်းသား။ ဧသော၊ ဤ ယောကျ်းသည်။ ဇိဏ္ဏော နာမ၊ ဇိဏ္ဏ မည်ပါ၏။ (သူအိုမည်ပါ၏။) ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ သမ္မ သာရထိ။ ဧသော ဇိဏ္ဏော နာမ၊ ဤဇိဏ္ဏမည်သူသည်။ (ဤသူအိုမည်သည်။) ကိံ ပန်၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေးပြီ။ [ရှေးအခါကသူအိုကိုမမြင်ဘူးသော မင်းသားဖြစ်၍ ဇိဏ္ဏဟူသော စကားလုံး၏အဓိပ္ပါယ်ကို မသိသောကြောင့် မေးသည်။] ဧဒဝ။ ဧသော၊ သည်။ ဇိဏ္ဏော နာမ၊ ၏။။ ဒါနိ၊ ယခုအခါ၌။ ဧတရဟိ၊ ထိုဇိဏ္ဏမည်သူသည်။ (ထိုသူအိုသည်။) စိရံ၊ ကြာရှည်စွာ။ ဇိဝိတမ္ပံ၊ အသက်ရှင်ထိုက်သည်။ နု ဘဝိဿတိ၊ ဖြစ်လိမ့်မည် မဟုတ်ပါ။ (အသက်ရှည်ရှည် နေရမည့်သူ မဟုတ်တော့ပါ။) ဣတိ၊ ပြီ။

သမ္မ သာရထိ။ အဟမ္ပိ၊ ကျွန်ုပ်သည်လည်း။ (ကျွန်ုပ်လဲပဲ။) ဧထာဓမ္မော၊ အိုခြင်းသဘောရှိသည်။ (ဟုတ္တွာ။) ဧရံ၊ အိုခြင်းကို။ အန တီတော ကိံ၊ မလွန်မြောက်နိုင်ဘူးလော။ (မလွန်မြောက်နိုင်ဘူးလား။) ဣတိ၊ ဤသို့ မေးပြီ။ ဧဒဝ။ တံ စ၊ သင်မင်းသားသည်လည်းကောင်း။ မယံ စ၊ ကျွန်တော်မျိုးတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံသောသတ္တဝါတို့သည်။ ဧထာဓမ္မော၊ အိုခြင်းသဘောရှိကုန်သည်။ (ဟုတ္တွာ။) ဧရံ၊ ကို။ အနတီတာ၊ မလွန်မြောက်နိုင်ကုန်သည်။ အမ္ဘ၊ ဖြစ်ပါကုန်၏။ ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ သမ္မ သာရထိ။ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ (ဒီလိုအိုမယ်ဆိုယင်။) ဒါနိ၊ ၌။ အဇ္ဇ၊ ယနေ့။ ဥယ္ယာနဘူမိယာ၊ ဖြင့်။ အလံ၊ အကျိုးမရှိတော့။ ဣတော ဝ၊ ဤအရပ်မှပင်။ အန္တေ ပုရံ၊ နန်းတွင်းသို့။ ပစ္စနိယျာဟိ၊ ပြန်လှည့်

ပါလော့။ (လှည့် ပြန်ပေတော့။) ဣတိ၊ ပြီ။ဒေဝ။ ဝေံ၊ ကောင်းပါပြီ။ (အမိန့်တော်အတိုင်းပါ။)ဣတိ ဝေါ၊ လျှင် ။ပ။ ပစ္စနိယျာသိ၊ ပြန်လှည့်ပြီ။

ဘိက္ခဝေ။ တတြ၊ ထို နန်းတော်၌။ ဝိပဿီ။ ကုမာရော၊ သည်။ အန္တေ ပရံ၊ သို့။ ဂတော၊ ရောက်ပြီးသည်။(သမာနော။) ဒုက္ခီ၊ စိတ်ဆင်းရဲခြင်း ရှိသည်။ ဒုမ္မနော၊ မကောင်းသော စိတ်ရှိသည်။ (စိတ်မချမ်းမသာသည်။) (ဟုတ္ဝာ။) ပဇ္ဈာယတိ၊ ဟိုဟိုဒီဒီကြံစည်စဉ်းစားနေ၏။ (ဟိုဟို ဒီဒီ ကြံစည် မှိုင်တွေ၍ ထိုင်နေ၏။)(ကိံ၊ အဘယ်သို့ ကြံစည်စဉ်းစားသနည်း။) ယတြ၊ အကြင် ဇာတိသည်။(သတိ၊ ရှိလတ်သော်။) ဇာတဿ၊ မွေးဖွားလာသော သတ္တဝါ၏အတွက်။ ဝါ၊ သတ္တဝါမှာ။ ဇရာ၊ ဇရာသည်။(အိုခြင်းသည်။) ပညာယိဿတိ နာမ၊ ထင်ရှားရ၏။ ဝါ၊ အထင်အရှားဖြစ်ရ၏။ (သာ) ဇာတိ၊ ထို ဇာတိသည်။ ဓီ၊ စက်ဆုပ်ဖွယ်သည်။ အတ္ထု ကိရ ဘော၊ ဖြစ်လေစွ-ဩော်။ ဣတိ၊ သို့။(ပဇ္ဈာယတိ။)

၄၅။ ။ဘိက္ခဝေ။ အထခေါ၊ ၌။ပ။ အာမန္တာပေတွာ၊ ခေါ်စေ၍။ (အခေါ်ခိုင်း၍။) ဇတံ၊ ဤ စကားကို။ အဝေါစ၊ ပြောပြီ။(အမိန့်ရှိပြီ။) (ကိံ။) သမ္မ သာရထိ၊ အမောင် ရထားထိန်း။ ကစ္စိ၊ အဘယ်သို့နည်း။ (ဘယ်လိုလဲ။) ကုမာရော၊ သည်။ ဥယျာနဘူမိယာ၊ ၌။ အဘိရမိတ္ထ၊ မွေ့လျော်ခဲ့၏လော။(ပျော်ခဲ့ရဲ့လား။)[အဘိရမိတ္ထ၌ အဇ္ဇတနီ(အာ)ဝိဘတ်ကို တ္ထပြု။] သမ္မ သာရထိ။ပ။ အတ္တမနော၊ မိမိစိတ်ရှိသည်။(နှစ်သက်ဝမ်းမြောက်သည်။) အဟောသိ၊ ဖြစ်ခဲ့၏လော။(ဖြစ်ခဲ့ရဲ့လား။)ဣတိ၊ ပြီ။ ဒေဝ၊ မင်းမြတ်။ပ။န အဘိရမိတ္ထ၊ မမွေ့လျော်ခဲ့ပါ။ပ။ န အဟောသိ၊ ပါ။ ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ သမ္မ သာရထိ။ ကုမာရော၊ သည်။ ဥယျာနဘူမိံ၊ သို့။ နိယျန္တော၊ ထွက်လတ်သော်။ ကိံ၊ အဘယ်ကို။ အဒ္ဒသ၊ မြင်သနည်း။ ဣတိ၊ ဤသို့ မေးပြီ။ ဒေဝ။ ကုမာရော၊ သည်။ဥယျာနဘူမိံ၊ သို့။ နိယျန္တော၊ သော်။ ဇိဏ္ဏံ။ ပ။ ပုရိသံ၊ ကို။ အဒ္ဒသာ၊ မြင်ပါပြီ။ ဒိသွာ၊ ကြောင့်။ မံ၊ ကို။ ဇတံ၊ ကို။ အဝေါစ၊ ပြောပါပြီ။(ကိံ။) သမ္မ

၁။ **ပစ္စနိယျာသိ။** ။ပတိ+နိ ရှေးရှိသော+ယာဓာတ်၊ အဇ္ဇတနီ ဤ ဝိဘတ်၊ ဓာတ်၏ အစ၌(အ)လာ၊ သမ္ဗောစံတိဖြင့် တိကို(စ်)ပြု၊ (စ်)လာ။ပစ္စနိယျာဟိ-၌ကား သရမရှိသောကြောင့် သုတ်ကြီးဖြင့် တိ ကို(စ)ပြုသင့်၏၊ သဒ္ဒနီတိ သန္ဓိ ၁၈၃-သုတ်၌ကား ပတိ ကို သရ နှောင်းသည်ဖြစ်စေ ဗျည်းနှောင်းသည်ဖြစ်စေ တခါတည်း ပစ္စ ပြုသည်။ [ဒုက္ခီ ဒုမ္မနော ပဇ္ဈာယတိ တို့ကို ပါရာဇိက သုဒိန္ဓ-၌ ကို ကြည့်၍ ပေးပါသည်။]

သာရထိ။ပ။နေ ဟောတိ၊ တကား။ ဣတိ၊ ဤသို့ ပြောပါပြီ။ပ။ ပစ္ဆိ နိယျာသိ်၊ ပြန်လှည့်ခဲ့ပါပြီ။ ဒေဝ။ သော ကုမာရော၊သည်။ပ။ ပဇ္ဈာယတိ၊ ထိုထို ဤဤ ကြံစည်နေပါ၏။ ဣတိ၊ ဤသို့သံတော်ဦးတင်ပြီ။

ဗျာဓိတပုရိသ

၄၆။ ။ဘိက္ခဝေ။ အထခေါ၊ ၌။ (ရထားထိန်းက သံတော်ဦးတင်ရာ ထိုအခါ၌)။ပ။ရညော၊ ၏။ တေ၊ ဤအကြံသည်။ အဟောသိ။ (ကိ်။) ဝိပသီ။ ကုမာရော၊ သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ မာဟေဝ ခေါ နကာရေသိ၊ မပြုပဲ မနေစေပါနှင့်။ (ဧကန် ပြုစေလို၏၊ ဧကန် ပြုပါစေသတည်း။) ဝိပသီ ။ပ။ အဂါရသ္မာ၊ မှ။ (နိက္ခမိတ္ဝာ။) အနဂါရိယံ၊ သို့။ မာဟေဝပဗ္ဗဇိ၊ ဧကန် မကပ်ရောက်ပါစေနှင့်။ (ဧကန် မကပ်ရောက်ပါစေသတည်း။) နေမိတ္တာနံ၊ နိမိတ်ကျမ်းကို တတ်သိနားလည် ကုန်သော။ ဝါ၊ နိမိတ်ဖတ်ကုန်သော။ ဗြာဟ္မဏာနံ၊ တို့၏။ ဝစနံ၊ သည်။ သစ္စံ၊ အမှန်သည်။ မာဟေဝ အာသ၊ မဖြစ်ပါစေနှင့်။ ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။

ဘိက္ခဝေ အထခေါ်၊ ၌။ (အကြံဖြစ်ပြီးရာ ထိုအခါ၌။) ယထာ၊ အကြင် အချင်းအရာအားဖြင့် ပြုစုလုပ်ကျွေးစေလတ်သော်။ ဝိပသီ။ ကုမာရော၊ သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကရေယျ၊ ပြုရာ၏။ (တထာ၊ ထို မင်းပြုနိုင်

၁။ **အမှာ**။ ။အထ ခေါ ဘိက္ခဝေ ဗန္ဓုမာ။ပ။ ဥပဋ္ဌာပေသိ၊ (၌ ဝါကျသည် နိယမဝါကျ။ (က) ယထာ။ပ။ ကရေယျ၊ (ခ) ယထာ။ပ။ ပဗ္ဗဇေယျ၊ (ဂ) ယထာ။ပ။ အဿ ဝစနံ။ ၌သုံးဝါကျသည် အနိယမ ထို ဝါကျများကို အနက်ပေးရာ၌ အနိယမဝါကျတခုပြီးလျှင် နိယမဝါကျနှင့်တွဲ၍ အနက်ပေးရ၏။

ဥပမာ၊ ယထာ၊ အကြင်အချင်းအရာအားဖြင့် ပြုစုလုပ်ကျွေးစေလတ်သော်။ဝိပသီ ။ပ။ ကရေယျ၊ ရာ၏။ (တထာ)၊ ထို မင်းပြုနိုင်လောက်အောင်သော အချင်းအရာအားဖြင့်။ပ။ ဥပဋ္ဌာပေသိ၊ စေပြီ။ ယထာ၊ ဖြင့်။ (လတ်သော်။) ဝိပသီ။ပ။နပဗ္ဗဇေယျ၊ ရာ။ (တထာ) ထိုရဟန်းအဖြစ်သို့ မကပ်ရောက်နိုင်လောက်အောင်သော အချင်းအရာအားဖြင့်။ပ။ ဥပဋ္ဌာပေသိ၊ စေပြီ။ ယထာ၊ ဖြင့်။ (လတ်သော်)။ပ။ ဝစနံ၊ သည်။ မိစ္ဆာ၊ သည်။အဿ၊ ရာ၏။ (တထာ)၊ ထို နေမိတ္တ ဗြာဟ္မဏတို့၏ စကားမှားနိုင်လောက်အောင်သော အချင်းအရာအားဖြင့်။ပ။ ဥပဋ္ဌာပေသိ၊ သိစေပြီ။ ဣသို့ပေးပါ၊ နေရာတိုင်း ဣနည်းချည်းတည်း။ နိဿယဒ္ဓကား လွယ်ကူအောင် ပေးထားပါသည်။

လောက်အောင်သော အချင်းအရာအားဖြင့် လည်းကောင်း။)ယထာ၁၊ အကြင် အချင်းအရာအားဖြင့် ပြုစုလုပ်ကျွေး စေလတ်သော်။ ဝိပဿီ။ ကုမာရော အဂါရသ္မာ (နိကွမိတ္တာ။) အနဂါရိယံ၊ သို့။ နှ ပဗ္ဗဇေယျ၊ မကပ်ရောက်ရာ။ (တထာ၊ ထို ရဟန်းအဖြစ်သို့ မကပ်ရောက် နိုင်လောက်အောင်သော အချင်း အရာအားဖြင့်လည်းကောင်း။ (ယထာ၊ ဖြင့်။ (လတ်သော်။) နေမိတ္တာနံ ဗြာဟ္မဏာနံ၊ တို့၏။ ဝစနံ၊ သည်။ မိစ္ဆာ၊ မမှန်သည်။ ဝါ၊ မှား၊သည်။ အာသ၊ ဖြစ်ရာ၏။ (တထာ၊ ထို နေမိတ္တ ဗြာဟ္မဏတို့၏ စကား မှား၍ နိုင် လောက်အောင်သော အချင်းအရာအားဖြင့်လည်းကောင်း။) ဗန္ဓုမာ။ ရာဇာ သည်။ ဝိပဿိဿဲ ကုမာရဿ၊ အား။ ဘိယျောသော၊ လွန်ကဲသော။ (သာလွန်သော။) မတ္တာယ၊ အတိုင်းအရှည်ဖြင့်။ ပဇ္ဇာဝမဂုဏာနံ၊ တို့ကို။ ဥပဒ္ဒာပေသိ၊ အနိုး၌တည်စေပြီ။ ဝါ၊ ပြုစုလုပ်ကျွေးစေပြီ။

ဘိက္ခဝေ။ တတြ၊ ထို နှန်းတော်၌။ပ။ ကုမာရော၊ သည်။ ပဇ္ဇဟိ၊ ကုန်သော။ ကာမဂုဏေဟိ၊ တို့နှင့်။ (သမ်ဂီဘူတော-၌စပ်။) ဝါ၊ တို့သည်။ သမပ္ပိတော၊ ကောင်းစွာရောက်အပ်သည်။ သမ်ဂီဘူတော၊ ပြည့်စုံသည် ဖြစ်၍ ဖြစ်သည်။ (ဟုတ္တာ။)ပရိစာရေတိ၊ ကျွန်ုပ်တို့ကို ထိုထို ဤဤ လှည့်လည်စေ၏။ (ထိုထို အာရုံ၌ ကျွန်ုပ်တို့ကို လှည့်လည်စေ၏-ဟူလို။)။ပ။

၁။ **ယထာ**။ ။ဥပမာန မဟုတ်သော အာကာရဝါကျမျိုး၌ ယထာ၊ အကြင် အချင်းအရာအားဖြင့်။ ဤမျှလောက်သာမပေးဝဲ (နိယမအဖြစ်ဖြင့် ထည့်အပ်သော) တထာ ပုဒ်၏ စပ်ရာဖြစ်သော ကြိယာကို လက္ခဏာလုပ်၍ အနှက်ပေးရ၏။ ဤ၌ "ဥပဒ္ဒာပေသိ"သည် "တထာ"၏ စပ်ရာ ကြိယာတည်း။ ထိုကြိယာကို လက္ခဏာ လုပ်လျှင် ယထာ၊ အကြင်အချင်းအရာအားဖြင့်။ (ဥပဒ္ဒာပေနှင့်၊ ပြုစုလုပ်ကျွေးစေလတ် သော်။) ဟု ဖြစ်၏။ **နိဿယဋ္ဌကား** ပါဠိကို မထည့်ဝဲ လွယ်ကူအောင် ပေးထား ပါသည်။

ဥပမာန အာကာရ။ ။ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဤသို့ ပေးအပ်သော ယထာ တထာသည် ဥပမာန ဥပမေယျတည်း။ ယထာ၊ အကြင် အချင်း အရာအားဖြင့်။ တထာ၊ ထိုအချင်းအရာအားဖြင့်။ ဤသို့ ပေးအပ်သော ယထာ တထာ သည် အာကာရတည်း။ [နေရာတိုင်း ဤနည်းချည်းတည်း။ အချို့နေရာ၌ကား ကံဟော ကြိယာ၌ စပ်ရသော ယထာ တထာကိုလည်းကောင်း၊ ကြိယာကို လက္ခဏာ မပြုင် "ယထာ၊ ဖြင့်။ တထာ၊ ဖြင့်။"ဟုသာ ပေးရသော ယထာ တထာကိုလည်းကောင်း တွေ့ရပါသေးသည်။]

[ဆောင်]။ ။ယထာ တထာ၊ဥပမာမဟုတ်၊အာကာရထုတ်မူ၊တထာစပ်ရာ၊ကြိယာ သည်၊မှန်စွာလက္ခဏာ ဖြစ်မြဲတည်း။

၄၇။ ။ဘိက္ခဝေ။ပ။နိယျန္တော၊ လတ်သော်။ အာဗာဓိကံ၊ (ဣရိယာပုထ်ကို ဖျက်ဆီးနိုင်လောက်အောင် ပြင်းစ့ာနှိပ်စက်တတ်သော အနာရောဂါရှိသော။ ဒုက္ခိတံ၊ လွန်စ့ာဖြစ်သော ဆင်းရဲခြင်းရှိသော။ ဗာဠဂိလာနံ၊ ပြင်းထန်စ့ာ မကျန်းမာနေသော။ သကေ၊ မိမိဥစ့ာ ဖြစ်သော။ မုတ္တကရိသေ၊ ကျင်ငယ် ကျင်ကြီး၌။ ပလိပန္နံ၊ နစ်မြုပ်လျက်။ သေမာနံ၊ အိပ်နေရသော။ အညေဟိ၊ အခြားသူတို့သည်။ (အခြားသူတို့က။) ဥဋ္ဌာပိယပမာနံ၊ ထစေအပ်သော။ (ထူပေးအပ်သော။) အညေဟိ၊ တို့သည်။ သံဝေသိယမာနံ၊ လည်းလျောင်းစေအပ်သော။ (လှဲပေးအပ်သော။) ပုရိသံ၊ ကို။ အဒ္ဒသာ၊ ပြီ။

ဒီသ္ဝာ၊ ၍။ ဝါ၊ ကြောင့်။ သာရထိံ အာမန္တေသိ။ (ကိုး။) သမ္မ သာရထိ အယံ ပုရိသော ကိံ ကတော။ အဿ၊ ဤယောကျွန်း၏။ အက္ခီနိ ပိ၊ မျက်လုံး တို့သည်။ အညေသံ၊ အခြားသူတို့၏။ (အက္ခီနိ) ယထာ၊ တို့ကဲ့သို့။ န၊ မဟုတ်ပါ တကား။ (မဟုတ်ပါပဲလား။) အဿ၊ ၏။ သရောပိ၊ အသံသည်လည်း။ အညေသံ၊ တို့၏။ (သရော) ယထာ၊ ကဲ့သို့။ န၊ တကား။ ဤတိ၊ ဤသို့ မေးပြီ။ ဒေဝ၊ မင်းသား။ ဧသော၊ ဤယောကျွန်းသည်။ ဗျာဓိတော နာမ၊ ဗျာဓိတ ဟူ၍ မည်ပါ၏။ (လွန်စ့ာအနာရောဂါရှိသူ အနာရောဂါနှိပ်စက်အပ်သူ မည်ပါ၏။) ဤတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ သမ္မ သာရထိ ဧသော ဗျာဓိတော နာမ၊ ဤ ဗျာဓိတမည်သူသည်။ ကိံ ပန၊ အဘယ်နည်း။ ဤတိ၊ ပြီ။ [သူနာကို မမြင်ဘူး၍ ဗျာဓိတော ဟူသော စကား၏ အဓိပ္ပါယ်ကို နားမလည်သောကြောင့် မေးသည်။]

ဒေဝ။ ဧသော ဗျာဓိတော နာမ၊ ဤ ဗျာဓိတမည်သူသည်။ (ဤ သူနာမည်သူသည်။) တမ္မာ အာဗာဓာ၊ ထို အနာမှ။ အပေဝ နာမ ဝုဋ္ဌဟေယျ၊ ထနိုင်စာန်ရာပါ၏။ ဝါ၊ ထနိုင်မည်ဟု မသိရပါ။) ဤတိ၊ ပြီ။ သမ္မသာရထိ။ အဟမ္ပိ၊ ကျွန်ုပ်သည်လည်း။ ဗျာဓိဓမ္မော၊ မကျန်းမမာ ဖျားနာခြင်းသဘောရှိသည်။ (ဟုတ္ဝာ။) ဗျာဓိံ၊ မကျန်းမမာ ဖျားနာခြင်းကို။ အနတီတော ကိံ၊ မလွန်မြောက်နိုင်သလော။ (မလွန်မြောက်နိုင်ဘူးလား။) ဤတိ၊

၁။ ဗျာဓိတ။ ။ဝိဝိဓံ ဒုက္ခံ အာဒဟတီတိ ဗျာဓိ၊ (အမျိုးမျိုးသောဒုက္ခကို ထားတတ်သော အနာရောဂါ။) ဝိသေသေန ဝါ အာဓိယတိ ဧတေနာတိ ဗျာဓိ (အထူးသဖြင့် ဒုက္ခကို ယူကြောင်းဖြစ်သော အနာရောဂါ။) [ဗျာဓိ=ဝိ+အာ+ဓာ ဓာတ် ဇုပစ္စည်း။] ဗျာဓိ+သဏ္ဌာတော ဧတသာတိ ဗျာဓိတံ။ ["သဏ္ဌာတံ တာရကာဒိ-တ္တိတော" ဟူသော မောဂ္ဂလ္လာန် ကာဒိကဏ္ဍ ၄၅-သုတ်ဖြင့် ဇုတ ပစ္စည်း သက်။] ဧသ နယော ဒုက္ခိတန္တိ ဤတ္ထောပိ။-တိက-အံ-ဒ္ဓိ-ပထမပဏ္ဏာ၊ ၄-ဝဂ်၊ ၆-သုတ်။

ပြီ။ ဒေဝ။ တံ့ စ၊ အ သင်မင်းသားသည်လည်းကောင်း။ မယံ စ၊ ကျွန်တော် မျိုးတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံသောသတ္တဝါတို့သည်။ ဗျာဓိ ဓမ္မာ၊ ကုန်သည်။ (ဟုတ္ဝာ။) ဗျာဓိ်၊ ကို။ အနတီတာ၊ ကုန်သည်။ အမှု၊ ဖြစ်ပါကုန်၏။ ဣတိ၊ ပြီ။

သမ္မ သာရထိ။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ (ဒီလို "နာ" ရမယ်ဆိုလျှင်။) ။မ။ ပစ္စနိယျာဟိ ။ပ။ ပစ္စနိယျာသိ။ [ပုဒ်စဉ် ၄၄-အတိုင်းပေးပါ။] ဘိက္ခဝေ။ တတြ၊ ထိုနန်းတော်၌။ ။ပ။ ပဇ္ဈာယတိ။ (ကိ်။) [ရှေ ၄၄-အတိုင်းပေးပါ။] ယတြ၊ အကြင်ဇာတိသည်။ (သတိ၊ ရှိလတ်သော်။) ဇာတဿ၊ မွေးဖွားလာသောသတ္တဝါ၏။ ဝါ၊ မှာ။ ဇံရာ၊ သည်။ ပညာယိဿတိ နာမ၊ ထင်ရှားရ၏။ ဝါ၊ အထင်အရှား ဖြစ်ရ၏။ ဗျာဓိ၊ အနာရောဂါသည်။ ပညာယိဿတိ နာမ။ (သာ) ဇာတိ၊ သည်။ ဓိ၊ စက်ဆုပ်ဖွယ်သည်။ (ထို့ ထို့ ထွေးထိုက်သည်။) အတ္ထု၊ ကိရ ဘော၊ ဖြစ်လေစ့ သြော်။ ဣတိ၊ သို့။ (ပဇ္ဈာယတိ။)

၄၈။ ။အထ ခေါ ။ပ။ ပညာယိဿတိ တိ။ [ပုဒ်စဉ် ၄၅-အတိုင်းပေးပါ။]

ကာလက်တပုရိသ

၄၉။ ။ပုဒ်စဉ်နံပါတ် ၄၆-၌ အနက်ပေးခဲ့ပြီ။

၅၀။ ။ဘိက္ခဝေ။ပ။နိယျန္တော၊ လတ်သော်။ မဟာဇနကာယံ၊ များစွာသော လူအပေါင်းကို။ သန္ဓိပတိတံ၊ စုဝေးနေသည်ကိုလည်းကောင်း။ နာနာရတ္တာနံ၊ အမျိုးမျိုးသော ဆိုးရေဖြင့် ဆိုးအပ်ကုန်သော။ ဒုဿာနံ၊ အဝတ်တို့၏။ ဝိလာတံ၊ အလောင်းတင်ထမ်းစင်ကို။ ကယိရမာနံ၊ ပြုနေသည်ကိုလည်းကောင်း။အဒ္ဒသာ၊ပြီ ။ပ။ အာမန္တေသိ။ (ကိ်။) သမ္မသာရထိ။ ကိ် နု၊ အဘယ့်ကြောင့်။ သော မဟာဇနကာယော၊ သည်။ သန္ဓိပတိတော၊ စုဝေးနေသနည်း။ နာနာ ရတ္တာနံ၊ ကုန်သော။ ဒုဿာနံ၊ တို့၏။ ဝိလာတံ စ၊ ကိုလည်း။ ကယိရတိ၊ ပြုနေသနည်း။ ဣတိ၊ ပြီ။ [လူသေကို မမြင်ဘူးသော်လည်း ထမ်းစင်ကို မြင်ဘူးသောကြောင့် "နာနာ ရတ္တာနံ ဒုဿာနံ ဝိလာတံ" ဟု ပြောသည်။] ဇဒဝ။ ဇသော၊ သည်။ ကာလက်တော နာမ၊ ကာလက်တမည်ပါ၏။ ဝါ၊ သူသေမည်ပါ၏။ ဣတိ၊ ပြီ။ သမ္မ သာရထိ။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ ယေန၊ အကြင်အရပ်၌။ သော ကာလက်

တော၊ ထို ကာလက်တသည်။ (ထို သူသေသည်။) (အတ္ထိ။) တေန၊ ထို သူသေရှိရာ အရပ်သို့။ ရထံ၊ ကို့။ ပေသေဟိ၊ စေလွှတ်လော့။ (မောင်းနှင်လော့။) ဣတိ၊ ဤသို့ စေခိုင်းပြီ။ပ။ ပေသေသိ၊ စေလွှတ်ပြီ။ (မောင်းနှင်ပြီ။)

"ဘိက္ခဝေ ဝိပဿီ။ ကုမာရော၊ သည်။ ပေတံ၊ ဤ ဘဝမှ ကင်းကွာသွားသော။ (ဤဘဝမှ ဘဝတပါးသို့ ပြောင်းသွားသော။) ကာလင်္ကတံ၊ သူသေကို။ အဒ္ဒသာ၊ မြင်ရပြီ။ပ။အာမန္တေသိ။ (ကို့။) သမ္မသာရထိ။ အယံ ကာလင်္ကတော နာမ၊ ဤ ကာလင်္ကတ မည်သူသည်။ (ဤသူသေမည်သည်။) ကို့ ပန၊ အဘယ်နည်း။ပ။ ဧတိ၊ ပြီ။ ဧဒဝ။ ဧသော၊ ဤသူသည်။ ကာလင်္ကတော နာမ၊ မည်ပါ၏။ ဝါ၊ ပြုအပ် ပြီးဆုံးစေအပ်ပြီးသော အသက်ရှင်ရာ ကာလရှိပါ၏။ ဒါနိ၊ ယခုအခါ၌။ တံ၊ ထိုသူ့ကို။ မာတာ ဝါ၊ အမိသည်သော်လည်းကောင်း။ ပိတာ ဝါ၊ အဖသည်သော်လည်းကောင်း။ အညေ၊ အမိအဖတို့မှ အခြားကုန်သော။ ဉာတိသာလောဟိတာ ဝါ၊ ဆွေမျိုး သွေးသားတော်စပ်သူတို့သည် သော်လည်းကောင်း။ န ဒက္ခန္တိ၊ မြင်ကြရလိမ့်မည့် မဟုတ်တော့ပါ။ သော ပိ၊ ထို သူသေသည်လည်း။ (သူသေကောင်ကလည်း။) မာတရံ ဝါ၊ ကိုသော်လည်းကောင်း ။ပ။ ဉာတိသာလောဟိတေ ဝါ၊ တို့ကိုသော်လည်းကောင်း။ န ဒက္ခိဿတိ၊ မြင်ရလိမ့်မည် မဟုတ်တော့ပါ။ ဧတိ၊ ပြီ။

သမ္မသာရထိ။ ကို့ ပန၊ အဘယ်သို့နည်း။ အဟမ္ပိ၊ သည်လည်း။ မရဏမေမ္မာ၊ သေခြင်းသဘောရှိသည်။ (ဟုတ္ထာ။) မရဏံ၊ သေခြင်းကို။ အနတီတော၊ မလွန်မြောက်နိုင်ဘူးလော။ (မလွန်မြောက်နိုင် ဘူးလား။) မံ ပိ၊ ကိုလည်း။ ဧဒေါ ဝါ၊ ဓမ္မည်းတော် မင်းမြတ်သည်သော်လည်းကောင်း။ ဧဒိ ဝါ၊မယ်တော် မိဖုရားသည်သော်လည်းကောင်း။ပ။ န ဒက္ခန္တိ–မမြင်ကြလိမ့်မည်အံ့လော။(မမြင်ကြရမယ် မဟုတ်လား။) အဟံ ပိ၊ သည်လည်း။ ဧဒံ

၁။ ကာလင်္ကံ ဘံ။ ။ကတကာလံ ဟု ဤ အဋ္ဌကထာဖွင့်၏၊ ထိုကို "ပရိယောသာပိတ ဇီဝနကာလံ" ဟု ဋီကာဖွင့်၏။ကတော+ ကာလော ယေနာတိ ကတကာလော ဟု ဆိုလိုလျက် ကာလနှင့်ကတကို ရှေ့နောက်ပြန်၊ ဝါစာသိလိဋ္ဌ အကျိုးငှာ နိဂ္ဂဟိတ်လာ၍ "ကာလင်္ကတော"ဟု ဖြစ်သည်။ "ကာလင်္ကတော၊ ,,ပြုအပ်ပြီးဆုံးစေအပ်ပြီးသော+အသက်ရှင်ရာ ကာလရှိသူ"ဟု သဒ္ဒတ္ထဖြစ်၏။ တတိယ ပါရာဇိကသာရတ္ထဋ္ဌကား ကာလသဒ္ဒါ၏ အနက်ကို တမျိုးဖွင့်ထားသည်။ [ပေတံ၏အဖွင့်ကို တာသာဋီကာ၌ ပြထားပြီ။]

ဝါ။ပ။နဒက္ခိဿာမိ၊ မမြင်ရလိမ့်အံ့လော။ ဣတိ၊ ပြီ။ ဒေဝ။ တုံ စ၊ သည်လည်းကောင်း။ မယံ စ၊ တို့သည်လည်းကောင်း။ပ။အမှ၊ ကုန်၏။ တံ ပိ၊ အရှင်မင်းသားကိုလည်း။ ဒေဝေါ ဝါ။ပ။နဒက္ခန္တိ၊ မြင်ကြရလိမ့်မည် မဟုတ်ပါ။ တုံ ပိ၊ အသင်မင်းသားကလည်း။ ဒေဝံ ဝါ ။ပ။နဒက္ခိဿသိ၊ မြင်ရလိမ့်မည် မဟုတ်ပါ။) ဣတိ၊ ပြီ။ပ။ပဇ္ဇာယတိ။ (ကိံ။) ယတြ၊ အကြင် ဇာတိသည်။ (သတိ။) ဇာတဿ၊ ၏။ ဝါ၊ မှာ။ ဇရာ၊ သည်။ ပညာယိဿတိ နာမ၊ ထင်ရှားရ၏။ ဝါ၊ ထင်ထင်ရှားရှား ဖြစ်ရ၏။ဗျာဓိ၊ သည်။ ပညာယိဿတိ နာမ။ မရဏံ၊ သည်။ ပညာယိဿတိ (နာမ)။ (သာ) ဇာတိ၊ သည်။ ဓီ၊ သည်။ အတ္ထု ကိရ ဘော၊ ဖြစ်လေစွ ဩော်။ ဣတိ (ပဇ္ဇာယတိ)။

၅၁။ ။ပုဒ်စဉ် ၄၅-ကို နည်းမှီပေးပါ။

ပဗ္ဗဇိတ

၅၂။ ။ပုဒ်စဉ်နံပါတ် ၄၆-၌ "အထ ခေါ ဘိက္ခဝေ ။ပ။ ပရိစာရေတိ"ကိုလည်းကောင်း၊ ပုဒ်စဉ်နံပါတ် ၄၃-၌ "အထ ဘိက္ခဝေ ။ပ။ နိယျာသိ" ကိုလည်းကောင်း အနက်ရေးခဲ့ပြီ။

၅၃။ ။ဘိက္ခဝေ ။ပ။ နိယျန္တော၊ လတ်သော်။ ဘဏ္ဍုံ၊ ဦးပြည်း (ခေါင်းတုံး) ဖြစ်သော။ (ဦးခေါင်း၌ ဆံပင်များကို ရိတ်ပယ်ထားအပ်သော။) ပဗ္ဗဇိတံ၊ ရဟန်းအဖြစ်သို့ ကပ်ရောက်သော။ (ရဟန်းဖြစ်သော။)

ယတြ ဟိ နာမ။ပ။ပညာယိဿတိ။ ။"ယာယ ဇာတိယာ သတိ" ဟု အဋ္ဌကထာ ဖွင့်သောကြောင့် "ယတြ"၌ တြ ပစ္စည်းသည် သတ္တမီ အနက်၌ သက်၏၊ သတ္တမီဟု ဆိုသော်လည်း "၌" ဟု ပေးရသော သတ္တမီ မဟုတ်၊ "လတ်သော်" ဟု ပေးရသော ဘာဝလက္ခဏတည်း။

နာမသည် ဂရဟာ (ကဲ့ရဲ့ခြင်း) အနက်ဟော နိပါတ်၊ "ပညာယိဿတိ"၌ "ဿတိ"ကို (ပညာယတိ ဟု ဖွင့်သောကြောင့်) အတိတ်အနက်၌သက်၊ "အတိတ်" ဟု ဆိုရာ၌ ဇာတိဖြစ်ပြီးမှ ဇရာ ဗျာဓိ မရဏတို့ ဖြစ်ရသောကြောင့် ဇရာ စသည်တို့သည် အနာဂတ်ပင်ဖြစ်၏။

သို့ရာတွင် ဝိပဿီမင်းသားက ဥယျာဉ်သို့သွားစဉ် မိမိမြင်အပ်ခဲ့သော သူအို သူနာ သူသေတို့ကို နန်းတော်သို့ပြန်ရောက်မှ တယောက်တည်း စဉ်းစားလျက် သံဝေဂဉာဏ် ဖြစ်ပွားကာ ညည်းတွားသော စကားဖြစ်သောကြောင့် "အတိတ် အနက်" ဟုပင် ဆိုရပေသည်။

ကာသာယဝသန်၊ ဖန်ရည်ဖြင့်ဆိုးအပ်သော အဝတ်ရှိသော၊ ဝါ-ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်ကိုဝတ်ထားသော။ ပုရိသံ၊ ကို။ အဒ္ဒသာ၊ မြို။ပ။ အာမန္တေသိ။ (ကိ ံ)သမ္မ သာရထိ။ အယံ ပန ပုရိသော၊ ကိုကား။ ကိံ ကတော၊ အဘယ်ပြုအပ်သနည်း။(ဘာဖြစ်နေသူနည်း။)အဿ၊ ဤ ယောကျ်း၏။ သိသံ ပိ၊ ဦးခေါင်းသည်လည်း။ အညေသံ၊ တို့၏။ (သိသံ) ယထာ၊ ကဲ့သို့။ န၊ မဟုတ်ပါတကား။ အဿ၊ ၏။ ဝတ္ထာနိ ပိ၊ အဝတ်တို့သည်လည်း။ အညေသံ၊ တို့၏။ (ဝတ္ထာနိ) ယထာ၊ တို့ကဲ့သို့။ န၊ မဟုတ်ပါတကား။ ဣတိ၊ ပြီ။

ဒေဝ၊ မင်းသား။ ဧသော ပုရိသော၊ သည်။ ပဗ္ဗဇိတော နာမ၊ ပဗ္ဗဇိတမည်ပါ၏။ (ရဟန်းမည်ပါ၏။) ဣတိ၊ ပြီ။ သမ္မ သာရထိ။ ဧသော ပဗ္ဗဇိတော နာမ၊ ဤ ပဗ္ဗဇိတ မည်သည်။ ကိံ ပန၊ အာဘယ်နည်း။ [ရဟန်းကို မမြင်ဘူး၍ ပဗ္ဗဇိတ၏ အဓိပ္ပါယ်ကို မသိသောကြောင့် မေးသည်။ ဒေဝ။ ဧသော ပဗ္ဗဇိတော နာမ၊ ဤ ပဗ္ဗဇိတ မည်သည်။ (ပဗ္ဗဇိတော-ဟူသော ပါဌသေသ-၌ စပ်။) ဓမ္မစရိယာ၁၊ ကုသလကမ္မပထတရား ဆယ်ပါးကို ကျင့်ခြင်းသည်။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့ကြံ၍။ (ပဗ္ဗဇိတော၊ ရဟန်းပြုသူပါတည်း။) သမစရိယာ၊ အညီအမျှကျင့်ခြင်းသည်။ (ညီမျှသော ကုသလကမ္မပထ တရားကို ကျင့်ခြင်းသည်။) သာဓု၊ ၏။ ဣတိ၊ ၍။ (ပဗ္ဗဇိတော။) ကုသလကိရိယာ၊ ကုသလကမ္မပထတရားဆယ်ပါးဟူသော ကုသိုလ်ကိုပြုခြင်းသည်။သာဓု။ဣတိ၊ ၍။ (ပဗ္ဗဇိတော။) ပုညကိရိယာ၊ ကုသလကမ္မပထတရားဆယ်ပါးဟူသော ကောင်းမှုကိုပြုခြင်းသည်။သာဓု။ ဣတိ၊ ၍။ (ပဗ္ဗဇိတော။) အဝိဟိံသာ၊ သတ္တဝါတို့ကိုမညှဉ်းဆဲခြင်းသည်။ ဝါ၊ သတ္တဝါတို့ကို မညှဉ်းဆဲကြောင်း ကရဏာသည်။ သာဓု။ ဣတိ၊ ၍။ (ပဗ္ဗဇိတော။) ဘူတာနုကမ္ပာ၊ သတ္တဝါတို့ကို စောင့်ရှောက်ချီးမြှောက်ခြင်းသည်။ ဝါ၊ သတ္တဝါတို့ကို ချီးမြှောက်ကြောင်း မေတ္တာသည်။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့ ကြံ၍။ ပဗ္ဗဇိတော၊ ပါတည်း။ ဣတိ၊ ဤသို့သံတော်ဦးတင်ပြီ။

သမ္မ သာရထိ။ ဧသော ပဗ္ဗဇိတော နာမ၊ ထို ပဗ္ဗဇိတမည်သူသည်။(ထို ရဟန်းမည်သည်။) သာဓု ခေါ၊ ဧကာင်းပေသည်သာ။ ဓမ္မစရိယာ၊ သည်။

၁။ **သာဓု ဓမ္မစရိယစသည်။** ။သာဓု ဓမ္မစရိယာတိ ပဗ္ဗဇိတော တိ ယောဇနာ၊ ဧဝံ သာဓု သမစရိယာ တိ ပဗ္ဗဇိတောတိ ဧကမေကဿ ပဒဿ ယောဇနာ ဝေဒိတဗ္ဗာ။-ဋီကာ။ အဋ္ဌကထာ၌ "သာဓုတိ စိန္တေတွာ ပဗ္ဗဇိတော"ဟု စိန္တေတွာ ထည့်၍ဖွင့်ခြင်းကား ပါဠိတော်လာ ဣတိ ၏ အနက်ကို ဖွင့်ခြင်းတည်း။

သာဓု၊ သည်သာ။ပ။ ဘူတာနုကမ္မာ၊ သည်။ သာဓု ခေါ၊ သည်သာ။ [အထက်ကအတိုင်းအကျယ်ပေးပါ။] သမ္မာသာရထိ။ တေနဟိ၊ တိုက်တွန်းပါ၏။ [တေနဟိ သည်ဉယျောဇနတ္ထနိပါတ်။]။ပ။ပေသေဟိ။ပ။ တံ ပဗ္ဗဇိတံ၊ ထို ရဟန်းကို။ တံ၊ ကို။ အဝေါ စ။(ကိ်ံ။)သမ္မာ၊ မိတ်ဆွေ။ တုံ၊ သည်။ ကိ်ံ ကတေဘာ၊ နည်း။ပ။ အညေသံ၊(ဝတ္ထာနိ) ယထာ။ နှ၊ တကား။ ဣတိ ဤသို့ မေးပြီ။ပ။

ဒေဝ။ အဟံ၊ ကျွန်ုပ်သည်။ ပဗ္ဗဇိတော နာမ၊ပဗ္ဗဇိတမည်ပါ၏။(ရဟန်းမည်ပါ၏။) ဓမ္မစရိယာ၊ သည်။ သာဓု၊ ၏။ ဣတိ၊ ဤသို့ကြံ၍။ (ပဗ္ဗဇိတော၊ ရဟန်းပြုခဲ့သူပါတည်း။)။ပ။ ဘူတာနုကမ္မာ၊ သည်။ သာဓု။ဣတိ၊ ၍။ (ပဗ္ဗဇိတော။) ဣတိ၊ ဤသို့ပြောပြီ။ (ရဟန်းက ပြောပြီ။) သမ္မာ၊မိတ်ဆွေရဟန်း။ တုံ၊ သည်။ သာဓု ခေါ၊ စွာသာလျှင်။ ပဗ္ဗဇိတော နာမ၊ ပဗ္ဗဇိတမည်ပါ၏။ ဓမ္မစရိယာ၊ သည်။ သာဓု၊ ကောင်းလှပါ၏။ပ။ဘူတာနုကမ္မာ၊ သည်။ သာဓု၊ ကောင်းပါ၏။ ဣတိ၊ ဤသို့လျှောက်ပြီ။

မှတ်ချက်။ ။ဝိပဿီမင်းသားသည် နှစ်ပေါင်း ရာထောင်များစွာကြာမှ သူအိုကို မြင်၏။ ထို့နောက် နှစ်ပေါင်းရာထောင် များစွာကြာ၍ သူနာ ဤသို့အားဖြင့် လူသေ ရဟန်းဟူသော တောထွက်ဖို့ရန်အကြောင်းဖြစ်သောနိမိတ်ကြီးများကို မြင်ရ၏။ အသက်တန်းရှည်သော ဘုရားလောင်းတို့သည် ဤသို့ကြာလှမှ ကြာလှမှ နိမိတ်ကြီးများကို မြင်ကြရ၏။ ငါတို့ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကား တရက်တည်းဖြင့်ပင် နိမိတ်ကြီးများကိုမြင်တော်မူ၍ ထိုနေ့၌ပင် တောထွက်တော်မူသည်။

ဗောဓိသတ္တပဗ္ဗဇ္ဇာ

၅၄။ ။ဘိက္ခဝေ။ အထ ခေါ၊ ၌။(နိမိတ်ကြီးလေးပါးကိုမြင်တော်မူပြီးရာ ထို့အခါ၌။)။ပ။အာမန္တေသိ၊ မိန့်တော်မူပြီ။(ကိ်ံ။) သမ္မ သာရထိ။ တေနဟိ၊ တိုက်တွန်းပါ၏။ ရထံ၊ ကို။ အာဒါယ၊ ယူ၍။ ဣတော ဝ၊ ဤအရပ်မှပင်။ အန္တေ ပုရံ၊ နန်းတော်သို့။ ပစ္စနိယျာဟိ၊ ပြန်သွားလော့။(ပြန်သွားတော့။) အဟံ ပန၊ သည်ကား။ ဣဓေဝ၊ ဤ အရပ်၌ပင်။ကောသမဿုံ၊ ဆံ မုတ်ဆိတ်ကျင်စွယ်ကို။ သြဟာရေတွာ၊ ပယ်ရှား၍။ကာသာယာနိ၊ ဖန်ရည်ဖြင့် ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။(ဝတ်ရုံ၍။) အဂါရသ္မာ၊ အိမ်မှ။ (အိမ်ရာတည်ထောင် လူ့ဘောင်

မှ။(နိက္ခမိတွာ၊ထွက်၍။)အနဂါရိယံ၁၊ အိမ်၌နေခြင်း၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ပေး နွားမွေးမှု မရှိရာရဟန်းအဖြစ်သို့။ ဝါ၊ ရဟန်းဘောင်သို့။ ပဗ္ဗဇိဿာမိ၊ ကပ်ရောက်တော့မည်။(ရဟန်းပြုတော့မည်။)ဣတိ၊ဤသို့ မိန့်ပြီ။

ဒေဝ၊ မင်းသား။ ဧဝံ၊ ကောင်းပါပြီ။(ဤ အမိန့်တော်အတိုင်းပါ။) ဣတိ ခေါ၊၊ ဤသို့လျှင်။ သာရထိ၊ သည်။ ဝိပဿိဿ၊ သော။ ကုမာရဿ၊ ၏။(ဝစနံ၊ ကို။) ပဋိဿုတ္ဝာ၊ ရှေးရှုနားထောင်၍။ ရထံ၊ ကို။ အာဒါယ၊၍။ တတော ဝ၊ ထို အရပ်မှပင်၊ အန္တေပုရံ၊ သို့။ ပစ္စ နိယျာသိ၊ ပြန်သွားပြီ။ ဝိပဿီ၊ သော။ ကုမာရော ပန၊ သည်ကား။ တတ္ထေဝ၊ ထို အရပ်၌ပင်။ပ။ ပဗ္ဗဇိ။

မဟာဇနကာယအနုပဗ္ဗဇ္ဇာ

၅၅။ ။ဘိက္ခဝေ။ ဗန္ဓုမတိယာ၊ ဗန္ဓုမတီမည်သော။ ရာဇဓာနိယာ၊ မင်းနေပြည်ဘော်၌။ မဟာဇနကာယော၊ များစွာသောလူအပေါင်းသည်။ စတုရာသီတိ ပါဏသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည်။ အဿောသိ၊ ကြားသိရပြီ။(ကိံ။) [မဟာဇနကာယော ဟူသော ပဓာနကံကို ငဲ့၍ "အဿောသိ"ဟု ရှိသည်။] ဝိပဿီ၊ သော။ပ။အနဂါရိယံ၊ သို့။ ပဗ္ဗဇိတော ကိရ၊ ကပ်ရောက်သတဲ့။ ဣတိ၊ ဤသို့ ကြားသိရပြီ။

သုတ္ဝာန၊ ကြောင့်။ တေသံ၊ ထို ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏။ ဧတံ၊ ဤ အကြံသည်။ အဟောသိ။ (ကိံ။) ယတ္ထ၊ အကြင် ဓမ္မဝိနယ၌။ ဝိပဿီ။ပ။ အနဂါရိယံ၊ သို့။ ပဗ္ဗဇိတော၊ပြီ။ သော ဓမ္မဝိနယော၊ ထို ဓမ္မဝိနယသည်။ (ထို တရားသဖြင့် ဆုံးမရာ သာသနာတော်သည်။)သြရကော၊ အညံစားသည်။ (အောက်တန်းစားသည်။) နဟိ နူန၊ မဖြစ်နိုင်တန်ရာ။ ယတ္ထ၊ အကြင်ပဗ္ဗဇ္ဇာ၌။ (အကြင် ရဟန်းအဖြစ်၌။)ဝိပဿီ။ပ။ အနဂါရိယံ၊သို့။ ပဗ္ဗဇိတော။ သာ ပဗ္ဗဇ္ဇာ၊ သည်။ (ထို ရဟန်းအဖြစ်သည်။) သြရကာ၊ သည်။ နဟိ၊ မဟုတ်နိုင်တန်ရာ။

၁။ အနဂါရိယံ။ ။ဤပုဒ်၏အနက်ကို သုဒိန္နဘာဏဝါရ-၌ နှင့်သာရတ္ထ ဋီကာကို ကြည့်၍ပေးပါသည်။ ရုပ်ပြီးပုံကို ထို ဘာသာဋီကာ၌ ပြထားပြီ။ သီလက္ခန် ဗြဟ္မဇာလသုတ် အဋ္ဌကထာ-နှာ(၁၀၄) ၌ကား တမျိုးဖွင့်၏။ ထို အလို"အနဂါရိယံ၊အိမ်၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ပေး နွားမွေးမှုမရှိရာ ရဟန်းအဖြစ်သို့။(ရဟန်းဘောင်သို့။)"ဟု ပေးပါ။[ပဗ္ဗဇိဿာမိ စသည်တို့၏ အနက်ကိုလည်း သီလက္ခန်အဋ္ဌကထာအတိုင်း ပေးပါသည်။]

ဝိပဿီ၁၊ သော။ ကုမာရော ပိ၊ မင်းသားသော်မှလည်း။ကောသမဿုံ။ပ။ အနဂါရိယံ၊ သို့။ ပဗ္ဗဇီဿတိ နာမ၊ ကပ်ရောက်နိုင်သေး၏။ ဝါ၊ ရဟန်းပြုနိုင်သေး၏။ မယံ၊ ငါတို့သည်။ ကိ မင်္ဂံ(ကိံ+အင်္ဂံ)၊အဘယ်အကြောင်းကြောင့်။ (န ပဗ္ဗဇိဿာမ၊ -ရဟန်းမပြုနိုင်ကုန်အံ့နည်း။) ဣတိ၊ ဤသို့အကြံဖြစ်ပြီ။ ဘိက္ခဝေ။ အထခေါ၊ ဠ်။(အကြံဖြစ်ရာ ထိုအခါ၌။)သော မဟာဇနကာယော၊သည်။ (တာနိ) စတုရာသီတိ ပါဏသဟဿာနိ၊ တို့သည်။ပ။ အစ္ဆာဒေတွာ၊ ၍။ အဂါရသ္မာ (နိက္ခမိတွာ။) အနဂါရိယံ၊ သို့။ ပဗ္ဗဇိတံ၊ ကပ်ရောက်သော။ ဝိပဿိံ၊ သော။ ဗောဓိသတ္တံ၊ ဘုရားဖွားလောင်းကို။ အနုပဗ္ဗဇိံသု၊ အတုလိုက်၍ ရဟန်းပြုကုန်ပြီ။

ဘိက္ခဝေ။ တာယ ပရိသာယ၊ ထိုပရိသတ်သည်။ (ထို ရှစ်ဆောင်းလေးထောင်သော ပရိသတ်သည်။) ပရိဝုတော၊ ထက်ဝန်းကျင် စောင့်ရှောက်အပ်သည်။ ဝါ၊ ခြံရုံအပ်သည်။ (ဟုတွာ၊) ဝိပဿီ။ ဗောဓိသတ္တော၊ သည်။ ဂါမနိဂမဇနပဒရာဇဓာနိသု၊ ရွာ နိုင်ုံး ဇနပုဒ် မင်းနေပြည်တို့၌။ စာရိကံ၊ ဒေသစာရိကို။ စရတိ၊ လှည့်လည်၏။ [လေးလတို့ပတ်လုံး လှည့်လည်တော်မူ၏။]

၅၆။ ။ဘိက္ခဝေ။ အထ ခေါ၊ ဠ်။ [ဒေသစာရိ လှည့်လည် ပြီး၍ လေးလကြာပြီးနောက် ကဆုန်လပြည့်၏ အဖိတ်နေ့ (ကဆုန်လဆန်း ၁၄-ရက်နေ့)၌။] ဝိပဿိဿာ၊ သော။ ဗောဓိသတ္တဿ၊ ၏။ (စေတသော–ဠ် စပ်။) ဝါ၊ သည်။ ရဟောဂ တဿ၊ ဆိတ်ငြိမ်ရာ အရပ်၌ ရောက်သည်

၁။ **ဝိပဿီ ပိ နာမ။ပ။ ကိ မင်္ဂံ။** ။ဝိပဿီ ဝိ ဠ် (အဝိ)သည် သမ္ဘာဝနာဇောတက တည်း၊ (နာမ)ကား ဝိမှယ (အံ့သြခြင်း) အနက်ဟောတည်း၊ ထို နာမသဒ္ဒါနှင့် ယှဉ်သောကြောင့် ပဗ္ဗဇိဿတိဝယ် အတိတ်ကာလ၌ ဘဝိဿန္တိ သက်သည်။ နာမကိုလည်း ကြိယာနှင့်တွဲ၍ အနက်ပေးရ၏၊ ဂရဟာဖြစ်စေ သမ္ဘာဝနာဖြစ်စေ ကြိယာနှင့်တွဲပေးရိုးတည်း။ [သုဒိန္နကဏ္ဍ–ဘဏ္ဍ နာမ တွံ ။ပ။ သမာပဇ္ဇိဿတိ-အဖွင့် ဠ် ကြည့်ပါ။] ကိ မင်္ဂံ ဠ် အင်္ဂ–သဒ္ဒါ ကာရဏာ အနက်ဟော။ [ကိမင်္ဂံ(ကိံ+အင်္ဂံ)။]

၂။ **ဂါမ နိဂမ ဇနပဒ ရာဇဓာနိသု။** ။မြို၏ လက္ခဏာ ဖြစ်သော စေ့းနှင့် မြို့ရိုးမရှိသော ရွာသည် ဂါမ၊ မြို့ရိုးမရှိ စေ့းသာရှိသော ရွာ အကြီးစားသည် နိဂမ၊ [တောမြို့ကလေး မျိုးတည်း။] မြို့ရိုးလည်းရှိ စေ့းလည်းရှိသော ရွာအကြီး စားသည် နဂရ၊ [မြို့ကြီးများတည်း။] ထို နဂရကို ဤ ပါဠိတော်၌ မပါ၍ ဂါမဠ်သွင်းယူပါ။ ကောသလတိုင်း မဂဓတိုင်းကဲ့သို့သော တိုင်းကြီးများသည် ဇနပဒ၊ ထိုတိုင်း၌ ရှင် ဘုရင် နန်းစံရာ (ယခုခေတ်၌ နိုင်ငံတော်အစိုးရတို့ ရုံးစိုက်ရာ) မြို့ကြီးသည် ရာဇဓာနိ မည်၏။ [နိုင်ငံ၏ မြို့တော်တည်း။]

ဖြစ်၍။ [ဋီကာ၌ကား "ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်သည် ဖြစ်၍"ဟု ရဟောကို ကံအဖြစ်ဖြင့် ဖွင့်၏။] ပဋိသလ္လီနဿ၊ အာရုံများစွာ စိတ်ကိုခွာ၍ သင့်ရာကောင်းမြတ် တခုတည်းသော အာရုံ၌ ငြိကပ်စဉ်။ ဝါ၊ တပါး တည်းနေစဉ်။ ဧဝံ၊ သို့။ စေတသော၊ စိတ်၏။ ပရိဝိတက္ကော၊ အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ (ကိံ။)

ယော ဟံ၊ အကြင် ငါသည်။ အာကိဏ္ဏော၊ လူတို့နှင့် ရောပြွမ်းအပ်သည်။ (ရဟန်းအပေါင်းနှင့် ရောပြွမ်းသည်။) (ဟုတွာ။) (ယံ) ဝိဟရာမိ၊ အကြင် နေရ၏။ ဧတံ၊ ဤသို့ နေခြင်းသည်။ တဿ မေ၊ ထို ငါ့အား။ နပတိရူပံ၊ မလျောက်ပတ်ချေ။ (မသင့်တော်ချေ။) (တနည်း)တဿ မေ၊ ထို ငါ၏။ ဧတံ၊ ဤသို့ နေခြင်းသည်။ နပတိရူပံ၊ ချေ။) အဟံ၊ သည်။ ဧကော၊ တပါးတည်းသည်။ ဂဏမှာ၊ ရဟန်းအပေါင်းမှ။ ဝူပကဋ္ဌော၊ ကင်းကွာသည်။ (ဟုတွာ။) ယန္နူန ဝိဟရေယျံ၊ အကယ်၍ နေရပါမူကား ကောင်းလေစွ။ ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။

ဘိက္ခဝေ။ အထ ခေါ၊ ၌။ (အကြံဖြစ်ပြီးရာ ထိုအခါ၌။) ဝိပဿီ။ ဗောဓိသတ္တော၊ သည်။ အပရေန သမယေန၊ တပါးသောအခါ၌။ ပ။ ဝိဟာသိ၊ နေပြီ။ အညေနေဝ၊ အခြားလမ်းဖြင့်သာ။ [ဋီကာ၌ကား"ဒိသာ ဘာဂေန၊ အရပ်မျက်နှာ အဖို့ဖြင့်"ဟု ဖွင့်၏။] တာနိ စတုရာသီတိ ပဗ္ဗဇိတ သဟဿာနိ၊ ထို ရှစ်သောင်းလေးထောင်သော ရဟန်းတို့သည်။ အဂမံသု၊ သွားကုန်ပြီ။ အညေန၊ သော။ မဂ္ဂေန၊ ဖြင့်။ ဝိပဿီ ဗောဓိသတ္တော။ (အဂမာသိ။) [ရဟန်းများက ဇမ္ဗူဒိပ်၏ အတွင်း၌ ဒေသစာရီ လှည့်လည် ရန်ဖဲသွားကြသည်။ ဘုရာလောင်းကား ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူသည်။]

ဗောဓိသတ္တအဘိနိဝေသ

၅၇။ ။ဘိက္ခဝေ။ အထခေါ[၁]၊ ၌။ (ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူပြီးရာ ထိုအခါ၌။) ဝိပဿိဿ၊သော။ ဗောဓိသတ္တဿ၊ ၏။ (စေတသော-၌ စပ်။)

၁။ အထခေါ။ ။အညေန မဂ္ဂေန အဂမာသိ၏ အဖွင့်ဖြစ်သော "ဗောဓိမဏ္ဍာ ဘိမုခေါ ပါယာသိ"ကို တြည့်၍ "ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူပြီးရာ ထိုအခါ၌"ဟု စွဲပါသည်။ ပါဋ္ဌိတော်၌ လာသော "ဧကော ဂဏမှာ ဝူပကဋ္ဌော ဝိဟာသိ" ကို စွဲလျှင်ကား "တပါးတည်း အပေါင်းအဖော်မှ ကင်းကွာ၍ သီတင်းသုံးတော်မူရာ ထို အခါ၌"ဟု ပေးပါ။

ဘိက္ခဝေ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ (ငါဘုရား ခွင့်ပြုတော်မူ၏။) ။ပ။ ပါတိမောက္ခုဒ္ဒေသာယာတိ။ [ရှေး၌ ရေးခဲ့ပြီ။] ဘိက္ခဝေ။ အထ ခေါ၊ ၌။ (ခွင့်ပြုတော်မူပြီးရာ ထိုအခါ၌။) ဘိက္ခူ။ ယေဘုယျေန၊ များသောအားဖြင့်။ ကောဟေနေဝ[၁]၊ တရက်တည်းဖြင့်ပင်။ ဇနပဒစာရိကံ၊ ဇနပုဒ်

၁။ **ကောဟေနေဝ ဇနပဒစာရိကံ ပက္ကမိံသု။** ။ကောဟေနေဝ သည် ကြိယာပဝဂ္ဂတည်း။ [အကျယ်ကို ဆိုင်ရာသဒ္ဒါကျမ်းများ၌ ရှုပါ။] ဇနပဒစာရိကံ၊ ဇနပုဒ်ဒေသစာရီကို။ ဝါ၊ ဇနပုဒ်၌ လှည့်လည်ခြင်းကို။ ပက္ကမိံသု၊ ဖဲသွားကုန်ပြီ။ ဤသို့ ပေးလျှင် စာရိကာအရ လှည့်လည်ခြင်းဟူသည် သွားခြင်း၊ ပက္ကမိံသုအရလည်း သွားခြင်းပင်ဖြစ်၍ ကံနှင့်ကြိယာ အရမပြားသောကြောင့် အဘေဒဘေဒူပစာရ ကြီပါ။ [ပုဒ်ပြီးပုံကို ပါရာဇိကဏ် ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍ ဒုတိယအုပ်၌ ပြထားပြီ။]

တို့၌ လှည့်လည်ခြင်းကို။ ဝါ၊ ဇနပုဒ်ဝယ် လှည့်လည်အပ်သော အရပ်သို့။ ပက္ကမိံသု၊ ဖဲသွားကုန်ပြီ။ (ကြွသွားကုန်ပြီ။)

၈၉။ ။တေန ခေါ ပန သမယေန၊ ထိုအခါ၌။ (ရဟန်းတို့ ဇနပုဒ်ဒေသစာရီ လှည့်လည်ကြရာ ထိုအခါ၌။)ဇမ္မုဒီပေ၊ ဇမ္မူဒိပ်၌။ (ဇမ္မူကျွန်း၌။) စတုရာသီတီ အာဝါသ သဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ကျောင်းတိုက်တို့သည်။ ဟောန္တိ၊ ရှိကုန်၏။ [ကျောင်းတိုက်တခုလျှင် ရဟန်းပေါင်း တသောင်းနှစ်ထောင် နေနိုင်သော ကျောင်းတိုက်ကြီးများတည်း။] ဟိ၊ ဆက်ဦးအံ့။ [တနည်း၊ ဟိကို အနက်မရှိဟု မှတ်ပါ။] ဧကမှိ ဝဿေ၊ တနှစ်သည်။ နိက္ခန္တေ၊ ထွက်သွားလတ်သော်။ (လွန်သွားလတ်သော်။) ဒေဝတာ၊ နတ်တို့သည်။ သဒ္ဒံ၊ အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့်ကြားသိစေကြကုန်ပြီ။ (ကြွေးကြော်ကြကုန်ပြီ။) (ကိံ။)

မာရိသာ၂၊ အရှင်ဘုရားတို့။ ဧကံ ဝဿံ၊ တနှစ်သည်။ နိက္ခန္တံ၊ ထွက်သွားပါပြီ။ (လွန်သွားပါပြီ။) ဒါနိ၊ ၌။ ပဉ္စဝဿာနိ၊ ငါးနှစ်တို့သည်။ သေသာနိ၊ ကြွင်းကျန်ပါကုန်၏။ ပဉ္စန္နံ ဝဿာနံ၊ တို့၏။ အစ္စယေန၊ ၌။ ဗန္ဓုမတီ၊ သော။ ရာဇဓာနီ၊ သို့။ ပါတိမောက္ခုဒ္ဒေသာယ၊ ၎ာ။ ဥပသက်မိတဗ္ဗာ၊ ပါ၏။ (ချဉ်းကပ်တော်မူပါ။) ဣတိ (အနုဿာဝေသုံ။) ဒ္ဒိသု ဝဿေသု၊ တို့သည်။ နိက္ခန္တေသု၊ ကုန်လတ်သော်။ပ။စတူသု ဝဿေသု နိက္ခန္တေသု။ပ။ပါတိမောက္ခုဒ္ဒေသာယ။ [ပါဋ္ဌိတော်၌ ပေယျာလ မြှုပ်ထားသည်။]

၁။ တနည်း။ ။ဇနပဒစာရိကံ၊ ဇနပုဒ်ဝယ် လှည့်လည်အပ်သော အရပ်သို့။ ပက္ကမိံသု။ ဤသို့ပေးလျှင် စရိယတေတိ စာရိကာ။ [စရ+ကံဟော ဏ္ဍ။] ဇနပဒေသု+စာရိကာ ဇနပဒစာရိကာ ဟု ပြု၍ လှည့်လည်အပ်သော ခရီးဒြပ်ရသောကြောင့် အဘေဒေါဘေဒူပစာရ ကြံဖွယ်မလိုတော့။

၂။ မာရိသာ။ ။နတ် ဗြဟ္မာတို့သည် မိမိတို့အချင်းချင်း ပြောရာ၌ "မာရိသ"ဟု သုံးစွဲရိုး ရှိ၏၊ သစေ ဝေါ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ၊ (စသည်)-ဓဇဂ္ဂသုတ်တော်။ ရဟန်းများနှင့် ပြောကြရာ၌လည်း ထို့အတူသုံးစွဲ၏၊ ဧဟိ ခေါ မာရိသ မောဂ္ဂလ္လာန၊ (စသည်)-မူလပဏ် ၄-ဝဂ် ၇-သုတ်။ မြတ်စွာဘုရားအား လျှောက်ရာ၌လည်း ထို့အတူပင်တည်း။ သက္ကပဉ္ဍသုတ်လာ စကားများနှင့် အာဋာနာဋိယသုတ်လာ စကားများကို သတိပြုပါ။ [အခြားစကားများဖြင့်လည်း ပြောပါသေး၏။]

အမှာ။ ။ပါတိမောက်ပြဖို့ရန် (နာယူဖို့ရန်) နတ်တို့က သံဃာများအား လျှောက်တားကြပုံကို ဤပါဋ္ဌိတော်လာ အတိုင်း ပါရာဇိကဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ၌ ဖွင့်ပြထားသည်။

ဆသု ဝဿေသု နိက္ခန္တေသု။ပ။ အနုဿာဝေသုံ။ (ကိံ။) မာရိသာ၊ တို့။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့သည်။ နိက္ခန္တာနိ၊ ပါကုန်ပြီ။ ဒါနိ၊ ၌။ ဗန္ဓုမတိံ ရာဇဓာနိံ၊ သို့။ ပါတိမောက္ခုဒ္ဒေသာယ၊ ၄ာ။ ဥပသက်မိတုံ၊ ၄ာ။ သမယော၊ အခါပါတည်း။ ဣတိ (အနုဿာဝေသုံ။) ဘိက္ခဝေ။ အထ ခေါ၊ ၌။ (နတ်တို့က အဆင့်ဆင့် ကြွေးကြော်ကြရာ ထိုအခါ၌။) တေ ဘိက္ခူ၊ တို့သည်။ အပွေကစ္စေ၊ အချို့သော ရဟန်းတို့သည်။ (တချို့က။) သကေန၊ မိမိဥစ္စာဖြစ်သော။ ဣဒ္ဓါနုဘာဝေန၊ တန်ခိုး အာနုဘော်ဖြင့်လည်းကောင်း။ အပွေကစ္စေ။ ဒေဝတာနံ၊ တို့၏။ ဣဒ္ဓါနုဘာဝေန၊ ဖြင့်။ [ဣဒ္ဓါနုဘာဝေန ကား ကရိုက်း။] ကောဟေနေဝ၊ တရက်တည်းဖြင့်သာ။ [ကြိယာပဝဂ္ဂ။]။ပ။ဥပသက်မိံသု။

၉၀။ ။ဘိက္ခဝေ။ တတြ၊ ထိုအခါ၌။ (ရဟန်းတို့ စည်းဝေးပြီးရာ ထိုအခါ၌။) ဝိပဿီ။ပ။ဘိက္ခုသံဃေ၊ ရဟန်းအပေါင်း၌။ ဧဝံ၊ သို့။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဥဒ္ဒိသတိ၊ ရွတ်ပြတော်မူ၏။ (ကိံ။) ခန္တီ ပရမံ တပေါ တိတိက္ခာ။ပ။ဧတံ ဗုဒ္ဓါန သာသနန္တိ၊ ဟူ၍။ (ဥဒ္ဒိသတိ။) [ဤဂါထာ သုံးပုဒ်သည် ဘုရားရှင် အဆူဆူတို့ ရွတ်ပြတော် မူရိုးဖြစ်သော သြဝါဒပါတိမောက်တည်း။]

(၁) တိတိက္ခာ၊ မိမိကသာ အရာရာဝယ် အသာမစံ အနာခံခြင်းဟူသော။ ခန္တီ၊ စွပ်စွဲစော်ကား ချမ်းပူများကြောင့် စိတ်အားမထန် သည်းခံခြင်းသည်။ ပရမံ တပေါ၊ အကျင့်တရား များအပြားထက် ထူးခြားလွန်တင့် အသာဆုံး အကျင့်ပေတည်း။ ဗုဒ္ဓါ၊ ဂင်္ဂါသဲတူ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့သည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် အေးနိဗ္ဗာန်ကို။ ပရမံ၊ သန္တ ပဏီတ နိပုဏနှင့် သိဝ ခေမံ ဂုဏ်လျှံ လွှမ်းဖုံး အသာဆုံးဟူ၍။ ဝါ၊ မဂ်ဖိုလိရှစ်တန် ဓမ္မကွန်ထက် ကဲလျှံလွှမ်းဖုံး အသာဆုံးဟူ၍။ ဝဒန္တီ၊ ရတနသုတ်လာ မြတ်သစ္စာဝယ် သေချာထုတ်ဖော် ဟောပြတော်မူကြကုန်၏။ (ရတနသုတ်ဝယ် ခယံ ဝိရာဂံ

၁။ နိဗ္ဗာနံ ပရမံ ဝဒန္တီ။ ။ဝါန (တဏှာ) မှ ထွက်မြောက်တက်သော နိဗ္ဗာန်သည် သန္တ၊ ငြိမ်သက်။ ပဏီတ၊ မွန်မြတ်။ နိပုဏ၊ သိမ်မွေ့။ သိဝ၊ အေးမြ။ ခေမ၊ ဘေးမရှိဟူသော အလုံးစုံသောအခြင်းအရာအားဖြင့် ဘယ်တရားနှင့်ယှဉ်ယှဉ် အသာဆုံးဟု ဘုရားရှင်တို့ ဟောတော်မူကြသည်။ [သခ်တဖြစ်သော မဂ်ဖိုလ်တို့ထက် မြတ်ပုံကို အဂုံတွရ ပထမပဏ် ၄-ဝဂ်၊ ၄-သုတ်ကိုကြည့်၍ သိပါ။]

အစရှိသောဂါထာဖြင့် နိဗ္ဗာန်တရားကို အမြတ်ဆုံးဟု ဟောတော်မူထားသည်။]

ပရူပဃာတီ၊ ရှင်လူအများ ကိုယ်နှုတ်အားဖြင့် ထိပါးပုတ်ခတ် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်၊ နဟိ ပဗ္ဗဇိတော၊ ဒေါသကိုဖြုတ်မနှင်ထုတ်သဖြင့် အဟုတ်အစစ် ပဗ္ဗဇိတ မဖြစ်နိုင်ချေ။ ပရုံ၊ ကိုယ်မှတပါး ရှင်လူများတွင် သနားဖွယ်ရာ အဖြာဖြာကို။ ဝိဟေဌယန္တော၊ ကရုဏာကင်း မေတ္တာရှင်း၍ နှိမ်နင်းပုတ်ခက် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်။ သာမဏော၊ ကိလေသာငြိမ်းအေး အပူဝေးမှ ခေါ်ဆိုရသည့် သမဏအစစ်သည်။ နဟောတိ၊ သမဏအမှန် သူဝန်ခံလည်း ကေန်စစ်စစ် မဖြစ်နိုင်တော့ချေ။

အနက်ကျဉ်း။ ။(၁) တိတိက္ခာ၊ အရာရာဝယ် အနာခံခြင်းဟူသော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မွန်မြတ်သော။ တပေါ၊ အကျင့်တည်း။ ဗုဒ္ဓါ၊ တို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ အမြတ်ဆုံးဟူ၍။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပရူပဃာတီ၊ သူတပါးကို ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်။ နဟိ ပဗ္ဗဇိတော၊ ပဗ္ဗဇိတ အစစ် မဖြစ်နိုင်။ (ရဟန်းအစစ် မဖြစ်နိုင်။) ပရုံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်။ သမဏော၊ သမဏအစစ်သည်။ (ရဟန်းအစစ်သည်။) နဟောတိ၊ မဖြစ်နိုင်။

(၂)။ ။သဗ္ဗပါပဿ၊ ယုတ်မာသော့သွမ်း ဟော့ရမ်းသမှု အကုသိုလ်အစုစုကို။ အကရဏံ၊ လုံးဝပြောင်စင်အောင် ရှောင်ကြဉ်သမှု မပြုမလုပ်ခြင်းသည်လည်းကောင်း။ကုသလဿ၊ ကာမ မဟဂ္ဂုတ်လောကုတ်ခေါ်မည် အလီလီပွား ကုသိုလ်တရားကို။ ဥပသမ္ပဒါ၊ တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် မလင့်ပုံသေ ပြီးစီးစေခြင်းသည်လည်းကောင်း။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ရင်း ပွတ်သစ်ဝင်းသည့် ခရှသင်းအနေ ဖြူစင်စေခြင်းသည်လည်းကောင်း။ တေံ၊အကုသိုလ်ကွင်း ကုသိုလ်သွင်း၍ စိတ်ရင်းစင်ရိုး ဤ ၃-မျိုးသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါသဲတူ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့၏။ သာသနံ၊ လိုရင်းနှုန်းပြ ထုံးအရဖြင့် သုံးကြပစေ ဆုံးမတော်မူချက်ပါပေတည်း။

အနက်ကျဉ်း။ ။(၂) သဗ္ဗပါပဿ၊ အလုံးစုံသောအကုသိုလ်ကို။ အကရဏံ၊ မပြုမကျင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ ကုသလဿ၊ စတုဘူမကကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြီးစေခြင်းသည်လည်းကောင်း။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကို ဖြူစင်စေခြင်း

သည်လည်းကောင်း။ ဧတံ၊ ဤသုံးမျိုးသည်။ ဗုဒ္ဓါနုံ၊ ဘုရားရှင်တို့၏။ သာသနုံ၊ အဆုံးအမတော်တည်း။ [ပထမပါဒဖြင့် သီလသံဝရ ဒုတိယဖြင့် သမထဝိပဿနာ တတိယဖြင့် အရဟတ္တဖိုလ်ကိုပြ၏။]

(၃)။　။အနုပဝါဒေါ၊ သူတပါးဌဲ့ဖြစ်ပွားတတ်လင့် ပြုအကျင့်ကို နှုတ်ဖြင့်ရဲ.ရဲ. မကဲ့ရဲ့ခြင်းသည်လည်းကောင်း။ အနုပဃာတော၊ ရှင်လူအများ ကိုယ်စိတ်အားဖြင့် ထိပါးသတ်ညှဉ်း မဖျက်ဆီးခြင်း သည်လည်းကောင်း။ ပါတိမောက္ခေ၊ ဝိနည်းပိဋကတ် အရပ်ရပ် ဝယ် ပညတ်ထုတ်ဖော် ပါတိမောက်ပါဠိတော်၌။ သံဝရော စ၊ သဒ္ဓါတရား သတိထား၍ ကြီးမားလွန်မင်း စောင့်စည်းခြင်းသည် လည်းကောင်း။ ဘတ္တသ္မိံ၊ မစား ကြလျှင် သက်မရှင်၍ နွေစဉ်စားရ ဆွမ်းပစ္စည်းဟူသော အာဟာရ၌။ မတ္တညုတာ စ၊ ခံယူသောခါ စားသုံးရာဝယ် ကိုယ့်မှာ လိုသမျှ အတိုင်းအရှည် ပမာဏကို သိသူ၏ အဖြစ်သည်လည်းကောင်း။ ပန္တဉ္စ သယနာသနံ၊ ရှင်လူသီးသီး အရောက်နည်းသည့် တိုက်ကြီးစွန်းဖျားတောရကျောင်းများဝယ်တပါး တည်းပျော် မွေ့လျော်ခြင်းသည်လည်းကောင်း။ အဓိစိတ္တေ၊ ဝိပဿနာ အခြေခံ သမာပတ်ဈာန်နှင့် ရှစ်တန်ဖိုလ်မဂ် အလွန်ထက်သော စိတ် ကောင်းစိတ်မြတ်၌။ အာယောဂေါ စ၊ ယနေ့နက်ဖြန် ရမည်ဟန်ဖြင့် မှန်မှန်ကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း။ဧတံ၊ အနုပဝါဒ စသည်အပြား ဤခြောက်ပါးသည်။ ဗုဒ္ဓါနုံ၊ တို့၏။ သာသနုံ၊တည်း။

အနက်ကျဉ်း။　။(၃) အနုပဝါဒေါ၊ နှုတ်ဖြင့် မစ္ဆပ်စဲခြင်းသည် လည်းကောင်း။အနုပဃာတော၊ ကိုယ်စိတ်ဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်း သည်လည်းကောင်း။ပါတိမောက္ခေ၊ပါတိမောက္ခ သီလ၌။သံဝရောစ၊ စောင့်စည်းခြင်းသည်လည်းကောင်း။ဘတ္တသ္မိံ၊ဆွမ်း၌။(ဆွမ်းဖြင့်သတ် မှတ်အရပ်ရပ်သော ပစ္စည်း၌။) မတ္တညုတာ စ၊ ခံယူသုံးဆောင်ခြင်း၌ အတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း။ ပန္တဉ္စ၊ အစွန်အဖျားကျ၍ ဆိတ်ငြိမ်သော။ သယနာသနံ စ၊ အိပ်ရာနေရာ ကျောင်းသည်လည်းကောင်း။ ဝါ၊ အိပ်ရာနေရာကျောင်း၌ နေခြင်း သည်လည်းကောင်း။ အဓိစိတ္တေ၊ ဝိပဿနာ၏အခြေခံဖြစ်သော လွန် ကဲသောသမာပတ်စိတ်၌။ ဝါ၊ မဂ်ဖိုလ်စိတ်၌။ အာယောဂေါ စ၊ လွန်စွာကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း။ ဧတံ၊ ဤ ခြောက်မျိုးသည်။ ဗုဒ္ဓါနုံ သာသနုံ။

ဒေဝတာရောစန

၉၁။ ဘိက္ခဝေ။ အဟံ၊ သည်။ ဧကံ၊ တပါးသော။ သမယံ၊အခါ၌။[ဧကမိဒါဟန္တိ ဧကံ+အဟံ၊ ဣဒံ သဒ္ဒေါ နိပါတမတ္တံ။–ဋီကာ။]ဥက္ကဋ္ဌာယံ၊ ဥက္ကဋ္ဌာမြို့၌။ ပါ၊ ဥက္ကဋ္ဌာမြို့၏ အနီးဖြစ်သော။ သုဘဂဝနေ၊ သုဘဂမည်သော တော၌။ သာလရုဇမူလေ၊ တော၏အရှင်ဖြစ်သော သစ်ပင်ကြီး၏ အနီးအောက်၌။ ဝါ၊ ဟောစိုးသစ်ပင်ကြီး၏ အနီးအောက်၌။ ဝိဟရုမိ၊ နေတော်မူ၏။[သာလရုဇမူလေကိ ဝနပ္ပတိဇေဋ္ဌကဿ မူလေ။–အဋ္ဌကထာ။]

ဘိက္ခဝေ။ တဿ မယ္ဟံ။ပ။ ဥဒပါဒိ။ (ကိံ။) [၅၆-၌ ရေးခဲ့ပြီ။] မယာ၊ သည်။ သုဒ္ဓါဝါသေဟိ၊ သုဒ္ဓါဝါသ ဘုံ၌ ဖြစ်ကုန်သော။ ဝါ၊ သုဒ္ဓါဝါသ မည်ကုန်သော။ ဒေဝဟိ၊ ဗြဟ္မာတို့ကို။ အညတြ၊ ကြဉ်၍။ ယော၊ အကြင် သတ္တာဝါသကို။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလဖြင့်။ အနာဝုတ္ထပုဗ္ဗော၊ ရှေး၌မနေအပ်။ ဝါ၊ မနေအပ်ခဲ့ဘူး။ သော သတ္တာဝါသော၊ သည်။ ဝါ၊ ထို သတ္တဝါတို့၏ တည်ရာ ဘုံဌာနသည်။ နသုလဘရူပေါ၊ လွယ်ကူစွာရအပ်သည်၏ အဖြစ်ဟူသော သဘောမရှိ။[သုလဘ၌ ဘာဝ ပဓာန ဘာဝလောပ ကြံပါ။] ဝါ၊ လွယ်ကူစွာရခြင်း သဘောမရှိ။ အဟံ ယေန သုဒ္ဓါဝါသာ ဒေဝါ (သန္တိ။) တေန၊ သို့။ ယံနူန ဥပသက်မေယ္ဟံ၊ အကယ်၍ သွားရပါမူကား ကောင်းလေစွ။ ဣတိ၊ ဤသို့ အကြံတော်ဖြစ်ပြီ။

ဘိက္ခဝေ။ အထ ခေါ၊ ၌။ (အကြံတော်ဖြစ်ရာ ထိုအခါ၌။) အဟံ။ (ပါတု ရဟောသိံ–၌ စပ်။) သေယျထာပိ နာမ။ပ။ ပါတုရဟောသိံ။ [၆၆-၌ ရေးခဲ့ပြီ။] ဘိက္ခဝေ။ တသ္မိံ ဒေဝနိကာယေ၊ ထို အဝိဟာဗြဟ္မာအပေါင်း၌။ အနေကာနိ၊ တထောင်မက များစွာကုန်သော။ ဒေဝတာ သဟဿာနိ၊ ဗြဟ္မာအထောင်တို့သည်လည်းကောင်း။ အနေကာနိ၊ တသိန်းမကများစွာကုန်သော။ ဒေဝတာ သတသဟဿာနိ၊ ဗြဟ္မာအသိန်း တို့သည်လည်းကောင်း။ ယေန၊ အကြင်အရပ်၌။ အဟံ (အတ္ထိ။) တေန၊ သို့။ ဥပသက်မိံသု။ပ။မံ၊ ကို။ အဘိဝါဒေတွာ၊ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ် တခုသော အရပ်အဖို့၌။ အဋ္ဌံသု၊ တည်ကုန်ပြီ။ ဧကမန္တံ၊ ၌။ ဌိတာ၊ တည်ပြီးကုန်သော။ တာ ဒေဝတာ၊ ထိုဗြဟ္မာတို့သည်။ မံ၊ ကို။ ဧတံ၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ကုန်ပြီ။ (ကိံ။)

အမှာ။ ။ဣတော သော မာရဲသာ မှစ၍ ရာဇဓာနီ အဟောသိ တိုင်အောင်သော ပုဒ်တို့၏ အနက်ကို ပုဒ်စဉ် နံပါတ် ၄၊ ၅–စသည်၌ ရေးခဲ့ပြီ။ ဘိက္ခဝေ

နေရာဝယ် "မာရိသာ၊ မြတ်စွာဘုရား။" ဟု ရှိသည်ကိုလည်းကောင်း၊ ထို၌ ပါဠိတော် အသွားတမျိုးရှိ၍၊ ဤ၌ ပါဠိတော် အသွားတမျိုးရှိသည်ကိုလည်းကောင်း သတိပြုပါ။

မာရိသာ၊ မြတ်စွာဘုရား။ ဝိပဿီသ။ပ။ဘဂဝတော၊ ၏။ ဧဝံ၊ ဤသို့။ (ဒီပုံဒီနည်း။) အဘိနိက္ခမနံ၊ တောထွက်တော်မူခြင်းသည်လည်းကောင်း။ ဧဝံ။ ပဓာနံ၊ ကြိုးစားထုတ်တော်မူခြင်းသည်လည်းကောင်း။ ဧဝံ။ အဘိသမ္ဗောဓိ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူခြင်းသည်လည်းကောင်း။ ဧဝံ။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစကြာကို ဖြစ်စေတော်မူခြင်းသည်လည်းကောင်း။ (ဟောတော်မူခြင်းသည်လည်းကောင်း။) အဟောသိ၊ ဖြစ်ခဲ့ပါပြီ။ မာရိသာ။ ဧတေ မယံ၊ ထို တပည့်တော်တို့သည်။ ဝိပဿိမှိ၊ ဧသော။ ဘဂဝတိ၊ မြတ်စွာဘုရား အထံတော်၌။ ဗြဟ္မစရိယံ။ စရိတ္ဝာ၊ ကျင့်ပြီး၍။ ကာဓမသု၊ တို့၌။ ကာမစ္ဆန္ဒံ၊ လိုချင်တတ် နှစ်သက်တတ်သော ရာဂကို။ ဝိရာဇေတ္ဝာ၊ တတ်မက်ခြင်းကင်းစေ၍။ ဣဓ၊ ဤ သုဒ္ဓါဝါသဗြဟ္မာ့ဘုံသို့။ ဥပပန္နာ၊ ကပ်ရောက်ပါကုန်ပြီ။ [ဣဓ၊ ၌။ ဥပပန္နာ၊ ဖြစ်ပါကုန်ပြီ။ ဤသို့လည်း ပေးနိုင်၏။] ဣတိ (အဝေါစုံ။)

အမှာ။ ။ဝိပဿီဘုရားရှင်၏ သာသနာတော်၌ ဗြဟ္မစရိယကို ကျင့်ခဲ့ကြသော အဝိဟာဘုံသား ဗြဟ္မာများက လျှောက်ကြသည်၊ ထို့အတူ သိဒ်စသော ဘုရားရှင်တို့၏ သာသနာတော်၌ ဗြဟ္မစရိယကျင့်ခဲ့ရသော ဗြဟ္မာများကလည်း မိမိတို့ဘုရားရှင်၏ အကြောင်းကို လျှောက်ကြသည်။ [ပါဠိတော်၌ ချုံးထားပါသည်။]

ထို့နောက် မိမိတို့ဂေါတမဘုရားရှင်၏ သာသနာ၌ ဗြဟ္မစရိယ ကျင့်ခဲ့ရသော ဗြဟ္မာများကလည်း ဂေါတမဘုရားရှင်၏အကြောင်းကို လျှောက်ကြသည်။ ထို ဝါကျများ၏အနက်ကို ရေးခဲ့ပြီ။

၉၂။ ။ဘိက္ခဝေ။ အထ ခေါ၊ ၌။ (အဝိဟာဗြဟ္မာများ လျှောက်ပြီးရာ ထိုအခါ။) အဟံ။ အဝိဟေဟိ၊ အဝိဟာဘုံ၌ ဖြစ်ကုန်ဖူးသော။ ဝါ၊ အဝိဟာမည်ကုန်သော။ ဧဒဝေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ အတူ။ ယေန၊ ၌။ အတပ္ပါ၊ အတပ္ပါဘုံ၌ ဖြစ်ကုန်သော။ ဝါ၊ အတပ္ပါ မည်ကုန်သော။ ဒေဝါ (သန္တိ။) ဧတေန၊ သို့။ ဥပသင်္ကမိံ၊ ကြွစေတော်မူပြီ။

အမှာ။ ။ဤမှနောက်၌ ဗုဒ္ဓပပန္နာတိ ဟိုင်အောင်သော ပုဒ်တို့၏အနက်သည် လွယ်ပြီ၊ အဓိပ္ပါယ်ကို ပါဠိတော်အစဉ်ကြည့်၍သိပါ။

၉၃။ ။အကနိဋ္ဌဗြဟ္မာတို့က မိမိတို့ ဂေါတမဘုရားရှင်၏ အကြောင်းအရာကို လျှောက်သည်။ အနက်လွယ်ပြီ။

၉၄။ ။ဘိက္ခဝေ။ ဣတိ ခေါ၊ ဤသို့လျှင်။ ယဿာ ဓမ္မဓာတုယာ ။ပ။ ဣတိ ပိ။ တထာဂတသေ်ဝ၊ သည်ပင်။ သော ဓမ္မဓာတု၊ ကို။သုပ္ပဋိ ဝိဒ္ဓါ၊ ပြီ။ [၁၃-၌ အနက်ရေးခဲ့ပြီ။ ဤ ဘိက္ခဝေ စသောစကားတော်ဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်တို့၏ အကြောင်းအရာကို ကိုယ်တော် တိုင် သိကြောင်းကို နိဂုံးအုပ်တော်မူသည်။]

ယေန၊ အကြင် လျှောက်အပ်သော အကြောင်းအရာကြောင့်။ တထာ ဂတော။ပ။ဣတိ ပိ။ ဒေဝတာ ပိ၊ တို့သည်လည်း။ တထာဂတဿ၊ အား။ တေမတ္ထံ အာရောစေသုံ။ [၁၃-၌ အနက်ရေးခဲ့ပြီ။ ဤစကားဖြင့် နတ်တို့က လျှောက်ကြောင်းကို နိဂုံးအုပ်တော်မူသည်။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။ [၁၅-နံပါတ်ဝယ် ပါခဲ့သော ဘဂဝါ ဟေဒဝေါစ - ၌ အဝေါစ - ဝယ် ပြန်လှည့်ပါ။]

ဘဂဝါ၊ သည်။ ဣဒံ၊ ဤစကားတော်ကို။ [၁၆-နံပါတ်၌ ပါခဲ့သော ဣတော သော ဘိက္ခဝေ အစ၊ ဣတိ ပိ တိုင်အောင်သော စကားတော်ကို။] အဝေါစ၊ မိန့်တော်မူပြီ။ ကေ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ မိမိစိတ် ရှိ ကုန်သည်။ (နှစ်သက်ဝမ်းမြောက်ကုန်သည်။) (ဟုတ္ဟာ။) ဘဂဝတော၊၏။ ဝါ၊ သည်။ ဘာသိတံ၊ ဟောတော်မူအပ်သော စကားတော်ကို။(မဟာပဒါ နသုတ်တော်ကို။) အဘိနန္ဒုံ၊ ဝေမေတံ ဘဂဝါ ဝေမေတံ သုဂတ ဟု ဦးထိပ်တင်ထား လွန်လေးစားလျက် နှစ်သက်ကြကုန်ပြီ။[အဘိနန္ဒ-သဒ္ဒါ အနု မောဒန အနက်ဟော။] ဝါ၊ အားရနှစ်သက် ရှင်အားတက်လျက် လက်ခံ ကြကုန်ပြီ။ [သမ္ပဋိစ္ဆန အနက်ဟော။] ဣတိ၊ သို့။ (သုတံ၊နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။) [ဝေံ မေ သုတံ မှ ကိံ၏ အမေးကို ဖြေသည်။] ဣတိ၊ မဟာပဒါနသုတ်အပြီးတည်း။ [ဣတိ တလုံး အကျေကြံပါ။]

ပဌမံ၊ ရှေးဦးစွာသော။ (ပထမ ဖြစ်သော။) မဟာပဒါနသုတ္တံ၊သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၁။ အဘိနန္ဒုံ။ ။ဝေ မေတံ ဘဂဝါ ဝေမေတံ သုဂတာတိ မတ္ထကေန သမ္ပဋိစ္ဆန္တာ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသုစာတိ အတ္ထော။-ဝိနယမဟာဝဂ္ဂ- အနတ္တလက္ခဏ သုတ္တ၊ သာရတ္ထ။

၂-မဟာနိဒါနသုတ္တ

ပဋိစ္စသမုပ္ပါဒ

၉၅။ ။ဧဝံ မေ သုတံ။ [မဟာပဒါနသုတ် နိဿယ အစတုန်းကအတိုင်း ဆိုပါ၊ မဟာပဒါနသုတ္တံ-နေရာ၌ မဟာနိဒါနသုတ္တံ-ဟု ထည့်ရုံသာ ထူးပါသည်။] ဧကံ သမယံ။ ဘဂဝါ၊ သည်။ ကုရူသု၊ ကုရုအမည်ရသော ဇန ပုဒ်၌။ ["ကုရု"ဟု ဗဟုဝုစ် နာမည်အားဖြင့် ထင်ရှားသော ဇနပုဒ်၌။ ဝါ၊ ကုရုတိုင်း၌-ဟူလို။] ကမ္မာသဓမ္မံ နာမ၊ ကမ္မာသဓမ္မမည်သော။ ဝါ၊ ပြောက်ကျားသော ခြေရှိသော ပေါရိုဏဒကို ဆုံးမအပ်ရာ၏ အဖြစ်ကြောင့်

၁။ **ကုရူသု**။ ။ကုရုဟူသည် ဇနပုဒ် (တိုင်း)ကို အစိုးရသော မင်းသားတို့၏ အန္ဓယ်အားဖြင့် ရအပ်သော နာမည်ရင်းတည်း။ ထိုမင်းသားတို့၏ နေရာဖြစ်သော ဇနပုဒ်ကိုလည်း (ဌာနီမင်းသားတို့၏ကုရု-ဟူသောအမည်ကို ဌာနဇနပုဒ်၌ တင်စား၍) ရင်္ခီ သဒ္ဒါအဖြစ်ဖြင့် ကုရုဟုပင် ဗဟုဝုစ်ဖြင့် ဆိုထားသည်၊ ဇနပုဒ်တခုတည်းပင် ဖြစ်လင့်ကစား မင်းသားအများ၏ ကုရုဟူသော ဗဟုဝုစ်နာမည် အထိုင်းပင် သူတို့၏ နေရာအရပ်ကိုလည်း "ကုရု"ဟု ဆိုထားအပ်သည်-ဟူလို။ [အကျယ်ကို ကစ္စည်းဘာသာဋီကာ ဏရာဂါတသေဒ-သုတ် အဖွင့်၌ ပြထားပြီ။]

တနည်း။ ။မန္ဓာတု စကြာမင်း လက်ထက်၌ စကြာရတနာဖြင့် လေးကျွန်းလုံးကို လှည့်လည်သောအခါ အရှေကျွန်း အနောက်ကျွန်း မြောက်ကျွန်းသားတို့ လိုက်လာလေရာ ထိုသူတို့အား နေဖို့ရာ ဇနပဒ တခုစီ ပေး၏၊ ထိုသူတို့၏ နေရာဇနပုဒ်သည် မိမိတို့၏ ကျွန်းနာမည်အတိုင်း ထင်ရှား၏၊ ဥတ္တရကုရုမည်သော မြောက်ကျွန်းမှ လိုက်လာသူတို့၏ နေရာဇနပုဒ်လည်း ကုရုရဋ္ဌ-ဟူသော အမည်ကို ရ၏၊ ထိုဇနပုဒ်ကို "ကုရု"ဟု ဆိုသည်၊ ထိုဇနပုဒ်၌ ပါဝင်သော များစွာသောရွာနိဂုံးတို့ကို အကြောင်းပြု၍ ဇနပုဒ်ကို "ကုရု"ဟု ဗဟုဝုစ်ဖြင့် ခေါ်ထားအပ်သည်။ [အကျယ်ကို အဋ္ဌကထာ၌ ကြည့်ပါ။]

မှတ်ချက်။ ။ကုရုပုဒ်က ဗဟုဝုစ် ဖြစ်သော်လည်း ထို၏ ဝိသေသန ဖြစ်သော ဇနပဒက (ဇာတိသဒ္ဒါဖြစ်သောကြောင့်) "ဇနပဒေ"ဟု ဧကဝုစ်သာ ရှိရသည်။ [ဋီကာ။] ဤစကားအရ "ကောသလေသု ဇနပဒေ, ကုရုသု ဇနပဒေ"ဟု ပါဠိတော်များ ရှိသည်ကို သတိပြုပါ။ အနက်ပေးရာ၌မူ သဒ္ဒါက ဗဟုဝုစ် ဖြစ်စေကာမူ အနက်ဖြစ်သော ဇနပုဒ်က တခုတည်းဖြစ်သောကြောင့် "ကုရုသု၊ ကုရုမည်သော။ (ကုရုဟု ဗဟုဝုစ်အမည်ရသော။) ဇနပဒေ၊ ၌။"ဟု ဆရာတို့ အနက်ပေးတော်မူကြသည်။

ကမ္မာသဓမ္မမည်သော။ [ဟနည်း] ကမ္မာသဓမ္မံ နာမ၊ ငါးပါး သီလတရား ပြောက်ပြောက်ပြက်ပြက် ရှိရာ၏ အဖြစ်ကြောင့် ကမ္မာသဓမ္မမည်သော။ ကုရုနံ၊ ကုရုတိုင်းသူတိုင်းသားတို့၏။ နိဂမော၊ နိဂုံးသည်။ (အတ္ထိ။) (တံ၊ ထို ကမ္မာသဓမ္မ နိဂုံးကို။ ဂေါစရဂါမံ၊ ဆွမ်းခံရွာကို။ ကတ္ဘာ၊ ပြု၍။) ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

အထခေါ၊ ၌။ (မြတ်စွာဘုရား၏ ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌။) အာယသ္မာ အာနန္ဒော၊ သည်။ ယေန၊ ၌။ ဘဂဝါ။(အတ္ထိ။) တေန၊ မြတ်စွာဘုရားရှိရာ ထိုအရပ်သို့။ ဥပသင်္ကမိ၊ သွားပြီ။ဥပသင်္ကမိတ္ဘာ၊ (ရောက်ရာ အရပ်မှတဆင့် သာ၍နီးကပ်သော အရပ်သို့) သွားပြီး၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတ္ဘာ၊ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ် တခုသောအရပ်အဖို့၌ ထိုင်နေသည် မည်လောက်အောင်။ (ဟနည်း) ဧကမန္တံ၊ သင့်တင့်လျောက်ပတ် တခုသော အရပ်အဖို့၌။ နိသီဒိ၊ ထိုင်နေပြီ။ ဧကမန္တံ၊ အောင်။ ဝါ၊ ၌။ နိသိန္ဒော၊ ထိုင်နေပြီးသော။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ (ကိံ၊ အဘယ်သို့ လျှောက်သနည်း။)

ဘန္တေ၊ မြတ်စွာဘုရား။ အစ္ဆရိယံ၊ လက်ဖျောက်ခတ်တီး အံ့ချီးထိုက်ပါပေစွ။ ဘန္တေ။ အဗ္ဘုတံ၊ မဖြစ်စဘူး ထူးဆန်းပါပေစွ။ ဘန္တေ။ ယာဝ၊ အတိုင်းအရှည်ကို လွန်၍သာ။ ဝါ၊ အလွန်ပင်။ အယံ ပဋိစ္စသမုပ္ပါဒေါ၊ ဤ ပဋိစ္စသမုပ္ပါဒ်သည်။ ဂမ္ဘီရော စ၊ နက်နဲလည်း နက်နဲပါ၏။ ဂမ္ဘီရာဝ ဘာသော စ၊ နက်နဲသည်ဖြစ်၍လည်း ထင်လာပါ၏။ (နက်နဲသည်ဟုလည်း

၁။ ကမ္မာသဓမ္မံ။ပ။နိဂမော။ ။[ကမ္မာသဓမ္မ အမည်ရပုံကို အဋ္ဌကထာ၌ ကြည့်ပါ။] ထို ကမ္မာသဓမ္မ နိဂုံး၌ ဘုရားရှင်သီတင်းသုံးဖို့ရာကျောင်းမရှိသောကြောင့် ''ကုရုသု ဝိဟရတိ ကမ္မာသဓမ္မေ နာမ ကုရုနံ နိဂမေ'' ဟု သတ္တမီ ဝိဘတ်ဖြင့် မဆိုပဲ ကမ္မာသဓမ္မံ နာမ ကုရုနံ နိဂမော ဟု ပထမာ ဝိဘတ်ဖြင့် ဆိုသည်။ ["တံ ဂေါစရဂါမံ ကတ္ဘာ'' ဟု အဋ္ဌကထာ၌ ပါဌသေသ တည့်သည်။]

၂။ ဧကမန္တံ။ ။ပထမ အနက်ပေးရာ၌ ဘာဝနပုံသက ဟု ခေါ်သော ကြိယာ ဝိသေသနတည်း။ ယထာ။ပ။တထာ နိသီဒိ ကို ကြည့်၍ ''ဧကမန္တံ၊ သင့်တင့်လျောက်ပတ် တခုသော အရပ် အဖို့၌ ထိုင်နေသည် မည်လောက်အောင်''ဟု ပေးသည်။ ရှေးက ''သင့်တင့်လျောက်ပတ်စွာ'' ဟု အလွယ်ပေးတော်မူကြ၏။ ဒုတိယနည်း၌ ဘုမ္မတ္ထေ ဝါ ဧတံ ဥပယောဂဝစနံ ကို ကြည့်ပေးသည်။ [ဧကံ–တခုသော+အန္တံ-အဖို၊ ''ယုတ္တပဒေသေ''ဟု ဝေရဥ္ဇကဏ္ဍ၌ ဝိမတိဖွင့်၏။]

ထင်ရပါ၏။) အထ စ ပန၊ တို သို့ ဖြစ်ပါလျက်။ မေ၊ တပည့်တော်၏ (ဉာဏ်၌။) ဥတ္တာနကုတ္တာနကော ဝိယ၊ ပေါ်လွင် ပေါ်လွင်သကဲ့သို့။ ဝါ၊ အလွန် ပေါ်လွင်သကဲ့သို့။ ခါယတိ၊ ထင်လာပါ၏။ (ထင်ရှားလာပါ၏။) ဣတိ၊ ဤသို့ လျှောက်ပြီ။

အာနန္ဒ၊ အာနန္ဒာ။ [မာဟေဝံ=မာ+ဧဝံ။] ဧဝံ၊ သို့။ မာ အဝစ၊ မပြောလင့်။ (မပြောနဲ့။)။ပ။ ဂမ္ဘီရာဝဘာသော စ၊ ၏။ အာနန္ဒ။ ဧတဿ ဓမ္မဿ၊ ဤ ပဋ္ဌိစ္စ သမုပ္ပါဒ် အကြောင်းဒေရပ်ရပ်ကို။ အနနုဗောဓာ၊ အဖန်ဖန် မသိခြင်းကြောင့်။ (နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဟူသော ဉာတပရိညာဖြင့် အဖန်ဖန် မသိခြင်းကြောင့်။) အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိခြင်းကြောင့်။ (ဝိပဿနာဉာဏ် မဂ်ဉာဏ်ဟူသော တီရဏပရိညာ ပဟာနပရိညာတို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။) [ဤပုဒ်တို့၏ အဖွင့်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ဧဝံ၊ ဤသို့။ (သို့ကလောက်။) အယံ ပဇာ၊ ဤ သတ္တဝါအပေါင်းသည်။ တန္တာကုလကဇာတာ၊ ယက်ကန်းသည်တို့၏ ချည်ထွေးကဲ့သို့ ရှုပ်ထွေးသည် ဖြစ်၍ဖြစ်သည်၊ (ယက်ကန်းသည်တို့၏ ချည်ထွေးကဲ့သို့ ရှုပ်ထွေး နေသည်။) (တနည်း၂) တန္တာကုလကဇာတာ၊ ယက်ကန်းသည်တို့၏ ရှုပ်ထွေးသော ချည်ကဲ့သို့ ဖြစ်သည်။ (ယက်ကန်းသည်တို့၏ ရှုပ်ထွေးသော ချည်လို ဖြစ်နေသည်။) ကုလာဂဏ္ဌိက ဇာတာ၊ ယက်ကန်းသည်တို့၏ ကစီရေ တင်အပ်

၁။ တန္တာကုလကဇာတာ။ ။တန္တံ ဝိယ အာကုလကဇာတာ။—အဋ္ဌကထာ။ တန္တံ ဟူသည် အဝတ်ယက်ဖို့ရာ ယက်ကန်းစင်၌ ဖြန့်ထားအပ်သော ချည်အများတည်း၊ အထားမကောင်းသဖြင့် ကြွက်ကိုက်ထားအပ်သော ထိုချည်ကဲ့သို့ ရှုပ်ထွေးနေသည်—ဟူလို။

၂။ တနည်း။ ။တန္တမေဝ ဝါ အာကုလံ တန္တာကုလံ၊ တန္တာကုလံ ဝိယ ဇာတာ ဘူတာတိ တန္တာကုလဇာတာ။—ဋီကာ။ ယက်ကန်းသည်တို့၏ ရှုပ်ထွေးသော ချည်ကဲ့သို့ ဖြစ်နေသည်ဟူလို။

၃။ ကုလာဂဏ္ဌိကဇာတာ။ ။ကုလာဂဏ္ဌိကံ ဝုစ္စတိ ပေသကာရကဋ္ဌိယသုတ္တံ။—အဋ္ဌကထာ။ ဝိနနတော (ဖွဲ့ဆက် ချုပ်စပ်တတ်သည်၏ အဖြစ်ကြောင့်။) "ကုလာ"တိ ဣတ္ထိလိင်ဝသေန လဒ္ဓနာမဿ တန္တဝါယဿ ("ကုလာ" ဟု ဣတ္ထိလိင်၏ အစွမ်းဖြင့် ရအပ်သော နာမည်ရှိသော ယက်ကန်းသည်၏။) ဂဏ္ဌိကံ နာမ အာကုလဘာဝေန ။ပ။ခလိတတန္တသုတ္တံ (ချုတ်ယွင်းရှုပ်ထွေးသော ယက်ကန်းချည်။)—ဋီကာ။

သော ချည်ထွေး၏ ရှုပ်ထွေးသကဲ့သို့ဖြစ်သည်။ (တနည်း)[၁]၊ ကုလာဂဏ္ဌိက ဇာတာ၊ စာမ ကလေး၏ ရှုပ်ထွေးသော အသိုက်ကဲ့သို့ ဖြစ်သည်။ ဝါ၊ စာပေါင်းသိုက်နှင့် တူသည်။ မုဉ္ဇ ပဗ္ဗဇာဉ်ကာ၊ ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ ဖြစ်သည်။ (ကြိုးကျစ်ထားအပ်သော ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ ရှုပ်ထွေးသည်။) (ဟုတ္တာ။) [နာတိဝတ္တတိ-၌ စပ်။]

အပါယံ၊ ကြီးပွားချမ်းသာခြင်းမှ ကင်းသော။ ဝါ၊သုခ၏ ဖြစ်ကြောင်း ကောင်းမှုမှကင်းသော။ ဒုဂ္ဂတိ၊ ဒုက္ခအပေါင်း၏ လည်းလျောင်းရာ ဖြစ်သော။ ဝိနိပါတံ၊ သုခဖြစ်ခြင်းမှ ဖောက်ပြန်ပျက်စီး၍ ကျရောက်ရာ ဖြစ်သော အပါယ်လေးဘုံကိုလည်းကောင်း။ သံသာရံ၊ အလုံးစုံသော သံသရာကိုလည်းကောင်း။ (ကြင်းသော ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကိုလည်းကောင်း။) နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။ [“အပါယံ” စသော သုံးပုဒ်အရ အပါယ် ၄-ဘုံရ၍ “သံသာရံ” အရ ကြင်းသောလူ နတ် ဗြဟ္မာ သတ္တဝါတို့၏ သံသရာကို ရသည်။]

၉၆။ ။အာနန္ဒ။ အတ္ထိ ဣဒပ္ပစ္စယာ ဇရာမရဏန္တိ၊ အတ္ထိ ဣဒပ္ပစ္စယာ ဇရာမရဏံ-ဟူ၍။ ဝါ၊ ဤ မည်သောအကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားရှိသလော ဟူ၍။ ဣတိ၊ သို့။ ပုဋ္ဌေန၊ မေးအပ်သည်ဖြစ်၍။ သတာ၊ ဖြစ်သောပညာရှိသည်။ (အမေးခံရသော ပညာရှိသည်။) အတ္ထိတိ၊ အတ္ထိဟူ၍။ ဝါ၊ ထင်ရှားရှိ၏ ဟူ၍။ ဝစနီယံ၊ ပြောဆိုထိုက်သည်။ (ဖြေဆိုထိုက်သည်။) အာဃ၊ ဖြစ်ရာ၏။ ကိံ ပစ္စယာ ဇရာမရဏန္တိ၊ ကိံ ပစ္စယာ ဇရာမရဏံ-ဟူ၍။ ဝါ၊ အဘယ်အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားရှိသနည်း ဟူ၍။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အကယ်၍ ပြောဆိုအံ့။ (အကယ်၍ မေးအံ့။) (ဇဝံ သတိ၊ သော်။) ဇာတိပစ္စယာ ဇရာမရဏန္တိ၊ ဇာတိပစ္စယာ ဇရာမရဏံ-ဟူ၍။ ဝါ၊ ဇာတိ-ဟူသော အကြောင်းကြောင့်

၁။ တနည်း။ ။ကုလာနာမ သကုဏိကာ (ကုလာမည်သည့် ငှက်မတည်း။) တသာ ကုလာဝကော (ရှုပ်ထွေးသော အသိုက်။)—အဋ္ဌကထာ။ဤအဖွင့်များကိုကြည့်၍ အနက် နှစ်နည်းပေးပါသည်။ အကျယ်ကို အဋ္ဌကထာ၌ ကြည့်ပါ။

၂။ ဣဒပ္ပစ္စယာ။ ။ထွေ အယံ ပစ္စယောတိ ဣဒပ္ပစ္စယော၊ [ဣဒံနှင့် ပစ္စယသည် အရတူသော ကမ္မဓာရည်း သမာသ်—ဟူလို။] တသ္မာ ဣဒပ္ပစ္စယာ၊ ဣမသ္မာ ပစ္စယာတိ အတ္ထော၊ ဣဒံ ဝုတ္တံ ဟောတိ၊—ဣမသ္မာ နာမ ပစ္စယာ ဇရာမရဏန္တိ ဧဝံ ဝတ္တုမ္ဘော အတ္ထိ နု ခေါ ဇရာမရဏသ ပစ္စယောတိ။—ဋီကာ။ အဋ္ဌကထာ၌ကား တမျိုးဖွင့်၏။ဋီကာ၌ အကျယ်ကြည့်ပါ။

ဇရာမရဏာသည် ထင်ရှားရှိ၏ ဟူ၍။ ဣတိ၊သို့။ ဝစနိယံ၊ သည်။ အာဿ၊ ရာ၏။[နောက်နောက် ဝါကျများဦ ဤနည်းမှီး၍ ပေးပါ။]

၉၇။ ။အာနန္ဒ။ ဣတိ ဧဝါ၊ ဤသို့လျှင်။ နာမရူပပစ္စယာ၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ သည်။(သမ္ဘဝတိ၊ ဖြစ်၏။) ဝိညာဏ ပစ္စယာ၊ ကြောင့်။ နာမရူပံ(သမ္ဘဝတိ။) [ဤစကားဖြင့် နာမ်ရုပ်နှင့် ဝိညာဉ်တို့ အပြန်အလှန် ကျေးဇူးပြုပုံကို ဟောဒတော်မူသည်။] ဇာတိပစ္စယာ ။ပ။ဟောတို့။[မဟာပဒါနသုတ် ၅၈-၌ အနက်ရေးခဲ့ပြီ။]

၉၈။ ဇာတိပစ္စယာ ဇရာမရဏန္တိ၊ ဟူ၍။ ဝါ၊ ဟူ၍။ ဣတိ ဧတံ၊ ဤ စကားကို။(မယာ။) ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (မိန့်တော်မူအပ်ပြီ။) အာနန္ဒ။ တံ ဧတံ၊ ထိုစကားကို။(ဝေဒိတဗ္ဗံ–၌ စပ်။) ယထာ၊ အကြင် အကြောင်းကြောင့်။[ဣမိနာ ပိ ပရိယာယေန–၏ အနိယမစကား။] ဇာတိ ပစ္စယာ၊ ကြောင့်။ ဇရာမရဏံ(သမ္ဘဝတိ။) ဣမိနာ ပိ ပရိယာယေန၊ ဤ အကြောင်းကြောင့်လည်း။ဝေဒိတဗ္ဗံ၊ သိထိုက်၏။(သိနိုင်၏။)

အာနန္ဒ။ ဟိ၊ ထင်ရှားအောင်ပြဦးအံ့။ သဗ္ဗေန၊ အလုံးစုံသော အခြင်းအရာ အားဖြင့်။ သဗ္ဗံ၊ အလုံးစုံအကုန်အစင်။ ဝါ၊ အလုံးစုံသော။သဗ္ဗထာ၊အလုံးစုံ သော အပြားအားဖြင့်။(အလုံးစုံသော သဘောအားဖြင့်။) သဗ္ဗံ၊ စင်။ ဝါ၊ သော။ဇာတိ၊သည်။ကဿစိ၊တစုံတယောက်သော သတ္တဝါ၏(သန္တာန်၌။)ကိမ္မိ စိ၊ တစုံတခုသော ဘဝ၌။ စ နာဘဝိဿ၊ အကယ်၍ မဖြစ်အံ့။ [အဋ္ဌကထာ ၌"စ"ကို"ယဒိ"ဟု ဖွင့်သည်။]သေယျထိဒံ၊ ထို သတ္တဝါ ထို ဘဝတို့ဟူ သည် အဘယ်နည်း။

ဒေဝါနံ ဝါ၊ နတ်တို့၏သော်လည်း။ ဒေဝတ္တာယ၊ နတ်အဖြစ်အကျိုး ငှာ။ (နတ်၏ ဖြစ်ကြောင်းဖြစ်ရာ ရုပ်နာမ်ခန္ဓာဟူသော ဘဝအကျိုးငှာ။) (ဇာတိ၊ ဇာတိလည်းကောင်း။) [ဒေဝ–နတ်ဟု နာမည်တပ်၍ ပညတ်ထား အပ်သော သတ္တဝါ၊ထို သတ္တဝါဟု ပညတ်ဖို့ရန် ဖြစ်သော ဝိပါက်နာမကွန္ဓာ ကဋ္ဌတ္တာရုပ်နှင့်တကွ စိတ် စေတသိက် ရုပ်တရားများ ဟူသော ဒေဝတ္တ၊ ထို ရုပ်နာမ်တို့၏ အထင်အရှားဖြစ်မှုသည် (ဥပါဒ်မှုသည်) ဇာတိ၊ ဤသုံးမျိုး ကို သတိပြုပါ။]

၈။ သေယျထိဒံ။ ။ဤပုဒ်၏အနက်ကို ဋီကာဖွင့်အတိုင်း ကထေတု ကမျတာ ပုံစွဲဘအဖြစ်ဖြင့် အနက်ပေးပါသည်။ အဋ္ဌကထာဋ္ဌကား တမျိုးဖွင့်၏၊ ထို အလို "သေယျထိဒံ၊ ထို ဆိုအပ်ပြီးသော ကဿစိ ကိမ္မိ စိ ပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်ညွှန်ပြတော်မူအံ့။ ဝါ၊ အကျယ်ဝေဖန်တော်မူအံ့"ဟု ပေးပါ။

ဂန္ဓဗ္ဗာနံ ဝါ၊ ဂန္ဓဗ္ဗနတ်တို့၏သော်လည်း။ ဂန္ဓဗ္ဗတ္တာယ၊ ဂန္ဓဗ္ဗအဖြစ်အကျိုးငှာ။ (ဇာတိ။) ယက္ခာနံ ဝါ၊ ယက္ခနတ်တို့၏ သော်လည်း (ဘီလူးတို့၏ သော်လည်း။) ယက္ခတ္တာယ၊ ယက္ခအဖြစ်အကျိုးငှာ (ဇာတိ။) ဘူတာနံ ဝါ၊ အမှတ်မထား တပါးပါး ဖြစ်သော သတ္တဝါတို့၏ သော်လည်း။ ဘူတတ္တာယ၊ ဖြစ်သော သတ္တဝါအကျိုးငှာ။ (ဇာတိ)၊ [ဋီကာအလို "ဘူတာနံ ဝါ၊ ကုမ္ဘဏ်နတ်တို့၏ သော်လည်း" ဟု ဆိုပါ။]

မနုဿာနံ ဝါ မနုဿတ္တာယ (ဇာတိ။) စတုပ္ပဒါနံ ဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါတို့၏ သော်လည်း။ စတုပ္ပဒတ္တာယ၊ခြေလေးချောင်းရှိသော သတ္တဝါအဖြစ် အကျိုးငှာ။ (ဇာတိ။) ပက္ခီနံ ဝါ၊ ငှက်တို့၏ သော်လည်း။ ပက္ခိတ္တာယ၊ ငှက်အဖြစ်အကျိုးငှာ။ (ဇာတိ။) သရီသပါနံ ဝါ၊ မြွေကင်းစသော သတ္တဝါတို့၏ သော်လည်း။ သရီသပတ္တာယ၊ ငှာ။ (ဇာတိ၊ ဇာတိလည်းကောင်းတည်း။)

အာနန္ဒ။ ဟိ၊ မှန်၏။ တေသံ တေသံ သတ္တာနံ၊ ထိုထို သတ္တဝါတို့၏။ တဒတ္တာယ၊ ထို(ဒေဝ ဂန္ဓဗ္ဗ စသော) အဖြစ်အကျိုးငှာ။ ဇာတိ၊ သည်။ စ နာဘပိသာ၊ အကယ်၍ မဖြစ်အံ့။ သဗ္ဗသော၊ ကြွင်းမဲ့ဥသုံ အလုံးစုံအားဖြင့်။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိလတ်သော်။ ဇာတိ နိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ (ဇာတိ၏ မဖြစ်ခြင်းကြောင့်။) ဇရာမရဏံ၊ သည်။ ပညာယေထ အပိ နု ခေါ၊ ထင်ရှားရာသေးသလော။ (ထင်ရှားဖြစ်ရာသေးသလော။) ဣတိ၊ ဤသို့မေးတော်မူပြီ။ ဘန္တေ၊ ရား။ ဧတံ၊ ဤသို့ ထင်ရှားခြင်းသည်။ (ဤသို့ ဇာတိမရှိပါပဲ ဇရာမရဏ၏ ထင်ရှားဖြစ်ခြင်းသည်။) နောဟိ၊ မသင့်ပါ။ (မဖြစ်နိုင်ပါ။)

အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤလောက၌။ယဒိဒံ (ယာ+အယံ) ဇာတိ၊ အကြင်ဇာတိသည်။ (အတ္ထိ။) ဧသေဝ၊ ဤဇာတိသည်သာ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ ဟေတု၊ အကြောင်းတည်း။ ဧတံ (ဧဝ)၊ ဤ ဇာတိသည်သာ။ (ဇရာမရဏဿ။) နိဒါနံ၊ အပ်နှင်းတတ်သော အကြောင်းတည်း။ ဧသ (ဧဝ)၊ သည်သာ။ (ဇရာမရဏဿ။)သမုဒယော၊ ဖြစ်ခဲ့ရာ အကြောင်းတည်း။ (ဖြစ်ကြောင်းတည်း။) ဧသ(ဧဝ)၊သည်သာ။ (ဇရာမရဏဿ။) ပစ္စယော၊ စွဲ၍ ဖြစ်ရာအကြောင်းတည်း။ [နောက်နောက် ဝါကျများ၌ ဤသို့ အပြည့်အစုံပေးပါ။ ထူးရာ၌သာရေးပါမည်။]

၉၉။ ။ဘဝပစ္စယာ ဇာတိတိ၊ ဟူ၍။ ဝါ၊ ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်၏ ဟူ၍။ ဣတိ ဧတံ၊ ဤစကားကို။ (မယာ) ဝုတ္တံ။ပ။

အာနန္ဒ။ ဟိ၊ ထင်ရှားအောင် ပြဦးအံ့။ သဗ္ဗေန၊ အားဖြင့်။ သဗ္ဗံ၊ စင်။ သဗ္ဗထာ၊[၂] အားဖြင့်။ သဗ္ဗံ၊ စင်။ ဘဝေါ။ ကဿစိ၊ ၏ (သန္တံဝန်၌)။ ကိမ္မိ စိ၊ ၌။ စ နာဘဝိဿ၊ အံ့။ သေယျထိဒံ၊ထိုဘဝဟူသည် အဘယ်နည်း။ ကာမဘဝေါ ဝါ၊ ကာမဘဝသည် သော်လည်းကောင်း။ ရူပဘဝေါ စ၊ သည်သော်လည်းကောင်း။ အရူပဘဝေါ ဝါ၊ လည်းကောင်းတည်း။ပ။ ယဒိဒံ ဘဝေါ။

၁၀၀။ ။ဥပါဒါနပစ္စယာ။ပ။ ကာမုပါဒါနံ ဝါ၊ ကာမုပါဒါန်သည် သော်လည်းကောင်း။ပ။ အတ္တဝါဒုပါဒါနံ ဝါ၊ အတ္တဝါဒုပါဒါန်သည် သော်လည်းကောင်းတည်း။

၁၀၁။ ။တဏှာပစ္စယာ။ပ။ ရူပတဏှာ၊ ရူပါရုံ၌ နှစ်သက်တတ်သော တဏှာလည်းကောင်း။ပ။ ဓမ္မတဏှာ၊ ဓမ္မာရုံ၌ နှစ်သက်တတ်သော တဏှာလည်းကောင်းတည်း။

၁၀၂။ ။ဝေဒနာပစ္စယာ ။ပ။ သေယျထိဒံ၊ ထို ဝေဒနာဟူသည် အဘယ်နည်း။ စက္ခုသမ္ဖဿဇာ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော။ (စက္ခုပသာဒ၌ မှီဖန်သာ ဖဿစေတသိက်ကြောင့် ဖြစ်သော။) [စက္ခုဝိညာဉ်နှင့် ယှဉ်သော ဖဿ-ဟူလို။] ဝေဒနာ၊ ဝေဒနာသည်လည်းကောင်း။ပ။ မနောသမ္ဖဿဇာ၊ မနောသမ္ဖဿကြောင့် ဖြစ်သော။ (မနောဒ္ဓါရဟူသော ဘဝင်စိတ်၌ ဖြစ်သော ဖဿကြောင့် ဖြစ်သော။) ဝေဒနာ၊ လည်းကောင်းတည်း ။ပ။

၁၀၃။ ။အာနန္ဒ။ ဣတိ ခေါ၊ ဤသို့လျှင်။ ဧတံ ဝေဒနံ၊ ဤ ဝေဒနာကို။ (စက္ခုသမ္ဖဿဇာ စသော ဤဝေဒနာကို။) ပဋိစ္စ၊ စွဲ၍။ တဏှာ၊ တဏှာသည်။ (သမ္ဘဝတိ။) တဏှံ၊ ကို။ ပဋိစ္စ၊ ၍။ ပရိယေသနာ၊ ရှာခြင်းသည်။ (သမ္ဘဝတိ။) [ရူပအစရှိသော အာရုံတို့ကို ရှာရသည်။] ပရိယေသနံ ပဋိစ္စ။ လာဘော၊ ရခြင်းသည် ။(ရူပအစရှိသော အာရုံကိုရခြင်းသည်။)(သမ္ဘဝတိ။) လာဘံ ပဋိစ္စ။ ဝိနိစ္ဆယော၊ ဆုံးဖြတ်ခြင်းသည်။ (သမ္ဘဝတိ။) [အလိုရှိအပ်သောအာရုံ အလိုမရှိအပ်သော အာရုံကိုလည်းကောင်း၊ ကောင်း,မကောင်းကိုလည်းကောင်း၊ ဤ ပစ္စည်းက ရူပါရုံအတွက်၊ ဤပစ္စည်းက သဒ္ဒ အစရှိသော အာရုံအတွက် ဟုလည်းကောင်း၊ ဤဟာက ငါဖို့၊ ဤဟာက သူများဖို့ ဟုလည်းကောင်း၊ ဤမျလောက်ကို စားမည်၊ ဤမျလောက်ကို သိမ်းထားမည် ဟုလည်းကောင်း၊ ဝိတက်ဖြင့် ဆုံးဖြတ်ခြင်း ကြံစည်ခြင်းတည်း။]

ဝိနိစ္ဆယံ။ ပဋိစ္စ၊ ၍။ ဆန္ဒရာဂေါ၊ အနည်းငယ်နှစ်သက်ခြင်း အကြီး အကျယ်တပ်မက်ခြင်းသည်။ (သမ္ဘဝတိ။) ဆန္ဒရာဂံ ပဋိစ္စ။ အဗျောသာနံ၊ ငါ ငါဉစ္စာဟု သက်ဝင်မျိုသိပ် ပြီးဆုံးခြင်းသည်။ ဝါ၊ ငါ ငါဉစ္စာဟု အပြီးသတ် ဆုံးဖြတ်ခြင်းသည်။(သမ္ဘဝတိ။)[တဏှာ ဒိဋ္ဌိဖြင့် ငါ ငါဉစ္စာဟု အပြီးသတ် ဆုံးဖြတ်သည်။] အဗျောသာနံ ပဋိစ္စ။ ပရိဂ္ဂဟော၊ ပိုင်းခြား၍ ယူခြင်းသည်။ ဝါ၊ သိမ်းဆည်းခြင်းသည်။ (သမ္ဘဝတိ။) [တရားကိုယ်မှာ လောဘမူ စိတ်ဓာတုပ္ပါဒ်တည်း။] ပရိဂ္ဂဟံ ပဋိစ္စ။ မစ္ဆရိယံ၊ ဝန်တိုခြင်းသည်။ (သမ္ဘဝတိ။)[ဝန်တိုခြင်းဟူသည် မိမိပစ္စည်းကို သူတပါးတို့ မသုံးစွဲစေလိုခြင်း သုံးစွဲမှာ စိုးခြင်းတည်း။ တရားကိုယ်မှာ မစ္ဆရိယ ပြဓာန်းသော ဒေါသမူ စိတ်ဓာတုပ္ပါဒ်တည်း။]

မစ္ဆရိယံ ပဋိစ္စ။ အာရက္ခော၊ စောင့်ရှောက်ခြင်းသည်။ (သမ္ဘဝတိ။) [တံခါးကိုပိတ်ခြင်း လုံခြုံသောသေတ္တာ စသည်၌ထားခြင်း စသည်မျှားတည်း။ ဋီကာ၌"အာရက္ခော၊ လေးလေးစားစား စောင့်ရှောက်ခြင်းသည်"ဟု ဖွင့်၏။] အာရက္ခာမိကရဏံ၊ စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့်။ ဒဏ္ဍာဒါနသတ္ထာဒါနကလဟ[1]ဝိဂ္ဂဟဝိဝါဒ[2] တုံဝံ တုံဝံ ပေသုည မုသာဝါဒါ၊ တုတ်ကိုကိုင်ရခြင်း ခားစသောလက်နက်ကိုကိုင်ရခြင်း ကိုယ်နှုတ်တို့ဖြင့်ထိပါး၍ ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဘက်ကိုယူခြင်း ဆန့်ကျင်ဘက်ပြောဆိုရခြင်း နင် နင်ဟု ပြောဆိုရခြင်း ရန်တိုက်ရခြင်း မုသားပြောဆိုရခြင်း ဟူကုန်သော။ အနေကေ၊ တပါးမက များစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သမ္ဘဝန္တိ။

၁။ **ကလဟ**။ ။ကလဟဟူသည် လက်ကိုကိုင်ဆွဲခြင်း (ကိုယ်ချင်းထိခြင်း) ကိုယ်ချင်းတိုက်ခြင်း စသည်ဖြင့် ကိုယ်ထိလက်ရောက် ရန်ဖြစ်ခြင်း ဟူသော ကာယကလဟ၊ နှုတ်ဖြင့် မကြားကောင်းမနာသာ ထိခိုက်အောင်ပြောဆိုခြင်းဟူသော ဝါစာကလဟတည်း၊ [ရှေးက "ကလဟ–ခိုက်ရန်ဖြစ်ခြင်း" ဟု ဘာသာပြန်တော်မူကြ၏၊ "ထိခိုက်၍ရန်ဖြစ်ခြင်း" ဟု ဆိုလိုသည်။]

၂။ **ဝိဂ္ဂဟဝိဝါဒ**။ ။ဝိဂ္ဂဟဟူသည် ရှေးအဖို၌ဖြစ်သော ဆန့်ကျင်ဘက်စကား ကို ပြောခြင်းတည်း၊ [ရှေးဦးစွာဆန့်ကျင်ဘက်စကားပြောခြင်း–ဟူလို။] ဝိဝါဒဟူသည် နောက်အဖို၌ဖြစ်သော ဆန့်ကျင်ဘက်စကားကို ပြောခြင်းတည်း၊ [နောက်နောက်ဆန့် ကျင်ဘက်စကားပြောခြင်း–ဟူလို။]

အမှာ။ ။ဤ ဒဏ္ဍာဒါန သတ္ထာဒါနစသည်ကား တမျိုးပြီးမှတမျိုး အစဉ်အတိုင်း ဖြစ်ရမည်ဟု ဆိုလိုသည်မဟုတ်၊ **အာရက္ခ**ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ သော အကုသိုလ်ကရားများတည်း–ဟု မိန့်တော်မူလိုရင်းဖြစ်သည်။

[ဒဏ္ဍာဒါန စသည်တို့၏ တရားကိုယ်မှာ ထိုထို အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ်တို့တည်း။]

၁၀၄။ ။ယခုအခါ တဏှံ ပဋိစ္စ ပရိယေသနာ အစရှိသော အနုလောမနည်းဖြင့် ဖြစ်စေအပ်ပြီးသော ဒေသနာတော်ကို ပဋ္ဌာန်လောမနည်းအားဖြင့်လည်း သမုဒါစာရတဏှာကို ပြတော်မူလိုသောကြောင့် အာရဏ္ဍာဓိကရဏံ အစရှိသည်ဖြင့် အားထုတ်တော်မူလျက် ဒေသနာကို နှစ်စေပြီ။

[၌(၁၀၄)မှစ၍(၁၁၁)တိုင်အောင် ဝါကျတို့၌ အနက်ထူးမရှိ၊ (၉၈) ဝါကျကို နည်းမှီး၍ ပေးနိုင်လောက်ပြီ။]

၁၁၂။ ။[၉၈-ကိုမှီး၍ အပြည့်အစုံပေးပ]။] သေယျထိဒံ၊ ထို တဏှာဟူသည် အဘယ်နည်း။ ကာမတဏှာ၊ ကာမတဏှာလည်းကောင်း။ (ရူပအစရှိသော ကာမတို့၌ နှစ်သက်တတ်သော တဏှာလည်းကောင်း။) [ကာမဂုဏ်ငါးပါး၌ နှစ်သက်သော ရာဂတည်း။] ဘဝတဏှာ၊ လည်းကောင်း။ (အခါခပ်သိမ်း ဖြစ်၏ဟု ဖြစ်သော ဘဝဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။) [ဿဿတဒိဋ္ဌိ တည်း။] ဝိဘဝတဏှာ၊ လည်းကောင်း။ (ပျက်စီး၏ဟု ဖြစ်သော ဝိဘဝဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်းတည်း။) [ဥဒ္ဓစ္စဒဒိဋ္ဌိ ကည်း။ အချုပ်မှာ-ဒိဋ္ဌိနှင့်တကွ ဖြစ်သော လောဘကို ဘဝတဏှာ ဝိဘဝတဏှာ ဟုဆိုသည်။]။ပ။

အာနန္ဒ။ ဣတိ ခေါ၊ လျင်။ ဒဋ္ဌေ၊ နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ (ဝဋ္ဋမူလတဏှာ သမုဒါစာရတဏှာ ဟူသော တရားတို့သည်။) ဒဋ္ဌယေန၊ နှစ်ပါးသော အဖို့အားဖြင့်။ ဝေဒနာယ၊ ဝေဒနာ၌။ ဧကေ သမဏာ သရဏာ၊ တခုတည်းသော ပေါင်းဆုံရာ ရှိကုန်သည်။(တနည်း)

၁။ **ဓဋ္ဌဓမ္မာ**။ ။"သေ ပစ္စယော ဥပါဒါနဿ၊ ယဒိဒံ တဏှာ"ဟု (၁၀၁)၌ ဟောတော်မူအပ်ခဲ့သော တဏှာသည် ဝဋ္ဋမူလတဏှာ မည်၏။ [ဝဋ္ဋမူလတဏှာ၊ ဝဋ်၏ အကြောင်းရင်း ဖြစ်သော တဏှာ။] "တဏှံ ပဋိစ္စ ပရိယေသနာ"ဟု ဟောဒတော်မူအပ်သော တဏှာသည် သမုဒါစာရတဏှာ မည်၏။ [သမုဒါစာရ၊ အထင်ဒနရှားဖြစ်သောအားဖြင့် ကောင်းစွာ အထက်အထက်၌ အဆက်မပြတ် ဖြစ်ပေါ်လာသော တဏှာ။]

၂။ **ဒွယေန**။ ။ထို တဏှာ နှစ်မျိုးသည် တပ်မက်တတ်သော လက္ခဏာအားဖြင့် တမျိုးတည်းဖြစ်သော်လည်း ဝဋ္ဋမူလ သမုဒါစာရအားဖြင့် နှစ်မျိုးပြားသောကြောင့် "ဒွယေန"ဟု ဟောတော်မူသည်။

၃။ **ဝေဒနာယ ကေသမေသရဏာ**။ ။ဤကာဒအဖွင့်အတိုင်း အနက်ဖေးပါသည်၊ ဆိုလိုရင်းမှာ တဏှာနှစ်မျိုးလုံးသည် ဝေဒနာ၌ ပေါင်းဆုံကြရ၊ ဝေဒနာအားဖြင့် တခုတည်းသော ဖြစ်ကြောင်းရှိကြ၊ ဝါ-ဝေဒနာဟူသော ဖြစ်ကြောင်းရှိကြ(ဝေဒနာကြောင့်) ဖြစ်ကြရသည်-ဟု ဆိုလိုသည်။ [ဝိဂုဟ်ကို ဘာသာပြန်ကာ၌ ပြထားပြီ။]

ဝေဒနာယ၊ ဝေဒနာအားဖြင့်။ ကသမောသရဏာ၊ တခု တည်းသော အမြင်းရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၁၁၃။ ။ဖဿပစ္စယာ။ပ။သေယျထိဒံ၊ ထို ဖဿဟူသည် အဘယ်နည်း။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသလည်းကောင်း။ ဝါ၊ စက္ခုပသာဒကို မှီသော သမ္ဖဿသလည်းကောင်း။ [စက္ခုဝိညာဉ် စိတ်နှင့်ယှဉ်သော ဖဿတည်း။ သောတ သမ္ဖဿ စသည်၌လည်း နည်းမှီးသိပါ။]။ပ။မနောသမ္ဖဿော၊လည်းကောင်း။ ဝါ၊ မနောဒွါရ၌ ဖြစ်သော သမ္ဖဿသလည်းကောင်းတည်း။ [အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒတို့နှင့် တကွဖြစ်သော ဖဿတည်း။ ဤ စက္ခု သမ္ဖဿ စသည်တို့က ဝေဒနာအား ကျေးဇူးပြုပုံကို ဤ ဌီကာ၌လည်း ကောင်း၊ ဝိနည်း မဟာဝဂ် အာဒိတ္တပရိယာယသုတ်အဖွင့် သာရတ္ထ၌လည်း ကောင်း အကျယ်ပြထားသည်။]

၁၁၄။ ။နာမရူပ ပစ္စယာ။ပ။ဖဿော။ [၉၈-အတိုင်း ပေးပါ။]

(က) ပထမပြဿနာ။ ။အာနန္ဒ။ ယေဟိ အာကာရေဟိ၁၊ အကြင် အခြင်းအရာတို့ဖြင့်။ ယေဟိ လိင်္ဂ်ဟိ၊ အကြင် အသွင်အပြင်တို့ဖြင့်။ ယေဟိ နိမိတ္တေဟိ၊ အကြင် အမှတ်အသားတို့ဖြင့်။ ယေဟိ ဥဒ္ဒေသေဟိ၊ အကြင် ညွှန်ပြပြောဆိုထိုက်သော အပြားတို့ဖြင့်။ နာမကာယဿ၊ နာမ်အပေါင်းကို။ (ဝေဒနာ သညာစသော နာမ်အပေါင်းကို။) ပညတ္တိ၂၊ အပြားအားဖြင့် သိစေခြင်းသည်။ (ပညတ်ခြင်းသည်။) ဟောတိ။

တေသု အာကာရေသု၊ ထို အခြင်းအရာတို့သည်။ တေသု လိင်္ဂ်သု၊ ထို အသွင်အပြင်တို့သည်။ တေသု နိမိတ္တေသု၊ ထို အမှတ်အသားတို့သည်။ တေသု ဥဒ္ဒေသေသု၊ ထို ညွှန်ပြပြောဆိုထိုက်သော အပြားတို့သည်။ အသတိ၊ မရှိကုန်လတ်သော်။ [အသတိသည် ဝစန ဝိပလ္လာသ။] ရူပကာယေ၊ ရူပ

၁။ အာကာရစသည်။ ။ဝစနတ္ထကို ဌီကာ၌ကြည့်ပါ။ အာကာရ၊ သိအပ်သော အခြင်းအရာ။ လိင်္ဂ်၊ မထင်ရှားသော အနက်ကို သိစေတတ်သော အသွင်အပြင်။ နိမိတ္တ၊ သိမှတ်အပ်ကြောင်း အမှတ်အသား။ ဥဒ္ဒေသ၊ ညွှန်ပြပြောဆို ထိုက်သော အပြား။ ဤပုဒ်တို့ဖြင့် ဝေဒနာ၏ ခံစားခြင်းသဘော သညာ၏ သိမှတ်ခြင်းသဘော စေတနာစသော သင်္ခါရတို့၏ စေ့ဆော်ခြင်းစသောသဘော ဝိညာဉ်၏အာရုံကို သိခြင်းသဘော လက္ခဏာတို့ကို ပြသည်။

၂ ။နာမကာယဿပညတ္တိ။ ။ထို သဘောလက္ခဏာရှိသော တရားအပေါင်းကို နာမကာယ (နာမ်တရားအပေါင်း) ဟု ပညတ်ထားအပ် နာမည်တပ်ပယ်းအပ်သည်။

ကာယ[၁]၌။ . (စက္ခုပသာဒစသော ရူပကာယ၌။) အဓိဝစန သမ္မသော[၂]၊ အနက်၏ အထက်၌ ဖြစ်သော သဒ္ဒါဖြင့် မှတ်ယူထိုက်သော ဖဿသည်။ ဝါ၊ မနောသမ္မဿသည်။ ပညာယေထ အပိ နု ခေါ်၊ ထင်ရှားရာသေး သလော။ ဣတိ၊ ဤသို့ မေးတော်မူပြီ။ ဘန္တေ၊ ရှား။ တေ၊ ဤသို့ ထင်ရှားခြင်းသည်။ (နာမကာယကို ပညတ်ခြင်း၏ အကြောင်း ဖြစ်သော ခံစားခြင်းစသော အခြင်းအရာတို့ မရှိလျှင် ရူပကာယ၌ အဓိဝစနသမ္မဿ မည်သော မနောသမ္မဿ၏ ထင်ရှားခြင်းသည်။) နောဟိ၊ မသင့်ပါ။ (မဖြစ်နိုင်ပါ။)

(ခ) ဒုတိယပြဿနာ။ ။အာနန္ဒ။ ယေဟိ အာကာရေဟိ၊ ပ။ ယေဟိ ဉဒ္ဒေသေဟိ။ [ရှေးအတိုင်းဆိုပါ။] ရူပကာယဿ၊ ရုပ်တရားအပေါင်းကို။ ပညတ္တိ၊ သည်။ ဟောတိ။ [အကြင် ရုပ်ပုန်စသောအခြင်းအရာတို့ဖြင့် စက္ခုပသာဒစသော

၁။ ရူပကာယ။ ။စက္ခု သောတ ဃာန ဇိဝှါ ကာယဟူသော ပသာဒငါးပါးနှင့် တကွ ရုပ်တရားအားလုံးကို ရူပကာယဟု ဆိုသည်။ ပညာယေထ အရ "ထင်ရှားခြင်း" ဟူသည် အထင်အရှား ဖြစ်ခြင်းတည်း။

၂။ **အဓိဝစနသမ္မဿော**။ ။ဤ၌ အဓိဝစနသမ္မဿဟူသည် မနောဒွါရ၌ဖြစ်သော ဖဿတည်း၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော နာမ်ခန္ဓာ ၄-ပါးကို မှီ၍ မနောဒွါရ၌ဖြစ်သော "သမ္မဿ" ဟု ဆိုလိုသည်။ [ဝေဒနာစသော နာမ်ခန္ဓာ ၄-ပါးက မိမိနှင့်ယှဉ်ဖက် ဖဿအား နိဿယ သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုပုံကို သတိပြုပါ။] ဤပုဒ်၏အနက်ကို နောက်၌လာမည့်ဋီကာ (နာ-၁၀၇) အဓိသဒ္ဒေါ ဥပရိဘာဝေ စသည်နှင့် အဓိဝစနမုခေန ပညတ္တိမုခေန ဂဟေတမ္မတ္တာ (ဋီ-နာ-၁၀၁) စသည်ကိုကြည့်၍ ပေးပါသည်။

၃။ **ပညာယေထ အပိ နု ခေါ**။ ။အကြင် ခံစားခြင်းစသော သဘောလက္ခဏာ အခြင်းအရာတို့ဖြင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို နာမ်တရားဟု ပညတ်ထားအပ်၏။ ထို ခံစားခြင်းစသော သဘောလက္ခဏာ အခြင်းအရာများ မရှိလျှင် ဝေဒနာစသော နာမ်တရားလေးပါးကို မှီ၍ (ထို တရားများနှင့် ယှဉ်၍) မနောဒွါရ၌ဖြစ်သော အဓိဝစနသမ္မဿမည်သော မနောသမ္မဿသည် ရူပကာယ၌ (စက္ခုပသာဒစသည်ကို မှီ၍) စက္ခုသမ္မဿစသော နာမည်ဖြင့် ဖြစ်နိုင်ပါဦးမည်လော၊—ဟု မေးတော်မူသည်။

၄။ **နော ဟေတံ ဘန္တေ**။ ။ခံစားခြင်းစသော သဘောလက္ခဏာ အခြင်းအရာ မရှိလျှင် ဝေဒနာစသော နာမ်တရားလေးပါးမရှိနိုင်၊ နာမ်တရားမရှိလျှင် ထိုကိုမှီရသော ဖဿလည်းမဖြစ်နိုင်၊ သို့ဖြစ်လျှင် မိမိ၏မှီရာမရှိပါဝဲ အဘယ်နည်းဖြင့် ဖဿချည်း သက်သက် စက္ခုပသာဒစသော ရူပကာယ၌ ဖြစ်နိုင်တော့အံ့နည်း။ ဥပမာ—သရက်ပင်မရှိလျှင် သပြေပင်မှ သရက်သီး မသီးနိုင်သကဲ့သို့တည်း။ ထို့ကြောင့် "နော ဟေတံ" ဟု ဖြေသည်။

တရားအပေါင်းကို ရုပ်တရားဟုပညတ်ထားအပ်၏။] တေသု။ပ။အသတိ၊ ကုန်လတ်သော်။ နာမကာယေ၊ ၌။ ပဋိဃသမ္ဖဿော၊ ပဋ္ဌဝတ္ထု ပဋ္ဌာရုံတို့၏ အချင်းချင်းထိခိုက်ခြင်းကြောင့်ဖြစ်သော သမ္ဖဿသည်။ ပညာယေထ အပိ နု ခေါ၊ လော။ ဣတိ၊ ပြီ။ ဘန္တေ၊ တေံ၊ ဤသို့ ထင်ရှားဖြစ်ခြင်းသည်။ (ရုပ်အပေါင်းကို ပညတ်ခြင်း၏ အကြောင်းဖြစ်သော ရုပ္ပနစသော သဘော လက္ခဏာအခြင်းအရာမရှိလျှင် နာမကာယ၌ ပဋိဃသမ္ဖဿ၏ ထင်ရှားဖြစ်ခြင်းသည်။)နောဟိ၊ မသင့်ပါ။(မဖြစ်နိုင်ပါ။)

(ဂ) တတိယပြဿနာ။ ။အနက်လွယ်ပြီ။ နာမ်ရုပ်နှစ်ပါးမရှိလျှင် အဓိဝစနသမ္ဖဿ ပဋိဃသမ္ဖဿ နှစ်ပါးစုံ၏ မဖြစ်နိုင်ပုံကို ဟောတော်မူသည်။ ဥပမာ–ကောင်းကင်၌ သရက်သီး သပြေသီးတို့၏ မဖြစ်နိုင်သကဲ့သို့တည်း။

(ဃ) စတုတ္ထပြဿနာ။ ။အနက်လွယ်ပြီ။ ဖဿနှစ်မျိုးတို့၏ အကြောင်းအသီးသီးတို့ကို ပြပြီး၍ ယခုအခါ ထို ဖဿနှစ်မျိုးတို့၏ သာမညအားဖြင့် နာမ်ရုပ်ဟူသော အကြောင်းတရားကြောင့် ဖြစ်ပုံကို ပြတော်မူလိုသောကြောင့် ဤ စတုတ္ထပြဿနာကို အားထုတ်တော်မူသည်။ နာမ်ရုပ်နှစ်ပါးက ဖဿအား ကျေးဇူးပြုပုံကို အဌကထာ ဋီကာ၌ ကြည့်ပါ။

၁၁၅။ ။ဝိညာဏပစ္စယာ။ပ။အာနန္ဒ၊ ဟိ၊ ထင်ရှားအောင်ပြဦးအံ့။ ဝိညာဏံ၊ ဝိညာဉ်သည်။ (ပဋိသန္ဓေဝိညာဉ်သည်။) မာတုကုစ္ဆိသို့၊ အမိဝမ်း၌။ စ နသြက္ကမိဿထ၊ အကယ်၍ မသက်ရောက်အံ့။ (အမိဝမ်း၌ ဝင်၍ ဖြစ်သကဲ့သို့ ပဋိသန္ဓေနေသောအားဖြင့် မဖြစ်အံ့။) (ဧဝံ သတိ။) နာမရူပံ၊ သည်။ မာတုကုစ္ဆိသို့၊ ၌။ သမုစ္စိဿထ အပိ နု ခေါ၊ ပေါင်းစုနိုင်ရာအံ့လော။(ပေါင်းစု၍ဖြစ်နိုင်လိမ့်မည်လော။)[ကလလရေကြည် အစရှိသည်၏အဖြစ်ဖြင့် ပေါင်းစု၍ ဖြစ်နိုင်ပါမည်လား။] ဣတိ၊ပြီ။ ဘန္တေ။ တေံ၊ ဤသို့ ပေါင်းစု၍ဖြစ်ခြင်းသည်။ နောဟိ၊ပါ။

၁။ **ပဋိဃသမ္ဖဿော။** ။ဝတ္ထာရမ္မဏာနံ အညမညပဋိဟနနံ ပဋိဃော၊ တတော ပဋိဃတော-ဇာတော ပဋိဃသမ္ဖဿော။-ဋီကာ။ စက္ခုပသာဒ စသော ဝတ္ထုနှင့် ရူပစသော အာရုံတို့၏ တိုက်မိခြင်းကြောင့် ဖြစ်သော ဖဿ။ စက္ခုသမ္ဖဿ စသည်တည်း။

၂။ **နော ဟေတံ ဘန္တေ။** ။ရုပ္ပန စသောအခြင်းအရာ လက္ခဏာမရှိလျှင် စက္ခုဝတ္ထု ရူပါရုံ စသည်တို့ မရှိနိုင်၊ ထိုတရားတို့ မရှိလျှင် ယင်းတရားတို့ကို အကြောင်းပြု၍ဖြစ်ရသော ဖဿလည်း မဖြစ်နိုင်၊ သို့ဖြစ်လျှင် မိမိ၏မှီရာ စက္ခုဝတ္ထု ရူပါရုံ စသည်တို့မပါဝဲ နာမကာယ၌ ပဋိဃသမ္ဖဿသည် အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း။ ဥပမာ သပြေပင်မရှိလျှင် သရက်ပင်မှ သပြေသီး မသီးနိုင်သကဲ့သို့တည်း။

အာနန္ဒ။ ဟိ၊ အုံ့။ ဝိညာဏံ၊ သည်။ မာတုကုစ္ဆိသ္မိံ၊ ဠ်။ သြက္ကမိတ္ဝာ၊ သက်ရောက်ပြီး၍။ (ပဋိသန္ဓေ နေပြီး၍။) စ ဝေါက္ကမိဿထ၊ အကယ်၍ ပြုတ်ခြင်းသို့ ရောက်လိမ့်မည်ဖြစ်အုံ့။ (သေသောအားဖြင့် ပျက်စီးခြင်း ချုပ်ခြင်းသို့ ရောက်မည်ဖြစ်အုံ့။) (ဧဝံ သတိ။) နာမရူပံ၊ သည်။ ဣတ္ထတ္တာယ၊ ဤသို့ပြုသော ခန္ဓာငါးပါး၏ အဖြစ်ဟူသော အကျိုးငှာ။ (ခန္ဓာငါးပါး အပြည့်အစုံဖြစ်ခြင်းငှာ။) အဘိနိဗ္ဗတ္တိဿထ အပိ နု ခေါ၊ ဖြစ်နိုင်ရာအုံ့လော။ (ဖြစ်နိုင်လိမ့်မည်လော။) ဣတိ၊ ပြီ။ ဘန္တေ။ တော်၊ ဤသို့ ဖြစ်နိုင်ခြင်းသည်။ နောဟိ၊ ပါ။ [ဝေါက္ကမိဿထ ၏ အဖွင့်ကို အဌကထာ၌ ကြည့်ပါ။]

အာနန္ဒ။ ဟိ၊ အုံ့။ ဒဟရဿေဝ၊ ငယ်ရွယ်သည်သာလျှင် ဖြစ်သော။ ကုမာရဿ၊ အမျိုးသားသည်။ သတော ဝါ၊ ဖြစ်စဉ်သော်လည်းကောင်း။ (ဒဟရာယ၊ သော။) ကုမာရိကာယ၊ အမျိုးသမီးသည်။ (သန္တိယာ) ဝါ၊ ဖြစ်စဉ်သော်လည်းကောင်း။ ဝိညာဏံ၊ သည်။ စ ဝေါစ္ဆိဇ္ဇိဿထ(ဝိ+အဝ+ဆိဇ္ဇိဿထ။)၊ အကယ်၍ ပြတ်လိမ့်မည်ဖြစ်အုံ့။ (အစဉ်အဆက် မဖြစ်တော့ပဲ ပြတ်သွားအုံ့။) (ဧဝံ သတိ။) နာမရူပံ၊ သည်။ ဝုဒ္ဓိံ၊ ကြီးပွားခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဧဝပုလ္လံ၊ ကျယ်ပြန့်သည်၏ အဖြစ်သို့။ အာပဇ္ဇိဿထ အပိ နု ခေါ၊ ရောက်နိုင်ရာအုံ့လော။ (ရောက်နိုင်ပါမည်လော။)ဣတိ၊ ပြီ။ ဘန္တေ။ ဧတံ၊ ဤသို့ ရောက်နိုင်ခြင်းသည်။ (ဝိညာဉ်ပြတ်လျှင် နာမ်ရုပ်၏ ကြီးပွား စည်ပင် ကျယ်ပြန့်ခြင်းသို့ ရောက်နိုင်ခြင်းသည်။)နော ဟိ၊ ပါ။ပ။ ယဒီဒံ ဝိညာဏံ။

၁၁၆။ ။[ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ပြတော်မူပြီး၍ နာမ်ရုပ်ကြောင့် လည်း ဝိညာဉ်ဖြစ်ပုံကို ပြတော်မူလိုသောကြောင့် ဤ ဝါရကို မိန့်တော်မူသည်။]

နာမရူပပစ္စယာ။ပ။ အာနန္ဒ။ ဟိ၊ အုံ့။ ဝိညာဏံ၊ သည်။ နာမရူပေ၊ ဠ်။ ပတိဋ္ဌံ၊ တည်ရာကို။ (တည်ခွင့်ကို။) စ နု လဘိဿထ၊ အကယ်၍ မရအုံ့။ (ဧဝံ သတိ။) အာယတိံ၊ နောင်အခါ၌။ ဇာတိဇရာမရဏံ၊ ဇာတိ ဇရာ

၁။ ဝုဒ္ဓိံ စ သည်။ ။အစိတ် အစိတ် အင်္ဂါတို့၏ ထက်ဝန်းကျင် ပြည့်စုံခြင်းသည် ဝုဒ္ဓိ၊ ခိုင်မြဲသည်၏ အဖြစ်သို့ ရောက်ခြင်းသည် ဝိရူဠှိ၊ ကြီးမားကျယ်ပြန့်သည်၏အဖြစ်သို့ ရောက်ခြင်းသည် ဧဝပုလ္လ။—ဋီကာ။ အဌကထာ၌ ပထမအရွယ်၏ အစွမ်းအားဖြင့် ကြီးပွါးခြင်းသည် ဝုဒ္ဓိ၊ မဇ္ဈိမအရွယ်၏ အစွမ်းအားဖြင့် စည်ပင်ခြင်းသည် ဝိရူဠှိ၊ ပစ္ဆိမ အရွယ်၏ အစွမ်းအားဖြင့် ကျယ်ပြန့်ခြင်းသည် ဧဝပုလ္လ၊ ဤသို့ ဖွင့်ထား၏။

မရဏဟူသော။ ဒုက္ခသမုဒယသမ္ဘဝေါ၊ ဒုက္ခအပေါင်း၏ ဖြစ်ခြင်းသည်။ ပညာယေထ အပိ နု ခေါ်၊ ထင်ရှားရာအံ့လော။ (ထင်ရှားနိုင်မည်လော။) ဣတိ၊ ပြီ။ ဘန္တေ။ ဇတံ၊ ဤသို့ ထင်ရှားခြင်းသည်။ (ဝိညာဉ်၏ နာမ်ရုပ်၌ တည်ခွင့်ကို မရလျှင် ဇာတိ ဇရာ မရဏဟူသော ဒုက္ခအပေါင်း၏ ထင်ရှားခြင်းသည်။) နောဟိ၊ ပါ။ [ဒုက္ခသမုဒယ သမ္ဘဝေါ-၌ သမုဒယသည် သမုဒါယ သဒ္ဒါကဲ့သို့ သမူဟ၏ ပရိယာယ်တည်း။]

အာနန္ဒ။ တသ္မာ၊ကြောင့်။ ယဒိဒံ နာမရူပံ။(အတ္ထိ။) ဇသေဝ၊သည်သာ။ ဝိညာဏသ ဟေတု။ပ။ နိဒါနံ။ [၉၀-၌ အနက် ဖေရးခဲ့ပြီ။] အာနန္ဒ။ ဇတ္ထာဝတာခေါ်၊ ဤမျှ အတိုင်းအရှည်ရှိသော အကြောင်းဖြင့်။(ဤမျှအတိုင်းအရှည်ရှိသော ဝိညာဉ် နာမ်ရုပ်တို့၏ အချင်းချင်း ကျေးဇူးပြုလျက် ဖြစ်ခြင်းဟူသော အကြောင်းဖြင့်။ပ။ ဥပပဇ္ဇထ ဝါ။ [၅၀-၌ အနက်ရေးခဲ့ပြီ။]

ယဒိဒံ (ယံ+ဣဒံ) နာမရူပံ၊ သည်။ ဝိညာဏေန၊ နှင့်။ သဟ၊ အတူ။ အညမညပစ္စယတာ၊ အချင်းချင်း ကျေးဇူးပြုသည်၏ အဖြစ်ဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ (ဖြစ်နေ၏။) ဇတ္ထာဝတာ၊ ဤမျှ အတိုင်းအရှည် ရှိသော အကြောင်းဖြင့်။ (ဤမျှ အတိုင်းအရှည်ရှိသော ဝိညာဉ်နှင့်အတူ နာမ်ရုပ်၏ ဖြစ်ခြင်း မျှဖြင့်။) အဓိဝစနပထော၊ သဒ္ဒါမျှကိုသာ စွဲမှီ၍ ဖြစ်သော ခေါ်ဝေါ်ပညတ် နာမည် တပ်ခြင်း၏ အကြောင်းသည်။ ဇတ္ထာဝတာ၊ ဖြင့်။ နိရုတ္တိပထော၊ အကြောင်းကို ထုတ်ဖော်၍ ပြောဆို အပ်သော အခေါ်အဝေါ်၏ အကြောင်းသည်။ ဇတ္ထာဝတာ၊ ဖြင့်။ ပညတ်ပထော၊ အပြားအားဖြင့် သိစေတတ်သော အခေါ်အဝေါ်၏ အကြောင်းသည်။ ဇတ္ထာဝတာ။ ပညာဝစရံ၊ ပညာဖြင့် သက်ဝင်ထိုက် သိထိုက်သောအနက်သည်။ ဇဟာတိ။

ဇတ္ထာဝတာ၌၊ ဖြင့်။ ဣဝုတ္တံ၊ ဤသို့ပြားသော ခန္ဓာငါးပါး၏ အဖြစ်ကို။ (ခန္ဓာငါးပါး အပေါင်းကို။) ပညာပနာယ၊ နာမည်တပ်၍ ပညတ်ခြင်းငှာ။ [ခန္ဓာ အာယတန စသည်ဖြင့်လည်းကောင်း။ ဖဿ ဝေဒနာ

ဝ။ ဇတ္ထာဝတာ ဇခါ။ ။ဝိညာဏော နာမရူပသ္မ ပစ္စယေ ဟောန္တေ, နာမရူပေ ဝိညာဏသ္မ ပစ္စယေ ဇဟောန္တေ, ဒွိသု အညမညပစ္စယဝသေန ပဝတ္တေသု ဇတ္ထေကေန ဇာယေထ ဝါ။—အင္ဂကထာ။

၂။ ဇတ္ထာဝတာစသည်။ ။ဇတ္ထာဝတာ ဇတ္ထေကေန, သဟ ဝိညာဏေန နာမရူပ ပဝတ္တိယာတိ အတ္ထော။-ဋီကာ။ အညမညပစ္စယတာ—၌ အညမညပစ္စယတာယ ဟု ဆိုလိုလျက် နာဝိဘတ်၏ ကာရိယ ဖြစ်သော ယ ကျေနေသည်။ [အဓိဝစနပထော စသည်ဟို၏အနက်ကို အင္ဂကထာအတိုင်း ပေးပါသည်။ဋီကာ-၌ တနည်းဖွင့်သေး၏။]

စသည်ဖြင့်လည်းကောင်း။ ပုဂ္ဂိုလ် သတ္တဝါစသည်ဖြင့်လည်းကောင်း မိန်းမယောကျ်ားစသည်ဖြင့်လည်းကောင်း နာမည်တပ်၍ ပြောဆိုခြင်းငှာ။] ဝန်း၊ ကိလေသ ကာမ ဝိပါက ဟု သုံးဝအပြား ဝင်္ဂတရားသည်။ ဝါ၊ သံသရာဝင်္ဂသည်။ ဝတ္တတိ၊ အဆက်မပြတ် ဖြစ်၏။ [ဝတ္တတီတိ ပဝတ္တတိ။-ဋ္ဌကာ။]

အတ္တပညတ္တိ

၁၁၇။ အမှာ။ ။ဤသို့လျှင် မြတ်စွာဘုရားသည် ''ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စ သမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ''ဟူသော ပုဒ်နှင့် ဆက်သွယ်နေသော ဒေသနာတော်ကို ပြတော်မူပြီး၍ ယခုအခါ၌ တန္တာကုလကဇာတာ ပုဒ်နှင့် ဆက်သွယ်သော ဒေသနာတော်ကို ပြတော်မူလိုသောကြောင့် ''တွော ဝတာ စ''အစရှိသော စကားကို အားထုတ်တော်မူသည်။

အာနန္ဒ။ ကိတ္တာဝတာ စ၊ အာဘယ်မျှ အတိုင်းအရှည်ရှိသော အကြောင်းဖြင့်လည်း၊ အတ္တာနံ၊ အတ္တကို။ ပညပေန္တော၊ ပညတ်လတ်သော်။ ဝ၊ါ ပညတ်သော ပုဂ္ဂိုလ်သည်။ ပညပေတိ၊ ပညတ်သနည်း။ အာနန္ဒ။ ဟိ၊ အဖြေကား။ ရူပီ ဝ၊ါ ရုပ်ရှိသည်မူလည်း ဖြစ်သော။ (မိမိ၏ စိတ်၌ ထင်လာသော ကသိုဏ်းနိမိတ်ဟူသော ရုပ် ရှိသည်မူလည်း ဖြစ်သော။) ပရိတ္တံ၊ သေးငယ်သော။ (ကသိုဏ်း အာရုံကို အကျယ်မဖြန့်အပ်သဖြင့် ကျဉ်းငယ်သော။)အတ္တာနံ၊ ကို။ ပညပေန္တော၊ သော်။ ဝ၊ါ သည်။ ပညပေတိ၊ ၏။ (ကိ ံ၊ အဘယ်သို့ ပညတ်သနည်း။) မေ၊ ၏။ အတ္တာ၊ အတ္တသည်။ ရူပီ၊ ရုပ်ရှိ၏။ ပရိတ္တော၊ ကျဉ်းငယ်၏။ ဣတိ၊ ဤသို့ ပညတ်၏။

အာနန္ဒ။ ဟိ၊ အဖြေကား။ ရူပိ ံ ဝ၊ါ သော။ အနန္တံ၊ ဆုံးအပိုင်းအခြား မရှိသော၊ (ကသိုဏ်း အာရုံက အတိုင်းအရှည် မရှိသော်ကြောင့် အပိုင်းအခြား၏ စိတ်ထည်းမှာ မထင်လာသည့်အတွက် အပိုင်းအခြား မရှိသော။) အတ္တာနံ၊ ကို။ ပညပေန္တော ပညပေတိ။ (ကိ ံ။) မေ၊ ၏။ အတ္တာ၊ သည်။ ရူပီ၊ ၏။ အနန္တော၊ အပိုင်းအခြားမရှိ။ ဣတိ၊ ဤသို့ ပညတ်၏။ အာနန္ဒ။ ဟိ၊ အဖြေကား။ အရူပိ ံ ဝ၊ါ ကသိုဏ်းရုပ် မရှိသည်မူလည်း ဖြစ်သော။ပ။ပညပေတိ။(ကိ ံ။) မေ၊ ၏။ အတ္တာ၊ သည်။ အရူပိ၊

၁။ အရူပိ ံ။ ။ကသိုဏ်းအာရုံကို ခွါ၍ရအပ်သော ကသိုဏ်းနိမိတ်သည် တွေ့ထိအပ်သော ကောင်းကင်ပညတ်ကိုလည်းကောင်း၊ ထိုကောင်းကင် ပညတ်ကို အာရုံပြုသော ဈာန်စိတ် စေတသိက်ဟူသော နာမ်ခန္ဓာလေးပါး၊ သို့မဟုတ် ဈာန်စိတ်ဟူသော ဝိညာဉ်မျှကိုလည်းကောင်း ''အတ္တ''ဟု ယူ၏၊ ထို့ကြောင့် ''ရူပ်မရှိ''ဟု ပညတ်သည်။

ကသိုက်းရုပ်မရှိ။ ပရိတ္တော၊ ၏။ ဣတိ၊ ဤသို့ပညတ်၏။ [စတုတ္ထ ပုဂ္ဂိုလ်၌ "အနန္တံ၊ အဆုံးအပိုင်းအခြားမရှိသော" ဟု ဆို။]

၁၁၈။ ။အာနန္ဒ၊ တတြ၊ ထို လေးယောက်တို့တွင်။ (ထို လေးယောက်သော အတ္တ ဟု ပညတ်သော ပုဂ္ဂိုလ်တို့တွင်။) ယော သော၊ အကြင် ပုဂ္ဂိုလ်သည်။ ရှုပိ်ံ၊ သော။ ပရိတ္တံ၊ သော။ အတ္တာနံ၊ ကို။ ပညပေန္တော၊ လတ်သော်။ ပညပေတိ၊ ၏။ သော၊ ထို ပုဂ္ဂိုလ်သည်။ ဘေရဟိ ဝါ၊ ယခု ပစ္စုပ္ပန် ဘဝ၌သော်လည်း။ ဝါ၊ ဤ ယခုပစ္စုပ္ပန်ဘဝ၌သာ။ ရှုပိ်ံ။ ပ။ ပညပေတိ၊ ၏။ [ဤပုဂ္ဂိုလ်က အတ္တာသည် သေလျှင်ပြတ်၏ ဟု ယူဆသည်။] တတ္ထ၊ ထို နောက်လောက၌။ (နောက်ဘဝ၌။)ဘာဝိ်ံ ဝါ၊ ဖြစ်မြဲဖြစ်လတ္တံ့မူလည်း ဖြစ်သော။ ရှုပိ်ံ ။ပ။ ပညပေတိ။ [ဤသို့ ပညတ်သော ပုဂ္ဂိုလ်က "အတ္တာသည် မပျက်မစီးပဲ အမြဲတည်၏" ဟု ယူဆသည်။]

ဝါ ပန၊သည်သာမကသေး။(ထိုသို့ ပညတ်ရုံသာ မကသေး။)အ တထံ၊ မမှန်သော သဘောရှိသည်ဖြစ်၍။(မမှန်သည်ဖြစ်၍။) သန္တံ၊ဖြစ်သောအတ္တကို။ တထတ္တာယ၊ ထို မှန်းသည်၏အဖြစ်ဟူသော အကျိုးငှာ။ ဥပကပ္ပေဿာမိ၊ ကပ်၍ ခိုင်မြဲစေအံ့။ ဝါ၊ ပြီးစီးစေအံ့။ ဣတိ ဝါ၊ ဤသို့သော်လည်း။ အဿ၊ ထို ပုဂ္ဂိုလ်၏ သန္တာန်၌။(ထို အတ္တဟု ပညတ်သော မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်၏သန္တာန်၌။) ဟောတိ၊ ဖြစ်၏။(ဤအကြံမျိုးဖြစ်၏။)[မမှန်မကန် မိမိယူဆထားအပ်သော အတ္တကို အမှန်လုပ်၍ သူတပါးအား ယုံကြည်အောင် ပြောပြအံ့ဟု အကြံဖြစ်သည်–ဟု ဆိုလိုသည်။]

အာနန္ဒ။ ဧဝံ သန္တံ၊ ဤသို့ ဖြစ်နေသော။(ဤသို့ ရုပ်ရှိသော ကျဉ်းယ်သောအတ္တကို ပညတ်နေသော။) ရှုပိ်ံ၊ ရူပကသိဏစျာန်ရှိသော ပုဂ္ဂိုလ်ကို။ (ဝစနာယ-၌ စပ်။) ဝါ၊ သို့။(အနုသေတိ–၌ စပ်။)ပရိတ္တတ္တာနုဒိဋ္ဌိ(ပရိတ္တ+အတ္တ+အနုဒိဋ္ဌိ)၊ ပရိတ္တ အတ္တဟု ဖြစ်သော အယူသည်။ ဝါ၊ ရှုပိ် ပရိတ္တအတ္တဟု ဖြစ်သော အယူသည်။ အနုသေတိတိ၊ အစဉ်လိုက်၍ ကိန်းနေ၏ဟူ၍။ ဣတိ၊ ဤသို့။ ဝစနာယ၊ ပြောဆိုခြင်းငှာ။ အလံ၊ သင့်၏။[ထိုပုဂ္ဂိုလ်ကို ပရိတ္တတ္တာနုဒိဋ္ဌိ ကိန်းနေသူဟု ပြောဆိုထိုက်သည်။]

အမှာ။ ။နောက်၌ ဤနည်းကိုမှီး၍ပေးပါ။ "အရှုပိ်၊ အရူပကသိဏစျာန်ရှိသောပုဂ္ဂိုလ်ကို။ပ။ဝစနာယ အလံ။အရူပကသိဏစျာန်ဟူသည် ကသိုက်း၉–ပါးတို့တွင် တပါးပါးကိုခွဲ၍ ရအပ်သော ကောင်းကင်ပညတ်ဟူသောအာရုံရှိသော အရူပစျာန်ရ ပုဂ္ဂိုလ်ကည်း။ဇတ္တာဝကာ၊ ဤမျှအတိုင်းအရှည်ရှိသော အကြောင်းဖြင့်။ပ။ပညပေတိ။

နအတ္တပညတ္တိ

(၁၁၉)။ အတ္တကိုပညတ်သော ပုဂ္ဂိုလ်တို့ကို ပြပြီး၍၊ အတ္တမဟုတ်သော ပုဂ္ဂိုလ်တို့ကို ပြတော်မူလိုသောကြောင့် ဤဝါရကို မိန့်တော်မူသည်။ မပညတ်သော ပုဂ္ဂိုလ်များကို အဌကထာ၌ ကြည့်ပါ။ဤဝါရ၌"နဟုဝေါဟာရပါတ်ပါသည်သာ ထူး၏"နပညပေတိ၊ မပညတ်"စသည် ဆိုပါ။

အတ္တသမနုပဿနာ

အမှာ။ ။ယခုအခါ အတ္တကို ပညတ်ကြသော ပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိ၏အစွမ်းအားဖြင့် မြင်၍ ပညတ်ပုံကိုလည်းကောင်း။ ထိုသို့ ရှုမြင်ခြင်းမှာလည်း နှစ်ဆယ်သော အကြောင်းဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကို မပယ်အပ်သည့်အတွက် ဖြစ်ရပုံကိုလည်းကောင်း၊ ထို နှစ်ဆယ်သော အကြောင်းဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကိုလည်းကောင်း ပြတော်မူလိုသောကြောင့် ကိတ္တာဝတာ စ အာနန္ဒ-စသော စကားကို ပိန့်တော်မူသည်။

၁၂၁။ ။အာနန္ဒ။ ကိတ္တာဝတာ စ၊ အဘယ်မျှ အတိုင်းအရှည်ရှိသော အကြောင်းဖြင့်လည်း။ အတ္တာနံ၊ အတ္တကို။ သမနုပဿမာနော၊ အဖန်ဖန်ရှုလတ်သော်။ ဝါ၊ အဖန်ဖန်ရှုသော ပုဂ္ဂိုလ်သည်။ သမနုပဿတိ၊ အဖန်ဖန်ရှုသနည်း။ (ဒိဋ္ဌိဖြင့် အဖန်ဖန် ရှုသနည်း။) အာနန္ဒ။ ဟိ၊ အဖြေကား။ ဝေဒနံ ဝါ၊ ဝေဒနာကိုသော်လည်း။ အတ္တာနံ၊ အတ္တဟူ၍။ သမနုပဿမာနော၊ သည်။ သမနုပဿတိ၊ ၏။ (ကိံ။) မေ၊ ၏။ ဝေဒနာ၊ သည်။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့ အဖန်ဖန် ရှု၏။ [ဝေဒနာကို အတ္တဟု ဒိဋ္ဌိဖြင့် ထင်မှားခြင်းကိုပင် "ရှု" ဟု ဆိုသည်။ ဤစကားဖြင့် ဝေဒနာကွန္ဓာ ဟူသော ဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကို ဟောတော်မူသည်။]

အာနန္ဒ။ ဟိ၊ ထင်ရှားအောင်ပြဦးအံ့။ နဟေဝ ခေါ မေ ဝေဒနာ အတ္တာ၊ အပ္ပဋိသံဝေဒနော မေ အတ္တာတိ၊ နဟေဝ ခေါ မေ။၁။အတ္တာ-ဟူ၍။ ဣတိ ဝါ၊ ဤသို့သော်လည်း။ အတ္တာနံ၊ ကို။ သမနုပဿမာနော၊ သည်။ သမနုပဿတိ၊ ၏။ မေ၊ ၏။ ဝေဒနာ၊ ဝေဒနာသည်။ အတ္တာ၊ အတ္တသည်။ နဟေဝ ခေါ၊ မဟုတ်သည်သာ။ မေ၊ ၏။ အတ္တာ၊ သည်။ အပ္ပဋိသံဝေဒနော[၁]၊ မခံစားတတ်။ [ဤစကားဖြင့် ရူပကွန္ဓာ ဟူသော ဝတ္ထု

၁။ အပ္ပဋိသံဝေဒနော။ ။ဣဋ္ဌ အစရှိသော အာရုံကို မခံစားတတ်သောကြောင့် "အပ္ပဋိသံဝေဒနော"ဟု ဆိုသည်၊ ခံစားတတ်သည်၏အဖြစ်ကို တားမြစ်လိုက်သဖြင့်

ရှိသောသက္ကာယဒိဋ္ဌိကို ဟောတော်မူသည်၊ ဤပုဂ္ဂိုလ်က ရုပ်ကို အတ္တဟု ဟူဆသည်။]

အာနန္ဒ။ ဟိ၊ ထင်ရှားအောင် ပြဦးအံ့။ နဟေဝ ခေါ မေ ဝေဒနာ အတ္တာ။ပ။ ဝေဒနာဓမ္မော ဟိ မေ အတ္တာတိ၊ ဟူ၍။ ဣတိ ဝါ၊ သော်လည်း။ အတ္တာနံ၊ ကို။ သမနုပဿမာနော၊ သည်။ သမနုပဿတိ၊ [မေ၊ ၏။ ဝေဒနာ၊ သည်။ အတ္တာ၊ သည်။ နဟေဝ ခေါ၊ မဟုတ်သည်သာ။ မေ၊ ၏။ အတ္တာ၊ သည်။ အပ္ပဋိသံဝေဒနော ပိ၊ မခံစားတတ်သည်လည်း။ (မခံစားနိုင်သည်လည်း။) နော၊ မဟုတ်။ မေ၊ ၏။ အတ္တာ၊ သည်။ ဝေဒိယတိ၊ ခံစားတတ်၏။ ဝါ၊ ခံစားနိုင်၏။ ဟိ၊ မှန်၏။ မေ၊ ၏။ အတ္တာ၊ သည်။ ဝေဒနာဓမ္မော၊ ခံစားခြင်းသဘောရှိ၏။]

အမှာ။ ။ဤစကားဖြင့် သညာ သင်္ခါရ ဝိညာဉ် ဟူသော မှီရာဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကို ဟောတော်မူသည်။ ဤ ပုဂ္ဂိုလ်က ထို ခန္ဓာသုံးပါးကို အတ္တ ဟု ယူသည်။

[ယခုအခါ ထို ဝါရ (ဝါဒ) တို့၌ အပြစ်ကို ပြတော်မူလိုသောကြောင့် တတြာနန္ဒ စသော စကားကို မိန့်တော်မူသည်။]

၁၂၂။ အာနန္ဒ။ တတြ၊ ထို သုံးယောက်တို့တွင်။ (ထိုမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သုံးယောက်တို့တွင်။) ယော သော၊ အကြင်ပုဂ္ဂိုလ်သည်။ ဧဝံ၊ သို့။ အာဟ၊ ပြောပြီ။ (ကိုံ။) မေ၊ ၏။ ဝေဒနာ၊ သည်။ အတ္တာ၊ တည်း။ ဣတိ၊ ဤသို့ ပြောပြီ။ သော၊ ထိုပုဂ္ဂိုလ်သည်။ (အဿ-၌ စပ်။) ဝါ၊ ကို။) (ဝေဒနာကို အတ္တဟု ပြောသော ထိုပုဂ္ဂိုလ်ကို။) ဧဝံ၊ သို့။ (ဤဆိုအပ်

သဉ္ဇာနန (အမှတ်ပြုလျက်သိခြင်း) စသော သဘောကိုလည်း တားမြစ်အပ်ပြီး ဖြစ်၏။ ထို့ကြောင့် ဤ "အပ္ပဋိသံဝေဒနော မေ အတ္တာ" စသော စကားဖြင့် ရူပက္ခန္ဒ ဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကို ဟောတော်မူသည်။ [အပ္ပဋိသံဝေဒနော၏ ဝစနတ္ထကို ဋီကာ၌ ပြထားပြီ။]

၁။ **အတ္တာ မေ ဝေဒိယတိ စသည်။** ။သညာ သင်္ခါရ ဝိညာဉ်တို့က ဝေဒနာနှင့် ယှဉ်သောကြောင့် "ဝေဒိယတိ၊ ခံစား၏။" ဟု ဆိုသည်။ ထို သညာ စသော သမ္ပယုတ်တရားတို့မှာ ခံစားခြင်းသဘော (ဝေဒနာဓမ္မ) လည်း မကင်းပဲ အမြဲယှဉ်လျက်နေ၏။ ထို့ကြောင့် "အတ္တာ မေ ဝေဒိယတိ၊ ဝေဒနာ ဓမ္မော ဟိ မေ အတ္တာ" ဖြင့် သညာ သင်္ခါရ ဝိညာဉ် ဟူသော မှီရာရှိသော သက္ကာယဒိဋ္ဌိကို ဟောတော်မူသည်။

၂။ **မှတ်ချက်။** ။"ဝေဒနာ ဓမ္မော ဟိ မေ အတ္တာ–ငါ၏ အတ္တသည် ဝေဒနာ ဓမ္မ (ခံစားခြင်းသဘော) ရှိ၏" ဟု ဆိုသဖြင့် ဝေဒနာကို မရ၊ ဝေဒနာနှင့် ယှဉ်သော သညာ သင်္ခါရ ဝိညာဉ် ဟူသော ခန္ဓာသုံးပါးသာ ရကြောင်းကို သိပါ။

လတ္တံ့သော နည်းဖြင့်။) ဝစနီယော၊ ပြောဆိုထိုက်သည်။ အဿ၊ ဖြစ်ရာ၏။ (ကိံ၊ အဘယ်သို့ ပြောဆိုထိုက်သနည်း။)

အာဝုသော၊ ငါ့ရှင်။ တိဿော၊ သုံးပါးကုန်သော။ ဣမာ ဝေဒနာ၊ ဤ ဝေဒနာတို့သည်။ (သန္တီ၊ ရှိကုန်၏။) သုခါ၊ သုခဖြစ်သော။ (ချမ်းသာသော။) ဝေဒနာ၊ ဝေဒနာလည်းကောင်း။ ဒုက္ခာ၊ သော။ (ဆင်းရဲသော။) ဝေဒနာ၊ လည်းကောင်း။ အဒုက္ခမသုခါ၊ ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော။ (ဆင်းရဲသည်လည်းမဟုတ် ချမ်းသာသည်လည်းမဟုတ်ပဲ အလယ်အလတ်ဖြစ်သော။) ဝေဒနာ၊ ဝေဒနာလည်းကောင်းတည်း။ တွံ၊ သင်သည်။ တိဿန္နံ၊ ကုန်သော။ ဣမာသံ ဝေဒနာနံ၊ ဤ ဝေဒနာတို့တွင်။ ကတမံ၊ အဘယ်ဝေဒနာကို။ အတ္တတော၊ အတ္တ၏ အဖြစ်ဖြင့်။ ဝါ၊ အတ္တဟူ၍။ သမနုပဿတိ၊ နည်း။ ဣတိ၊ ဤသို့ ပြောဆိုထိုက်၏။(မေးထိုက်၏။)

[အကြင်အကြင် ပုဂ္ဂိုလ်သည် အကြင်သုခစသော ဝေဒနာကို အတ္တဟူ၍၏၊ ထိုထို ပုဂ္ဂိုလ်၏ သုခစသော ဝေဒနာဟူသော အတ္တ၏ တရံတခါ၌ ဖြစ်၍ တရံတခါ၌ မဖြစ်ခြင်းစသော အပြစ်ကို ပြတော်မူခြင်းငှာ ယသ္မိံ သမယေ အာနန္ဒ စသော ဤစကားကို မိန့်တော်မူသည်။] အာနန္ဒ။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ သုခံ၊ သော။ ဝေဒနံ၊ ကို။ ဝေဒေတိ၊ ခံစား၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ (သုခဝေဒနာကို ခံစားနေရာ ထိုအခါ၌။) ဒုက္ခံ။ ဝေဒနံ၊ ကို။ နေဝ ဝေဒေတိ၊ မခံစားနိုင်။ အဒုက္ခမသုခံ၊ သော။ ဝေဒနံ၊ ကို။ နေ ဝေဒေတိ၊ နိုင်။ တသ္မိံ သမယေ၊ ၌။ သုခံ ယေဝ၊ သုခသာလျှင် ဖြစ်သော။ ဝေဒနံ၊ ကို။ ဝေဒေတိ၊ ၏။ [နောက် ဝါကျတို့၌ အနက်လွယ်ပြီ။]

အမှာ။ ။ဤ ယသ္မိံ သမယေ စသော စကားဖြင့် ဝေဒနာ သုံးပါးတွင် တပါးဖြစ်ခိုက် တပါးမဖြစ်နိုင်ပုံကို သတိပြုခဲ့ပါ။

၁၂၃။ ။အာနန္ဒ။ သုခါ၊ သော။ ဝေဒနာ ပိ၊ သည်လည်း။ အနိစ္စာ၊ ဖြစ်ပြီး၍ ပျက်စီးခြင်းကြောင့် မမြဲ။ သခ်တာ၊ ကံ စသော အကြောင်းတရားတို့သည် ကောင်းစွာရောက်၍ ပြုစီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နာ၊ ထိုထိုအကြောင်းကို စွဲ၍ ကောင်းစွာဖြစ်၏။[စက္ခုစသော ဣန္ဒြေ ရူပစသော အာရုံ ဝိညာဉ်စသော ထိုထိုအကြောင်းကို စွဲ၍ ဖြစ်သည်။] ခယဓမ္မာ၊ ကုန်ခန်းခြင်း သဘောရှိ၏။ ဝယဓမ္မာ၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မာ၊ မတပ်မက်ခြင်း သဘောရှိ၏။ ဝါ၊ ပျက်စီးခြင်း သဘောရှိ၏။ နိရောဓဓမ္မာ၊ ချုပ်ခြင်းသဘောရှိ၏။ [နောက်နောက် ဝါကျတို့၌ အနက်လွယ်ပြီ။

ဝိရဠ္ဍတိတိ ပလုဠ္ဍတိ။-သာရတ္ထ-၂၊ ၁၇-ကို ထောက်၍ ဝိရာဂသဒ္ဒါကို ပျက်စီးခြင်း အနက်ဟောဟု ယူပါ။]

အမှာ။ ။ကျွှ် စကားတော်ဖြင့် ဝေဒနာသုံးပါးလုံးပင် ဖြစ်ခြင်း ပျက်ခြင်း "အနိစ္စ ဥပ္ပါဒ ဝယ"သဘောရှိကြောင်းကို သတိပြုခဲ့ပါ။

တဿ၊ ထိုပုဂ္ဂိုလ်၏။ (ဣတိ၊ ဤအယူသည်-၌ စပ်။) ဝါ၊ သည်။ သုခံ။ ဝေဒနံ၊ ကို။ ဝေဒိယမာနဿ၊ ခံစားစဉ်။ ဧသော၊ ဤသုခဝေဒနာသည်။ မေ၊ ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤအယူသည်။ ဟောတိ။ သုခါယ၊ ဧသော။ တဿာယေဝ ဝေဒနာယ၊ ၏ပင်။ နိဇ္ဈာဓာ၊ ချုပ်ခြင်းကြောင့်။ မေ၊ ၏။ အတ္တာ၊ သည်။ ဗျဂါ၊ ပျက်စီးပြီ။ ဣတိ၊ သည်။ ဟောတိ။ [နောက်နောက် ဝါကျများ၌ လွယ်ပြီ။]

ဣတိ၊ ဤသို့လျှင်။ ယော ဧသော၊ သည်။ ဝေဒနာ မေ အတ္တာတိ၊ ဟူ၍။ ဧဝံ၊ သို့။ အာဟ၊ ပြီ။ ဧသော၊ သည်။ (ဝေဒနာကို အတ္တဟူပြောဧသော ထိုပုဂ္ဂိုလ်သည်။) ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဒ္ဓေါဟူသော ပစ္စက္ခအတ္တဘောဌာန်ပင်။ (ဤ ဘဝဌာန်ပင်။)အနိစ္စသုခ ဒုက္ခ ဝေါကိဏ္ဏံ၊ အနိစ္စ သုခ ဒုက္ခတို့ဖြင့် ရောပြွမ်းအပ်သော။ (ရောပြွမ်းနေဆဲသော။) ဥပ္ပါဒဝယဓမ္မံ၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသော။ အတ္တာနံ၊ ကို။ သမနုပဿမာနော၊ လျက်။ သမနုပဿတိ။ [အနိစ္စ သုခ ဒုက္ခ ဝေါကိဏ္ဏ ဖြစ်ပုံကို အဋ္ဌကထာ၌ ကြည့်ပါ။]

အာနန္ဒ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤလောက၌။ ဧတေန ပိ၊ ဤအကြောင်းဖြင့်လည်း။ (ထိုသို့ အချင်းချင်း ရှေ့နောက် ဆန့်ကျင်ခြင်း ဟူသောအကြောင်း အလုံးစုံသော အခြင်းအရာအားဖြင့်ပင် အတ္တ၏ မရှိခြင်း ဟူသော အကြောင်းဖြင့်လည်း။) ဝေဒနာ မေ အတ္တာတိ၊ ဝေဒနာ မေ အတ္တာဟူ၍။ (ငါ၏ ဝေဒနာသည် အတ္တတည်း ဟူ၍။) (ယံ) သမနုပဿိတုံ၊ အကြင် အဖန်ဖန် ရှုမြင်ခြင်းသည်။ (အတ္ထိ။) [သမနုပဿိတုံ၌ တုံ ပစ္စည်းကို

၁။ ဗျဂါ။ ။ဝိ+ဂမုဓာတ်+အဇ္ဇတနီ(ဣ)ဝိဘတ်၊ ဓာတ်၏ အစ၌(အ)လာ၊ ကွစိ ဓာတု ဖြင့် (ဂမ်)ကို ဂါ ဖြစ်၊ နောက် ဣကိုလည်း ချေ၊ ထို့နောက် (ဝိ) နှင့် သန္ဓိစပ်၍ "ဗျဂါ"ဟု ဖြစ်သည်။ "ဗျဂါ၊ ကင်းခြင်းသို့ ရောက်ပြီ။ ဝါ၊ ပျက်စီးပြီ"ဟု ပေးပါ။ [ရူပသိဒ္ဓိ-အဇ္ဈဂါ ရုပ်ပြီးပုံကို နည်းမှီးပါသည်၊ မောဂ္ဂလ္လာန်၌ကား တမျိုးရုပ်ပြီးသည်။]

ကတ္တားအနက်ဟောဟု ကြံပါ။] ဧတံ၊ ဤသို့ ရှုမြင်ခြင်းသည်။ နကွမတိ၊ ပညာရှိတို့အား မနှစ်သက်၊ [ပညာရှိများက ထိုသို့ ရှုမြင်ခြင်းကို မနှစ်သက်ကြ လက်မခံကြ-ဟူလို။]

